
www.burmeseclassic.com

ရွှေသစ္စာစာပေ

# ဝင်းဝင်းလတ်

## အောက်မေ့ဖွယ်...သူ



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

# ဝင်းဝင်းလတ်

## "ဘောက်ကိမေ့မှယိသူ"

စီစဉ်သူ ..... သက်မော်ဦး (သာယာဝတီ)

ရွှေသစ္စာစာပေ

တိုက်(၄၇၂)၊ အခန်း (၂၀၂)၊ ရာဇာဓိရာဇ်အိမ်ယာ၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
Ph 01- 396999 Ex- 2060

www.burmeseclassic.com

www.burmeseclassic.com


| | |
|---|---|
| စာမူခွင့်ပြုချက်အမှတ် | - ၅၀၀၇၇၀၀၇၁၀ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - ၅၀၁၀၂၅၀၉၁၀ |
| ထုတ်ဝေသူ | - ဦးကျော်သန်း<br>ရဲအောင်စာပေ၊ အမှတ်(၂)၊ ချွန်း(၁)လမ်း၊<br>မင်္ဂလာတောင်ညွန့်။ |
| အတွင်းနှင့်အဖုံးပုံနှိပ်သူ | - ဦးကျော်စိန်(ကျောက်စိမ်းပုံနှိပ်တိုက်)<br>၁၇၁၊ ၃၃ လမ်း၊ ကျောက်တံတားမြို့နယ်။ |
| ပုံနှိပ်ခြင်း | - ပထမအကြိမ်၊ ၂၀၁၀-ခုနှစ် အောက်တိုဘာလ။ |
| အုပ်ရေ၊ တန်ဖိုး | - ၁၀၀၀ အုပ်၊ ၂၅၀၀ ကျပ်။ |
| မျက်နှာဖုံးပန်းချီ | - ကျော်ပိုင် |
| ဖြန့်ချိရေး | - လမင်းသာ |

ရွှေသစ္စာစာပေ

၈၉၅. ၈၃

ဝင်းဝင်းလတ်

အောက်မေ့ဖွယ်သူ / ဝင်းဝင်းလတ်။ - ရန်ကုန်။

ရဲအောင်စာပေ၊ ၂၀၁၀။

၂၅၀- စာ၊ ၁၉ × ၁၃ စင်တီ။

(၁) အောက်မေ့ဖွယ်သူ


## ဒို့တာဝန်အရေးသုံးပါး

| | | |
|---|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | - | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | - | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | - | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး။
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
* ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
* မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

www.burmeseclassic.com

www.burmeseclassic.com

# ဆရာမဝင်းဝင်းလတ် ဖြတ်သန်းခဲ့သော အနုပညာမှတ်တိုင်များ

➤ ၁၉၇၄ ခုနှစ်၊ ဩဂုတ်လထုတ် ရှုမဝမဂ္ဂဇင်းတွင် "စိတ်သိအိပ်မက်" ဝတ္ထုတိုဖြင့် စာပေနယ်သို့ စတင်ဝင်ရောက်ခဲ့ပါသည်။ ထို့နောက် ရှုမဝ၊ ဟန်သစ်၊ စန္ဒာ၊ စပယ်ဖြူ၊ မဟေသီ မဂ္ဂဇင်းတို့တွင် ဝတ္ထုတို၊ဝတ္ထုရှည်များ ရေးသားခဲ့ပါသည်။

➤ ၁၉၉၀ ခုနှစ်တွင် ဂျပန်နိုင်ငံ၊ တိုယိုတာဖောင်ဒေးရှင်းမှ နှစ်နိုင်ငံယဉ်ကျေးမှု ဖလှယ်ရေးအစီအစဉ်ဖြင့် "နားကြပ်ကိုကိုင်ဆောင်၊ ကလောင်ကိုကိုင်စွဲ"အမည်ဖြင့် မြန်မာဆရာဝန်လူငယ် (၁၂)ဦး ပါဝင်ရေးသားသော ဝတ္ထုတိုပေါင်းချုပ်စာအုပ်တွင် ပါဝင်ရေးသားခဲ့ပါသည်။

➤ ၁၉၉၀ ခုနှစ်တွင်ပင် အဆိုပါဖောင်ဒေးရှင်း၏ အစီအစဉ်ဖြင့် ထုတ်ဝေသော မြန်မာအမျိုးသမီး စာရေးဆရာ(၁၂)ဦး စုစည်းရေးသားထားသည့် ဝတ္ထုတိုပေါင်းချုပ်တွင်လည်း ပါဝင်ရေးသားခဲ့ပါသည်။

➤ "အချစ်၏နောက်ဆက်တွဲစာမျက်နှာ" (၁၉၉၇ ခု)၊ (အဆိုပါ "အချစ်၏'နောက်ဆက်တွဲစာမျက်နှာ"ဖြင့် ၁၉၉၇ ခုနှစ်တွင် အမျိုးသားစာပေဆု ဆွတ်ခူးရရှိခဲ့သည်။)

"နန်းထဲမှာပင် အိုလေ့ပျော်မရှင်" နှင့်ဝတ္ထုလတ်များ (၁၉၉၇ ခု)

"အချစ်၏နောက်ဆက်တွဲစာမျက်နှာ" ဒုတိယအကြိမ် (၁၉၉၇ ခု)

"ကတ္တီပါကားလိပ်များကြားနှင့် အခြားဝတ္ထုတိုများ" (၂၀၀၀ ခု)

"အချစ်၏နောက်ဆက်တွဲစာမျက်နှာ " တတိယအကြိမ်

"ရုံကလေးနှစ်ရုံနှင့်လက်ရွေးစင်ဝတ္ထုတိုများ" (၂၀၀၉ ခု)တို့ကို ရေးသားထုတ်ဝေခဲ့ပါသည်။



# အောက်မေ့ဖွယ် သူမ'' သို့ အမှတ်တရ

၂၀၀၆ ခုနှစ် မေလ (၁၉) ရက် သောကြာနေ့ ကျန်းမာရေးဝန်ကြီးဌာနနှင့် (CARE) မြန်မာတို့ ပူးပေါင်းဆောင်ရွက်သည့် HIV/AIDS အန္တရာယ်ကာကွယ်တိုက်ဖျက်ရေး အသိပညာပေး အလုပ်ရုံဆွေးနွေးပွဲတွင် ဟောပြောပြီးအပြန်တွင် မဆင်မခြင်မောင်းနှင်သောယာဉ်မောင်း၏ စည်းကမ်းဖောက်ဖျက်မှုကြောင့် အောက်မေ့ဖွယ် "သူမ" သို့မဟုတ် "ဝင်းဝင်းလတ်" ဆုံးပါးကွယ်လွန်ခဲ့ရသောနေ့ . . .

လွန်ခဲ့သည့် ညက "သူမ"ကွယ်လွန်ခဲ့သည့်နေ့ရက်မှာလိုအိပ်မက်ထဲမှာ သတိတရရှိနေခဲ့၏။ အရင်လို စီမံကိန်းကျေးရွာကပြန်လာတာပဲ ဖေဖေနဲ့မေမေကို နေကောင်းရဲ့လားလို့ ပြုံးပြီးနှုတ်ဆက်တယ်၊ ပြီးတော့ ပင်ပန်းတယ်လို့လည်းမပြောဘူး။ ညီမလေးကအမြဲဒီလိုပါပဲ။ စာရေးသူ အိပ်မက်ထဲမှာ တွေးနေမိလျက် ထုံးစံအတိုင်းသူမရောက်လာကြောင်းတိုက်အောက်ဆုံးက ကြိုးဆွဲလှုပ်ရသည့်လူခေါ်ခေါင်းလောင်းသံက မကြားရပြန်ဘူးပဲ . . .

ဝင်းဝင်းလတ်သည် ကျန်းမာရေးစောင့်ရှောက်သည့်သမားအဖြစ်မှသည် ကျေးလက်လူထု အခြေပြုလူငယ်လူရွယ် မျိုးဆက်ပွားကျန်းမာရေး နှင့် ဖွံ့ဖြိုးရေးကို လုပ်ဆောင်ခဲ့သည့် စီမံကိန်း ဝန်ထမ်းဘဝတွင်လည်း သူမ၏ လုပ်ငန်းကို အစဉ်နှစ်ခြိုက်အားရခဲ့သည်သာ . . .

မကွယ်လွန်မီ ပြည်မြို့ နိဗ္ဗိန္ဒတောရတွင် တိုက်အုပ်ဆရာတော်ထံမှာခွင့်တောင်းပြီး ဇရပ်ဆောက်လုပ်လှူဒါန်း ရည်ရွယ်ခဲ့ပါ၏။

နိဗ္ဗိန္ဒတောရနှင့် ကပ်လျက်စကြံတောင်မှာ ဝင်းဝင်းလတ်နှင့်ဒိသားစုကနှစ်ဖက်သော မိဘဘိုးဘွားများအား အမှူးထား၍ (၂၀၀၀) ခုနှစ်တွင် သိမ်ဆောက်လုပ်လှူဒါန်းပြီး ခြောက်နှစ်အကြာမှာ တိမ်းပါးခဲ့ရသည်။ ဆောက်လုပ်ပြီးသောသိမ်မှာ ခင်ပွန်းနှင့်သားများက တူဖြစ်သူဘိုနှင့် ဦးလေးကို ရှင်ပြုရဟန်းခံခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

သူမက တောရပ်တွင်ပျော်သော မိခင်ဖြစ်သူကို စနောက်သလို ပြောခဲ့သည်။ "မေမေက ငှက်ကလေးတွေအော်မြည်မှကြိုက်တာ၊ မဟုတ်ဘူး၊ ဇရပ်အတွက် ဒီနေရာဆိုအတော်ပဲ၊ နောက်ဘက်ဝါးရုံကလည်းကောင်း၊ တံတိုင်းဟိုဘက်ရောက်ရင် အင်ပင်တွေကလည်း အပြိုင်းအရိုင်းနဲ့ ငှက်အော်သံတွေက စုံအောင်ကြားရမှာပဲ မေမေတဲ့ . . .

တစ်ခါတော့ ညဥ့်နက်သည်အထိ စာရေးသူ့အခန်းထဲမှာ စာဖတ်နေဆဲ ဝင်းဝင်းလတ်ဝင်လာပြီး "ဖာင် မမ . . . မအိပ်သေးဘူးလား၊ တို့အစ်မ ကြိုးစားတယ်ဟေ့"လို့ ရယ်ရွှန်းပျက်စကားဆိုပါ၏။ စီမံကိန်းကျေးရွာများမှ ရန်ကုန်နေအိမ်သို့ ပြန်ရောက်သည့်အခါ ကိုယ်တိုင်လည်းညဥ့်နက်သည်အထိ အလုပ်ကိစ္စဖြစ်စေ၊ မဟေသီနှင့် အခြားသောမဂ္ဂဇင်းတို့က စာမူပေးရန်အရေးဆို နားပူသောအချိန် နီးကပ်လို့ဖြစ်စေအစဉ်ပဲ တကုပ်ကုပ် အလုပ်လုပ်သူမှာ "သူမ"သာ။

ဝင်းဝင်းလတ်က စာရေးသူတို့ ဆွေမျိုးသားချင်းများ ကိုမှ မဟုတ်ပါ။ မည်သူ့ကိုမဆို အထူးသဖြင့် ငယ်ရွယ်သူများကို တစ်စုံတစ်ရာ ကြိုးစားသင်ယူ လေ့လာနေဖို့ အမြဲတိုက်တွန်းအားပေးတတ်သူပါ။

သူမ ကွယ်လွန်ချိန်ထိ ရေးသားသော "ဘဝနှင့်အလုပ်ကို တည်ဆောက်ခြင်း"ဝတ္ထုရှည်တွင်လည်းကောင်း၊ "ကတ္တီပါကားလိပ်များကြားမှာ"နှင့်အခြားဝတ္ထုတိုများ ဝတ္ထုတိုပေါင်းချုပ်တွင်လည်းကောင်း၊ ယခု "အောက်မေ့ဖွယ်သူ"တွင်လည်းကောင်း စီမံကိန်းဝန်ထမ်းဘဝနှင့် ကျေးလက်လူထုအခြေပြု ကျန်းမာရေးပညာပေးလုပ်ငန်း၊ ဖွံ့ဖြိုးရေးလုပ်ငန်းများအကြောင်း ကိုယ်တိုင် သိမြင်ခံစားဖွဲ့နွဲ့ရေးသားသွားခဲ့ပါသည်။

ဝင်းဝင်းလတ်သည် သူမဘဝထဲက အတွေ့အကြုံများကို ယခုကဲ့သို့ ရေးဖွဲ့သွားရာမှာ သူမပြောဆိုသကဲ့သို့ လောကကို အကောင်းအမွန်တရားတွေ ပြည့်ဝစေချင်သောစေတနာများပင် . . .



ယခု "အောက်မေ့ဖွယ်သူ"တွင် ဝင်းဝင်းလတ်သည် ပြောင်းလဲလာသောအတွေ့အကြုံနှင့် ခံယူသိမြင်ပုံတို့ကို ဒေါက်တာဒေါ်မိုးကြည်ဝေ ဘဝတွင် ထင်ဟပ်ပေါ်လွင်စေခဲ့သည်။

သူမ ချစ်လှစွာသောမိသားစု၊ သူမချစ်သောစာပေ အနုပညာနှင့်သူမ အမြဲနှစ်သက်ဂုဏ်ယူခဲ့သော ကျေးလက်ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးအားလုံး (အားလုံး) စွန့်လွှတ်ခွဲခွာခဲ့ရသည်။

ဆရာဦးတင်ဝင်း (ပျဉ်းမနား မောင်နီသင်း)က ဝင်းဝင်းလတ် ကွယ်လွန်ခဲ့ရသည်ကို ဆရာကြီးဇော်ဂျီ၏ "လှိုင်းကလေးသင်"ကဗျာဖြင့် အမှတ်တရ ဂုဏ်ပြုခဲ့ပါသည်။

**လှိုင်းကလေး . . . သင်**

ပြင်ကျယ်ကျယ် ပင်လယ်စခန်းဆီက
သည်ကမ်းယံ စေတီဦးဆီသို့
ဖူးမြော်ရန် ရောက်လာရင်ပေလ
ဘောအို . . . အချင်းလှိုင်းကလေးသင်
သင်လာရာ ပင်လယ်လမ်းမှာဖြင့်
စုန်တိုင်းလေလှိုင်းလေကြမ်းသော်ကြောင့်
ပန်းခဲ့သူ စင်ရော်ငှက်ကိုလ
ကျောထက်ဝယ်ဆောင်ယူသယ်၍
ဖောင်သဖွယ်သင်ကူမ . . . တယ်လို့
တွေးဆကာသည်အလွမ်းရယ်နှင့်
ဝမ်းမြောက်တယ်လေး . . .။



www.burmeseclassic.com

www.burmeseclassic.com

ချစ်ညီမဝင်းဝင်းလတ်နှင့်အတူ နာဂစ်လွန်မုန်တိုင်းကာလတွင်လည်းကောင်း၊ မုန်တိုင်းလွန်ကာလတွင်လည်းကောင်း၊ ကျေးလက်လူထုဖွံ့ဖြိုးရေးတွင်လူသားချင်း စာနာထောက်ထားစွာ ပါဝင်လုပ်ဆောင်ခဲ့ကြသော လူပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများကို ဆရာကြီးဇော်ဂျီ၏ "လှိုင်းကလေးသင်"ကဗျာဖြင့် ဂုဏ်ပြုမှတ်တမ်းတင် အပ်ပါသည်။

နှင်းနုအေး





တစ်ညနေ။

ထိုတစ်ညနေမှာ ကျွန်မထံသို့မဟုတ် သူ့ထံမှားယွင်း ရောက်လာခဲ့သည်ပဲထင်ပါသည်။

ကျွန်မတို့မှအပ အခြားသူများလည်း မကြုံတွေ့စေလို။ ကမ္ဘာခြား မှားယွင်းရောက်ရှိလာသော ညနေဟု သာဆိုရပါတော့မည်။

ဘဝကို လှပတဲ့အားမာန်နဲ့ ကြည့်မြင်တတ်သူ မင်းကတော့-

"ဒီတစ်ညနေဟာ ဘဝအပေါ် ပိုလို့ခင်တွယ်လေးနက်လာစေတဲ့ အစပထမညနေပါပဲ။ ကျွန်တော်တွေးသမျှ ရေးသမျှ လုပ်သမျှတွေကို အားလုံးအတွက် အဓိပ္ပါယ်ရှိစေချင်လာခဲ့တယ်။ လက်သင့်ခံဖို့ဖြစ်လာရတဲ့ ကိုယ်ဘဝကိုလည်း ပထမဆုံး နားလည်ဖို့ ကြိုးစားမိရတဲ့ညနေပဲ။ ဒီတစ်ညနေသာ မရှိခဲ့ရင် မနဲ့ ကျွန်တော်ခုလို နားလည် ခင်မင် လာဖို့ဆိုတာလည်း ရှိတော့မှာ မဟုတ်ဘူးလေ"

အပြစ်ကင်းစင်ကြည်လင်တဲ့ အတွေးနဲ့ပြောခဲ့လေတယ်။ မင်းရဲ့အသံတွေ မင်းရဲ့ရိုးသားသန့်စင်တဲ့ အတွေးအခေါ်တွေ၊ အနုပညာတစ်ရပ်ရပ်ကို မြင်သိကြား ခံစားရတိုင်းမင်းကို သတိရလာမိစေတဲ့ မင်းရဲ့ အငွေ့အသက်တွေ၊ ရှင်သန်နွေးထွေးဆဲ ကမ္ဘာကြီးထဲမှာ ကိုယ့်အဖို့တော့-

"ကျွန်တော် အမြဲရှိနေမယ်"

ဆိုခဲ့သံကိုကြားယောင်ရင်း ရုန်းကန်လှုပ်ရှား၊ ဘဝအဓိပ္ပာယ် ဖော်ဆောင်နေဆဲပေါ့ ဦးတင်ဆောင်းဟန် ....

www.burmeseclassic.com

www.burmeseclassic.com



သူနှင့် အမှတ်မထင်မှ အမှတ်ထင်ထင်ဖြစ်ခဲ့ရသည်က ဆောင်းဦးရက် တစ်ညနေမှာဖြစ်သည်။ ထိုတစ်ညနေမှာ နောင်နှစ်ပေါင်းများစွာကြာအောင် ရက်စွဲအတိအကျ မှတ်မိနေစရာ ဖြစ်လာလိမ့်မည် မထင်မိခဲ့။ ဒါတိုင်းညနေများလိုပဲ ကျွန်မကို အမှတ်မထင် ဖြတ်ကျော်ရွေ့လျားသွားခဲ့ရင် ကောင်းမှာပဲနော်။ ကျွန်မ မကြာခဏ တွေးမိခဲ့သည်။ ထိုတစ်ညနေက အမှတ်မထင် ဖြတ်ကျော်မသွားခဲ့ပါ။

နောက်ဆက်တွဲကြေကွဲဖွယ်ဖြစ်ရပ်များ မပါခဲ့လျှင်တောင် ထိုတစ်ညနေလေးမှာ စိတ်ဝင်စားစရာတော့ ဖြစ်နေခဲ့ပါသည်။

♣ ♣ ♣

၁၉၉၅ ခုနှစ်ရဲ့ ဆောင်းဦးရက် တစ်ညနေ။

လွင်သောင်းဒန်ကို သူတို့အိမ် ဧည့်ခန်းမှာ ကျွန်မ ထိုင်စောင့်ဖြစ်ခဲ့ သည်။ နေ့စဉ်သွားလေ့ရှိမြဲ မြတ်မွန်ရတနာခန်းမ ကြက်တောင်ကွင်း သွားကြရန်ပေ။ ဆရာဝန်များညီလာခံ ကြက်တောင်ပြိုင်ပွဲများအမှီ ဆောင်း ကြိုရက်များကပင် ကျွန်မတို့ လေ့ကျင့်ကစားနေကြသည်။ အခါတိုင်းညနေ ခြံရှေ့မှာ လမ်းလျှောက်ထွက်စောင့်နေတတ်သော လွင်သောင်းဒန်က သည်နေ့ အိမ်မှာရှိမနေခဲ့။ သူ့ကိုစောင့်ကြိုဖို့ ကျွန်မ ထားခဲ့ပါသည်။

သူတို့အိမ်ဧည့်ခန်းရဲ့ ရုပ်ပုံကားချပ်တစ်ခုနှင့် မျက်နှာချင်းဆိုင်သောနေရာမှာ ကျွန်မ ရွေးချယ်ထိုင်လေ့ရှိပါသည်။ ထိုကားချပ်ကို 'အစိမ်းရောင်ခံစားမှု'ဟု ကျွန်မဘာသာ အမည်ပေးထားခဲ့သည်။ အဝေးဆုံးက တောင်စဉ်တောင်တန်းတွေရဲ့ စိမ်းညို့ညို့၊ တောင်ခြေဟောအုပ်များ ရဲ့ စိမ်းရင့်ရင့်၊ တောအုပ်အစပ် မြက်ခင်းလွင်ပြင်ရဲ့ စိမ်းနုနု၊ အရောင်မရှိသောလေကို မြင်ရအောင် စိမ်းဝါပါမြက်ပင်ရှည်များကို ယိမ်းယိုင်နွဲ့စေ လျှက်၊ မြက်ခင်းအစပ်တွင် အင်္ကျီဝါ ဘောင်းဘီတိုအနက်လေးနှင့် လူကလေး တစ်ဦး ခြေဆင်းလဲ လူထိုင်နေခဲ့သည်။



လူကလေးအနီးမှာ ခွေးဖြူလေးတစ် ကောင်နှင့် ဘောလုံး ရောင်စုံကြားလေးတစ်လုံး၊ တပြန့်တပြော ကျယ်လွင့် ကြည်စင်စွာ လွတ်မြောက်နေလိုမှုကို ကိုယ်ထဲမှာ ရှာဖွေတွေ့ရှိစေသောအရာ သိုးမွှေးချည်ဖြင့် စက်ထိုးထိုးထားသော လက်ရာမြောက်ပန်းချီကားချပ် တစ်ခုပေ။ အစိမ်းရင့်ရောင် ဘောင်အနားသတ်ထားခဲ့သည်။ ကမ္ဘာမြေပြင်ပေါ်က စိမ်းလန်းစိုပြည်သောတစ်နေရာသို့ ပန်းချီကားချပ်က အလွယ်တကူ ခေါ်ယူသွားလိမ့်မယ်။ အစိမ်းရောင်ခံစားမှုထဲတွင် ကျွန်မ နစ်မျှော နေမိစဉ် ကက်ဆက်မှ ဖွင့်လက်စတေးက ခင်မောင်တိုးရဲ့ တေးသီချင်း သံစဉ်အေး တစ်ပုဒ် ဖြစ်နေခဲ့သည်။ အနီးက နံရပ်ကပ် စာအုပ်စင်လေးမှာ သပ်ရပ်စွာ စီထပ်ထားသည်က 'သစ်ဆင်း' မဂ္ဂဇင်းများပေ။ ကျွန်မနှင့် အကြိုက်ချင်းဆင် တူနေတာ ဘယ်သူဖြစ်နိုင်မည်မလဲ။ တွေးနိုင်အောင်အချိန်တွေရနေခဲ့ပါ သည်။

'လွင်သောင်းဒန်'က ကျွန်မထက် နှစ်နှစ်နောက်ကျပြီးမှ ဆေးကျောင်းဆင်းခဲ့သည်။ သူ့မမ 'ခင်ကောင်းပန်' က ကျွန်မထက် နှစ်နှစ်စော၍ ဆေးကျောင်းပြီးခဲ့သည်။ မမပန်က ဆေးတက္ကသိုလ်(၁) ရောဂါဗေဒဌာနမှ သရုပ်ပြတစ်ဦး။ လွင်သောင်းဒန်မှာ ကျွန်မကဲ့သို့ပင် မက်ဒီထရိတ်တစ်ခုက တာဝန်ခံ ဆရာဝန်တစ်ဦးပါပဲ။

ကျွန်မနှင့်မမပန်တို့ သိကျွမ်းဖြစ်ခဲ့ကြသည်မှာ ကြက်တောင်ကွင်းထဲမှာပေ။ သက္ကရာဇ်တစ်နှစ်ရဲ့ ဆရာဝန်များညီလာခံ အားကစားပြိုင်ပွဲမှာဖြစ်သည်။ ကွင်းထဲရောက်မှဒိုင်ကတွဲပေးသော အတွဲများအဖြစ် ကျွန်မနဲ့ မမပန်တို့ နှစ်ယောက်တွဲကစားကြရသည်။ ထိုနှစ်က ကျွန်မတို့အတွဲ အနိုင်ရ ဗိုလ်စွဲခဲ့သည်လေ။ ဆုကို မမပန်နှင့်အတူ လက်ခံယူရတော့ ကျွန်မရှက်ရှိန်း နေမိခဲ့ရပါ၏။ တကယ်တမ်း လက်စွမ်းပြကစားကာ တစ်ခါတစ်ရံမှာ အနှောင့်အယှက် လိုပင် ဖြစ်နေသေးသည့် ကျွန်မကိုလက်တွဲခေါ်ယူသွားသူမှာ မမပန်ဟု ကျွန်မကိုယ်တိုင်တင်မက တစ်ကွင်းလုံးက သိထားပြီးခဲ့မည်လေ။

"ဒါ ကိုယ်ရဲ့ ကို့ချ်။ ဆေး(၁) လက်ရွေးစင် လွင်သောင်းဒန်နှင့်" ကျွန်မတို့ မြို့မကျောင်းသားဟောင်းများ ဆုံဆည်းရာ မြတ်မွန်ရတနာခန်းမ ရဲ့ကြက်တောင်ကွင်းပေါ်မှာ ပြေးလွှားဖြစ်ခဲ့ကြသည်။ အချိန်များများ ကစားဖြစ်သည်က ကျွန်မနှင့် လွင်သောင်းဒန်သာ။ မမပန်က

www.burmeseclassic.com

www.burmeseclassic.com

ညနေဆေးခန်း ရှိသည်။ ဘွဲ့လွန်အတွက် စာကျက် နေရသည်။ လွင်သောင်းဒန်ကကြက်တောင် တစ်ခုကိုသာ အလွန်အမင်း စိတ်ဝင်စားမည်ထင်မိ၏။ စာသန့်သန့်နှင့် ဣန္ဒြေရလှသော 'သစ်ဆင်း'လို မဂ္ဂဇင်းကို အမှတ်စဉ်လိုက် စုစည်းထား ဖတ်ရှုနိုင်လောက်အောင် သူတို့ အချိန်ပေးကြမည်လား။ ကျွန်မဘာသာ ခေါင်းယမ်းခါ အဖြေရယူ လိုက်မိခဲ့ပါသည်။

♣ ♣ ♣

"ညီ့ကိုစောင့်နေတာထင်တယ်"

သစ်ဆင်းစာအုပ်တွင် အာရုံဝင်စားနေမိနေမိဆဲ မေးခွန်းတစ်ခု ကြားလိုက်ရသည်။ ကျွန်မမော်ကြည့်မိခဲ့လျှင် အရင် အတွေးများနှင့် ဆက်လို့-

"သူ ဖြစ်နိုင်တာပဲ"

စိတ်ထဲမှာအရင်ဆုံး တွေးလိုက်မိသည်။ လွင်သောင်းဒန်ရဲ့ အစ်ကို။ သည်အိမ်မှာဝင်ထွက်ရင်း သူနှင့်ဆုံမိတတ်လျှင် သူရော ကျွန်မပါ ဘယ် တော့မှ သက်ဆိုင်လာဖို့ မရှိသူများလို မျက်နှာထား အနည်းငယ် ပျော့ပျောင်းစွာ ထားလိုက်မိသည်ထက် ပိုလို့မနှုတ်ဆက်ခဲ့စဖူး၊ နှုတ်ဆက်ရင်းနှီးဖို့ရာ သူကတည်လွန်း၊ သီးသန့်ဆန်လွန်း နေခဲ့၍ လည်းဖြစ်မည်။ သူက သွယ်သွယ် မြင့်မြင့်၊ မျက်နှာကျပါသွယ်ကာ မျက်ခုံးထူနက်နက်များနှင့် အေးဆေးသော မျက်လုံးအကြည့်များရှိသည်။ ပိရိပုံစံကျသော နှုတ်ခမ်းတွင် အောက်နှုတ်ခမ်း ထူထူရှိခြင်းက သွယ်သောသူ့မျက်နှာနှင့် လိုက်ဖက်နေခဲ့သည်။ နဖူးပြင်ပေါ် ဆံပင် တစ်ချို့ ခပ်ရိုင်းရိုင်းဝဲကျနေပေမယ့် သူ့ဆံပင်က နောက်ဘက်မှာ တိုတို။ သူတို့မောင်နှမသုံးဦးမှာ ရုပ်ရည်ချင်း ဆင်ဆင်ရှိကြလျက် တစ်မျိုးစီ ကြည့်ကောင်းကြသည်ပါပဲ။ ယခုကျွန်မရှေ့မှ ထိုအမျိုးသားမှာ ထူးထူး ဆန်းဆန်း သည်နေ့ကျမှပဲ ကျွန်မကို နှုတ်ဆက်ဖို့လား။ သက်ဝင်လှသော သူ့မျက်လုံး အကြည့်ထဲမှာ အရိပ်တစ်ခုခုတော့ တစ်ခုခုပဲ။ အိမ်ရှင်က နှုတ်ဆက်ခေါ်ငင်ခဲ့ခြင်းက နှုတ်မဆက်ဘဲနေခြင်းထက် ကျွန်မကို ပိုအနေ



ခက်လာစေခဲ့သည်။ သူက သည်မျှပင် သည်အိမ်အတွက် သူစိမ်း ဆန်နေခဲ့တာ ကျွန်မသိမိရတော့သည်။ ကျွန်မ ကိုယ်ကိုခပ်ရို့ရို့ပြင် လိုက်ရင်း-

"ဟုတ်ကဲ့"

ဟုသာ ပြောခဲ့သည်။ ပြုံးနှုတ်ဆက်ရုံတော့ မော်ကြည့်လိုက် ခဲ့သည်။ ဖတ်လက်စ စာအုပ်ကိုပြန်ငုံ့ဖတ်မည်ပြုဆဲ -

"အချိန်နည်းနည်းလောက်များ ပေးနိုင်မလားလို့ပါ၊ မ. . ."

"ကျွန်မ မိုးကြည်ဝေပါ"

သူ ကျွန်မနာမည်ကိုပင် မသိခဲ့။

"ကျွန်တော် တင်ဆောင်းဟန်ပါ"

ဟုတ်သားပဲ ကျွန်မလဲ သူ့ကိုမြင်ဖူးရုံပါပဲ။ သူ့အမည်ကိုမသိခဲ့။

"အချိန်ရပါတယ် ဘာဖြစ်လို့မေးတာများလဲ"

"ကျွန်တော်နေလို့မကောင်းတာ နှစ်ပတ်လောက်ရှိပါပြီ"

ကျွန်မ အနည်းငယ်လောက်တော့ စိတ်ကသိကအောက်ဖြစ်သွား ခဲ့သည်။ တစ်ခါတလေ ရောဂါ၊ လူနာ၊ ဆေးဝါးတွေအကြောင်း၊ ဖြစ်နိုင်ရင် ကိုယ်ဆရာဝန်ဆိုတာပါ မေ့ထားချင်တယ်။ စိတ်ရောကိုယ်ပါ နားနေချင်တဲ့ အခါမျိုးမှာ အထူးသဖြင့်ပေါ့။ ဆေးတက္ကသိုလ် ဆရာတစ်ဦးကမှာဖူးစဉ် ဆေးကျောင်းသား ကျွန်မတို့ ရယ်မောမိ ခဲ့ကြသည်။ ကိုယ့်အချိန် ကိုယ်မပိုင်ဆိုင်သော ဆရာဝန်တစ်ဦးဘဝကို အခုတော့ ကျွန်မလည်း နားလည်စပြုပြီ။ သူ့မျက်နှာပေါ်က မြင်ဖူးသလိုအရိပ်က ကျွန်မ လူနာတွေရဲ့ မျက်နှာပေါ်ကအရိပ်မျိုးပဲလေ။ လူနာတစ်ယောက်အဖြစ်နှင့်ဆိုရင်တော့သူနှင့် ကျွန်မအကြား မိတ်ဆက် စကားတွေမလိုပါ။ တိုက်ရိုက် ဆက်ဆံ့ယ်စနစ်ပဲလေ။ သူ့ကို ပြုံးမော်ကြည့်လိုက်ခဲ့သည်။ သူ့ဝေဒနာကို သိချင်ကာ ကိုယ့်ဝေဒနာကိုဖုံးကွယ်လေ့ရှိသော ကမ္ဘာ့ဆရာဝန်သုံး အားပေး ပြုံးနှင့်။

"ပြောပြပါဦး"

"ကျွန်တော့်ဗိုက်ထဲမှာ အောင့်နေတယ်။ အစာလဲ မစားချင်ဘူး မဆာလည်း မဆာတတ်ဘူး။ အမြဲရင်ပြည့် နေသလိုပဲ။ အစာစားပြီးရင် ပိုအနေရခက်တယ် ထင်မိတယ်"

သူ့ဝေဒနာကို ထုတ်ဖော်ပြောကြားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

သူခံစားရသောဝေဒနာ တစ်ခုကို တခြားတစ်ယောက် ခံစားနေရသလိုမျိုး အေးဆေးပေ့ါပါးစွာ ပြောပြခဲ့ခြင်းပေ။

ဒါပေမယ့် တစ်အိမ်တည်းအတူနေ ဆရာဝန်နှစ်ဦးရဲ့ အရင်းအချာ တစ်ယောက်က ဘာကြောင့် ကျွန်မလူနာ လာဖြစ်သင့်မှာလဲ။ ကျွန်မအတွေး ကိုရိပ်စားမိဟန် သူပြုံးရယ်လိုက်လျှက် -

"မမကိုပြောပြတော့ ကျွန်တော်အစားသောက်အချိန်မမှန်လို့ အစာအိမ်ယောင်တာပါလို့ ပြောတယ်။ ဟုတ်တယ်။ အရင်လည်း တစ်ခါတစ်ရံ ကျွန်တော်ဖြစ်တတ်ပါတယ်။ ဒါပေမယ့် ဒီတစ်ခါ ကြာနေတယ်။ မမပေးတဲ့ဆေးတွေလည်း သောက်တာပါပဲ။ ဂျဲလ်မက်၊ ဒိုင်ဂျင်း၊ ဆိုဒါမင့်။ သက်သာတယ်လို့လည်း မသိဘူး။ ညီကလည်း ဒီအတိုင်းပဲ။ အလုပ် ပင်ပန်းပြီး အစားသောက်မမှန်လို့ပါတဲ့။ ဘဲလ်လယ်နျူထရွန်ပါတွဲသောက် ဆိုလို့ ကျွန်တော်လည်း သောက်တော့ သောက်တာပဲ။ မလျော့လှဘူးဗျာ။ သူနာနေတာကို ကျွန်တော် အမြဲသိနေတယ်"

စီမက်တီဒင်း၊ ကျွန်မညွှန်းမည်ကြံဆဲ -

"ရယ်တော့ ရယ်စရာကောင်းသားပဲဗျာ။ အိမ်မှာအစ်မနဲ့ ညီ ဆရာဝန်နှစ်ယောက်ရှိတယ်။ တစ်ယောက်ကမှ ကျွန်တော့်ဗိုက်ပေါ် လက်တင်မစမ်းဖြစ်အောင် သူတို့အလုပ်နဲ့သူတို့ ရှုပ်နေကြတာ။ လိုပဲ မလိုအပ်လို့လားတော့ မသိပါဘူး"

သူ့ ရယ်ရယ်မောမော အပြောကြောင့် အကြံပေး ဆရာဝန် လုပ်ဖို့ ကျွန်မလက်လျှော့လိုက်ရပါသည်။

"ကျွန်မတို့ရဲ့အိမ်သားတွေနဲ့ ပတ်သက်တဲ့ ချို့ယွင်းချက်ကို ဘယ်တုန်းက စတွေ့ရှိသွားတာလဲ"

သူပြောတာတွေ အမှတ်တရားပေ။ စင်စစ် အိမ်သားတွေကို သာမာန်ရောဂါထက် မပိုစေချင်သောစေတနာလည်း ပါပါသည်။

ကျွန်မ ပြုံးမိရပါသည်။

"ဒါဆိုရင် ခဏစမ်းကြည့်ပေးမယ်လေ ... ဒီခုံရှည်မှာ လှဲမလား"

"ကျွန်တော် စတက်သိုယူပေးရမလား"

"ရပါတယ် ... ကိုတင်ဆောင်းဟန်ပြောသလို ဗိုက်ပေါ်ပဲ အရင် လက်တင်ကြည့်ရအောင်လေ ... ခေါင်းအုံးလေးတစ်လုံးတော့



လိုမယ်ထင်တယ်"

"ရမယ်၊ မ ..."

သူကျွန်မနာမည်ကိုမေ့သွားပြီဖြစ်လေ၏။ အမည်ထပ်ပြောဖို့ တွန့်တိုစွာ ကျွန်မ သူ့အဖြစ်ကို မသိယောင်ပြုလိုက်ခဲ့သည်။

"မငွေ - ရေ"

သူ့နောက်ဖေးဘက်သို့ လှမ်းခေါ်လိုက်တော့ မိန်းကလေး တစ်ဦး ထွက်လာခဲ့သည်။

"မမပန် အခန်းထဲက ခေါင်းအုံးယူပေးခဲ့ မငွေ"

တကယ်မူ ခေါင်းအုံးမလိုပါ။ ဆရာဝန်အဖြစ်နှင့် လူနာ စမ်းသပ် ရမည်ဆိုလျှင် တတိယလူတစ်ယောက်ထားရဖို့ မမေ့လျော့စွာ ကျွန်မကြံစည် လိုက်ခြင်းသာ။

"မငွေ ခဏနေပေးဦးနော်။ လိုတာရှိရင် ပြောရအောင်"

မငွေကို အနီးမှာရှိစေလိုက်ပါသည်။ သူ့ကို နှစ်ယောက်ထိုင် လက်တင်မဲ့ခုံရှည်တွင် လှဲအိပ်စေခဲ့သည်။ ကျွန်မက သူ့ညာဘက်ဘေးတွင် ရပ်၍ စမ်းသပ်သည်။ ကစားဖို့ တီရှပ်အဖြူ ဂျင်းအပါးဘောင်းဘီရှည် အပြာနု အသင့်ဝတ်ဆင်ထားသော ကျွန်မ ထိုင်ခုံကနိမ့်၍ ခါးအတော်ကိုင်းထားရသည်။ အတော်ပုံပန်းမကျတဲ့ လူနာ-ဆရာဝန် တွေ့ဆုံခန်းတော့ဖြစ်နေမည်ပေ။

ရှပ်အင်္ကျီအဖြူကို ရင်ခေါင်းဝထိ မစေ၊ ခါးဝတ်ပုဆိုးကို တင်ပဆုံရိုးအောက်ထိ လျှောစေခဲ့သည်။

"ဘယ်နေရာမှာ နာတာလဲ"

သူထောက်ပြသောနေရာမှာ ဝမ်းဗိုက်ပြင်၊ အပေါ်မြွမ်း အစာအိမ်နာလေ့ရှိသောနေရာထက် ညာဘက်ကျကျ ရောက်နေခဲ့သည်။ ညာဘက်မှာပျိုးနေသော အနာဖြစ်၍ ဝမ်းဗိုက်ပြင်ရဲ့ ဝဲဘက်မှ စတင် စမ်းသပ်သည်။ အဆီပိုမရှိ။ ကြွက်သားဖြင့်သာ ဖွဲ့စည်းထားသော သူ့ဝမ်းဗိုက်ပြင်က စမ်းသပ်ရ လွယ်လွယ်ကူကူပင်။ ဝမ်းဗိုက်ကို ဖြေးဖြေး ညင်သာစမ်းခဲ့လို့ ညာဘက်နံရိုးအောက်သို့ ရောက်ခဲ့လျှင်သူ့ထံမှ-

"အဲဒီ နေရာနာတယ်"

ဟူသော နာကျင်မှုကို ရုတ်တရက် ချုပ်တီးလိုက်သောအသံနှင့် အတူ ကျွန်မလက်ဖဝါးပြင်မှတဆင့် တွေ့ထိခံစား သိလိုက်မှုက ကျွန်မ၏

www.burmeseclassic.com

www.burmeseclassic.com



သူ့အပေါ် သက်တောင့်သက်သာဆက်ဆံနေမှု၊ ကျေနပ်ရှုံ့စမ်းသပ်ပေးဖို့ ကြံရွယ်ထား မှုအားလုံးကို ချုပ်ငြိမ်းသွား စေခဲ့တော့သည်။ ကျွန်မ ကြမ်းပြင်ပေါ် ဒူးထောက်ထိုင်ချကာ စမ်းသပ်မှုကို နောက်တစ်ကြိမ် ပြန်လည်ပြုခဲ့သည်။ သည်တစ်ကြိမ်မူ မျက်လုံးမှစသော စနစ်တကျ နည်းဖြင့် ခန္ဓာတစ်ကိုယ်လုံး ပြန်လည်စမ်းသပ်ကြည့်ခဲ့သည်။ ဝမ်းဗိုက် အတွင်းက ထူးခြားချက်ကလွဲ၍ အခြားမတွေ့ခဲ့ပါ။

"ကျွန်တော် ဘာဖြစ်တာလဲ"

ကျွန်မ ဒူးထောက်ရာမှ ထလိုက်သောအခါ သူက မေးခဲ့သည်။

"အသည်းယောင်နေတာပဲ ဖြစ်မှာပါ"

ကျွန်မ ခပ်ဆဆပြောမိသည်။

"ဒါကြောင့် ကျွန်တော်ထင်ပါတယ်။ အခါတိုင်း အစာအိမ် အောင့်တာမျိုးနဲ့မတူဘူးလို့"

သူက အခုမှ စိတ်ပေါ့ပါးဟန်ဖြင့် လှဲအိပ်နေရာက ထခဲ့သည်။ ကျွန်မမှာမူ စိတ်တွေနွေးထွေး လေးလံသွားခဲ့သည်။ သူ့အဝတ်အစား များနေသားတကျ ပြင်ဆင်ဖို့ ကျွန်မကျောခိုင်းထားခဲ့ကာ သိုးမွှေးပန်းချီ ကားချပ်အောက်သို့ လျှောက်လာရပ်မိသည်။ သည်တစ်ကြိမ် အစိမ်းရောင် များကို ကျွန်မ မမြင်မိပါ။ သူ့ရဲ့အမနှင့် ညီ ဆရာဝန်များ နှင့် အမြန်ဆုံတွေ့နိုင်ဖို့ စဉ်းစားနေမိခဲ့သည်။

ထိုနေ့က သူတို့နှင့်အချိန်နောက်ကျစွာမှ တွေ့ဖြစ်ခဲ့သည်။

♣ ♣ ♣



ခင်ကောင်းပန်နှင့် လွင်သောင်းဒန်တို့ကို စောင့်ဆိုင်းရင်း ညှော်ခန်းထဲမှာ သူနှင့်စကားပြော ဖြစ်နေခဲ့သည်။

ယခုတစ်ဖန် သူနှင့်စကားပြောရတော့ တွေ့စကထက် သူက ခင်မင် ကြင်နာဖွယ်ကောင်းလာခဲ့သလို ထင်မြင်မိစေသည်။ သူ့ဘဝ ခြိမ်းခြောက်မည့် အန္တရာယ်တစ်ခု ကျရောက်ကောင်း ကျရောက် နိုင်သည့်အဖြစ်ကို သူမသိရှာခဲ့။ သူ့ရဲ့ ကြောင့်ကျမဲ့မျက်နှာ မူရာများကို ကျွန်မ ငေးမောမိရင်း သူ့စကားတိုင်း နားဝင်နေသည်လည်း မဟုတ်ဘဲ ကျွန်မအတွေးနှင့် ကျွန်မသာ ရှိနေခဲ့သည်။ ထို့ကြောင့်ပင် သူ့စကား တွေ လွန်သွားခဲ့ပြီးမှ အသိဝင်ကာ-

"ခုနပြောလိုက်တာ သစ်ဆင်း မဂ္ဂဇင်း စာတည်းအဖွဲ့လား"

ကျွန်မ တစ်ခုကို သတိရလာမိကာ စားပွဲပေါ်မှ သစ်ဆင်း မဂ္ဂဇင်း မာတိကာသို့ ရှာဖွေလိုက်မိသည်။ မဂ္ဂဇင်းဖွဲ့စည်းပုံဖော်ပြသော စာကြောင်းသုံးလေးကြောင်းရဲ့ အပေါ်ဆုံးမှာ စာတည်းချုပ် တင်ဆောင်းဟန်ဟု တွေ့လိုက်ရတော့သည်။

"ကျွန်မ အမှတ်တမဲ့နိုင်လွန်းတာပါ . . . သစ်ဆင်းကို အမြဲဖတ်နေကျဖြစ်လျက် ဒီလောက်ကာရံညီနေတဲ့နာမည်တွေရဲ့ အဆက်အစပ်ကို စဉ်းစားခဲ့မိဖို့ ကောင်းတာပေါ့"

ကျွန်မ ပြောတော့ သူက ရယ်မောသည်။

"ဘိုးဘိုးပေးခဲ့တဲ့ နာမည်တွေပါ မ . . ."

ကျွန်မနာမည်အတွက် ခက်နေစွာ သူ့အားတို့အားနာပြုးသည်။

www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ်လေ၊ လူနာဆိုတာပဲ၊ မိုးကြည်ဝေ ပါ"

"ကျွန်တော် မ လို့ပဲခေါ်ပါရစေ . . . ဆိုရင်"

"ဒါလည်းရတာပဲ၊ ကြည်ဝေမိုးတို့ မိုးဝေကြည်တို့ မှားခေါ်နေမှာထက်စာရင်လေ"

သူ ရယ်မောပါသည်။ သူ့ကို ကျွန်မ ခွင့်လွှတ်၊ စာနာ၊ ကြင်နာခင်မင်မိရသည့်အကြောင်းရင်းကို သူသိနိုင်မည် မဟုတ်ပါ။ သာမာန်မူနှစ်သက်စွာ စောင့်ဖတ်ရသော စာတစ်အုပ်ရဲ့ စီစဉ်သူနှင့် ဆုံတွေ့ဖူးရသည်က ရှားပါးနှစ်လိုဖွယ် ဖြစ်မည်ပေ။ အခုမူ စိုးရိမ်သောကတွေသာ တစ်ချိန်ထက် တစ်ချိန် ပိုမိုလာစေခဲ့သည်။ သူနှင့်စာပေအကြောင်းပြောနေမိပေမယ့် ကျွန်မ၏ အတွေးဌက်တစ်ကောင်မှာ တဖျတ်ဖျတ် အတောင်လွင့်ကာ ထွက်ပေါက်ရှာမရ ဖြစ်နေခဲ့တော့သည်။ 'သစ်ဆင်း' အကြောင်းသူပြောပြနေစဉ် ကျွန်မစိတ်မှာ အကြောင်းအရာ၌ ရှိမနေခဲ့။ စကားတစ်ခွန်းစ နှစ်ခွန်းစသာ ဝင်ပြောခဲ့လျှင်-

"မင်းလွင်ဟန်ရဲ့စာတွေ မဖတ်ရတာ ကြာပြီနော်။ သူကသစ်ဆင်းမှာပဲ အရေးများတာ"

သူရယ်မောလိုက်ခဲ့သည်။ ပြုံးရယ်လိုက်ရင်း သူ့ရဲ့ တည်လွန်း၊ ထည်လွန်းသောအသွင်တွေကင်းပကာ ကြည်စင် လန်းဆန်းလှသည်။ သူ့မျက်နှာမှာ ကျီစယ်လိုဟန်၊ ရယ်မြူးရိပ်သဲ့သဲ့ဖြင့်-

"မင်းလွင်ဟန် မကျန်းမာဘူး။ သူ ဆရာဝန်နဲ့ပြနေရတယ်"

ကျွန်မ မရိပ်မိသေး။

"ဟုတ်လား။ ဘာဖြစ်လို့တဲ့လဲ"

ရောဂါအကြောင်းမို့ ဆရာဝန်ပီပီ စိတ်ဝင်စားလာခဲ့မိ၏။

"အသည်းယောင်နေတာပဲ ဖြစ်မှာပါလို့တော့ဆရာဝန်ကပြောတာပဲ"

ကျွန်မ အံ့အားသင့်သွားမိသည်။ စာရေးဆရာ မင်းလွင်ဟန်။ အတွေးကောင်းကောင်း အရေးအေးအေးငြိမ်ငြိမ်နှင့် ဆွယ်ငြိဖွယ်ရသတွေပေးတတ်သူ။ တင်ဆောင်းဟန်ရဲ့ ကလောင်ခွဲ တစ်ခုဟု သိလိုက်ရသောအခါ ကျွန်မကိုပိုလို့ စိတ်လှုပ်ရှားစေခဲ့တော့သည်။

"ရွှေဘုံသာလမ်းမှာ ကျွန်မ သူငယ်ချင်းထိုင်တဲ့ ကလင်းနစ်တစ်ခုရှိတယ်။ **ULTRA SOUND** လည်းရတယ်။ သွားလိုက်ရအောင်လေ။



"ဒီလောက်အရေးကြီးလို့လား 'မ' . . . မမပန်တို့ကိုစောင့်ဦးမယ်ဆိုတာ"

"အရေးကြီးလှလို့တော့မဟုတ်ပါဘူး။ ဗိုက်ထဲမှာ တစ်ခုခုဆိုရင် **ULTRA SOUND** က သမရိုးကျ ရောဂါရှာဖွေနည်း တစ်ခုပါပဲ။ ချောင်းဆိုးရင် ရင်ဘတ်နာရင် ဓါတ်မှန်ရိုက်ကြည့်သလိုမျိုးပေါ့"

"ကားလည်းညီက ယူသွားတယ်"

လွင်သောင်းဒန်က တစ်ခါတစ်ရံ ဆန်နီလေးကို ခရီးသည်တင်တတ်၏။ ယခုလည်း ငှင်းလို့မရသော အော်ဒါတစ်ခုအတွက်ဟု ဆိုခဲ့၏။

"သိပ်နာနေရင် ကျွန်မ တက္ကစီ ထွက်ကြည့်ပေးမယ်လေ"

"ဟာ ဒီလောက်လုံးဝ မဟုတ်ဘူး 'မ' . . . တစ်ခါတစ်ခါမှနာလာတာ။ ဟိုဘက်ခြံက အန်တီတို့ ဘယ်မှသွားတာ မတွေ့ဘူး။ ကျွန်တော်ကားသွားတောင်းကြည့်ဦးမယ်"

သူ အဝတ်အစားလဲလျှက် ထွက်သွားခဲ့သည်။ စူပါဆလွန်းအဖြူလေးကို မောင်းဝင်လာခဲ့စဉ် ခြံရှေ့မှာ စောင့်နေသော စိတ်မရှည်ချင်ချင်ကျွန်မက-

"ဒီစာတည်းက လိုင်းကားမသုံးတတ်ဖူးပဲနော်"

စကားထေ့မိတော့သည်။

"လိုင်းကားပဲ အမြဲအားကိုးနေကျပါ ခင်ဗျာ၊ လိုင်းကားပေါ်မှာ ထဘီမဟုတ်တာတစ်ခုခု ဝတ်ထားတဲ့ မြန်မာအမျိုးသမီး သိပ်မတွေ့တတ်ဖူးလားလို့ပါ"

ရယ်ဟဟပြောခဲ့သော သူ့စကားကြောင့် ကျွန်မကိုယ်ကျွန်မမေ့နေမိအောင် သူ့အတွက် စိုးရိမ်စိတ် စောနေမိခဲ့တာ သတိရသည်။ ကျွန်မ ရှက်ရယ်ရယ်မောမိခဲ့ရပါသည်။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com



**ULTRA SOUND** အဖြေက ကိုယ့်ရဲ့ မင်းအတွက်ထားနေမိတဲ့ မျှော်လင့်ချက်ရေးရေးကို ချေဖျက်ပစ်ခဲ့လေတယ်။ ဝမ်းကိုက်ပိုးကြောင့် အသည်းပြည်တည်ပြီးကြီးခဲ့တာလား။ ဗိုင်းရပ်(စ်)ပိုးကြောင့် အသည်းယောင်သလား။ မဖြစ်စေချင်ခဲ့မိပေမယ့် **ULTRA SOUND** ရဲ့တွေ့ရှိချက်ကတော့ အသည်းကင်ဆာရဲ့ အတိုကောက်စာလုံးတစ်ခုဖြစ်တဲ့ **H.C.C**လို့သာ အဖြေထုတ်ပေးခဲ့လေတယ်။ သည်နေ့မှ လူကိုယ်တိုင်သိကျွမ်းရပေမယ့် မင်းဟာကိုယ့်အတွက် သူစိမ်းတစ်ယောက် မဟုတ်ခဲ့ဘူး။ မင်းလက်ရာ စာအုပ်တွေနဲ့ ကိုယ် အကျွမ်းတဝင်ရှိခဲ့တာကြာပြီ။ မင်းကိုတင် မဟုတ်ပါဘူး။ မင်းရဲ့ကိုယ်ပွား မင်းလွင်ဟန်ကိုပါ ကိုယ့်စိတ်ထဲမှာ ရင်းနှီးခင်မင်ခဲ့ရတယ်။ ကိုယ်နှစ်သက်ခင်မင်မိသူနဲ့ မမျှော်လင့်ပဲ ဆုံတွေ့သိကျွမ်းရတဲ့နေမှာပဲ သူ့မှာ အသည်းကင်ဆာဖြစ်နေပြီဆိုတာ ပထမဆုံးသိရှိသူဖြစ်လိုက်ရတဲ့ ကိုယ့်အဖြစ်ကတော့ ခပ်ဆိုးဆိုးထဲကပါပဲ။

♣ ♣ ♣



ကျွန်မတို့ ပြန်ရောက်ချိန်တွင် မမပန်နှင့် လွင်သောင်းဒန်တို့ ဧည့်ခန်းထဲမှာ ရှိနေခဲ့ကြသည်။ အဖော်မိန်းကလေး မငွေပြောပြထားနှင့်၍ သူတို့စိတ်ပူပန်၍လည်း နေကြသည်။ တင်ဆောင်းဟန် ကားသွားပြန်ပို့နေစဉ် အချိန်ကလေးအတွင်း သူတို့ကိုပြောပြဖြစ်အောင် ကြိုးစားရပါ၏။ မမပန်လက်ထဲသို့ **ULTRA SOUND** အဖြေလွှာစာရွက်လေးကို ထည့်ပေးခဲ့သည်။ သူတို့မျက်လုံးများကို ရင်မဆိုင်ရက်ပဲ။

"တင်ဆောင်းဟန်ရဲ့ **ULTRA SOUND REPORT** မမပန်"

တိုးညှံ့စွာ ပြောမိသည်။ အဆုံးစွန်တိတ်ဆိတ်သွားခြင်းရဲ့ အဆုံး-

"မဖြစ်နိုင်ဘူး"

မမပန်၏ ငြင်းဆန်သံက ဆောက်တည်ရာမဲ့ ထွက်ပေါ်လာခဲ့သည်။ ကျွန်မတို့ အနီးသို့ လွင်သောင်းဒန် ရုတ်ခြည်းရောက်ကာ စာရွက်လေးကို ဆွဲယူလိုက်ခဲ့သည်။ နှုတ်မှ မသဲမကွဲသံမြည်လျှက် နှီးရာဗီရိုပုလေးပေါ်က တစ်ခုခုကျကွဲသံ ကြားလိုက်ရမှ ကျွန်မ အရေးတကြီး မော်ကြည့်ခဲ့မိပါသည်။

"သူ့ကို အသည်းယောင်တာလို့ပဲ ကျွန်မပြောပြထားခဲ့ပါတယ်"

ကျွန်မ တိုးညှံ့စွာပြောပြပေးခဲ့သည်။

သူပြန်ရောက်ခဲ့လျှင် ကျွန်မတို့ဆရာဝန်သုံးဦးကိုမျက်နှာတွေ အပျက်ပျက် အယွင်းယွင်းဖြင့် တွေ့မြင်မသွားစေလိုပါ။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်က စာပေဝါသနာပါခဲ့တယ်။ ကြာပါပြီ။ ငယ်စဉ်ကတည်းက။ ကိုယ်အလွန်အမင်းနှစ်သက်မိတဲ့ စာကောင်းတစ်ပုဒ်အတွက် စာရေးသူကို ချီးကျူးအားပေးဖို့ဖြစ်ဖြစ်၊ ကိုယ်အလွန်အမင်း မနှစ်သက်တဲ့စာပေ တစ်ပုဒ်အတွက် စာရေးသူကို ဝေဖန်ဆန်းစစ်ဖို့ ဖြစ်ဖြစ် ဝန်လေးတတ်သူမို့ မဂ္ဂဇင်းတိုက်တစ်တိုက်ရောက်အောင် ရှာဖွေသွားဖို့ဆိုတာကိုယ့်အတွက် မနေ့ကတွေအထိတော့ မဖြစ်နိုင်တဲ့ကိစ္စတစ်ခုလိုပါပဲ။ ဒီနေ့တွေမှာတော့ 'သစ်ဆင်'မဂ္ဂဇင်းတိုက်ကို ကိုယ်ရောက်နေခဲ့ဖြစ်ပါပြီ။ ပထမဆုံးရောက်ဖူးခဲ့တာ မင်းနဲ့သိကျွမ်းပြီးတဲ့နောက်တစ်ရက်နေ့လယ်မှာပဲနော်။ မက်ဒီထရိတ်မှာ အလုပ်ချိန်ကုန်ဆုံးတဲ့နေ့လယ်ခင်း ဆယ့်နှစ်နာရီမှာ 'သစ်ဆင်း' ကို ကိုယ်ရှာဖွေတွေ့ခဲ့တယ်။ လမ်းသုံးလေးလမ်းလောက် အထွက်အဝင်တွေလျှပ်မိပြီးမှ 'သစ်ဆင်း' ဆိုတဲ့ ဆိုင်းဘုတ်ကလေးကို တွေ့ရအောာတယ်။ ကိုယ့်ခြေလှမ်းတွေက ခပ်ရွံ့ရွံ့ရယ်၊ ဆေးရုံဆေးခန်းလာကြရရှာတဲ့ လူတွေရဲ့ခြေလှမ်းတွေလိုနေမှာ ထင်ပါရဲ့။ ထင်ထားမိတာက မဂ္ဂဇင်းတိုက်ဆိုတာ စိတ်ဝင်စားဖွယ်လူတစ်မျိုးတွေဖြစ်တဲ့ အယ်ဒီတာတွေ၊ စာရေးဆရာ၊ ပန်းချီဆရာ၊ ကာတွန်းဆရာတွေနဲ့ ဆူညံစည်ကားနေတဲ့အရပ်မျိုး ဖြစ်လိမ့်မယ်လို့ပေါ့။ ဒါပေမယ့် ကိုယ် 'သစ်ဆင်း' မဂ္ဂဇင်းတိုက်ထဲ လှမ်းဝင်လိုက်တော့ စားပွဲကျယ်တစ်ခုနောက်မှာထိုင်နေတာက ကိုယ့်ကို တအံ့တသြ ထကြိုဆိုလိုက်သူ မင်းတစ်ယောက်တည်း။

"ကျွန်မရဲ့ မက်ထရိတ်က လမ်းသုံးဆယ်ထိပ်တွင်ပဲ။ သိပ်မဝေးတာနဲ့ရောက်ဖူးအောင်လာခဲ့တာ"



"အခုတင်ပဲ မမပန်နဲ့ ညီလည်းပြန်သွားကြတာ မ။ သစ်ဆင်းက မကိုကြိုဆိုပါတယ်"

လှိုက်လှဲဝမ်းသာစွာ မင်းကိုယ့်ကို လက်ခံစကားပြောခဲ့တယ်။ အနာဂတ်တစ်ခုကို ကြိုသိရတဲ့ကိုယ့်ရဲ့အပြုံးအရယ်စကားတွေကတော့ မင်းလိုဟန်ဆောင်မှုမကောင်းစေနိုင်ပါဘူး။ မင်းနဲ့စကားပြောရင်း အနာဂတ် ကံကြမ္မာကို ကြိုမသိနိုင်တဲ့အဖြစ်ကြောင့်သာ ကိုယ်တို့တွေ လူ့ဘဝမှာ နေရဲရပေတာပဲလို့ ကိုယ်တွေးနေ မိခဲ့တယ်တင်ဆောင်းဟန်-

♣ ♣ ♣

ကျွန်မနှင့် လွင်သောင်ဒန် ညနေခင်းများတွင် ကြက်တောင်ကွင်းသို့ အတူသွားဖြစ်ကြမြဲပေ။ ခြံထဲမှာ ပက်လက်ကုလားထိုင်လေးဖြင့် စာမူဖတ်နေလေ့ရှိသော တင်ဆောင်းဟန်ကို နှုတ်ဆက်ထွက်ခဲ့ပြီး လမ်းပေါ်ရောက်သည်နှင့် လွင်သောင်းဒန်၏ အပြုံးများလွင့်ပါးသွားခဲ့တော့သည်။ ကျွန်မတို့ တိတ်ဆိတ်စွာလျှောက်လာခဲ့ကြသည်။ တင်ဆောင်းဟန် မရိပ်မိအောင် လုပ်ရိုးလုပ်စဉ် အလုပ်တွေကို လုပ်ရှားနေဖို့ ကျွန်မတို့ ကြိုးစားနေမိခဲ့ကြသည်။ ကြက်တောင်ကွင်းပေါ်မှာ ပြေးလွှားဖြစ်သည့်အခါ ပြေးလွှားလျက်၊ ကြက်တောင်ကွင်းဘေးမှာ ထိုင်နေဖြစ်သည့်အခါ နေဖြစ်သည်။ တစ်ခါတစ်ရံ ကျွန်မတစ်ယောက်တည်း ပါဝင်ကစားဖြစ်သည်။ လွင်သောင်းဒန်ကို သတိရရှာဖွေကြည့်မိလျှင် သူက တစ်နေရာမှာထိုင်နေရာက လက်လှမ်းပြလိုက်မည်။ ကွင်းထဲသို့မူဆင်းမလာ။ ကျွန်မတို့ မကစားဖြစ်ဘဲ ပြန်လာသည့်ရက်တွေများလာခဲ့သည်။

"ညီတို့ ဒီနေ့ပြန်လာတာစောတယ်နော်"

တင်ဆောင်းဟန် ဆီးကြိုခဲ့လျှင် ကျွန်မတို့မှာ ဖြေစရာစကားအသင့်ရှိနေတတ်၏။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com



"ကွင်းမအားဘူး လူတအားများတယ် ကိုကို၊ အငယ်တွေပဲ ဦးစာပေးနေရတယ်"

"ဗီဒီယိုရိုက်ကွင်းနဲ့တိုးနေလို့ ဒီနေ့သွားတာတော့တန်သွားပြီ"

"ကျွန်တော် ခါးနာတယ်မမိုး၊ ဒီညနေမသွားတော့ဘူး။ ချိုထားလိုက်အုံးမယ်ပွဲအတွက်"

ခဏအကြာ မမပန်ပါ ပြန်ရောက်လာတတ်သည်။ မမပန်လည်း ညနေတိုင်း တာမွေက သူမဆေးခန်းလေးသို့ သွားနေမြဲ။ ကလင်းနစ်မှာ ပေးရှင့်ထိုင်စောင့်ရတာပျင်းလာလို့၊ သို့မဟုတ် ကလင်းနစ်ရှိရာ ရပ်ကွက်လေးမှာ မီးမလင်းပြန်လို့။ သို့မဟုတ်အိမ်မှာ ကျက်မှတ်လက်စ ဆေးစာအုပ်မေ့ကျန်ရစ်လို့။

တင်ဆောင်းဟန်အနီး မမပန်လာထိုင်တတ်သည်။

"ကိုဆောင်း နေကောင်းလား"

သည်နေ့အတွက် ပထမဆုံးဟုတ်ဟန်မတူသော အမေးကို မမပန်မေးခဲ့သည်။

"ကျွန်တော် နေကောင်းပါတယ် မမပန်"

တင်ဆောင်းဟန် ပေ့ါပါးစွာ ပြုံးရယ်ဖြေတတ်သည်။

"ကိုကို့ကို ညီပြောထားတယ်လေ၊ အသည်းယောင်ရောဂါရဲ့ ကုထုံးသော့ချက်က နံပါတ်တစ် အနားယူဖို့ဆိုတာ။ ကိုယ်ကို ညဉ့်နက်ခံနေတတ်တာ ကိုကို့ကျန်းမာရေးနဲ့ လုံးဝမသင့်တော်ဘူးကွာ"

"အေးပါညီရာ၊ ကိုကိုနားလည်ပါတယ်"

လွင်သောင်းဒန်၏ မျက်နှာပေါ်တွင် အကို့ကိုချစ်ခင်ရိပ်၊ ယုယကြင်နာရိပ်ဖြင့် ညင်သာပျော့ပျောင်းနေခဲ့သည်။ တင်ဆောင်းဟန်၏မျက်နှာမှာတော့ အစ်မနှင့် ညီသို့ ချစ်ခင်အားကိုးရိပ်ဖြင့် နူးညံ့နေခဲ့ပါ၏။

ကျွန်မတစ်ယောက်မှာမူ အပြင်လူဆိုတာမေ့လျော့မိစွာ သူတို့မောင်နှမနှင့်အတူ ခံစားရင်း စိတ်တွင်းသက်ပြင်းများစွာ တိတ်တဆိတ်ရှိုက်နေမိခဲ့ရပါလေ၏။

♣ ♣ ♣



တင်ဆောင်းဟန်၏နောက်ကွယ်တွင်လည်း ကျွန်မတို့ဆရာဝန်သုံးဦးဆုံကြလေ့ရှိ၏။ လွင်သောင်းဒန်က အဖြစ်အပျက်အတွက် အစဉ်ယူကြုံးမရ ရှိနေတတ်သည်။

"သူ ဘာမှထုတ်မပြောပေမယ့် သူ့စိတ်ထဲမှာ ဒဏ်ရာအနာတရရှိနေမယ်လို့ ကျွန်တော်ထင်ပါတယ်။ သူပြောခဲ့တာကို အရေးတယူမရှိခဲ့လို့ ရောဂါအသိနောက်ကျပြီး ကုလို့မရတော့တာလို့ထင်သွားမှာ ကျွန်တော်အစိုးရိမ်ဆုံးပါပဲ။ ကျွန်တော်နဲ့ မမတို့နှစ်ယောက်က ပိုလည်းနီးစပ်ကြတယ်။ ပရော်ဖက်ရှင်နယ်လဲတူတော့ ပိုလဲလက်တွဲဖြစ်ခဲ့တယ်။ ကိုကို့ စရိုက်ကိုက အေးအေးဆေးဆေး တစ်ယောက်တည်းသမားစရိုက်။ သူဘာတွေတွေးတောခံစားနေရမလဲဆိုတာ ဘယ်သူမှ မသိနိုင်ဘူး။ မပွင့်လင်းဘူး။ သူက တစ်လျှောက်လုံး သင်းကွဲဌက်လိုဖြစ်နေခဲ့တာ။ ကျွန်တော်တို့နှစ်ယောက် ကျောင်းပြီးဖို့ သူအနစ်နာခံခဲ့တာတွေလည်း ရှိတယ် မမိုးရယ်။ သူဝါသနာပါတဲ့ စာပေလုပ်ငန်းကိုလည်း ဖေဖေကလွဲလို့ ကျွန်တော်တို့ သိပ်စိတ်ဝင်တစား မရှိမိခဲ့ကြဘူး။ အချိန်မပေးနိုင်တာလည်းပါတာပေ့ါ။ သူတစ်ခုခု ခံစားနေရမှာတော့ သေချာပါတယ်"

ဖြေသိပ်ဖို့ မလွယ်ကူမှန်းသိလျှက် ကျွန်မနှစ်သိပ်ဖို့ ကြိုးစားခဲ့မိသည်။

"ဒီလောက် ငယ်ရွယ်ကျန်းမာနေတဲ့ လူငယ်တစ်ယောက်မှာ ဒီလိုရောဂါရနိုင်မယ်လို့ ဘယ်သူထင်ရက်မလဲ။ ကိုယ့်အိမ်သား

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်မို့ ပိုလို့မထင်ခဲ့ဘူး။ သာမာန်ရောဂါတစ်ခုခုကိုသာ အရင်ဆုံးစဉ်းစားမိခဲ့မှာပေါ့။ သူလည်းနားလည်မှာပါ။

မမပန်ကမူ မောင်ငယ်အတွက်အနာဂတ်ကို စိတ်ကူးဖြင့် ဖန်တီးလိုခဲ့သည်။

“မမပန်တော့ ဖြစ်ခဲ့ပေမယ့် ဖြစ်ခဲ့တဲ့အဖြစ်အပျက်တွေကို မျှော်လင့်ယုံကြည်နေမိတယ်။ ကင်ဆာဆဲလ်တွေက အတိုင်းအတာ တစ်ခုအထိပဲ ပွားလာခဲ့ပြီးလူကို ဒုက္ခမပေးလောက်ခင်မှာပဲ ဆက်မပွား တော့ပဲ ရပ်တန့် သွားတာမျိုး။ လပိုင်းပဲ ခန့်မှန်းခဲ့တဲ့ ကင်ဆာရောဂါ သည်တစ်ချို့ ၅နှစ်၊ ၁၀နှစ် ဆက်နေနိုင်ခဲ့တာမျိုး မောင်လေးကိုဆောင်း မှာ ဖြစ်လာပါစေလို့”

“ဖြစ်လာမှာပါ မမပန် ဘွဲ့လွန်အတွက် စာကျက်ချိန်တွေ လျှော့ပစ်ခဲ့သည်။ စာကြည့်တိုက်တွေ အသွားလျှော့ကာ အိမ်မှာ အချိန်များများနေရင်း စာဖတ်သည်။ ဆောင်းအတွက် အချိန်တွေ ပိုပေးရမယ်။ မမပန်ပြောခဲ့သည်။

“ကုန်ခဲ့တဲ့ ဆယ်နှစ်အတွင်းမှာ မမပန်နဲ့ တင်ဆောင်းဟန် တစ်နေ့လုံးနေလို့ စကားတစ်ခွန်း မပြောမိခဲ့တဲ့ရက်တွေရှိတယ် မိုးကြည်ဝေ။ မမပန်က စာပဲကျက်နေမိတာ။ သူတို့ကို နားလည်ပေးမယ် လို့ မိုးကြည်ဝေထင်လား”

ကျွန်မလက်မောင်းကို အနည်းငယ် နာကျင်သည်အထိ တင်းကျပ်စွာ ဆုပ်ကိုင်ထားသော မမပန်၏လက်ကလေးကို အသာအယာဖြုတ်ပေးရင်း ကျွန်မ ခေါင်းညိတ်ပြခဲ့သည်။

“သူနားလည်မှာပါ မမပန်။ သူမင်းလွင်ဟန်ဆိုတဲ့ ကလောင် နာမည်နဲ့ရေးတဲ့ ဝတ္ထုလေးတွေ ကျွန်မ မမပန်ကို ပေးဖတ်ပါဦးမယ်။ သူ့စိတ်သဘောထားက သိပ်နူးညံ့ပြီး ခွင့်လွှတ်တတ်တာ မမပန်မြင် လိမ့်မယ်”

စကားဆုံးလျှင် ကျွန်မပြောပြနေမိသူမှာ စာရေးဆရာရဲ့ အစ်မအရင်းကို ပါလားဟု သတိဝင်ကာ ရှက်ရယ်ပြုံး ရယ်မိရသည်။ မမပန်လည်း ဖြည်းဖြည်းပြုံးသည်။

“ဟုတ်ပါရဲ့။ မောင်လေးရဲ့စိတ်နေသဘောထားကို သူစိမ်း တစ်ယောက်ဆီက ဒီလိုပြောလို့ မိုးကြည်ဝေစိတ်မကောင်းမဖြစ်နဲ့ နော်။



မမပန် မသိတတ်တာကို ပြောပြချင်တာပါ။ အခုမှသိရအောင် အရေးပေါ်စုံစမ်းရတဲ့အဖြစ်ကို မမပန်ကသာ ရှက်ရမှာပါ”

ကျွန်မပြုံးလျှက်ပင် ပြောမိသည်။

“ကျွန်မက သူစိမ်းပြင်ပြင်တော့ မဟုတ်သေးဘူး မမပန်။ သူစီစဉ်တဲ့ ‘သစ်ဆင်း’ရဲ့ ပရိတ်သတ်။ သူရေးတဲ့စာတွေကို စာဖတ်သူ ဘက်က ရင်းနှီးခဲ့တာကြာပါပြီ။ ဒီလိုသာ သူနဲ့ မသိကျွမ်းဖြစ်ရင်လည်း ကျွန်မကတော့ သူ့ပရိတ်သတ်အဖြစ် ဆက်ပြီးရှိနေအုံးမှာပဲ။ ကျွန်မနှင့် သူ ခံယူချက်ချင်း၊ ခံစားချက်ချင်း တိုက်ဆိုင်တယ်လို့ လက်ခံနေမိသမျှ သူ့စာတွေကို ရှာဖွေနေမိမှာပါ”

ကျွန်မစကားကို မမပန် အံ့အားသင့်နေခဲ့လေသည်။

စာရေးသူနဲ့ စာဖတ်သူဆိုတာ သိကျွမ်းဖို့မလိုဘဲ အထူးသဖြင့် စာဖတ်သူဘက်က ကျွမ်းဝင်ခင်မင်လို့ရသည်ကို မမပန်နားလည်ဖို့ ခက်နေသလိုပင်။

“မိုးကြည်ဝေလိုပဲ ကိုဆောင်းရဲ့စာတွေကို ရှာဖွေဖတ် နေတဲ့သူတွေရှိသလားဟင်”

“သိပ်ရှိတာပေါ့ မမပန်။ ကျွန်မရဲ့မမက အထက်တန်းပြ ဆရာမတစ်ယောက်လေ။ မမကိုယ်တိုင်ရော၊ မမကျောင်းကဆရာ တွေရော၊ မင်းလွင်ဟန်ရဲ့စာတွေကို ရှာဖွေတဲ့ သူတွေထဲမှာပါတယ်။ မမရဲ့ ကိုးတန်းက တပည့်လေးတစ်ချို့လည်း မင်းလွင်ဟန်ကို သိကြ ပြန်ရောတဲ့။ သူက မဂ္ဂဇင်းမှာပဲ အရေးများတော့ မဂ္ဂဇင်းတွေမှာ သူ့စာကို လိုက်ရှာဖွေရတာကိုက မျှော်လင့်ချက်တစ်ခုလိုပဲ။ သူရေးတိုင်း ကျွန်မအတွေးတွေနဲ့ တိုက်ဆိုင်လှတယ်တော့ မဟုတ်ဘူးပေါ့။ တိုက်ဆိုင်ပြီးခံစားချက်ချင်း ထပ်တူကျရင် သူပေးတဲ့ မက်ဆေ့(ချ်) ကိုလည်းရ နှစ်လည်းနှစ်သက်ရင် အဲဒီလအတွက် ကျွန်မရဲ့မျှော်လင့် ချက်တွေ ပြည့်စုံခဲ့တာပေါ့”

တစ်ကြိမ်မှာ မင်းလွင်ဟန်ရဲ့ ဝတ္ထုတစ်ပုဒ်တွင် လွတ်မြောက် နိုင်ခြင်းကို ဖွဲ့ဆိုထားခဲ့သည်။ ပြိုင်ပွဲတစ်ခုရဲ့ အားပေးကွင်းအတွင်းမှာ ကျရောက်နေသူ တစ်ယောက်ရဲ့စိတ်ကို ကိုယ်မှခွာကာ လွတ်မြောက် အောင် လွင့်ထုတ်ခဲ့ခြင်းကို ရေးသားခဲ့လေသည်။

“တို့အတွက်တော့ အလေ့အကျင့်ကောင်းတစ်ခု ရလိုက်တာပဲမိုး

www.burmeseclassic.com

www.burmeseclassic.com


တစ်ခါတစ်ခါ အချိန်ဒါန်းတွေ ထုံးစံအတိုင်းတွေ သမရိုးကျတွေကြားထဲ တင်းတင်းကြပ်ကြပ်ကြီး ရောက်သွားရတဲ့အခါမျိုး။ လူကျဉ်းကြပ်နေပေမယ့် စိတ်ကို သက်တောင့်သက်သာ ထားနိုင်တဲ့နည်းကို မင်းလွင်ဟန်စာထဲက ရတာ။ တို့သူငယ်ချင်းတွေတော့ အဲဒီအလေ့အကျင့်ကို စွဲမြဲနေကြပြီ။ သိပ်ကောင်းတဲ့နည်းလေ"

"စိတ်ကိုတော့ အနည်းဆုံးလွတ်လပ်အောင် ထားလို့ရသွားတာပေါ့။ မိုးလည်းသဘောကျတယ်"

မင်းလွင်ဟန်က ဒီလိုသိမ်မွေ့သောမက်ဆေ့(ချ်)မျိုး ပေးတတ်ခဲ့သည်။ သည်လိုနှင့် မင်းလွင်ဟန်ရဲ့ ပရိတ်သတ်တွေ များပြားလာခဲ့တာ ထင်သည်။ မမပန်ကို ကျွန်မပြောပြခဲ့ပါသည်။ မမပန် ဝမ်းပန်းတသာ။

"သူ့မှာ ပရိတ်သတ်ရှိတာရော ဆောင်းတစ်ယောက် သိရှာရဲ့လား မိုးကြည်ဝေရယ်။ မမပန်တော့ အခုလိုကြားရတာ သိပ်ဝမ်းသာတာပဲ။ သူ့ကိုရော ဒါတွေ မိုးကြည်ဝေ ပြောပြဖူးလား"

"မပြောဖူးဘူးမမပန် . . . သူသိမယ်မထင်ဘူး"

"ပြောပြပေးပါလား မိုးကြည်ဝေရယ်။ ဆောင်းလည်း ဝမ်းသာမှာပဲ"

ကျွန်မ နှစ်သက်မိသော မဂ္ဂဇင်း စာရေးသူတွေမှာ မင်းလွင်ဟန်တစ်ဦးတည်း မကပါ။ မခင်လေး၊ မဝင့်(မြစ်ငယ်)၊ ခက်မာ၊ ဂျူး၊ ဝင်းဝင်းမြင့် စသည်။ ဆင်တဲဝမြတ်ဖုန်း၊ မောင်ညိုပြာ၊ မောင်လူလတ် စသည်များပြားစွာရှိပါသည်။ ဆိုခဲ့တဲ့အတိုင်းပဲ ကျွန်မမှာ စာဖတ်သူစစ်စစ်ဖြစ်ကာ ကိုယ်နှစ်သက်သည်ကို ဖွင့်ဟဖို့၊ ကိုယ်မနှစ်သက်သည်ကို ဖွင့်ဟဖို့ဝန်လေးကာ စာရေးဖို့လည်း ခက်သူဖြစ်လေ၏။ မရေးဖြစ်လည်း အစဉ်နားလည်နေလိမ့်မည်ဟု အထင်ကြီးမိသူလည်း ဖြစ်လေ၏။ မင်းလွင်ဟန်နှင့် ပက်သက်၍မူ -

"မိုးပြောပြမှာပေါ့ မမပန်။ သူ့ရဲ့ပရိတ်သတ်တွေနဲ့လည်း သူ့ကိုတွေ့ပေးပါဦးမယ်"

ကျွန်မလှိုက်လှဲစွာ ပြောမိခဲ့ပါသည်။



သစ်ဆင်းသည် မက်ဒီထရိတ်တစ်ခုလို အလုပ်ဌာန တစ်ခုလို ဖြစ်လာခဲ့သည်။ တင်ဆောင်းဟန်က သစ်ဆင်းသို့အချိန်မှန် အလုပ်ဆင်းနေခဲ့သည်။ အဲဒီညာဘက်ခြမ်းမှာ နာပျပျလေးရှိတာကလွဲလို့ ဘာမှမဟုန်ပါဘူး။ အလုပ်လုပ်နေလိုက်ရင် ပျောက်သွားတာပဲဟုသော သူ့ဆင်ခြေကြောင့် သူ့ကိုတိုက်မသွားဖို့ ကျွန်မတို့ မတားမြစ်သာခဲ့။ သူရှိနေရာတွင် ကျွန်မသို့မဟုတ် လွင်သောင်းဒန် သို့မဟုတ် မမပန်က များစွာ မကြံစည် မကြိုးစားရဘဲ ရှိနေလေ့ရှိပါသည်။ တစ်ခါတစ်ရံ သူ့ မဂ္ဂဇင်းတိုက်မှာ ကျွန်မတို့ သုံးဦးသာ ဆုံရောက်လာမိသည်ပင် ရှိတတ်၏။ ထိုအခါ သူ့မှာပျော်ရွှင်ဟန်ရှိပေမယ့် သူ့အပြုံးက သိုဝှက်အဓိပ္ပာယ် ဆောင်နေသလို ရှိတတ်၏။

မြို့လယ် မြေညီထပ်တိုက်ခန်း တစ်ခု၏ ရှေ့မျက်နှာစာမှာ ဖွင့်ထားသော 'သစ်ဆင်း' မဂ္ဂဇင်း တိုက်တွင်အမြဲရှိနေတတ်သည်က တင်ဆောင်းဟန်နှင့် အယ်ဒီတာအဖွဲ့ဝင် ကိုကျော်စွာသာ။ သူတို့နှစ်ဦးကို စာမူတွေထဲမှာ နစ်မြုပ်လို့တွေ့ရတတ်သည်။ မဂ္ဂဇင်းထွက်ရက်တွင်သာ စာမူခလာထုတ်သူ၊ စာမူလာပို့သူ၊ ဖြန့်ချီရေးကိစ္စ၊ ကြော်ငြာကိစ္စတွေနှင့် စည်ပင်နေတတ်ကာ ကျန်အချိန်များမှာတော့ တိတ်တိတ်ဆိတ်ဆိတ်။

"အမှုဆောင်စာတည်း လှိုင်ဖေထက်နှင့် နှင်းလွင်လွင် ဆိုတာ ကျွန်မနဲ့ တစ်ခါမှမဆုံဖူးသေးဘူးနော်"

ကျွန်မ စူးစမ်းစွာပြောခဲ့ မိသေးသည်။

"အပြင်အလုပ်တွေ သူတို့သွားရတာများတယ် . . . တစ်ရက်တော့ဆုံမှာပါ"

သေသေသပ်သပ် သပ်ရပ်လှပလျက် စာပေထုံကမသေးငယ်
www.burmeseclassic.com

www.burmeseclassic.com

သော 'သစ်ဆင်း' မဂ္ဂဇင်းတစ်ဆောင်ဖြစ်တည်ဖို့ တာဝန်ယူလှုပ်ရှားနေသူမှာ တင်ဆောင်းဟန်နှင့် ကိုကျော်စွာနှစ်ဦးသာ အဓိကဟုကျွန်မ အဖြည်းဖြည်းသိရှိလာခဲ့ပါသည်။ သူစာတွေနှင့် ကျွန်မ ကာလကြာရှည် ကပင် ရင်းနှီးနေနှင့်တာ ပြောပြဖြစ်ခဲ့သည်။ မျက်လုံးတွေ လင်းလက်တောက်ပစွာဖြင့် နားထောင်ခဲ့သည်။ သူ့စာများကို တစ်ပုဒ်ချင်း နှစ်သက်စွာ ဝေဖန်ပြမိသောအခါ သူက အနည်းငယ်ရှက်အမ်းစွာ ရယ်မောလေ၏။

"စာတွေကို နှစ်သက်သဘောကျတာ ပြောပြရင် စာရေးသူက ရှက်တတ်တယ်နော်"

ကျွန်မ သူ့ကို စနောက်သောအခါ သူက ကလေးဆန်စွာ သူမျက်လုံးများကို လက်ဖဝါးဖြင့် ကန့်လန့်ဖြတ်ပိတ်ပြလေ၏။

လက်ဖယ်ရှားလိုက်သောအခါ သူ့မျက်လုံးများတွင် အပြုံးရိပ်ရှိဆဲ။ ထိုအပြုံးက သိဝှက်အဓိပ္ပာယ်ဆောင်လာစွာဖြင့်-

"မ" ဘာဖြစ်လို့ ကျွန်တော်ကို ဒီစကားတွေ လာပြောခဲ့တာလဲ။ ကျွန်တော်စာတွေကို ရင်းနှီးခဲ့တာကြာပြီဆို"

"ကိုတင်ဆောင်းဟန်နဲ့ အခုမှသိကြရတာလေ။ ပြောခွင့်မကြုံလို့ မပြောဖြစ်ခဲ့တာပါ"

သူ့နှုတ်ခမ်းတွင် အပြုံးစတွဲခိုလျက်ဖြင့်ပင် တိတ်ဆိတ်သွားတတ်သည်။

စာမူထပ်တွေထဲမှာ နစ်ဝှမ်းဗိဟ်ဝင်စားစွာ သူအလုပ်လုပ်နေစဉ် ကျွန်မ သူ့ကိုငေးနေမိသည့်အခါ ရှိသည်။ သူခင်တွယ်လှသော စာပေအလုပ်နှင့် သူ့ကို မကွဲမကွာရှိစေလိုသော စေတနာဇောတွေ ကျွန်မကိုယ်ထဲမှာ ထကြွသည်းထန်လာခဲ့တတ်လေသည်။

လွင်သောင်းဒန်ပြောခဲ့သလို တင်ဆောင်းဟန်တစ်ယောက် သူ့မိသားစုထဲမှာ သင်းကွဲငှက်ကလေး တစ်ကောင်ပမာပေမယ့် သူကဲ့သို့ စာပေချစ်တတ်သူတွေအလယ် ဦးဆောင်စီစဉ်နိုင်သူ ဟင်္သာငှက်မင်း သဖွယ်သာ။ သူ့အပေါ် လေးစားခင်မင်စိတ်တွေ တိုးပွားဖြစ်ပေါ်နေဆဲမှာပင် သူ့ကို ဆုံးရှုံးရဖို့ နှမြောတသစိတ်က ကျွန်မကို လောင်မြိုက်စေလွန်းလှပါသည်။

♣ ♣ ♣



အာထရာဆောင်း ရိုက်သည့်နေ့မှစ၍ ရေတွက်လျှင် နှစ်ဆယ့်နှစ်ရက်ကြာမြင့်ခဲ့သောအခါဟု ကျွန်မ မှတ်မိနေခဲ့ပါသည်။ ထိုအတောအတွင်း အသည်းကင်ဆာနှင့်ပတ်သက်သော အခြားစမ်းသပ်စစ်ဆေးမှုများလည်း လုပ်ခဲ့ပြီးခဲ့သည်။ အသည်းလုပ်ငန်းစစ်ဆေးချက်များ အသည်းစကင် ALPHA FOETO PROTEIN အဖြေတို့က ကျွန်မတို့ဘက်မှာ ရှိမနေခဲ့ပါ။ အာထရာဆောင်း၏ တွေ့ရှိချက်မှာ တစ်ခါတစ်ရံ အခြားစစ်ဆေးတွေ့ရှိချက်များနှင့် ဆန့်ကျင်နေတတ်ပေမယ့် သည်တစ်ကြိမ်မှာတော့ အားလုံးပင် သဘောတူတူဆောင်နေကြပေ၏။ အသည်းကင်ဆာ။

ကျွန်မတို့ ဆုံစည်းမိကြသည်မှာ လမ်းမတော်၊ ဆေးတက္ကသိုလ် (၁) စာကြည့်တိုက်ရှေ့တွင်ဖြစ်ပေ၏။ လွင်သောင်းဒန်မှာ ရပ်တည်ရာမရ။ သူကိုယ်တိုင်လည်း သတိမထားမိ။ စာကြည့်တိုက်ရှေ့ စကြီမှာ လမ်းမြန်မြန် လျှောက်ရင်းက ပြောခဲ့သည်။ ကျွန်မနှင့် မမပန်မှာ ခုံတန်းတွင် လက်ဖဝါးပေါ် မေးထောက်ထိုင်ရင်း သူ့စကားကို ငေးကြည့် နားထောင်နေမိကြသည်။

"ကျွန်တော်တော့ ကျွန်တော်တို့တစ်တွေနဲ့ ကိုကိုကြားက ရေခဲတောင်ကြီးကို ဖြိုပြစ်လိုက်ချင်ပြီ။ ကိုကို အဖြစ်မှန်ကို သိသင့်တယ်လို့ ကျွန်တော်ထင်မိတယ်။ မမိုးရော ဘယ်လိုထင်လဲ။ သူ့ကိုအသိပေးပြီး ဆေးကုသခံယူဖို့ ဖြစ်နိုင်ခြေရှိတဲ့ အကျိုးအပြစ်အားလုံးကို သူသိခွင့်ရမှ သူ့ဘာသာ သူပဲ ဆုံးဖြတ်သင့်ပါတယ်။ နောက်ဆုံးအခြေအနေရောက်လို့

www.burmeseclassic.com

www.burmeseclassic.com



သူဘာမှ မလုပ်နိုင်တော့အခါကျမှ သူ့အခြေအနေ သူရိပ်မိသွားတဲ့ အဖြစ်မျိုးက သူ့အပေါ် ရက်စက်ရာများကျမလား။ သူလုပ်ချင်တာတွေ လုပ်သွားနိုင်ဖို့ အခွင့်အရေးလေးလည်း ရချင်ရှာမှာပဲ။ ကျွန်တော်ထင်မိတယ်"

ကျွန်မ လွင်သောင်းဒန်ရဲ့စေတနာ သဘောထားကို နားလည်နေမိသည်။ သူငယ်ချင်း စာနာသောအတွေး၊ ညီဆရာဝန်တစ်ဦးအတွက် ရင်နာရသော အတွေးတစ်ခုကို သူကြိုးစားစဉ်းစားနေခဲ့ခြင်းသာပင်။

"မမပန်တော့ သဘောမတူချင်ဘူး။ မိုးကြည်ဝေလည်း သိလားပဲလေ။ ကင်ဆာပေးရှင့်ဆိုတာ သူ့မှာကင်ဆာဖြစ်နေပြီဆိုတာ သိလိုက်ရတဲ့အချိန်ကစပြီး အဘက်ဘက်က ယိုယွင်းသွားတတ်တာမျိုးပဲ။ စိတ်ဓာတ်ကျလိုက်တာနဲ့ ရုပ်က တစ်ပါတည်းလိုက်ကျ သွားတတ်တာမျိုး ဆောင်းသူ့သဘောနေနေရှာတဲ့ အချိန်လေးပျက်ပြီး သူ့အတွက် ~ချိန် တိုတောင်းသွားမှာကို မမပန် စိုးရိမ်မိတယ်။ မိုးကြည်ဝေရော ဘယ်လိုသဘောရလဲ"

"သူတို့နှစ်ဦး ကျွန်မကို တိုင်တည်သလို ပြောဆိုနေကြပေမယ့် ကျွန်မထင်မြင်ချက်ပေးစရာ လိုမယ်မထင်ပါ။ သူတို့သဘောထားကို သူတို့ဘာသာ မေးခွန်းထုတ်နေမိကြလျက် ကိုယ်တိုင်လည်း ဝေခွဲမဆုံးမဆုံးဖြတ်နိုင်ကြ။ သူတို့ရဲ့ အသံထွက်လာသော အတွေးများဟုသာ ကျွန်မ နားလည်နေမိခဲ့ရပါသည်။ ထိခိုက်ကြေကွဲ ဘုန်လှုပ်ဖွယ်အဖြစ်ကို ခံစားထိတွေ့ နေရသူချင်း နီးကပ်နွေးထွေးစွာ ရှိလာမိကြမြဲဖြစ်သည်တွင် သူတို့မောင်နှမနှင့် ကျွန်မမှာ ပိုမိုနက်ရှိုင်းစွာ ခင်မင်လာခဲ့ကြရပေ၏။

သည်လိုနှင့်ပင် ကျွန်မတို့နှင့် တင်ဆောင်းဟာန်ရဲ့ ကြားမှ ထိုရေခဲတောင်မှာ ပို၍ အေးစက်သိပ်သည်းလာသလို ခံစားနေမိခဲ့ရပါသည်။

♣ ♣ ♣



ကိုယ်တို့ရဲ့ မင်းနောက်ကွယ်က တွေ့ဆုံပွဲတွေဟာ ဆုံးဖြတ်ချက်တစ်စုံတစ်ရာမရဘဲ ပြီးဆုံးသွားခဲ့တာ ချည်းပါပဲ တင်ဆောင်းဟာန်။ ညနေစောင်းများကျမှ ကိုယ်တို့သုံးဦးသား သည်နေ့အဖို့ ခုမှပဲ ဆုံမိကြလေဟာန်နဲ့ မင်းရှေ့မှာ ဆုံကြပြန်ပါတယ်။ မင်းရောဂါအကြောင်းကို အနည်းပါးဆုံးထားပြီးတော့ တခြားအကြောင်းတွေ ကိုယ်တို့လျှောက်ပြောနေခဲ့ကြတာ မင်းတစ်ချိန်လုံး သိနေခဲ့တာပဲနော်။ မင်းအတွက် သိုသိပ်စွာဖုံးကွယ်ထားပေးခဲ့သမျှ လိမ်ညာခဲ့တယ်လို့ မစွပ်စွဲခဲ့တဲ့အတွက် ကျေးဇူးပါပဲ တင်ဆောင်းဟာန်။

ရေခဲတောင်ကို နောက်တစ်ရက်မှာ မင်းခွဲချေပစ်လိမ့်မယ်ဆိုတာ အဲဒီ တစ်ရက်မရောက်မီညအထိ ကိုယ်မရိပ်စားမိခဲ့ဘူး။ အဲဒီည မင်းနဲ့ ဖုန်းထဲမှာ စကားပြောဖြစ်ခဲ့သေးတယ်။ ညနေမှာမင်းနဲ့တွေ့ခဲ့ပြီးလို့ ကိုယ်အိမ်မှာနားနေချိန် ည ရှစ်နာရီမျိုးမှာ အကြောင်းထူးမရှိဘဲ ဖုန်းခေါ်တတ်တာ ဒီရက်တွေထဲမှာ ရှိလာခဲ့တယ်။ ငြိတွယ်ပြီးဖြစ်တဲ့ သံယောဇဉ်ကြိုးတွေကိုတောင် မနည်းရုန်းထွက်ရမှာဖြစ်တဲ့မင်း တစ်ယောက် သံယောဇဉ်ကြိုးသစ်တစ်မျှင် တွယ်ငြိခံရရှာပြီလား။ ကိုယ်စိတ်မကောင်းစွာ တွေးဖြစ်နေခဲ့တယ်။ အဲဒီညက မင်းနှုတ်ဆက်ဖုန်းမချလိုက်မီ -

"မနက်ဖြန်နေ့လယ် 'မ' တိုက်ကိုလာခဲ့ဦးမလား"

"လာခဲ့မှာပါ"

ဖုန်းထဲမှာ ခဏငြိမ်သက်သွားပြီးမှ မင်းရဲ့-

"ကျွန်တော် မျှော်နေမယ်"

လို့ တိုးဖွဖွပြောဆိုသံကပဲ ထူးခြားသလား။ ကိုယ်ခံစားချက်ကပဲ ပိုလွန်သွားသလား။ မပြောတတ်တော့ဘဲ ကိုယ့်ရင်ထဲ လှုပ်ရှားသွားမိရတာတော့ အမှန်ပါပဲ။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com



သစ်ဆင်းတွင် လလယ်ရက်မျိုးမို့ လူရှင်းသည်။ ကိုကျော်စွာပင် ရှိမနေခဲ့။ စာမူတောင်းသွားသလား။ ပုံနှိပ်တိုက်ရောက်နေမည်လား ထင်ရ၏။ သစ်ဆင်းမှာ တိတ်ဆိတ်နေလှသည်။ အခါတိုင်းလို ခင်မောင်တိုးရဲ့ သီချင်းသံ အေးအေးတစ်ပုဒ်တလေပင် လွင့်ပါးမနေခဲ့။ သူ့ကိုမူ စားပွဲကျယ်နောက်တွင်တွေ့ရသည်။ သူ ထူးခြားစွာ ရေဗင်နေကာတပ်ဆင်ထားခဲ့သည်။ နှုတ်ခမ်းများက ကျွန်မကို ပြုံးနှုတ်ဆက်ခဲ့သည်။ မျက်လုံးအရိပ်ယောင်မှု ကျွန်မမမြင်သာခဲ့။ သွယ်လျမျက်နှာကျနှင့် ရေဗင်မျက်မှန်မှာ လိုက်ဖက်နေခဲ့သည်။ သူအလွန်တိတ်ဆိတ်ငြိမ်သက်နေနိုင်ခြင်းကို ကျွန်မ စိုးရွံ့လာမိခဲ့ရပေ၏။ ကျွန်မ မမြင်နိုင်သော သူ့အတွေးပင်လယ်ပြင်ကျယ်မှာ လှိုင်းတံပိုးတွေ ထန်ပြင်းနေပြီလား။ ကျွန်မ သူ့ရှေ့က ထိုင်ခုံမှာ အနည်းငယ်လောကြီးစွာ ဝင်ထိုင်လိုက်မိသည်။ သူ့မျက်နှာညှိုးနွမ်းနေခဲ့တာ ကျွန်မသတိထားမိပြီးလည်းဖြစ်ပါ၏။

"ကိုတင်ဆောင်းဟန် နေကောင်းရဲ့လား . . . တစ်နေရာရာမှာနာနေတာများရှိလို့လား . . . မင်းကြည့်ရတာ တစ်ခုခုဖြစ်နေသလိုပဲ"

သူမဖြေခဲ့။ အတန်ကြာတိတ်ဆိတ်နေခဲ့သည်။ သူ့အကြည့်များ အဝေးသို့လွှင့်ထားဟန်ရှိရာမှ ကျွန်မထံသို့ ကျရောက်လာခဲ့တော့ ရုတ်တရက်ဖြစ်၏။

"အသည်း ကင်ဆာသည်တစ်ယောက်ဟာ ဘယ်လောက်



ကျွန်မ အေးဆက်ထုံကျင်သွားသလို ခံစားလိုက်ရ၏။ သူ့ကိုအံ့ဩ ထိတ်လန့်စွာကြည့်မိလျှင် မျက်မှန်ချွတ်ထားလိုက်ပြီးတော့ သူ့မျက်လုံးအကြည့် ကျွန်မမျက်လုံးများထဲသို့ တည့်မတ်စွာ။ ကျွန်မ ထွက်ပေါက်မရှိ။ ချောင်ပိတ်မိခံနေရသူတစ်ယောက်လို သူ့ကို တိုးလျှိုးစွာကြည့်မိသည်။

နောင်တော့ လွင်သောင်းဒန်နှင့် မမပန်တို့ကို သူ ဒီအကြောင်းမေးစဉ် အလွန်တည်ငြိမ်စွာ ရှိခဲ့သည်ဟု ကျွန်မ ပြောပြဖြစ်ခဲ့သည်။ သို့ပေမယ့် သူ့အတွင်းစိတ်များ လှုပ်ရှားနေခဲ့တာ မဖုံးကွယ်နိုင်စွာ သူ့လက်ချောင်းများ တုန်ယင်နေခဲ့ပါသည်။ ထိုင်ခုံနောက်မှီတွင် ခေါင်းတင်မှီလျှက် မျက်လုံးများ မှေးမှိတ်ထားခဲ့သည်။

"ဥပမာ ကျွန်တော့်လို ကျန်းမာရေးအခြေအနေရှိတဲ့သူတစ်ယောက်မှာ ဆိုပါတော့"

တိုးတိုးညင်းညင်း သူ့အသံက ကျွန်မနားထဲသို့ ဆူဝေပေါက်ကွဲစွာဝင်ခဲ့သည်။ သည်တစ်ကြိမ် မျက်လုံးများမှိတ်ထား [illegible]ကပြင်းရှိုက်မိသူက ကျွန်မပင်။

"မမပန် လွင်သောင်း[illegible]နှင့် ကျွန်မတို့ အားလုံးက ကိုတင်ဆောင်းဟန်ကို သာမာန်လူတစ်ယောက်လိုပဲ အသက်ရှည်ကြာဆုံးနေသွားနိုင်ဖို့ ခန့်မှန်းမျှော်လင့်ထားကြပါတယ်"

"ကျွန်တော့်စိတ်ထဲမှာလည်း ကျွန်တော် ရှိမနေနိုင်တော့ဘူးဆိုတာ ဘယ်လိုမှမဖြစ်နိုင်သလို ခံစားနေရတယ် မ[illegible]ရယ်။ အသည်းကင်ဆာနဲ့ ပါတ်သက်တဲ့ဆေးစာအုပ် တော်တော်များများလည်း ဖတ်ပြီးပါပြီ။ အဲဒါတွေဖတ်ပြီးလည်း ကျွန်တော့်စိတ်ထဲမှာ ဘယ်လိုမှမနေဘူး မ။ ဒီရုတ်တရက်ဝင်လာတဲ့ ဆိုးဆိုးဝါးဝါးလည်းမခံစားရတဲ့ ရောဂါတစ်ခုက ကျွန်တော့်ဘဝနဲ့ ယုံကြည်ချက်ပျော်ကို ရပ်ဆိုင်းပစ်လိုက်တော့မယ်ဆိုတာ ဘယ်လိုယုံရပါမလဲ။ နားလည်ဖို့ခက်လိုက်တာ။ ကျွန်တော့မှာလုပ်ရမှာရော၊ လုပ်ချင်တာတွေရော၊ အများကြီးရှိနေသေးတယ်။ မဖတ်ရသေးတဲ့ စာအုပ်တွေဆိုတာလည်း စာရင်းအပြည့်ပဲ။ ကျွန်တော်ရှိနေဦးမှာပါ မရယ်။ ကျွန်တော်ရှိနေမှာပါ"

ဒီစကားတွေပြောခဲ့စဉ် သူ့မျက်လုံးများ အရောင်လ[illegible]ပနေခဲ့သည်။ စားပွဲပေါ်မှာတင်ထားသော သူ့လက်များလည်း

www.burmeseclassic.com

www.burmeseclassic.com

တည်ငြိမ်လာခဲ့သည်။ သူရဲရဲပြုံးလိုက်သည်။

"အနည်းဆုံး သစ်ဆင်းကိုတော့ အမြဲတမ်းရှိနေအောင် ကျွန်တော်ကြိုးစားခဲ့မှာပါ"

မေးရိုးများ တင်းလာခဲ့ရင်း သူပြောခဲ့လေသည်။

"ကိုတင်ဆောင်းဟန် ဘယ်လိုသိသွားခဲ့တာလဲ"

နောက်ဆုံးမှာ ကျွန်မအားယူ မေးကြည့်ခဲ့သည်။ တင်ဆောင်းဟန် သဘောတကျ လိုက်လှဲပြုံးရယ်လိုက်ခဲ့သည်။

"မ ကျွန်တော့်ကို အရေးတကြီး အာထရာဆောင်းရိုက်ပြီး မကြာခင်ဆိုပါတော့။ အသည်းယောင်တာလေး သက်သက်အတွက် ဒီလောက်အရေးကြီးစရာ မရှိဘူးလေ။ မမနဲ့ညီက ကျွန်တော့်အပေါ်မှာ ထူးထူးခြားခြား ဂရုစိုက်လာခဲ့ကြတယ်။ မမဆိုရင် ကျွန်တော့်ကို တစ်နေရာရာမှာ တငေးတမောကြည့်နေတတ်တယ်။ ကျွန်တော်လှည့်ကြည့်လိုက်မှသတိရပြီး အကြည့်လွှဲသွားတာမျိုး။ ဒီလိုကြည့်နေတတ်တဲ့ နောက်တစ်ယောက်ကတော့ 'မ' ကိုယ်တိုင်ပဲ။ 'မ' နဲ့ ကျွန်တော် ဘယ်လောက်မှ မခင်ခဲ့ဖူးဘဲ ကျွန်တော့်တိုက်ကို 'မ' ရောက်လာခဲ့တယ်။ ညီနဲ့မမဆိုလည်း ကျွန်တော့် မဂ္ဂဇင်းတိုက်ကို အဝင်အထွက်တွေ လုပ်လာကြတယ်။ တကယ်တမ်း သူတို့မှာအချိန်မပေးနိုင်တာ၊ ဝါသနာလည်းမရှိကြတာ ကျွန်တော်သိတာပေါ့။ အတိအကျ ပြောရရင်တော့ အာထရာဆောင်းရိုက်ပြီးလို့ သုံးရက်ကြာတော့ တင်ဆောင်းဟန်ရဲ့ Report ပျောက်သွားလို့ပါ။ ကလင်းနစ်မှာ သွားပြန်တောင်း လိုက်တယ်။ စာရေးလေးက လက်ခံမှာ ကြည့်ပြီးတော့ ပြန်ကူးပေးလိုက်တဲ့ ကျွန်တော့် **ALTRA SOUND REPORT** က အခု ကျွန်တော့်လက်ထဲမှာ ရောက်နေပြီလေ။ **H.C.C** ရဲ့အရှည်က **HEPATOCELLULAR CARCINOMA** ဆိုတဲ့ အသည်းကင်ဆာဆိုတာကိုတော့ ဆရာဝန် စာရေးဆရာတစ်ယောက်ကို မေးလိုက်ရုံပါပဲ"

ကိုတင်ဆောင်းဟန် ကျွန်မကို အပြုံးထေ့ထေ့ဖြင့်ကြည့်လျက် ဤသို့ပြောခဲ့သေး၏။

"ကျွန်တော်က လူတွေရဲ့စိတ်တွင်းအရိပ်အခြေ၊ ခံစားမှုတွေကို ရိပ်မိနားလည်တတ်တယ်။ ဝင်ပြီးလည်းခံစားတတ်တယ်။ တခြားသူတွေ မျှဝေခံစားတတ်အောင်လည်း စွမ်းနိုင်ဆောင်ပေး၊ သရုပ်ဖော်ရေးနိုင်တဲ့



စာရေးဆရာတစ်ယောက်ဆိုတာ 'မ' မေ့နေပြီလား"

ကျွန်မ တုံ့ပြန်စကား ရှာမတွေ့ခဲ့ပါ။ စိတ်တွင်းစကားတွေ အဖြစ်သာ ရွတ်ဆိုနေမိခဲ့ပါသည်။

"ကိုယ် ဘာကိုမှ မေ့စွမ်းနိုင်မယ် မထင်တော့ပါဘူး တင်ဆောင်းဟန်"

♣ ♣ ♣

အခုတော့ မင်းကို တို့များသိုသိပ်စွာ အရိပ်တကြည့်ကြည့် နေစရာ မလိုတော့ဘူးလေ။ ညနေခြမ်းကျရင် ဟန်မပျက် ကြွက်တောင် ကွင်းသွားစရာလည်း မလိုအပ်တော့ဘူး။ သစ်ဆင်းတိုက်ကအပြန် မမပန်ရဲ့ဌာနကို ဝင်ခဲ့တယ်။ လွင်သောင်းဒန်ကိုလည်း ဌာနမှာပဲ တွေ့ရတယ်။ မင်းနောက်ကွယ်မှာ မမပန်ရဲ့ဌာနက အခန်းထဲမှာလည်း ကိုယ်တို့ဆုံတတ်ကြတယ်လေ။ မင်းရဲ့ရောဂါမှန်ကို ကိုယ်တို့ဆက်ပြီး ဖုံးကွယ်ထားဖို့မလိုတော့ဘူး. မင်းသိသွားပြီဆိုတာ ကိုယ်ပြောပြခဲ့ပါတယ်။ မင်းရောဂါအကြောင်း ကိုယ်ပထမဆုံးအသိပေးခဲ့ရတဲ့ ညနေကလိုပါပဲ။ မမပန်နဲ့လွင်သောင်းဒန်တို့ရဲ့မျက်နှာများ အိုမင်းဆွေးမြည့်သွားပုံကို ကိုယ်တွေ့ရပြန်တော့တယ်။ မင်းတို့မောင်နှမ တွေနဲ့အတူ ကိုယ့်ကို ရင်မောစေခဲ့တဲ့ ကံကြမ္မာက ဘယ်လိုများလဲကွယ်။ အံ့သြမိရုံပါပဲ။ မကျေမချမ်းတော့ မရှိမိပါဘူး။ ရုန်းထွက်ဖို့လည်း မကြိုးစားမိဘူး။ အခုအချိန်မှာ ရုပ်ဝေဒနာ ကြီးကျယ်စွာမခံစားရသေး ပေမယ့် စိတ်ဝေဒနာကို တည်ငြိမ်စွာလက်ခံ ခံစားနေရတဲ့မင်းရယ်၊ မင်းခံစားနေရတာကို တည်ငြိမ်စွာလက်ခံကြည့်နေရုံထက် ဘာမှမပေး နိုင်တဲ့ အစ်မနဲ့ဆရာဝန်များရဲ့ ရင်တွင်းထိခိုက်မှုတွေရဲ့ အတိုင်းအဆက မမှန်းဆနိုင်အောင် ပိုကြီးမားမှာပါ။

မင်းကြောင့် ကွဲကြေသွားတဲ့ ရေခဲတောင်ဟာ အေးစက်တင်း မာ၊ နာကျင်နေတဲ့ အခြေအနေကိုလည်း ပြောင်းလဲစေခဲ့ပါတယ်။ ကိုယ်တို့ရင်မဆိုင်ရဲတဲ့အခြေအနေတွေကို မင်းက သိမ်မွေ့ညင်သာစွာ ရင်ဆိုင်ဖြေရှင်းပေးခဲ့တယ်။ ကိုယ့်ရင်ထဲမှာ လေးလံလှတဲ့ ဝန်တစ်ခု လျှော့ဆင်းသွားသလို ပေါ့ပါးသွားခဲ့တာလည်းအမှန်ပါပဲ။ ကိုယ်နောက်

www.burmeseclassic.com

www.burmeseclassic.com

တစ်ရက်ကစလို့ သစ်ဆင်းကိုရေး ညာနေစောင်းမှာရောက်နေကျ မင်းဝို့ အိမ်ကိုပါ မရောက်ဖြစ်ခဲ့တော့ဘူးလေ။

မက်ဒီထရိတ်ကို သူရောက်လာခဲ့စဉ် လောကကြီးက ကျီစယ်လေ့ရှိတတ်စွာ ကျွန်မအခန်းတွင် လူနာတစ်ဦးတစ်လေမျှ မရှိပါ။ လူနာပါးသော နံနက်ခင်းတစ်ခု ဖြစ်နေခဲ့ပါသည်။ ရုပ်ပြစာအုပ်လေးတစ်အုပ်ကို ကျွန်မအေးအေးဆေးဆေး ဖတ်မိနေခိုက်မှာ ဖြစ်သည်။ ပိုလို့ဆိုးဝါးသည်က ခါတ်ခဲသုံး ရက်ကောဒင်းလေးနှင့် ဟေမာနေ့ဝင်းရဲ့ သီချင်းတစ်ခွေကို တိုးတိုးဖွင့်ထားနားထောင်နေမိသေးသည်လေ။

"ဒေါက်တာ အလုပ်များနေပါသလား"

ဒီအသံကြားရဖို့ကျွန်မ လုံးဝမျှော်လင့်မထားခဲ့ပါ။ သူရောက်လာခဲ့သည်ကို ကျွန်မအံ့ဩနေမိခဲ့သည်။ အပြစ်မကင်းသူတစ်ယောက်လို ရုပ်ပြလေးကို လူနာမှတ်ပုံတင်စာရင်းစာအုပ် ရှည်ရှည်အောက်သို့ ထိုးထည့်မိကာ ကက်ဆက်ခလုတ်ကိုလည်း နှိပ်ရပ်စေလိုက်မိခဲ့သည်။ ကျွန်မဘယ်လောက်များစိတ်တွေအေးလူနေပုံရှိလိုက်မည်လဲ။ သူက ရှပ်လက်တိုဖြူပွပွ ပလေကပ်ပုဆိုးစိမ်းပြာကွက်စိပ်ဆင် ဝတ်ဆင်ထားခဲ့သည်။ ငွေမောင်းလေးတစ်ခုပါသည့် ကချင်လွယ်အိတ်အနီလေး လွယ်ထားပြီး-

အိုဘုရား သူဒီလောက်ယဉ်ရွယ်လတ်ဆတ်ကာ ရုပ်ဆင်းရည်မွန် သပ်ရပ်လှတာ ဘယ်သူက ရောဂါသည်တစ်ယောက်လို့ ထင်ရက်မည်လဲ။ သူ့အသားအရည် သန့်စင်ဖြူလင်းနေခဲ့စဉ် သူ့မျက်လုံးအကြည့်တို့က ရွှန်းလက်တောက်ပဆဲ။ နှုတ်ခမ်းထူထူ ပြည့်ပြည့်က နီပြေစိုလွင်ကာ အပြုံးထေ့ထေ့တစ်ခု တွဲခိုလျက်။ သူကျွန်မစားပွဲရှေ့က ထိုင်ခုံလေးမှာ ဝင်ထိုင်လိုက်ချိန်အထိ ကျွန်မအံ့ဩမပြေသေးစွာ သူ့ကိုငေးကြည့်ဖြစ်နေခဲ့၏။

"ကျွန်တော်ဆရာဝန်ပြောင်းမကုသေးဘူးနော် 'မ'။ 'မ' အရင်ဆုံး တွေ့ထားတဲ့ရောဂါလေ။ အလုပ်တွေများပြီး လူနာကြည့်လာဖို့ မေ့များနေတာလားလို့ပါ"

သူ့စကားပြုံးထေ့ထေ့ကို ကျွန်မခေါင်းငုံ့၍သာ ပြုံးရှောင်နေလိုက်ရပါသည်။ စိတ်အတွေးထဲမှာ သူ့အပေါ် ဂရုဏာသက်ဝင်



အစဉ်နှင့်နေခဲ့ပေမယ့် ကျွန်မရဲ့ နေ့စဉ်လုပ်ရိုးလုပ်စဉ် လုပ်ငန်းဆောင်တာတွေကိုလည်း လုပ်ဖြစ်နေခဲ့ရသေးတာ သူနားလည်ပေး နိုင်ပါမည်လား။ နံနက်ခင်းအိပ်ယာထ ရှည်လျှားတဲ့ဆံပင်တွေကို ဖြီးသင်ရှင်းလင်းခိုက်မှာပင် သူ့ကိုသတိရလိုက်ခဲ့ပါသေးတာ။ မြိုင်ရာဇာတွတ်ပီ ရုပ်ပြတစ်ကွက်နှင့်တစ်ကွက်ကြားမှာ တစ်ခါတစ်ရံ သူ့ကို မြင်ယောင်ငေးမိတာ အိပ်ရာဝင် မျက်လုံးတို့မှေးစက် အိပ်မောမကျမီ သူ့ကို သတိရလိုက်မိသေးတာ သူကတော့သိရှိမည်မဟုတ်ပါပေ။ စင်စစ် သူ့သံယောဇဉ်ကြိုးသစ် ငင်မိမှာ စိုးရိမ်နေမိသော ကျွန်မမှာသာ သူ့အပေါ် တစ်စတစ်စ နင့်နဲငြိတွယ်လာနေမိသည့် အဖြစ်မှ လွတ်မမြောက်လို့ လွတ်မြောက်နိုင်ငြား ရုန်းထွက်ကြိုးစားနေမိခဲ့သော ကျွန်မအဖြစ်ကို ကျွန်မ သူ့ကိုမြင်တွေ့လိုက်ရသည့် ခဏမှာမှ ရိပ်စားမိရတော့သည်။ သုံးရက်တာ လပ်ဟာနေသော စိတ်ခံစားမှုတွေရဲ့ အဓိပ္ပာယ် ကျွန်မမြင်လိုက်ရပြီ။ အခန်းထဲရှိ သူနာပြုဆရာမကြီး အန်တီမြက ပြုံးစနဲ့စွာ အလုပ်တစ်ခုရမယ်ရှာလို့ ထွက်ခွာသွားသည်အထိ သူ ကျွန်မကို ပြုံးကြည့်နေခဲ့ဆဲ။

"ဒါပေမယ့် ကျွန်တော်လိုက်လာလို့ သိပ်စိတ်ပူမသွားပါနဲ့။ ကျွန်တော်နေကောင်းပါတယ်။ 'မ' နေကောင်းလားလို့ပါ။ မတွေ့ရတာအရမ်းကြာနေလို့"

ကျွန်မနှင့်သူ မတွေ့ဖြစ်တာသုံးရက်မျှရှိပါသေးသည်။ အရမ်းမကြာသေးပါ။ မတွေ့ရတာအရမ်းကြာနေလို့ဟု စကားအသုံးအနှုန်းကို မိန်းမပျိုတစ်ယောက်အား ရယ်မြူးမြူးပြောတတ်သော သာမာန်လူရွယ်တစ်ယောက်အတွက် လောကကြီးထဲမှာ နောင်အနှစ်ငါးဆယ်လောက် အကယ်၍သူမပျင်းမဲ့ရင် အနှစ်တစ်ရာလောက် ဆက်လက်ရှင်သန် လှုပ်ရှားခွင့်ကို ဘယ်သူကများ ဝင်လို့တွန့်တို ရပြန်သည်လဲနော်။ လူနာမှတ်ပုံတင်စာရင်းစာအုပ် အောက်သို့ ကျွန်မထိုးသွင်းဝှက်ထားမိသော ရုပ်ပြကလေးကို သူထုတ်ကြည့်ခဲ့သည်။

"နောက်ဆုံးထုတ် မြိုင်ရာဇာတွတ်ပီ။ ကျွန်တော်ဖတ်ပြီးပြီ မနေ့ကပဲ"

သူဆိုခဲ့သည်။

ကျွန်မကို သနားလည်ပါသည်ဟု လတော်၏စိတ်ကို သိနေပါ

www.burmeseclassic.com

www.burmeseclassic.com



သည်ဆိုသော စာရေးဆရာက ဆိုလိုချင်လေသလား။ သူလည်းလုပ်မြဲ ဆောင်တာတွေ လုပ်ဖြစ်ရင်း လူ့ဘဝရဲ့ ပျားရည်စက်ကလေးတွေကို ခံယူနေဆဲပါဟု ဆိုချင်တာလေလား။

"မ" ဘာဖြစ်လို့ သစ်ဆင်းကို ပေါ်မလာခဲ့တာလဲ . . . မနေ့ ညနေက 'မ' သိပ်တွေ့ချင်တဲ့ ဒေါ်ခင်ဆွေဦးတောင် တိုက်ကို ရောက်လာခဲ့သေးတယ်။ 'မ' လာတတ်တဲ့အချိန်ပဲလို့ ကျွန်တော် အချိန်ဆွဲပြီး စကားပြောနေမိသေးတယ်"

သူရောက်လာခဲ့သည့် အကြောင်းအရင်းလေးကလည်း သည်အမေးအတွက်ဟု ကျွန်မနားလည်ခဲ့ပြီးဖြစ်သည်။ တယ်လီဖုန်းခေါ်ဖို့ ကြံရွယ်ပြီးမှ ဖုန်းနှင့်ဝေးရာမှာ ရှောင်ဖယ်နေမိသော ကျွန်မက-

"ကိုတင်ဆောင်းဟန် ကရော ဘာဖြစ်လို့ ဖုန်းမဆက် ခဲ့တာလဲ"

သူ့ကိုသို့ဝှက်မရသော မကျေလည်နှင့် မေးမိသည်။

"ကျွန်တော့်ကိုရော ကျွန်တော့ရောဂါကိုပါ 'မ' စိတ်ပျက်သွားပြီလား ထင်မိလို့ပါ။ ဒါကြောင့်မလာတော့တာလားပေါ့။ ဟုတ်သလားဟင်"

သူ့မျက်နှာ ညှိုးလျှခဲ့တာ ရောဂါဝေဒနာ ကြောင့်သာမဟုတ်ခဲ့ရင် သူ့ရွှင်ပျလန်းဆန်းဖို့ ကျွန်မ စွမ်းနိုင်ရမည်ပေ။

"တစ်ခါတစ်လေ ကိုယ်သိပ်လုပ်ချင်တဲ့ အလုပ်တစ်ခုကို စိတ်အလိုမလိုက်ဘဲနေကြည့်တာ စိတ်ဓာတ် ခိုင်မာလာအောင် လေ့ကျင့်နည်းတစ်မျိုးပဲ မဟုတ်လား။ သစ်ဆင်းကို ကျွန်မမရောက်တာ အဲဒီလို လက်တွေ့ကွင်းဆင်းလေ့ကျင့်နေတာလို့ ကိုတင်ဆောင်းဟန် မထင်မိဘူးလားဟင်"

သူကလည်းမည့်ပါပေ။ ရွှင်ပျလန်းဆန်းလာသော အပြုံးဖြင့်

"ဟား အဲဒီစကားသိပ်ကောင်းတယ်။ ကျွန်တော့်စာထဲမှာ ထည့်သုံးမယ်နော်။ 'မ' ခွင့်ပြု"

"ကြောက်နေရပါလား စာရေးဆရာရယ်"

ကျွန်မတို့နှစ်ဦးသား ပူပင်သောကမရှိသူများလို ရယ်မောဖြစ်ခဲ့ကြပါသည်။



"ဆောင်းစိတ်ဓာတ်ကြံ့ခိုင်ပြီး ကျန်မာနေခဲ့တာတခြား ကြောင့်တော့မဟုတ်ဘူး မိုးကြည်ဝေ။ သူကကြာရှည်ဖျားနာတာမျိုးတောင် မဖြစ်ခဲ့ဖူးတဲ့ လူရွယ်တစ်ယောက်။ အခုထိတစ်ချက်တစ်လေ နာတာမျိုးကလွဲလို့ ဘာမှမခံစားရသေးတာရယ်ကြောင့် သူလက်မခံ နိုင်ဘူးဖြစ်နေတယ်။ သူ့စိတ်ကလက်မခံတော့ အနေအထိုင်တွေလည်း ပုံမှန်ပဲ။ လူကောင်းတစ်ယောက်လို သူနေနိုင်ခဲ့တယ်။ သူပြောတတ်တာ ရှိသေးတယ်။ သူ့အပေါ်ကံကြမ္မာက ဒီလောက်ထိ မဆိုးဝါးမရက်စက်တန်ကောင်းပါဘူး။ သူ အနေအထိုင်မမှားခဲ့ဘူး။ မလော်လည်ခဲ့ဘူး။ ဘယ်သူ့အပေါ်မှာမှလဲ အမိုက်အဆိုးမရှိခဲ့ဘူးတဲ့။ အဲဒါ သူ့ယုံကြည်ချက်ပဲ"

မသိ၍ကြောက်တတ်သောသူနှင့်အတူ သိလျက်မျှော်လင့်ချက်ထားမိပြန်သော ကျွန်မတို့ဆရာဝန်သုံးဦးက သူ့ကို အသည်းအထူးကုဌာနမှ သမားတော်ကြီးထံသို့ ချဉ်းကပ်အပ်နှံမိကြပြန်ပါ၏။ သူ့အသည်းမှ အသားစတစ်စယူ၍ စစ်ဆေးကြည့်ရမှာဖြစ်သည်။

သူ့အစာအိမ်လမ်းကြောင်းနှင့် အသည်းအထူးကုဌာနတွင် ဆေးရုံတက်ရသည်။ သွေးအားရာခိုင်နှုန်း၊ သွေးထွက်ရာခိုင်နှုန်း၊ သွေးတိတ်နှုန်းကို တိုင်းတာစစ်ဆေးပြီးမှလုပ်သည့်တိုင် သူ့အတွက် ကျွန်မတို့ စိုးရိမ်ခဲ့ကြရသည်။ အပ်သေးမျှင်မျှင်လေးနှင့် ဝမ်းဗိုက်ရဲ့ ညာဘက်ခြမ်း အသည်းနေရာမှ ဖောက်လိုက်လျက် သေးငယ်သော အသည်းစလေး တစ်စကို အပ်ကလေးနှင့်စုပ်ယူလိုက်ရုံဆိုတာသိလျက် ထိုဒဏ်ရာလေးမှသွေး တစ်စိမ့်စိမ့်မတိတ်နိုင်အောင် ယိုစီးနေတော့

www.burmeseclassic.com



လေမလား။

သူ့ရဲ့ပျော့ပျောင်းကွက်ကို စောင့်နေလေသော သူ့ရောဂါက ဝင်ရောက်လို့အပြီးတိုင် ထိုးနှက်ချေတော့မလား။ သူ့အတွက် ကျွန်မတို့ ပူပင်ခဲ့ကြရပါသည်။ သူကမူ အပြုံးမပျက်ခဲ့ပါ။

“**LIVER BIOPSY** ရဲ့အကျိုးတွေရှိသလို အန္တရာယ်လည်း ရှိတတ်တာ ကျွန်တော် ဖတ်ထားပါသည်။ ကျွန်တော် သဘောတူလို့လုပ်တာ ဘယ်သူ့အပေါ် မှာမှအပြစ်မရှိစေရပါဘူး”

အပြစ်ဆိုတာ သူများကတင်မှ မဟုတ်ဘဲ။ ကိုယ့်ကိုယ်ကိုလည်း တင်လို့ရသေးတယ်ဆိုတာ သူပညာရှိမို့ သတိဖြစ်ခဲ့သည် ထင်လေ၏။

“မောင်လေးစိတ်ခံတတ်နိုင်ကျည်လိုက်ပုံက သဘာဝမကျပေမယ့် သူ့အတွက်တော့ တစ်မျိုးလည်းကောင်းတယ်။ အံ့သြစရာပါပဲ မိုးကြည်ဝေ။ အခု **BIOPSY REPORT** က **CA** ပါလို့ ပြနေတာတောင်မှ သူမတုန်လှုပ်ဘူး။ ဒါဆိုရင်မမတို့မျှော်လင့်ထားသလို ကျွန်တော်ဟာ အသက်ရှည်ကြာဆုံး နေနိုင်မယ့် ကင်ဆာ ရောဂါသည် တစ်ယောက်ဖြစ်ရမှာပေါ့တဲ့”

သူပို၍ ရွှင်ပျလန်းဆန်းနေပုံရခဲ့သည်။ ညနေခင်းများတွင် သူ့ကခြံထဲမှာ မမပန်၊ လွင်သောင်းဒန်နှင့် ကျွန်မတို့လည်း ရှိနေတတ်ခဲ့သည်။ မမပန်က သူ့ဆေးစာအုပ်များထဲ နှစ်မြုပ်နေတတ်သည်။ လွင်သောင်းဒန်က အငြိမ်မနေတတ်သူပီပီထိုင်လိုက်၊ ဖုန်းထဆက်လိုက်ဖြင့် အချိန်ဖြုန်းတတ်မြဲ။ ကျွန်မမူ တင်ဆောင်းဟန်နှင့် အပြိုင်စာဖတ်နိုင်သူတစ်ယောက် ဖြစ်နေပြီ။ တစ်ခါတစ်ရံ သူ့စာမျက်နှာကိုပင် ကျွန်မယူဖတ်ဖြစ်သည်။ ကျွန်မတို့ကိုယ့်အလုပ်နဲ့ကို ငြိမ်သက်မနေမိကြဘဲ။

“ဒီလထုတ်ကိုယ်တို့ မဂ္ဂဇင်းထဲက ‘ခံစားဝေဖန်ခွင့်’ ကဏ္ဍလေးထဲက ခင်ဇော်လတ်ရဲ့စီးရီးကို ဝေဖန်ထားတာ ညီခံစားသွားရတယ်ကွာ။ သူညီမက ညီနဲ့ခင်တယ်ကွ”

ကျွန်မတို့လွင်သောင်းဒန်ရဲ့ ဒုက္ခကို ရယ်မောမိကြသည်။

“မောင်လေးမနက်ဖြန်စောစော ရိပ်သာမှာ မေမေကို သွားကြိုရမယ်။ မေမေကမောင့်လွှေးနဲ့အတူရွှေတိဂုံဘုရား သွားပြီးမှ အိမ်ကိုပြန်လာမှာတဲ့။ သပြေညွန့်လေးတွေ မမပန်ဝယ်ထားတာ



ယူသွားဖို့မမေ့နဲ့နော်”

မမပန်ရဲ့ကုသိုလ်ကောင်းမှုပြုအစီအစဉ်လေးကို သူအချိန်ပေးလို့ပြုတတ်မြဲ။ ထိုသို့ပြုစဉ်တိုင်း သူ့မျက်နှာ နူးညံ့ကြည်လင်နေပုံမှာ အစ်မနှင့်အမေအတွက် ကောင်းမှုကုသိုလ်တွေ ဆောင်ရွက်ပေးရလို့ ဝမ်းမြောက်ဝမ်းသာ ရှိလှပုံနှင့်သာ ပိုတူနေခဲ့ပါသည်။

“တင်ဆောင်းဟန်ရှာပေးတဲ့ နတ်နွယ်ရဲ့မြန်မာပြည်မြောက်ပိုင်းက သိပ်ရှားပါးနေပြီနော်။ ကျွန်မ ဖတ်ချင်နေတာကြာပြီ။ အခုမှပဲ ဖတ်ဖူးရတော့တာ”

သူ့ကိုလှမ်းစကားပြောနေကြလေ့ရှိပြီး သူကလည်းစိတ်လိုလက်ရ စကားဝိုင်းဖွဲ့တတ်သည်။

သူသည်မယုံကြည်နိုင်လောက်အောင်ပင် ရွှင်ပျ ကြည်လင်နေခဲ့သည်။ ကျန်မာစဉ်က ဣန္ဒြေကြီးကြီး၊ ခပ်တည်တည် အပြုံးအရယ်နည်းပါးစွာနေတတ်သောသူ သည်လိုပြုံးပျော်လိုက်လျောစွာ နေတတ်မည်ပင်မထင်ရ။ မောင်နှမတွေရဲ့ချစ်ခြင်း ယုယခြင်းက သူ့ကိုပြောင်းလဲစေခဲ့သည်လား။ မေတ္တာ၊ ဂရုဏာ ထုံမွှမ်းသော ညနေခင်းလေးများက အနာဂတ်ကို မေ့လျော့စွာ နွေးထွေးသာယာခဲ့ပါ၏။ ထိုရက်များမှ ကျွန်မတို့အတွက် ရပ်ဆိုင်းနာရီနေ့ရက်များ ဖြစ်စေချင်ခဲ့မိအောင် စိတ်ချမ်းသာမိခဲ့ကြသည်။ သူ့အတွက်မူ-

ကိုယ်တို့ပေးနိုင်သမျှ မေတ္တာ၊ ဂရုဏာ၊ ကြင်နာယုယမှုတွေနဲ့ ထုံမွှမ်းတဲ့ညနေခင်းများဟာ ကိုယ်တို့အပေးနိုင်ဆုံးပေးထားတာ ဖြစ်ပေမယ့် မင်းအတွက်တော့မလုံလောက်နိုင်ဘူးဆိုတာ ကိုယ်တို့ အသိညဏ်ကြီးကြီးနဲ့ ဆင်ခြင်ကြည့်သင့်ခဲ့တာပေါ့။ ဘဝကို တန်တလျားသွားချင်သွားကြရဦးမယ့် ကိုယ်တို့အသိအမြင်ဟာ ဘဝမှာ အချိန်တိုတောင်းစွာသာ နေရတော့ဖို့သိထားတဲ့ မင်းရဲ့အသိ အမြင်ကို ဘယ်လိုစာနာတယ်ဆိုပေမယ့် ခံစားမှုထပ်တူမကျနိုင်တာကို ကိုယ်တို့ သဘောမထားမိခဲ့ ကြတာပါပဲ တင်ဆောင်းဟန်။

နှင်းမှုန်လေးများ တမွှားမွှားလွင့်ဝေ့ဆင်းနေသော ဇန်နဝါရီလဆန်းတစ်ရက်တွင် တင်ဆောင်းဟန်အိမ်မှ ထွက်ခွာသွားခဲ့သည်။ သူအိမ်မှထွက်ခွာသွားခဲ့ပြီကို ကျွန်မ နှစ်နာရီခန့်စော၍သိခဲ့ရသည်။ နံနက် လေးနာရီခွဲမှာ ဖုန်းဝင်လာခဲ့ခြင်းပေ။

www.burmeseclassic.com

www.burmeseclassic.com

သိရရချင်း စိတ်ပူပင်စွာတားမြစ်မိသည်။

"ကိုတင်ဆောင်းဟန် ဒီလိုမလုပ်သင့်ဘူးလေ။ အားလုံးစိတ်ပူကြရလိမ့်မယ်"

"ဒီလိုမှမလုပ်ရင် ထွက်လို့ရမှာမဟုတ်လို့ပါ မ"

"မဟုတ်သေးဘူးလေ ကိုတင်ဆောင်းဟန် သွားချင်ရင် ခွင့်ပြုရုံမဟုတ်ဘူး။ လွင်သောင်းဒန်ပါ လိုက်ခဲ့ချင်မှာပဲ။ အနည်းဆုံး မေးလ်နာ(စ်)တစ်ယောက်ယောက်ကို စီစဉ်ထည့်ပေးလိုက်နိုင်တာပေါ့။

"ဘာလုပ်ဖို့လဲ"

"ကိုတင်ဆောင်းဟန် အတွက်အစားအသောက်ကအစ ပြုစုစောင့်ရှောက်ပေးလို့ရတယ်လေ"

သူ့နှုတ်မှ ကျစ်ခနဲမြည်သံတစ်ခုကြားလိုက်ရသည်။

"တော်စမ်းပါတော့ဗျာ။ တစ်ခါလာဆေးရုံ၊ တစ်ခါလာဆေးခန်း၊ တစ်ခါလာဆရာဝန်။ ကျွန်တော့်ဘာသာ လူနာတစ်ယောက်ဆိုတာ မေ့လက်စနဲ့မေ့ထားချင်တယ်ဗျာ"

သူ့ရဲ့အသံက စိတ်တိုတောင်းနေတော့သလို။

အထူးကုဆရာဝန်ကြီးများနှင့် ပြသနေသည့် ရက်ချိန်းများကို ကျွန်မ သတိမပေးဖြစ်တော့ပါ။ အလျော့ပေးသယောင်ဖြင့် ဈေးတော့ ဆစ်မိသေးသည်။

"ဒါပေမယ့်လည်း လူနာပဲဖြစ်ဖြစ် လူကောင်းပဲဖြစ်ဖြစ် တစ်ယောက်တည်း ဘယ်သွားမှန်းမသိဆိုတာမျိုးကိုတော့ မမပန်တို့က ဘယ်လိုစိတ်ချနိုင်မှာလဲ"

"အဲဒါ ပြောမလို့ပါ မ။ ကျွန်တော်တစ်ယောက်တည်းသွားမှာ မဟုတ်ပါဘူး"

ကျွန်မ ငြိမ်သက်မိခဲ့သည်။ ကျွန်မ ဘာကြောင့် မစဉ်းစာမိရသည်လဲ။ တင်ဆောင်းဟန်မှာ နာမည်ရစာရေးဆရာတစ်ဦး။ နာမည်ရ မဂ္ဂဇင်းတစ်ဆောင်ရဲ့ စာတည်းချုပ်လည်း ဖြစ်သေးသည်။ ရည်မွန်သမျှ အေးဆေးတွေးဆနေဟန် လှုပ်ရှားတတ်သော သူ့သွင်ပြင်က အမှတ်ထင်ထင်မရှိစေလှ။ အမှတ်မထင်၊ ဂရုထားလိုက်မိခဲ့ပြီး ရင်တော့ စိတ်တွင်း အရိပ်တစ်ခုအဖြစ် စွဲမြဲကြာရှည်နိုင်စွမ်းမည့်သူ့စိတ်လှုပ်ရှားမှုကို ကျွန်မ မသိဝှက်နိုင်စွာ။



"ဘယ်သူလဲဟင်။အမျိုးသမီးတစ်ယောက်ယောက်များလား "

မေးမိခိုက်တိုက်မှာ မကြာခဏဆုံဖြစ်ခဲ့သော သစ်ဆင်းရဲ့ သုံးကြိမ်တိုင်မျက်နှာဖုံးရှင်လေးကို အမှတ်ရမိသည်။ ကျွန်မနှင့်ဆုံမိစဉ် မိန်းကလေးရဲ့ ငြိုငြင်ပျပျ မျက်နှာရိပ်လေးက သူမဘက်က ကြိုးစားနေဆဲ အဆင့်ကို ကျွန်မဘာသာ တွေးယူမိစေလျက်။ (ကျွန်မမှားချင်လည်းမှားပါမည်) ဖုန်းတစ်ဖက်မှသူ့ရဲ့အသံ သဲ့သဲ့ ရယ်မောသံကြားလိုက်ရခဲ့သည်။ ကျွန်မချက်ချင်းလို စကားကိုပြင်သည်။

"မဟုတ်ဘူးလေ။ ကိုယ် မမပန်တို့ကို သေချာပြောပြပေးဖို့ လိုမှာပေါ့"

ဖုန်းထဲမှာခဏတိတ်ဆိတ်သွားလျက်-

"ကျွန်တော် ဖုန်းမြင့်ကို ပါ မိုးကြည်ဝေ။ သူက ကျွန်တော့် အချစ်ဆုံးသူငယ်ချင်းပါ။ ကျွန်တော် တင်ဆောင်းဟန်နဲ့လိုက်သွားပါမယ်။ မမပန်တို့ကိုသောင်းတို့ကိုလည်း ကျွန်တော်ပါသွားတဲ့ အကြောင်းပြောပေးပါ။ အစစအရာရာအတွက် စိတ်ချပါခင်ဗျာ"

အသံစိမ်းတစ်သံ ကြားလိုက်ရသည်။ သူ့အသံက မသိဖူးပေမယ့် တရင်းတနှီးဟန် နွေးထွေးလှလေသည်။ ကျွန်မသူ့ကိုပင် အားကိုးအားထားကြီးစွာ မှာကြားမိရပါသည်။

"ကိုဖုန်းမြင့်ကိုမှာ တာဝန်တော့ကြီးမှာပါပဲ။ သူကရောဂါကို မေ့ထားချင်ပေမယ့် ရောဂါက သူ့ကို မေ့ထားဖို့မလွယ်ဘူးထင်တယ်"

"ကြီးပါစေ မမိုးကြည်ဝေ။ သူက ကျွန်တော်နဲ့ မူကြိုကတည်းက တွဲခဲ့ကြတဲ့ သူငယ်ချင်းတွေပါ"

"သူစိတ်လွတ်ကိုယ်လွတ် နေလိုက်မှာ ကျွန်မစိုးရိမ်ပါတယ်။ အရက်၊ မိန်းမ၊ ဆေး အဲဒါတွေအားလုံးက သူ့အချိန်ကို ပိုပြီးတိုတောင်းသွားစေမှာတွေလေ"

"စိတ်ချပါ မ။ ကျွန်တော့်ကိုယ့်ကိုထက်တောင် သူ့ကိုပိုဂရုစိုက်ပါမယ်"

ဖုန်းမြင့်ကိုမှာ တင်ဆောင်းဟန်ရဲ့ အရင်းနှီးဆုံးသူငယ်ချင်းဟု ကျွန်မလက်ခံသွားရသည်။ တင်ဆောင်းဟန်ကဲ့သို့ပင် သူက ကျွန်မကို 'မ' ဟု သုံးနှုန်းခေါ်ဝေါ်ခဲ့သည်လေ။ ကျွန်မ ဖုန်းမြင့်ကိုနှင့် နားလည်မှု တစ်ခုယူလိုက်မည်ဟုပြင်ဆဲ ဖုန်းထဲမှအသံ ရပ်ခြည်းပြောင်းသွားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

ရယ်မောသံသဲ့သဲ့ဖြင့် တင်ဆောင်းဟန်ရဲ့အသံ။

"ကျွန်တော့်အကြောင်း ကျွန်တော်မသိအောင် ဒီထက်ပြောကြဖို့ ခွင့်မပြုနိုင်တော့ဘူး"

သူ့ရယ်ရွှင်ပျပျအသံက ကျွန်မအတွေးလှိုင်းဂရက်များကို ပွားဝေစေခဲ့သည်။ သည်ရယ်မောရွှင်ပျသံထပ်မံမကြားရဘဲ ဘယ်မျှရက်ကြာရှည်နေမှာလေလဲ။ တင်ဆောင်းဟန်ကိုယ်တိုင်က အဝေးတစ်နေရာသို့ဇာတ်မြုပ်ပျောက်ကွယ်သွားချင်တာလား။ သို့မဟုတ် တစ်ရပ်တစ်နေရာရာမှာ ဖုန်းမြင့်ကိုရဲ့ သံကြိုးစာလေးတစ်စောင်ကိုပဲ လက်ခံရရှိ အားလုံးပြီးဆုံးလိုက်ရမှာလား။ သူ့ကိုမတွေ့မမြင်ရတော့ဖို့ ကျွန်မ မစဉ်းစားချင်ပါ။ သူနှင့် သည်ယခုမှာပင် တွေ့ချင်လာမိခဲ့ပါသည်။ သူ့ရှေ့မှာရပ်လို့ သူသွားမည့်လမ်းကို တားဆီးပိတ်ပင်ထားလိုက်ချင်စိတ်တွေဖြင့်-

"ကိုတင်ဆောင်းဟန်ကို ကျွန်မတွေ့လို့ရမလား။ အခုပဲထွက်ခဲ့မှာပါ။ ကိုယ် အမြန်ဆုံးရောက်အောင်လာခဲ့ပါမယ်။ ခဏလေးပဲ စောင့်လိုက်ရင်"

သူ့အသံတိုးညင်းသွားခဲ့ကာ

"မရနိုင်တော့ဘူး 'မ'ရယ် ကျွန်တော်ရန်ကုန်အပြင်ဘက်ရောက်မှဖုန်းခေါ်ခဲ့တာ"

စိတ်မချင်မရဲဖြင့်-

"ဒါဖြင့် ကျွန်မကို ဘာအတွက်ဖုန်းဆက်ခဲ့ပါလိမ့်။ ကျွန်မ လုပ်ပေးနိုင်တာတစ်ခုမှ မရှိဘဲနဲ့လေ"

ကျွန်မ သူ့ကိုပြောမိသည်။ သူ့အသံတွင်ရွှင်ပျပြုံးသဲ့ရိပ်များ ပြယ်ခဲ့ကာ အလေးအနက်ထားပြောဆိုလိုလာဟန်ဖြင့်-

"မ" လုပ်ပေးနိုင်တာတွေရှိလို့ပါ။ ကျွန်တော့ကိုယ်စားတိုက်ကို 'မ'သွားပေးလို့ရပါတယ်။ မရဲ့ ဆေးခန်းပြီးချိန်မှာ တိုက်ကိုသွားလိုက်ရင် အချိန်အတော်ပဲ။ ကျော်စွာကြီးရှိနေမယ်။ သူက မ လာပြီးနေပေးခဲ့လို ရှိရင် ပြင်ပကိစ္စတွေ လုပ်နိုင်မယ်။ ကိုလှိုင်နဲ့မနှင်းက တိုက်မှာဝင်ထွက်ပဲရှိနေမှာ။ 'မ' နှစ်သက်တယ်ဆိုတဲ့ 'သစ်ဆင်းမဂ္ဂဇင်း' ရဲ့ အယ်ဒီတာတစ်ယောက်အဖြစ် စိတ်ကူးမယဉ်ခဲ့မိဘူးဆိုရင် အခုကာလကို အစမ်းခန့်ကာလလို့ပဲ သဘောထားပေးတော့လေ"



"ဟာ မဖြစ်ဘူးထင်တယ်"

ကျွန်မ ချက်ချင်းတုံ့ပြန်ဖြစ်သည်။ ဖြေရှင်းချက်ပါ ပေးမိသည်။

"ကျွန်မဘာမှ လုပ်တတ်မှာမဟုတ်လို့ပါ။ သွားစောင့်ပေးရုံပဲ ဆိုရင်တော့တော်လိမ့်ဦးမယ်"

"မ အနေနဲ့လုပ်ချင်နေတာတွေ လုပ်တတ်တာတွေဆိုတာတွေ့လာမှာပါ။ ဒါကြောင့်ပဲ မကိုရွေးပြီး အကူအညီတောင်းခဲ့တာ။ ကျွန်တော် အတင်းအကျပ် မတောင်းဆိုပါဘူး။ 'မ' ရဲ့ဆန္ဒအတိုင်းပါပဲ။ ဆန္ဒရှိမှ ကူပါဗျာ"

သူ့စကားမဆက်မီ ဖုန်းမှာခဏငြိမ်သက်တိတ်ဆိတ်သွားခဲ့သည်။ စကားသံ ပြန်လည်ထွက်ပေါ်လာတော့တိုးတိုးဖျော့ဖျော့။

"ဒုတိယ လုပ်ပေးစေချင်တာကတော့ ကျွန်တော့အကြောင်း ဘာမှ မသိသေးတဲ့ မေမေ့ကိုဖွင့်ပြောပြထားပေးဖို့ပါပဲ"

ကျွန်မ အသက်ရှူဖို့မေ့လျော့နေခဲ့တာ သူ့အသံကို ဖုန်းထဲမှာ ပြန်ကြားလာရသည်အထိ။

"မ အဲဒီဘက်မှာ ရှိနေသေးလားဟင်"

"ရှိနေပါတယ်။ ကျွန်မ စဉ်းစားနေလို့ပါ"

ကျွန်မအသံက အားအင်ယုတ်လျော့လှစွာ။

"ကျွန်တော့်ကို ကူညီမှာလား"

သူ့အသံကိုမူ တိုးညင်းသော်လည်း ဖျောင်းဖျစေစားလျက်။ ကျွန်မအဖြေစကားသံမှာ သက်ပြင်းများနှင့် ရောယှက်နေပါလိမ့်မည်။

"ကျွန်မ ပထမတစ်ချက်ကိုတော့ကတိပေးပါတယ်။ တိုက်ကို သွားနေပေးပါ့မယ်။ ဒုတိယ အချက်ကို တော့ကတိမပေးပါရစေနဲ့။ ကျွန်မ ကြိုးစားကြည့်ပါ့မယ်"

"ဒီလောက်ကြားရတာ ကျွန်တော်ကျေနပ်ပါပြီ 'မ'။ မမကိုရောညီကိုပါကျွန်တော်မတောင်းဆိုသင့်တဲ့ အချက်တွေဖြစ်နေလို့ပါ"

သူနှုတ်ဆက်ထွက်ခွာချိန်တန်ပြီကို သိမိလာလျက် သူ့အသံဝေးကွာပျောက်လွင့်သွားဖို့ကို ကျွန်မ စိုးရွံ့ရင်း ရင်ဆိုင်ရန်သာ ရှိတော့သည်လေ။

"မ ကျွန်တော့်ကိုပြောစရာရှိပါသေးသလား"

များစွာရှိပါသည်။ သူထွက်ခွာ မသွားတော့ဘဲ ဆက်လက်

www.burmeseclassic.com

www.burmeseclassic.com



နားထောင်၍ပင် ကုန်နိုင်ဖွယ်မရှိမည့်စကားတွေ သူနှင့် ပြောနေချင်လှပါသည်။

"ပြောစရာတော့ရှိတာပေါ့လေ။ ဒါပေမယ့် ကိုတင်ဆောင်းဟန်ကသွားတော့မှာမဟုတ်လား"

"ဟုတ်တယ်။ ကျွန်တော် မိုးမလင်းခင် ခရီးဝေးဝေး ရောက်နေချင်တယ်။ ကျွန်တော်မှာတဲ့အတိုင်း မနက်ခုနစ်နာရီကျမှ ကျွန်တော့်အိမ်ကိုဖုန်းဆက်ပြောပေးပါ မ"

ကျွန်မတို့နှစ်ယောက် ခေတ္တတိတ်ဆိတ်သွားကြပြန်သည်။ စိတ်ကူးတစ်ခုက ကျွန်မဂေါက်ဖဏားတွေကို အေးစက်လာစေခဲ့သည်။ သွားခါနီး စကားလက်ဆောင်တစ်ခု ကျွန်မပေးလိုက်ဖို့။ သူ့ကိုဘယ်တော့ပြန်တွေ့ရဖို့မမှန်းဆနိုင်သည့် ခုချိန်မျိုးမှာပြောခဲ့ရင် သူ့အတွက်ပိုကောင်းဖို့ရှိမှာလား။ ကျွန်မ တစ်ကိုယ်ကောင်းဆန်လွန်းတာလား။ နှစ်ဦးတည်းရဲ့ ကိစ္စဆိုပေမယ့် စောင့်ထိန်းရမယ့်တရားတွေဆိုတာ ကျွန်မစဉ်းစားတွေးဆဆဲ။

"ကျွန်တော်သွားတော့မယ်။ မမိုးကြည်ဝေ အစစ အဆင်ပြေပါစေ"

သူက ကျွန်မအတွက် ဆုတောင်းပေးနေခဲ့သေးသည်။ စိတ်တို့ကို စုစည်းလျက်-

"ကိုတင်ဆောင်းဟန်လည်း အစစ အဆင်ပြေပါစေ"

ကျွန်မ စိတ်ဆိုင်းကြိုးတွေ ပြေလုဆဲဆဲ။ သူလည်း တစ်စုံတစ်ရာကို စောင့်ဆိုင်းနေပဲ့ဘာ့ဟန် ဖုန်းမချလိုက်သေးဘဲရှိနေသေးသည်။ ကာလတစ်ခုကို မေ့လျော့တိတ်ဆိတ်စွာ ဖြစ်သန်းသွားခဲ့ပြီးမှ ဖုန်းဖြည်းဖြည်းချလိုက်သံ ကြားလိုက်ရပါ၏။

နှင်းမရှိရာအရပ်သို့လား၊ နှင်းပိုမိုသိပ်သည်းရာဆီသို့လား မသိနိုင်ဘဲ နှင်းမှုန်ပါးပါးအောက်မှာ သူထွက်ခွာသွားခဲ့ပြီ။

♣ ♣ ♣



တင်ဆောင်းဟန် ဖေဖေမှာ အငြိမ်းစားတစ်ဦးဖြစ်သည်။ အငြိမ်းစားယူခဲ့သည်မှာ ကြာပြီဟုသိရလျက် အန်ကယ့်ရုပ်ရည်မှာမူ မကြီးရင့်လှသေး။ လန်းဆန်းဖျတ်လတ်ဆဲ။ မူရင်းအလုပ်ဌာနကိုမူ ကျွန်မ မမေးဖြစ်ခဲ့ပါ။ တင်ဆောင်းဟန်မေမေကမူ အသားဖြူဖြူ ကိုယ်လုံးပြည့်ပြည့်။ စကားအေးအေး ပြောတတ်ပုံမှာ တင်ဆောင်းဟန်နှင့်တူလှသည်။ အန်တီစကားပြောလျှင် တစ်လုံးချင်း အေးဆေးစွာ ပြောသည်။

"ကိုတင်ဆောင်းဟန်တို့ ဖေဖေ အငြိမ်းစားယူတော့ မိဘများလက်ထက်က ဒီအိမ်ရှိနေလို့သာ အခြေမပြတ်နေနိုင်ခဲ့တာ"

တရားရိပ်သာနှင့်အိမ် ကူးနေတတ်သော တင်ဆောင်းဟန် ဖေဖေနှင့် မေမေတို့ကို ဆုံတွေ့နိုင်ချိန်မျိုးမှာ ရှားပါးပါသည်။ တင်ဆောင်းဟန်ထွက်ခွာစဉ်မှာမူ သူတို့နှစ်ဦးစလုံး အိမ်မှာရှိနေခဲ့ကြပါသည်။ သူ့ခရီးနှင့်ပတ်သက်၍ သံသယမရှိကြပါ။ မမပန်နှင့် လွင်သောင်းဒန်တို့က သိစေသမျှကိုသာ သိရှိလက်ခံထားကြပါ၏။

တစ်နံနက် ကျွန်မရောက်ရှိသွားခဲ့စဉ် အန်တီက ဆောင်းထိုင်နေကျခုံလေးမှာ နေပူစာလှုံရင်း ခြံထဲမှာထိုင်နေခဲ့ပါသည်။ ကြိမ်စားပွဲပုလေးပေါ်မှာ မိုးကုတ်တရားစာအုပ်လေးက ဖွင့်ရက်သား မှောက်လျက်။ အန်တီက သိုးမွေးနှစ်ချောင်းထိုး ထိုးနေခဲ့ပါသည်။ နံနက်ခင်းနေခြည်က သရက်ရွက်အကြိုအကြားမှ တိုးဝင်ဖြာကျနေခဲ့ပါသည်။ သည်နေရာလေးမှာ အနွေးဓာတ်လေး ဝင်နေခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ရာသီအေးတဲ့အခါ လက်ဆစ်လေးတွေက ကြာကြာငြိမ်နေရင် ကိုပဲကိုက်ချင်လာတယ် မိုးရေ။ သိုးမွေးထိုးရင်းလှုပ်ရှားနေလိုက်ရင်တော့ လက်ဆစ်လေးတွေ လေ့ကျင့်ခန်းရပြီး နွေးလာတယ်လေ။ ကိုဆောင်း ရှိရင်အန်တီစာဖတ်ကြာခဲ့တာနဲ့ မေမေလက်တွေကိုက်ခဲတော့မယ်။ သိုးမွေးထိုးဦးလေလို့ အမြဲသတိပေးတတ်တယ်"

အန်တီက အဝေးရောက်သားကို သတိရနေဟန်တူပါသည်။ တင်ဆောင်းဟန်အကြောင်းကို ပြောပြနေတတ်ပါ၏။

"အန်တီက ပြင်ဦးလွင်သူဆိုတော့ သိုးမွေးထိုးပညာတစ်ရပ်တော့ရခဲ့တယ်"

သိုးမွေးထိုးလုပ်ငန်းကို အသက်မွေးဝမ်းကျောင်းအဖြစ် လုပ်ကိုင်ခဲ့စဉ်က အကြောင်းများကို အန်တီပြောပြနေခဲ့သည်။ ဗိုလ်ချုပ်ဈေးရှိ ကျော်ကြားသော ဆောင်းနှင်းဖြူသိုးမွေးဆိုင်မှာ တစ်ခါကအန်တီတို့ဆိုင်ဟု ကျွန်မသိရှိလာရပါသည်။

"ကလေးတွေလည်း အားလုံးတတ်ကြပေမယ့် အန်တီလက်ရာကိုမှီတာဆောင်းပဲ။ ကိုဆောင်းတို့အဖေ အငြိမ်းစားယူတော့ သိုးမွေးထိုးလုပ်ငန်း အန်တီစခဲ့တယ်။ အစမှာတော့လုပ်သားဆိုတာ ဘယ်ရှိပါ့မလဲ။ ဆောင်းတစ်ယောက်က ဒိုင်ခံပြီး စက်ဆွဲခဲ့ရတာ"

ကျွန်မ မသိသော တင်ဆောင်းဟန်၊ မင်းလွင်ဟန်၏ အခြားတစ်ဘက်ဘဝကို ကျွန်မသိလာရပါတယ်။ ငြိမ်သက်နားထောင်နေသော ကျွန်မရှိနေခဲ့၍ အန်တီစိတ်လိုလက်ရ ပြောပြနေခဲ့ပါသည်။

"ရှိရှိသမျှ ဈေးတွေမှာလိုက်သွင်းခဲ့ရတယ်။ အခုလို ကွန်ပျူတာဒီဇိုင်းတွေလည်း မပေါ်သေးတော့ဆောင်းက ဒီဇိုင်းကော ်င်းကောင်းလေးတွေထွင်တယ်။ ဆိုင်မှာသွင်းရင် ဒီဇိုင်းကောင်းပေမယ့် မရောင်းရဘူး။ အထည်ကိုတော့ညနေ အကြောင်းပြန်မယ်ပြောလို့ပေးထားခဲ့ရတယ်"

လအတော်များများ၏ သစ်ဆင်းမျက်နှာဖုံးနောက်ခံဒီဇိုင်းများကို ကျွန်မပြန်လည်မြင်ယောင်လာခဲ့ပါသည်။ သိုးမွေးရောင်စုံအစဉ်အသွေးလေးများကို ခပ်ရေးရေးလေး သုံးထားပေးတတ်သည်။

အန်တီ အသံအေးအေးကို ကြားရပြန်ပါ၏။

"ညနေသွားယူတော့ မကြိုက်လို့ပါဆိုပြီး ချိုချိုသာသာနဲ့



ပြန်ပေးလိုက်တာမျိုး ကြုံခဲ့ရတယ်။ နောက်တစ်ရက်ဆိုရင် ကိုဆောင်းရဲ့ အဲဒီ ဒီဇိုင်းက ဆိုင်ပေါ်ရောက်နေပြီ။ မဝယ်ဘဲကော်ပီ ကူးယူလိုက်တာမျိုးပေါ့။ ဆောင်းကမခံချင်စိတ်နဲ့ ပိုကြိုးစားခဲ့တယ်။ သိပ်ဇွဲကြီးတာပဲ။ ပြင်ဦးလွင်နဲ့ တောင်ကြီးထည်တွေကို သူတက်ပြီးလေ့လာခဲ့တယ်။ အဲဒီအချိန်မှာ ပန်းတို့မောင်နှမကလည်း ဆေးကျောင်းတက်နေတော့ အိမ်ရဲ့ စီးပွားရေးကို သူ သိပ်ပြေလည်စေချင်ခဲ့တယ်။ အောင်လည်းအောင်မြင်ခဲ့ပါတယ်။ အန်တီနဲ့ ဆောင်းလက်ရာကို ရှာလာကြတယ်။ သံရုံးတွေက တစ်ဆင့်မှာတာမျိုးတွေလည်းရလာခဲ့တယ်။ လက်ထိုးထည်တွေဟာ သူတို့ဆီမှာ ဘယ်တော့မှမရှိဘဲကိုး။ ဂ[illegible]ာ်မှာများလာတဲ့အခါ ပညာသင်ပေးပြီး အလုပ်သမားတွေစုရတယ်။ ဗိုလ်[illegible]ုပ်ဈေးမှာ ဆိုင်ခန်းတွေဖွင့်နိုင်ခဲ့တယ်။ ဆောင်းဦးစီးခဲ့တာပါပဲ။

ညဥ့်နက်သန်းခေါင် သိုးမွေးစက်ထိုင်ထိုးနေသော အသက်နှစ်ဆယ်ဝန်းကျင်လူငယ်လေးတစ်ဦးကို ကျွန်မမြင်ယောင်လာခဲ့ရပါတယ်။ ကျွန်မနှစ်သက်စွာ ရှင်မေးမဝနိုင်သော 'အစိမ်းရောင်ခံစားမှု'မှာ တင်ဆောင်းဟန်၏ လက်ရာဟု ကျွန်မသိရှိခဲ့ရပြီလည်း ဖြစ်ပါသည်။

အလုပ်တကယ်လည်ပတ်ပြီဆိုတော့ နားချိန်ဆိုတာတောင် မရှိတော့ပါဘူး။ လူမှုရေးတို့ ဘာသာရေးတို့တောင် မသိတော့ ါလိုဖြစ်လာခဲ့တယ်။ အောင်မြင်နေပေမယ့် တော်လောက်ပြီလို့ ကိုယ်ဘာသာပဲဆုံးဖြတ်ပြီးရပ်လိုက်တယ်။ ပန်းလည်းကျောင်းပြီးပြီလေ၊ ဆောင်းကလည်းသူဝါသနာရှိတဲ့စာပေဘက်ကို ခုမှပဲလုံးလုံးလျားလျားကူးပြောင်းတော့မယ်ဆိုပြီး သိုးမွေးထိုးလုပ်ငန်းကို လက်လွှဲရောင်းလိုက်တယ်။ အန်တီတို့လည်း အဲဒီတော့မှပဲ ကိုယ့်တရားအလုပ်ကိုကိုယ်အေးဆေးလုပ်နိုင်ပါတော့တယ်"

အန်တီရဲ့ ဘဝဇာတ်ကြောင်းထဲမှာလည်း တင်ဆောင်းဟန်က အမြဲကပါဝင်နေခဲ့ပြန်ပါသည်။ အန်တီမျက်နှာမှာ ကြည်လင်လျက်။ သား တင်ဆောင်းဟန်၏ သူငယ်ချင်းဖြစ်သူအပေါ် ချစ်ခင်နှစ်လိုဟန်များဖြင့် သိုးမွေးထိုးလက်စကလေးကို လှမ်းပေးနေပါသည်။ မျက်နှာပေါ်မှာ မသေသပ်သော အမူအရာများရှိခဲ့လျှင် သူမမြင်ချင်။ ကျွန်မခေါင်းငုံ့လျက် ထိုးလက်စသိုးမွေးထည်လေးကို ကိုင်ကြည့်နေခဲ့မိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"ရင်ရှေ့ခြမ်းပေါ်မှာ မုန့်ကြိုးလိမ်လေးနှစ်တန်းလောက် ထည့်လိုက်မယ်။ ဝေ့(စ်)ကုတ်လေးလေ။ ဆောင်းအတွက်ပါ။ ဆောင်းကို လှမ်းပြီးပို့ပေးရအောင်လို့။ တောင်ကြီးဆိုတော့ တော်တော်အေး လိမ့်မယ်။ အတွင်းကခံဝတ်လို့ရတာပေါ့"

အန်တီသိထားသည်မှာသည်လိုပေ။မမပန်နှင့် လွင်သောင်းဒန်တို့ပြောထားသမျှသာ။

"မိုးတို့သူငယ်ချင်းဆီက ဘာသီတင်းများကြားကြသေးလဲ"

အန်တီက ကျွန်မမျက်နှာကို လိုက်ကြည့်လို့ စူးစူးစမ်းစမ်း မေးရှာပါသည်။ ထိုတစ်ရက်ကလည်း ကျွန်မကြိုးစာမှုတွေ မအောင်မြင်ခဲ့ပါ။

♣ ♣ ♣

ကျွန်မထပ်မံမကြိုးစားသင့်တော့ဟု ကျွန်မဘာသာ ခံယူလိုက မိပြီးခါမှ ပြောဖြစ်တော့လည်း ရိုးရိုးလေးနှင့် ပြောဖြစ်ခဲ့ခြင်းပင်။

နံနက်ခင်းတစ်ခုပင် ဖြစ်ပါသည်။ အန်တီက ခြံထဲမှာ မြက်ပင် ပေါင်းပင်လေးတွေ သူမနိုင်သလောက်တံမြက်လှည်းလေးတစ်ချောင်း ဖြင့် ရှင်းနေရာမှ ကျွန်မကိုမြင်တော့ နားလိုက်ခဲ့ပါသည်။ ထိုလှုပ်ရှားမှု များမှာလည်း ကျန်းမာရေးအရ လေ့ကျင့်ခန်းများဟု ကျွန်မနားလည် နေခဲ့ပြီးဖြစ်ပါသည်။ အစတွင်မူ ကျွန်မအမြင်မှာ ဆန်းနေခဲ့ပါသည်။ အန်တီခြံရှင်းနေသည်ကို သူတို့ မောင်နှမတွေ ဘာဖြစ်လို့ ကြည့် နေနိုင်ကြတာလဲ။ ကျွန်မကိုပြောပြခဲ့သူမှာ တင်ဆောင်းဟန်ပဲဖြစ်ပါသည်။ စိတ်တွင်းခံစားမှုတွေကို ရိပ်မိသိရှိခံစား မျှဝေပေးတတ်သူဟု သူ့ကိုယ်သူ ညွှန်းထားတတ်သူ စာရေးဆရာက ကျွန်မ မမေးရဘဲ ရှင်းပြခဲ့ခြင်းပေ။

"ကျွန်တော်တို့ရှင်းထားပြီးသားပါ။ မေမေနဲ့ဖေဖေ လေ့ကျင့် ခန်းရတယ်လေ။ ဒါကြောင့်မကူဘဲထားတာပါ။ ပြီးတော့အာရုံလေး တစ်ခုလည်းရှိနေတာ သူတို့အတွက် ပိုကောင်းမယ်ထင်ပါတယ်"



"ကိုတင်ဆောင်းဟန်ပြောတာကို နားထောင်ရင်း ကျွန်မ ဖေဖေနဲ့မေမေအတွက်စဉ်းစားနေမိတယ်။ တိုက်ခန်းထဲမှာ နေနေရတာလေ။ကျွန်မ ဘယ်လိုလေ့ကျင့်ခန်းတွေ အကြံပေး နိုင်မှာလည်း စဉ်းစားနေမိ တယ်"

"အာရုဏ်တက်ကတော့ စာဖတ်စေလို့ရတယ်။ လေ့ကျင့်ခန်း အတွက်ကတော့ အိမ်ရှင်းနေတာမျိုးကိုလည်း သည်းခံရမှာပဲ။ သစ်ပင် စိုက်ဝါသနာရှိရင် ပန်းအိုးသေးသေးလေးနဲ့ သစ်ပင်စိုက်လို့ ရနိုင်သေးတယ်"

တစ်ပါးသူအရေးကိုသူ ထိုမျှပင် စိတ်ဝင်တစားရှိနေလေသည်။ သူ့ကို မေ့မေ့ပျောက်ပျောက်ရှိစေလိုသဖြင့် ကျွန်မ ပြောရခြင်းဖြစ်ပေမယ့် သူက ထိုသို့အမြဲပင် အရေးတယူရှိလှပါသည်။ သူ့ကိုသတိရစရာ အကြောင်းခြင်းရာတွေက များပြားလှပါသည်။ သူ့ကို သတိမရဘဲမရှိရ လေအောင် တမင်ဖန်တီးခဲ့သည်ဟု ဆိုရင်တော့ ထိုအချက်မှာမလိုအပ် လှပါ။ သူ ကျွန်မထံဖုန်းဆက် တာဝန်များ ပေးမသွားခဲ့လျှင်တောင် သူ့ကို ကျွန်မ သိသာစွာပင် သတိရနေမိ ခဲ့ပါသည်။

"မိုးနေကောင်းရဲ့လား"

ကျွန်မပြုံးလျက်ဖြေခဲ့သည်။ အန်တီက ကျွန်မဆီသို့ စူးစမ်းစွာ ကြည့်ဆဲပင်။

"မိုးကိုကြည့်ရတာ နုံးနေသလားလို့ပါ။ ဆေးခန်းမှာလူနာများ လို့လား"

"များလှတယ်လည်း မဟုတ်ပါဘူး အန်တီ"

ကျွန်မကို တင်ဆောင်းဟန်မေမေက ပြောပါလေဟု အားပေး ဟန်ပြုခိုက် ကျွန်မစကားတွေပြောဖြစ်ခဲ့တော့သည်။ ထိုသို့ပြောမိနေစဉ် ကျွန်မ တင်ဆောင်းဟန် အကူအညီတောင်းခဲ့သည်ကို မေ့လျော့မိစွာ ဖြစ်ပါ၏။

"ခုတလော သူငယ်ချင်းတစ်ယောက်အကြောင်းပဲ မိုးစဉ်းစား နေမိလို့ပါ"

"မိုး သူငယ်ချင်းကဘာများဖြစ်လို့လဲ"

"သူငယ်ချင်းကအခု ရောဂါတစ်ခု ခံစားနေရပါတယ်။ သူ့

www.burmeseclassic.com

www.burmeseclassic.com



ရောဂါကလည်း ကြီးပါတယ်။ သူ့ရောဂါကို ရင်ဆိုင်နေပုံက သိပ်ကိုတည်ငြိမ်ပြီး ကျွန်မတို့ဆရာဝန်တွေတောင် အံ့သြကြရတယ်။ သူ့မှာသောက တစ်ခုတော့ရှိနေတယ်။ သူ့အကြောင်းသူ့မေမေကို ဖွင့်ပြောပြချင်နေတာပါပဲ။ အမေဖြစ်တဲ့သူ ခံစားသွားရမှာလည်းစိုးရိမ်နေတော့ မိုးကိုပဲ သူပြောသင့်သလား လာတိုင်ပင်နေတော့တာ။ တကယ်ဆိုမိုးလည်း ဘယ်လိုအကြံပေးတတ်မှာလည်း အန်တီရယ်"

"သြော်. . . ."

အန်တီငြိမ်သက် စဉ်းစားသွားပါသည်။ ကျွန်မစိတ်ထဲမှာ တင်ဆောင်းဟန်ကိုမြင်ယောင်ရင်း ---

'လက်လျှော့လိုက်ပါရမစေဟော့နော်။ ကျွန်မကို ခွင့်လွှတ်ပါ' ဟုတောင်းပန်နေမိပါသည်။ အတန်ကြာ တိတ်ဆိတ်နေမိကြပြီးမှအန်တီ စကားစလို့ပြောခဲ့သည်။

"ပြောပြသင့်ပါတယ်။ သားသမီးရဲ့ အဆိုးပဲဖြစ်ဖြစ် အကောင်းပဲဖြစ်ဖြစ် အမေကမျှပြီးခံစားကြရမှာ လောကဓမ္မတာပါပဲ။ အမေ ဒါခဲ့ရင်ပြုသင့်တဲ့ကောင်းမှုကုသိုလ်တွေပြုပြီး တိုင်တည်ဆုတောင်းပေးတာမျိုး တွေလုပ်ပေးနိုင်တာပေါ့။ အချိန်တိုင်းမှာ ကုသိုလ်တရားအမှတ်လေးနဲ့ နေဖို့ အကူအညီပေးနိုင်မယ်။ ပြုဖူးခဲ့တဲ့ ကုသိုလ်ကောင်းမှုတွေကိုလည်း ပြန်ပြီးသတိရအောင် တရားနှိုးဆော်တာမျိုး၊ သားသမီးအတွက် မိခင် တစ်ယောက်အနေနဲ့ ဆောင်ရွက်ပေးနိုင်တဲ့ ကုသိုလ်ကောင်းမှုတွေဆိုတာ အများကြီးပါကွယ်"

"အန်တီစကားသံအေးအေးကို ကြားရသောအခါ တင်ဆောင်းဟန်၏ တယ်လီဖုန်းထဲက စကားကိုပြန်လည် ကြားယောင်ရပါသည်။

"အမေဟာတရားရှိတဲ့သူမို့ ထိန်းသိမ်းနိုင်လိမ့်မယ်လို့ ကျွန်တော်ယုံကြည်ပါတယ်"

ကျွန်မစဉ်းစားတွေဝေနေဆဲ။ ကျွန်မလက်ကို အန်တီရဲ့လက်ကလေးတစ်ဖက်က လာ၍ ဆုပ်ကိုင်ခဲ့ပါသည်။ အန်တီကတိုးတိတ်အသံတုန်ရင်စွာဖြင့်---

"အဲဒီ မိုးတို့သူငယ်ချင်းက အခုခရီးများထွက်နေသလားဟင်" ဟုမေးခဲ့ပါသည်။ ကျွန်မ မော်မကြည့်တော့ဘဲ ထိခိုက်တုန်လှုပ်



စွာ ခေါင်းညိတ်ပြလိုက်ခဲ့ပါသည်။

အန်တီထံမှ ထွက်ခွာခဲ့ရာ ကျွန်မအိမ်ထဲသို့မဝင်ခဲ့တော့ပါ။ ခြံဝင်းတံခါးကိုဖွင့်ထွက်ဖို့ပြင်စဉ် အပြင်မှဝင်လာသော တင်ဆောင်းဟန်ဖေဖေ နှင့်ဆုံမိနေသည်။ တင်ဆောင်းဟန်ကဲ့သို့ပင် အရပ်ရှည်မားလျက် မျက်နှာတည်ကြည်ထားတတ်သော အန်ကယ်မှာ သည်နေ့အဖို့ မျက်နှာအနေ အလွန်နွမ်းညှိုးနေယောင် ရှိနေခဲ့ပါသည်။

"ခွင့်ပြုပါဦး အန်ကယ်"

ကျွန်မ နှုတ်ဆက်သောအခါ တင်ဆောင်းဟန်ဖေဖေက တုံ့ပြန်နှုတ်မဆက်သေးဘဲမေးခွန်းတစ်ခုကို တိုးတိုးမေးခဲ့သည်။

"သမီးမိုး ဒီနေ့ပြောဖြစ်ခဲ့ပြီလား"

ကျွန်မ အလွန်အမင်းအံ့သြသွားစေသော စကားကိုဆိုခဲ့ပါသည်။

"သမီးအံ့သြသွားသလား"

ကျွန်မစကားပင် မဆိုနိုင်ခဲ့ပါ။

"ဆောင်းက သူ့ရောဂါကို သိသိချင်းပဲ အန်ကယ်နဲ့တိုင်ပင်ခဲ့တာပါ။ မိုးတို့ သမီးပန်တို့ကိုဖွင့်ပြောဖို့ရာမှာလည်း အန်ကယ်ကို သူတိုင်ပင်ခဲ့ပါတယ်။ သူ့မေမေ ကိုဖွင့်ပြောဖို့တောင် သူဘာသာစဉ်းစားသေးတာ။ ဖေဖေလည်း မပြောသင့်ဘူး။ မေမေသိပြီးရင်တော့ ဖေဖေ မေမေအနားမှာနေပေးပါတဲ့"

တင်ဆောင်းဟန် ဖေဖေ၏အသံများလည်းတုန်ယင်လာခဲ့ပါသည်။ သည်အချိန်တွင် တင်ဆောင်းဟန်မေမေမှာ တစ်ယောက်တည်းရှိနေပါမည်။ ကျွန်မတစ်စုံတစ်ရာပြောင်းလဲသွားစေဖို့ ကြိုးစားသည့်အနေဖြင့်-

"ဆောင်းကလည်း အန်ကယ်နဲ့သူနဲ့ စာပေဝါသနာ တူတဲ့အကြောင်းပြောပြဖူးတယ်။ စာပေတိုက်ထူထောင်တဲ့ အကြောင်းတွေလည်းပါတယ်။ အန်ကယ်က ပရိဗောဂပေးခဲ့တယ်ဆိုတာတွေ"

"ဝါသနာတူတယ်လေ။ ဆိုးတာက နောက်ပိုင်းမှာ အန်ကယ့်စာတွေသူ့ချေးများလာတာပဲ။ စောင့်ရတယ်။ အများနည်းတူဖေဖေရယ်လို့ပြောသေးတာ"

တင်ဆောင်းဟန် ဖေဖေကပြောခဲ့သည်။ အန်ကယ်မှာတန့်

www.burmeseclassic.com

www.burmeseclassic.com



ဆည် လိုက်နိုင်လျက် -

"အန်ကယ့်ကိုခွင့်ပြုဦး မိုး"

ကျွန်မသို့ နှုတ်ဆက်လျက် ထွက်သွားခဲ့ပါသည်။ အန်ကယ်သည် တင်ဆောင်းဟန်မေမေရှိရာဆီ လျှောက်သွားခဲ့ပါသည်။ ကျွန်မမှာ အင်အားတွေ ဆုတ်ယုတ်လျော့နည်းသွားနေတော့သလို ခံစားမိခဲ့ရပါ၏။

'သစ်ဆင်းတိုက်' ကိုအချိန်မှန်ရောက်ဖြစ်လာခဲ့ပါတယ်။ တာဝန်ချိန်ပြီးတဲ့ နေ့လယ်ဆယ့်နှစ်နာရီမှာ နောက်ဆေးခန်းတစ်ခုကူး ရအုံးမယ့် သူနာပြုဆရာမကြီးအန်တီမြနဲ့အတူ ထမင်းချိုင့်ဖွင့်စားကြသည်။ ပြီးရင် လမ်းသုံးဆယ်ထိပ်ကို အတူလမ်းလျှောက်ထွက်ခဲ့ကြတယ်။ ကိုယ်က သုံးဆယ့်လေးလမ်းထိ လမ်းလျှောက်လာခဲ့တယ်လေ။ သစ်ဆင်းမှာ ကိုယ့်ရဲ့တာဝန်ယူနိုင်တဲ့အဆင့် အမှန်က တိုက်စောင့်ဆိုရင် ပိုမှန်ပါတယ်။ ကိုယ်ရောက်ခဲ့ရင် ရောက်နှင့်နေကြတဲ့ ကိုကျော်စွာ၊ ကိုလှိုင်ဖေ၊ မေနှင်းတို့အားလုံး မဟုတ်ရင်လည်း တစ်ယောက်ယောက်က လွယ်အိတ်လေးလှမ်းဆွဲယူလိုက်ပြီး အပြင်ထွက်ဖို့ပြင်ပြီ။ ကိုယ်ကတော့ စာတိုက်ကရောက်လာတဲ့စာမူတွေ ကဗျာ၊ ဆောင်းပါးတွေ၊ ကာတွန်း ပို့သမျှတွေကို လက်ခံမှတ်ပုံတင်စာရင်းသွင်းတယ်။ စာရေးဆရာတွေ ဆီပို့တဲ့စာတွေကို သီးသန့်ရွေးထုတ်ထားပေး။ လာသမျှဖုန်းတွေကို လက်ခံဖြေ။ တစ်ခါတစ်လေ ကိုယ်တစ်ယောက်တည်းရှိတဲ့အခါ ဆိုရင်တော့ လာတဲ့သူတွေကိုလက်ခံတွေ့ဆုံဖြေကြားရတာတွေ ပိုလာတာ ပေါ့လေ။ တစ်ခါတစ်လေတော့လည်း မေနှင်းနဲ့အတူဖွင့်ပွဲတို့၊ ကြော်ငြာရိုက်၊ ဖက်ရှင်ရိုက်တို့လိုက်သွားမိတဲ့အခါ ပထမမှာတော့ အမြင်ဆန်းတာမို့ အာရုံဖမ်းစားနိုင်သလိုရှိပေမယ့် ကြာရှည်တော့မလွယ်နိုင်ဘူး။ ကိုယ်နဲ့ မသက်ဆိုင်တဲ့အရပ်ဒေသတစ်ခုကို ရောက်သွားမိသလိုခံစားရပြန် ပါသည်။ ကိုယ်ကြာရှည်စိတ်မဝင်စားနိုင်တာအမှန်ပဲ။ မေနှင်းကတော့ 'အနုပညာပါတဲ့အပြဆိုရင် နစ်ဝင်ခံစားလိုက်တယ်။ မပါရင်တော့ အလုပ်သဘောပဲပေါ့ မမိုးရာ' တဲ့။ ကိုယ့်အတွက်တော့ တင်ဆောင်းဟန် ပြောတဲ့ 'မ' လုပ်ချင်တဲ့အလုပ်တွေဆိုတာတွေ့လာပါလိမ့်မယ်ဆိုတာ အဲဒီ အချိန်ထိ နားမလည်နိုင်ခဲ့သေးပါဘူး။

ကျွန်မကို တင်ဆောင်းဟန်၏ စားပွဲတွင် နေရာချထားပေး ပါသည်။ ကျွန်မရှေ့တွင် ကိုကျော်စွာစားပွဲရှိပြီး ကျွန်မကို နောက်ခိုင်း



သော အနေအထားဖြင့်သူက ထိုင်သည်။ ထိုနေရာချထားပုံမှာ ကျွန်မ ယခင်ရောက်ခဲ့ဖူးစဉ်က အတိုင်းဖြစ်၍သာ တော်သေးတော့သည်။ မဟုတ်ရင်ကျွန်မရောက်လာတာ သစ်ဆင်းရဲ့ အယ်ဒီတာချုပ်က စိတ်မကြည်လင်ဟုထင်ချင်စရာ။ သူ့မျက်နှာထားမှာ အစဉ်တည်တည်။ အရပ်ရှည်ရှည်၊ အသားညိုသည်။ ဆံပင်ကတော့ အရှည်ထားတော့မလို့ လား မသိပါ။ သူ့မျက်လုံးများမှာ တစ်ခုခုပြောတော့မလိုရှိလျက်။ သူ့ကို ကြည့်လိုက်မိလျှင် ကြည့်လိုက်မိသူဖြစ်ဖြစ်၊ သူဖြစ်ဖြစ် ခလုတ်တိုက်လိုက် မိသလိုဖြစ်သွားစေပြီးမှ ချက်ချင်း မျက်နှာလွှဲသွားတတ်သူ။ ဒါသည်ပင် စာရေးဆရာဟု သူ့ကိုကွဲပြားခြားနားစေသည်ထင်လေ၏။ တစ်ဖက်လူကို သူဘာများပြောချင်ပါလိမ့်ဟု စဉ်းစားသွားစေတာမျိုးလေ။ ကိုကျော်စွာ က တင်ဆောင်းဟန်ရှိစဉ်ကပင် တိုက်မှာ မြဲလေ့ရှိသူဖြစ်သည်။ တင်ဆောင်းဟန်နှင့် ကိုကျော်စွာ၊ ကိုလှိုင်ဖေနှင့် မေနှင်းတို့မှာ သက်တူ ရွယ်တူ သူငယ်ချင်းများဖြစ်ကြလျက် သူတို့အလုပ်ခွင်လေထုမှာ ကောင်းမွန်သန့်စင်ပုံ ရှိလေသည်။

သူငယ်ချင်းများပင်ဖြစ်ပေမယ့် တာဝန်ပိုင်းဆိုင်ရာမှု တိကျစွာ ခွဲခြားယူထားစေတာ သစ်ဆင်းဖြစ်တည်စနစ်များ၏ အစည်အဝေးဖိုင် တစ်ဖိုင်တွင် ကျွန်မတွေ့မိသည်။ ကိုကျော်စွာမှာတိုက်မှာရှိနေချိန်များသူ ဖြစ်သော်လည်း ကျွန်မနှင့် စကားပြောဖော်ရသူမဟုတ်ပါ။ သူ့မှာစာမူဖတ်လျှင်ဖတ်၊ ကွန်ပျူတာရိုက်လျှင်ရိုက်ဖြင့် အချိန်ပြည့် အလုပ် ရှိနေတတ်ကာ ပြင်ပလူဝင်လို့မရသော အခြေအနေ တစ်ခုဖြစ်အောင် ဖန်တီးထားတော့သလိုပင်။ စာရေးဆရာ ကဗျာ ဆရာတွေ ရောက်လာခဲ့လျှင် သို့မဟုတ် သစ်ဆင်း ဝိုင်းတော်သားတွေ စုံလင်ခဲ့လျှင် သူ့အသံအကျယ်ဆုံးဖြစ်နေတာမှု အံ့ဩစရာ။ သေချာသည်ကသူ့ စာပေ အသိုင်းအဝိုင်းကလွဲလျှင် မိတ်ဆွေသစ် ရတ်တရက်ထားဖို့ခက်ဘည့် နေရာမှာ တင်ဆောင်းဟန်လိုလူမျိုးပေ။ စနေ၊ တနင်္ဂနွေနေ့များက လွဲလျှင်ကျွန်မ တင်ဆောင်းဟန်ကို ပေးခဲ့သည့်ကတိကိုစောင့်ထိန်းစွာ သစ်ဆင်းသို့ အချိန်မှန် ရောက်နေခဲ့ပါသည်။

ကျွန်မလုပ်ချင်သော အလုပ်တွေဆိုတာ တွေ့လာမှာပါဟု ပြောခဲ့သောစကားမှာ ကျွန်မအတွက်တော့ ဘာအဓိပ္ပာယ်မှုလည်းမရှိဟု

www.burmeseclassic.com

www.burmeseclassic.com



ထင်မြင်လာနေခဲ့စဉ် တစ်ရက်မှာ၊ ထိုတစ်ရက်မှာ နေ့လည်နေက ပြင်းပြင်းပျပျ ပူလောင်နေတော့ချေသည်။ သစ်ဆင်း မဂ္ဂဇင်းတိုက်သို့ ကျွန်မလျှောက်ခဲ့ရာ လမ်းတစ်လျှောက် ငိုက်မျဉ်းနေသော အနေးယာဉ် ဆရာများကို ဖြတ်ကျော်လာခဲ့သည်။ လမ်းဘေးကဖရဲသီးစိတ်သည် လေးပင် ဖရဲသီးချိုချိုဟုခါတိုင်းလိုအော်မရောင်းခဲ့။ ဘဒ်ပင် ပင်စည်ကို မှီထိုင်လျက် လမ်းမပေါ်သို့ငေးကြည့်နေခဲ့သည်။ ခဏကြာရင် ငိုက်မျဉ်းလာတော့မယ်။ ပျင်းရိငြီးငွေ့ဖွယ် ခြောက်သွေ့သွေ့နေ့လည် ခင်းပေ။

သစ်ဆင်း မဂ္ဂဇင်းတိုက်ထဲသို့ လှမ်းဝင်လိုက်လျှင် အေးမြသော အရိပ်အာဝါသလေးက ဆီးကြိုသည်။ တိုက်ခန်းဖြစ်ပေမယ့် အလင်းရောင်ကောင်းစွာဝင်လျက် မမှောင်ဘဲ အရိပ်အေးမြနေသော အခန်းမျိုး။ တိုက်ရဲ့အဆင်အပြင်မှာလည်း ရိုးရိုးရှင်းရှင်း။ အယ်ဒီတာစာပွဲနှစ်လုံးစီ ရှေ့နောက်စဉ်ထားသည်။ နံရံကပ် မှန်ဗီရို တစ်လုံးထဲမှာတော့ သစ်ဆင်းမဂ္ဂဇင်းများအပါအဝင် စာအုပ်ပေါင်း များစွာ၊ စာမူများစွာကမူ ထိုဗီရိုထဲတင်သာမက နောက်ထပ်ဗီရို တစ်လုံးထဲတွင်ပါ အပြည့်။

တိုက်ခန်းဝင်ဝင်ချင်းမှာ ရေဘုံဘိုင်လေးဖြင့် ဖွင့်လှည့်သောက် ရသော ရေအိုးစဉ်လေးရှိသည်။ ထိုရေအိုးစဉ်လေးကို ကိုကျော်စွာ နေ့စဉ်ရေဖြည့်တတ်တာ ကျွန်မသတိထားမိသည်။ လဆန်းရက် ညှိများစဉ်ကဆို တစ်ရက်ကိုနှစ်ကြိမ်။ တိုက်ခန်းထဲသို့ ဝင်ဝင်ချင်းပင် ထိုရေအိုးလေးမှ ကျွန်မရေယူသောက်ဖြစ်ခဲ့သည်။ အမောတွေနဲ့အတူ ငိုက်မျဉ်းချင်စိတ်ပါပြေ လန်းဆန်းသွားရပါသည်။

"အား ကျေးဇူးပဲ ကိုကျော်စွာ"

မရည်ရွယ်ဘဲ ရေမော့သောက်ရင်း ကျွန်မပြောလိုက်မိပါသည်။ ကျွန်မကို ခါတိုင်းကလိုပင် မော်ကြည့်ပြုံးပြီး ခေါင်းပြန်ငုံ့လိုက်သော ကိုကျော်စွာ ချက်ချင်းခေါင်းပြန်မော်ခဲ့ကာ နားမလည်သလိုကြည့်သည်။

"ဘာကိုလဲ"

ခပ်ဆဆမေးခဲ့သည်။

"နေပူထဲကလာရပြီး ရေငတ်သောက်လိုက်ရတော့ အမောပြေ သွားလို့ ရေကုသိုလ်ကို ကျေးဇူးတင်တာပါ"



ကိုကျော်စွာ မျက်နှာပြင်တွင်အပြောင်းအလဲများစွာ ဖြစ်ပွား သွားခဲ့ပါသည်။ ကိုယ့်ကို မကိုးစားသော လူနာကိုပင်လျှင် ကိုးစား လာအောင်ကြိုးပမ်းတတ်သော ဆရာဝန်များအတတ်ပညာကို အသုံးချလိုက်လေသလားဟု သူတွေးနေပြန်ပြီလားမသိပါ။ ကျွန်မ မြန်မြန်ဖြေရှင်းဖို့ကြိုးစားသည်။ သူသောက်ရေအိုးကို သေချာဆေးကြော ပြီး အမြဲရေထည့်တတ်သည်ကို ကျွန်မကျေးဇူးတင်သင့်တာကြာပြီမို့ဟု မပြောဖြစ်အောင်ထိန်းလျက်-

"ဘာကြောင့်ပြောတာလည်းလို့ ကိုကျော်စွာ စဉ်းစား နေတာလား။ ပြောရရင်တော့ ဘာကြောင့်မှမဟုတ်ပါဘူး။ ရေသောက်ရလို့လေ။ အအေးဖိုးမကုန်တော့ဘူးပေါ့"

သူလိုလူမျိုးမှာ သူများပေါ်တင်ချီးကျူးသည်ကို ကြိုက်မှာမဟုတ် ဟုဘာကြောင့်မှန်းမသိ ကျွန်မထင်နေမိခဲ့သည်။ ကိုကျော်စွာ ကျွန်မကို ကြည့်ရင်းရယ်သံ့သံ့ဖြစ်လာရာက ဟက်ဟက်ပက်ပက်ရယ်မောသည်။ ကျွန်မ ရုတ်တရက်ကြောင်သွားမိပါသည်။ သူ့လိုလည်းလိုက်မရယ်မော နိုင်ပါ။ နောက်ဆုံးတော့ပြုံးရုံသာ။

ပြောခဲ့ပြီလေ။ သူက သူလက်ခံသောအသိုင်းအဝိုင်းထဲမှာ ရယ်မောနေရမည်ဆိုလျှင် အသံအကျယ်ဆုံးရယ်နိုင်သူပါပဲ။ သူရယ်ရှိန် ပြေသွားသောအခါ စာအိတ်ဖောက်ဖွင့်ပြီး စာမူတစ်ထပ်ကို ကျွန်မထံ ကမ်းပေးခဲ့ပြီး -

"စာရေးဆရာတွေရဲ့ လက်ရေးစာမူကိုဖတ်ရတာနဲ့ မဂ္ဂဇင်းထဲမှ ဖတ်ရတာ ဘယ်လိုကွာခြားခံစားရလဲ သိချင်ရင်. . . . ."

စာမူများကို အလွန်စနစ်တကျ သိမ်းဆည်းထားတတ်သူရဲ့ လိုက်လျောမှုကို ကျွန်မ အနည်းငယ်အံ့ဩမိစွာဖြင့် လက်ခံယူလိုက်မိ ပါသည်။ ညနေစောင်းသွားခဲ့တာကို ထိုနေ့ကစလို့ အလွန်နောက်ကျစွာ မှပင် ကျွန်မ သတိထားမိလာခဲ့ပါတော့သည်။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com



မြန်မာပြည်အရပ်ရပ် အနှံ့အပြားမှာ စာပေဝါသနာရှင်တွေ များပြားလှတာ မယုံနိုင်စရာလိုပေ။ ကြားဖူးနားဝမရှိလှသော မြို့ငယ်ငယ်လေးတွေမှာပင် စာမူတွေရောက်လာတတ်ပါသည်။ လက်ရေးအမျိုးမျိုး၊ စာရွက်အမျိုးမျိုး၊ အရွယ်အမျိုးမျိုး၊ မှင်ရောင် အမျိုးမျိုးနှင့် ရောက်လာတတ်သောစာမူများကို ကိုင်တွယ်ရာတွင် တယုတယ ဖြင့် စိတ်ရှည်လက်ရှည် ရှိတတ်လှသည်မှာ ကိုကျော်စွာ့ထံမှ ကျွန်မရရှိထားသော အတုယူမှု။

နောက်တစ်ချက် အတုယူလို့ မရသေးတာက စာမူဖတ်နေစဉ်တွင် သူ့မျက်လုံးက စူးစူးစိုက်စိုက် မမှိတ်မသုန် ရှိလှပါသည်။ စာမူကို အစအဆုံး အပြီးတိုင်ဖတ်မဖတ်မူ ကျွန်မမပြောတတ်ပါ။ စာဖတ်အလွန်မြန်သည်ဟုပင်ပြောရပါတော့မည်။ ထိုဖြစ်စဉ်ကြီးတစ်ခုလုံးတွင် ကျွန်မသတိအထားမိဆုံးမှာ ကိုကျော်စွာ၏ လက်လှုပ်ရှားမှုများ အလွန်လှပသည်ကိုပင်။ စာရွက်များကို ညီနေအောင်၊ စီရီနေအောင်၊ မခေါက်မတွန့်အောင် ဖြည်းဖြည်းအသာအယာ သူအစဉ်ပြုပြင်ယူလေ့ရှိသည်။ ထိုအချိန်မှာ သူ့မျက်လုံးများက စာရွက်တွေပေါ် အထူးစူးစိုက်လျက်။ အကြည့်တွေကို စာရွက်ထိပ်မှအောက်သို့ဖြေးညင်းစွာ ရွေ့လျားယူလာတတ်သည်။ စာမူမဖတ်ခင်နှင့် ဖတ်ပြီးစဉ်တိုင်း ပြုမူလေ့ရှိသော အပြုအမူ။ ဆရာဝန်မျက်စိဖြင့်ကြည့်ရင်တော့ အနည်းငယ် စိတ္တဇဆန်သည်ဟုပင် ထင်နိုင်စရာ။

ကျွန်မ တစ်ခါတစ်ရံမကြည့်တော့ဘဲ မျက်စိလွှဲရတော့လောက်



အောင်ပင် သူ၏စာရွက်များနှင့်ပတ်သက်သော ခံစားမှုတွေက ရှည်ကြာလှပါသည်။ သူ့ကို ကျွန်မက တိတ်တဆိတ်ဝေဖန်ကြည့်နေဆဲ။ သူကမူ တစ်နေ့လယ်မှာ ကျွန်မသို့ ပွင့်ပွင့်လင်းလင်းဝေဖန်ခဲ့သည်။

"ကျွန်မစိတ်ထဲမှာတော့ စာမူတွေဖတ်ရတာ သိပ်အားရနေမိတာပဲ။ တော်ရုံဝါသနာနဲ့ ဒီလို အချိန်ကုန်ခံပြီး စာတစ်ပုဒ်ရေးဖြစ်ဖို့ဆိုတာ ဘယ်လွယ်ပါ့မလဲ။ ပြီးတော့ ကျော်ကြားအောင်မြင်ဖို့၊ ဝင်ငွေရဖို့ လုံးဝ မသေချာဘူးဆိုတာလည်း အားလုံးလိုလိုကို သိထားကြပြီးသား။ အရင်ခံ ဝါသနာလေးတစ်ခုတည်းနဲ့ ကြိုးပမ်းအားထုတ်နေကြတာလို့ ကျွန်မတော့ မြင်တယ်"

"ကျွန်မ အမြင်ပြောရရင်တော့ သူတို့ကြိုးပမ်းထားတာကို ကျွန်မတို့ အသိအမှတ်ပြုသင့်တာပဲ။ အားလုံးကိုခြုံကြည့်ရင် စာအုပ်ထဲမှာဖော်ပြဖို့လည်း သိပ်မဆိုးလှပါဘူး"

"မဂ္ဂဇင်းတွေ၊ ဂျာနယ်တွေ အပြိုင်ခေတ်ကြီးထဲမှာ သစ်ဆင်းကို လာသမျှစာဆိုရင် မီတာခတောင်းခံစာတို့ သတင်းစာဖိုးတောင်းခံစာတို့ပါမကျန် 'သစ်ဆင်း'မှာထည့်ဖို့ပြောနေတာတော့ မဟုတ်ဘူးနော်"

"မဟုတ်ပါဘူး။ ကျွန်မကထည့်ပါဆိုရင်ရော ကိုကျော်စွာတို့က ထည့်မှာမို့လား"

သံတမန် အပြုံးလေးနှင့်ပေမယ့် အသံတွင်တော့ မကျေမချမ်းသံစွက်လျက် ကျွန်မပြောမိလျှင် တိုက်မှာရောက်ရှိနေသော ကျွန်မ၏ မရေမရာ အခြေအနေကို သူပြန်လည်သုံးသပ်သတိရမိဟန်နှင့်-

"စာရေးပြီဆိုကတည်းက တစ်ခုခုပြောချင်လို့ ရေးတာပဲ [illegible] လေ၊ တစ်ချို့ကပြောပြတတ်တယ်။ တစ်ချို့ကပြောမပြတတ်ဘူး။ အကြောင်းအရာလည်း ဒီလိုပဲ။ တချို့ကဆန်းသစ်တယ်။ တချို့ကရိုး[illegible] အတွေးအခေါ် ကောင်းလေးတွေရှိတယ်၊ တချို့မှာ အတွေးအခေါ် မပါဘူး။ ဖြစ်စဉ်ကိုပဲ ချရေးထားတာမျိုးရှိမယ်။ ဖြစ်စဉ်ရေးတာချင်း အတူတူ အရေးအသားကောင်းတော့ စွဲခေါ်သွားနိုင်ပြန်တာပေါ့။ ကျွန်တော်ဆိုလိုတာက အားလုံးတန်းတူ စဉ်းစားဖို့ဆိုတာ ဘယ်တော့မှ မဖြစ်နိုင်၊ မဖြစ်သင့်ပါဘူးဆိုတာပါပဲ။ ပိုပြီးအရည်အချင်းရှိတဲ့စာကို [illegible] သစ်ဆင်းရဲ့ စာဖတ်သူတွေထံပို့ပေးရလိမ့်မယ်လေ။ စာကို အစဉ်[illegible]စိုက် ဝါသနာရှိပြီး စာလည်းရေးချင်ခဲ့ရင် သူ့စာ၊ စာအုပ်[illegible]ရွေးချယ်ခံ

www.burmeseclassic.com

www.burmeseclassic.com



လာရဖို့ဆိုတာ မခဲယဉ်းလှပါဘူး။ စွဲမြဲဖို့တော့လိုမယ်လေ။ အဲဒါက ကျွန်တော်တို့ရဲ့တာဝန်ပါပဲ"

ကျွန်မ အလွယ်တကူသဘော မတူချင်။

"အဲဒါကြောင့် ပြောတာလေ။ ကောင်းတာတွေများနေတာကို ပြောတာပါ"

"မမိုး ရွေးရခက်နေပြီထင်တယ်"

"ခက်တာမဟုတ်ပါဘူး။ အားလုံးကောင်းနေတာတစ်ခုပဲ"

သူက ရယ်ပြန်ပါသည်။

"ဒါဆိုရင်သေချာပြီ။ မမိုးမင်တင်စာ တစ်ပုဒ်မှမတွေ့သေးတာ သိပ်သေချာနေပြီ"

"မဟုတ်ဘူးနော်။ အားလုံးကိုကောင်းနေတာလို့ ပြောပြီးပြီးပဲ။ ကိုကျော်စွာတို့ဆီမှာ ရွေးထားတာတွေများနေငြင်လည်း တစ်ခုခုတော့ စီစဉ်ပေးသင့်တယ်"

"မဟုတ်သေးဘူး။ ရင်ကိုလာပြီးထိရှတဲ့စာဆိုရင် သိသာပါတယ်။ စာဖတ်ရင်းကိုအလိုလို တစ်ကိုယ်တည်း ပြုံးလာမိစေတာမျိုး ကြည်နူးလာခဲ့တာ။ မဟုတ်ဘဲ စာတိုင်းကိုပြုံးပြီး မမိုးဖတ်နေရင်တော့"

စကားအဆုံးမသတ်ဘဲ သူကပခုံးများကိုသာ တွန့်လိုက်ခဲ့သည်။ သူ့စကားများကို အနည်းငယ်အောင့်သက်စွာ ကျွန်မခံယူလိုက်မိရပါသည်။ ကျွန်မ သိပ်မစောင့် လိုက်ရပါ။ တစ်ညနေမှာ သူ လွယ်အိတ်လေးလွယ်လျက် အပြင်ထွက်ဖို့ပြင်လျင်-

"ကျွန်မ စောင့်ရဦးမလား"

"မစောင့်ပါနဲ့၊ မမိုးပြန်လိုက်ပါ။ ဆရာမလေးဆီကပြီးရင် ကျွန်တော် ဆရာမကြီးဆီ ဆက်သွားရမှာဆိုတော့"

"သွားပေါ့ရှင် ကိုကျော်စွာကသူတို့စာမူမှ မထည့်ရရင် စားဝင်အိပ်ပျော်မှာ မဟုတ်ဘဲ"

"အဲဒါတော့ လုံးဝမဟုတ်။ မရှောင်သာတဲ့တောင်းဆိုမှုဆိုတာက ရှိသေးတယ်လေ။ အများကြိုက်တို့ အရောင်းသွက်တို့ ဆိုတာက စဉ်းစားရသေးတယ်။ တောင်းဆိုမှုဆိုတာမှာလည်း စာဖတ်သူဘက်က တောင်းဆိုမှုတင် မဟုတ်သေးဘဲ ရေးသူဘက်က တောင်းဆိုမှုတွေ ငြင်းမရတာက ရှိသေးတာလေ"



"အဲဒီ စာမူတွေကိုရော ကိုကျော်စွာဖတ်တိုင်းပြုံးပြီးဖတ်ခဲ့တာ ချည်းလား"

ကျွန်မသူ့ကို ပြုံးသဲ့သဲ့မေးခဲ့ခြင်းပင်။ သူငြိမ်သက်သွားခဲ့တာ အလွန်ပင် ကြာမြင့်သွားခဲ့သည်။ လွယ်အိတ်လွယ်ထားလျက် သူအပြင်ထွက်ဖို့ကိစ္စ ပင်မေ့လျော့နေတော့သိလိုပင်။ အတန်ကြာမှ-

"ကိုယ့်ကိုယ်ကို တစ်ခါမှမေးမကြည့်သေးဘူး။ သေချာတာ တစ်ခုကတော့ ကျွန်တော့စကားကို မမိုးအစာမကြေခဲ့ဘူးဆိုတာပဲ။ မဂ္ဂဇင်းမှာပါတဲ့ စာတစ်ပုဒ်စီတိုင်းဟာ ရေးသူရဲ့အာဘော်ဖြစ်တယ်လေ။ အယ်ဒီတာရဲ့အာဘော်မဟုတ်တဲ့အတွက် အယ်ဒီတာက စာမူတိုင်းကို ကြိုက်စရာမရှိပါဆိုတာပါပဲ"

ပြောပြီးတော့ ကျွန်မကိုလှမ်းကြည့်သည်။ သူ့မျက်နှာမှာ ပြုံးတော့ခပ်ပြုံးပြုံးပဲ။ မျက်ခုံးများမြှင့်နှုတ်ဆက်လိုက်ဟာ-

"သွားပြီ"

သူ့လှုပ်ရှားမှုများက လျင်မြန်ဖျတ်လတ်လှ၍ ကချင်လွယ်အိတ် အနီရောင်လေးမှာ ဝေ့ရမ်းပါသွားခဲ့ပါသည်။ ကျွန်မ သူနှင့်ပတ်သက်၍ သတိပြုမိသော နောက်တစ်ချက်က စ၊ နောက်ဖို့ရာပင် မလွယ်ဆိုတာ လေ။ ကျွန်မက သူစိမ်းတစ်ဦးဖြစ်နေသေး၍လား မသိတတ်ပါ။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com



သစ်ဆင်းဟာ ကိုယ့်အတွက်စိတ်ဝင်စားမှုတွေ ပေးစွမ်းနိုင်တဲ့ နေရာပါ။ မင်းဘာဖြစ်လို့ကိုယ့်ကို သစ်ဆင်းတိုက်ကို သွားစေသလဲ ဆိုတာ ကိုယ်ရေးရေးလေး သိလာသလိုပါပဲ။ ကိုယ်စာပေ ဝါသနာရှိတာ မင်းသိခဲ့တယ်။ စာတကုပ်ကုပ်ပဲဖတ်နေပြီး စာပေနဲ့ပတ်သက်ရင် လှုပ်ရှားဖို့ အလွန်အားယူရလေ့ရှိတဲ့ကိုယ့်ကို စာတွေပေးပြီးဖတ်စေခဲ့တာ မင်းရဲ့အစီအစဉ်လေးတစ်ရက်မှာ ကိုကျော်စွာပြောသလို ဖတ်ရင်းပြုံးလာမိစေတဲ့ စာတစ်ပုဒ်ကိုတကယ်ပဲတွေ့ခဲ့တယ်။ စာမူလေးရဲ့အပေါ်ဆုံးမှာ သူ့ကိုသူမိတ်ဆက်တဲ့စာလေးလဲပါတယ်။ သူက ကျောင်းမပြီးသေးတဲ့ ကျောင်းသားတစ်ဦးဖြစ်တယ်။ အငယ်သင်ပေါ့။ သူ့စာလေးက စိတ်ဝင်စားစရာ။ စာပေဝါသနာနဲ့ စာရေးဖို့ကြိုးစားနေတာဆိုပေမယ့် အဲဒီစာရေးတာနဲ့ ထမင်းစားလို့ရ မရဆိုတာ သူထည့်သွင်းစဉ်းစားနေမိတာကိုခွင့်လွှတ်ပါတဲ့။ စာရေးတာတစ်ခုတည်းနဲ့ ရပ်တည်နိုင်ဖို့ကို တခြားအလုပ်တွေလုပ်ရင်းနဲ့ ကြိုးစားဖို့ သူဆုံးဖြတ်ထားပါတယ်တဲ့။ ခုလည်းသူ့ညတိုင်း အလုပ်တစ်ခုဝင်လုပ်နေပါတယ်။ ပရိုက်ဗိတ်ဆေးရုံကြီးတစ်ရုံရဲ့ ဓာတ်လှေကားမောင်းတဲ့အလုပ်။ ကွန်ပျူတာသင်တန်းတက်ဖို့ငွေလိုနေတာကို ဒီအလုပ်က ဖြည့်ဆည်း ပေးမယ်ထင်ပါတယ်တဲ့။ ကွန်ပျူတာရရင်တော့ အခုထက်ပိုအဆင်ပြေမယ့် အလုပ်တစ်ခုရနိုင်မယ်။ အဆက်အသွယ်လည်းရထားပြီးဖြစ်ပါတယ်တဲ့။ သူ့ရဲ့အနာဂတ်အလုပ်ရှင်ကို ဓာတ်လှေကားမောင်းရင်းပဲတွေ့ခဲ့တာ။ မင်းကွန်ပျူတာ



တတ်ပြီးရင်လာခဲ့။ အေး မလာခင်တော့ ငါ့ကုမ္ပဏီရှိသေးလား အရင်စုံစမ်းလိုက်ပေါ့ကွာဆိုပြီး လိပ်စာကဒ်လေး ပေးသွားခဲ့တာ။ ပြီးတော့ဒီစာမူဟာ သူရဲ့ပထမဆုံးစာမူလေးဖြစ်ပါတယ်ဆိုတဲ့အကြောင်း ရေးထားခဲ့တယ်။ ပထမဆုံးစာမူဆိုပေမယ့် သူ့အရေးအသားက ကောင်းတယ်။ တချို့နေရာလေးတွေမှာ စာချောဖို့လိုနေသေးတာက လွဲရင်ပေါ့။ အကြောင်းအရာကတော့ ရိုးရိုးပါပဲ။

ဖတ်ပြီးရင်း ပြုံးလာမိတာက သူ့စာမူလေးကိုမှဟုတ်ဘဲ သူ့မိတ်ဆက်စာလေးကိုလေ။ အဲဒီစာလေးထဲမှာ ရိုးသားမှုတွေက ချစ်စရာကောင်းအောင် ပျော်ဝင်နေတယ်။ သူသိလိုက်ရတယ်ဆိုတဲ့ ကုမ္ပဏီပိုင်ရှင်ရဲ့ရိုးသားမှု ဝင့်ဝါခြင်းကင်းကာ သာမာန်လူရွယ်လေး တစ်ယောက် ဆက်ဆံရဲလာအောင် သူ့ကိုယ်သူ နှိမ်ချပြောခဲ့ပုံမှာ ဟာသ ဉာဉ်လေးတောင် စွက်နေလိုက်ပါသေးတော့။ အရိုးသားဆုံးကတော့ စာရေးသူ ဓာတ်လှေကားမောင်းသမားလေးပေါ့။ လုပ်ငန်းရှင် တစ်ယောက်နဲ့ သိကျွမ်းတာ သူကြီးကျယ်မထားဘူး။ သိပ်မှီခိုလိုတဲ့ စိတ်ဓာတ်ရှိနေရင် သူ လိုတာထက် ပိုကြွားဝါခဲ့မှာ။ ခုတော့ သူသိခဲ့တဲ့ အတိုင်းရေးပြထားတာလေးကိုက ချစ်၊ ရွှင်၊ သနားစရာလေး။ ကိုယ် သူ့ဆီစာပြန်ရေးခဲ့တယ်။ ဒီထက်ပိုလို့ကိုယ်ရေးမိသေးတာရှိတယ်။ သူ့ရဲ့ ဘဝဇာတ်လမ်းလေးကိုရေးခဲ့ရင်လည်း စိတ်ဝင်စားစရာပါပဲလို့။ သိပ်မကြာမီမှာ သူ့ဆီက စာပြန်လာတယ်။ သူ့စာမူကို သူပြင်ရေး ခဲ့ပါတယ်။ ဒါတင်မကသေးဘူးလေ။ သူ့ဘဝစာမျက်နှာလေးကို ဖွင့်ဆိုထားတဲ့ စာမူလေးတောင်ပါခဲ့ပါသေးတယ်။ စာလေးကိုပဲ သိမ်းထားလိုက်ပြီး စာမူလေးကို ကိုကျော်စွာ ခပ်ပြုံးပြုံးဖတ်နေတာ ကိုတော့ ကိုယ်မမြင်ယောင်ဆောင်နေခဲ့တာပေါ့။ ရွေးချယ်စာမူဖိုင်ထဲမှာ သူတွဲလိုက်သည်အထိ ကိုယ်ဘာမှမသိသလိုနေလိုက်ပါတယ်။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com



ရက်သတ္တပတ် လေးပတ်ခန့်ကြာမြင့်ပြီးသောအခါ တင်ဆောင်းဟန်ထံမှ စာတစ်စောင်လက်ခံရရှိခဲ့သည်။ ကျွန်မရှိနေမည်သူ ယုံကြည်စွာပင် သစ်ဆင်းတိုက်သို့လိပ်မူထားခဲ့ပါသည်။ သတိရနေမိပါသော မ. . .

ခုချိန်မှာအစစအရာရာ နေသားတကျရှိနေလိမ့်မယ်လို့ ကျွန်နော်မျှော်လင့်ပါတယ်။ ကျွန်တော်လည်း ကိုယ့်ကိုယ်ကို အချိန်တိုအတွင်းမှာနေသားတကျဖြစ်အောင် ကြိုးစားနေပါတယ်။ ကျွန်တော်အခုတောရိပ်တော်ရိပ်နဲ့အလွန်ငြိမ်းချမ်းတဲ့အရပ်လေးမှာ ရောက်နေပါတယ် ဖတ်ဖူးတဲ့ ဟိတောပဒေသ စာထဲမှာ-

"တရားကိုလိုရင် မနက်ဖြန်ပင်သေဆုံးတော့မည်ကဲ့သို့ သဘောထား၍တရားကိုရှာရမည်။ ဥစ္စာကိုလိုလျှင် မည်သည့်အခါတွင်မှ မသေတော့ဟု သဘောပိုက်၍ ဥစ္စာကိုရှာရမည်"လို့တွေ့ခဲ့ဖူးပါတယ်။

ကျွန်တော့် အတွက်တော့ သဘောထားရမယ့် ကိစ္စတစ်ခုက သိပ်ထင်ရှားနေတာမို့ ကြိုးစားရမှာပေါ့။ ဒီလိုကြိုးစားနိုင်ခွင့်ဆိုတာ ကျွန်တော့်မှာ ရှိနေသေးတာကိုပဲ အခုချိန်မှာ ကျွန်တော်နားလည်ပေးနေရပါတယ်။ ကျွန်တော် အေးအေးဆေးဆေး တရားရှာခွင့်ရနေတယ်။ စားဝတ်နေရေးအတွက် မပူပင်ရဘူး။ ပူပင်ခဲ့ရမယ့်သူ မရှိဘူး။

ဒါပေမယ့် ကျွန်တော်ရဲ့စိတ်တွေက ထိန်းချုပ်ဖို့ကြိုးစားတယ်ဆိုခါမှ ပျံ့လွင့်လှပါလားလို့ သိရတော့တယ်။ သစ်ဆင်းကို နေ့စဉ်ရောက်



နေခဲ့တဲ့အတွက် 'မ' ကို ကျွန်တော် ကျေးဇူးတင်တယ်။ စိတ်တွေပျံ့လွင့်တဲ့အထဲမှာအချိန်တော်တော်များများက သစ်ဆင်းကို ရောက်နေတတ်ပါတယ်။ ကျွန်တော့်မှာ သစ်ဆင်းကိုအမြဲရှိနေစေချင်တဲ့ဇောက အကြီးမားဆုံးပါပဲ။

ကျွန်တော်မမှားဘူးဆိုရင် သစ်ဆင်းကိုချစ်တဲ့ 'မ' ရဲ့ဆန္ဒလည်း ဒီလိုပဲရှိနေလိမ့်မယ်လို့ယူဆပြီး သစ်ဆင်းနဲ့'မ'ကို ရင်းနှီးမှုယုံကြည်မှု တွေတည်ဆောက်ဖြစ်ဖို့ စီစဉ်မိခဲ့တာ 'မ' အတွက် အနှောင့်အယှက်မဖြစ် တန်ဘူးလို့လည်း မျှော်လင့်မိပါတယ်။

ဖုန်းမြင့်ကိုလည်း ကျွန်တော်နဲ့အတူ ရှိနေပါတယ်။ သူက တရားစခန်းတွေ ဝင်ဖူးတဲ့သူ။ ကျွန်တော့်လောက် အခက်အခဲမရှိလှဘူး။ ကျွန်တော်ကတော့ ဇောတွေက ဒဏ်ပြင်းလို့ထင်ပါရဲ့။ ကြိုးစားရတယ်။ ကျွန်တော့်မေမေဆီလည်း စာရေးထားပါတယ်။ မေမေနဲ့ဖေဖေရော တရားစခန်းဝင်ပြီး တကယ်ခိုကိုးရာအစစ်အမှန် ရှာဖွေနေတာ ကျွန်တော် ဝမ်းသာပါတယ်။

ရန်ကုန်ကို လွမ်းစိတ် 'မ'နဲ့တကွ သစ်ဆင်းအဖွဲ့ကို သတိရစိတ် မိသားစုကိုတမ်းတစိတ်၊ သစ်ဆင်းကိုကြောင့်ကြစိတ်၊ စိတ်တွေကတော့ အလွန်ကိုပဲများပါတယ်။ အဲဒီစိတ်တွေကို တဖြည်းဖြည်းတော့ လျှော့ချရမှာပေါ့လေ။

သစ်ဆင်းမှာ ကျွန်တော်မရှိလို့ လိုအပ်မှုတစ်ခုခုရှိနေတယ်ဆိုရင် အဲဒီလိုအပ်မှုက 'မ' တစ်ယောက်ရှိနေတာနဲ့ အလိုလိုဖြည့်ဆည်းပေးပြီးဖြစ်လိမ့်မယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။

ကျွန်တော့်ကျန်းမာရေးအခြေအနေလည်း ကောင်းပါတယ်။ အဲဒီအခြေအနေကြီးသိပ်ဆိုးသွားမယ့်ကိစ္စမျိုးတွေလည်း ကျွန်တော်ဘာမှမလုပ်ပါဘူးလေ။ ကျွန်တော့်အတွက်လုံးဝ စိတ်မပူပါနဲ့နော်။

သတိရစွာဖြင့်-
သင့်
တင်ဆောင်းဟန်

သူဘယ်လိုဆက်သွယ်မလဲဟူသောအတွေးဖြင့် ကျွန်မတခါတရံမှာစိတ်ကူးတွေ လွင့်မြောနေမိရတာ မောပန်းမောရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



စိတ်ပျက်အားပျော့မမျှော်လင့်တော့သောအချိန် လက်ခံရရှိခဲ့၍ ကျွန်မ အလွန်ပဲဝမ်းသာသွားခဲ့ရသည်။ သူ့လက်ရေးကို ကျွန်မ မမြင်ဖူးခဲ့။ စာအစမှာ သတိရမိပါသောမ ဟူသောစာကြောင်းလေးကြောင့် သူပဲဟု သိခဲ့တာပင်။ စာအဆုံးသတ်လက်မှတ်ထိုးထားသော နေရာကို ကြည့်မိလျှင် သူထိုးမြဲလက်မှတ်မှာ ခပ်ရှင်းရှင်း။ တင်ဆောင်းဟန်ဟု ဖတ်ရသိသာပါသည်။

"မေနှင်းရေ တင်ဆောင်းဟန်ဆီကစာ"

သူပဲ သေချာသည်နှင့် တစ်ဘက်စားပွဲမှမေနှင်းသို့ ဝမ်းသာအားရဖို့ အဖော်ညှိမိသည်။

"ဟုတ်လား ဖတ်ပါမိုး ဖတ်ပါ။ ဘာတွေများရေးထားလဲ။ သူဘယ်ရောက်နေလည်းသိရအောင်။

စာပါအကြောင်းအရာနှင့် သစ်ဆင်းအဖွဲ့ကိုသတိရတာ ပြောပြခဲ့လျှင် မေနှင်း နှစ်သိမ့်စွာပြုံးနေသည်။

"သတိရသေးတယ်နော်။ဘယ်ရောက်နေလဲမသိတာခက်တာ"

မေနှင်း ခပ်ညည်းညည်းပြောခဲ့သည်။

ကျွန်မ သူ့ထံမှစာကို ဒုတိယအကြိမ်ပြန်ဖတ်ပြီးချိန် တစ်စုံတစ်ယောက်ကိုသတိရ ရှာဖွေလာမိသည်။ ကိုကျော်စွာ။

သူကွန်ပျူတာရိုက်ပင်မပျက်။ ကျွန်မကြာကြာကြည့်နေလိုက်မိသည်ကို သူ သိဟန်ရှိလာခဲ့သည်။ မော်မကြည့်ဘဲ-

"သူ့ကျန်းမာရေးအကြောင်း သူ့ဆရာဝန်ကို ပြောပြထားသေးလား"

လှမ်းမေးခဲ့သည်။ ကျွန်ပျူတာ ဖန်သားပြင်ပေါ်စိုက်ထားသော သူ့အကြည့်များက အနည်းငယ်မျှပင် ရွေ့လျားလာခြင်း မရှိခဲ့။

"စိတ်မပူနဲ့ဆိုတာကလွဲလို့ ဘာမှမပါပါဘူး"

ဖြေခဲ့သော ကျွန်မအသံမှာ စိတ်တွင်း သံသယတစ်စုံတစ်ရာဖြင့် ခပ်တိုးတိုး ဆဆပေ။

♣ ♣ ♣



တိတ်ဆိတ်နေတဲ့ မင်းရဲ့အသံကို ကိုယ်တို့ကြားကြရပြီနော်။

အသံဘယ်ကလာသည် ဆိုတာကတော့ မေးခွန်းလက္ခဏာတစ်ခုအဖြစ်ဆက်ရှိနေတုန်းပဲ။

မမပန် လွင်သောင်းဒန်နဲ့ အန်တီ၊ အန်ကယ်လ်တို့လည်း မင်းရဲ့စာတွေ လက်ခံရရှိခဲ့ကြတယ်။ ကိုယ်နဲ့တစ်ချိန်တည်းလို မင်းဆက်သွယ်ခဲ့တာ။ စာထဲမှာအချိန်ကြာမြင့်စွာ မင်းဆက်လက်ပျောက်ကွယ်နေလိုသေးတဲ့ အရိပ်သဏ္ဍာန်မြင်ရတာမို့ အားလုံးပဲမင်းအတွက် စိုးရိမ်ပူပန်လာရတော့တယ်။မင်းရဲ့ကျန်းမာရေးအခြေအနေကို စိုးရိမ်အကြောင့်ကြဆုံးပေါ့။ ဆေးကုသမှုခံယူနေတဲ့ ရက်ချိန်းအချို့ကိုလည်း မင်းကျော်လွန်နေခဲ့ပြီ လေ။ မင်းကိုရှာဖွေတော့ဖို့ ကိုယ်တို့တွေ ဆုံးဖြတ်လိုက်ကြတယ်။ ဘယ်လို ရှာဖွေရမလည်းဆိုတာတော့ ဘယ်သူမှ မသိကြဘူး။ မင်းရေးလိုက်တဲ့ စာအိတ်ပေါ်က စာတိုက်တံဆိပ်က ရန်ကုန်စာတိုက်ကြီးဖြစ်နေတာ ကတော့ ထူးဆန်းမနေဘူးလား။ ဘယ်သို့ပဲဖြစ်ပါစေ။ ကိုယ်တစ်ဦးတည်း အနေနဲ့လည်း မင်းကို သိပ်တွေ့ချင်နေမိပါပြီ တင်ဆောင်းဟန်။ ဒီတစ်ကြိမ်မှာတော့ ကိုယ့်ရဲ့အခက်အခဲကို မင်းကူညီဖြေရှင်းပေးလှည့်ဖို့ ကိုယ်မင်းကို တွေ့ချင်နေမိတာပါ။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မမှာ တွေးဆစဉ်းစားနေရဆဲ။ လွင်သောင်းဒန်က မယ်ဒီထရိတ်မှ ထွက်နှင့်ပြီပင်။ ဆေးကုမ္ပဏီများမှ အလုပ်လစ်လပ်နေရာများကို ကျွန်မလေ့လာမိစဉ် နိုင်ငံခြားဒ့ဆေးကုမ္ပဏီတစ် ခုရဲ့ အရောင်း ကြော်ငြာဌာန လက်ထောက်မန်နေဂျာ ာဖြစ် လွင်သောင်းဒန် အလုပ်ဝင်လိုက်ခဲ့ပြီ။

"အရင် တက်စီဆွဲဖူးတဲ့အတွေ့အကြုံက အခုဆေးကြော်ငြာရဲ့တော့မှ တကယ်အသုံးတည့်တော့တာ"

လွင်သောင်းဒန် ရယ်ဟဟ ပြောခဲ့သည်။ ကုမ္ပဏီကပေးသောကားကို ကိုယ်တိုင်မောင်းရကာ ရန်ကုန်တစ်မြို့လုံးက ပြည်သူ့ဆေးရုံ၊ ပရိုက်ဗိတ်ဆေးရုံ၊ ဆေးခန်း၊ ဆေးဆိုင်များသို့ သူလှည့်လည်နေရတတ်သည်။တက်စီဆွဲဖူးသော အတွေ့အကြုံ အသုံးတည့်တာသာထည့် ပြောလျက် အင်္ဂလိပ်စာဘာသာရပ်ကျွမ်းကျင်လှတာ၊ ကွန်ပျူတာတတ်ကျွမ်းထားတာများကိုမူ သူထုတ်မပြောခဲ့။ အလုပ်က လိုအပ်သောအရည်အချင်းတွေ သူ့မှာရှိနေခဲ့တော့ သူအလုပ်အပြောင်းအလဲမှာ အခက်အခဲဆိုတာ မရှိခဲ့။ အလုပ်ထဲမှာ ပျော်ပိုက်သလားဟုမူ ကျွန်မ မမေးဖြစ်ပါ။ အခြားအလုပ်တစ်ခုမှာ ပျော်ပိုက်ဖို့ဆိုတာ လူနာများစွာကို ကုသကူညီဖူးခဲ့သူ ဆရာဝန်တစ်ဦးအတွက် အခြေအနေအမျိုးမျိုးတွေ အများကြီးလိုပေမှာပဲ။ ကျွန်မ စာနာတွေးဆကြည့်နေမိခဲ့၍ပါပေ။

သူ့လုပ်ငန်းခွင်လှုပ်ရှားမှုတွေမှာ မက်ဒီထရိတ်မှာ လူနာကြည့်စဉ်က ကဲ့သို့ပင် စိတ်အားထက်သန်ခြင်းဖြင့်ဖျတ်လတ်နိုးကြားဆဲ။ ကြည့်မြင်ရတာ ဆေးကုမ္ပဏီအလုပ်ကိုပဲ သူ မွေးကတည်းက လုပ်လာ



ခဲ့တော့သလို။ တစ်ကြိမ်မှာ သူနှင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးရဲ့ သမားတော်ကြီးတစ်ဦးအခန်းရှေ့မှာ အတူစောင့်ဖြစ်သည်။ ဆရာကြီးက ကျွန်မတို့နှစ်ဦးကို တစ်ခါက သူ့တပည့်များအဖြစ် မှတ်မိလေသည်။ ကျွန်မ ဦးလေးအကြောင်းဆွေးနွေးပြီးဖြစ်ပေမယ့် နေရာမှ မထဖြစ်ခဲ့သေးပါ။ ဦးနှောက်အာရုံကြောနှင့်သက်ဆိုင်သော ဆေးတစ်မျိုးအကြောင်းကို ဆရာကြီးအား သူရှင်းလင်းပြေပြနေတာ ကျွန်မနားထောင်ဖြစ်ခဲ့သည်။ ဆေးရဲ့ရာဇဝင်မှစ၍ ကောင်းကျိုး၊ ဆိုးကျိုး၊ ဘေးထွက်အန္တရာယ်၊ တည်ဆောက်ပုံ၊ ခန္ဓာကိုယ်ထဲရောက် ဆေးရဲ့ဖြစ်ပျက်ဆောင်ရွက်မှုများ။ ဆေးကြော်ငြာနေသည်နှင့်မတူဘဲ ဆေးဝါးဗေဒ သင်ပြနေတဲ့ ဆရာပေါက်စလေးနှင့်ပင် ပိုတူနေတော့သည်။

ဆရာကြီးပြန်လည်မေးသော သီအိုရီမေးခွန်းများကိုလည်း ကျေနပ်သည်အထိသူပြန်ဖြေပေးခဲ့သည်။

"တစ်ခုတော့ရှိတယ် မောင်လွင်။ မင်းလည်း ဆရာဝန်တစ်ယောက်ပဲ။ ကိုယ် ကိုယ်တိုင် တကယ်စိတ်ချတဲ့ဆေးကို ကြော်ငြာရင်တော့ ကုသိုလ်တစ်မျိုးရနိုင်မယ်လို့ ဆရာ "ထင်ပါတယ်"

လွင်သောင်းဒန် ရို့ကျိုးစွာ-

"စိတ်ချပါဆရာ။ ကျွန်တော်လည်း ဒီသဘောပဲထားပါတယ်"

ဆရာကြီးအခန်းတွင်းမှ ထွက်လာမိတော့ ကျွန်မသူ့ကို ပြောမိ "သည်။

"ဆရာက ကိုလွင်သောင်းဒန်အပေါ် အတော်သံယောဇဉ်ကြီးပုံရတယ်နော်"

"ဟုတ်တယ်မမိုး။ ကျွန်တော် Part2 တုန်းက ဆရာကို စာမေးလွန်းလို့ ကောင်းကောင်းမှတ်မိနေတော့တာ"

"ဆေးအကြောင်းတွေ Phamacology ဆွေးနွေးရတာဆိုတော့ တော့ကောင်းကောင်း ပိုင်ရမှာထင်တယ်"

"ဆရာကြီးမို့ပါ မမိုးရယ်။ ကျွန်တော့်ကို အရေးတယူရှိတာ တခါတလေ လုံးဝခွင့်မရတာလည်းရှိပါတယ်။ ကြော်ငြာရတာကလည်း ဆေး။ ပြီးတော့ ကိုယ်ပြောတာ နားထောင်မယ့်သူကလည်း ဆေးဝါးတွေကို လက်တွေ့သုံးပြီး သိနေတဲ့ အထူးကု ဆရာဝန်ကြီးတွေ၊

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ဆရာသမားတွေ။ မင်းဘာလာပြီး ဝါးပြန်ပြီလဲ ဟောလို့ နောက်ရင်တောင် ကိုယ့်မှာဘာပြန်ပြောရမယ်မှန်း မသိတော့ဘူး"

လွင်သောင်းဒန် ခပ်ညည်းညည်းပြောရင်း ရယ်မောသည်။ ထိုရက်ကသူ့ကားကြုံဖြင့်ပင် ကျွန်မလိုက်ပါလာဖြစ်ခဲ့သည်။ ကျွန်မကို သစ်ဆင်းမဂ္ဂဇင်းတိုက်သို့ ပို့ပေးမည်။ တစ်ခရီးတည်းမှာရှိနေသော ပုရိုက်ဗိတ်ဆေးရုံကြီးတစ်ရုံသို့ အရင်ဝင်ဖို့ သူခွင့်တောင်းခဲ့လျှင်-

"ရတယ်လေ။ ကျွန်မ သစ်ဆင်းမှာ အရေးကြီးကိစ္စမရှိပါဘူး။ စာအုပ် ထွက်ပြီးစ တစ်ပတ်တော့ နည်းနည်းအားတတ်ပါတယ်။ တိုက်မှာလည်း လူစုံမယ်"

ကားကို ဆေးရုံရှေ့ ကားပတ်ကင်တွင် သူနောက်ပြန်ထိုး၍ ရပ်သည်။ သူဆေးရုံထဲသို့ လျှောက်ဝင်သွားခဲ့ပါသည်။ ဆေးရုံမှာ လမ်းမကျယ်ပေါ်ရှိ အဆောက်အအုံကြီးတစ်ခုဖြစ်လျက် အဆောက်အအုံရဲ့ အောက်ထပ်ကို လမ်းပေါ်မှ လှမ်းမြင်နိုင်နေခဲ့သည်။ ကားရပ်ရန်နေရာရဲ့တည့်တည့်မှာ ဆေးအရောင်းကောင်တာရှိတယ်။ ဆေးရုံအုပ်ချုပ်ရေးမှူးရဲ့ မှန်ပြည့်အခန်းထဲသို့ သူဝင်သွားသောအခါ ကျွန်မက ဆေးအရောင်းကောင်တာဧရှ့မှာ ရစ်ကျန်ရစ်သည်။ အလူမီနီယမ်အနားသတ် မှန်ဘီရိုများကို စိတ်ဝင်စားနေမိခဲ့သည်။ အချိန်အနည်းငယ်လင့်ပြီးမှ သူပြန်ထွက်လာခဲ့သည်။ လက်ထဲက ဖိုင်ကိုဖွင့်လျှက် ကြည့်လာသည်က လမ်းလျှောက်ရင်းဖြစ်လေ၏။ ဆေးကောင်တာရှေ့မှ ကျွန်မကို သူဖြတ်ကျော်သွားပြီးမှမြင်သည်။ ကျွန်မနှင့်စကားပြောနေသော အရောင်းကောင်တာမိန်းကလေးမှာ လွင်သောင်းဒန်နှင့် သိကျွမ်းခင်မင် နေခဲ့ပြီးဟန်။ သူမကိုပါ လွင်သောင်းဒန် ပြုံးပြနှုတ်ဆက်ခဲ့သည်။

"ကျွန်တော်ဆေးတွေ ရောင်းဖြစ်ပါရဲ့လား"

"အမှာစာတောင် ထပ်တင်ထားပေးပါတယ် ဆရာရဲ့"

လွင်သောင်းဒန် ဖိုင်လ်ကြားမှ စတစ်ကာလေးတစ်ခု ထုတ်လျက်-

"ဒီစတစ်ကာလေး ဘယ်နေရာမှာ ကပ်ရင်ကောင်းမလဲ"

မိန်းကလေးသို့ လှမ်းမေးခဲ့သည်။

ရှပ်ပုံ ဘလောက်အဖြူကို စကတ်အစိမ်းနုရောင်နှင့် တွက်ဖက်



ဝတ်ထားသော အရောင်ဝတ်စုံနှင့် မိန်းကလေးက သူမ နောက်ဘက် မကျတကျနေရာလေးသို့ ညွှန်ပြသည်။

"အဲဒီနေရာလေး ကောင်းတယ်။ ကျွန်မက ဒီနေရာမှာပဲ အမြဲလို ရပ်ပြီးနေရတော့ ကျွန်မကိုယ်နဲ့မကွယ်ဘဲ အဲဒီနေရာမှ ပိုပြီး ပေါ်မှာ။ ကျွန်မလှမ်းကြည့်လိုက်ရင်းလည်း မြင်ရတဲ့နေရာ။ ဒီတစ်ခါ ဆေးကြော်ငြာ စတစ်ကာလေးက လှတယ်နော် ဒေါက်တာ"

"ကျေးဇူး"

လွင်သောင်းဒန်ရဲ့ ပေါ့ပါးဖျတ်လတ်သော လှုပ်ရှားဟန်က အရောင်းကောင်တာက မိန်းကလေးများ ညှို့လက်ခံရာဌာန မိန်းကလေးများကို ငေးမိနေစေခဲ့တာပင်။

ဒါပေမယ့်လည်း ဒေါက်တာရယ်။ ဆိုတာကမူ ကျွန်မ ရင်ထဲက ခပ်တိုးတိုး မကျေလည်သေးလေး။ အလုပ်ခွင်ထဲမှာ စိတ်အားထက်သန် ဈာန်ဝင်လွယ်တတ်သည့်အရည်အချင်းတွေနှင့် လွင်သောင်းဒန်ကို ရရှိတာ ကုမ္ပဏီအတွက် အကျိုးများလှတယ်။ ကျွန်မတွေးနေမိခဲ့ပါသည်။

သူ့အုပ်ချုပ်သူ လူကြီးဖြစ်သော Country Manager မှာ ဩစတေးလျအမျိုးသားတစ်ဦးဖြစ်ပါ၏။

"ကိုလွင်သောင်းဒန် အဲဒီဩစတေးလျကြီးနဲ့ သုံးနာရီကြာ အောင် အင်တာဗျူးကြတယ်ဆိုတာ ဘာတွေများဒီလောက်ပြောနေကြတာလဲ"

ကျွန်မက သူ့အလုပ်ဝင်အင်တာဗျူးအကြောင်း စိတ်ဝင်တစား မေးမိလျှင် လွင်သောင်းဒန်က ဟက်ဟက်ပက်ပက် ရယ်မောသည်။ ကျွန်မပင် သူ့အရယ်အမောကို မင်သက်ငေးမိရသည်။

(ရယ်မောလိုက်လျှင် အပြစ်ကင်းစင်ကြည်လင်ရိပ်မှာ အစ်ကို ဖြစ်သူ တင်ဆောင်းဟန်နှင့် တစ်ဆင်တည်း)

"မသိတော့ပါဘူးဗျာ။ မြန်မာပြည်ဆေးလောကနဲ့ ကြော်ငြာမီဒီယာကြီးတစ်ခုလုံး သူသိချင်တာတွေမကုန်နိုင်အောင်ပဲ။ အဲဒီတုန်းက အခုမြန်မာမန်နေဂျာက သူနေပေးဖို့လိုမလား မေးသေးတယ်။ ကျွန်တော့်အနိုင်ဖဲက အဲဒါပဲမမိုးရဲ့။ ရပါတယ်၊ နေဖို့မလိုဘူးလို့ ကျွန်တော်ပြောလိုက်တာ ကိုယ့်ကိုယ်ကို ယုံကြည်လွန်းလို့မဟုတ်ဘူး။ ကိုယ့်ဘာသာစကားမဟုတ်တာကို အချင်းချင်းရှေ့မှာပြောရမှာ ပိုပြီး

www.burmeseclassic.com

www.burmeseclassic.com



နှုတ်မရဲတတ်ဘူး။ မှားမှာပိုကြောက်ပြီး၊ ပိုရှက်ရသလိုပဲ။ ကိုယ်နဲ့ နိုင်ငံခြားသားနှစ်ယောက်တည်းရှိနေတော့ ဆက်သွယ်နိုင်ဖို့ သူကလည်း ကိုယ်နားလည်အောင် ကြိုးစားပြောတယ်။ ကိုယ်ကလည်း သူနားလည် အောင် ကြိုးစားတယ်။ အဲဒါနဲ့ အင်းတာဗျူးက သုံးနာရီကြာသွားတာ ဖြစ်မှာပေါ့"

"လွင်သောင်းဒန်က အင်္ဂလိပ်ဘာသာရပ်မှာ တော်ကိုတော် ပါတယ်။ မင်းအမြဲလေ့လာနေတာ ကျွန်မအမြဲတွေ့နေတာပဲ"

လွင်သောင်းဒန် မျက်နှာမှိုင်းသွားလျက်-

"ကိုကိုက ကျွန်တော့်ထက်ပိုတော်ပြီး အများကြီးလည်း ဖတ်နိုင်တာ"

ဟု ခပ်တိုးတိုးပြောခဲ့သည်။ တင်ဆောင်းဟန်သို့ သူသတိရ ငြိမ်သက်သွားခဲ့ပါသည်။ သတင်းစာထဲမှာ 'ကိုဆောင်း. . . သို့' ဟု ကြော်ငြာတိုလေး ထည့်နေခဲ့တာနှစ်ရက်ရှိသွားပြီလည်းဖြစ်သည်။ တင်ဆောင်းဟန်ရဲ့ နီးစပ်ရာ သူငယ်ချင်းများအားလုံးထံလည်း စုံစမ်း ပြီးခဲ့သည်။ အနေဝေးနေသော သူငယ်ချင်များက-

"တင်ဆောင်းဟန် ဘာဖြစ်လို့လဲ"

ဟု ပြန်လည်စုံစမ်းကြတော့ လွင်သောင်းဒန်ကပင် အမှန်ကို ဖွင့်မပြောဖို့ ဆုံးဖြတ်သည်။

"ကိုကိုက သူငယ်ချင်းတွေကို သူ့အတွက်စိတ်ပူပြီး သောကရောက်စေချင်မှာ မဟုတ်ဘူး"

ငြိမ်သက်သွားခဲ့သော သူ့ကို စကားလွှဲပြောင်းရန်-

ကျွန်မလည်း ကိုလွင်သောင်းဒန်လို ဒစ်ရှင်နရီထဲက အင်္ဂလိပ် ဝေါဟာရတွေ တစ်ရက် ဆယ်လုံးနှုန်းနဲ့ ကျက်ဦးမှပဲ။ ဒါပေမယ့် အခုမှ ကျွန်မက ကျက်ရမှာဆိုတော့ မင်းကိုအမီလိုက်နိုင်အောင် တစ်ရက် အလုံး ၁၀၀လောက် ကျက်မှဖြစ်တော့မယ်။ အဲဒါနဲ့ပဲ တစ်နေ့လုံးပြီးရော။ တခြားအလုပ်မလုပ်နဲ့တော့လေ"

ကျွန်မပြုံးရယ်ပြောမိသည်။

လွင်သောင်းဒန် ကျွန်မသို့ ခပ်ကြာကြာခဲ့ရင်း-

"မမိုးက ကိုကို့လိုစာသမားပဲ။ မမိုးရဲ့ နောက်ဝါသနာတစ်ရပ် က စာပေလို့ သိထားတယ်လေ။ ကျွန်တော် အကြံပေးရရင်တော့ မမိုး



သစ်ဆင်းမဂ္ဂဇင်းကို သဘောမကျဘူးလား။ အခြေအနေပေးရင် ကျွန်တော်လည်း Further Stydy သွားချင်သေးတယ်။ မမလည်း ဒီလိုပါပဲ။ ဒါတွေကလိုတော့လိုပါသေးတယ်လေ။ ဒါပေမယ့် ကျွန်တော် တို့ တောင်းဆိုတာတွေ များလွန်းနေပြီမထင်သေးရင်တော့ ပြောပါရစေဦး။ ကိုကိုနဲ့ ကိုကို့မဂ္ဂဇင်းနားမှာ မမိုးကို ရှိစေချင်တာပါပဲ"

တစ်ခါတစ်ရံ လွင်သောင်းဒန်ဖွင့်အန်လာတတ်သော စကားလုံးတွေက ကျွန်မမျက်နှာပြင်ကို ထူပူစေလျက် နားရွက်ဖျားများကို နွေးရှိန်စေလှပါသည်။ ဘာမှလည်းမဟုတ်ကြပါပဲနဲ့ သူပြောတာတွေက ဘာမှန်းကိုမသိဟု ကျွန်မ စိတ်တိုချင်ချင်ပင် ဖြစ်ရတတ်ပါ၏။ ရှက်ရယ် ရယ်မောရင်း-

"ဟုတ်တယ်။ တရားမဝင် တောင်းဆိုမှုတွေ သိပ်များ နေပြီနော်" ဟုသာကျွန်မပြောဖြစ်ခဲ့သည်ချည်း။

မင်းမရှိနေတာ ကိုယ့်အတွက် လိုအပ်ချက်အစစ်အမှန်တော့ ဖြစ်တယ်။ ဒါပေမယ့် မင်းအကြောင်းတွေးရင်း လှုပ်ရှားနေရတာ အင်အားတွေ ရှိနေခဲ့သလိုပါပဲ။

မြန်မာပြည်တစ်တောင့်တစ်နေရာမှာ မင်းရှိနေတယ်။ အေးဆေးရဲဝံ့မှုသိပ်စွာ ဘဝကို ရင်ဆိုင်နေတယ်။ မင်းရဲ့အပြုံးအေးဆေး တွေဟာ ကိုယ့်အတွက်က ကိုယ့်အာရုံတွေကို ပိုမိုနိုးကြားနေစေခဲ့တာ။

ကိုယ့်အတွေးစိတ်ကူးစိတ်သမ်း တွေဟာ မင်းထံ ပျံသန်းရောက် ရှိသွားပြီး မင်းပေးလိုက်တဲ့ ခွန်အားတွေနဲ့အတူ ကိုယ့်ဆီပြန်ရောက်လာ ခဲ့သလိုပဲလေ။

ဘဝလမ်းချိုးတစ်ကွေ့ အတွက် ပိုကြိုးစားနေရတဲ့အချိန်မှာ မင်းကိုသတိရအောက်မေ့ရင်း ခွန်အားယူနေမိပါတယ်။ ကိုယ်အလုပ် သစ်တစ်ခု ပြောင်းလဲတော့မယ်လေ။

မျက်မြင်သိသာထင်ရှားတဲ့ပြောင်းလဲမှုတွေဟာ ကိုယ့်ရဲ့ အငမ်းမရ ကြိုးစားနေမှုတွေလို့ သူငယ်ချင်းတွေကတော့ပြောကြတယ်။

ကိုယ့်ကိုယ်ထဲက အဆူညံဆုံး လှုပ်ရှားနေကျ နှလုံးသား စက်ရုံနားမှာတော့ စမ်းချောင်းရေလျှင်လျှင်လေးတစ်ခု တသွင်သွင် စီးဆင်းနေခဲ့ပါတယ်။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com

"မမိုးကြည်ဝေ ဖုန်းလာပါတယ်"

ကွန်ပျူတာ သင်တန်းအထိ ဖုန်းလှမ်းခေါ်ရလောက်အောင် ကျွန်မမှာ အရေးတကြီးကိစ္စမရှိပါ။ ကွန်ပျူတာ သင်တန်းဆရာတစ်ဦးက လာပြောစဉ် ကျွန်မ အနည်းငယ် အံ့အားသင့်မိစွာ ဖုန်းလက်ခံရန် လာခဲ့ရသည်။

"မိုးကြည်ဝေပါ"

"ဟဲလို မ"

ဖုန်းထဲမှ အသံက ကျွန်မကို မင်သက်တိတ်ဆိတ်သွားစေခဲ့ပါသည်။

"တင်ဆောင်းဟန်ပါ 'မ'။ 'မ' နေကောင်းရဲ့လားဟင်"

ကျွန်မက မေးရမှာဟု မပြောရက်စွာ ငြိမ်သက်နေမိဆဲ။ သည်တွင် သူ့ရယ်မောသံသဲ့သဲ့ကို ကြားလိုက်ရသည်။

"ကမ္ဘာထဲ အချင်းချင်းအဆက်အသွယ်ပါ မရယ်။ တခြားကမ္ဘာကဆက်တာ မဟုတ်ပါဘူး"

သူ့ရယ်သံက အေးဆေးပျော့ပါးသော သူ့အပြုံးသဲ့သဲ့များကိုပါ တစ်ပါတည်း ယူဆောင်လာခဲ့သည်။

"အဆက်အသွယ်ရတာ သိပ်ဝမ်းသာတာပဲ ကိုတင်ဆောင်းဟန်ရယ်။ ကျွန်မ နေကောင်းပါတယ်။ ကိုတင်ဆောင်းဟန်ရောဟင်"

သည်အဖြေပေးခဲ့စဉ် သူ့အသံတိုးလျသွားလေသလား။ ကျွန်မကြောင့်ကျမိတာဖြစ်မှာပါ။



"ဘယ်ကဆက်နေတာလဲဟင်။ ပြန်လာခဲ့တော့မှာ မဟုတ်လား။ ဒီထက်တော့ စိတ်ပူအောင်မလုပ်သင့်တော့ဘူးနော်။ ကိုတင်ဆောင်းဟန် အိမ်ကလှမ်းဆက်တာပဲ နေမှာပါ"

သူ့ရယ်သံသဲ့သဲ့ ကြားရပြန်ပါသည်။

"အမေးတွေကလဲ ဆင်ခြေလျှောမှာ ကျောက်ခဲတွေ လိမ့်ဆင်းလာသလိုပါလား"

အရေးထဲမှာ စာရေးဆရာကလည်းဟု ကျွန်မတွေးလိုက်မိသေးသည်။

"ကျွန်မလာခဲ့မယ်လေ။ ဘယ်ကိုလာရမလဲ။ အိမ်မှာလား။ တိုက်ကိုလား"

ကျွန်မစိတ်ထဲမှာဖုန်းလိုင်းပြတ်သွားမှာ စိုးရိမ်နေမိပါသည်။

"ကျွန်တော်သိပ်မကြာခင်ပြန်ရောက်တော့မှာပါ။ သတင်းစာလည်းတွေ့ပါတယ်။ ကျွန်တော့်အတွက်ပဲစဉ်းစားနေမိတော့ သူများတွေ စိတ်ပူနေကြမှာ မသိသလိုဖြစ်သွားရတယ်။ အဲဒီအတွက် ကျွန်တော် စိတ်မကောင်းပါဘူး"

"မဟုတ်ဘူး ကိုတင်ဆောင်းဟန်၊ စိတ်မကောင်းမဖြစ်ပါနဲ့။ ကိုတင်ဆောင်းဟန်နဲ့ အဆက်အသွယ်ရမယ်၊ နေလည်းကောင်းတယ် ဆိုတာသိရရင် တစ်ပတ်တစ်ကြိမ်လောက်တွေ့နိုင်မယ်ဆိုရင် မင်းအစဉ် ပြေနေတဲ့ ဝန်းကျင်မှာ နေနေလို့ရပါတယ်။ မမပန်တို့ လွင်သောင်းဒန်တို့ရဲ့ သဘောလည်းဒီလိုပါပဲ။ ကျွန်မတို့ မင်းကိုမနှောက်ယှက်ချင်ဘူး။ မင်းအေးအေးဆေးဆေးပဲ နေချင်တယ်ဆိုရင်လေ။ အများကြီးစဉ်းစားပြီးမှ သတင်းစာထဲ ထည့်ခဲ့ကြတာပါ"

"နားလည်တယ် 'မ'။ ကျွန်တော်နားလည်ပါတယ်။ အိမ်ကို ဖုန်းမဆက်တော့ဘူး။ 'မ' ပဲ ပြောပေးပါတော့။ ကျွန်တော်သိပ်မကြာခင် ပြန်လာမယ်။ နေလည်းကောင်းတယ်။ စိတ်မပူကြဖို့" လုပ်ပြန်ပြီ။ ကျွန်မကိုပြောခိုင်းပြန်ပြီဟု စိတ်အိုက်မိသော်လည်း သူ့ကို မငြင်းသာသည်နှင့်။

"ဟုတ်ပါပြီလေ။ အမြန်ဆုံးဆိုတော့ မနက်ဖြန်လား"

"နောက်တစ်လ သစ်ဆင်းမှာ ကြည်ဖြူရွှေ့စာကို စောင့်ကြည့်ချင်သေးတယ်။ သူ့စာ ပါဦးမှာလား မ။ သူ့စာကို

www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်ကြိမ်ဖတ်ရပြီးမှ ကျွန်တော်ပြန်ချင်တယ်"

ကျွန်မ မျက်နှာပြင်နွေးရှိန်ခဲ့ရပါသည်။ ကိုကျော်စွာနှင့်အခြေအတင်ပြောခဲ့ရသောရက်ကို သတိရသည်။

"ကလောင်နာမည်တူ မ-ဟာသံ်ာတ ရှိနေတယ်လေ။ ဆရာဝန်စာရေးဆရာမ တစ်ယောက်ပဲ။ မ ဆိုတဲ့နာမည်တော့ မယူသင့်တော့ဘူးထင်တယ်။ ပြီး ပြောရမယ်ဆိုရင် စာညွှန်းစာနုတွေကို သစ်ဆင်းမှာတော့သုံးလေ့မရှိခဲ့ဘူး"

"ရတယ်လေ။ ကျွန်မ စာမို့ ထည့်ပေးရမယ် မဆိုပါဘူး။ ကိုကျော်စွာပြောသလို စာဖတ်ရင်း ရင်ထဲက ပြုံးလာမိတာမျိုး မဟုတ်ရင် မသုံးပါနဲ့"

ထိုသို့ပြောစဉ် ကျွန်မကိုယ်တိုင်လည်း အစစ်ဆေးခံချင်သလို ရှိနေခဲ့ပါသည်။ စာတည်းချုပ် မကြိုက်ရင်ပယ်ပါစေ ကျွန်မခံယူထားခဲ့သည်။

"အလွမ်းကို ခွန်အားတွေနဲ့ ခြယ်မှုန်းထားတာမို့ သစ်ဆငဲးရဲ့မူနဲ့တော့ သိပ်မဝေးပါဘူး။ ကျွန်တော်တို့ ကလောင် နာမည်ကိစ္စပဲ စဉ်းစားရအောင်။ အမြဲသုံးမယ့် ကလောင်နာမည်မျိုးမို့ အရွယ်မရွေးတဲ့ နာမည်ဆိုရင် ပိုသင့်မယ် ထင်တယ်"

"ကျွန်မ ဒီတစ်ပုဒ်ပဲ ရေးဖြစ်မယ်ထင်ပါတယ်။ သူ ဖတ်မိစေချင်လို့"

ကျွန်မနဲ့ တင်ဆောင်းဟန်ရဲ့ဆက်သွယ်နေမှုတွေကို ဘယ်လိုများလဲ စိတ်ဝင်စားပုံမပြတတ်သော ကိုကျော်စွာနှင့် တင်ဆောင်းဟန် အကြောင်းပြောကြရတာ ကျွန်မအတွက် သက်သက်သာသာ ရှိလှပါသည်။

အခုလည်း ကျွန်မစကားက သူ့အတွေးစကိုဖြတ်နိုင်ဟန်မတူပါ သူ့စကားကိုသာ ဆက်ပါသည်။

"ကြည်ဖြူဝေ ကြည်ဖြူဝေ ဆိုရင်ရော"

ထိုအမည်ကို ရုတ်တရက်ပင် နှစ်ခြိုက်သွားမိပါသည်။ သို့စဉ်လျက် ကျွန်မ ဏ္ဍေနြတည်တည်ဖြင့်ပင်-

"နာမည်တူရှိနေရင်တော့ ဘယ်တတ်နိုင်ပါမလဲလေ။ ကြည်ဖြူဝေဆိုတော့ မိုးကြည်ဝေဆိုတဲ့နာမည်နဲ့ သိပ်မကွာလို့



တစ်မျိုးတော့တစ်မျိုးပဲ"

'အောက်မေ့ဖွယ်သူ'ကို ကိုကျော်စွာက သရုပ်ဖော် ပန်းချီရေးပေးခဲ့သေးသည်လေ။

"မ အဲဒီဘက်မှာ ရှိသေးရဲ့လား"

"ရှိပါတယ်"

"ဘာဖြစ်လို့ တိတ်ဆိတ်သွားတာလဲ"

"နောက်လဖတ်နိုင်ဖို့ ဘယ်လိုထည့်လို့ မိမလည်း စဉ်းစားနေတာ"

"ဒါဆိုရင် ကျေနပ်ပြီ။ တစ်ပုဒ်ထဲပဲ ရေးမယ်ဆိုတာ မဟုတ်ဘူးမဟုတ်လား။ ကျွန်တော်လည်း ပြန်လာခဲ့ပါတော့မယ်"

"ကိုယ်တို့ မျှော်နေကြမှာ"

ဖုန်းချပြီးသွားသောအခါ ကျွန်မယောင်ဝါးစွာ ဖုန်းအနီးမှာ ရပ်နေမိသေးဆဲ။ အခုန ကွန်ပျူတာ ဆရာအမျိုးသားက ချဉ်းကပ်လာခဲ့ပါသည်။ ကျွန်မ သူ့ကိုပြုံးလျက်-

"ကျေးဇူးတင်ပါတယ်"

ကျေးဇူးတင်စကားဆိုဖြစ်သည်။

ကွန်ပျူတာ ဆရာက ရင်းနှီးသော တုံ့ပြန်ပြုံးဖြင့်

"ကျွန်တော် ကိုကျော်စွာသူငယ်ချင်း မြတ်သီဟပါ မမိုးကြည်ဝေ ကျွန်တော်နဲ့ ကိုကျော်စွာက တစ်နှစ်တည်းဆင်းတဲ့ ကွန်ပျူတာ တက္ကသိုလ်ထွက်တွေပါ။ သူ ဒီစင်တာကို အမြဲရောက်တတ်ပါတယ်"

"ဟုတ်ကဲ့ဆရာ။ တွေ့ရတာဝမ်းသာပါတယ်"

သင်တန်းသား အများထဲမှ ကျွန်မထံ သူတန်းမတ်စွာ လာခဲ့ပြီး ဖုန်းလက်ခံရန် ခေါ်စဉ်က ကျွန်မ အံ့သြ သွားမိသေးသည်။ တင်ဆောင်းဟန်နှင့် ဖုန်းထဲမှာပြောကြစဉ် သူ သတိလက်လွှတ်မလားမသိ။ သူ ဘယ်လိုသိနိုင်မှာလဲ။

ကျွန်မရဲ့ ကိုကျော်စွာအပေါ် သံသယများ ပိုမိုခိုင်မာလာခဲ့ပြီ။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ မေနှင်းနှင့် ကိုလှိုင်ဖေတို့ တင်ဆောင်းဟန်အကြောင်း မကြာခဏ ပြောဖြစ်ကြပါသည်။

ထိုသို့ ပြောစဉ်တိုင်း ကိုလှိုင်ဖေတို့ တင်ဆောင်းဟန်အကြောင်း မကြာခဏ ပြောဖြစ်ကြပါသည်။

ထိုသို့ ပြောစဉ်တိုင်း ဝင်ရောက် ဆွေးနွေးတတ်သူမှာ ကိုကျော်စွာ။ မဆွေးနွေးရုံမက သူ့အလုပ်ကို အခါတိုင်းထက်ပိုလို့ ဒဲသဲမဲမဲ အာရုံစိုက်ပြနေဟန်ကပင် ကျွန်မကို သံသယဝင် နေစေခဲ့တာကြာပြီ။ တစ်ရက် ကျွန်မနှင့် သူ တစ်ဦးတည်းရှိနေစဉ်မှာ အမှတ်မထင်လို

"ကိုတင်ဆောင်းဟန် ကျွန်မဆီဖုန်းဆက်ပြီးတဲ့နောက်ပိုင်း နောက်လထုတ်ပါမယ့် စာမူတွေအကြောင်း၊ ကိုကျော်စွာနဲ့ သူ ပြောဖြစ်ကြသေးလား"

ကိုကျော်စွာ အငိုက်မမိပါ။

"သူ ကျွန်တော့်ကို မဆက်သွယ်ဘူးလေ။ မမိုးကြည်ဝေနဲ့သာ အဆက်အသွယ်ရှိခဲ့တာပါ။ ကျွန်တော့်ဆီကို သူစာတစ်စောင်တောင် မပို့ဖူးသေးဘူး"

ပို့စရာရော လိုသေးလို့လား။ ကျွန်မစိတ်ထဲမှာ တွေးလိုက်သည်။

သူကဆက်သွယ်စရာမလိုအောင် ရှင်ကပဲ နေ့စဉ် ဖုန်းဆက်သွယ်နေတာ ရှိမှာပေါ့။

သူ့ရဲ့ ဘာမှ မသိဟန်ပန်သွင်ပြင်က ကျွန်မ စိတ်ကို မချင့်မရဲဖြစ်စေကာ ခပ်ရမ်းရမ်းပြောမိသောအခါများတွင်လည်း ကိုကျော်စွာက အရှောင်အတိမ်းကောင်းလေသည်။ လွယ်အိတ်ကောက်လွယ်လျက်

"ကျွန်တော် အပြင်သွားဦးမယ်"



ထွက်သွားတတ်ပုံမှာ အလွန်စိတ်တိုချင်စရာ ကောင်းလှပါဘိ။ ကျွန်မ စကားကြောင့် သူ့ခြေလှမ်းလက်စ ခြေလှမ်းတွေ မကြုံစဖူး တုန့်ခနဲ ရပ်သွားခဲ့ဖူးတာ တစ်ကြိမ်တော့ရှိသည်။ ထိုသို့ရပ်စေအောင် သုံးခဲ့သော ကျွန်မ စကားများကလည်း ခပ်ရင့်ရင့်လေ။

"ကိုကျော်စွာက သစ်ဆင်းမှာ ဒုတိယရှယ်ယာ အများဆုံးလို့ သိရတယ်။ ပထမကတော့ ကိုတင်ဆောင်းဟန်။ ဒါထက် ကိုတင်ဆောင်းဟန်ရဲ့ ရှယ်ယာတွေရော ကိုကျော်စွာ ဝယ်လိုက်ပြီလား။ သူမရှိတော့ ကိုကျော်စွာက စာတည်းချုပ်ပေါ့နော်။ ကျွန်မတို့လို ကိုတင်ဆောင်းဟန် ဘယ်ရောက်နေမလည်းလို့ စိတ်မဝင်စားနိုင်တာ စာတည်းချုပ်အဖြစ် လုံးဝမအားလို့ရင်လည်းဖြစ်မယ်။ လုံးဝ ပျော်နေလို့ရင်လည်း ဖြစ်မယ်နော်"

ရယ်မောပြောပေမယ့် အဓိပ္ပာယ် မကောင်းလှသော ထိုစကားကို ကျွန်မတမင်ပြောခဲ့တာဖြစ်သည်။ သူမရှိလို့ သူနေရာရနေတာမို့ မလာစေချင်တာ။ စောစောပိုင်းကပြောမိခဲ့တာလည်း တင်ဆောင်းဟန်အကြောင်းပင်။ ကျွန်မက စကားစပ်နေမိသည်တွင် သူ့ရဲ့ မသိသလိုဟန်ပန်မူရာများ အလုပ်ကို အာရုံစိုက်လွန်ကဲပြနေသော သရုပ်သကန်များက လူကို အရူးလုပ်နေတော့သလိုပဲ။

ကျွန်မတို့ စိတ်ပူပင်ကြောင့်ကျနေတာကို သူ့စိတ်ထဲက ပြုံးနေမှာပဲ။ သူဘယ်မှာလည်းဟု ကျွန်မတို့တစ်တွေ မှန်းဆရော်ရမ်းနေချိန်မှာ ကိုကျော်စွာက နေ့စဉ် ဆက်သွယ်နေလိမ့်မည်။ သည်လိုနှင့် ထိုစကားများကို ကျွန်မပြောဖြစ်ခဲ့ခြင်းပေ။

"ကျွန်တော့်ဆီက တစ်ခုခု ထူးခြားသိရဖို့ မကြိုးစားပါနဲ့ မမိုးကြည်ဝေ။ ခင်ဗျားစိတ်ပင်ပန်းရုံပဲရှိလိမ့်မယ်"

ပြောပြီးသည်နှင့် သူချာခနဲ လှည့်ထွက်သွားခဲ့သည်။

ရှစ်တန်းကျောင်းသူလေး တစ်ယောက်လို သူ့စားပွဲပေါ်က ရှိသမျှ ပစ္စည်းတွေအားလုံး တွန်းချပစ်လိုက်ချင်စိတ်တွေဖြင့် ကျွန်မ တစ်ကိုယ်တည်း ကျန်ခဲ့ရပါသည်။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မစိတ်ဂယက်တွေငြိမ်သက်လာခဲ့ပါသည်။ တင်ဆောင်းဟန်ထံမှ အဆက်အသွယ်များလည်း တိတ်ဆိတ်ခဲ့ပြန်သည်။

မျှော်မောစိတ်တို့ အနယ်ထိုင်ခဲ့ကာ စိတ်မရှည်ချင်ချင်ရက်များ ကျော်လွန်သွားခဲ့ပြီဖြစ်သည်။

ကျွန်မစိတ်တွေ ပုံမှန်ပြန်ဖြစ်လာခဲ့ပေမယ့် ထိုတစ်ယောက်ကိုကျော်စွာ။ သူကရော ကျွန်မရဲ့တင်းမာမှုတွေကို အမှတ်ထားများနေတုန်း လား။ ဆက်ဆံရေးတွေ တင်းခဲ့ပြီးတိုင်း၊ ဖြစ်မြဲအဖြစ်၊ ကျွန်မနောင်တရချင်မိ ခဲ့သည်။ များစွာ မရင်းနှီးချင်သူချင်း၊ ကျွန်မဒီလိုစကားအသုံးအနှုံးတွေ မသုံး ပေးသင့်။ သူနှင့်တန်ဆောင်းဟန် အဆက်အသွယ်ရှိနေခဲ့လည်း ထိုဆက်သွယ် မှုကို ဖုံးကွယ်ထားဖို့ ဆုံးဖြတ်ခဲ့သူမှာ ကိုကျော်စွာမဖြစ်နိုင်တာပဲ။ တင်ဆောင်းဟန် ပဲဖြစ်လိမ့်မယ်။

ဒါပေမဲ့ကျွန်မစိတ်ကိုမျက်ရှုစေခဲ့တာက ထိုဖုံးကွယ်ထားမှုထက် ကိုကျော်စွာရဲ့ သူဘာမှမသိကြောင်းပြ၊ သရုပ်ဆောင်ချက်တွေ အပေါ်မှာ သာပဲလေ။

ကျွန်မနှင့်မနှောင်း တင်ဆောင်းဟန်အကြောင်း ပြောနေမိခိုက် (အထူးသဖြင့် တင်ဆောင်းဟန်ရဲ့ စာသတင်း၊ ဖုန်းသတင်း မျှော်စောင့်နေမိစဉ်)သူဖက်လက်စ စာအုပ်ထဲက စာပိုဒ်တစ်ပိုဒ်ကို ရုတ်တရက် အသံထွက် ဖတ်လိုက်တာမျိုး၊ ဥရောပဖလား ဘောလုံးပြိုင်ပွဲရဲ့ ဂျာမနီနဲ့ ချက်သမ္မတနိုင်ငံ ဘောလုံးအသင်း ဗိုင်နယ်မှာ-ဟု အားကစားသတင်း ဝင်ကြေညာပေးလိုက်တာမျိုး။ ထိုသို့ တွေးမိလျှင် ကျွန်မ၏ နောင်တမှာ



ရပ်တန့်သွားတတ်သည်။ ကိုယ့်ရဲ့ပျက်ကွက်မှုဟု ကိုယ်တိုင်လက်ခံထားခဲ့ပြီးဖြစ်လည်း တစ်စုံတစ်ယောက်ကို ပြန်လည်တောင်းပန်နိုင်သည့်အဆင့်ထိ ရောက်ဖို့မှာ အတွေးထဲမှာပင်မလွယ်ကူချင်။ ကိုယ့်ရဲ့အတ္တလေးက အရိပ်အယောင်ပြ ဝင်ရောက်ကာကွယ်လာတတ်ပါသေးသည်။ သည်အခါ ကျွန်မ တင်ဆောင်းဟန်ကို သတိရမိပြန်ရသည်။ သူ့စာထဲမှာ အတ္တတွေ၊ မာန်မာနတွေ၊ အာဃာတတွေ ဘယ်တော့မှ မပါဝင်ဘဲ ဖြူစင်နေအောင် ရေးနိုင်ပေသော စာရေးဆရာထိုလူရွယ်ရဲ့ အသစ်အသစ်သော စာများကို ကျွန်မတစ်သက်လုံးပဲ ဖတ်သွားချင်စမ်းပါသည်။

♣ ♣ ♣

မိုးကြည်ဝေအမည်နဲ့ ကိုယ်စာရေးဖြစ်ခဲ့သည်။ သည်အမည်ကို တစ်ချို့စာဖတ်သူတွေ သတိပြုမိလာတဲ့အထိ စာရေးဖြစ်ခဲ့တာ မင်းကြောင့်ပဲပေါ့ တင်ဆောင်းဟန်။ "သစ်ဆင်း"မှာ မိုးကြည်ဝေကို ရှာဖွေမယ်ဆိုတဲ့ မင်းစကားများကလည်း ကိုယ့်အတွက်ပြင်းပြ ထက်သန်စေတဲ့ တွန်းအားတွေပါပဲ။ ပြီးတော့ ကိုကျော်စွာ။ သူသာကိုယ့်ကို တစ်ချို့နေရာတွေမှာ စာချော မွေ့အောင် ပြင်လို့ရသေးတယ်လို့ ပြင်ထောက်ပြမပေးခဲ့ရင် တည်းဖြတ်မပေး ခဲ့ရင် စာရေးခြင်းသဘောကို ကိုယ်သည်မျှ မြန်ဆန်စွာ အကျွမ်းဝင်သွားခဲ့လိမ့်မယ် မဟုတ်ဘူးလေ။

သည့်အတွက် ကိုယ်ကြိုးစားလို့ စာရေးဖြစ်ပါတယ်။ မင်းရော ကိုယ် ပါ စာချစ်သူတွေဆိုတော့ ကိုယ့်တို့ချင်း စာမျက်နှာတွေပေါ်မှာ ဆုံနိုင်တယ် လို့ အတွေးတွေ ယဉ်ရင်းနဲ့လေ။

ကိုယ့်ရဲ့အချိန်တွေမလောက်ငှ၊ နေတော့တာအမှန်ပဲ တင်ဆောင်းဟန်။ သစ်ဆင်းတိုက်ကိုလည်း မရောက်ဖြစ်လှသေးဘူး။ စာလည်းရေးစမို့ သိပ်ရေးဖြစ်ချင်ခဲ့တာ။ အကယ်၍ကိုယ်သာ အလုပ်

www.burmeseclassic.com

www.burmeseclassic.com



မပြောင်းရွှေ့ခဲ့ရရင် ခုထက်ပိုပြီး စာရေးဖြစ်ခဲ့မှာပါပဲ။

ကျွန်မ၏ အလုပ်ဌာနသစ်မှာ မြန်မာပြည်ဈေးကွက်သို့ ချဲ့ထွင်ခဲ့သော ဆေးကုမ္ပဏီကြီးတစ်ခုရဲ့ ကိုယ်စားလှယ်ကုမ္ပဏီသစ်တစ်ခုပေ။

အလုပ်သစ်သို့ ပြောင်းရွှေ့ပြီး မကြာမီ ကျွန်မ၏ အလုပ်ဌာနဟောင်းမှာ ရပ်ဆိုင်းသွားခဲ့သည်။ အလုပ်ဌာနသစ်နှင့် ပတ်သက်၍ သူငယ်ချင်းများကို ပြောပြရသောအခါ

"အဆောက်အအုံက သိပ်ထူးခြားတယ်။ စစ်ကြိုခေတ်က တိုက်ခံ အိမ်အကြီးကြီးပုံစံပဲ။ စုလစ်မွန်းချွန်တွေနဲ့ အိမ်ခေါင်မိုးက အုတ်ကြွပ်နီနီတွေ။ လမ်းထဲမှာအမိုးနီနီနဲ့ အိမ်အကြီးကြီးကတို့ရဲ့ ကုမ္ပဏီပဲလေ။ အိမ်ထဲမှာတော့ ခေတ်လွန်အပြင်အဆင်တွေနဲ့ပေါ့။ ကုမ္ပဏီကိုလာမယ်ဆိုရင်လေ"

ကျွန်မကုမ္ပဏီလိပ်စာကဒ်လေး ထုတ်ပေးလိုက်သည်။ လမ်းကြို လမ်းကြား၊ လမ်းမြှောင်အကြိမ်ကြိမ် ဘယ်ညာကွေ့ရသော လမ်းကို သူတို့ ရှာတွေ့နိုင်ဖို့တော့ ခက်မလားဘဲ။

ကျွန်မကို ထိုကုမ္ပဏီရုံးခန်းတွင်ပင် လူတွေ့စစ်မေးခဲ့ခြင်းပေ။ စစ်မေးခဲ့သောဆရာဝန်တစ်ဦးအပါအဝင်၊ ပုဂ္ဂိုလ်သုံးဦး ကုမ္ပဏီမှာ အလုပ် စတင်ဝင်သည့်ရက်မှာ မတွေ့ဆုံရပါ။ သူတို့ကို မေ့လောက်သော အခါတွင်မှ ကုမ္ပဏီရုံးခန်းတွင် တစ်ကြိမ်ပြန်ဆုံရသည်။ မည်သို့ဆိုစေ ကျွန်မ၏အလုပ် သစ်မှာ စိတ်ဝင်စားစရာတော့ ကောင်းပါသည်။ ဆေးပစ္စည်းကိရိယာ ကုမ္ပဏီ၏ အုပ်ချုပ်ရေးယန္တရားတွင် ဆေးလောက နောက်ခံအသက်မွေးဝမ်းကြောင်း ရှိထားသူတစ်ဦးဦးမျှ မပါဝင်ထားသည်ကပင် စိတ်ဝင်စား အံ့အားသင့်စရာ။

ကုမ္ပဏီပိုင်ရှင်ကို ကျွန်မ မမြင်ဖူးလိုက်ရပါ။ ပိုင်ရှင်က နိုင်ငံနှစ်နိုင်ငံကို ကူးသန်းနေသော သားလုပ်သူဖြစ်ကာ အသက်ခြောက်ဆယ်ခန့်ရှိမိခင်က ဌာနေအုပ်ချုပ်သူ။ ကျွန်မနှင့် အသက်ရွယ်တူသမီး အင်ဂျင်နီယာကလည်း ဒါရိုက်တာ။ ကျွန်မအတွက်မူ ယဉ်ပါးပြီးဖြစ်သော ဆေးဝါးနှင့် ပိုး သတ်ဆေးနံ့တို့ ခပ်သင်းသင်းရှိရာ ဆေးရုံ၊ ဆေးခန်း ဝန်းကျင်တွင်ကျင်လည်ရသည့်အလုပ်ကို အလုပ်သစ်ဟုပင် မထင်မြင်ချင်။ လူနာတစ်ဦးရဲ့ အသက်ရှည် ရှင်သန်ရပ်တည်ရေးအတွက် အထောက်အကူပြု တီထွင်ကြံဆ ထားသော ပစ္စည်းကိရိယာများနှင့်



ထိတွေ့နေရသည်ကိုလည်း ကျေနပ်နှစ်သိမ့်မိသည်ပင်။ သို့နှင့် လွင်သောင်းဒန်၏ ကမ်းလှမ်းချက်ကိုပင် လက်မခံ ဖြစ်ခဲ့။ ကျွန်တော် လုပ်နေတဲ့ ကုမ္ပဏီက တိုးချဲ့ဖို့ရှိတယ်။ အဲဒီတော့မှပဲ ချိတ်လိုက်ရအောင်လား။ အမှို ပြောခဲ့စဉ် ကျွန်မက အလုပ် လက်ခံနှင့်ခဲ့ပြီးပြီ။

♣ ♣ ♣

လုပ်ငန်းသစ်တစ်ခုမှာ ကိုယ်မသိနားမလည်၊ မကျွမ်းကျင်သေးတာ တွေက ကိုယ့်ကို စောင့်ကြိုနေတော့တာပါပဲ တင်ဆောင်းဟန်။ ကိုယ်အများကြီး ဆည်းပူးရဦးမှာပါလား၊ သင်ယူရဦးမှာပါလားလို့ သိရတဲ့အခါ ကိုယ်နဲ့ ပြသနာ ဖြစ်ရတာ ကတော့ အချိန်ပဲပေါ့။

အလုပ်က တမင်နေခိုင်းတာမဟုတ်ပေမယ့် အလုပ်တွေ မပြီးလို့ ဆက်နေဖြစ်တော့ အိမ်ပြန်ချိန်က ညနေခြောက်နာရီထက်မစောဖြစ်တော့ဘူး။

အိမ်ရောက်တော့ ကိုယ်တော်တော်နွမ်းနယ်နေပြီလေ။ ဈွဲမြဲနှစ်သက်စွာ ကစားဖြစ်ခဲ့တဲ့ ကြက်တောင် မကစားဖြစ်တာကြာပြီ။ ကစားဖော်ချင်းတွေလည်း ကွဲကွာနေကြရ။

လွင်သောင်းဒန်တစ်ယောက် သူ့ကုမ္ပဏီရဲ့ အရောင်းမြှင့်တင်ပွဲတွေအတွက် ရန်ကုန်နဲ့ မန္တလေးကူးနေရတာ ကြားမိတယ်။

အညောင်းပြေ၊ နေလို့ကောင်းနိုင်မယ့် လှုပ်ရှားမှု လေ့ကျင့်ခန်းလေးပဲ နည်းနည်းလုပ်။ ရေချိုး၊ ညစာစားပြီး ကိုယ်ခဏနားတယ်လေ။ နှိုးစက်လေးပေးပြီး တစ်နာရီလောက် အိပ်တာ။ ည ၉နာရီမှာ ပြန်ထပြီး ကိုယ်စာဖတ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



အများဆုံးဖြစ်တာ ဆေးဝါးဝေဒပေမယ့် စီမံအုပ်ချုပ်မှုတို့၊ ဈေးကွက်တို့ သတင်းအချက်အလက်ပညာပေးတို့၊ ဖွံ့ဖြိုးရေးတို့လည်း ပါတယ်လေ။

ဒီလိုအချိန်မျိုးမှာ ညဉ့်နက်သန်းခေါင်ထိုင်ပြီး ဆွယ်တာစက်ကိုင်ခဲ့တဲ့လူရွယ်လေးကို မြင်ယောင်ရင်း ကိုယ့်ကိုယ်ကို တွန်းအားပေးပါတယ်။

မင်းသာရှိခဲ့လို့ရှိရင် ကိုယ့်ကိုတစ်ထောင့်တစ်နေရာရာက အကြံဉာဏ်တစ်မျိုးမျိုးတော့ ပေးနိုင်မှာပဲလို့ သတိရမိတာလည်း မမောပါပဲ တင်ဆောင်းဟန်။

♣ ♣ ♣

မင်းရဲ့အပြုံးအေးအေးကို ပြန်မြင်ရတဲ့ရက်ဟာ ဇွန် ၁၆ရက်ပါ။ မင်းကိုမြင်လိုက်စဉ်ခိုက်မှာပဲ အားကြီးလှတဲ့စွမ်းပကားတစ်ရပ်က ကိုယ့်ကို လွှမ်းခြုံပေးလိုက်သလိုပါပဲ။

အလုပ်ဝန်တွေ ခံစားရချက်ဝန်တွေပိနေတဲ့ ကိုယ့်ကိုယ်ကို ပြန်ဆန်းစစ်ဖို့ မာန်တွေပြန်ဝင်လာခဲ့တယ်။ ကိုယ် ပိုအပ်နေတာဘာလဲ။ အလိုအပ်ဆုံးကတော့ မင်းပဲပေါ့။ နောင် ကိုယ်ပြောပြမိတဲ့အခါ မင်းက အေးဆေးကြည်စင်စွာ ပြုံးမပျက် -

"ကျွန်တော့်အတွက် ပူပင်ကြောင့်ကျနေရတဲ့ သောကတွေက 'မ' စိတ်မှာ ထိခိုက်ကြမ်းရှသွားစေခဲ့တာပါပဲ။ ဒီအတွက် 'မ'ရဲ့အတွေးတွေ၊ ဆုံး ဖြတ်ချက်တွေက မကြည်မလင်ဖြစ်ခဲ့မယ်။ 'မ' ရှေ့ကိုလှမ်းမြင်လို့မရဘူး။ 'မ' စိတ်ကို အရိပ်မရှိရအောင် လေ့ကျင့်ထားဖို့ လိုတာပေါ့။ ပြီးတော့ မကကိုယ့် ဘာသာကြိုးစားကြံဆယူချင်တဲ့ စာရေးဆရာဉာဏ်ရှိသူပဲ။ ကျွန်တော့်အပေါ် မှာ တည်မှီနေတာမျိုး၊ မမှာတကယ် မရှိပါဘူး"



မင်းစကားတွေရဲ့ ကျယ်ဝန်းနက်ရှိုင်းမှုကို ကိုယ်သတိ ထားမိတယ်။ အခြေအနေတစ်ခုအတွက် မင်းရည်ရွယ်ပြောနေတော့သလိုပဲ။ ကြောင့်ကျနေ မိတာ ကိုယ်ကမင်းအတွက်ပဲ မဟုတ်ဘူး။ မင်းကလည်း ကိုယ့်အတွက် ကြောင့် ကျနေခဲ့ပါလားလို့ သိလိုက်ရတယ်။

မင်းနဲ့ကိုယ့်ရဲ့ကြားက တွယ်တာမှုအတိုင်းအဆကိုသည်နေ့အထိ ကိုယ်ခံစားလို့ရနေဆဲပါပဲ တင်ဆောင်းဟန်။

♣ ♣ ♣

ဇွန်လ ၁၆ရက်နေ့ နံနက်ဆယ်နာရီခန့်တွင် ကိုကျော်စွာက ကျွန်မ ထံ ဖုန်းဆက်သွယ်ခဲ့သည်။ သူ ကျွန်မထံ မဆက်သွယ်ခဲ့ဖူးပါ။ ကျွန်မ "သစ် ဆင်းတိုက်"သို့ မရောက်ဖြစ်တာလည်းကြာပြီ။ စနေနေ့ဖွင့်သော 'တိုက်'သို့ စနေတစ်ရက်သာ ကျွန်မရောက်ဖြစ်သည့်အခါပဲ ရှိတော့သည်။ သူ့အသံက ထူးခြားနေသည်။ ကျွန်မ ချက်ချင်းပင် သိလိုက်ပြီ။

"သူ ဘယ်တော့ပြန်လာမယ်ဆိုတာ သိရပြီလား"

မျှော်လင့်စွာ မေးမိသည်။ သူ့အရင်ကလိုပဲ ဝေ့လည်လှည့်စားနေဦး မှာလား။ သံသယဖြင့်ပေ။

"သူ ဒီနေ့ရောက်မယ်"

ကျွန်မရင်ထဲမှာ ဘုရားတမိသည်။ ကျေးဇူးကို အောက်မေ့မိသည်။ ကျွန်မစကား မပြန်နိုင်စဉ် ကိုကျော်စွာက အလိုက်တသိ ကျွန်မသိချင်မည့်ကို ဆက်ပြောသွားခဲ့သည်။

ကိုဆောင်း ညနေလေးနာရီလောက်ဆို အိမ်ပြန်ရောက်ပြီ။ သူ ကျွန်တော့်ဆီ ဖုန်းဆက်သွယ်ပါတယ်။ နေလည်း ကောင်းပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



သူကတော့ ၄နှ် ၁၇ရက် မနက်ဖြန်မှ မမိုးကြည်ဝေဆီ ဆက်သွယ်မယ် ပြောပါတယ်။ ကျွန်တော်ကြိုပြီးဆက်လိုက်တာပါ။ သူက မမိုးအိမ်ပြန် နောက်ကျတတ်တာ သိတော့၊ သူနဲ့ တွေ့ရအောင်လာနေမှာစိုးလို့ မနက်ဖြန်မှ ဆက်သွယ်မှာပါ"

ကျွန်မလည်း ပျော်ရွှင်ခဲ့သည်။ ပျော်ရွှင်ရင်လည်း စိတ်လွတ် တတ်မြဲဖြစ်ကာ ထိုအချိန်မှာ အရင်းခံစိတ်တွေ လှစ်ခနဲပေါ်လာတတ်မြဲ ဖြင့် -

"ကျွန်မအိမ်ပြန်နောက်ကျတတ်တာလည်း တင်ဆောင်းဟန်က သိရ ပြန်ပြီပေါ့နော်"

ကိုကျော်စွာ သဲ့သဲ့ရယ်မောပါသည်။

"မမိုး ထင်တာအားလုံးမှန်ပါတယ်။ အကြောင်းကြောင်းကြောင့် ကျွန်တော်နဲ့ကိုဆောင်းရဲ့ အဆက်အသွယ်ကို မပြောပြနိုင်ခဲ့တဲ့အတွက် ဒီနေ့တော့ ကျွန်တော် မမိုးဆီကြိုပြီး သတင်းပေးခဲ့တာပါပဲ။ ကျေးဇူး ကျေကြောင်းပေါ့လေ။ ကျွန်တော်က တောင်းပန်ရမှာပါ"

ကျွန်မရဲ့ တောင်းပန်သည့်အဆင့်အထိ ဘယ်တော့မှ မရောက်ခဲ့ချင် သော မပြည့်မစုံနောင်တကို ချက်ချင်းသတိရမိသည်။ ကိုကျော်စွာ ကို ကျွန်မ အားနာရပါသည်။

"ကျွန်မနားလည်ပါတယ်"

ထိုစဉ်ကတော့ ကျွန်မနားလည်မပေးနိုင်ခဲ့။ ကျွန်မစကားမှာ အမှန် မဟုတ်တာ ကိုကျော်စွာလည်း သိလိမ့်မည်။

"ကိုကျော်စွာနဲ့ အဆက်အသွယ်ရှိနေတယ်ဆိုတော့ သူ့ ကျန်းမာရေး အခြေအနေမှန်ကိုလည်း သိမှာပဲထင်တယ်။ ကျွန်မ အသိချင်ဆုံးက အဲဒါပါပဲ ကိုကျော်စွာ။ သူတကယ်ပဲ နေကောင်းရဲ့လား"

"ကျွန်တော်သူနဲ့ လူချင်းမဆုံခဲ့ရဘူး။ ဖုန်းနဲ့ပဲ အဆက်အသွယ် ရှိခဲ့တာ။ ကိုဖုန်းမြင့်ကိုနဲ့တော့ တစ်ခါတလေ သူလာရင် တိုက်ကို ဝင်တယ်။ ကိုဆောင်း ကျန်းမာရေးအခြေအနေကောင်းတယ်လို့ ကျွန်တော်လည်း အကြားစကားနဲ့ သိရတာပါပဲ "

"အင်းလေ တွေ့ရတော့မှာပဲ။ ကျွန်မ သူ့ကိုဒီည သူ့အိမ်မှာ သွားတွေ့ရင် ကိုကျော်စွာဘာမှမဖြစ်ပါဘူးနော်"

"ဒီအတွက်တော့ သူကျွန်တော့်ကို စိတ်မဆိုးလောက်



တော့ပါဘူး။ မမိုးဒီနေ့ပဲသူနဲ့တွေ့စေချင်လို့ ကျွန်တော်အကြောင်းကြား ပေးတာပါ။ ကျွန်တော်လည်း သွားတွေ့မှာပဲ "

"ဒါဆိုဟုတ်ပြီ။ သိပ်ကျေးဇူးတင်တယ် ကိုကျော်စွာ "

ကျွန်မ ည ၆နာရီ ၇နာရီမှ အိမ်ပြန်ရလေ့ရှိသော အလုပ်ဌာနမှ ညနေ ၃နာရီခန့်တွင် ထွက်ခဲ့သည်။ မြို့ထဲမှာ ကျွန်မအလုပ်တွေများစွာရှိ ပါသည်။ တန်းစီရေးချရင်ပင် စာတစ်မျက်နှာပြည့်နိုင်မည်။ ထိုအလုပ် တွေအတွက် မြို့ထဲနှင့်ကုမ္ပဏီရုံးခန်းတစ်ရက်ကို အခေါက်ခေါက် ပြေး လွှားနေရသောကြားက ထိုနေ့ကတော့ ကျွန်မ စောစီးစွာ ထွက်လာခဲ့ခြင်း မှာအလုပ် ကိစ္စတွေအတွက် မဟုတ်ပါ။ မရောက်တာ ကြာမြင့်ပြီဖြစ်သော သစ်ဆင်း တိုက်သို့ ကျွန်မထွက်လာခဲ့ခြင်းပါပေ။

လျှောက်နေကျ သစ်ဆင်းတိုက်တည်ရှိရာ လမ်းလေးထဲကို လျှောက်ဝင်လာခဲ့တယ်။

ခြေတစ်လှမ်းတိုင်း၊ တစ်လှမ်းတိုင်းဟာ ကိုယ့်ကိုအတိတ်ဆီ ခေါ်ယူသွားနေခဲ့သလိုပဲ။

ဒီအချိန်မှာ ကိုယ်နဲ့ခံစားချက်တူနေဆမယ့် သူတစ်ဦးဦးနဲ့ နီးစပ်စွာ မျှဝေခံစားနေချင်ခဲ့တာ။

သူငယ်ချင်းတင်ဆောင်းဟန် အလာကိုမျှော်မောနေခဲ့တဲ့ မေနှင်း ကို သတိရတယ်။ သစ်ဆင်း ဝိုင်းတော်သားတွေကို သတိရတယ်။ ကိုကျော် စွာကတော့ ချွင်းချက်။ သူကမေးခွန်းသိထားတဲ့ စာဖြေသူနဲ့ တူတယ်လေ။ မျှော်မောတယ်ဆိုရင်တောင် ကိုယ်တို့လောက်တော့ အမျှော်မများနိုင်ဘူး။ ဒါပေမဲ့ သူနဲ့လည်း ကိုယ်တွေ့ချင်နေမိတာပါပဲ။

တင်ဆောင်းဟန်နဲ့ နီးစပ်သူတွေအားလုံးရဲ့ စိတ်ခံစားမှုတွေကို နားလည်စာနာမိရင်း ဒီနေ့မှာတော့ ကိုယ်သူတို့အနီးမှာ ရှိနေချင်မိခဲ့တယ်။

သစ်ဆင်းနဲ့ နီးလာရင်ပဲ ကိုယ့်သွေးတွေ ပိုမိုနွေးထွေးလာပြီလေ။

အဖြူရောင်ခံပေါ်မှာ အနီရောင်စာလုံးထင်းထင်းလေးနဲ့ သစ်ဆင်း ကိုယ့်ကို လှမ်းနှုတ်ဆက်နေပါတယ်။ ဆေးရောင်သစ်တင် စိုလွင်နေပေမယ့် အရောင်တွေကိုတော့ ပြောင်းလဲမထားဘူး။

ဆိုင်းဘုတ်လေးကို မြင်လိုက်ရတော့ ကုန်လွန်ခဲ့တဲ့ အချိန်တွေကို သိပ်နှမြောမိတာပါပဲ တင်ဆောင်းဟန်။

အချိန်ကာလ မဝေးခဲ့လှပေမယ့် ဖြစ်ပျက်ပြောင်းလဲမှုတွေက

www.burmeseclassic.com

www.burmeseclassic.com



ဘတိတ်ကို အဝေးတစ်နေရာမှာ ရပ်တန့်ကျန်ရစ်သလို ထင်မြင်စေခဲ့ပါရဲ့။

သစ်ဆင်းဟာကိုယ့်ရဲ့စွမ်းနိုင်မှုတစ်ခုကို အမှတ်မထင်တွေ့မြင်လာစေခဲ့သလို ကိုယ့်ရဲ့လိုအပ်ညံ့ဖျင်းနေသေးမှုတွေကိုပါ အမှတ်ထင်ထင်ဖြစ်လာ စေခဲ့တဲ့ အရပ်ပါပဲ။

နှံ့စပ်သိကျွမ်းနိုင်စွမ်းတဲ့ အကွာအဝေးချင်း၊ ပါရမီချင်း မတူကြပေမယ့် ဘာသာဗေဒတူရင် သည်လိုအရပ်မှာ ဆုံစည်းနိုင်ကြတယ်လေ။

တင်ဆောင်းဟန်တို့ ကိုကျော်စွာတို့မှာ လွင့်မျောခြင်တိုင်း လွင့်မျော လိုက်နိုင်တဲ့ဆည်းပူးနှံ့စပ်မှုတွေရှိထားတယ်။ စာပေနယ်မှာ ဖြန့်ကျက်ပေးထား နိုင်တဲ့ အလင်းကလည်း အင်အားကြီးမားတယ်။ ကျယ်ပြန့်တယ်။ ပြီးတော့ ခိုင်မြဲတယ်လေ။

ကိုယ်နဲ့မင်းတို့ရဲ့ အကွာအဝေးချင်း ဘယ်လိုမှမတူနိုင်တာ သိလာပြီးတဲ့နောက် မင်းရဲ့ကမ်းလှမ်းချက်ကို ကိုယ်လက်မခံဖြစ်ခဲ့တာပါပဲ။

ကိုယ့်အပေါ်ထားရှိတဲ့မင်းရဲ့ရည်မှန်းချက်က မြင့်မားလွန်းမနေဘူး လား။ ကိုယ်သည်မျှစွမ်းနိုင်တဲ့ အရည်အချင်းတွေ မရှိသေးဘူးလေ။ ကိုယ်ညံ့ ပါတယ်။

ကျွန်တော်အမြဲရှိနေမယ်။ အနည်းဆုံး သစ်ဆင်းကိုတော့ အမြဲရှိနေ စေမှာပါလို့ မင်းပြောလေ့ရှိတဲ့ အသံလှိုင်းတွေ ပျံ့ဝဲနေတဲ့ သည်နေရာလေးဆီ အဲဒီနေ့မှာ ကိုယ်မလာဘဲ မနေနိုင်ခဲ့ပါဘူး ဦးတင်ဆောင်းဟန်။

တိုက်ထဲသို့ လှမ်းဝင်လိုက်သောအခါ တိုက်ရဲ့အလုပ်ခန်းမှာ ဘယ်သူတစ်ဦးတစ်ယောက်မျှ ရှိမနေပါ။ ကျွန်မလာခဲ့ရသော ခရီးအကွာအဝေးမှာ ရန်ကုန်မြို့ပြင် ရွှေပြည်သာမှ ရန်ကုန်မြို့လယ်သို့ဖြစ်ပါသည်။ နားလည်စာနာမှုတွေ၊ နွေးထွေးလိုမှုတွေဖြင့် လာပါမှ လူသူကင်းဆိတ်နေသော အလုပ်ခန်းက ကျွန်မစိတ်တွေကို လျော့ပါးစေတော့သည်။

ဖြန့်ချိရေးတာဝန်ခံ ဦးစိုးကိုသာ သူ့စားပွဲမှာ အလုပ်တွေရှုပ်ပွနေဟန်ဖြင့်တွေ့ရသည်။ ကျွန်မကိုလှမ်းတွေ့လျှင် အလွန်ပြုံးသောမျက်နှာဖြင့်

"ဟား ကြည်ဖြူဝေ၊ မပေါ်လာတာ ကြာပြီနော်။ ကျွန်တော်တို့ဖြင့်သတိရနေတာ "

ဦးစိုးက ငယ်ရွယ်သူကိုလည်း အရွယ်တူလို ယဉ်ကျေးစွာ



ပြောဆို ဆက်ဆံလေ့ရှိသည်။

"အခုရော ဘယ်ကလှည့်လာခဲ့သလဲ "

"သစ်ဆင်းကိုပဲ လာတာပါ။ သူတို့ဘယ်သူမှ မရှိကြဘူးနော်"

ပြောရင်းဖြင့် ကျွန်မအလုပ်ခန်းထဲက တင်ဆောင်းဟန်စားပွဲသို့ အကြည့်တို့ ရောက်ရှိသွားမိစဉ် စာဖိုင်အချို့သာတင်ထားလျက် ရှင်းလင်းနေသော သူ့စားပွဲကို တွေ့ရသည်။ အခြားမေနှင်း၊ ကိုကျော်စွာတို့ စားပွဲများ မှာလို လုပ်လက်စအလုပ်တွေဖြင့် စားပွဲပြည့်လျှံလို့မနေ။ သူ့စားပွဲမှာ ရှင်း နေခဲ့သည်။ ကျွန်မရောက်လျှင် သူတို့နေရာချပေးလေ့ရှိသော တင်ဆောင်း ဟန်စားပွဲကို အစဉ်သန့်ရှင်းထားရုံမှအပ တစ်စုံတစ်ဦးဦးထိုင်လျက် အလုပ် လုပ်ခဲ့ဟန် မရှိပေ။

သူတို့ တင်ဆောင်းဟန်စားပွဲကို ကျွန်မတို့နှစ်ဦးအတွက်သာ သီးသန့်ထားပေးကြသည်နော်။

တစ်ရက်မှာ သူ့မျက်လုံးအရိပ်အယောင်တွေမှတဆင့် မြင်သာမည့် အတွင်းစိတ်လှုပ်ရှားမှုတွေကို ဖုံးကွယ်ဖို့ နေကာမျက်မှန် တပ်ထားလျက် သူ့ရောဂါအကြောင်း သူစတင်ပြောခဲ့သည်။ သည်စားပွဲမှာ ထိုင်လို့ပဲလေ။ ကျွန်မ သတိရနေမိပါသည်။

"ရှိကြပါတယ်။ ရှိကြပါတယ်။ သူတို့ လာကြပါလိမ့်မယ်"

ခါလိုင်းလို လူစုံလို့ အနီးအနားလက်ဖက်ရည်ဆိုင်သို့ သွားကြတာ ဖြစ်မည်။ ကျွန်မစိတ်သက်သာရ ပြုံးနိုင်လာခဲ့ပါသည်။

"ကိုကျော်စွာက မိုးကြည်ဝေဆီက စာမူတောင်းဖို့ မေနှင်းတို့ကိုတောင် ပြောနေသံကြားတယ်။ မမိုးက တခြားမဂ္ဂဇင်းတွေကိုတော့ ပို့ပြီး သစ်ဆင်းကိုတော့ စာမူ မပေးလို့တဲ့"

"ဒီလိုကြားရတာကိုယ့်ကိုယ်ကို တကယ့်စာရေးဆရာလိုလိုတောင် ထင်လာမိတယ် ဦးရေ"

ကျွန်မကြည်လင်ရွှင်ပျစွာရယ်မောမိပါသည်။ ကျွန်မရယ်မောသံ မပြယ့်တပြယ်မှာ

"တကယ့်စာရေးဆရာ မဟုတ်ရင် ယမနေသားနဲ့ ထုထားတဲ့ စာရေးဆရာလား "

ကိုကျော်စွာ့အသံကို ကျွန်မနောက်ဘက်မှ ကြားရသည်။ ကျွန်မ မထိုင်ဖြစ်သေးဘဲ တိုက်ခန်းဝကို ကျောခိုင်းလို့ ဦးစိုးစားပွဲရှေ့မှာရပ် စကား

www.burmeseclassic.com

www.burmeseclassic.com



ပြောနေမိခြင်းပင်။ နောက်သို့ လှည့်ကြည့်မိလျှင် ကိုကျော်စွာ တိုက်ခန်းတွင် သို့ လှမ်းဝင်လာခဲ့တာ မြင်ရသည်။

"ဟုတ်ပါတယ်။ ယမနေသားစစ်စစ်နဲ့ ထုထားတဲ့ စာရေးဆရာနဲ့ ယာယီတာဝန်ခံ အယ်ဒီတာပါ။ နာမည် တံဆိပ်တုံးတောင် ယမနေသားနဲ့ အပ်မလို့ ကြံစည်နေတာလေ"

ကျွန်မစိတ်လွတ်လပ်စွာပြောဖြစ်သည်။ သည်လိုမပြောရတာ ကြာပြီ။ ကျွန်မ ဘဝကဏ္ဍကို နှစ်ခန်းဖွဲ့ထားမိလျက် တစ်ခန်းမှာ စာပေ၊ အနုပညာစိတ်တွေကိုသိုလှောင်ထားသည်လေ။ အသက်မွေးဝမ်းကျောင်း ရသော ဆရာဝန်အလုပ်မှာ အမြဲတမ်းဖွင့်ထားသောဘဝ။ စာပေဘဝကိုတော့ တစ်ခါတရံမှဖွင့်ဖြစ်လည်း ကျွန်မစိတ်ကို ကြည်သာပျော်ပါးရွှင်ပျလန်းဆတ်စေလှ သည့် ကျွန်မရဲ့ သီးသန့်ကမ္ဘာ တစ်ခုသာပေ။

တင်ဆောင်းဟန်နှင့် သည်အကြောင်းပြောဖြစ်ပါသေးသည်။ သူက သည်တစ်ကြိမ်မှာ ကျွန်မနှင့်ထူးဆန်းစွာ သဘောကွဲလွဲခဲ့ကာ "မဟုတ်သေး ဘူးလေ။ ကိုယ်ပဲ သီးသန့်ဖြစ်ချင်တယ်၊ ခံစားချင်တယ် ဆိုရင် စကားလုံးလှလှလေးတွေနဲ့ ဒိုင်ယာရီထဲရေးမှာလေ။ စက်တင် ပုံနှိပ်ဖြန့်ဝေပြီဆိုရင် တော့ သူများတွေအတွက်လည်း စဉ်းစားပေးရမယ်။ ကိုယ့်အတွက်မပါဘဲ အကျိုးပြုရေးချင်ရင်တော့ ပညာပေးဆန်မယ်။ ကိုယ့်အတွက်ရော၊ သူများ အတွက်ပါ စဉ်းစားရေးနိုင်ရင် ရသစာပေ မြောက်မယ်။ အကျိုးပြုတာတွေ၊ မပြုတာတွေထားပြီး သူများအကြိုက် သက်သက်ရေးရင်တော့ အသပြာပေါ် မှာပေါ့။ မရဲ့ သီးသန့်ကမ္ဘာက လူတိုင်းလိုလိုမှာ ရှိတတ်ကြတဲ့။ သူတို့တန်ဖိုး ထားကြတဲ့ သီးသန့်ကမ္ဘာ တွေနဲ့ ဆက်စပ်နိုင်ရမှာ မဟုတ်လား"

သူက သည်လိုပြောခဲ့ပါသည်။ ဒါပေမဲ့ တစ်ကိုယ်တည်းပိုင်တဲ့ သီးသန့်ကဏ္ဍဆိုတာ ခေါင်းစဉ်ချင်းမှ မတူနိုင်တာ။ ထိုးဖေါက်ဆက်စပ်ဖို့ မလွယ်နိုင်ဘူး။ ကျွန်မသူ့စကားကို ချေပခဲ့ပါသည်။

ဟုတ်တယ်။ မလွယ်ဘူး။ ဒါပေမဲ့ မဖြစ်နိုင်ဘူးတော့ မဟုတ်ဘူး။ နားလည်ပေးနိုင်ဖို့ဆိုတာ စာရေးဆရာတွေရဲ့ အရည်အသွေး တစ်ရပ်ပဲလေ။ နားလည်မှသာ အများလက်ခံတဲ့စာတွေ ထွက်ပေါ်လာနိုင်မှာပါ။ 'မ' မကြုံဖူး ဘူးလား။ စာတွေကို မလွတ်တမ်းဖတ်ရင်း



အတိမ်အနက်ကို သိပြီးစာကောင်း တွေမှာ စွဲငြိနိုင်သူတွေရှိသလို စာမဖတ်ဖြစ်ဘူး။ ဒါပေမဲ့ ကြုံကြိုက်လို့ စာ တစ်အုပ်ကို ဖတ်လိုက်တယ်။ အဲဒီစာတစ်ပုဒ်ကို သူမမေ့နိုင်အောင် စွဲငြိသွား တယ်။ သူ့ဘဝတစ်စိတ် တစ်ဒေသကိုပါ ပြောင်းလဲစေခဲ့တယ်ဆိုတာမျိုး။ သူ့ရဲ့ သီးသန့်ဘဝ ကဏ္ဍထဲကို စာကထိုးဖေါက်ဆက်စပ်လိုက်နိုင်လို့ပဲပေါ့။ ကျွန်မ သူ့စကားကို လက်ခံမိခဲ့သည်။ စကားဖြည်းဖြည်းအေးအေးဆေးဆေး နှင့်၍ ပြောနေသော သူ့ကိုအားနာလို့ မဟုတ်တာ သေချာပါသည်။

"စာမူရော ပါခဲ့လား"

"ကျွန်မကိုယ်ကျွန်မ သိပ်အထင်ရောက်လာအောင် လျှောက်ပြော မနေပါနဲ့တော့။ စာမူတော့မပါဘူး။ အလုပ်ထွက်စာတော့ ပါတယ်နော်။ ဒီနေ့ ပြန်ရောက်လာမယ့် ရှင်တို့ရဲ့ စာတည်းချုပ်က ကျွန်မကို အလုပ်ကရပ်စဲတော့မှာသေချာနေပြီ။ ရက်ပျက်တွေများလွန်းလို့။ ကျွန်မရှိနေတာ အကျိုး ထက် ပြဿနာတွေ ပိုနေတယ်တဲ့"

သည်စဉ် တိုက်ထဲသို့ ပြုံးရွှင်ရယ်မောစကားသံများနှင့်အတူ ဝင်ရောက်လာသူတွေရဲ့ လှမ်းနှုတ်ဆက်သံတွေကြားသို့ ကျွန်မရုတ်တရက် ရောက်ရှိသွားခဲ့သည်။ သူတို့အားလုံးပြန်လာကြပြီ။ ကျွန်မပျော်ရွှင်စွာ လှမ်း ကြည့်မိလျှင် နှလုံးခုန်ချက်များ နရီစည်းမမှန် ဖြစ်ပွားလှုပ်ရှား သွားလျက် လူမှာမူ ငြိမ်သက်မှင်သက်သွားခဲ့ရပါသည်။

မေနှင်း။ ကိုလှိုင်ဝေ။ ကိုကျော်စွာ။ ကျွန်မအမည်ရုတ်တရက တွေးမရသောတစ်ခါက ဓါတ်လှေကားလည်း မောင်းသည့်စာရေးဆရာ လေး။ ပြီးတော့ ကျွန်မမသိသူနှင့် နှစ်ဦးသုံးဦးခြံရံလို့ ဝင်ရောက်လာ ခဲ့သူက ကျွန်မ သို့ ကျွန်မ အလွန်စွဲမြဲမှတ်မိနေသော ကြည်လင်သည့် အသံဖြင့် လှမ်းပြော ခဲ့ပါသည်။

"အလုပ်က မရပ်စဲဘဲ အမြဲတမ်းတာဝန်ခံ အယ်ဒီတာအဖြစ် ခန့်အပ်တော့မယ် ဆိုရင်ကော-မ"

ကျွန်မ သူ့ကိုမှင်သက်ငေးနေမိဆဲ။ ကျွန်မရဲ့ ကိုယ်ခန္ဓာ၊ မျက်နှာ သွင်ပြင်တွေ၊ ဘယ်လိုဖြစ်နေလည်းပင် တွေးမရချင်။ တစ်စုံတစ်ရာသို့ ကျွန်မတစ်ယောက် ပျော်ဝင်သွားပြီး ကျွန်မဆိုတာ မရှိတော့သလိုလား ခံစား မိခဲ့ရသည်။ ကျွန်မရွှေ့လျားစီးဆင်းပြီး သူ့ထံအရောက်သွား နေတော့သလိုပဲ။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မနှုတ်ခမ်းတွေ လှုပ်ရှားပြီး သူ့ကိုခေါ်လိုက်မိသည် ထင်ပါ၏။ သို့သော် တိုးလျှအားအင်မဲ့လှသော အာမေဋိတ်တစ်ခုသာပေ။

"ကို တင်ဆောင်းဟန်"

နီးရာ ခုံတစ်ခုမှာ ကျွန်မဖြည်းဖြည်းလေး ထိုင်လိုက်မိပါသည်။ တိုက်ထဲမှာ နားလည်စာနာခြင်း မြူနှင်းငွေ့တွေ အုံ့ဆိုင်းအေးမြလျက် ခေတ္တ မှုန်ဝါးငြိမ်သက်၊ အတိတ်ကြီးတိတ်ဆိတ်သွားခဲ့ပါ၏။

စကားသံ ထွက်ပေါ်ဖို့ ဘယ်ဘယ်ကမှ ထပ်မံမကြိုးစားဆဲ။

"ဦးစိုးက မိုးကြည်ဝေ အံ့သြသွားအောင် တမင်မပြောဘဲ နေတာ"

"ဟုတ်တယ်၊ သိပ်အံ့သြသွားတာပါပဲ "

ကျွန်မ ခပ်တိုးတိုးပြောမိခဲ့သည်။ ကျွန်မကိုယ်ကျွန်မ ပြန်လည် တွေ့ ရှိခဲ့ပြီဖြစ်ပါသည်။

သူ့ကိုမျက်စိအောက်မှာပင် နောက်တစ်ကြိမ် ပျောက်ဆုံးသွား မှာ စိုးရွံ့စွာ ငေးကြည့်မောမိသည်။

ကြည်ရှည်ကြာမြင့်သောအကြည့်တွင် ရောဂါစူးစမ်း ရှာဖွေလိုသော ဆရာဝန်အကြည့်လည်း မပျက်မကွက်ပါဝင်ခဲ့ပါသည်။ သူ့အဖြူရောင် အင်္ကျီ ကိုသာ နှစ်သက်ဝတ်ဆင်တတ်မြဲတွင် ထူးခြားစွာ ရှပ်အဝါရောင်နု ဝတ်ဆင်ထားခဲ့ပါသည်။ ပါးလျားသွားခဲ့သည်မှာ အရည်ရှည်မြင့်မားသောကြောင့် ပိုမိုသိမြင်သာခဲ့သည်။

သူ့မျက်နှာတွင်မူ ရွှင်ပျကြည်လင်နေ လှပါသည်။ ဆံပင်တိုတို ညှပ်ထား၍ သူ့မျက်နှာ ဖျော့ဖျော့နုနယ်ငယ်ရွယ်နေခဲ့သည်။ မျက်လုံးညိုများ ပိုမို စူးရှတောက်ပနေယောင်။ ကျွန်မတို့ရဲ့ သူ့အပေါ် မမှိတ်မသုန် ဖိတ်လျှံနေမိ သော ကြင်နာအကြည့်များကို သူသည်းခံစွာ ပြုံးနေခဲ့ပါသည်။

"ကိုတင်ဆောင်းဟန် နေကောင်းတယ်နော်"

သူ ခေါင်းညိတ်ပြခဲ့သည်။ ကျွန်မ သည့်ထက်ပိုသော စကား မထွက်နိုင်သည်ကို နားလည်ဟန်၊ နောက်တစ်ချက် ခေါင်းညိတ်ခဲ့ ပြန်သည်။ နှုတ် ခမ်းမှာ အပြုံးက စွဲမြဲထင်လျက်။

ကျွန်မအနီးသို့သူရောက်လာခဲ့ပါသည်။ တစ်ယောက်ယောက် က စားပွဲတစ်ခု နောက်မှာရှိသော ခုံတစ်လုံးကို ယူလာပေးခဲ့သည်။ သူ



အသာ အယာဝင်ထိုင်ခဲ့သည်။ ကျွန်မအနီးမှာ ဖြစ်ပါသည်။ သူ့စားပွဲဆီသို့ ခါတိုင်းလို သွားမထိုင်ခဲ့ပါ။ သူ့အကြည့်များလည်း စားပွဲကျယ်ဆီ မရောက်ခဲ့ပါ။ သူ့စား ပွဲဆီသို့သာ မဟုတ်၊ တိုက်ထဲဘယ်နေရာသို့မျှ စူးစမ်းစွဲမြဲစွာ မကြည့်ပါ။

သူ့အကြည့်တို့မှာ ခပ်လျှမ်းလျှမ်းသာ အပေါ်ယံဖြစ်ပါသည်။ ကျွန်မ တို့အနီးမှာလာရပ်သော မေနှင်းက မျက်ဝန်းစိုစွတ်စွာဖြင့်သူ့ကို ပြုံးငုံ့ကြည်နေ သည်။

သစ်ဆင်း ဝိုင်းတော်သားများလည်း ကျွန်မနှင့် သူ့အနီးသို့ ရောက် လာ၊ ဝန်းဝိုင်းထိုင်မိကြစဉ် ဖျတ်ခနဲ မီးတစ်ချက်လင်းလက် သွားခဲ့သည်။

မီးလာရာဆီသို့ လှမ်းကြည့်လိုက်မိကြစဉ် တိုက်မှာအမြဲ အဆင်သင့်၊ ဖလင်ခါတ်ခဲထည့်ပြီးရှိတတ်သည့် ကင်မရာမြောက်ကိုင် ထားသော ကိုကျော်စွာကို တွေ့ရသည်။ အားလုံးပင် ပျော်ရွှင်စွာရယ်မော မိကြသည်။ ကျွန်မ သတိတရ ထလာခဲ့ပြီး "ကိုကျော်စွာ ဝင်လိုက်ပါ။ အမှတ်တရပေါ့" ကိုကျော် စွာ့လက်မှ ကင်မရာကို ယူသည်။ ကိုကျော်စွာ က တင်ဆောင်းဟန်အနီးက ကျွန်မဝင်ထိုင်ခဲ့သော ခုံမှာဝင်ထိုင်ခဲ့သည်။

မျက်မှန်နက် တပ်ထားသော၊ ကိုယ်အလေးချိန် လျော့ပါးနေ သော၊သူနှစ်သက်နေကျလည်ကတုံးအင်္ကျီလက်တို 'အဖြူရောင်တော့ မဟုတ်' နှင့် ကချင်ပုဆိုးရိုးရာဆင် ဝတ်ဆင်ထားသော ကင်မရာကို အားပါးတရ ပြုံး ကြည့်နေသော တင်ဆောင်းဟန်ပခုံးပေါ် ကိုကျော်စွာက လက်တင်ထားခဲ့ ပါသည်။

"ထိုဓါတ်ပုံလေးနှစ်ပုံကို "သစ်ဆင်း"တိုက်မှာ။ ဒေါက်ပါသော ဓါတ်ပုံ ဘောင်ခုံခုံလေးဖြင့် ယှဉ်ရက်ထည့်သွင်းထားပါသည်။ စာအုပ်မှန်ဗီရိုပုလေး ပေါ်က ထိုဓါတ်ပုံလေးနှစ်ပုံထဲမှာ ပါဝင်သူတိုင်း ပြုံးရယ်နေကြသည်။ ထိုဓါတ်ပုံလေးများကို ကြည့်မိတိုင်း အားလုံးပါဝင်ရိုက်နိုင်တဲ့ အော်တိုကို ဘာကြောင့် ကျွန်မ မသုံးမိခဲ့လည်းဟု ကျွန်မစဉ်းစားကြည့်လိုက်မိမြဲ ဖြစ်ပါသည်။

ငယ်ငယ်တုန်းက ကိုယ်ဖတ်ခဲ့ဖူးတဲ့ဝတ္ထုတိုလေးတစ်ပုဒ်။ "တို့မခေါ်တုန်း ကလေ"တဲ့။

ကျောင်းသွားဖော်သူငယ်ချင်းလေးနှစ်ယောက် ပြန်ခေါ်ကြတဲ့

www.burmeseclassic.com

www.burmeseclassic.com



အချိန်မှာ မခေါ်မပြောဘဲနေခဲ့ကြတဲ့ရက်တိုလေး အတွင်းက အကြောင်းရာတွေ ပြန်ပြောကြတာ မကုန်ခမ်းနိုင်တော့ဘူးတဲ့။ တစ်ခါတရံ "အဲဒီတုန်းက တို့ ခေါ်သေးတယ်လေ"လို့ တစ်ယောက်ကိုတစ်ယောက် ပြန်ပြီး သတိပေးကြရ သေးတာ။

ဝတ္ထုရေးသူ စာရေးဆရာအမည်မှတ်မိလောက်အောင် ကိုယ်မကြီး ပြင်းသေးတဲ့အရွယ်ကပါ။ မင်းနဲ့ပြန်လည်တွေ့ဆုံရတဲ့အခါ ကိုယ်နဲ့မင်း စကား တွေအများကြီး ပြောဖြစ်ခဲ့ကြတယ်နော်။

"မင်း မရှိတုန်းကလေ . . . "ဆိုပြီးတော့ ပြန်စဉ်းစားကြည့်ရင် စကားတကယ်ပြောဖြစ်ခဲ့တာ ကိုယ်သာပဲ။ မင်းကတော့ နားထောင်ပေးသ မားသက်သက်။ ပြောသူကို အားပေးပြုံးနဲ့ ကြည့်နေတတ်ပြီး ဆက်ပြောလေ လို့ အရိပ်သဏ္ဍာန်ပြတတ်တာ ကိုယ်သိပ်မှတ်မိနေမိခဲ့ပါရဲ့။ ကိုယ်တို့ တစ်စ တစ်စ သိမြင်လာမိတာက မင်းတစ်ယောက် ကိုယ်တို့နဲ့ဝေးနေစဉ်ကာလက ဝေးတယ်လို့မထင်ခဲ့ရဘဲ မင်းပြန်လည် ရောက်ရှိလာတော့မှ မင်းနဲ့ကိုယ်တို့ တဖြည်းဖြည်းပိုပြီးဝေးကွာလာသလို အဖြစ်ကိုပါပဲ။

ကိုယ်တို့နဲ့ မင်းရဲ့ကြားမှာ အရင်လိုမနွေးထွေးနိုင်တဲ့ အေးစက်စက် အစိမ်းရောင်လေထုရှိနေတယ်။ စောင့်စားရကြာမြင့်ရက် ရှည်ခဲ့သည်။ အရိပ် မမြင်သော နေပူပြင်းမှာ တစ်ကိုယ်တည်း လျှောက်လှမ်းနေရသည်သို့။

ညဉ်းငွေ့နေမိခဲ့ရင် သူကညဉ်းငွေ့ခြင်းကို မနှစ်သက်ဘူးဟု ကျွန်မ ကိုယ်ကျွန်မပြောရင်း။

စိတ်ဓါတ်တွေ ထိုးဆင်းသွားခဲ့ရင် သူက စိတ်ဓါတ်ကျတာ ကြိုက်မှာမဟုတ်ဘူးဟု ကျွန်မကိုယ်ကျွန်မ သတိပေးရင်း။

သူ့ကိုသတိရလွန်းသည့်အခါ သူကသူ့အပေါ် တည်မှီများသော စိတ် ခံစားလှုပ်ရှားမှုများကို အားမပေးချင်ဘူးဟု ကျွန်မကိုယ်ကျွန်မ ဆို ဆုံးမရင်း

ထိုရက်များကို ကျော်ဖြတ်ခဲ့ပါသည်။

သစ်ဆင်းမဂ္ဂဇင်း၏မူနှင့် သုံးလေးရှိသော စာများမှတစ်ဆင့် သူ့စိတ် သဘောများကို (ကိုကျော်စွာ၊ မေနှင်း၊ ကိုလှိုင်ဖေတို့ရဲ့ စိတ်သဘောများလည်း ဖြစ်နိုင်ပါသည်) ကျွန်မထင်မြင်ကြည့်ရင်း



ကျွန်မရဲ့စိတ်လှုပ်ရှားခံစားမှုများ ကို သူ့စိတ်သဘော၊ ဘောင်ထဲမှာပဲ ကြိုးစားလို့ထားခဲ့သည်။ အဆုံးမတော့ ကျွန်မတို့ရဲ့မျှော်လင့်ခြင်း အမိုးအောက်သို့ သူပြန်လည်ရောက်ရှိလာခဲ့သည်။

သူ့ကို ပြန်လည်တွေ့ဆုံရသောအခါ အတိတ်ကာလတစ်ခုကို ကျွန်မသတိရနေမိသည်။ ထိုကာလသို့ ပြန်လည်ရစ်ပိုင်းရောက်ရှိနေသကဲ့သို့လား။ တင်ဆောင်းဟန်၏ရောဂါကို စတင်သိခဲ့ရစဉ် အချိန်။ သူ မသိစေလိုသော အကြောင်းအရာကို ကျွန်မတို့ ဖုံးကွယ်ခဲ့ကြသည့် သရုပ်ဆောင်မှုတွေ ပီပြင် လှသည်။ မှတ်ထင်နေမိကြစဉ် အေးစက်စက်ရေခဲနံရံကို တင်ဆောင်းဟန် ဖြိုဖျက်ချပေးခဲ့ပါသည်။ သူနှင့် ကျွန်မတို့အကြား တံခါးများကို ပွင့်လင်းစေ ခဲ့သည်။

နယ်နိမိတ်မရှိ ဆက်စပ်နိုင်ခဲ့သော နွေးထွေးနားလည်မှုများ။ ထိုအချိန်များကို ရပ်ဆိုင်းနာရီနေ့ရက်များ (မဖြစ်နိုင်ပေမယ့်) ဖြစ်စေချင်ခဲ့သည်။ တစ်ချိန်တွင် နွေးထွေးသော သံယောဇဉ်ကြိုးများကို ဖြတ်တောက်၊ လွတ်မြောက်ဖို့ သူထွက်ခွာခဲ့သည်။ လောကဆိုင်းကြိုးများမှ သူ့ကိုယ်သူ လွတ်မြောက်နိုင်ဖို့ ကြိုးစားခဲ့စဉ် ကျွန်မနားလည်မပေးနိုင်ခဲ့ပါ။ သူ့ကိုတွေ့ဆုံ လိုသော စေတနာဇောတွေ သူ့ထံအစဉ်စေစားနေဖြစ်ခဲ့ကြသည်ပေ။ သူ့ဘက် က လွတ်မြောက်လိုမှု ကြိုးပမ်းချက်တွေ အတိုင်းအတာတစ်ခုအထိ အောင် မြင်ခဲ့မည်ထင်ပါ၏။ ကျွန်မတို့ဘက်မှလည်း အောင်မြင်ခဲ့သည်။ သူ့ကိုပြန် လည်ရရှိခဲ့ပါသည်။ သူ့ထံမှ အပြောင်းအလဲ တစ်စုံတစ်ရာ မျှော်လင့်ထား ပြီးဖြစ်ခဲ့သည်။ သို့စဉ်လျက် မှုန်နောက်နောက်မှုန်အလွှာတွေ ကာဆီးထား သလို မကြည်မလင် အဖြစ်တွေ ရှိနေရင် ရှိနေပါစေလား။ ကျွန်မဘာကြောင့် ခံစားထိရှနေမိသည်လဲ။ သူ့ရဲ့ကြိုးပမ်းမှုများကိုလည်း တွေ့နေရပါသည်။ ဟိုစဉ်က လိုပါပဲလား။

သူ မသိစေလိုသော အကြောင်းခြင်းရာမှန်သမျှ သူတကယ်ပဲ မသိ သယောင်နေပေးဖူးခဲ့သည်။ ထိုစဉ်ကဖြစ်စဉ်တွေ ရစ်ပိုင်းရောက်ရှိ လာပြန်ပြီ။

"သစ်ဆင်း-တိုက်"သို့ တင်ဆောင်းဟန်အလုပ်ဆင်းမြဲ ဆင်းလျက်ပေ။ သစ်ဆင်း ဖန်တီးထုတ်ဝေမှုအပိုင်းတွင် သူ့အဝေးမှာ ရှိစဉ်ကလိုပင်ကိုကျော်စွာက လက်ဆက်တာဝန်ယူဆောင်ရွက်နေခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



အရေးကြီးသော မျက်နှာဖုံးဆောင်းပါးများကိုတော့ တင်ဆောင်းဟာန် ရေးခဲ့သည်။ လုပ်ငန်း အဆင့်ဆင့်ကို သူ ခပ်ရှန်းရှန်းသာအပေါ်ယံ ခြုံငုံကြည့်မြင်ရင်း တစ်ခါ တစ်ရံတော့

"ကိုကျော်စွာ စားပွဲရှင်းလွန်းနေတယ်၊ စာမူတွေယူပါဦးဗျာ"

ခပ်ပြုံးပြုံး ငြင်းဆန်တတ်လေသည်။ သည်လိုအခါမျိုးတွင် ကျွန်မနှင့်ကိုကျော်စွာ အကြည့်ချင်းဆုံမိသွားတတ်သည်။ စကားမပြောဖြစ်ကြပါ။ ကိုကျော်စွာ သူ့စားပွဲမှ ထလာပြီး စာမူတွေကို ရွှေ့ပြောင်းယူသွားတတ်သည်။ သူ့စားပွဲမှာ စာမူများအစား စာအုပ်တွေများပြားစွာ ရောက်လာနေရာယူခဲ့သည်။ ကျွန်မစာမူကိုပင် မဂ္ဂဇင်းစက်တင်ပုံနှိပ် ထုတ်ဝေတော့မှ သူဖတ်တော့တာ။

တင်ဆောင်းဟာန်စိတ်တွေ မကြည်လင်ခဲ့ရင် ကိုကျော်စွာကို ကိုကြီး ကျော်စွာဟု သူခေါ်နေကျ။ (အခြားအဓိပ္ပါယ်တစ်ခုခု ရှိမလားမူ မပြောတတ် ပါ) သည်ထက်ပိုသော စိတ်မရှည်ချင်ချင် အမူအရာမျိုး သူ့ထံမှာ တစ်ကြိမ်မျှ မတွေ့ရခဲ့စဖူး။ ရက်ရှည်လများ ခံစားရသော ရောဂါဝေဒနာသည်တွေထံမှာ ကပ်ငြိတတ်သော စိတ်ရောဂါဝေဒနာဆန်ဆန် လက္ခဏာမျိုးဖြစ်ခဲ့မှာ ကျွန်မ တို့ ပူပန်နေမိကြပါသည်။

ထိုလက္ခဏာမှာ ဦးနှောက်သို့ ပျံ့နှံ့ရောက်ရှိသွားသည့် အခြေအနေ မျိုးတွင်လည်း တွေ့ရှိရတတ်၍ပင်။ ကိုကြီးကျော်စွာ အခေါ်အဝေါ်ထက် ပိုမိုခြင်းတွေ သူ့ထံမှာ မတွေ့ရသေးတာ တစ်မျိုးဝမ်းသာရပါသည်။ သူ့မှာ ဝေဒနာတစ်စုံတစ်ရာ ခံစားနေရပုံလည်း ရှိပါသည်။ ပုံမှန်ဆေးကုသမှုများ ခံယူနေခဲ့လည်း ရောဂါကမတိုးလှ ပေမယ့် သိပ်ရပ်တန့်နေပုံတော့ မရပါ။ သူ့ရောဂါနှင့် ပတ်သက်သော သူခံစားနေရသမျှကို ဖုံးကွယ်ထားချင်သည်က သူ့ဘက်က နံရံပေ။ သို့နှင့် သူ့မျက်လုံးအရောင်ဝါခဲ့လျှင်အင်္ကျီအဝါရောင် ဝတ်ထားတတ်သည်များကို ကျွန်မတို့မသိသလို နေမိကြရပါသည်။ (သူ) စိတ်ချမ်းမြေ့ဖွယ်ကိုသာ ကျွန်မတို့သူ့ရှေ့မှာရွေးချယ်ပြောဆိုခဲ့ကြသည်။ (သူ့)စိတ်မှိုင်းရိပ် မထင်ရလေအောင် ကျွန်မတို့ရဲ့ ကြိုးပမ်းမှုများပါပဲလေ။

တစ်ရက်မှာ။ ထိုနေ့မှာ စနေတစ်နေ့ ဖြစ်ပါသည်။ နောက်တစ်ရက် တနင်္ဂနွေမှာ ကျွန်မခရီးသွားဖို့နေခဲ့သည်။ သုံးရက်သာကြာမည်။ ယခုခရီးမှာ ကျွန်မကုမ္ပဏီ၏ ထုတ်လုပ်ရောင်းချပစ္စည်းများ ပြပွဲမဟုတ်ဘဲ



မိတ်ဖက်ကုမ္ပဏီတစ်ခု၏ ဆေးဝါးသွင်းကုန်အသစ် တင်ဆက်ပွဲဖြစ်သည့်အတွက် များစွာပူလောင်ဖို့ မလိုအပ်သောခရီးဖြစ်မည်ပေ။ ခရီးထွက်ဖို့ အလုပ်ရှုပ် နေသည့်ကြားမှ စနေညနေခင်းအချိန်ကို ကျွန်မရအောင် ယူခဲ့သည်။ ခရီး မထွက်ခင် တင်ဆောင်းဟာန်နှင့် တွေ့ဆုံချင်သည်။ ကျွန်မအတွက် အချိန် များ ကျပ်တည်းလှသည့်အတွက် သစ်ဆင်းတိုက်သို့ ဆက်သွယ်ချိန်းမိလျှင် နေ့လယ်ပိုင်းကစပြီး ကျွန်တော်အိမ်မှာရှိနေမယ်ဟု တင်ဆောင်းဟာန်ပြော ခဲ့သည်။

ကျွန်မရောက်ခဲ့သောအခါ ခြံထဲက ခရေပင်အောက်တွင် ခါတိုင်း ကကဲ့သို့ပင် ပက်လက်ကုလားထိုင်တွင် ခပ်လျော့လျော့ ထိုင်နေသော တင် ဆောင်းဟာန်ကို တွေ့ရသည်။ မိုးရိပ်မိုးစလေးများ စွန်းထင်းနေသော ဇူလိုင် ညနေခင်းတွင် ခရေနံ့များလည်သင်းပျံ့ နေချေသည်။ သန့်စင်မိုးစက် ကြွင်း ကျန်လေးများ ခရေရွက်တွေပေါ်မှာ ကျွန်မတို့ကိုယ်ပေါ်သို့ တစ်ပေါက်တလေ ခုန်ဆင်းနေဆဲ။ ခရေနံ့၊ လတ်ဆတ်လေပြည်၊ မိုးပေါက်လေးများနှင့် 'သူ'တို့က ကျွန်မစိတ်ကို လန်းဆန်းပျို့လွင်နေစေခဲ့သည်။

ကျွန်မရဲ့ အလုပ်ခွင်ထဲက ရယ်ပွဲဖွဲ့ ပျော်စရာတွေ ပြောပြနေမိပါသည်။ သူ့အနီးမှာ ကြိမ်ကုလားထိုင်ပုလေးဖြင့် ကျွန်မထိုင်နေခဲ့ရင်းပေ။ သူ့အကြည့် များစူးရှစွာကျွန်မထံ ကျရောက်နေခဲ့တာ ကျွန်မ သတိမထားခဲ့မိပါ။ အသိတစ်မျိုးဖြင့် ကျွန်မစကားပြောရပ်သွားခဲ့ကာ သူ့ကိုကြည့်မိလျှင် သူ့အကြည့်တို့က ကျွန်မထံမှာ မလွှဲမဖယ် စူးရှာစွာဖြင့်ပင်။

"တကယ့်အဖြစ်မှန်က အလုပ်လုပ်နေရတာ ဘယ်လိုတဲ့လဲ။ ကျွန်တော်ကို ပြောပြနေတာမျိုးတွေ မဟုတ်ဘဲ သိချင်တယ်"

သူ ရုတ်တရက်ပြောခဲ့လျှင် ကျွန်မ မင်သက်သွားမိသည်။ သူဘာကို ဆိုလိုချင်လဲ။ ကျွန်မ မဖမ်းမိလိုက်။ ပြုံးလျက်ပင်။

"တင်ဆောင်းဟာန် ဘာသိချင်တာလဲ ဟင် "

မေးမိသည်။ သူ့အကြည့်တို့ လွှဲဖယ်ကာ မျက်နှာညို့မှုန်စွာ

"မ -ကျွန်တော့်ကို ပြောမပြခဲ့သေးတာတွေ "

သည်တစ်ကြိမ်မှာမူ ကျွန်မရင်ထိတ်ဖိုမိသလိုပဲ။ ချစ်သူ[illegible]ချင်း တွေပင် မရိပ်စားမိခဲ့တာ။ သူ ကျွန်မရဲ့ ထိရှမှုများကို ဘယ်လိုသိရှိနိုင်

www.burmeseclassic.com

www.burmeseclassic.com

မှာလဲ။ တွေးလိုက်မှ စိတ်သက်သာရာရ ပေါ့ပါးလန်းဆန်းစွာ ပြုံးနိုင်သည်။

"လုပ်ငန်းခွင်ထဲက အကြောင်းအရာ အသေးစိတ်တွေက ကျွန်မတို့ က လွဲပြီးတခြားသူ စိတ်ဝင်စားစရာမရှိလို့ပါ။ မပြောပြဖြစ်တဲ့ အကြောင်း တွေဆိုပိုပြီးတောင် စိတ်ဝင်စားဖို့ မရှိသေးတယ်"

သူတည်ငြိမ်တည့်မတ်စွာ ကျွန်မမျက်လုံးများကို ကြည့်ဆဲပေ။

"ရပါတယ် ပြောပါ၊ ကျွန်တော်စိတ်ဝင်စားနိုင်ပါတယ်"

သူလေသံဆတ်ဆတ်ဖြင့် ပြောခဲ့သည်။ မျက်နှာလည်း တည်တည်၊ စွဲတင်ကျနေကျ အပြုံးအေးအေးလည်း နှုတ်ခမ်းဖျားမှာ တွဲခိုလို့မရှိ။ ကိုကျော် စွာသာရှိခဲ့ရင် ကိုကြီးကျော်စွာဟု သူလှမ်းခေါ်မည့် အချိန်ဖြစ်မည်ပေ။

ခံစားထိခိုက်မိခြင်း၊ တံခါးအတွင်းစည်းမှာ ဘယ်သူ့ကိုမှ မထားဖို့ တိတ်တဆိတ် ချမှတ်ထားပြီးသော ဆုံးဖြတ်ချက်ကို ပြင်လိုက်ဖို့ စိတ်ကူးမရှိသေးပါ။ အကြံဉာဏ်ယူ တိုင်ပင်မယ်ဆိုရင် သူ့ကိုသာ တမ်းတမိဆုံးဖြစ်ခဲ့သည်။ သို့ပေမယ့် ကျွန်မဆုံးဖြတ်ထားခဲ့ပြီးပြီ။

ကိုယ်ရေးကိုယ်တာဆန်လှသောအကြောင်းတွေပြောဖို့ သူ့ကို တမ်းတခဲ့သည်ဆိုရင် ကျွန်မရဲ့အောက်မေ့တမ်းတခြင်းတွေ ဂုဏ်မဲ့သွားလိမ့်မယ်။ ကျွန်မသူ့ကို ဂုဏ်ရှိစွာ တမ်းတအောက်မေ့ချင်သည်။ အတွေးတွေ ဖြင့် ကျွန်မ တိတ်ဆိတ်သွားခဲ့သည်။ တင်ဆောင်းဟန် ကျွန်မမျက်နှာမှာ အဓိပ္ပါယ်တွေ လိုက်လံရှာဖွေနေခဲ့သည်ထင်၏။ ငြိမ်သက်တိတ်ဆိတ်နေမိကြ ပြီးမှ သူက စတင်စကားတိုးတိုးဆိုပါသည်။ ထိုစကားမှာ အရာရာကို သတိရစေလျက် ကျွန်မဆုံးဖြတ်ချက်များကို အပြီးပြီးအလဲလဲ ဖြစ်စေခဲ့ပါ၏။

"ကျွန်တော်က လူတွေရဲ့ခံစားချက်တွေကို ရိပ်မိနားလည်နိုင်တယ်။ မျှဝေခံစားပြီး ဝေမျှခံစားနိုင်စေမယ့်စာတွေလည်း ရေးတဲ့ စာရေးဆရာဆိုတာ 'မ' မကြာခဏမေ့တယ်ဗျာ။ ကျွန်တော့်အထင်လည်း လွဲချင်လွဲနိုင်ပါ တယ်။ 'မ' ပြောချင်တာပဲ ပြောပါ။ ကျွန်တော်နားထောင်ပေးမယ်။ အရေးကြီး တာက စိတ်ချမ်းသာဖို့ပဲ။ ပြောရင် စိတ်ချမ်းသာမလား။ မပြောရင် စိတ် ချမ်းသာမလား။ အဲဒါ မရဲ့ဆုံးဖြတ်ချက်ပါပဲ"

ကျွန်မဘာကြောင့် သူ့ကိုလောကကိစ္စတွေ စိတ်မဝင်စားနိုင်တော့တဲ့သူလို့ အလွယ်တကူထင်မိခဲ့ပါလိမ့်။ ကိုယ်ကသာ သူစိတ်ချမ်းသာ



ဖို့ကောင်း မှုတွေ ပြုလုပ်ပေးနိုင်သူလို ကိုယ့်ကိုယ်ကို ဗဟိုပြုသော အတွေးတွေ ကြွယ်ဝ စွာ တွေးခဲ့သည်။ သူကမူ ကျွန်မကို ခါတိုင်းက ကဲ့သို့ပင်ရင်ထဲချင်းအထိ သိမြင်ဆက်သွယ်နိုင်ဆဲ။ ကျွန်မလှိုက်လှဲ ဝမ်းနည်းမိခြင်းများစွာနှင့် စကား စတင်ခဲ့သည်။

"ကျွန်မ ပြောမပြခဲ့တာ။ ကျွန်မအလုပ်ဌာနသစ်တစ်ခုကို ရောက်နေတယ်။ ဒီအလုပ်နဲ့ပတ်သက်ပြီး ကျွန်မရဲ့ခံစားထိရှမှုတွေကို ပြောပြရင် လူအထင်မြင်သေးမှာစိုးရိမ်လို့ ပြောမပြခဲ့တာလို့ တင်ဆောင်းဟန် မထင်ဘူးဆိုရင် ကျွန်မပြောပြချင်ပါတယ် "

တင်ဆောင်းဟန်မျက်နှာတွင် ညိုမှုန်ခြင်းကင်းပ၊ လင်းလက်ခဲ့သည်။ အရင်ကလိုပင် လန်းဆန်းရွှင်ပျစွာ ရယ်ပြုံးလျက်

"နားထောင်နေပါတယ်။ စုလစ် မွန်းချွန်တွေ၊ အုတ်ကြွပ်အမိုးနီနီတွေ၊ စစ်ကြိုခေတ်က အိမ်ပုံစံတွေတော့ မပါဘူးမဟုတ်လား"

ဟု ကျွန်မကိုယ်ကို ထိန်းသိမ်းနိုင်ရုံမက သူ့ကိုပါမျက်စောင်းဝေ့ချင်စိတ် ပေါ်လာအောင် စာရေးဆရာက ရွှန်းပြက်လိုက်ပါသေးသည်။

"ကျွန်မအလုပ်ပြောင်းလဲဖို့ ဖြစ်လာတော့ ကိုယ့်ကိုယ်ကို ပြန်ပြီးဖြည့်ဆည်းရတာတွေ အများကြီးပဲ့ တင်ဆောင်းဟန်။ အဲဒါမင်းမရှိတုန်း ကလေ။ ကျွန်မ ကွန်ပျူတာသင်တယ်။ အခြေခံချောက်ချက်တီးချောက်ချက်ချက် ကိုင်တတ်ရုံလေးတတ်ဖို့ပဲ အချိန်ပေးနိုင်ခဲ့တာ။ အင်္ဂလိပ် စာသင်တန်းတွေ တက်တယ်။ စာမေးပွဲတွေ လှမ်းဖြေတယ်။ ဒါတွေဟာ ကိုယ့်အတွက်တစ်နေ့နေ့ အသုံးကျလာမှာပဲလို့တွေးရင်း သိပ်မခက်ခဲဘဲ ရလိုက်တဲ့အလုပ်တစ်ခုကို ဝင်လိုက်တယ် တင်ဆောင်းဟန်"

www.burmeseclassic.com

ကုမ္ပဏီသစ်တစ်ခုရဲ့အကျပ်အတည်းကို နားလည်ထားသည့်အပြင် ကျွန်မကိုယ်တိုင် အလုပ်သင်ယူလိုစိတ်ပြင်းပြ၍သာ ထိုကုမ္ပဏီမှာ လေးလ ကြာမြင့်ခဲ့တာ ဖြစ်နိုင်ပါသည်။ တိုးထွက်ရှင်သန်ရသော အနေအထားကို ကျွန်မနားလည်ပါသည်။ သည့်အတွက်ငြင် အလုပ်သင်သုံးလမှာ ဘာမှမ တောင်းဆိုဖို့ ဆုံးဖြတ်ထားခဲ့ပြီးသားပေ။ မတောင်းဆိုမည့်အကြောင်းကို စာ ချုပ်မှာ လက်မှတ်ရေးထိုးစေပြန်တာကတော့ တစ်မျိုးပင်။ ကုမ္ပဏီက မကြီး ကျယ်လှပေမယ့် စီမံအုပ်ချုပ်မှုမှာတော့ ဝါရင့်အဖွဲ့အစည်းတွေလို စနစ်ကျ ချင်လို့ဖြစ်မှာပဲဟု တွေးယူလိုက်ပါသည်။ ဖွင့်စဖြစ်၍ ကုမ္ပဏီဝန်ထမ်းလည်း မများပါ။ မိသားလိုသိုက်ဝန်းစွာ နေရလျှင် ညစ်ညမ်းမှုကင်းသော အလုပ်ခွင် လေထုကို ရရှိနိုင်မည်ပင်။ ဂန်ထမ်းအနည်းငယ်နှင့် အလုပ်ရှင်အလုပ်သမား ဆက်ဆံရေးက မွန်းသိပ်သိပ်အခြေအနေကို ထာဝစဉ်ဖန်တီးထားလျက်။ ကြာတော့ ကျွန်မတို့ချင်း စကားပင်သိပ် မပြောဖြစ်ကြတော့။ မျက်လုံးချင်းသာစကားတွေ အပြောများလာကြသည်။ စတိုကီပါနှင့် အင်ဂျင်နီယာလေးနှစ်ဦး ကလွဲရင် ကျန်သူတွေက အမျိုးသမီးတွေမို့ ရင်းနှီးဖို့တော့ မြန်ကြသည်။ ဝန်ထမ်းအားလုံး အားကြိုးမာန်တက်အလုပ်လုပ်ကြတာ ကုမ္ပဏီအတွက် စေတနာတွေနှင့်ပင်။ ကုမ္ပဏီပိုင်ရှင် မေမေကြီးကမူ စေတနာကို မယုံကြည်။

"စေတနာပါဆိုရင် စာလာရီ (Salary) မရဘဲရော လုပ်ကြမှာလား"



ဟု ရယ်သွမ်းသွေးတတ်တာ၊ သူ့အကြောင်း သူ့နောက်ကွယ်မှာ ပြောတတ်ဖို့ သင်ပေးနေသလိုပဲ။ ကျွန်မမူ ထိုပညာကိုတော့ မယူလိုက်။ စကားတွေ လျှော့ပြောရင်း အလုပ်ကိုပဲ မဲလုပ်ခဲ့သည်။ လိုအပ်ရင် မျက်လုံး ချင်းပဲ စကားပြောမည်။

အလုပ်ရုံးခန်းရဲ့ ပြင်ပမှာလည်း လေထုက အခိုးအငွေ့တွေ များပါ သည်။ လောဘရဲ့အငွေ့လား။ မောဟရဲ့အငွေ့လား။ အငွေ့တွေဝဲပျံမှု ကြောင့် အုံ့ဆိုင်းဆိုင်း မွန်းကျပ်ကျပ်ပေ။ ဖွင့်စကုမ္ပဏီရဲ့ ဈေးကွက်မရမှု။ ခြေလှမ်းမှားယွင်းမှု။ ပြိုင်ဘက်ကို ရှုံးနိမ့်မှာစိုးရွံ့ ပူလောင်သည့် ပျာယာ ခပ်မှုများ။ လက်သင်ဝန်ထမ်းများရဲ့ အလုပ် မကျွမ်းကျင်သေးတာ၊ အထင် သေးအမြင်သေးခံရမှု၊ မှားယွင်းပြုမိမှာ စိုးရွံ့ပူလောင်သည့် ပျာယာခတ်မှု များဖြင့် ကျွန်မ၏လုပ်ငန်းခွင်လေထုမှာ အစဉ်မွန်းမှောင်နေခဲ့သည်။

ရောက်သည့်နေ့မှာ သတင်းအချက်အလက်စာအုပ်စာတမ်းတွေ အထပ်လိုက်ပေးခဲ့သည်။ ဒါပါပဲလေ။ လုပ်ငန်းခွင်ကို သေချာ၊ ရေရာ၊ ရှင်းလင်းသင်ကြားမပေးခဲ့တဲ့ ကုမ္ပဏီရဲ့ (သူတို့ကိုယ်တိုင်လည်း သေချာသိဟန် မတူဘူးလေ) ဆေးကီရိယာ၊ ခါတ်ခွဲခန်းအစုံအလင် လျှောက်သွား၊ ကြော်ငြာရောင်းချပေးရသော အလုပ်။ ပစ္စည်းတန်ဖိုးတွေက ကြီးလှသဖြင့် ရောင်းရခက်လှတာ ကျွန်မရဲ့ညံ့ဖျင်းမှုမဟုတ်မှာ သေချာလှပါသည်။

အလုပ်ကမူ များပြားလျက် လုပ်စရာအမယ်တွေ စုံလင်လှပါသည်။ ဝန်ထမ်းကနည်းနည်း။ အရောင်းမြှင့်တင်ရေးတာဝန်ခံဆရာဝန်က နှစ်ဦး တည်း။ ကျွန်မနှင့်သူဇာကိုမှာ ဆေးရုံတွေ ၎လျှောက်သွားရင်း အလုပ်ထဲမှာ နှစ်ထားရင်း ပျော်တော့ပျော်ရှင်ကြပါသည်။ အရောင်းတာဝန်ခံများမို့ အပြုံး ကိုလည်း မပြတ်ဆင်ထားတတ်ပြီ။ အုတ်ကြွပ်မိုးနီနီနှင့် စစ်ကြိုခေတ်ပုံစံ ရှေးအိမ်ကြီးထဲ ပြန်အဝင်ဆိုရင်တော့ မြို့ထဲမှာတုန်းကလောက်မပြုံးနိုင် တော့တာ လူနုန်းလာလို့ဖြစ်မလားပင်။ အလုပ်ချိန်ဆိုတာ သတ်မှတ်ထားပေ မယ့် အလုပ်မပြီးတော့ အားရက်၊ နားချိန်ဆိုတာ အလိုလိုပျောက်ကွယ်သွား ခဲ့သည်လေ။

အရောင်းမြှင့်တင်လည်း ကိုယ်၊ ဖြန့်ဖြူးရေးလည်း ကိုယ်၊ ဘီလ်လိုက်ကောက်လည်းကိုယ်၊ ကွန်ပျူတာရိုက်လည်း ကိုယ်မို့ တံမြက်စည်း

www.burmeseclassic.com

www.burmeseclassic.com



လှည်းတာကလွဲရင် ကိုယ်တို့အလုပ်တွေချည်းပဲ"လို့ ကျွန်မတို့ပြက်ရယ် ပြောမိခဲ့သည် အထိ။ လုပ်ငန်းကိုခြုံပြီး တတ်ချင်၊ သိမြင်ချင်သော ကျွန်မတို့အရောင်းတာ ဝန်ခံဆရာဝန်နှစ်ဦးကို အပိုင်းအစစီသာ သိစေတာကြောင့် သူတို့လုပ်ငန်း ကို ဒီထက်ပိုလို့ တိုးတက်လာအောင် ကျွန်မတို့ကလည်း မကူညီနိုင်ခဲ့။ အခြား လွှင်သောင်းဒါန်တို့ကုမ္ပဏီမှာလို မျှော်လင့်ချက်ကလေးများလည်း လမ်းဖွင့် မပေး။ ငွေစဆိုတာ အရာရာမှာ မပြီးမြောက်ပေမယ့် ရောင်းရပစ္စည်းရဲ့ ရာနှုန်းအလိုက် ချီးမြှင့်ဆုချ ရတာမျိုးဖြင့် လုပ်စွမ်းကိုင်စွမ်းများကို အသိ အမှတ်ပြုခြင်းလည်းမရှိ။

ကျွန်မတို့ရဲ့အတ္တနှင့် ပဋိပက္ခဖြစ်ရဆုံးက ဆရာဝန်လိုင်းကို အလွန် ဝါသနာပါလျက် အမှတ်မမီ၍ မရခဲ့သောအင်ဂျင်နီယာ သူကြွယ်မလေးရဲ့ ကုမ္ပဏီမှာ အထေ့အငေါ့ခံလို့ အလုပ်လုပ်ရတဲ့ အဖြစ်ပဲလေ။

မိုးစက်လေးများရဲ့ အေးမြမြအထိအတွေ့ကို ကျွန်မတို့ မေ့လျော့နေမိခဲ့ကြသည်။ ထိုစဉ် မိုးဖွဲလေးများ စဲလာခဲ့သည်။ မိုးရေ စွတ်စိုနေသော ခရေပင်အုပ်အုပ်လေးမှာ ညနေ နေခြည်အောက်တွင် တောက်ပလာခဲ့သည်။ လေပြည်နှင့်အတူ ပန်းခရေနံ့က သင်းပျံ့မွှေးအေးလျက်။ စကားအဆုံးတွင် ကျွန်မ ငြိမ်သက်သွားမိသည်။ တင်ဆောင်းဟန်လည်း စကားမပြောခဲ့။ ကျွန်မ ရင်ထဲမှာတော့ ပေါ့ပါးဖြူစင်လှသည့် စိတ်အနေ။ လေးလံခဲ့သမျှတွေ မိုးရေစက်လေးတွေနှင့်အတူ မြေပြင်ဆီသို့ ခုန်ဆင်းစိမ့်ဝင်သွားခဲ့ပြီ။

နားလည်ကြင်နာအကြည့်များသော သူ့မျက်ဝန်းမှ စွဲရစ်ထင်စေလျက်။ သူ့မျက်ဝန်းမှ အားပေးနှစ်သိမ့်ရိပ်က ကျွန်မစိတ်တို့ကို ညွတ်နူးသက်သာရာ ရစေခဲ့သည်။ စိတ်လက်ပေါ့ပါးစွာ သူ့ကို ပြုံးကြည့်မိစဉ် သူ့မှာမူ အတွေးဝင်နေဟန် ခပ်မှုန်မှုန် ရှိတော့သည်။ မျက်နှာသွယ်မှာ အနည်းငယ် ချောင်ကျနေခဲ့သည်။ ပါးမြိုင်းမွှေး၊ နှုတ်ခမ်းမွှေး၊ တိုစစလေးများကို သူရက်မှန်မှန် မသုတ်သင်ဖြစ်တာ ကျွန်မသတိထား နေမိတာကြာပြီ။ တစ်ခါ တစ်ရံ သူ့လက်သည်းခြေသည်းများပင် ညှပ်ဖို့မေ့ထားခံရသလို ရှည်လျက်။

အစဉ်ရှင်းသန့်သပ်ရပ်စွာ နေတတ်သော သူ့ရဲ့ လျော့တိလျော့ရဲနေလိုဟန်အသွင်သဏ္ဌာန်တွေက ကျွန်မစိတ်ကို ထိခိုက်စေခဲ့သည်။



နှုတ်ခမ်း တို့ တင်းတင်းစေ့ထား၊ စဉ်းစားလေးနက်နေဟန် ရှိသည့်အတွက် ကျွန်မ စိတ်မကောင်းမိပါ။ သူ့စိတ်တွေထဲ လေးလံတွေဝေမှုတွေ ရောက်ရှိသွား ပြီလား။

တွေးမိနေခဲ့စဉ် တင်ဆောင်းဟန် ကျွန်မ မျက်လုံး အရိပ်ကို ဖတ် တာ လျင်မြန်လှပါသည်။ သူ့မျက်လုံးချက်ချင်းလို အရောင်ပြောင်းခဲ့သည်။ လန်းဆတ်ပေါ့ပါးသော အပြုံး၊ သူ့နှုတ်ခမ်းမှာ ဖြည်းဖြည်းပြုံးလာလျက်-

"စာရေးဆရာတစ်ယောက်ရဲ့ အရိပ်အကဲမှန်ကိုအမိပွာယ်ကောက် လို့ လွယ်လွယ်နဲ့တော့ မရနိုင်ဘူးလေ"

"မ-က သိပ်ကြိုးစားချင်တာကိုး"

ရယ်ဟဟ ဆိုခဲ့သည်။ ကျွန်မ အနည်းငယ်ရှက်သွားမိလျက်-

"ကျွန်မ ကလည်း စူးစမ်းတတ်တဲ့ စာရေးဆရာပဲလေ။ ရှင်မေ့တတ်တယ်။"

တမင်တာခင် အပြစ်တင်သံဖြင့် ပြောမိရင်း အတူတကွ ရွှင်ပျရယ်မောလိုက်မိကြသည်။ ရယ်မောသံ မပြယ့်တပြယ်မှာ သူ အမှတ်မထင်လို အမေးတစ်ခွန်း မေးခဲ့သည်။

"ကုမ္ပဏီနဲ့ စာချုပ်ထားတာမျိုး ရှိလား။ အလုပ်ထွက်ဖို့ဆိုရင် တစ်လကြိုတင်ပါတို့၊ သုံးလ ကြိုတင်ပြောပါဆိုတာမျိုး"

ကျွန်မ ခေါင်းခါမိသည်။ မရှိပါ။ ကုမ္ပဏီဘက်မှသာ မလိုအပ်တော့ရင် (သဘောမကျရင်) ချက်ချင်း ရပ်နားခံရမယ်ဟု အသိပေးထားသည်မို့ ကိုယ့်ဘက်က စတင်ရပ်နားထားသည်မို့ ကိုယ့်ဘက်က စတင်ရပ်နားဖို့ ကိစ္စကို သူတို့ဘယ်လိုမှ တွေးတောထား ဟန်မရှိပါ။ သူ ခပ်ဆဆ ပြောခဲ့သည်။

"ကျွန်တော် မလွဲဘူးဆိုရင်တော့ မတို့အုပ်စုထဲက တစ်ဦးစ၊ နှစ်ဦးစ က ခုချိန်မှာ တခြားအလုပ်အင်တာဗျူးတွေ ရှာဖွေနေလောက်ပြီ"

ကျွန်မ အပြုံးတွေ ဖျော့တော့ချင်ခဲ့ပြီး များစွာ စိတ်မပါလှဘဲ ဖြေမိ သည်။

"ဦးတင်ဆောင်းဟန် လွဲတယ်။ တချို့ ဖြေတောင်ဖြေပြီးကြပြီ။ သူတို့ မသိအောင်ပေါ့။ သိရင် စာချုပ်စည်းကမ်းတွေ ငြိမှာစိုးရတယ်လေ"

www.burmeseclassic.com

www.burmeseclassic.com



သူ ကျွန်မကို စူးစမ်းစွာကြည့်လျက် တွေးဆ၊ မေးခဲ့ပြန်သည်။

"မ သဘောထားကရော"

"ကျွန်မ ဘယ်ကိုမှ လျှောက်လွှာမပို့ဖြစ်သေးဘူး။ ဒီအလုပ်ကို စိန်ခေါ်မှုတစ်ခုလို ခံစားနေရတယ်။ အချိန်တွေ ရင်းပြီးတဲ့အတူတူတော့ အလုပ်ကို ဒီထက်ပိုလို့ နားလည်တတ်ကျွမ်းဖို့ ကြိုးစားချင်တယ်။ နောက်တစ် နေရာ ဒီလိုမျိုး အစမ်းခန့်ကာလတစ်ခုကို စမ်းတဝါးဝါး မသွားချင်တော့ဘူး။ ကျွန်မ တစ်ခုခု တတ်ကျွမ်းခဲ့ရမှ ဖြစ်လိမ့်မယ်"

သူ ပခုံးတွန့်လျက် ကျွန်မကို ခပ်ငေးငေး ကြည့်သည်။

"အပိုင်းအစတွေသာ သိနေရရင် 'မ' ဘယ်လို ဆက်စပ်ယူမလဲ။ ယူနိုင်ရင်လည်း အချိန်ကြာမယ်။ အချိန်တွေကို ရင်းနေရရုံမဟုတ်ဘဲ 'မ'ရဲ့ စိတ်ဓာတ်တွေလည်း အရင်းထဲမှာ ပါနေပြီလေ။ ရှေ့အတွက် မျှော်လင့်စရာ ဒါမှမဟုတ် တက်လမ်းဖွင့်ပေးထားတာမျိုး ရှိလို့လား"

သည်ခေါင်းစဉ်မှာလည်း ကျွန်မ မဆွေးနွေးချင်လှသော ခေါင်းစဉ် ထဲမှာ ပါသည်။

" ကျွန်မ ဘယ်လို ပြောရမလဲ။ တကယ်မသိဘူး တင်ဆောင်းဟန်။ မျှော်မြင်ဖို့ရှိ မရှိဆိုတာ ပြောရခက်ပါတယ်။ စက်ကိရိယာ အသုံးချနည်း ပညာရဲ့ သရုပ်ပြလက်တွေ့ သင်တန်းတွေရှိတယ်။ ပင်ရင်းကုမ္ပဏီကြီးရဲ့ ကုမ္ပဏီခွဲရှိတဲ့ စင်္ကာပူမှာပါ။ အရောင်းတာဝန်ခံ ဆရာဝန်တွေက ပစ္စည်း လည်းရောင်း၊ သရုပ်ပြလည်း ပေးရတာမို့ အရောင်းတာဝန်ခံနဲ့ အင်ဂျင် နီယာတွေ တက်ရလေ့ရှိတယ်။ ကုမ္ပဏီကတော့ ကျွန်မတို့အတွက် မျှော်မြင်စရာ ခေါ်မလား။ ပညာရပ် တစ်ခုခုတတ်ကျွမ်းပြီး စွမ်းရည်မြင့်လာမှာကို သိပ်စိတ်ဝင်စားပုံ မရဘူး။ ကုမ္ပဏီအနေနဲ့ သင့်တော်သူတစ်ယောက်ယောက် ကို (ဝန်ထမ်းထဲက မဟုတ်လည်း) လွှတ်သင့်လွှတ်မှာပဲတဲ့။ အရောင်းတာဝန်ခံ မှ သွားရမယ်၊ ပုံသေမဟုတ်ဘူး။ ဒီမှာပြန်ရောက်ပြီး သင်တန်းပြန်ပေး ရင်လည်း ဖြစ်တာပဲလို့ ဆိုတယ်။ ရခဲ့လှတဲ့ အဖြစ်တစ်ခုလို ကျွန်မတို့က သိပ်မျှော်လင့်နေ တယ် ထင်ဟန်တူပါရဲ့ "

သူ တိတ်ဆိတ်စွာပင် ကျွန်မ မျက်လုံးများသို့ စူးစိုက်ငေးကြည့်နေ ခဲ့သည်။ မျက်နှာမကောင်းစွာ ပိုမိုညိုမှုန်လျက်။ ကျွန်မ အလုပ်နှင့် ပတ်သက် ၍ သူတစ်ခုခု ပြောသင့်လျက် မပြောခဲ့။ သူငယ်ချင်းချင်း



ပြောဖြစ်လေ့ရှိသော ပြစ်တင်စကားလေးဖြစ်ဖြစ် သူ ကျွန်မကို ပြောစေ ချင်သည်။ ကျွန်မ ဘာကြောင့် သည်မျှ သိုသိပ်ခံစားနေခဲ့သလဲ။ သူမပြောခဲ့။ ဒါမှမဟုတ်

"မ -အလုပ်က ရွှေထွက်နေလို့လား"

ဟု သူစိတ်ဆိုးစေချင်သည်။ သူမပြောခဲ့။ ကိုယ်ရေးကိုယ်တာ အလုပ် အကြောင်းတွေ ရှည်လျားစွာ ပြောပြမိခဲ့သော ကျွန်မရဲ့ အလွန်ပါပဲ လေ။

ကျွန်မ နောင်တရမိပြန်ပြီ။

အတန်ကြာ တိတ်ဆိတ်နေခဲ့ပြီးမှ "ဒီခရီးက သုံးရက်ပဲ ကြာမှာနော်။ ပြန်လာရင် ကျွန်တော် မနဲ့ တွေ့လို့ရမလား"

ပြန်လာရင် အလုပ်တွေ များစွာပုံနေလိမ့်မယ်။ ကျွန်မ ရောက်ဖြစ် ပါ့မလား။ ရက်ချိန်းနှင့် အလုပ်အစီအစဉ်တွေ ပြည့်နေသော ကျွန်မရဲ့ ဒိုင်ယာရီ စာအုပ်ကို မြင်ယောင်သည်။ ဆေးခန်းဖွင့်ဖို့ စိတ်ဝင်စားနေသော အုပ်စုနှစ်စုမှ အရေးပါသူတွေနှင့် တွေ့ဆုံရဖို့ ရှိသည်။ မြို့လယ်နှင့် မနီးမဝေး ဆိတ်ငြိမ်ရပ်မှ တိုက်ခန်းတွဲများကို လေ့လာနေပြီး အထူးကုဆေးရုံကြီး ဖွင့်ရန် စီစဉ်နေသူများပေ။ ကုမ္ပဏီအတွက် အရေးကြီးသောကဏ္ဍတစ်ခု ဖြစ်လာနိုင် သည်။ အသစ်စတင်မည့် ဆေးခန်းကြီးများအဖြစ် ခွဲစိတ်ပစ္စည်းကိရိယာ ကန်ထရိုက်တစ်ခု ရခဲ့လျှင်။ ကျွန်မကို ပေးအပ်ထားသော တာဝန်ပေ။ ရက်အတိအကျရှိပြီး ရောက်ရောက်ချင်း စီစဉ်ရမည့် အလုပ်တစ်ခုကလည်း လွှဲဖယ်လို့မရ။

ခွဲစိတ်ကုဆရာဝန်များ ဆေးရုံတွင်း နှီးနှောဖလှယ်ပွဲတစ်ခု ရှိသည်။ ကုမ္ပဏီမှ ကမကထပြု ကျင်းပပေးမည်ပေ။ အခြားဆေးရုံမှ ခွဲစိတ်ကု ဆရာဝန်ကြီးများပါ ဧည့်သည်ပါမောက္ခများအဖြစ် တက်ရောက်ဖို့ ဖိတ်ကြား ထားခဲ့သည်။ သည်ပွဲမှာ ကုမ္ပဏီရဲ့ ခွဲစိတ်ပစ္စည်းကိရိယာတွေလည်း ကြော်ငြာ မည်လေ။

သို့သော် ကျွန်မ ချက်ချင်းပင် စကားပြန်ခဲ့သည်။

"အင်းလေ တွေ့တာပေါ့နော်"

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com

ကိုယ် မန္တလေးလေယာဉ်က ဆင်းတာနဲ့ လေယာဉ်ကွင်းကနေ မင်းဆီကို လာခဲ့တယ်။ ညနေခင်းလေးက လွန်ခဲ့တဲ့သုံးရက်ကလိုပဲ အောက် မေ့ဖွယ်ကြည်လင်သာယာနေတယ်။ မိုးတိတ်စမှာ စိုပြည်လန်းဆန်းနေတဲ့ သစ်ပင်တွေလို လန်းဆန်းတဲ့အပြုံးနဲ့ မင်းကို တွေ့ရတယ်။ ခြံထဲမှာတော့ မဟုတ်ဘူး။ အိမ်ထဲက မင်းရဲ့အလုပ်စားပွဲမှာ။

"မနက်ဖြန်ကစပြီး ကျွန်မအားတော့မှာ မဟုတ်ဘူးလို့ အခု လေယာဉ်ကဆင်းတာနဲ့ တင်ဆောင်းဟန်ဆီ ဝင်ခဲ့တာ"

"မနက်ဖြန်အားမှာ မအားမှာက မအပေါ်မှာပဲ တည်တာမဟုတ်လား"

မင်းစကားက အဆန်းပဲ။ ကိုယ်ကျောပိုးအိတ်လေးကို ဖြုတ်ယူ ခဏချထားဖို့ လုပ်ရင်းက မင်းကိုလှမ်းကြည့်မိတယ်။ ကျောပိုးအိတ် မဖြုတ် ဖြစ်သေးဘဲ မင်းကမ်းပေးနေတဲ့ 'အေဖိုး'စာရွက်ဖြူဖြူလေးကို လှမ်းယူလိုက် မိတယ်။ စာလေးတစ်စောင်။ မင်းရဲ့လက်ရေးနဲ့ သေသေသပ်သပ် စနစ်တကျ ရေးထားတယ်။ လိပ်မူတာက ကိုယ့်ကုမ္ပဏီ ကို ဖြစ်ပြီး ပေးပို့သူ အမည်နေရာ မှာတော့ ဒေါက်တာမိုးကြည်ဝေဆိုတဲ့ ကိုယ့်လိပ်စာကို ရေးထားတယ်။ အကြောင်းအရာကို ဖတ်ပြီး ကိုယ် အံ့အားသင့်ရတယ်လေ။ ရှင်းရှင်း လင်းလင်းရေးထားတဲ့ အလုပ်ထွက်စာ။ တစ်ခုပဲ လိုနေတယ်။ ကိုယ့်ရဲ့ ထိုးမြဲ လက်မှတ်လေ။

ဒီစာလေးကို ဖတ်လိုက်ရတာလောက် ကိုယ့်စိတ်တွေ ရှင်းလင်းပေါ့ပါးသွားတာ မရှိဘူး။ မင်းရဲ့စကားသံ အေးအေးကို ကြားရတယ်။

"ဘဝနေနည်းတွေ အမျိုးမျိုး ရှိပါတယ် 'မ'။ ပုံသေကားကျ



ဘဝမျိုးက ဖေဖေတို့ခေတ်ကလေ။ အလုပ်တစ်နေရာထဲ အခြေချချင်ပြီး အပြောင်းအလဲ သဘောမကျရင် အဲဒီနေရာမှာ ကျန်ရစ်ခဲ့တာ လက်ခံရမှာပဲ။ ကိုယ့်မှာ သင် ယူနိုင်စွမ်း စိတ်အားခွန်အားတွေ အသင့်ရှိတယ်ဆိုရင် ကိုယ့်ကိုယ်ကို ယုံကြည်စိတ်ချပါတော့။ ဘယ်လို အရပ်ဒေသ၊ ဘယ်လို အလုပ်အကိုင်ဖြစ်ဖြစ် ကိုယ့်အတွက် အခက်အခဲ မရှိနိုင်ဘူး။ တစ်ခုပဲ စဉ်းစားတော့။ သင်ကြားရယူ နိုင်မှုအတိုင်းအတာနဲ့ အသုံးချနိုင်မှု ကျယ်ပြောလေ ကိုယ့်အတွက် ကျန်မှာ များလေပဲပေါ့။ သတ်မှတ်ချက်ထက် ပိုလွန်မသွားနိုင်တဲ့ အတားအဆီးတွေ ရှိနေရင်တော့ အဲဒီအလုပ်မရွေးပါနဲ့။ ကိုယ့်လောက် အခြေခံစိတ်အား၊ ခွန်အား မပြည့်စုံတဲ့ သူတွေအတွက် နေရာထားပေးလိုက်ပါ။ လစာဆိုတာ ကိုတောင် သိပ်မစဉ်းစားစေချင်ဘူး။ လစာများလည်း ထားခဲ့ပါ"

မင်းပြောနေတဲ့အချိန်မှာ ကိုယ်က ကိုယ့်အမည်ရဲ့ အပေါ်မှာ ပျော်ပျော်ကြီး လက်မှတ်ထိုးနေခဲ့ပြီလေ။ ကိုယ်ဝမ်းသာလိုက်လို့၊ ရယ်လည်း ရယ်ပြုံးမိတယ်။ ကိုယ်ပြုံးရယ်ရင်း လက်မှတ်ထိုးနေတာ မြင်ရတဲ့မင်းက-

"ကျွန်တော် ဆိုချင်တာက ဒီလိုစာတစ်စောင်မျိုးလည်း ဘဝနေနည်းတစ်မျိုးထဲ ပါတယ်ဆိုချင်တာပါ။ 'မ' ဒီစာကို တကယ်ပို့ဖို့ စိတ်ကူးမရှိပါဘူးနော်".

စိုးရိမ်မကင်း မေးသေးတယ်။ ကိုယ်အပြုံးဝေ့ဝေ့နဲ့ "အခု ညနေပဲ သွားပို့မှာ။ သူဇာတို့ကို ပေးထားရင် ရပေမယ့် မေမေကြီးမေးမယ့် မေးခွန်းတွေက သူဇာပဲ ဖြစ်ဖြစ် ရုံးစတပ်(ဖ်)သီရိပဲဖြစ်ဖြစ် စိတ်ညစ်ရလိမ့်မယ်။ ပေါက်ကွဲမှုဒဏ်ကို ခံရဖွယ်ရှိတယ်လေ"

ကိုယ့်စကားကို လက်ခံသလို ခေါင်းညိတ်ရင်း မင်းတွေးတွေး ဆဆ ပြောခဲ့တယ်။

"အပေါင်းလက္ခဏာပြ၊ အပြောင်းအလဲတွေလည်း အများကြီး ဖြစ်လာမှာပါ။ လူမွေးတာမျိုး မဟုတ်ဘဲ ဝန်ထမ်းအားလုံးကို တလေးတစား မွေးဖို့ လိုအပ်တာ သိမြင်လာလိမ့်မယ်။ လျှော့ပေါ့တဲ့ စည်းမျဉ်းစည်းကမ်းတွေ ပေါ်လာလိမ့်မယ်။ လစာတောင်တိုးမြှင့် ရကောင်းရလာလိမ့်မယ်။ မ-သေချာရဲ့လား။ နောင်တမရဘူးဆိုတာလေ"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ စဉ်းစားမိပါတယ်။ မင်းပြောတာတွေ အားလုံး ဖြစ်လာမှာပါ။ အုပ်ချုပ်မှု ပုံစံတွေ ပြောင်းလဲသွားမယ်။ အဖြေမရှိတဲ့ ကိုယ်ရေးကိုယ်တာ အကြောင်းအချက် အခြေခံတဲ့ ခေါ် ပြောချင်ပြောမယ်၊ မခေါ် မပြောချင်နေ မယ်ဆိုတဲ့ ကလေးဆန်ဆန် အုပ်ချုပ်ရေးထက် လူကြီးဆန်ဖို့ မိန်းမ သိပ်မဆန် ဖို့ သတိတရားရခဲ့ရင် ဝန်ထမ်းတွေအတွက် အမြတ်ပဲလေ"

"သင်တန်းတက်ဖို့ သူဇာကို ကိုလွှဲတ်လိမ့်မယ်။ အလုပ်ထွက်မိတဲ့ သူ နောင်တရအောင်ဆိုတဲ့ ရည်ရွယ်ချက်တော့ ရှိချင်မှ ရှိမယ်ပေါ့"

မင်းရဲ့ ခပ်ဆဆစကားက ကိုယ့်ကို ရယ်ပြုံးမိခဲ့ပါရဲ့။ မသူဇာနဲ့ ကျွန်မရဲ့ ခုမှ အလုပ်ထဲမှာ တွေ့ကြတာပေမယ့် သိပ်နားလည်ကြတဲ့ အနေ အထားကို သူတို့မသိမြင်နိုင်ကြဘူး။ ကျွန်မ အဲဒါလည်း စဉ်းစားမိပါတယ်။ ဒါပေမယ့် အရာရာ အကောင်းဘက်ကို ပြောင်းလဲသွားဖို့ တစ်ယောက်ယောက် သူတို့အလုပ်ကို စွန့်လွှတ်မပြဘဲ ဘယ်တော့မှ ဖြစ်လာမှာမဟုတ်ဘူး။ ကျွန်မတို့အားလုံး ပုံမှန်ဝင်ငွေလိုအပ်တဲ့ ဿူချည်းပဲဆိုတာ သူတို့သိနေတယ် လေ။ တတ်ချင်တာတွေများတော့ သေချာပါတယ်။ ကျွန်မ နောင်တမရမှာ"

စာရွက်လေးကို သေသပ်၊ သပ်ရပ်အောင် ခေါက်ပြီး တင်ဆောင်း ဟန်ကမ်းပေးတဲ့ စာအိတ်ထဲမှာ ထည့်တယ်။

"တစ်ခုပဲ၊ မကျေလည်တာလေးရှိတယ်"

ကိုယ် တိုးတိုးညည်းသလို ပြောသံကို မင်းက အနားတိုးလာပြီး ကြားရအောင် ခါးကိုကိုင်းလို့ နားထောင်ခဲ့တယ်နော်။

"ထွက်စာကို၊ အလုပ်လျှောက်တုန်းကလိုပဲ ကွန်ပျူတာစာစီ လေးနဲ့ တင်ချင်တာ။ ခုတော့ မမှီတော့ဘူး"

ကြားရတော့ မင်းတကယ်ကို ဟက်ဟက်ပက်ပက်ရယ်မောတယ်။ အဲဒါမှ 'မင်း'လို့ ကိုယ်မင်းကို ငေးကြည့်ရင်း မင်းရဲ့ လန်းဆတ်ရွှင်ပျတဲ့အပြုံးတွေကို မှတ်မိရင်း စိတ်ထဲက ပြောမိတယ်။

သည်အစီအစဉ်ဟာ မင်းနဲ့ကိုယ့်ကို တစ်နယ်ရပ်ခြား ဝေးကွာစေတော့မယ် အစီအစဉ်ရဲ့ အစပဲလို့ သည်စဉ်ကတော့ ကိုယ်တို့ မသိခဲ့ကြဘူးကွယ်။

♣ ♣ ♣



ကျွန်မ မေ့မေ့လျော့လျော့ ငြိတွယ်ပျော်မွေ့နေမိသော နွေးထွေးရက်များရှိခဲ့ချေသည်။

ကျွန်မ နေထိုင်ရာမှာ ဦးဝိစာရအိမ်ရာတွင် ဖြစ်သည်။ တင်ဆောင်း ဟန်ရဲ့ အိမ်က မြို့မကျောင်းလမ်းတွင်ပေ။ နံနက်စောစောတွင် ကျွန်မ တင်ဆောင်းဟန်အိမ်ဆီသို့ လမ်းလျှောက်လို့ လာခဲ့သည်။ သူ ကျွန်မကို ခြံထဲမှာစောင့်ကြိုနေလေ့ရှိသည်။ သူအပြုံးက မိုးသောက်စလိုလန်းဆန်း ကြည်လင် ဘုန်စင်လှလေသည်။

နေ့လယ်ခင်း ဆယ့်တစ်နာရီခန့်တွင်မှ သူ သစ်ဆင်းတိုက်သို့ သွား လေ့ရှိသည်။ နံနက်ခင်းများကို ကျွန်မတို့အတူ ကုန်ဆုံးဖြစ်ကြပါသည်။

ကြိမ်ဖန်များစွာပင် ကျွန်မတို့ စကားများစွာ မပြောဖြစ်ကြဘဲ ရှိတတ်သည်။ ကိုယ်နှစ်သက်ရာ စာတစ်အုပ်စီထဲမှာ နစ်မြုပ်နေဖြစ်သည့် အခါတွေမှာလေ။ သူ့စာအုပ်တွေ များစွာ့များစွာ ပိုမိုဖတ်လာခဲ့သည်။ သူ့စာဖတ်နေတာ အငမ်းမရ၊ သောက်မျိုနေတော့သလိုပါပဲ။

တစ်ခါတစ်ရံ ကျွန်မ စာဖတ်ရပ်လျက် သူ စူးနစ်စွာ စာထဲဝင်စားနေ သည်ကို ငေးကြည့်နေဖြစ်သည်။ သူ့မျက်လုံးရောင်များ ပြန်လည်တောက်ပ အဓိပ္ပါယ်တွေ ထင်ဟပ်လာတာ နှုတ်ခမ်းအရောင် အသွေးပင် သွေးရောင် ပြန်လည် လွှမ်းလာခဲ့တာ ထိုရက်များမှာ ကျွန်မ အမှတ်ထင်ထင်ရှိနေသည်။ စိတ်လှုပ်ရှားရိပ်တွေ မမြင်ရတော့သော သူ့ လှုပ်လှုပ်ရှားရှား အသက်တဝင် ရှိလှတာ ထိုတစ်ရက်က စလို့ပေါ့။

သူ့ရေးဆွဲပြီး ကျွန်မ ဆုံးဖြတ်ခဲ့သော အစီအစဉ်မှာ သူ့အာရုံကို

www.burmeseclassic.com

www.burmeseclassic.com

သည်မျှ စိုးမိုးလှုပ်ရှားစေခဲ့လိမ့်မည် မထင်မိခဲ့။

ကျွန်မ အလုပ်ထွက်စာတင်ခဲ့ပြီး နောက်တစ်ရက် နံနက်စောစော တွင် ကျွန်မထံ အစောဆုံး ဖုန်းခေါ်ခဲ့သူမှာ တင်ဆောင်းဟန်ပေ။ စိတ်လှုပ် ရှားနေသော အသံဖြင့် သူ ပထမဆုံး မေးခဲ့သည်က

"မ-ရီ ဆိုင်းနေ့ရှင်းလက်တာပို့ဖြစ်လား"

"အင်း၊ ပို့ဖြစ်တယ်လေ။ မနေ့ညနေကတည်းက သွားပို့မယ်လို့ ကျွန်မ ပြောခဲ့တာ"

ကျွန်မ အံ့အားတသင့် ဖြေမိသည်။

"အဆင်ပြေလား"

သူ ခပ်ဆိုင်းဆိုင်း အမေးကို ဘယ်လို အကောင်းဆုံးဖြေရမလဲ။ ကျွန်မစဉ်းစားဆဲ သူစကားဆက်ခဲ့သည်။

"ညကတည်းက 'မ' ဖုန်းဆက်ခဲ့မလား ကျွန်တော် မျှော်မိသေးတယ်"

သူ စိတ်လှုပ်ရှားမှု အတိုင်းအဆ၊ မသေချာလှသော မှန်း သည်တော့မှ ကျွန်မ ခန့်မှန်းမိတော့သည်။

"အလုပ်ကိစ္စအတွက် ကျွန်မတစ်ခုခု ခံစားနေရမလားလို့။ ကိုတင်ဆောင်းဟန် စိတ်ပူနေတာတော့ မဟုတ်ပါဘူးနော်"

"အဲဒီအတိုင်း အတိအကျပါပဲ။ 'မ' တစ်ခုခု ခံစားရဖို့ ကျွန်တော် မရည်ရွယ်ခဲ့ဘူး"

သူ့ရဲ့ အနည်းငယ် ဆွေးဟန်ပေါ်နေသော အသံကြောင့် ကျွန်မ မချုပ်တည်းနိုင်တော့ဘဲ ရယ်မောမိတော့သည်။

"ဖြစ်ရလေ။ သာမန်ခံစားမှုလေးထက် မပိုပါဘူး တင်ဆောင်းဟန်။ ကျွန်မဖြင့် ဒီမနက်စောစောထစရာ မလိုလို့ ညက ဆရာမြသန်းတင့်ရဲ့ လေရှူးသုန်သုန်ကို ထိုင်ဖြုံနေလိုက်တာ မနက်လေးနာရီ ထိုးသွားတယ်။ စိတ် ရောလူပါ လွတ်လပ်သွားတဲ့ အရသာကလည်း မခံစားရတာကြာလို့ ကောင်း လိုက်တာ။ ဒီလိုခံစားမှုမျိုးနဲ့သာ အလုပ်လုပ်ရရင် သိပ်အောင်မြင်မှာပဲ လို့တောင် တွေးနေမိသေးတယ်"

"ဝါသနာနဲ့ အသက်မွေးဝမ်းကျောင်း ထပ်တူကျတဲ့သူတွေမှာ ဒီလို အောင်မြင်ပျော်ရွှင်မှုတွေ ရတတ်ပါတယ်။ လုပ်ငန်းဌာနအနေနဲ့ရော လုပ်ခငွေကြေးအနေနဲ့လည်း ကျေနပ်ဖွယ် ရှိမယ်ဆိုရင်ပေါ့။ ဒါထက် "



ဖုန်းတစ်ဖက်မှ စိတ်လှုပ်ရှား၊ စိတ်စောမပြေသေးဆဲအသံဖြင့်ပင်

"မ- ဘာမှ မခံစားရဘူးဆိုတာ သေချာပါတယ်နော်"

သူ မေးခဲ့သည်။

"စိတ်ချပါ။ အပေါ် ယံဒဏ်ရာလေးပါ။ စိုးရိမ်စရာ မရှိပါဘူး"

ရယ်မောဖြေခဲ့လျှင် ကျွန်မအသံရဲ့ ခိုင်ကျည်မှုကို သည်တစ်ကြိမ်တော့ သူ ယုံကြည်ခဲ့ဟန်တူလေ၏။

"ကျွန်တော် စိတ်ချမ်းသာရဖို့ အားလုံးက အမြဲစဉ်းစားကြိုးစားနေကြတော့ ကျွန်တော်စီစဉ်လို့ လိုက်လျောလိုက်တယ်ဆိုတာမျိုးမဖြစ်စေချင် တာပါ။

မစဉ်းမစား လိုက်လျောခဲ့တဲ့ သဘောမျိုး မဟုတ်တာ သူ့ကို ကျွန်မ ရှင်းပြခဲ့ရသည်။ ပြောနေရင်းက ကျွန်မ စိတ်မှာ အားမလိုအားမရ။ မပြောသင့်ဟု ဆင်ခြင်လိုက်လည်း နှစ်မိနစ်ပင် မကြာခဲ့။ ကျွန်မ မချုပ်တည်း နိုင်လိုက်ပေ။

သူနှင့်ဆိုရင် ထိန်းသိမ်းနိုင်မှု အားနည်းစွာ ကျွန်မရဲ့ စိတ်တံခါးတွေက ပွင့်လွယ်လှသည်ပင်။

"အကယ်၍ ကျွန်မ အလုပ်ထွက်စာ မတင်ဖြစ်ခဲ့ဘူးဆိုရင်ကော။ တင်ဆောင်းဟန် ဘယ်လိုအကြံပေးချင်မှာလဲ။ ဒီအစီအစဉ်က တကယ့်ကို ဘဝနေနည်းတစ်နည်း၊ ပညာပေးချင်တဲ့ အစီအစဉ်သက်သက်ပဲလား။ ကျွန်မ လိုက်ပြီး လုပ်ဖို့ မသင့်တဲ့ လုပ်ရပ်လို့ မင်းဆိုချင်တာလား"

"နိုးနိုး၊ 'မ'ရဲ့ အတွေးတွေ ဘယ်လိုဖြစ်သွားတာလဲ။ ကျွန်တော်တို့ နှစ်ယောက်ကြားမှာ ဘာသာပြန်တွေတော့ လွဲနေပြီ"

"ကိုတင်ဆောင်းဟန် အသံနားထောင်ရတာ အရမ်းဆွေးနေတော့ အလုပ်အတွက် ကျွန်မထက်တောင် နှမြောဝမ်းနည်းနေသလားလို့ပါ"

"ဟာ သေလိုက်တော့တင်ဆောင်းဟန်။ ကျွန်တော် အလုပ်အတွက် မဆွေးဘူး။ လုံးဝပဲ။ ကျွန်တော် စိတ်ပူနေတာ ရုတ်တရက် အစီ အစဉ်မရှိဘဲ၊ လုပ်ခဲ့ပြီး မတစ်ယောက်တည်း ခံစားနေရမှာ တစ်ခု ကိုပဲ"

"တစ်ခါတစ်ရံမှာ ဆုံးဖြတ်ချက်တစ်ခုခုအတွက် တွန်းအား

www.burmeseclassic.com

www.burmeseclassic.com



လိုတတ်တယ်လေ။ ဩဇာလွှမ်းတဲ့ ဖိအားမျိုး မလိုလားပေမယ့် ကျွန်မဆိုရင် တွန်းအား လိုအပ်တဲ့အခါတွေ ရှိတယ်။ စေတနာ တွန်းအားမျိုး။ မနေ့က ကျွန်မလိုအပ်နေတဲ့တွန်းအား မင်းဆီကရခဲ့တော့ နှောင့်နှေးနေတဲ့ ဆုံးဖြတ်ချက်တစ်ခု ကျွန်မချဖြစ်သွားတယ်။ ဒါပါပဲ"

"ဒါဆိုရင် 'မ' အမေးကို ကျွန်တော်ဖြေတော့မယ်နော်။ အကယ်၍ 'မ'-ရီဆိုင်းမလုပ်ဖြစ်သေးရင် လုပ်ဖြစ်အောင် နောက်တစ်ကြိမ်မှာ ကျွန်တော် က တွန်းအားပေးမှာ မဟုတ်တော့ဘူး။ ဖိအားပေးမယ်။ ကဲ ဘယ်လိုလဲ 'မ'။ ပြင်းထန်တဲ့ ဖိအား"

သူ့ အပြောကို ကြည်နူးလိုက်လို့ ကျွန်မ ရယ်မောဖြစ်ပါသည်။

"ကိုယ့်ကိုယ်ကိုလည်း သိပ်အထင်မကြီးနဲ့ဦးလေ။ ဦးတင်ဆောင်းဟန်ရဲ့"

ကျွန်မတို့ စိတ်လက်ပေါ့ပါး၊ အတူရယ်မောမိခဲ့ကြပါသည်။ သူတစ် ယောက်ဆီက ဖြစ်ခဲ့လျှင် ဖိအားပေးမှု ကိုတင်မဟုတ်၊ အမိန့်ကိုသော်မှလည်း နာခံချင်တာ အတွေးစကားများအဖြစ်သာ ကျွန်မစိတ်တွင်းက သူ့ကိုပြောပြနေမိခဲ့ပါ၏။

♣ ♣ ♣



နွေးထွေးတဲ့ သစ်ဆင်းဝန်းကျင်ကိုကိုယ် ခေတ္တပြန်ရောက်သွားခဲ့တာ အောက်မေ့ဖွယ် အိပ်မက်တစ်ခုလိုပါပဲ။ မင်းက သစ်ဆင်း စားပွဲမှာ ရှိနေခဲ့တယ်လေ။

ခုချိန်မှာဆိုရင် သစ်ဆင်းဖြစ်တည်ဖို့ မင်းဘယ်လိုကြိုးစားခဲ့ရတယ် ဆိုတာ၊ ရုန်းကန်မှုအဆင့် ဘယ်အထိ မြင့်ခဲ့တယ်ဆိုတာ၊ မင်းရဲ့ ဇွဲနဲ့ ဝါသနာ၊ စွန့်လွှတ်မှု၊ မြုပ်နှံမှုတွေ အားလုံးကို ကိုယ် သိထားခဲ့ရပြီ။

သစ်ဆင်းအတွက် ကျွန်တော်အမြဲ ရှိနေမယ်လို့ မင်းပြောခဲ့တဲ့ အခ်ိပ္ပာယ်တချို့တစ်ဝက်ကိုလည်း၊ ကိုယ်နားလည် စပြုခဲ့ပြီ။ အလဲအလှယ်ပြုဖို့ တန်ဖိုးသင့်ပြီးသားဖြစ်ပေမယ့် တကယ်တော့ စက္ကူတွေသာ ဖြစ်တဲ့အရာတွေ၊ အရာအထောင်သိန်းနဲ့ ပုံပြီးစခဲ့ နိုင်တဲ့ သစ်ဆင်းမဟုတ်ခဲ့ဘူး။

သစ်ဆင်းပျိုးဖို့ မြေအပြင်ကိုက မြေဩဇာမကောင်းလှတဲ့ မြေ။ အရိပ်ပင်လည်းမရှိ။ မုတ်သုန်မိုးအားကိုး လေးတစ်ခုတည်း။ သည်ကြားထဲက သစ်ဆင်းကို မင်းစိုက်ပျိုးနိုင်ခဲ့တယ်။ ရှင်သန်စေခဲ့တယ်။ အကိုင်းအခက်တွေ သန်မာစေခဲ့တယ်။ အရွက်တွေလည်း ဖားဝေ။ ဓာတုပစ္စည်းတွေ မကျွေးမွေး နိုင်လို့ အပင်သိပ်မထွားကျိုင်းတာ အကြောင်း မဟုတ်ပါဘူး။

အသီးအပွင့်တွေက ကမ္ဘာဦးအစက ပထမဆုံး သစ်သီး၊ ပန်းပွင့်တွေ ချိုမြိန်လှပတယ်လေ။

လူမရောက်နိုင်တဲ့ တောထဲကသဘာဝ ကျွန်းပင်ကြီးလို အန္တရာယ်ကင်းစွာ ရှင်သန်ရပ်တည်စေချင်တာမို့ သိပ်မကျော်ကြား၊

www.burmeseclassic.com

www.burmeseclassic.com



မထင်ရှားလည်း အရေးမကြီးပါဘူးနော်။

အရေးကြီးတာက သစ်ဆင်းနဲ့မင်း၊ ဘယ်လိုမှ ခွဲမရနိုင်တော့ဘူး ဆိုတာပါပဲ။

ဒီလိုပါပဲ။ ကိုယ်နဲ့ မင်းကိုလည်း သစ်ဆင်းဝန်းကျင်က ခွဲမမြင်ကြတော့ဘူး။ မမေးကြတာမို့ ဖြေရှင်းပြဖို့လည်းခက်။ အနည်းဆုံးတော့ တစ်ပင် တည်းက ပွင့်တူ၊ ရွက်တူလို့ သတ်မှတ်ထားလိုက်ကြပုံ ရပါရဲ့။

မေနှင်းက

"ကိုဆောင်း ကျန်းမာရေးက ကောင်းနေတယ်နော်။ စိတ်ချလာရတာလားဟင်"

မရဲတရဲမေးတယ်။ မေးပေမယ့် ကြားရဖို့ မရဲတဲ့ မေနှင်းရဲ့အသွင်သဏ္ဌာန်က တကယ့်မရဲတရဲ။ ကိုယ်လည်း သူ့ကျန်းမာရေးကို ယုံစားရဖို့ မရဲတရဲ။ ရဲရဲဝံ့ဝံ့သာ ယုံစားရရင် ဘယ်လောက်များ ကောင်းမလဲ။

သူကတော့ ဟန်ကောင်းလှတယ်။

"ကျွန်တော် ကျန်းမာရေးကို ကျွန်တော် ဂရုစိုက်ပါတယ်။ စိတ်လေ့ကျင့်ခန်း၊ ကိုယ်လေ့ကျင့်ခန်းတွေလည်း ယူနေတယ်။ ကျွန်တော့်မှာ တရား လည်း ရှိပါတယ်။ နေပျော်နေတာပဲ။ ကျွန်တော့် ဘယ်မှမသွားချင်ဘူး။ ကျွန်တော့်ကို မမပန်နဲ့ညီက နားလည်ပေးပါဗျာ"

မမပန်နဲ့ လွင်သောင်းဒန်က စကၠာပူဆေးရုံတစ်ရုံမှာ ဆေးကုသခံယူ ဖို့ စီစဉ်တော့ မင်းလက်မခံခဲ့ဘူး။ ဘာတွေ ထူးခြားလာမှာလည်းဆိုတဲ့ မင်းရဲ့ အမေးကိုလည်း ကိုယ်တို့က ကျေနပ်အောင် ဖြေမပေးနိုင်ခဲ့ဘူးလေ။ ကိုယ်ပြန် လည်တိုးဝင်ခဲ့တဲ့ သစ်ဆင်းဝန်းကျင်မှာ ကိုကျော်စွာလည်း ရှိမြဲရှိနေတယ်။

သူ့မှာ မျက်မှန်ထူ မရှိတော့ဘူး။ မျက်မှန်က ထူသထက် ထူလာလို့ မျက်ကပ်မှန်ပြောင်းလဲတပ်ထားသတဲ့။ ဒါပေမယ့် သူ့ရဲ့ စာဂျပိုး ပုံစံကတော့ ပြောင်းမသွားသေးဘူး။ မျက်နှာပေါ်က တဖြည်းဖြည်း လေးသထက်လေးလာတဲ့ အရာတစ်ခု သယ်ဆောင်မနေရတော့လို့ ပေါ့ပါးရှင်းလင်းနေဟန်တော့ ပေါ်ပါတယ်။

ကိုယ် ပြန်ရောက်လို့ မကြာမီ

"မမိုးမှာ အလုပ်မရှိဘူး မဟုတ်ဘူးနော်။ စာရေးဖို့က မမိုးရဲ့တာဝန် အစစ်အမှန်ပဲ။ ကျွန်တော်စာမူ လိုချင်တယ်"



အယ်ဒီတာပီပီ စာမူတောင်းတော့တယ်။

မင်းနဲ့ ပတ်သက်လို့ တိုးတိုးပြောပြခဲ့တာ ရှိတယ်။

"သစ်ဆင်းကို စိတ်ဝင်စားနေတဲ့သူတွေ ရှိတယ်။ အကုန်ပေးဖို့ မလိုဘူး။ ၅၀ ရာနှုန်းလောက် သူတို့ဝင်နိုင်မယ်ဆိုရင်တောင် ကျွန်တော်ကို လုံလောက်တဲ့ ငွေကြေးရလိမ့်မယ်"

"ဒါဆိုရင် သစ်ဆင်းကို ပြောင်းလဲပစ်မှာလား"

ကိုယ့်အသံက ထိတ်လန့်တကြားသံပေါ်နေခဲ့တယ်။

"သစ်ဆင်းရဲ့မူ တစ်ဝက်လောက်တော့ ပြောင်းလိုက်ရမှာပဲ။ တဖြည်းဖြည်း ဝါးမျိုမခံလိုက်ရဖို့တော့ အားထုတ်ရမှာပေါ့။

"သူ သဘောတူမှာ မဟုတ်ဘူး ကိုကျော်စွာ။ ကိုကျော်စွာက ရှယ်ယာခွဲပြီး တစ်တိုက်ထူထောင်ချင်လို့လား"

"မဟုတ်ဘူး မမိုး။ မဟုတ်ဘူး"

ကိုကျော်စွာ ခါးခါးသီးသီး ငြင်းခဲ့တယ်။

"သူ့အတွက်ပါ။ သူ့ကိုဆေးသွားကုစေချင်လို့။ ကျွန်တော်တို့ အတွက် ဘာမှ မလိုပါဘူး။ ကျွန်တော် သစ်ဆင်းကို သူ့မူအတိုင်း ဆက်ပြီး ထိန်းထား ချင်လို့၊ 'သစ်ဆင်း'ကနေ ဘယ်တော့မှ မခွာပါဘူး။ ဘယ်သူ့လက်ထဲပဲ ရောက် ရောက်၊ ကျွန်တော်နေနေမှာပါ"

ကိုယ် စိတ်မကောင်းကြီးစွာနဲ့ပဲ စကားအဆုံးမှာ သူ့ကိုယ်သူ ထိန်းသိမ်းနေဟန်တူတဲ့ ကိုကျော်စွာကို ငေးနေဖြစ်တယ်။ ကိုယ် ဘယ်လိုနှစ် သိမ့်ပေးရမလည်း မသိဘူး။

"မမပန်နဲ့ လွင်သောင်းဒန်မှာလည်း အစီအစဉ်တွေရှိတယ် ကိုကျော်စွာ။ သူက သဘောမတူဘူး"

"အဲဒီအတွက် မမိုးအနေနဲ့ သူ့ကိုဖျောင်းဖျပေးစေချင်တာပါပဲ။ ကျွန်တော် အကူအညီတောင်းတာပါ"

"ကျွန်မ တစ်ခါတည်းပဲ ပြောလိုက်ပါရစေ ကိုကျော်စွာ။ ရမှာ မဟုတ်ဘူး။ သစ်ဆင်းကို ထိလို့တော့ သူ ဘယ်တော့မှ စဉ်းစားမှာ မဟုတ်လို့ ပါ"

"သူ့ လက်မှတ်လိုတဲ့ ကိစ္စတွေ ရှိလာမှာမို့ ကျွန်တော် ဖွင့်ပြောပြမိတာ၊ သိပ်များသွားတယ်"

"မဟုတ်ဘူးထင်တယ်။ သူက ဘယ်မှမသွားချင်တာ။ သူ့ဘာသာ

www.burmeseclassic.com

www.burmeseclassic.com



သူ ဆုံးဖြတ်ထားပြီပဲ"

မင်းမရှိစဉ်က မင်းနဲ့ ပတ်သက်တဲ့ သတင်းမှန်သမျှ မှောင်ချထား သူရယ်လို့ ကိုယ်အမြင်မကြည်ခဲ့တဲ့ ကိုကျော်စွာ။ ကိုယ့်ရဲ့ ခပ်ရမ်းရမ်း စကားတွေ ကို သူ ရှောင်တိမ်းနေခဲ့တယ်။ မဖြေရှင်းခဲ့ဘူး။

စာအုပ်ကို ချစ်တဲ့ စာဂျပိုးတစ်ယောက်မှာ မကောင်းတဲ့ စိတ်ထား ဘယ်လိုမှ မရှိနိုင်တာ ကိုယ်သိသင့်ခဲ့တာပေါ့။ ကိုကျော်စွာ စကားဆုံးတာနဲ့ ကိုယ့်ကို ချက်ချင်းနှုတ်ဆက်ပြီး ထွက်သွားခဲ့တယ်။ သူ့ရဲ့ စိတ်မကောင်းနေတဲ့ အခြေအနေနဲ့ အမျိုးသမီးတစ်ယောက်ရှေ့မှာ ကြာကြာ ရှိမနေချင်ဘူး ထင်တယ်လေ။

ဒါတွေဟာ မင်းနောက်ကွယ်က ကိုယ်တို့ အဖြစ်တွေပါပဲ။ မင်းက တော့ တမင်ဟန်ကောင်းခဲ့တာလား။ ကြည်စင် အပြုံးတွေ အစဉ်ဆောင် လို့ပါပဲ။ မင်းကို ခင်မင်တဲ့မြင်ရသူတွေ စိတ်ချမ်းသာ လေအောင် ထင်ပါရဲ့။

သစ်ဆင်းတိုက်ထဲမှာပဲ သူနေနေသည်တော့ မဟုတ်ပါ။

မဂ္ဂဇင်းထွက်ခါနီးရက်များတွင် အလုပ်တွေပါး၊ အားလပ်သွား တက်ပါသည်။

ထိုအချိန်များတွင် ပန်းဆိုးတန်းစာအုပ်ဆိုင်များ၊ ၂၈ လမ်း ၃၃ လမ်း စာအုပ်ဆိုင်များသို့ လျှောက်ဖို့ ကျွန်မကို သူခေါ်တတ်ပါသည်။ စာအုပ်တွေ ကြာမြင့်စွာ သူလျှောက်ကြည့်နေတတ်သည်။ မတ်တတ်ရပ်လျက် စာအုပ်ကို မြည်းစမ်းလေ့ရှိသည်။ စာဖတ်မြန် လှသည်မို့ လက်ညှိုးတစ်ချောင်း လောက်ပဲ ထူသော စာအုပ်ဆိုရင် သူ ငါးမိနစ်အတွင်းမှာ ခြုံငုံမိသွားမည် ဟုပင် ဆိုနိုင်မည်။ ကျွန်မ သူနှင့် အပြိုင်စာဖတ်ဖို့ ကြိုးစားပေမယ့် မမှီနိုင်။ သူ့လောက်မစူးစိုက်နိုင်ခဲ့ဘဲ။

"သွားကြစို့နော်။ ကျွန်မတို့ ဒီဆိုင်ထဲ ရောက်နေတာ တစ်နာရီနဲ့ မိနစ် သုံးဆယ်ရှိသွားပြီ"ဟု သတိပေးမိရတတ်သည်။

"နောက်တစ်ဆိုင် ပြောင်းကြတာပေါ့"ဟု သူ တစ်နေရာသို့ ကူးပြန် လေ၏။

တစ်ကြိမ်တွင်တော့ စာတစ်အုပ်ကို လက်မှာ ကိုင်ရင်း လိုက်ငေး နေသော ကျွန်မကို သူက သတိပေးရလေသည်။

"နောက်တစ်နေရာ ကူးဖို့တော်ပြီ ထင်တယ်"



ကျွန်မ ကိုယ့်အတွေးဖြင့် ကိုယ်တွေးရင်း ပြုံးမိလျက် သူ့နောက်က ပါခဲ့သည်။ ပလက်ဖောင်းပေါ်မှာ လူတွေကို ရှောင်ရှင်း တိမ်းရင်းက သူမေး ဖြစ်အောင်မေးခဲ့လေသည်။

"မ-ဘာတွေ ပြုံးနေတာလဲ။ စာအုပ်ဆိုင်ထဲမှာလည်း ထွက်ကြဖို့ မနည်းခေါ်ရတယ်။ ဘယ်စာအုပ်ကို 'မ' သဘောကျခဲ့တာလဲ"

"စာအုပ်တွေကို မဟုတ်ဘူး တင်ဆောင်းဟန်ရဲ့။ ကျွန်မ စာအုပ် ဆိုင်လာတဲ့လူတွေကို သဘောကျနေမိတာ"

"လူတွေကို"

"ဟုတ်တယ်လေ။ ဆိုင်လာကတည်းက တစ်ခုခုလိုချင်လို့ပေါ့။ ဒါပေမယ့် စာအုပ်တွေကို ကြည့်တဲ့ အကြည့်ကအေးတယ်။ မပူလောင် ဘူး။ သူတို့ ရဲ့ မျက်နှာတွေကလည်း ကြည်နူးလေးစားစရာ။ ကိုတင်ဆောင်းဟန် ယှဉ် တွေးပြီး ကြည့်လေ။ စူပါမတ်ကက်ကိုလာတဲ့ သူတွေရဲ့ မျက်နှာနဲ့အကြည့် တွေထဲမှာ လောဘတွေ တပ်မက်မှုတွေ ဝင်စီးခံနေရသလိုပဲ။ စာအုပ်ဆိုင်တွေမှာ အလိုအလျောက် ဗီဒီယို ကင်မရာ မလိုလောက်ဘူး။ စူပါမတ်ကက် တွေမှာတော့ တစ်ထပ်ကို သုံးခုထက်မက ထားရင်တောင် နည်းနေမယ်"

သူရယ်ပြုံးပါသည်။ သူ့ထက်အရပ်၊ ခေါင်းတစ်လုံးစာ နိမ့်သော ကျွန်မတို့ ငုံ့ကာ

"မ-မှာ အဲဒါလေးတွေရှိတာ ကျွန်တော် သတိထားမိတယ်။ ဒါကြောင့်လည်း. . ."

ခပ်ပြုံးပြုံးပြောခဲ့သည်။ သူ့မျက်လုံးမှာ ကျွန်မအတွက် သီးသန့်ရည် စူးရည်လဲ့လာလေ့ရှိသော (ထင်ရသော)အရောင်လေး လက်ပ လျက်။ ကျွန်မ ခြေလှမ်းများချင်သွားရသည်။ သူလည်း စကားမဆက်။ ကျွန်မလည်း မမေးခဲ့။ မေးဖြစ်ခဲ့ရင်လည်း

"ဒါကြောင့်လည်း 'မ' စာရေးနိုင်တာပေါ့လို့ ပြောမလို့ပါ"ဟု သူဖြေ လိမ့်မည်ထင်သည်။ တကယ်ပြောဖြစ်သည်ကမူ

"တင်ဆောင်းဟန်က စာအုပ်တွေကို ကြည့်နေရရင် အားလုံးကို မေ့သွားတတ်တော့ ကျွန်မကလည်း လူတွေကို လိုက်ကြည့်နေရတာပေါ့။ တစ်ယောက်တည်း ပျင်းတယ်လေ။ မင်းလောက် ကျွန်မ အာရုံမစူးစိုက်နိုင် တာ ဝန်ခံရမယ်"

www.burmeseclassic.com

www.burmeseclassic.com



သူ ကျွန်မကို အခါများစွာမေ့လျော့ထား၊ စာထဲမှာ စိတ်ဝင်စားနေ တတ်သည်များအတွက် တောင်းပန်တော့မည် တင်နေဆဲ သူက လိုက်လှဲစွာ ပြောခဲ့သည်။

"မ-ပြောတာ မှန်ပါတယ်။ ကျွန်တော့်ကိုယ်ကိုလည်း သတိထားမိတယ်။ စာတွေကိုတင် မဟုတ်ဘူး။ လူကိုပါ စိတ်ဝင်စားမှ စာကောင်းမွေးပေး နိုင်မှာပဲ။ လူတွေကို စိတ်ဝင်စားရင်တောင် ကိုယ်ဖတ်ထားပြီး စာအခံနဲ့ စိတ်ဝင်စားလို့ မဖြစ်ဘူး။ ဘာအခုအခံမှ မရှိဘဲ သူ့အတိုင်းပဲ သူ့ဘဝထဲကို ဝင်သွားမှရမှာ။ တကယ်တော့ လူတွေရဲ့ ဘဝဘဝတွေကမှ အကောင်းဆုံး စာအုပ်တွေပါပဲ"

စာကြောင်းပေကြောင်း ပြောရမယ်ဆိုရင် တင်ဆောင်းဟန်က လမ်းလျှောက်ရင်းလည်း ပြောတတ်သည်။ လျှောက်ခဲ့ရင်း သူ့ခြေလှမ်းတွေ ဘယ်ရောက်နေလည်း တွေးမှတွေးမိလေစ။

"စာအုပ်တွေက ဖတ်လို့ မကုန်နိုင်အောင် သိပ်များတာပဲ။ တစ်သက် လုံးဖတ်လည်း ကုန်နိုင်မှာ မဟုတ်တော့ ကျွန်တော် အကြံပေးခဲ့ချင်တာက တော့ စာရွေးဖတ်ပါလို့ပါပဲ"

သူ့စကားမှ 'အကြံပေးခဲ့ချင်' စကားအသုံးအနှုန်းပါဝင်နေတာ ကျွန်မ စိတ်မကောင်းစွာပဲ သဘောမကျမိခဲ့။ သူ လမ်းလျှောက်တာ အတော် များပြီကို သတိထားမိရင်း

"စာအုပ်ဆိုင်ထဲမှာလိုပဲ နောက်တစ်ကြိမ် စာအုပ်အကြောင်းတွေ ပြောရင်း ကျွန်မကို မေ့မသွားခင် ပြောပါရစေနော်။ ကျွန်မ ဗိုက်ဆာပြီ။ လက်ဖက်ရည်ဆိုင် ထိုင်ကြစို့"

ကျွန်မတောင်းဆိုရပါသည်။ အပြင်ထွက်သော ထိုရက်များတွင် ကျွန်မတို့ တိုက်သို့ မပြန်ကြတော့။ သစ်ဆင်းတိုက်ပိတ်သော ညနေလေးနာရီ ငါးနာရီတိုင် ကျွန်မတို့ မြို့ထဲမှာ ရှိနေသေး၍ပေ။

♣ ♣ ♣

BURMESE CLASSIC .com



တစ်နံနက်စော ကိုယ်လည်းရှိနေခိုက်မို့ စကားပြောရင်း မင်းချောင်း တစ်ချက်အဟန့်မှာ သွေးမျှင်စလေးတွေ ပါလာခဲ့တာ သိလိုက်ရတယ်။

လက်ကိုင်ပဝါကို ဘောင်းဘီအိတ်ထဲထိုးသွင်းလိုက်တဲ့ မင်းရဲ့ အလျင်စလိုနိုင်မှုကြောင့်တင် မဟုတ်ဘူး။ မင်း မျက်နှာပြင်ပေါ်က တစ်ခုခုကို ဖုံးကွယ်လိုက်ချင်တဲ့ အရိပ်က အံ့သြရိပ်နဲ့လည်း ရောနေခဲ့တယ်လေ။

ကိုယ်မင်းကို အမြဲစောင့်ကြည့်နေခဲ့တော့ မင်းရဲ့ မထင်ရှားတဲ့ အပြောင်းအလဲလေးတောင် (ကိုယ်နဲ့သာ အတူရှိနေခဲ့ရင်) မသိမြင်တာ မရှိပါဘူး။

"သွေးစပါတာလား"

လို့ စိုးရိမ်သံသယ မကင်းမေးမိတော့ ဆရာဝန့်အမေးကို မင်းမ ကွယ်ဝှက်နိုင်တော့ဘူး။

"နည်းနည်းလေးပါ"

ပြောခဲ့တယ်။

ရောဂါရဲ့ လျှောက်လှမ်းရှိတဲ့ လမ်းကြောတွေကို သိထားတဲ့ ကိုယ်တုန်လှုပ်သွားခဲ့ပေမယ့်

"ကိုတင်ဆောင်းဟန် ညဥ့်နက်ခံပြီး စာဖတ်လို့လား။ အအေးမိပြီး လည်ချောင်းတွေ နာပြီထင်တယ်"

မင်းစိတ်သက်သာအောင် ပြောခဲ့ရတယ်။ ကိုယ့်ရင်ထဲမှာတော့ မင်းအတွက် စိုးရိမ်လှတဲ့ အတွေးတွေနဲ့ ရှုပ်ထွေးနေခဲ့ပြီလေ။ မင်းကလည်း ဟန်ဆောင်ကောင်းလှပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်။ ညက ကျွန်တော် တံခါးလည်း ပိတ်မအိပ်မိဘူး"

အေးအေးဆေးဆေး ပြောခဲ့တယ်။

ဒါပေမယ့် ချောင်းဟန့်သံကြောင့် ကိုယ်ရုတ်တရက် လှမ်းကြည့်စဉ် မှာ အံ့အားသင့် ညှိုးကျသွားတဲ့ မျက်နှာရိပ်ကို ကိုယ်မျက်စိထဲက ဖျောက် မရခဲ့တော့ဘူး။ ရှစ်နာရီ ဆေးရုံဖွင့်မယ့် အချိန်ကို စောင့်ရင်း ကိုယ့်အတွေး ထဲမှာ အစီအစဉ်တွေ ရေးဆွဲနေမိတယ်။

ပြင်းပြင်းထန်ထန် သွေးပါလာခဲ့ရင် အရေးပေါ် ဆောင်ထားရဖို့ ဆေးစာရင်းတွေလည်း ပါတယ်။ မင်းစကားကို ကြားတစ်ချက်။ မကြား တစ်ချက်။

အချိန်နီးလာတော့-

"အတော်ပဲ။ ကိုတင်ဆောင်းဟန်တို့အိမ်က ကားမသုံးသေးဘူး။ ကျွန်မ မောင်းခဲ့မယ်နော်။ ရန်ကုန်ဆေးရုံကြီး Chest Medical Unit ကို သွားရ အောင်လေ"

ကိုယ်ထင်တဲ့အတိုင်း အသေအချာကို မင်းကပြင်းတော့တာ။

"ဓာတ်မှန်ရိုက်ယားတာလည်း သုံးပတ်ပဲ ရှိသေးတယ်။ 'မ'ရာ ဓာတ်မှန်ထဲမှာ ကျွန်တော့်အဆုတ်တွေ ကောင်းနေတာပဲ။ ကျွန်တော် ဌာန တစ်ခုမှာ ပြနေပြီပဲ။ နိုင်ငံတွင်းဖြစ်ဖြစ် နိုင်ငံခြားဖြစ်ဖြစ် တခြားမှာ မပြချင် တော့ဘူး။ ကုထုံး အတူတူပဲဟာ။ မမပန်တို့ ညီတို့ သိသွားရင် လည်း စိတ်ပူ ဦးမယ်။ 'မ'ပြောသလို လည်ချောင်းနာပြီး ကွဲတာဖြစ်မှာပါ"

မျှော်လင့်ထားပြီးသားမို့ ကိုယ် မင်းကို အတင်း အကျပ် မပြောသာ ဘဲ

"ကျွန်မတစ်ခုလည်း သတိရလို့ပါ။ တင်ဆောင်းဟန်၊ သစ်ဆင်း အတွက် စာမူခဏခဏ တောင်းခိုင်းပေမယ့် ကျွန်မလည်း 'မလတ်'နဲ့ မဆုံ ဖြစ်နိုင်ခဲ့ဘူး။ သူအခု Chest Medical Unit မှာ A.S (လက်ထောက်ဆရာဝန်)လေ။ သူနဲ့လည်း တင်ဆောင်းဟန် တွေ့ဖြစ် တာပေါ့။ ကိုယ်တိုင် စာမူတောင်း လိုက်လေ"

မင်းစဉ်းစားနေသေးတယ်။ စာရေးဆရာ အယ်ဒီတာရဲ့စိတ်ကို စာမူရဖို့ စာရေးဆရာချင်းဆုံဖို့ ဆိုတဲ့ အကြောင်းတွေက သိပ်ကို ဆွဲဆောင် နိုင်တယ်ဆိုတာ ကိုယ်သိထားတာမို့ မင်းကို ပြုံးပြုံးပဲ စောင့်စားနေ လိုက် တယ်။ ထပ်မတိုက် တွန်းဖြစ်ခဲ့ဘူး။



"ဆရာကျောင်းစောမင်း ရေးတဲ့စာရေးချင်မှ ထရေးတဲ့ စာရေး ဆရာလတ်နော်"

မင်းသေချာအောင် မေးနေပုံကို ကိုယ်ပြုံးမိရင်း ခေါင်းညိတ်လို့ ပြခဲ့တယ်။

"ကျွန်တော့်ကို သိပ်စိတ်ရှုပ်အောင် မစမ်းသပ်ဘူးလို့ယူဆ ရတာပဲ"

နောက်ဆုံးတော့ မင်းသဘောတူ ခဲ့တော့တာပဲ မဟုတ်လား။

♣ ♣ ♣

ဆေးရုံကြီးရဲ့ အတွင်းကျကျမှာ အဆုတ်နှင့်ရင်ခေါင်းပိုင်းဆိုင်ရာ ရောဂါဌာန အဆောက်အအုံက အေးအေးငြိမ်။ သီးသန့်ဆန် တိတ်ဆိတ် လှသည်။ ဟောက်(စ်)ဆာဂျင်ပြီးကတည်းက မရောက်ဖြစ်ခဲ့တာ ဘယ် လောက်ကြာမြင့်ပြီလဲ။

ဟောက်(စ်)ဆာဂျင်များကို အထူးကုဌာနများတွင် တာဝန်ချထား ခြင်းမရှိပါ။ ဒေါက်တာလတ်နှင့် ဆက်စပ်ရောက်ဖြစ် ခဲ့ခြင်းပေ။ မလတ်နှင့် ကျွန်မဖျားနာဆောင်တစ်ခုမှာ လက်ထောက် ဆရာဝန်၊ အလုပ်သင်ဆရာဝန် ဘဝဖြင့် ဆုံဆည်းမိခဲ့သည်။ ကျွန်မ အလုပ်သင်မပြီးမီ မလတ်(Chest Medical Unit) တာဝန်ပြောင်းရွှေ့ ကျသွားတော့အတူ အလုပ်လုပ်နိုင်ခွင့်မဆုံခဲ့တော့။ မလတ်ရှိရာဌာနသို့မှု ကျွန်မအားလပ်တိုင်း ရောက်ဖြစ်ခဲ့သည်။

ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှာ အလုပ်သင်ဆရာဝန်ဆင်းနေစဉ် ကာလတစ်လျှောက်လုံး ပါပဲ။

ကျွန်မနှင့်မလတ်တို့ လိုင်းတူ၊ လှိုင်းတူလို့ပြောရမည်ထင်သည်။

www.burmeseclassic.com

www.burmeseclassic.com



မြစ် တစ်ခုထဲမှ ထာဝစဉ် တစ်ကြောတည်းစီးသော ဆင်တူရေအလျင် တွေလို။ မလတ်နှင့်သိကျွမ်းခဲ့သည်ကပင် သူမစာတစ်ပုဒ်ကို (သူမ မှန်းမသိဘဲ)သူမ ရှေ့မှာ နှစ်သက်မိကြောင်း ပြောမိရာကလေ။

မက်ဒီထရိတ်မှာလုပ်နေခဲ့စဉ်ကတော့ တစ်ခါတရံ အားလပ်ချိန် ဌာနသို့ ရောက်ဖြစ်ခဲ့သေးသည်။

သည့်နောက်မှာတော့ ဆုံနိုင်ခွင့်တို့ ပါးလျားသွားခဲ့ပြီ။ မလတ် နယ်တွေပြောင်းရွှေ့ရောက်ရှိနေတာ သဲ့သဲ့ကြားလိုက်သည်။

မမျှော်လင့်ဘဲ ပြန်လည်တွေ့ခဲ့တော့လည်း ရန်ကုန်ပြည်သူ့ ဆေးရုံကြီးရဲ့ တစ်နေရာမှာပါပဲ။ ကုမ္ပဏီတာဝန်နှင့် ရောက်ခဲ့စဉ်တွင်ပေ။ ခွဲစိတ်ဆရာဝန်ကြီးတစ်ဦးနှင့်တွေ့ဆုံပြီး အပြန်ဓါတ်လှေကားထဲမှာ ဖြစ်လေ၏။

မလတ် ရန်ကုန်ဒုတိယအကြိမ်ပြောင်းရွှေ့လာရကာ Chest Medical ပြန်ရောက်နေတာ သိခဲ့ရသည်။ ဓါတ်မှန်ဌာန၏ အပတ်စဉ်ဆွေးနွေးပွဲသို့ တင်ဖို့ဓါတ်မှန်တွေက တစ်ထပ်ကြီး။ လူနာတွေသုံးလေးဦးနှင့် ဖတွေ့ ရ သည်မို့ မလတ်ထံမှ တင်ဆောင်းဟန် သစ်ဆင်းအတွက် လိုအပ်နေသော စာမူကိစ္စသတိရ လျက် မပြောပြဖြစ်ခဲ့။ ခုတော့လည်း တင်ဆောင်းဟန်ကိုယ် တိုင် ရောက်ခဲ့ပြီပဲနော်။

ဒေါက်တာလတ်ကို နံနက်ခင်းလူနာ Round မလှည့်မီလေး မှီခဲ့ သည်။ လူနာဆောင်ထဲ မဝင်သေးဘဲ ကော်ရစ်ဒါမှာ ရပ်စောင့်ရင်း ကျွန်မ သို့ လှမ်းနှုတ်ဆက်ခဲ့သည်။

အကြည့်များ တင်ဆောင်းဟန်သို့ အကဲခတ်ပြီးကျွန်မထံ ပြန်လည်ရောက်ရှိခဲ့ကာ "တစ်ယောက်ယောက်ကို လာကြည့်တာ များလား။ ကိုယ် ဘာများကူညီရမလည်း မိုး"

မလတ် မေးခဲ့သည်။ ဆရာဝန်တစ်ယောက်ရဲ့ လျှပ်တစ်ပြက် အမြင် တွင်ပင် သူ လူနာနှင့်မတူခဲ့သေးဘူးထင်လေသည်။ သူ၏ ပေါ့ပါးကြည်သာ သော မျက်နှာတို့ကြောင့်လည်း ဖြစ်ပါမည်။ ခံစား နေရသော ဝေဒနာတစ်ခု ခုထက် အစဉ်လျှော့ပါးနေသောအသွင်မျိုး ဆောင်နေတတ်သူပေ။

သူက မလတ်ကို သူမအမည်ရင်းနှင့် ကျွန်မမိတ်ဆက်မပေးနိုင်မီ

BURMESE CLASSIC .com



ရင်းနှီးခင်မင်စွာ နှုတ်ဆက်လေ၏။

"တွေ့ရပုံ တွေ့ရနည်းကို သိပ်သဘောမတွေ့မယ့်လည်း ကျွန်တော့် ကံပေါ့ဗျာ။ ဆရာမလတ်ကို တွေ့ရတာကတော့ ကျွန်တော်ဝမ်းသာပါတယ်။ ကျွန်တော်က "သစ်ဆင်း-တင်ဆောင်းဟန် ပါ"

မိသားစုပမာ ခင်မင်ရွှေးထွေးသောအရိ[illegible]မျက်နှာများပေါ် တွင် ရုတ်ချည်းထင်ဟပ်ဖြည့်ဆည်းလာခဲ့သည်။

မလတ်၏ တာဝန်မျက်နှာဖုံးလွှာများ ကွာကျခဲ့ကာ "ဩော် သစ်ဆင်းတင်ဆောင်းဟန်လား၊ တွေ့ရတာဝမ်းသာပါတယ် ဆရာ"

အံ့အားတသင့်နှုတ်ဆက်ခဲ့သည်။ မဂ္ဂဇင်းစာမျက်နှာများပေါ်မှာ သိကျွမ်းနေတာကြာပြီဖြစ်သော စာရေးသူချင်းကို ကျွန်မငေးကြည့်နေဖြစ် သည်။

"ကျွန်တော် ဆရာမစာတွေဖတ်ဖြစ်တယ်။ ရှာလည်းရှာ ဖြစ်ပါတယ်။ ကျွန်တော့်သစ်ဆင်းမှာ တစ်ကြိမ်မှမသုံးခဲ့ရဖူးသေးတာ အတွက် အားမရခဲ့ ဘူး။ နောက် 'မ'ကို ဆရာမလတ်စာမူ တောင်းပေးဖို့ ပြောထားမိသေးတယ်။ အခုထက်ထိတော့ . . ."

တင်ဆောင်းဟန် အပြုံးသဲ့သဲ့ဖြင့် ကျွန်မကိုပြောခဲ့သည်မို့ ပြုံးရင်း ဝန်ခံရှမ်ရသည်။

"ကိုတင်ဆောင်းဟန် မိုးကိုပြောတာကြာပါပြီ။ အခုထက်ထိကို မတောင်းဖြစ်ခဲ့သေးတာ"

"စာမူတောင်းတဲ့အတွက် ကျေးဇူးပဲ၊ ဒါပေမဲ့ ကျွန်မက စာရေးကျဲ ပါတယ်။ ကြိုးစားပါ့မယ်နော်"

မလတ် ခပ်ဆဆမရေမရာ ပြောသည်။ မလတ် စဉ်းစားတွေးဆ နေသည်က သူ့စကားထဲက "ကျွန်တော့်ကံပဲပေါ့"ဟူသော အသုံးအနှုန်း ကိုဟု မကြာမီကျွန်မ သိရသည်။

"ဂျူတီခန်း သွားထိုင်ကြရအောင်ပါလေ "

ကျွန်မတို့ကို ခေါ်ယူလျှောက်ခဲ့စဉ် ခြေလှမ်းမြန်မြန် မလတ်ကို ကျွန်မ အမှီလိုက်မိစဉ်ပဲ လမ်းမှာမလတ်ကို တိုးတိုးလေး မေးခဲ့သည်။

"ကံပဲလို့ပြောတာ။ စာရေးဆရာလေး ဘာကိုဆိုလိုချင်တာလည်း မိုး"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ မပြောချင်သော အမည်ကို ပြောပြရပြန်ပါသည်။

မလတ်လည်း တိတ်ဆိတ်သွားကာ အတန်ကြာမှ

" သူ သိပြီလား "

မေးခဲ့သည်။

"သိတယ် မလတ်။ မိုးတို့ သိပြီးမကြာခင်မှာ သူသိသွားခဲ့ တာ။ ဒါပေမဲ့ ရက်[illegible]တာ်ကြာအောင် သူ မသိသေးသယောင် နေခဲ့သေးတယ်။

" သိပ်တည်ငြိမ်တာပဲနော်။ လက္ခဏာတွေအတွက်တော့ ကိုယ်တို့ ပရော်ဖက်ဆာကို စောင့်ကြစို့လေ "

ထိုတစ်ရက်က ဌာနမှူး ပရော်ဖက်ဆာနှင့်ကျွန်မတို့ တွေ့ဆုံဖြစ်ခဲ့ကြသည်။

♣ ♣ ♣

မင်းဌာနကို ရက်ချိန်းမှန်မှန် ရောက်ရပြန်တယ်။ ကြိုတင်ဝမ်းသာ စရာ သတင်းလေးကတော့ ရရှိပြီးသားလေ။ ဌာနမှူး ပရော်ဖက်ဆာ ဆရာကြီးအသည်းကင်ဆာရဲ့ အဆုတ်ထဲပြန့်သွား ရောက်ရှိ လက္ခဏာလို့ မယူဆခဲ့တာ ပထမဆုံးနေ့ စမ်းသပ်စဉ်ကတည်းကပါပဲ။

ဆရာကြီးက မင်းရဲ့ညီမနဲ့ မမအမည်တွေကို ရင်းနှီးပြီးသားမို့

"ခင်ကောင်းတို့၊ လွင်သောင်းတို့ မပါဘူးလား"

မေးခဲ့သေးတယ်။ ကိုယ့်ကိုတော့ ဆရာကြီးက နှစ်များစွာကတည်းက သိထားခဲ့တယ်။ မလတ်ရှိရာဌာနကိုလာရင်း တွေ့သမျှ အလုပ်တွေ ကူသွားရင်း ဆရာကြီးစာသင်ရင် ဝင်နားထောင်ရင်း အချိန်တွေ တော်တော်များ များ ကုန်ဆုံးဖြစ်ခဲ့တဲ့အခါတွေ ရှိတာကိုးနော်။

"သူတို့ ဘယ်သူမှမသိကြသေးပါဘူး ဆရာကြီး။ မိုးရှေ့မှာ



ဖြစ်ခဲ့တာ နဲ့ မိုးသူ့ကို ခေါ်လာတာ "

ဆရာကြီးရဲ့ တီးတိုးမှတ်ချက်ကလည်း မလတ်လိုပါပဲ။

" အတော် စိပ်ဓါတ်ကြံ့ခိုင်တဲ့ လူရွယ်ပဲ "

လုပ်သင့်တဲ့ စမ်းသပ်နည်းတစ်ချို့ကိုတော့ မင်းခံယူရဦးမယ်။ သည် တစ်ကြိမ်တော့မင်း မငြင်းတော့ဘူး။ မငြင်းခဲ့ရုံတော့ မင်းရဲ့ အဆုတ်အမြှေး အတွင်းမှာ အရည်ရှိမရှိ စမ်းရဖို့ နေရာရွေး အနည်းငယ် ခက်ခဲနေတဲ့ မလတ်ကို

"ကိစ္စမရှိပါဘူး၊ ဟိုကျင်းမရရင် ဒီကျင်းပေါ့ "

လို့ နောက်နေခဲ့သေးတယ်။

ကံအားလျော်စွာ တစ်ကြိမ်တည်းနဲ့ အဆုတ်မြှေးစလေး ယူလို့ရတော့မှ သက်ပြင်းချမိရတာ။ နှစ်တွေကြာအောင် ကျွမ်းကျင်လုပ်ကိုင်နေတဲ့ အလုပ်ပေမယ့် မလတ်ကြည့်ရတာ သူတစ်ယောက်အတွက်ကိုဖြင့် သိပ်အား စိုက်နေရတော့သလိုပဲ။

"ပြီးသွားပြီနော်"

"ဟင် ပြီးသွားပြီးလား။ သုံးခါလောက်တောင် မဖောက်တော့ဘူးလား"

သူ့ရဲ့ ကြည်သာနေတဲ့မျက်နှာနေနဲ့ ရယ်ရွှင်ပြောနေဟန်တို့က ကိုယ့် တို့ကို တစ်စုံတစ်ရာ ယုံကြည်မှုတွေ ပေးနေတော့သလိုပဲ။ အဲဒီယုံကြည်မှု တစ်စုံတစ်ရာဆိုတာ မင်းပြောလေ့ရှိတဲ့ ကျွန်တော် အမြဲရှိနေမယ်ဆိုတဲ့ ခြင်းရာလေးပဲပေါ့။

ဌာနကပြန်ခါနီးမှာတော့ အမြဲလိုမင်းပြောနေကျ စကားတစ်ခုရှိတယ်။

"ဆရာမ သစ်ဆင်းအတွက် စာမူ "

မလတ် ရယ်နေသည်။ ကိုယ်ကတော့ ပြုံးနေတဲ့မလတ်ကိုတင် မဟုတ်ဘူး။ သူမနောက်က အလုပ်ထုထည်ကြီးကိုပါ မြင်နေမိတယ်။ တစ်ရက်ပြန်ဖို့ နှုတ်ဆက်တဲ့အခါမှာတော့

"မလတ် စာရေးဖို့အကြောင်းအရာ ခက်နေလို့လား။ ကျွန်တော်တို့ အကြောင်းကို ရေးလေ။ ကျွန်တော်နဲ့ 'မ'အကြောင်း "

မမျှော်လင့်ပဲ ပြောခဲ့လို့ ကိုယ် "အမယ်"လို့သာ အာမေဋိတ်သံလိုလိုပဲ ပြောနိုင်ခဲ့တော့တာ။

www.burmeseclassic.com



"မဟုတ်ဘူးလား - မ "

ကိုယ် မင်းကိုဘာပြောရတော့မလဲ။

အဲဒီရက်ကစလို့ နောက်ရက်တွေမှာ မင်းပြောနေကျစကားလေးက ပြောင်းလဲသွားတယ်။

မလတ်ကို ပြန်ဖို့နှုတ်ဆက်တိုင်း

"ဆရာမ၊ ကျွန်တော်တို့အကြောင်း စာမှ"တဲ့လေ။

မလတ်နှင့်ဌာနသို့ နှုတ်ဆက်ရသောနေ့မှာ သာတောင့်သာယာနေ့လေးတစ်နေ့ပေ။

ထိုနေ့က သူအလွန်ပြုံးရွှင်နေခဲ့သည်။ သူ့တွင် ရောဂါကင်းပကြောင်း (အဆုတ်များကောင်းမွန်လျက်ရှိတာ သိရသောနေ့ဖြစ်၍လည်းဖြစ်မည် မလတ်နှင့်တကွ ဌာနရှိတာဝန်ခံဆရာမကြီး ဒေါ်သိန်းသိန်း၊ စတပ်ဖ် မြမြတို့ကိုပါ သူလိုက်လို့ နှုတ်ဆက်သည်။

မလတ်ကိုမူ သူအမေးတစ်ခု မေးလေ၏။

"ကျွန်တော့်ရောဂါ တကယ်ပဲ အဆုတ်ကိုပြန့်မသွားတော့တာသေချာပြီလား "

သည်မျှ တိကျ၊ ကတိပေးသလို ဖြေရမည့်အမေးကို မလတ်အဖြေ ခက်လိမ့်မည်ဟု ကျွန်မကစ်ခုခု ဝင်ပြောခဲ့မည်ပြင်စဉ်

"သေချာတာပေါ့ ကိုတင်ဆောင်းဟန်။ မင်းယုံထားသမျှတွေအတိုင်း ဖြစ်လာမှာပါ"

မလတ် အလေးအနက်ထားဖြေခဲ့သည်။ သူ ပြုံးလေသည်။ သူ့အပြုံးမှာ အဓိပ္ပါယ်တစ်ခုခုရှိနေခဲ့ပြီ။ အဓိပ္ပါယ်ကို ကျွန်မ မဖော်ဆောင်တတ်ပါ။

သူခေါင်းငုံ့ထားရင် ခပ်ပြုံးပြုံးပင်ဆိုခဲ့သည်။

"တစ်ခုကလွဲရင်လား "

" ဘယ်လိုတစ်ခုလဲ "

သူ့အပြောကို ကျွန်မတို့ ပြိုင်တူ ပြန်မေးမိကြလျှင် "စာရေးဆရာလတ်။ ကျွန်တော်နဲ့ 'မ'အကြောင်း မရေးသေးတာလေ "

သည်တစ်ကြိမ်မူ မလတ်ခေါင်းငုံ့ပြုံးသည်။

"ရေးတာပေါ့ "

ဆပ်ဆဆပြောရင်းမှ ခေါင်းမော့လို့ မလတ်သူ့ကို မေးခဲ့



သည်လေ။

"ကိုတင်ဆောင်းဟန်ရော စာရေးပါဦး။ မင်းလွင်ဟန်ကိုလည်း စာရေးဖို့ ပြောပါဦးလေ "

သူ ပြုံးရယ်မောလေသည်။ ခဏတိတ်ဆိတ်ခဲ့ပြီးမှ

"စာရေးသူတွေရဲ့ စာမရေးဖြစ်တဲ့အခါ ခံစားရတဲ့ဝေဒနာကလည်း သိပ်သက်သာလှတာတော့မဟုတ်ဘူး။ ကျွန်တော် နားလည်ပါတယ်။ ကျွန်တော် လျှောက်ပြောနေတာတွေ ကျွန်တော့်အကြောင်းရေးဖို့၊ ကျွန်တော် တို့အကြောင်းရေးဖို့ဆိုတာတွေက ဘယ်လိုအဓိပ္ပါယ်နဲ့မှ မဟုတ်ပါဘူး။ စာရေးဖြစ်စေချင်လို့ပါ။ လတ်က ကျွန်တော့်အကြောင်းရေးမှာ မဟုတ်ဘူးဆို တာ မသိလို့ပြောခဲ့တာမှ မဟုတ်ဘဲ။ ရည်ရွယ်ချက်က စာရေးသူတွေ စာရေး ဖြစ်စေချင်တဲ့စေတနာပါလို့ ပြောရင်ကြီးကျယ်မလားတော့ မသိဘူး"

" ကျွန်မရေးမှာပါ။ အထူးသဖြင့် ကိုတင်ဆောင်းဟန်ရဲ့ စိုးရိမ်ခြင်းတွေ ကင်းတဲ့ရှင်းလင်းကြည်စင်လှတဲ့ စိတ်အနေကို ရေးဖွဲ့ချင်ပါတယ်။ ကျွန်မတို့ စိတ်အားငယ်တတ်တဲ့အခါတွေကျရင် ဖတ်ကြရအောင်လေလို့လေ "

"လတ် စကားနားထောင်ရတာ ကိုယ့်ကိုကိုယ် စိတ်ဓါတ်မြှင့်တင်ရေး စာအုပ်လိုလိုတောင် ထင်လာပြီ။ တကယ်တော့ ကျွန်တော်က သာမန်ပါ။ မဟုတ်ရင်လည်း မွေးမြူယူထားတာတွေပါ "

"ဘာ်သူပဲဖြစ်ဖြစ် ဒီလိုမွေးမြူလေ့ကျင့်ရင်းနဲ့ ရင့်ကျက်လာရတာပဲ မဟုတ်လား။ ကျွန်မတော့ ကိုတင်ဆောင်းဟန်နဲ့ မတွေ့ဖူးခင်ကတည်းက စာတွေထဲမှာ ကိုတင်ဆောင်းဟန်ရဲ့ တည်ငြိမ်မှုတွေကို တွေ့ထားရသလိုပါပဲ။

စာရေးသူချင်း စကားပြောဝိုင်းကို ကျွန်မငေးကြည့်ဖြစ်ပြန်သည်။ နှုတ်ဆက်ထွက်ခွာကြစဉ်မှာတော့ ဘယ်သို့ပင်ဖြစ်စေ ရက်ချိန်းမှန်လာပြဖို့ မလတ်က ဆရာဝန်ပီပီ မှာကြားခဲ့လျှင် တင်ဆောင်းဟန် ပခုံးနှစ်ဖက်တွန့် ရင်းဖြင့် ပြုံးလေ၏။

ဆေးရုံကြီးမှ အပြန်လမ်းတွင် တင်ဆောင်းဟန် စိတ်ကူးကောင်းလေးတစ်ချက်ပေါ်လာဟန်ဖြင့် ဘုရားသွားကြရအောင်ဟု မပြောစဖူးပြောခဲ့ သည်။

www.burmeseclassic.com

www.burmeseclassic.com



ကောင်းသွားပဲ။ ကျွန်မသဘောတူခဲ့ကာ ရွှေတိဂုံဘုရား အရှေ့ဘက်မုခ်သို့ ကားလှည့်ဝင်မောင်းလာခဲ့သည်။ ကျွန်မနှင့်သူ ရွှေတိဂုံဘုရား အတူဖူး ဖြစ်ခဲ့ကြသော ရက်ပါပေ။

♣ ♣ ♣

မင်းရဲ့ တိတ်ဆိတ်အေးချမ်းတဲ့အခြားတစ်ဖက်သော ဘဝထဲကို ကိုယ်တိုးဝင်ရောက်ရှိခဲ့ပြန်တော့တာ။ နံနက်စောစော ညနက်ပိုင်းသာ ကိုယ်နဲ့ မင်းအဆက်အသွယ် ကင်းလွတ်တဲ့ အချိန်တွေဖြစ်လာခဲ့တယ်။ ဒီအချိန်တွေ မှာ မင်းရွှေတိဂုံဘုရားတို့၊ ဆူးလေစေတီတော်တို့ဖြစ်စေ ဘုရားဖူးရောက်နေ လေ့ရှိတာ ကိုယ်မသိခဲ့ဘူး။ မင်း ခုနစ်ရက် ဆယ်ရက် သစ်ဆင်းကနေခဲ့ပြီး တရားစခန်းတွေ ဝင်လေ့ရှိတာတော့ ကိုယ်သိထားခဲ့ပါတယ်။ မင်းနဲ့စခန်းတစ်ခုတည်းမဟုတ်ဘဲ တရားစခန်းဝင်ဖို့ စိတ်ကူးမိပေမယ့် မအောင်မြင်ခဲ့ သေးဘူး။

မင်း သစ်ဆင်းက ခွာနေတဲ့ရက်တွေမှာ ကိုယ့်ဘက်မှာလည်း အစီ အစဉ်တွေရှိနေလို့ပါပဲ တင်ဆောင်းဟန်။ ကျိုးလုလု သစ်ကိုင်းကို ခိုတွယ်ထား ရပြီး သတ္တဝါတွေရဲ့ ခြိမ်းခြောက်မှုကို ခံနေရသေးပေမယ့် ပျားရည်စက်က လေးတွေ ငုံလင့်နေမိတဲ့သူလိုပဲပေါ့ကွယ်။ ချိုမှာ ခါးမှာသိပ်မသေချာတဲ့ ပျားရည်စက်တွေကို ကိုယ်တာဝန်နဲ့ဝတ္တရားအရ ရှာဖွေရဦးမယ်လေ။

- ကိုယ် အလုပ်စာမေးပွဲတွေ ဖြေရှာနေမိရပြန်တယ်။ ဒီအကြောင်း မင်းကိုမသိစေခဲ့ဘူး။

အလုပ်ထွက်ဖြစ်ခဲ့တာ မင်းကြောင့်ဆိုတဲ့ အစွဲအလမ်းဟာ မင်းဆီ မှာ ပပျောက်သွားပြီလား။ ရှိနေသေးလားဆိုတာ ကိုယ်စာကယ် မသေချာဘူး။

ကိုယ်အလုပ်ရှာဖွေနေတာ မင်းသိပြန်ရင် စိတ်မကောင်းဖြစ်မှာ



စိုးရိမ်ပါတယ်။

မင်းနောက်ကွယ်မှာ မင်းမသိစေဘဲ လှုပ်ရှားနေခဲ့မိတဲ့ ဘဝအစိတ် အပိုင်းထဲကို မင်းကိုကိုယ်မရောက်စေချင်ဘူး။ မင်း သစ်ဆင်းက ခွာနေတဲ့ အချိန်တွေမှာ ကိုယ့်ဘာသာ လှုပ်ရှားနေမိတဲ့ ကဏ္ဍတွေလည်း ရှိခဲ့တယ်။ မင်းရဲ့အခြားတစ်ဖက်ဘဝထဲကိုတော့ မင်းသိမ်မွေ့စွာပဲ ခေါ်ယူခဲ့တာ။

မင်းသွားရောက်ပြီး အာရုံပြုလေ့ရှိတဲ့ တရားမဗ္ဗကျောင်းတွေ၊ ဘုရား စေတီတွေဆီကို ကိုယ်လည်းပါလာခဲ့ပြီလေ။ မင်းအလှူဒါန တွေလည်း အများ ကြီးပြုခဲ့တယ်။ ကြီးကျယ်ခမ်းနားတဲ့ ဒါနတွေ မဟုတ်ပေမယ့် မင်းအမြဲလှူ ဖြစ်အောင် ကြိုးစားတာ ကိုယ်သတိထားမိတယ်။ အထူးသဖြင့် ဖြတ်ပိုင်းလေးနဲ့ရေးပြီး လှူတဲ့အလှူကို မင်းကိုယ်တိုင်အလှူခံဖြတ်ပိုင်းလေးမှာ စိတ်ရှည်လက်ရှည် ရေးတတ်တယ်။

တစ်ကြိမ်မှာတော့ မင်းရေးပေးနေတဲ့ ဖြတ်ပိုင်းလေးကို ကိုယ် အမှတ်မထင် ကြည့်လိုက်မိတယ်ဆိုရင်ပဲ ကိုယ့်မျက်လုံးတွေ ချက်ချင်း ပျောက်ကွယ်ခဲ့ရတော့တယ်။

မင်းကဖြတ်ပိုင်းလေးမှာ ရေးနေတယ်လေ။

"ဦးတင်ဆောင်းဟန်နှင့် ဒေါ်မိုးကြည်ဝေကောင်းမှု။ ကျောက်ပြားအချပ် နှစ်ဆယ်"တဲ့လို့ တွေ့လိုက်တယ်လေ။

ကိုယ့်မှာ အံ့အားလည်းသင့်၊ စိတ်တွေလည်းကုန်ယင်။ စိတ်ဆိုးရ မလား။ ဝမ်းနည်းရမလား။ ဝမ်းသာရမလား။ မသိတတ်တော့ဘဲ ခံစားချက် တွေ ရှုပ်ထွေးဝေဝါးကုန်တယ်။ သေချာတာတစ်ခုကတော့ မင်းကိုစိတ်ဆိုး လို့မဖြစ်ဘူးဆိုတာပဲလေ။

" ဒါဘာသဘောလဲ တင်ဆောင်းဟန်ရယ်၊ အလှူခံဌာနက ကြေညာပေးတာမျိုးမဟုတ်လို့ တော်သေးပါရဲ့နော်။ ကြေညာတဲ့ အလှူခံတွေ ဆိုရင်တော့ ဒုက္ခပါပဲ"

ကိုယ်မကျေမချမ်းပြောဖြစ်သေးတယ်။ မင်းကတော့ ခပ်တည်တည်နဲ့

"မ-က အခုမှတွေ့လို့ပါ။ ကျွန်တော်လှူရင် အဲဒီစာသားလေး သုံးမိနေတာဖြင့် ကြာနေပြီ"ပြောခဲ့သေးတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းတော့ မကောင်းဘူးနော် "

မင်းကိုဖျောင့်ဖျစ္စာ ကိုယ်မကျေနပ်ကြောင်း ပြမိတော့ မင်းမျက်နှာ ညိုခဲ့တယ်။

"ဟုတ်ပါတယ်-မ၊ ဒါပေမဲ့ ဒီအလျှဒါနတွေဆိုတာ ကျွန်တော်တို့ ဘဝဘဝတွေက လွတ်မြောက်ချင်လို့၊ နောင်အတွင် ရည်စူးတဲ့ ဒီဘဝကို မရည်စူး တဲ့ကုသိုလ်ရေစက်တွေပါ။ နောင်ဘဝကောင်းအောင် ဆိုတာထက် ဘဝတွေ မရချင်တော့တဲ့ စေတနာဇောတွေ ပိုများပါတယ။ ဘဝက လွတ်မြောက်ဖို့ မကျင့်ကြံနိုင်သေးလို့ မလွတ်မြောက်နိုင် သေးဘူးဆိုရင်တော့ နောင်ဘဝဆိုတာ ရှိလာပါလိမ့်မယ်။ အခု ကျွန်တော့်ရဲ့ ဒီဘဝအလှူဟာ ကျွန်တော့်ရဲ့ဘဝ အခြေအနေအရ နောင်ဘဝတွေမှာ အကျိုးရချင်လည်း ရနိုင်မယ့်အခြေ အနေပါ။ အဲဒီနောင်ဘဝတွေမှာတော့ ကျွန်တော့်ကကောင်းချင်လို့ ဒီစာ သားလေးကို သုံးနေမိတာပါ။ တကယ်သာ ဖြစ်နိုင်မယ်ဆိုရင်လို့လည်း ကျွန်တော်ရည်စူးပါသေးတယ်"

နောက်ဆုံးအသံတွေဟာ တိုးဝင်ဖျော့တော့လှပါတယ်။ ကိုယ်မင်းကို မကြည့်တော့ဘဲ ဟိုအဝေးသို့ အကြည့်တွေလွှင့်ထား လိုက်တယ်။ ဝေးဝေးက ဆီးပြီးမြင်နေရတဲ့ သစ်ပင်စိမ်းအုပ်အုပ် တွေကြောင့် ရန်ကုန်မြို့ကို အစိမ်း ရောင်မြို့တော်လို့ ခေါ်တွင်ကြတာ လားကွယ်။ ကိုယ့်ကိုယ်ကို ထိန်းသိမ်းနိုင် ပြီ။ မင်းကိုယ်မင်းလည်း ထိန်းသိမ်းနိုင်လောက်ပြီလို့ ထင်မိတဲ့အချိန်ကျမှ ကိုယ်မင်းကို လှည့်ကြည့်မိတယ်။

မင်းကိုယ့်ကို ပြုံးကြည့်နေနှင့်ခဲ့ပြီ။ "ဒီအနောက်ဘက်မုခ်ကနေ မနက်စောစော လှမ်းမြင်ရတဲ့ မြင်ကွင်းလေးကို ကျွန်တော်သိပ်သဘောကျ တယ်"

- ပြောခဲ့တယ်။

"ဟုတ်တယ်။ ကျွန်မလည်း သဘောကျလို့ ငေးနေမိတာ"

ခုတော့လည်း ကိုယ်တို့ဟာ ဘာတွေမှ နှင့်နဲမခံစားလိုက်ရသလို ပဲနော်။

အဲဒီတုန်းက ကိုယ်ရောမင်းပါ မျက်နှာတွေ မလွှဲဖယ်ဖြစ်ခဲ့ကြဘူး ဆိုရင်။



ကိုယ်တို့မလိုလားတဲ့ ပေါက်ကွဲမှုကြီးကို ထိန်းသိမ်းနိုင်ခဲ့ပေမယ့် အသေးစားလေးတစ်ခုတော့ ဖြစ်သွားခဲ့သေးတာ။

အပြန်လှေကားထစ်တွေက ဖြည်းဖြည်းဆင်းလာခဲ့ရင်း ကိုယ်စကား လည်း မစပ်ဘဲ ရုတ်တရက်လို မင်းကိုတည့်တည့် လှည့်ကြည့်လို့

"ဒါထက် မင်းတိုးရစ်(စ်)ဂိုက်လုပ်ပါလား တင်ဆောင်းဟန်"

"ဘာဖြစ်လို့"

မင်းက တအံ့တဩ မျက်ခုံးများမြှင့်လို့ မေးခဲ့တယ်လေ။

"ဘုရားပေါ်မှာတုန်းက ဆီးပြီးတော့ ကြည့်မြင်နိုင်တဲ့ မြင်ကွင်းလေး အကြောင်း ရှင်ပြောပြခဲ့တာ သိပ်စိတ်ဝင်စားစရာ ကောင်းလို့ပါ"

ကိုယ့်ရဲ့ မထိန်းသိမ်းနိုင်တဲ့ ခပ်ထေ့ထေ့အသံကို မင်းချက်ချင်း ရိပ်ဖမ်းမိလိုက်မှာပါပဲ။ မျက်နှာညိုခဲ့ပြီး

"မနောက်ပါနဲ့ 'မ'ရယ် "

လို့ မင်းဖျောင်းဖျလေသံနဲ့ ပြောခဲ့ပြန်ပါရဲ့။ အောက်မေ့ဖွယ်ပါပဲ တင်ဆောင်းဟန်။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com



အစဉ်မွတ်သိပ်နေမိသော သတင်းကို ဩဂုတ်လ၏ ရက်တစ်ရက်မှာ ကျွန်မအမှတ်မထင် ကြားသိခဲ့ရခြင်းပေ။ ကြားသိစမှာတော့ ထိုသတင်းက ကျွန်မကို လွှမ်းမိုးဆွဲဆောင်အား ကောင်းလှသည်တော့မဟုတ်ပါ။

နွေရဲ့ ဇလရူးတွေလို ဟိုသည်ဖြတ်ပြေး လူးလာနေသည့် အလုပ်သတင်းတိုင်းကို ကျွန်မ စိတ်မဝင်စားတတ်တော့ပြီလေ။

မွတ်သိပ်တာ မှန်းပမယ့် ချည်ထားတဲ့ ကြိုးရှိမလား၊ ရွယ်ထားတဲ့ လက် ရှိမလားဟု ဝေးပေးက လှမ်းအကဲခတ်တတ်ခဲ့ပြီပင်။

ထိုသတင်းကို နံနက်ပိုင်းနှင့် ညနေပိုင်းသာ ကွဲလွဲသော ရက်တစ်ရက်ထဲမှာ မမျှော်လင့်သူ နှစ်ဦးက သတင်းပေးလာခဲ့ခြင်းကြောင့်သာ ထူးခြားနေခဲ့တာ ဖြစ်ပါ၏။ ပထမ ကစ်ဦးက သူငယ်ချင်းကို မြဖေဇော်။

ရခိုင်ပြည်နယ်အရှေ့ဘက်ခြမ်းက မြို့တစ်မြို့တွင် တာဝန်ကျနေသည်ဟု သတင်းသဲ့သဲ့သာ ကြားရပြီး သူနှင့်မဆုံစည်းဖြစ်ခဲ့တာ ကြာပြီ။

ဆေးကျောင်းဒုတိယနှစ်၊ ခန္ဓာဗေဒဘာသာရပ် လက်တွေ့ချိန်တွေ မှာ လူ့ခန္ဓာကိုယ် ခွဲစိတ်ခုံတစ်ပိုင်းတည်းကျခဲ့။ နောက်ဆုံးနှစ်အပိုင်း(က) ပြည်သူ့ဘဝလေ့လာရေး ကွင်းဆင်းခရီး ထွက်ကြတော့လည်း ရှမ်းမြို့နယ်သို့ အတူတူ။ တစ်ဖွဲ့တည်းက သူငယ်ချင်းကေသီနှင့် နောက်ဆုံးနှစ်မှာ တွဲခဲ့ကြပြီ လက်ထပ်ဖြစ်အောင်တော့ မထွမ်းဆောင်နိုင်ခဲ့တဲ့ ကိုမြဖေဇော်လေ။

ကျန်းမာရေးဦးစီးဌာနရုံးတွင် မမျှော်လင့်ဘဲ ဆုံဖြစ်သည်။ ဆရာဝန် မှတ်ပုံတင် သက်တမ်းတိုးရာဌာနတွင် ဖြစ်ပါ၏။ သူအခုလည်း ကျွန်မကြားသိ ခဲ့စဉ်ကအတိုင်း ရခိုင်ပြည်နယ်ရဲ့ အရှေ့ဘက်ခြမ်းမှာ



ရှိနေဆဲ။ မြို့နယ်ပြည်သူ့ဆေးရုံမှာ လက်ထောက်ဆရာဝန်အဖြစ်နှင့် ဖြစ်လေ၏။

"မိုးကြည်ဝေရော"

သူ့အမေးကို ကျွန်မ-ရယ်မောရင်း

"အလုပ်ရှာတဲ့ အလုပ်ကိုလုပ်နေတယ်လေ" ဖြေမိသည်။

သည်တွင် သူ့ထံမှ စီမံကိန်းအမည်တစ်ခုကို စတင်ကြားဖူးခဲ့ရခြင်းပါပေ။

"ခင်ဗျားလုပ်နိုင်မှာပဲ မိုးကြည်ဝေ။ ခင်ဗျားနဲ့လည်း သင့်လျော်တဲ့ အလုပ်တစ်ခု ဖြစ်နိုင်မယ်။ ခင်ဗျားက ကျောင်းမှာ သာရေး၊ နာရေးဆိုရင် နောက်တန်းက ပန်းကန်ဆေးနေကျအဖွဲ့ထဲ အမြဲတွေ့တွေ့နေရလို့" ဟု ခပ်နောက်နောက် ပြောခဲ့သည်။

"မှတ်မိတယ်လေ။ အဲဒီတုန်းက ကိုမြဖေဇော်ကလည်း ပန်းကန်စင် အောင် ဆေးတဲ့ထိတောင် မစောင့်နိုင်ဘဲ အတင်းလုပြီး ကောင်မလေးတွေကို မုန့်ထည့်ထည့်ပေးတတ်တာ"

ကျွန်မသူ့ကို ပြန်လည်စနောက်ရင်း နောက်ဆုံးတွင်မှ အတည်စကားဝိုင်းဖွဲ့ဖြစ်သည်။

" Healt Consultant တစ်ယောက် UNDP/UNOPS ပရောဂျက်တစ်ခုအတွက် ခေါ်နေတယ်။ မိုးကြည်ဝေ စိတ်ဝင်စားရင်သွားတွေ့ကြည့်ပါလား။ Short Term ပဲဆိုတော့ အဝင်အထွက်လည်း လွယ်မယ်လေ"

နိုင်ငံတကာနှင့် ပြည်တွင်းရှိ အစိုးရ မဟုတ်သော အဖွဲ့အစည်းများရဲ့ ပရောဂျက်တွေထဲမှာ ပါဝင်လှုပ်ရှားနေသော ကျွန်မ သူငယ်ချင်းတွေ များစွာ ရှိခဲ့သည်။

အထူးသဖြင့် ကျန်းမာရေးနှင့် ပတ်သက်သော စီမံကိန်းများမှာ စိတ်ဝင်စားစရာ ကောင်းလေသည်။ ကျွန်မအကြမ်းဖျင်း သိရသမျှအကျိုးပြု လုပ်ငန်းတွေပဲလေ။

"ကျွန်မ-စိတ်ဝင်စားတယ် ကိုမြဖေဇော်။ လုပ်ငန်းသဘာဝကိုရော ကိုမြဖေဇော် ပြောပြနိုင်မလား။ ပြီးတော့ အဆက်အသွယ်"

"ကျွန်တော် သေချာတော့ မသိဘူး။ ကျန်းမာရေးဆိုင်ရာ လုပ်ငန်း တွေကတော့ ကျေးလက်ကျန်းမာရေးဌာနတွေ ဆောက်တာ၊

www.burmeseclassic.com

www.burmeseclassic.com

ကျန်းမာရေး လုပ်သား၊ အရန်သားဖွားတွေ မွေးထုတ်ပေးတာ၊ ကျန်းမာရေး ပညာပေး ဟောပြောတာ၊ ဆေးကုရတာတော့ မဟုတ်ဘူး။ Health Sector မှာ ဒါတွေ လုပ်တယ်။ တခြား Sector တွေလည်း ပရောဂျက်က လုပ်သေးတယ်။ စိတ်ဝင်စားစရာတော့ ကောင်းမှာပါ"

" Public Health တွေများမယ် ထင်တယ်နော်"

"ဟုတ်ပါတယ်။ မိုးကြည်ဝေအတွက်လည်း အခက်အခဲရှိမယ် မထင်ဘူး။ ကျွန်တော့်ကို Health Consultant အဖြစ် ဆရာဝန်တစ်ဦးလို နေတယ် အကူအညီ တောင်းထားလို့။ ကျွန်တော်လည်း သင့်ရာ သူငယ်ချင်းတွေကို သတင်းပေးနေတာပါပဲ။ တချို့လည်း အင်တာဗျူးဖြေပြီးကြပြီ။ မိုးကြည်ဝေ စိတ်ဝင်စားရင် C.V တင်ပြီး အင်တာဗျူးဝင်ရုံပါပဲ"

"NGO ပရောဂျက်မှာလုပ်ပြီး ရန်ကုန်ရဲ့ လှိုင်သာယာနဲ့ ရွှေပြည်သာမှာ လုပ်ရှားနေတဲ့ မိကေတို့ဆီသွားပြီး လေ့လာရဦးမယ် ထင်တယ်။ လုပ်ငန်းသဘောကို ကျွန်မသိပ်နားမလည်ဘူး ဖြစ်နေတယ်"

"ကျွန်တော် လေ့လာရသလောက်တော့ ရခိုင်ပြည်နယ် အရှေ့ဘက်ခြမ်းဒေသ စီမံကိန်းက ကျွန်တော်တို့ မင်းပြားနဲ့ မြောက်ဦးမှာ လုပ်နေတဲ့ လုပ်ငန်းတွေဆိုရင်"

"ကိုမြဖေဇော်ဆိုလိုတာ အလုပ်က နယ်မှာလား"

သူ့စကားကို ကျွန်မအလျင်စလိုစွာ မေးလိုက်မိခဲ့သည်။ ကျွန်မ မမျှော်လင့်သော အခြေအနေတော့ မဟုတ်နိုင်ဘူး ထင်မှတ်ဆဲ သူ့အဖြေက

"ကျွန်တော့်နေရာ မင်းပြားနဲ့မြောက်ဦးမှာကို အတိအကျပါပဲ ခင်ဗျာ။ ဖူးရခဲ့တဲ့ ရှေးဟောင်းရခိုင်ဘုရားတွေ ဖူးရအောင် ဖိတ်ခေါ်ပါရစေ"

"ဖြစ်ရလေ။ ကျွန်မ ဒီလောက်အဝေးကြီးမှာလို့ နည်းနည်းမှ စိတ်မပူခဲ့မိတာ။ ထင်တာက ရန်ကုန်ဆင်ခြေဖုံးတွေမှာပဲလို့လေ"

"စီမံကိန်းနာမည်ကိုက ဝေးလံမြို့နယ်များ လူမှုဖွံ့ဖြိုးရေး စီမံကိန်းလေ။ ရန်ကုန်မြို့ပေါ်မှာ လုပ်လို့ဘယ်ဖြစ်ပါ့မလဲ"

ဒါဆိုရင်တော့ သတင်းပေးတာအတွက် ကျေးဇူး။ ငြင်းလိုက်လို့ စိတ်တော့ ပျက်မသွားပါနဲ့နော်။ တခြားအလုပ်တစ်ခုခုဆိုရင်လည်း



ပြောပေး ပါဦး"

ကျွန်မတို့ နှုတ်ဆက်ထွက်ခွာကြသောအခါ ကိုမြဖေဇော် တစ်ယောက် ပခုံးများတွန့်လျက် ကျန်ရစ်သည်။

ထိုအလုပ်အကိုင်၊ အခွင့်အလမ်းကို ကျွန်မမေ့ဖျောက်ပစ်ခဲ့ပြီး သစ်ဆင်းတိုက်သို့ လာခဲ့လျှင် ညနေလေးနာရီထိုးခဲ့ပြီဖြစ်၏။ သည်ရပ်ဝန်းတွင်လည်း သည်သတင်းက ကျွန်မကို စောင့်ကြိုနေနှင့်ခဲ့တာ အံ့အားသင့်ဖွယ်ပေ။

ရခိုင်ပြည်နယ် အရှေ့ဘက်ခြမ်း ဒေသရှိ စီမံကိန်းဝင်မြို့နယ်များအတွက် ကျန်းမာရေး အကြံပေးတစ်ဦး အလိုရှိသောသတင်း။

စင်စင်နယ်ရဲ့ အငွေ့အသက်ကို ကျွန်မ မြတ်နိုးရင်းစွဲ ရှိပါသည်။ ရန်ကုန်မှာ ကြီးပြင်းခဲ့သည်မို့ နယ်သို့မရောက်ချင်တာမျိုး မဟုတ်ခဲ့။

ကိုမြဖေဇော်ရဲ့ အလုပ်တစ်နေရာစာ၊ သတင်းပေးချက်ကို ကျွန်မ ငြင်းဖြစ်ခဲ့တာ တစ်စုံတစ်ဦးအတွက်ကြောင့်သာ ဖြစ်ပါ၏။ သူ့အနီးမှာ အစဉ် ကျွန်မရှိနေဖို့ လိုအပ်နေသည်ဟု ကျွန်မဘာသာ ဆုံးဖြတ်ထားခဲ့သည့်မို့ပေ။

ထိုတစ်ရက်တည်း၏ ညနေပိုင်းတွင် ပါပဲ။ ဝေးလံသော အရပ်က အလုပ်အတွက် ကျွန်မသို့ တိုက်တွန်းခဲ့သူက ကျွန်မသက်ညာစွာ စဉ်းစားမိ နေသော ထိုတစ်စုံတစ်ဦးကိုယ်တိုင် ဖြစ်နေခဲ့ချေသည်။

"ကိုတင်ဆောင်းဟန် ဘယ်ကများ သတင်းကြားခဲ့တာလဲ။ အဲဒီဘက်မှာ တာဝန်ကျနေတဲ့ ဆရာဝန်ဆီကလား"

ကျွန်မနှင့် သူရရှိခဲ့သော သတင်းရဲ့ ဇစ်မြစ်က အတူတူပင်လား ကျွန်မသိချင်မိခဲ့သည်။

"မဟုတ်ဘူး'မ'။ မင်းပြားက ပရောဂျက်မန်နေဂျာခေါ်မလား။ မြို့နယ်တာဝန်ခံဆီက ကြားခဲ့တာပါ"

ကျွန်မတွေဝေ အကျပ်ရိုက်နေသလောက် တင်ဆောင်းဟန်ရဲ့ မျက်လုံးများ တောက်ပစွာ၊ အကြည့်များ ရဲရင့်စူးရှစွာဖြင့်တက်ကြွ နေခဲ့သလို ပေ။

"အဲဒီ ပရောဂျက်တွေကို ကျွန်မ သိပ်မသိပါဘူး"

"ကျွန်တော် ဖွံ့ဖြိုးရေး စီမံကိန်းတွေနဲ့ ပတ်သက်ပြီး စာရေးချင်နေခဲ့တာ ကြာပါပြီ။ သူနဲ့ ခင်မင်နေတော့ သူ့ဆီ ကျွန်တော်လာ လေ့လာခွင့်

www.burmeseclassic.com

www.burmeseclassic.com



ယူထားမိတယ်။ မသွားဖြစ်ခဲ့သေးဘူး။ ဒီလိုပို့(စ်)ခေါ်တယ်ဆိုတော့ ကျွန်တော့် 'မ'ကို ချက်ချင်းသတိရလိုက်မိတယ်။ 'မ'က အလုပ်လုပ်ရဖို့ ဆိုရင် အမြဲတက်ကြွ လှုပ်ရှားနေတတ်လို့လေ"

ကျွန်မသူ့ကို ဆန့်ကျင်ငြင်းဆန်ရတာ ခက်ခဲပါသည်။ သူ့အနီးမှာ အစဉ်ရှိနေလိုသော ကျွန်မရဲ့ ဆုံးဖြတ်ချက်ကိုလည်း (သူနှစ်သက်လက်ခံမှာ မဟုတ်၍) ထုတ်ဖော်မပြောနိုင်ရကား ကျွန်မ၏ ငြင်းဆိုချက်များက အားအင် မဲ့လှချေတော့သည်။ သူ့တွန်းအားများကမူ အားကောင်းလှပါသည်။

"ပြီးတော့ 'မ'ယူချင်တဲ့ မ... ဒီဂရီက Management အတွေ့အကြုံ လိုမယ်လေ။ 'မ'က ဆေးခန်းပဲ တိုင်ခဲ့ဖူးတော့ စီမံအုပ်ချုပ်တဲ့ အတွေ့အကြုံ ရှားပါးနေမှာပဲ။ 'မ'ကို အတွေ့အကြုံလည်း ရစေချင်တယ်။ ကာလတို လေး ပဲမို့ 'မ' ကိုယ့်ကိုယ်ကို အခွင့်ရေး...သင့်တယ်။ ကိုယ်နဲ့ သင့်မယ်ထင်ရင် ဒီလမ်းကို ဆက်ကြိုးစားမယ်။ မသင့်ဘူး ထင်ရင်တော့ စာချုပ်ပြည့်တဲ့အထိ ပဲပေါ့"

သူ့စကားတွေက ကျိုးကြောင်းသင့်ချောမွေ့နေသည်။

ဘွဲ့လွန်အတွက် ကျွန်မ ကြိုးပမ်းလှုပ်ရှားနေတာလည်း သူ မသိနိုင် ထင်မှတ်ခဲ့ပေမယ့် သူက သိနေခဲ့ပြန်သည်။

"အမျိုးသမီး တစ်ယောက်အနေနဲ့ စီမံအုပ်ချုပ်တက်ဖို့ အမျိုးသမီး တစ်ယောက်ယောက်ကို 'မ' ကော်ပီယူနိုင်ရင် အကောင်းဆုံးပဲပေါ့။ အမျိုးသား အုပ်ချုပ်သူ တစ်ယောက်တွေ့နိုင်မှာ မဟုတ်ဘဲ အမျိုးသမီး အုပ်ချုပ်သူမှာမှ ရင်ဆိုင်နိုင်တဲ့ သီးသန့်အတွေ့အကြုံတွေ၊ သီးသန့် ဖြေရှင်းရမှုတွေ ရှိနိုင်တယ် လေ"

အေးဆေးဖျောင်းဖျဟန် ပြောပြနေခဲ့သော သူ့စကားထဲမှာ ကျွန်မ စိတ်ဝင်စားမိခဲ့ကာ "ကိုတင်ဆောင်းဟန် ဆိုချင်တာ စီမံကိန်းတာဝန်ခံက အမျိုးသမီး တစ်ယောက်လား" ကျွန်မ အမေးကို သူခေါင်းညိတ်ခဲ့ရင်း စကား ဆက်သည်။

"မင်းပြားက ပရောဂျက် မန်နေဂျာ ဒေါ်နီနီလွင်က အမျိုးသမီး အင်ဂျင်နီယာတစ်ယောက်ပါပဲ။ ကျွန်တော်နဲ့လည်း ခင်မင်တယ်။ သူဟာ မအတွက် မာစတာကော်ပီ ဖြစ်နိုင်တယ်"

စိတ်ဝင်စားလို့ မဖြစ်ဘူးလေ။ သူနဲ့လည်း ဝေးရာမှာ



ဖြစ်နေတာနဲ့ တင် မင်းခံစားရလိမ့်မယ်။ ကျွန်မကိုယ် ကျွန်မပြောမိရင်း "အမျိုးသမီးချင်း ဆိုရင် ရင်းနှီးမှုတွေ တည်ဆောက်ရတဲ့ rapport building မြန်ပေမယ့် ရေရှည်မှာ တူညီနေတဲ့ ego ကြောင့် သိပ်မလွယ်တတ်ဘူး မဟုတ်လား"

"မလွယ်ရင်လည်း မလွယ်ရတဲ့ အကြောင်းတွေ၊ ဖြစ်နိုင်ခြေတွေကို 'မ' သိဖို့ကောင်းတာပဲ"

ဆွဲဆောင် အကြောင်းပြချက် အားကောင်းလှသော သူ့စကားများကို ကျွန်မကို တုံ့ပြန်ငြင်းခဲ့ရင်း ရှုံးရချေသည်။ ကျွန်မ ပြုံးလျက် ခေါင်းသာ ခါယမ်းနေမိသည်။

ကျွန်မတို့ စကားဝိုင်းကို ကြားနေရသော တစ်ဖက်စားပွဲမှ ကိုကျော်စွာက ကျွန်မအခက်အခဲကို ရိပ်မိဟန် တူခဲ့သည်။

"မမိုးအတွက် စိတ်ဝင်စားဖို့ အကောင်းဆုံး တစ်နေရာက ရန်ကုန် မြို့ပေါ်မှာတင် ရှိနေတယ်လေ။ စောင့်လည်းစောင့်နေတယ်"

"ဟုတ်လား။ ဘယ်မှာလဲဟင်"

ကျွန်မရဲ့ အားတက်သရော အမေးကို သူတို့ဘာကြောင့် ပွဲကျစွာ ရယ်မောလိုက်ကြသလဲ။ ကျွန်မကြောင်သွားခဲ့စဉ်

"သစ်ဆင်းမဂ္ဂဇင်းတိုက်လေ"

မေနှင်းက ရယ်မောဖြေလေ၏။ ကျွန်မလည်း ရယ်မော မိတော့ကာ

"မိုးကြည်ဝေက အဲဒီလို တစ်ခါတလေ ကြောင်တတ်တာ"

ထိုညနေတွင်မှ လွင်သောင်းဒန်ကားဖြင့် လှည့်ဝင်ခေါ်လာသည်က နောက်ကျနေခဲ့သည်။ သစ်ဆင်းမှ မေနှင်းတို့၊ ကိုကျော်စွာတို့ နှုတ်ဆက်ပြန် သွားခဲ့ကြသည်။ သစ်ဆင်းအဖွဲ့သားတွေ ကုန်သည်အထိ တင်ဆောင်းဟန် အိမ်က အကြိုရောက်မလာသေးခဲ့။ ကျွန်မနှင့် တင်ဆောင်းဟန် မကျေလည် နေသော အလုပ်ကိစ္စ ဆက်မဆွေးနွေး ဖြစ်တော့အောင်။ ကျွန်မလည်း အိမ်ပြန်ချင်နေပြီ။ နောက်ဆုံးတွင် သစ်ဆင်းမဂ္ဂဇင်းတိုက် အခန်းထဲမှာ သူနှင့် ကျွန်မနှစ်ဦးသာ ကျန်ရစ်သည့် အချိန်သို့ ရောက်လာတော့သည်ပင်။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်နဲ့ မင်းနှစ်ဦးပ...ူ ကျန်ရစ်ခဲ့တဲ့ အချိန်မှာ ထူးထူးခြားခြား ပဲ ကိုယ်မင်းကို ရှုံ့နေမိတယ်။

မင်းနဲ့ ရင်မဆိုင်ချင်ဘူး။ စကားမပြောချင်ဘူး။

ကိုယ်မသွားပါရစေနဲ့၊ ရှိနေပါရစေလို့ တောင်းပန်ရတဲ့ အဖြစ်မျိုးကို လည်း မရောက်ချင်ဘူး။

အေးစက်တင်းမာနေတဲ့ ခုလိုအခြေအနေမျိုးကိုလည်း သည်းမခံနိုင်ဘူး။

စက်တင်ဘာလမှာ ထွက်တော့မယ့် သစ်ဆင်းမဂ္ဂဇင်း၊ စက်က ချခါစပထမဆုံးစာအုပ်လေးကိုပဲ ကိုယ်လှန်လှောနေမိတယ်။

မင်းက မင်းစားပွဲမှာပဲ ရှိနေတယ်။

စာအုပ်ဖတ်နေမလား။ ကိုယ့်ကို အကဲခတ်နေမလား လှမ်းမကြည့်မိ လို့မသိဘူး။

ကိုယ်နဲ့ မင်းစကားမပြောမိဘဲ ခုလို တိတ်ဆိတ်ကြာမြင့်နေတာမျိုးက နည်းပါးတာမို့ ကိုယ်အနေရခက်ပါတယ်။ မင်းစကား စပြောခဲ့တော့ လေသံ က မင်းရဲ့မူအတိုင်း အေးအေးဆေးဆေးပါပဲ။ ပြတင်းမှာ သွားရပ်ပြီး ကိုယ့်ကိုနောက်ခိုင်းပြောခဲ့တာမို့ ကိုယ့်ဆီနောက်ပြန်ရောက်လာတဲ့ စကားသံက ခပ်တိုးတိုး။

"ကိုကျော်စွာတို့ နောက်လိုက်တော့ 'မ'က အဲဒီအလုပ် ဘယ်မှာလည်းလို့ မေးလိုက်တဲ့ အသံက သိပ်ပြီးမျှော်လင့်နေတဲ့ အသံပဲနော်။ အဲဒီလို မျှော်လင့်တက်ကြွနေတဲ့ အသံမျိုးကို ကျွန်တော်ကြိုက်တယ်"

ကိုယ့်စိတ်ထဲမှာ ကိုယ့်ကိုယ်ကို ရှေရွှတ်ချင်စိတ်ပေါ်သွားမိတယ်။ ကိုယ်ဟာ ကိုယ့်ကိုယ်ကို အဲဒီလို ဖုံးကွယ်ချုပ်တည်းမှု့ ကိစ္စမျိုးမှာ



သိပ်မလွယ်တတ်ဘူး မဟုတ်လား"

"မလွယ်ရင်လည်း မလွယ်ရတဲ့ အကြောင်းတွေ၊ ဖြစ်နိုင်ခြေတွေကို 'မ' သိဖို့ကောင်းတာပဲ"

ဆွဲဆောင် အကြောင်းပြချက် အားကောင်းလှသော သူ့စကားများကို ကျွန်မကို တုံ့ပြန်ငြင်းခဲ့ရင်း ရှုံးရချေသည်။ ကျွန်မ ပြုံးလျက် ခေါင်းသာ ခါယမ်းနေမိသည်။

ကျွန်မတို့ စကားဝိုင်းကို ကြားနေရသော တစ်ဖက်စားပွဲမှ ကိုကျော်စွာက ကျွန်မအခက်အခဲကို ရိပ်မိဟန် တူခဲ့သည်။

"မမိုးအတွက် စိတ်ဝင်စားဖို့ အကောင်းဆုံး တစ်နေရာက ရန်ကုန် မြို့ပေါ်မှာတင် ရှိနေတယ်လေ။ စောင့်လည်းစောင့်နေဘယ်"

"ဟုတ်လား။ ဘယ်မှာလဲဗျာ"

ကျွန်မရဲ့ အားတက်သရော အမေးကို သူတို့ဘာကြောင့် ပွဲကျစွာ ရယ်မောလိုက်ကြသလဲ။ ကျွန်မကြောင်သွားခဲ့စဉ်

"သစ်ဆင်းမဂ္ဂဇင်းတိုက်လေ"

မေနှင်းက ရယ်မောဖြေလေ၏။ ကျွန်မလည်း ရယ်မောမိတော့ကာ

"မိုးကြည်ဝေဟာ အဲဒီလို တစ်ခါတလေ ကြောင်တတ်တာ"

ထိုညနေတွင်မှ လွင်သောင်းဒန်ကားဖြင့် လှည့်ဝင်ခေါ်သော သည်က နောက်ကျနေခဲ့သည်။ သစ်ဆင်းမှ မေနှင်းတို့၊ ကိုကျော်စွာတို့ နှုတ်ဆက်ပြန် သွားခဲ့ကြသည်။ သစ်ဆင်းအဖွဲ့သားတွေ ကုန်သည်အထိ တင်မောင်းဟန် အိမ်က အကြိုရောက်မလာသေးဘဲ။ ကျွန်မနှင့် တင်ဆောင်းဟန် မကျေလည် နေသော အလုပ်ကိစ္စ ဆက်မဆွေးနွေးဖြစ်တော့အောင်။ ကျွန်မလည်း အိမ်ပြန်ချင်နေပြီ။ နောက်ဆုံးတွင် သစ်ဆင်းမဂ္ဂဇင်းတိုက် အခန်းထဲမှာ သူနှင့် ကျွန်မနှစ်ဦးသာ ကျန်ရစ်သည့် အချိန်သို့ ရောက်လာတော့သည်ပင်။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်နဲ့ မင်းနှစ်ဦးတည်းပဲ ကျန်ရစ်ခဲ့တဲ့ အချိန်မှာ ထူးထူးခြားခြား ပဲ ကိုယ်မင်းကို ရှုံ့နေမိတယ်။

မင်းနဲ့ ရင်မဆိုင်ချင်ဘူး။ စကားမပြောချင်းဘူး။

ကိုယ်မသွားပါရစေနဲ့၊ ရှိနေပါရစေလို့ တောင်းပန်ရတဲ့ အဖြစ်မျိုးကို လည်း မရောက်ချင်ဘူး။

အေးစက်တင်းမာနေတဲ့ ခုလိုအခြေအနေမျိုးကိုလည်း သည်းမခံ နိုင်ဘူး။

စက်တင်ဘာလမှာ ထွက်တော့မယ် သစ်ဆင်းမဂ္ဂဇင်း၊ စက်က ချခါစပထမဆုံးစာအုပ်လေးကိုပဲ ကိုယ်လှန်လှောနေမိတယ်။

မင်းက မင်းစားပွဲမှာပဲ ရှိနေတယ်။

စာအုပ်ဖတ်နေမလား။ ကိုယ့်ကို အကဲခတ်နေမလား လှမ်းမကြည့်မိ လို့မသိဘူး။

ကိုယ်နဲ့ မင်းစကားမပြောမိဘဲ ခုလို တိတ်ဆိတ်ကြာမြင့်နေတာမျိုးက နည်းပါးတာမို့ ကိုယ်အနေရခက်ပါတယ်။ မင်းစကားစပြောခဲ့တော့ လေသံ က မင်းရဲ့မူအတိုင်း အေးအေးဆေးဆေးပါပဲ။ ပြတင်းမှာ သွားရပ်ပြီး ကိုယ့်ကိုနောက်ခိုင်းပြောခဲ့တာမို့ ကိုယ့်ဆီနောက်ပြန်ရောက် လာတဲ့ စကားသံက ခပ်တိုးတိုး။

"ကိုကျော်စွာတို့ နောက်လိုက်တော့ 'မ'က အဲဒီအလုပ် ဘယ်မှာလည်းလို့ မေးလိုက်တဲ့ အသံက သိပ်ပြီးမျှော်လင့်နေတဲ့ အသံပဲနော်။ အဲဒီလို မျှော်လင့်တက်ကြွနေတဲ့ အသံမျိုးကို ကျွန်တော်ကြိုက်တယ်"

ကိုယ့်စိတ်ထဲမှာ ကိုယ့်ကိုယ်ကို ရေရွတ်ချင်စိတ်ပေါ်သွားမိတယ်။ ကိုယ်ဟာ ကိုယ့်ကိုယ်ကို အဲဒီလို ဖုံးကွယ်ချုပ်တည်းဖို့ ကိစ္စမျိုးမှာ အမြဲပဲ ညံ့ကိုညံ့ဖျင်းတယ်။

"သူတို့က စတယ်၊ နောက်လိုက်တယ်ဆိုမှတော့ အဲဒီလို မသိချင်ယောင်ဆောင်ပြီး ကြောင်ပြရတာပေါ့"



ကိုယ့်စကားကို မင်းဟက်ဟက်ပက်ပက် ရယ်တယ်။

"လုပ်မနေစမ်းပါနဲ့ 'မ'ရာ။ 'မ'ကို ကျွန်တော်သိပါတယ်"

နောက်ခိုင်းထားတဲ့ သူ့ပခုံးပြင်ကျယ်က သူရယ်မောနေတာကြောင့် လှုပ်ရှားနေတာတောင် တွေ့မြင်ရပါရဲ့။ ကိုယ်စိတ်ထဲမှာ မချင့်မရဲ။ မချင့်ရဲတဲ့ စိတ်ကို မျိုသိပ်နိုင်လိုက်တာတော့ ကိုယ့်အတွက် အံ့သြဖွယ်ပါပဲ။ ကိုယ် မင်းပခုံးကို ဆွဲမလှည့်ဖြစ်လိုက်ခဲ့ဘူးလေ။

♣ ♣ ♣

သူ ကျွန်မဘက်သို့ လှည့်ခဲ့သောအခါ သူ့မျက်နှာက ကြည်စင်လျက်။ မျက်လုံးအကြည့်တို့ ထက်သန်စွာ စူးရှနေခဲ့ကာ နှုတ်ခမ်းများက ပြုံးနေခဲ့ သည်။

ကျွန်မမှာမူ သူ့စကားရည်ရွယ်ချက်တွေ ဘယ်သို့ရှိမလည်း မမှန်း ဆတတ်။ သိမ်းသွင်းခံရမှာ သတိထားနေစွာ ခပ်တောင့်တောင့်လေး ရပ်နေမိ ပေ၏။

"ကျွန်တော်ရေးပေးခဲ့တဲ့ အလုပ်ထွက်စာမှာ 'မ' လက်မှတ်ရေးထိုးပြီး ထွက်စာတင်ဖြစ်ခဲ့တယ်နော်"

လာပြီ။ ကျွန်မကိုယ် ကျွန်မ သတိပေးရင်း ခေါင်းညိတ်ဖြစ်သည်။ သူ့ စကားတွေ ဘယ်သို့ ရည်ရွယ်ပျံသန်းတော့မလည်း ကျွန်မ သိခဲ့သည်။

"ကျွန်မ ဆုံးဖြတ်ချက်နဲ့ ကျွန်မလည်း ထွက်ဖြစ်ဖို့ ဆဲဆဲပါ။ အခုပြီး သွားပြီလေ။ ကြာတောင်ကြာပြီပဲ "

သူ ပေါ့ပါးရွှင်လန်းစွာ ပြုံးရယ်ပါသည်။

"ဟုတ်တယ်၊ ကြာပြီ။ 'မ' ကို ကျွန်တော် အလုပ်သစ် တစ်ခု ရှာဖွေ ပေးဖို့ သင့်တော်အောင်ကို ကြာသွားပြီ။ 'မ' အနားယူနေတာ

www.burmeseclassic.com

www.burmeseclassic.com

တော်ရတော့ မယ်"

သူ့စကားသံများက ချော့မော့ဖျောင်းဖျနေသော်ငြား သူ့မျက်လုံး အကြည့်များတွင်တော့ လွှမ်းမိုးစေစားနေလှသည်။

သည်တစ်ကြိမ်မှု ကျွန်မ အလျှော့မပေးဖို့ ဆုံးဖြတ် ထားပြီးပြီ။

"ဒါပေမယ့်. . ."

ကျွန်မ ငြင်းဆန်စကားတွေ ဆိုမိခဲ့သည်။ သူ ခပ်ပြုံးပြုံးပင်။ ကျွန်မ မျက်လုံးများထဲသို့ စိုက်ကြည့်လို့ နားထောင်သည်။

"ဒါပေမယ့် ဒီအလုပ်တော့ ကျွန်မနဲ့ မကိုက်ညီလှပါဘူး။ ကျွန်မ မရောက်ဖူးတဲ့ ဝေးလံလှတဲ့နေရာမှာ မလုပ်ဖူးတဲ့ အလုပ်ကို သွားလုပ်ရမှာ။ ပြီးတော့ တစ်ယောက်တည်း စွန့်စွန့်စားစား မနိုင်လွန်းဘူးလား။ ကျွန်မ နောက်ကို ဘယ်သူမှ လိုက်ပေးနိုင်မှာ မဟုတ်ဘူးလေ။ ဖေဖေ မေမေတို့ အသက်ကြီးပြီ။ ပြီးတော့ ကျွန်မမှာ မသွားချင်တဲ့ ခိုင်လုံတဲ့အကြောင်း တစ်ခုရှိ နေတယ်"

သူ စိတ်ရှည်စွာ နားထောင်လျက် ကျွန်မ စကားဆုံးမှ ဝင်ပြောခဲ့ သည်။ ယင်ဟားသည့်အတိုင်း ကျွန်မ မသွားချင်တဲ့ ခိုင်လုံတဲ့အကြောင်း ကို သူစကားထဲ မထည့်ခဲ့ပါ။

"ကာလတိုလေး၊ အလွန်ဆုံးခြောက်လပေါ့။ 'မ'ကို အတွေ့အကြုံ လေး ရစေချင်လို့ပါ"

ညင်သာဖျောင်းဖျသော သူ့စကားသံတိုးတိုးက ကျွန်မစိတ်တို့ကို ရှုပ်ထွေးစေခဲ့သည်။ သည်းခံနိုင်စွမ်းတွေ အတိုင်းအဆ လွန်သွားလျက်။

"ကိုတင်ဆောင်းဟန်က တစ်ခါတစ်ရံ ကျွန်မကို သိပ်ဩဇာပေးသလိုပဲ။ ကျွန်မ စိတ်ညစ်ရတယ်"

စိတ်ပျက်လက်ပျက်လို ပြောမိရသည်။ ကျွန်မ စကားကသူ့လို ရောဂါသည် တစ်ယောက်အပေါ် အနိုင်ယူလိုရာ ကျသလား၊ စဉ်းစား၍ မိရင်း ချက်ချင်းတောင်းပန်ဖို့ ပြင်ဆဲ။

"အမှန်ပါပဲ 'မ'။ မကြာခဏလို 'မ'ကို အကျပ်ကိုင်သလိုတောင် ရှိခဲ့ပါ တယ်"

မထင်မှတ်ဘဲ သူ ဝန်ခံလိုက်ခဲ့သည်။ သူ့မျက်နှာ ပြုံးရိပ်မတင်နိုင် တော့ပါ။ မျက်နှာညှိုးမှုန်၊ အသံတိုးလျော့စွာဖြင့်

"ကျွန်တော် အဲဒီလို ပိုင်စိုးပိုင်နင်း လုပ်ခဲ့လို့ 'မ' အလုပ်က



ထွက်ဖြစ်ခဲ့ တာ။ စိတ်စွဲလမ်းတာတော့ မဟုတ်ပါဘူး။ ဒါပေမယ့် အဲဒါကို ကျွန်တော် မမေ့ဘူး။ 'မ'ကို အလုပ်တစ်ခု ပြန်ဝင်စေချင်တဲ့ ဆန္ဒနဲ့ ကျွန်တော့် ဘာသာ လည်း စုံစမ်းရှာဖွေနေမိခဲ့တယ်"

"ဒါပေမယ့် ကျွန်မ ရွေးခွင့် မရှိတော့ဘူးလား။ အလုပ်ဆိုတိုင်း ကျွန်မက လုပ်ကြည့်လိုက်ဖို့ စာချုပ်မထားမိဘူး ထင်ပါတယ်"

"သိတယ်လေ။ 'မ' အလုပ်တွေ ရွေးနေလို့ ဒီလောက် ကြာနေခဲ့တာပဲ။ ဒီအလုပ်ကို 'မ' သဘောကျမှာပါ။ အရေးကြီးတာက 'မ'ရဲ့ ရှေ့ စိတ်ကူးတွေအတွက် အတွေ့အကြုံအုတ်မြစ်တွေ လိုနေတာ"

"ခြောက်လနဲ့တော့လည်း. . ."

ကျွန်မ စကား မဆက်မိတော့ပါ။ သူနှင့်စကားဆက်လို့ ပြောဆိုနေ လည်း ပြီးနိုင်ဖွယ်မရှိတော့ပါ။ ကျွန်မ ဆုံးဖြတ်ထားချက်လည်း ပိုပြင်ခွင့်ရ တော့မှာမှ မဟုတ်ဘဲ။

အလုပ်လျှောက်တာနဲ့ ရတာရဲ့ကြားမှာ မဖြစ်နိုင်ခြေ ဆိုတာတွေ ရှိနေသေးတာပဲ။ ကျွန်မရဲ့ အရည်အချင်းနဲ့ သည်အလုပ်နဲ့ ဆိုကာလည်း ကိုက်ညီချင်မှ ကိုက်ညီမှာပါလေ။ မကိုက်ညီလို့ အရွေးချယ်မခံရလည်း သူ့အစွဲ အလမ်းတော့ ပြေသွားကောင်းပါရဲ့ကွယ်။

ကျွန်မ စိတ်လျှော့မိရပါသည်။

"ဟုတ်ပါပြီနော်။ ကျွန်မ လျှောက်လွှာတင်ကြည့်ပါမယ်"

သူ့ကို စကားအေးအေးဆေးဆေးဖြင့် ပြောဆိုနှစ်သိမ့်ဖြစ်သည်။ သူ့ မျက်နှာ ပြုံးလက်ခဲ့လျက်။

"မကို ရနိုင်အရှေ့ဒေသ စီမံကိန်းအရာရှိ မစ္စတာ အက်မ် ဇူဇူကီး တွေ့မယ့်အချိန်က မနက်ဖြန် မနက် ၁၀ နာရီ။ C.V နဲ့ သွားတွေ့ရုံပါပဲ"

အားလုံးပင် သူ စီစဉ်ထားခဲ့သည်ပဲ။ စီစဉ်ထားပြီးဖြစ်လျက် ကျွန်မသဘောနှင့် ကျွန်မ ရွေးချယ်သဘောတူခဲ့တာဖြစ်အောင် သူပြုမူနိုင်ခဲ့သည်။ သူသုံးခဲ့သည့်နည်းဗျူဟာက တကယ်ဆို အလုပ်တွေ ဖြစ်စေခဲ့တဲ့ နည်းနှင့် အတူတူပါပဲ။ စီစဉ်နေသားတကျ ရှိနေပြီးအဖြစ်ကို ကျွန်မမှာ မသိရ။ ကြုံး ကြုံးစားစား ငြင်းဆန်နေမိခဲ့ရသေးသည်။ စိတ်ထဲ အောင့်သက်သက် ဖြစ်မိစွာ

www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့ သွားတွေ့လို့ရောမရဘူးလား။ ကျွန်မမှာ C.V အဆင်သင့် ရှိတာပဲ"

တမင် ပြောမိရသည်။

သူက အပြစ်ကင်းစင် ကြည်လင်စွာ ပြုံးရယ်လျက် "ဒီနေ့တော့ မဖြစ်နိုင်ဘူးဗျာ။ ဒီနေ့မှာ သူက ညနေ ငါးနာရီခွဲအထိ လူတွေ စစ်မေးဖို့တွေ ရှိနေပါတယ်။ 'မ' လိုပဲ လျှောက်လွှာနောက်ကျနေတဲ့ ဆရာဝန်တွေလည်း ပါမယ်"

ရိုးရိုးလေး ပြောလေ၏။

♣ ♣ ♣

နောက်တစ်ရက်မှာ ကိုယ့် အင်တာဗျူးသွားဖြေခဲ့တယ်။ ကန်တော်ကြီးစောင်းက ရုံးကြီးတစ်ရုံးရဲ့ ဌာနခွဲအဆောက်အအုံမှာပါ။

သူကိုယ်သူ ရွှန်းလို့ပဲခေါ်ပါဆိုပြီး မိတ်ဆက်တဲ့ မျက်ခုံးထူထူ၊ မျက်လုံးတောက်တောက်နဲ့ ဂျပန်အမျိုးသားတစ်ဦး။ အင်တာဗျူးဆိုတာထက် စကားတွေများစွာ ပြောဖြစ်ခဲ့တာ ဆိုရင် ပိုမှန်ပါမယ်။ မိတ်ဆွေချင်းစကား ပြောကြသလို အနေအထားနဲ့စိတ်ဝင်စားစရာကောင်းတဲ့ သူ့မေးခွန်းတွေကို ဖြေဖြစ်သွားခဲ့တာ။ ကိုယ်မအောင်အောင် ဖြေမယ့်အင်တာဗျူးဆိုတာကို မေ့သွားမိတယ်။

ရယ်စရာကောင်းတာက ဖွံ့ဖြိုးရေးဆိုတဲ့ ခေါင်းစဉ်နဲ့ သူမေးလိုက် ရင် ကိုယ်က မဖြေနိုင်ဘူး။

ကိုယ်နဲ့ စကားတွေ အတန်ကြာပြောမိပြီးတိုင်း မစ္စတာ ရွှန်းက အခုမင်းပြောနေတာတွေက ဖွံ့ဖြိုးရေးတွေလေလို့ ပြန်သတိပေးတတ်တာမျိုး။ နှစ်နာရီကြာ အင်တာဗျူးမှာ မစ္စတာရွှန်းက ကိုယ့်ကို အဲဒီလို လေးကြိမ် သတိပေးခဲ့ရတယ်။



စိတ်ဝင်စားစရာကောင်းတဲ့ အတွေ့အကြုံပဲလို့ စိတ်ထဲခံယူမိစွာ မစ္စတာရွှန်းကို နှုတ်ဆက်ထွက်ခွာခဲ့တော့ အဖြေဘယ်တော့ သိရမလည်း ကိုယ်မမေးမိဘူး။ အင်တာဗျူးမေးသူတွေရဲ့ ယဉ်ကျေးမှုအရ လာရောက်ပြီး စိတ်ဝင်တစားဖြေလို့ ကျေးဇူးပါလို့ ရွှန်းက ပြောခဲ့ပါတယ်။ ကိုယ် လှည့် အထွက်မှာ

"ကျွန်တော် အလုပ်လုပ်နေတဲ့ ဒေသက ရှေးရိုးအစဉ်လာကြီးတဲ့ အပြင် ကျေးရွာတွေမှာ လုပ်ကိုင်ရတာမို့ အခုလို ဖိနပ်အမြင့် ဝတ်ဆင်တာတို့၊ နှုတ်ခမ်းဆိုးဆေးမတင်ဘဲ နေရမှာတို့ကိုရော ခင်ဗျားလက်ခံနိုင်ပါ့မလား"

ထူးဆန်းစွာ မေးခဲ့တာမို့

"ဘာကြောင့် လက်မခံနိုင်ရမှာ လည်းရှင်"

လို့ပဲ ကိုယ် ရှက်ရယ် ရယ်မောရင်း ပြောဖြစ်ခဲ့ရတယ်။

မင်းကို ပြောပြတော့ မင်းလည်း ရယ်မောခဲ့တယ်နော်။ ရယ်မော သံရဲ့ အဆုံးမှာ-

"စိတ်မပူပါနဲ့ 'မ'ရဲ့။ 'မ'ရဲ့ ပင်ကိုအရည်အချင်းကို သူ မကြိုက်တဲ့ ဒေါက်ဖိနပ်က မဖုံးနိုင်ပါဘူး"

အလေးအနက်လို နှစ်သိမ့်စကားဆိုခဲ့တယ်။

"ဟုတ်တယ်။ ကျွန်မ နည်းနည်းလေးမှ စိတ်မပူပါဘူး။ အလုပ်မရမှာကိုလေ"

ကိုယ့်စိတ်ထဲမှာ မင်းကို တီးတိုးပြန်ပြောနေခဲ့သေးတာ၊ စာရေးဆရာ မင်းရိပ်မိချင် ရိပ်မိနေမှာပါပဲနော်။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ရပ်များက မြန်ဆန်လွန်းခဲ့သည်။

စာမျက်နှာ နံပါတ်တွေကျော်ပြီး ချုပ်လိုက်မိတာ စာတစ်အုပ်ပမာ ကျွန်မဘဝစာမျက်နှာတွေ ခုန်ကျော်ပြောင်းလဲသွားခဲ့သည်။

အင်တာဗျူးဖြေအပြီး တစ်ပတ်အတွင်း ကျွန်မရခိုင်သွားရတော့မည်ဟုအကြောင်းကြားခဲ့သည်။ မမျှော်လင့်ဘဲ ဖေဖေနှင့်မေမေက အလွန် သဘောတူနေသေသည်။

ရခိုင် ရှေးဟောင်းဘုရားတွေ ဖူးချင်နေတာ။ သမီးရောက်သွားတော့ အတော်ပဲ။ မေမေတို့လိုက်လည်ခဲ့မယ်။ ကျွန်မအကျပ်ရိုက်နေမိဆဲ အပျော်ဆုံးလူက တင်ဆောင်းဟန်ပေ။

ကွန်ဂရက်ကျူလေးရှင်း 'မ'။ သူက လက်ဆွဲနှုတ်ဆက်ခဲ့သည်။ ကျွန်မ စိတ်နှင့်လူ သိပ်မကပ်လှဘဲ သူ့ကို တုံ့ပြန် နှုတ်ဆက်နေမိစဉ်-

"ဟင် ကိုတင်ဆောင်းဟန် လက်တွေ နွေးနေတယ်။ နေမကောင်း နေတာလား"

လွှတ်ခနဲ ပြောမိရသည်။ တင်ဆောင်းဟန်က ပြုံးကွက်ဖြင့်

"လူနာမရှာချင်ပါနဲ့ ဒေါက်တာရယ်။ ကျွန်တော်နေ ကောင်းပါတယ်။ စိတ်ချပါ"

ခပ်တိုးတိုး ရွှန်းပြက်ခဲ့လေ၏။

◆ ◆ ◆



သီချင်းတွေထဲမှာ ကျော်ကြားတဲ့ ဂဠုပနဒီဆိုတာ ကျောင်းတုန်းက သင်ခဲ့ရတဲ့ ကုလားတန်မြစ်ရယ်လို့ တောင်ရေရေရာရာ ဗဟုသုတမရှိခဲ့တဲ့ ကိုယ်။ လှိုင်းလေထန်ပြင်းတဲ့ သည်မြစ်ပြင်ကိုအကြိမ်ကြိမ် စုန်ဆန်ခဲ့ဖူးပြီး နေဉ်။

ပြန်တွေးကြည့်ဖြစ်တဲ့အခါ ကျယ်ပြန့်တဲ့ မြစ်ပြင်တွေ တောင်တန်း တွေ ရယ်ကြားက မြေပြန့်လွင်ပြင်တွေမှာ တည်ထားတဲ့ ရခိုင်ပြည်နယ် အရှေ့ဘက်က မင်းပြား၊ မြောက်ဦး၊ ကျောက်တော်ဆိုတဲ့ မြို့လေးတွေဟာ သူ့မြို့လေးနဲ့သူ သာယာနေခဲ့တာ ချစ်မြတ်နိုးဖွယ်ပါပဲ။ သူ့ယဉ်ကျေးမှု သူ့ စရိုက်ဓလေ့လေးတွေနဲ့သူ ချမ်းမြေ့အေးငြိမ်းနေတဲ့ မြို့လေးတွေ။

အဲဒီမြို့လေးတွေရဲ့ နယ်စွန်နယ်ဖျားမှာ ရှိတဲ့ကျေးရွာလေးတွေအထိ ကိုယ်ရောက်သွားခဲ့တာ မရည်ရွယ်တဲ့အိပ်မက်တစ်ခုလိုပဲနေဉ်။ ဦးတင်ဆောင်းဟန် ဖန်ဆင်းပေးခဲ့တဲ့ အိပ်မက်တွေ။ ကိုယ်ကျင်လည် လှုပ်ရှားနေတဲ့ ရွာလေးတွေကို သည်မြို့လေးပေါ်မှာ နေထိုင်နေတဲ့ မြို့သူမြို့သားတွေတောင် မှ မရောက်တဲ့သူ မရောက်ဖူးကြသေးဘူး။ ကိုယ်ဆီကမှ တစ်ဆင့်ရွာနာမည်လေးတွေ ပထမဆုံးကြားဖူးတာလို့ မြို့သားတချို့က ဆိုကြတယ်။ အဲဒါ ကိုယ့်လုပ်ငန်းရဲ့ သဘာဝပဲလေလို့ ကိုယ်ကပြောပြတော့ သူတို့မှာ တအံ့ တသြ။ ကိုယ်ဖြင့် သည်နယ်မြေသစ်ကို ရောက်လာစမှာ အံ့သြဖို့တောင် အချိန်မရလိုက်ဘူးလေ။

အလုပ် နားမလည်မှာ သိပ်ကြောက်တဲ့ ကိုယ်။ နားမလည်

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်နေချိန်တောင်မရလိုက်ဘဲ စီမံကိန်းအလုပ်တွေ ကြားထဲ ချက်ချင်းလို မို့ရာက လိုက်ပါစီးမျှောသွားရတော့တာ။ လှပတဲ့မြို့လေးတွေ ဝန်းကျင်ကို မခံစားမိအောင် အလုပ်ဘွေကများပြားပါတယ်။ အလုပ်နဲ့ နေသားကျဖို့လည်း ကြိုးစားခဲ့ရ။ အရပ်ဒေသရဲ့ ဘာသာစကား၊ ယဉ်ကျေးမှု ဓလေ့ထုံးစံတွေကို သီးသန့် အချိန်ယူ မလေ့လာနိုင်ဘဲ အလုပ်လုပ်ရင်း သင်ယူဆိုတဲ့ စီမံကိန်းရဲ့ ဆောင်ပုဒ်ထဲမှာ အားလုံးကို အကျုံးဝင်စေရ။

ခက်ခဲပင်ပန်းမှုတွေနဲ့ ရင်ဆိုင်ရတဲ့အခါ ရန်ကုန်မှာ ရှိနေတဲ့ မင်းဆီကို ပြန်ပြေးခဲ့ချင် စိတ်တွေ သိပ်ပြီး ပေါ်ခဲ့ပါရဲ့။ မင်းဆီက အားပေး စာတွေ အပတ်စဉ် ရောက်လာ မနေဘူးဆိုရင်၊ မင်းပြောတဲ့ ဒေါ်နီနီလွင်နဲ့ သာ မတွေ့ခဲ့ရရင် စာချုပ်ထားတဲ့ သုံးလပြည့်အောင် မနည်းစောင့်ဆိုင်း နေရမှာ။ သုံးလပြည့်ပြီးတဲ့နောက် စီမံကိန်းတွေရဲ့ ထုံးစံအတိုင်း စာချုပ်သက်တမ်း တိုးမြှင့် ချုပ်ဆိုတဲ့ အခါ စာဆက်ချုပ်ဖြစ်ခဲ့မှာလည်း မဟုတ်ပါဘူး။

♣ ♣ ♣

ကျွန်မတစ်ယောက်သာ ပါရှိမည် ထင်ရ၏။ ခရီးသွားတဲ့ အတွက် ရိုးနေပြီဖြစ်သော သင်္ဘောလမ်းတစ်လျှောက် မြင်ကွင်းများက ကျွန်မအတွက်တော့ အမြင်သစ်၊ အတွေ့အကြုံသစ်ပေ။

ကုလားတန်မြစ်၏ လှိုင်းလိပ်ကြီးများကြား တစ်ထပ်သင်္ဘော လေးက ရေပြင်ကို သင်္ဘောဦးဖြင့် ထိုးခွဲသွားနေ ခဲ့ပါ၏။ မြစ်ပြင်မှ မြစ်လက်တက်လေး တစ်ခုထဲသို့ တိုးဝင်လာခဲ့မှ လှိုင်းတာဝန်းဝန်း ရိုက်ခတ်ဒဏ်က လွတ်ခဲ့ပါ၏။ စိမ်းမြမြ လယ်တောတစ်ဖက်တစ်ချက် ရှိသော မြစ်လက်တက်လေးမှာ များစွာမကျယ်ပြောလှ။

ကျယ်လွင့်သော လယ်တော၊ ဝေးဝေးက မှိုင်းပျပျတောင်တန်း



များ၊ ကမ်းအထက်က ရွာငယ်လေးများ၊ ကြိုးကြာငှက်အုပ်များ ပိုက်ချ နေကြသော တံငါလှေလေးတွေ။

အမြင်သစ်၊ အတွေ့အကြုံသစ်တွေဖြင့် လန်းဆတ်၊ စူးစမ်း ချင်စိတ် တွေ ရရှိနေခဲ့သော ကျွန်မတွင် အတွေးဟောင်း၊ ခံစားချက် ဟောင်းလေးက နက်ရှိုင်းစွာ နေရာယူနေဆဲရှိပါသည်။ စစ်တွေ ရောက်သည့်နေ့ရဲ့ ညဘက်မှာ တင်ဆောင်းဟန်နှင့်ကျွန်မ ဖုန်း ဆက်သွယ်ရခဲ့သည်။

"ရန်ကုန်ဆိုတာ တစ်ခါတစ်ရံ ညည်းငွေ့စရာ ကောင်းတယ် 'မ' ရဲ့။ ပြီးတော့ မ,စောင့်ကြည့်နေရတဲ့ လူနာကိုဆို ပိုပြီး ညည်းငွေ့စရာ ကောင်းသေးတယ်။ 'မ' ရဲ့စိတ်တွေ အခုကစပြီး သစ်လာတော့မှာ။ အလုပ်ထဲမှာ အာရုံစိုက်ထားရတော့မယ်"

"ကျွန်မ ကြိုးစားမှာပါ။ သုံးလစာချုပ်ပဲ ဆိုတော့လေ"

"မ,ကို နောက်ထပ်ဆက်ပြီး စာမချုပ်မှာ မစိုးရိမ်ပါနဲ့။ စာချုပ် သက်တမ်းမတိုးဘဲ နေနိုင်မှာ မဟုတ်ဘူးလို့တောင် ကျွန်တော်က ပြောရဲ ပါသေးတယ်"

သူနှင့်ကျွန်မ စကားပြောကြတာ သဘောပေါက်မှုတွေ လွဲမှားနေတော့သည်ဟု ကျွန်မ မထင်ပါ။ တမင်လွဲလို့ ပြောနေတာဟု ကျွန်မ အသေအချာသိနေမိသည်။ စာချုပ်သက်တမ်းတိုးဖို့ ကျွန်မ မစဉ်းစားတာ သူမသိဘဲ နေမည်မဟုတ်ပါ။ သူပြောခဲ့သလို ကျွန်မရဲ့ စိတ်တွေ ဆန်းသစ်လာခဲ့တာမှန်သည်။ သို့ပေမယ့် ပုံစံသစ်နှင့် တမ်းတ တတ်လာတာကလွဲလို့ သူ တစ်ယောက်မှာ ကျွန်မအတွေးတွေထဲက ပျောက်ဆုံးမသွားခဲ့ပါ။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com



ဒေသစီမံကိန်းရုံးက မြောက်ဦးတွင် ရှိသည်။ ကျွန်မ ရောက်ရင် မြောက်ဦးသို့ဝင်လို့ သတင်းပို့ရန်ပေ။

တောင်တန်းတွေက ဝေ့ပတ်လို့ မြောက်ဦးမြို့လေးကို ဝန်းရံထားခဲ့သည်။ ရှေးဟောင်းစေတီပုထိုးဟို့ကို လှမ်းဖူးမြင်နေရသည်။ ရှေးဟောင်းမြို့လေးတစ်မြို့ရဲ့ အငွေ့အသက်က ယခုထက်ထိတိုင် ခံစားရနေမြဲ။ မြို့ရဲ့ အစိတ်အပိုင်း အတော်များများမှာ တောင်ကုန်း၊ တောင်တန်းများ နောက်ကွယ်တွေမှာ ပုန်းလျှိုးနေတော့သလိုပေ။ ဆိပ်ကမ်းမြေပြန့်လေးက ခပ်ကျဉ်းကျဉ်း။ သင်္ဘောဆိပ်တွင် မဆင်မှတ်ခဲ့ဘဲ မစ္စတာစူဇူကီးက လာကြို နေခဲ့သည်။ (နောင်တွင်မှ စီမံကိန်းရဲ့ ဝန်ထမ်းသစ်များကို သူကိုယ်တိုင် ဆိပ်ကမ်းမှာ ကြိုဆိုနေကျဟု သိရသည်။ 'အဲဒါဟာ တာထွက်ဖို့ ဆိပ်ကမ်းမှာ လာကြိုရိုက်လိုက်တာပဲ။ နောက်တစ်ရက်ကစပြီး တာထွက်ပြီ။ ဘာတိုအရှိန် နဲ့ တာဝေးခရီးပဲ ပြေးပေတော့ပဲ'ဟု ရောက်နှင့်ပြီးသူတွေက သတင်းအချက်အလက် ပြည့်စုံစွာ ပေးခဲ့ကြသေးသည်လေ)

မစ္စတာရှန်းက ကျွန်မတို့ကို အင်တာဗျူးတွေ့ပြီး နောက်တစ်ရက် စစ်တွေ ပြန်သွားခဲ့သည်ဟု သိထားသည်။ သူနှင့်နှုတ်ဆက်စကား ပြောကြစဉ် အကြည့်တို့က ကျွန်မရဲ့ ဖိနပ်များဆီ ရောက်သွားခဲ့တာ သတိပြုမိသည်။ ကျွန်မက ယင်းမှာ ခြေညှပ်ဖိနပ်အပြားလေး စီးထားခဲ့ပါသည်။

"မင်းဖိနပ် ပြောင်းလိုက်ပြီလား ကောင်းတယ်"



သူ မှတ်ချက်ပေးသေးသည်။ အလည်အပတ် ခရီးသွား မဟုတ်ဘဲ သုံးလေးလတန်သည့် နေရမည့်နေသည်မို့ ကျွန်မရဲ့ ခရီးဆောင်အိတ် နှစ်အိတ် အတန်လေးလံဖောင်းကားနေသည်။ စာအုပ်သေတ္တာကတစ်လုံး။ ထိုပစ္စည်းများကို သယ်ကူချရင်း စကားမပြန်ဖြစ်တော့ပေ။ ပစ္စည်း တွေကို လာကြိုသည့် ကားဖြူပေါ်တင်ပြီးသည်နှင့်

" ဒီကားနဲ့ ကျွန်မ မင်းပြားသွားရမလား "

လိုရင်းကိုသာ မေးဖြစ်သည်။ ကျွန်မထက် ၇ နှစ်၊ ၈ နှစ်ကြီးမည့် မစ္စတာရှန်းက-

"ဝမ်းနည်းပါတယ် ဒေါ်မိုးကြည်ဝေ။ ကျွန်တော် ဒီနေ့ ပလက်ဝတက်မှာမို့ ကျောက်တော်ကိုသွားဖို့ ရှိနေတယ်။ ခင်ဗျား ကျောက်တော်လိုက်ခဲ့ပါ။ အပြန်မှ မင်းပြားကိုလိုက်ပို့ပေးနိုင်ပါမယ်"

ကျွန်မ ဝမ်းမနည်းသော်လည်း စိတ်ပျက်သွားမိသည်။ ခရီးကရှည်ပါသည်ဆိုမှပဲ ခရီးဖင့်ဦးတော့မှာလား။

"မင်းပြားနဲ့ ကျောက်တော်က မြောက်ဦးရဲ့ တစ်ဖက်တစ်ချက်မှာ ရှိနေတာ။ မြောက်ဦးကနေ ကျောက်တော်ကိုက ၂၆ မိုင်။ ကျွန်မက ၄၂မိုင် ကားအသွားအပြန် စီးရမယ်။ ပြီးတော့ မင်းပြားကို တစ်ခါ ၂၄မိုင် ထပ်စီး ရရင် စုစုပေါင်းမိုင်ခြောက်ဆယ်ကျော်သွားမယ်။ ပြဿနာ မရှိပါဘူး။ လိုင်းကားရှိတယ်မဟုတ်လား။ ကျွန်မ လိုင်းကားနဲ့ပဲ သွားလိုက်မယ်"

မစ္စတာရှန်းက ကျွန်မကို မြောက်ဦးရုံးတွင်နေစေချင်သေးပုံရ၏။

"မြောက်ဦးက မြို့နယ်စီမံကိန်းရုံးမှာ နားပါဦးလေ။ ဝန်ထမ်းတွေနဲ့လည်း တွေ့ရအောင်"

ကျွန်မမှု မနားချင်တော့။ ခရီးဆုံးသို့ ရောက်ချင်လှပြီ။ ကျွန်မ ခရီးထွက်ခွာခါနီးတွင် ရခိုင်အရှေ့ဒေသ မြေပုံကိုချလို့ ကျွန်မသွားရမည့် မင်းပြားမြို့လေးကို ရင်းနှီးအောင် တင်သောင်းဟန်က အကြိမ်ကြိမ်ပြ ညွှန်ပြ မှတ်မိစေခဲ့ပြီးပြီလေ။ ယခု ထိုမြို့လေးသို့ ကျွန်မ ခရီးမနားတမ်း ရောက်ချင် ပြီ။

"ပစ္စည်းတွေ ရှိသေးတယ်။ ချလိုက်၊ တင်လိုက်နဲ့ ဖြစ်နေမှာ။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မကို မင်းပြားကားဆိပ်ပဲ ပို့ပေးတော့နော်"

ကားမောင်းသည့် ရခိုင်သားလေးကို ကျွန်မ စကားဖြည်းဖြည်းသူ နားလည်အောင် ပြောပြခဲ့သည်။ မစ္စတာရွှန်းသို့လည်း ခွင့်တောင်းလိုက်ပြီးခဲ့သည်။

မင်းပြား ကားဂိတ်ရောက်ခဲ့တော့ တွေ့ရပြန်ပြီ။ လူသုံကျပ်ကျပ်တိုးတိုးနှင့် ဂျစ်ရှည်လေး။ စာအုပ်သေတ္တာကို နောက်မှယူလာပေးမည်ဟု စီမံကိန်းကားသမားလေးက တာဝန်ယူလိုက်လို့ တော်တော့သည်ပင်။ ကျွန်မကားဂိတ်သို့ ခိုတွယ်တက်သွားခဲ့စဉ် ရွှန်းက-

"အင်တာဗျူးမှာတုန်းက ရခိုင်ကို မင်းရောက်ဖူးတယ် မပြောခဲ့ဘူးနော်"

ခပ်တွေတွေ မေးခဲ့၍-

"ဟုတ်တယ်လေ။ ဒါ ပထမဆုံးအကြိမ်ပဲ"

ကျွန်မကားပေါ်မှာ နေရာယူရင်း ပြန်ပြောဖြစ်သည်။ သူကရှပ်လက်တိုအဖြူ ရခိုင်ပုဆိုး ဝတ်ထားလျက် အားလုံးသော အမျိုးသားတွေနှင့် ရောလို့ရနေသည်။ နိုင်ငံခြားသား အသွင်ပြင်မျိုးမရှိ။ မျက်ခုံးထူထူ မျက်လုံးမှေးမှေး၊ အသားဖြူဝါဝါကမှု ဖုံးကွယ်လို့မရ။ မြောက်ဦးမြို့တွင် လူစိမ်းတစ်ဦးလို အမြင်ဆန်းမနေတော့တာတော့ သေချာသည်။ သူ့လုပ်ရှား မှုတွေကို ကြာရှည်ကြာမြင့် ဂရုတစိုက် ကြည့်နေခြင်းမျိုးတွေ မတွေ့ရ။ မြန်မာစကား တချို့ပင် တတ်နေပြီ။ အပြန်အလှန် ရောကျော်ပြောရင်း မြို့သားတချို့နှင့်ပင် အဖွဲ့ကျနေဟန်ရှိခဲ့သည်။

ကားမထွက်မီ သူ့ခရီးစဉ်အတွက် နှုတ်ဆက်ထွက်သွားနှင့်ခဲ့သည်။ ကားစထွက်ပြီ။ မိုင်နှစ်ဆယ်ကျော်ခရီးကို သုံးနာရီကျော်ကြာအောင် မောင်းခဲ့ရအောင် (ထိုစဉ်က) လမ်းဆိုးခဲ့ပါ၏။ ဖုန်ထုတောထဲ မွန်နေရင်း မိုင်နှစ်ဆယ်ကျော်လေးပဲဟု ခရီးကိုအထင်သေးခဲ့မိတာ ကျွန်မ နောင်တရချင်မိတော့ ပေ၏။ သို့ပေမယ့်ကျွန်မ အပြေးအလွှား သွားနေမိပေသောခရီးရဲ့အဆုံးမှာ တင်ဆောင်းဟန်နှင့် ခင်မင်ရင်းနှီးသူတစ်ဦးက ရှိနေခဲ့သည်လေ။

♣ ♣ ♣



မင်းပြားမြို့ပေါ်မှာ မြို့နယ်တာဝန်ခံ ဒေါ်နီနီလွင်က ရှိမနေပါ။ ရွာဆင်းသွားတာ နှစ်ရက်ရှိပြီ သိရသည်။ ကျွန်မအတွက် မင်းပြားမြို့နယ် စီမံကိန်းရုံးတွင် အခန်းတစ်ခန်း စီစဉ်ထားခဲ့သည်။ အကြာကြီးနေခွင့် ရပုံတော့မရ။

"မြို့ပေါ်မှာ ဆရာမအတွက် အခန်းကြည့်ထားတယ်။ ဆရာမနီနီလွင်တို့နဲ့ ပေါင်းနေမယ်ဆိုရင်လည်း ရတယ်လို့ဆရာမက ပြောပါတယ်"

ရုံးဝန်ထမ်းမိန်းကလေးရဲ့ ဒေသသံဝဲဝဲကို ကျွန်မ ဂရုတစိုက်နားထောင်ရလေ၏။ ဒေါ်နီနီလွင်က ဘယ်ကိုသွားတာလဲ။

"ဆရာမတို့ ဒီတစ်ပတ်ရွာမှာ ပဏာမကျန်းမာရေးစောင့်ရှောက်မှုနေ့ သွားပြီးလုပ်တာပါ"

"အရှေ့ရခိုင်ဒေသမှာ ဆရာဝန်နှစ်ယောက်ရှိတယ် ကြားခဲ့တယ်။ သူတို့နဲ့ သွားတာလား"

"မဟုတ်ဘူးရှင့်။ ဆရာမရယ်။ တခြားဖွံ့ဖြိုးရေးလုပ်သားနှစ်ယောက်ရယ်နဲ့ သွားတာပါ"

ကျွန်မ နားမလည်ချင်။ ကျန်းမာရေးနှင့်သက်ဆိုင်သောလှုပ်ရှားမှုတွေကို ဆရာဝန်လည်းမပါဘဲ လှုပ်ရှားနေကြသည်။ အလုပ်သဘောကို နားလည်ရခက်လေသည်။ ရှိသမျှဝန်ထမ်းတွေအလုပ်နှင့်လက်မပြတ်။ ရုံးအဆောက်အအုံလေးနှစ်ထပ်ကို အတက်အဆင်း အပြေးအလွှား လုပ်ကြရင်း အလုပ်များနေကြသည်မို့ ကျွန်မမှာသူတို့နှင့်လွတ်အောင် ရှောင်နေရပေ၏။ မေးမိပြန်လည်း ကျွန်မ

www.burmeseclassic.com



နားမလည်သည့် ခေါင်းစဉ်တွေထဲ စကားသက်ဆင်း ရောက်ရှိသွားသည်မို့ သူတို့က ပြုံးလို့ ကိုယ့်ကိုစူးစမ်း၊ ကိုယ်ကလည်းပြုံးလျက် သူတို့ကို စူးစမ်းအဆင့်နှင့်သာ ထိုညနေကို ကျေနပ်နှစ်သိမ့်လိုက်ရပေတော့သည်လေ။

♣ ♣ ♣

ဒေါ်နီနီလွင်ကို ထိုညတွေ့ဖို့ မမျှော်လင့်တော့စဉ် ညရှစ်နာရီခန့်တွင် ဆုံခဲ့သည်။ သူမကိုသာ မဟုတ်။ မင်းပြားရဲ့ အကြီးတန်းဝန်ထမ်းတစ်ဝက်ခန့်ကိုပါ တွေ့ခဲ့ရခြင်းပေ။ ကျွန်မ အခန်းတွင်းမှာ နားနေစဉ် သူတို့ တွေ ရောက်လာကြသံ ကြားရသည်။ အောက်ထပ်ရုံးခန်းတွင်းမှာ ရုံးဝန်ထမ်းများက မပြန်ကြသေးပေ။ ဆွေးနွေးပွဲတစ်ခုအတွက် ပြန်ကြားရေးထောက်ကူပစ္စည်းတွေ ပြင်ဆင်၊ အလုပ်များနေကြသည်။ ပြန်ရောက်လာသူတွေနှင့်အတူ ပါလာခဲ့သောတီဗွီ၊ ဗီဒီယို၊ မီးစက်တွေ သယ်ကူချပေးကြသည်။ ရုံးက ညအချိန်မှာ ပိုလို့သက်ဝင်လှုပ်ရှားလာတော့ယောင်။ ကျွန်မ ထွက်ကြည့်နေမိစဉ် အမျိုးသမီးတစ်ဦးက လှေကားမှတက်လာခဲ့ပေ၏။

အသက်ရွယ် ၃၆-၃၈ ခန့်ရှိမည့် ထက်မြက်စူးရှပေမယ့် ရိုးသားဟန်လည်းပေါ်လွင်နေပေသော အမျိုးသမီး။ အရပ်ငါးပေနှစ်လက်မခန့်၊ အသားဖြူဖြူ ကိုယ်ခန္ဓာခပ်ပါးပါး။ သူမရဲ့ လှုပ်ရှားမှုတွေက ကွင်းဆင်းဝန်ထမ်းတစ်ဦးဟု ပြောပြစရာမလိုအောင် ဖျတ်လတ်သည်။ မျက်ခုံးစိမ်း များအောက် ပြုံးနေသောမျက်လုံးများက စိတ်သဘောကြီးမြင့်မှုကို မှန်းဆမိစေလျက်။ သို့ပေမယ့် ကျွန်မ သူမကို ဘယ်နေရာမှာ သိမြင်ဖူးခဲ့ပါလိမ့်။ တစ်နေရာရာမှာ သိဖူးခဲ့တာ ကျွန်မ စဉ်းစားလို့မရ။

"နီနီလွင်ပါ ဒေါ်မိုးကြည်ဝေ။ ကျွန်မရွာတွေမှာ ရောက်နေခဲ့တယ်။ ရွာလုံးကျွတ် အစည်းအဝေးတွေကျတော့ သူတို့အားတဲ့ရက်တွေ ရက်ချိန်း ကြိုယူထားရလို့လေ။ အဆင်မပြေနေတာ ရှိခဲ့ရင်ဆောရီးနော်"



"ကိစ္စမရှိပါဘူး၊ မမနီ၊ အားလုံးအဆင်ပြေပါတယ်"

ရန်ကုန်မှ မင်းပြားအထိ တစ်ကိုယ်တည်း ခရီးစဉ်ကို ပြန်စဉ်းစားမိရင်း လောကဝတ်အရ သက်သောင့်သက်သာစွာ ဖြေမိသည်။ နောက်တော့ တစ်ဦးပြီးတစ်ဦး ရောက်လာကြသော စီမံကိန်းဝန်ထမ်း တွေနှင့် ဒေါ်နီနီလွင်က မိတ်ဆက်ပေးပေ၏။ ပညာရေးကဏ္ဍဆိုင်ရာ ဦးတင်ထွန်းက ဒေါ်နီနီလွင် နှင့် သက်ရွယ်တူ။ မွေးမြူရေးကဏ္ဍဆိုင်ရာ ဦးသန်းဌေး။ အင်ဂျင်နီယာ ဦးနေအောင်မြင့်က ကျွန်မနှင့် သက်ရွယ် ချင်း မတိမ်းမယိမ်း ရှိမည်။ သူတို့ အားလုံးက တစ်ရွာစီမှာ ရှိနေခဲ့ပြီး စီမံကိန်းဘုတ်က ကြိုလာခဲ့တာဟု သိရသည်။ ညအထိ အိမ်မရောက် ကြသေးပေမယ့် နွမ်းနယ်နေကြပုံမရ။ သူတို့ ကြည့်ရတာ မိသားစုပမာ ခင်မင်နွေးထွေးကြလျက်။ လုပ်ငန်းခွင်လေထုက 'သစ်ဆင်းမဂ္ဂဇင်း ကိုက်'ထဲမှာလိုပင် နွေးထွေးသန့်စင်ပုံရှိလေ၏။ ပင်ပန်းလာကြပေမယ့် ဖော်ရွေစွာ စကားပြောဆိုနှုတ်ဆက်ခဲ့ကြသည်။ ကျွန်မနှင့် အနည်းဆုံးသုံးလအတူ အလုပ်လုပ်ကြရမည့် သူများကို ကျွန်မ တိတ်တဆိတ် အကဲခတ်နေမိသည်။ အတူတွဲ၍ ဆေးခန်းကြီးမှာထိုင်ခဲ့ကြစဉ်က ဆရာဝန်ချင်း၊ အလုပ်လုပ်ဖော် နပ်(စ်)တွေ၊ အခြားဝန်ထမ်းတွေနှင့်တော့ ကွဲပြားနေခဲ့တာပဲ။ အလွန်အဆင်ပြေစွာ လုပ်ခဲ့နိုင်သည်ဆိုတာမှာပင် လူနာ အရေအတွက်အလိုက် စောင့်ရှောက်ကြည့်ရှုကုသခ တွက်နိုင်တော့ လူနာလုကြသည့်အဖြစ်မျိုးကို မသိချင်ယောင်ဆောင်ပေးခဲ့ကြရသေးတာပဲ။ တင်ဆောင်းဟန်ရဲ့ မိတ်ဆွေ ဒေါ်နီနီလွင်ကမူ မျှတစွာအုပ်ချုပ်နိုင်မည့်သူဟု မှန်းဆရတာပါပင်။ ဒေါ်နီနီလွင်ထက်အသက်အရွယ်ကြီးပြီး လေးဆယ့် ငါးနှစ်ခန့် ရှိမည့် တိရစ္ဆာန်ဆရာဝန် ဦးသန်းဌေးက ပွင့်လင်း၊ ပျော်ရွှင်တတ်ပုံရ၏။

"ဆရာဝန်တစ်ယောက် ရောက်လာတော့ ကျွန်တော်ကတော့ အပျော်ဆုံးပဲဗျ။ ခဏခဏ ငှက်ဖျားမိတတ်တာ ကျွန်တော်ပဲလေ။ အသားအရေကိုကြည့်ရင် သိပါတယ်"

"ဒေါ်ညိုညို ပြန်သွားတာ မကြာသေးဘူးလေ။ မညိုလာစေချင်တာနဲ့ဆရာက ခဏခဏဖျားပြနေတာ"

ဦးတင်ထွန်းမှ ဝင်ပြောရင်း သူတို့အမျိုးသားတွေ စ, နောက်

www.burmeseclassic.com

www.burmeseclassic.com



နေကြတာ၊ သူတို့ချင်းရဲ့ နွေးထွေးချစ်ခင်ကြပုံကိုလည်း မှန်းဆလို့ရနိုင်သည်ပင်။

သူတို့ နှုတ်ဆက်ထွက်ခွာသွားခဲ့တော့ ဒေါ်နီနီလွင်ကမပြန်သေးပေ။ ကျွန်မစိတ်ထဲ မရှင်းလင်းနေတာ မေးဖြစ်သည်။

"မမနီကို ကျွန်မ သိပ်တွေ့ဖူးတာပဲ။ စဉ်းစားလို့မရဘူး" ဒေါ်နီနီ လွင်က ရယ်မောခဲ့သည်။

"စဉ်းစားကြည့်ပါဦးလေ"

စကား ပြန်ပြောရင်း သူမ လှုပ်ရှားမှုတွေက ရပ်တန့်မနေ။ ရှာကို သယ်သွားဟန်တူသော ကျောပိုးအိတ်ထဲမှ ပစ္စည်းများကိုထုတ်ယူ၊ စာရွက်စာတမ်း ဖိုင်လ်များ စနစ်တကျ ပြန်စီရီ။ အပေါ်ထပ် ရေချိုးခန်းသို့ဝင်သွားကာ မျက်နှာကိုယ်လက်သန့်စင်ရင်း-

"စဉ်းစားလို့ ရပြီလား"

လှမ်းမေးခဲ့သေးပေ၏။ ကျွန်မ လက်မလျှော့သေး။

"မမနီမှာ ညီမ ဆရာဝန်တစ်ယောက်တော့ ရှိရမယ်။ သူ့ကို မိုး သိတာဖြစ်ရမယ်။ ဟုတ်တယ် မဟုတ်လား"

ဒေါ်နီနီရဲ့ ရယ်မောလိုက်သံကြားရပြီး သူမအပေါ်ထပ် အရှေ့ဘက်ရုံးခန်းထဲသို့ ပြန်ရောက်လာခဲ့သည်။

"စဉ်းစားမနေနဲ့မိုးရဲ့။ ကျွန်မကို တွေ့တဲ့သူတိုင်းက မြင်ဖူးသလိုပဲနော်လို့ မေးသွားကြတာချည်းပဲ။ သာမန်မြင်ဖူးနေကျ ပါစင်နယ်လတီမျိုးမို့ ဖြစ်မှာပေါ့။ တို့ရဲ့ မထူးခြားချက်ပဲ"

ဒေါ်နီနီလွင်က ပြုံးရယ်ရင်း ပြောခဲ့သည်။ ကျွန်မမှာမူ မျက်မှောင် ကြုတ်နေမိဆဲ။

"မနက်ဖြန်ကျမှပဲ အလုပ်ကိစ္စတွေအကြောင်း မိုးနဲ့ဆွေးနွေးကြမယ်နော်။ ရုံးက သန်ဘက်ခါလောက်ကို မင်းပြားရောက်မယ့် အလှည့်ပဲ။ သူကလည်း Briefing ပေးပါလိမ့်မယ်"

ကျွန်မ နှုတ်ဆက်ပြီး အခန်းထဲဝင်ခဲ့ပြီးသည့်တိုင် ဒေါ်နီနီ မပြန်သေးမှ ကျွန်မကို နှုတ်ဆက်ရုံသက်သက် ရုံးသို့လာခဲ့တာ မဟုတ်မှန်း သိရသည်။ မီးစက်သံကြောင့်လား၊ ကော်ဖီမစ်ကြောင့်လား မသိ။ ကျွန်မ အိပ်မပျော်နိုင်။

"မီးစက်သံက အနှောင့်အယှက်ဖြစ်နေလား မိုး။ ကိုယ်



မနက်ဖြန် ဧရိယာရုံးကို အမှီတင်စရာတွေ ရှိနေလို့ အလုပ်လုပ် ဦးမယ် နော်"

"ရပါတယ်။ အနှောင့်အယှက် မဖြစ်ပါဘူး "

လောကဝတ်အရ မျက်လုံးအကြောင်းသားနှင့် ကျွန်မ ဖြေမိပြန်လေ၏။ ကျွန်မ အိပ်မပျော်နိုင်တာ ဒေါ်နီနီလွင်လည်း သိရှိသွားခဲ့၏။ ကျွန်မက ရုတ်တရက် တွေးလာမိသော အတွေးတစ်ခုကို လှမ်းပြော လိုက်မိ၍ပင်။

"အဲဒါ မမနီရဲ့ မထူးခြားချက်မဟုတ်ဘူး။ ထူးခြားချက်ပဲ"

ကွန်ပျူတာရိုက်သံ ရပ်သွားခဲ့သည်။ ဒေါ်နီနီ နားစွင့်လိုက်ပုံ ရသည်။ စကားအစမရှိပြောလိုက်ပေမယ့် သဘောပေါက်ပုံလည်း ရသည်။ သူမ ပြန်လည်မေးလေ၏။

"မြင်ဖူးသလိုလိုကို ပြောတာလား"

"သေချာတာပေါ့။ မမနီကို မြင်လိုက်တာနဲ့ မြင်ဖူးသလိုလို စိတ်အခံကြောင့် ချက်ချင်းရင်းနှီးခင်မင်သွားတာလေ။ အဲဒါ မထူးခြားချက် ဖြစ်ပါ့မလား"

"မထူးခြားတဲ့ မျက်နှာတစ်ခုမို့ မြင်ဖူးသလိုလို၊ သူလိုငါလို ခံစား မိတာ နေမှာပါကွာ"

"မိုးဆိုရင် အခု မမနီကို ခင်သွားပြီလေ"

ကွန်ပျူတာ ဆက်ရိုက်သံ ကြားရသည်။ ကျွန်မတို့ ငြိမ်သက် သွားမိကြပြန်၏။ ကျွန်မ ရန်ကုန်မှထွက်လာခဲ့တာ နှစ်ရက်ရှိခဲ့ပြီ။ ထွက်လာခါနီး သူ့မှာ အဖျားငွေ့ငွေ့ရှိနေသည်။ သူ့ကို လွင်သောင်းဒန်နှင့် မမပန်တို့က စမ်းသပ်စစ်ဆေးပေးခဲ့သည်။ အခါတိုင်းလို ကျွန်မ မပါဝင်ဘဲ နေလိုက်သည်။ သူမရှိဘဲ ကျွန်မ နေလို့ဖြစ်အောင် ကြိုးစားလို့ ရမှာမရမှာထက် ကျွန်မ မရှိဘဲ ကျွန်မကို မတွေးမိဘဲ သူ့လည်းနေတတ် စေချင်ပါသည်။

အခြားထူးခြားချက် မရှိဘဲ အအေးမိ၊ တုပ်ကွေးဖျား အနေဖြင့်သာ လက်ခံလိုက်ကြသည်။ သူဖတ်နေသော စာအုပ်များက ရနိုင်ဒသနှင့် သက်ဆိုင်သော စာအုပ်များ ဖြစ်လာသည်။ ထွက်ခွာခါနီး ကျွန်မ အလုပ်တွေ များပြားလှပေမယ့် သူနှင့်နေ့စဉ်တွေ့နိုင်ဖို့ အချိန်တွေ ရှာဖွေ ယူခဲ့သည်။ ခွဲခွာရတော့ဖို့ နှုတ်ဆက်ရစဉ် ကျွန်မအတွက် အခက်ခဲဆုံးပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



ညနေခင်းလေးမှာဖြစ်သည်။ တင်ဆောင်းဟန်တို့ အိမ်ခြံထဲမှာ ဖြစ်လေ၏။ သူက ထိုင်နေကျပက်လက်ကုလားထိုင်လေးတွင် ထိုင်နေခဲ့သည်။ ဆရာကြီး ဦးစံသာအောင်၏ စာတစ်အုပ် ဖတ်နေရာက ကျွန်မကို မြင်တော့ ကိုယ်ကိုမတ်ထိုင်လိုက်လေ၏။ ကျွန်မ ခရီးထွက်ခွာခါနီး ကိုယ့်အလုပ်နှင့်ကိုယ် ရှုပ်ထွေးနေလို့လား။ သူ ပိုမိုပါးလျား ဖြူဖျော့လာနေတာကို သည်ညနေတွင်မှ သတိထားမြင်မိသည်။ ကျွန်မ စိတ်ထဲမကောင်းဖြစ်မိသမျှ သူမသိအောင် ကြိုးစားလို့ စကားပြော နေမိပါသည်။ သွားမည့်ခရီးစဉ် ပြောပြရစဉ် သူ ကျွန်မသို့ ခပ်ငေးငေး တစ်ချက်သာ ကြည့်သည်။ ခရီးစဉ် တောက်လျှောက် ကျွန်မ တစ်ယောက်တည်း ရှိနေမည့်အဖြစ် မပါဝင်အောင် ကျွန်မပြောပြ နေခဲ့စဉ် တင်ဆောင်းဟန်ကလည်း မမေးခဲ့။

သူ ခေါင်းငုံ့ငြိမ်သက် နားထောင်နေခဲ့သည်။ ပြန်ပေါက်လာသော သူ့ဆံပင်တွေက နက်မှောင်ထူထဲနေလျက်။ ရုတ်တရက်လို ဝမ်းနည်းစိတ်တွေ လှိုက်ဂဟခဲ့သည်မို့ ကျွန်မ သူ့ထံမှ မျက်နှာလွှဲ ရှောင်ထားလိုက်မိပါ၏။ သူ့ကိုယ်တိုင်လည်း သည်တစ်ကြိမ်မှာ ခက်ခဲစွာ ပြုံးထားရတာ ကျွန်မ ရိပ်မိသည်။ တစ်ညနေလုံး တင်ထားသော စိတ်ကလေးဖြင့် ကျွန်မ နေခဲ့သည်။ ဘယ်လောက်ပင် စိတ်လှုပ်ရှား ပေမယ့် လူသူရှေ့ မျက်ရည်ပေးမကျသော ယောကျ်ားတို့ရဲ့စိတ်ကို ထိုအခိုက်မှာ ကျွန်မ အားကျတုပခဲ့ပါသည်။ နောက်တစ်ရက် မနက် ၇ နာရီခွဲ၊ ကျွန်မ လေဆိပ်သို့ဆင်းရာတွင် တင်ဆောင်းဟန် လိုက်မပို့ ခဲ့ပါ။

ကျွန်မအတွေးများ ရပ်ဆိုင်းသွားခဲ့သည်။ အပြင်ခန်းမှ မမနီက ရုတ်တရက် စကားလှမ်းမေးလိုက်၍ပေ။

"ကိုတင်ဆောင်းဟန် နေလို့ကောင်းရဲ့လား။ သူ့အခြေအနေက ဘယ်လိုလဲ"

ဒေါ်နီနီလွင် ကျွန်မအတွေးများကို ဘယ်လိုသိသွားခဲ့တာလဲ။ သူမရဲ့ ထူးခြားချက် နောက်တစ်ချက်ပေလား။ ကျွန်မ အခန်းပြင်သို့ ထွက်လာခဲ့မိပါတော့သည်။ ထိုညက ဒေါ်နီနီလည်းရုံးမှာပင် အိပ်လိုက် သည်။ ကျွန်မတို့ အိပ်ရာဝင်တော့ မနက်နှစ်နာရီလေ။

♣ ♣ ♣



မင်းပြားဆိုတဲ့ ရခိုင်ပြည်နယ်၊ အရှေ့ဒေသက မြို့နယ်လေးဟာ ခရီးလမ်းပမ်း၊ အဆက်အသွယ်၊ လွယ်ကူလှတဲ့ အရပ်တော့ မဟုတ်ပါဘူး။

သို့ပေမယ့် ဒီအရပ်ကို ဦးတင်ဆောင်းဟန်ရဲ့ စာအုပ်၊ စာတမ်းတွေ၊ စာတွေက အချိန်မှန် ရောက်လာတတ်ပါတယ်နော်။ စာထဲမှာ မင်းကရေးတတ်တယ်။

သစ်ဆင်းစာအုပ်တိုက်၊ တစ်တိုက် ထပ်တိုးဖွင့်ခဲ့လို့ မင်းတို့တစ်တွေ အလုပ်များကြတာ။ စာအုပ်ပြပွဲဖွင့်ပြီး အရောင်း မြှင့်တင်ရေးလုပ်ဖို့ အစီအစဉ်တွေကြားထဲ မင်းနစ်ဝင်နေခဲ့တာ။

သစ်ဆင်းမဂ္ဂဇင်းအတွက် ကိုယ့်ရဲ့စာမူရေးဖြစ်ဖို့ တိုက်တွန်း ရင်း စာမူတောင်းတတ်တာ။

သိပ်ပြီး အလုပ်သဘော ဆန်တယ်နော်။ အလုပ်တွေလည်း သိပ်လုပ်နေခဲ့တာ မေနှင်းတို့၊ ကိုကျော်စွာတို့တစ်တွေက တစ်ဆင့်လည်း သိရတယ်။ (မေနှင်း၊ ကိုကျော်စွာတို့ကိုပါ ကျွန်မထံ စာမှန်မှန်ရေး စေခဲ့တာဟု နောင်တွင်မှ ကျွန်မ သိရသည်။)

မ, က ဝေးလံလှတဲ့အရပ်မှာ ခက်ခဲပင်ပန်းတဲ့အလုပ်တွေ လုပ်နေစဉ် မှာ ကျွန်တော်လည်း အလုပ်တွေလုပ်ပြီး ထားဖို့အစီအစဉ် ဆွဲထားတဲ့အထဲက သုံးဆယ်ရာခိုင်နှုန်းတော့ ပြီးပါပြီလို့ ကိုယ့်လုပ်ငန်း ခွင်ရောက်တာ၊ တစ်လပြည့်တဲ့အချိန်မှာ မင်းရေးခဲ့တဲ့ စာလေးထဲမှာ ပါခဲ့တယ်။ သည်အခါ ကိုယ်က သုံးလပြည့်ရင်တော့ အလုပ်အစီအစဉ်

www.burmeseclassic.com

www.burmeseclassic.com

တွေ ကိုးဆယ်ရာခိုင်နှုန်း အနည်းဆုံးပြီးပြီပေါ့။ ရာနှုန်းပြည့်နီးပါး ပြီးသွားမှာမို့ ကိုယ်တို့ပြန်ဆုံစည်းကြမယ့်အခါ ဖြစ်မှာပါပဲလို့ စာပြန် ရေးမိပြန်တော့လည်း မင်းကမဟုတ်သေးဘူးတဲ့။

ကျွန်တော်လုပ်ဖို့ ရေးဆွဲထားတဲ့ အစီအစဉ်တွေက တစ်စစ ခက်ခဲ လာမှာဖြစ်လို့ သုံးလပြည့်ရင် ကိုးဆယ်ရာနှုန်းပြီးမယ် မျှော်လင့်လို့ မမှန်နိုင်လောက်ဘူးတဲ့။ လများစွာ ပိုပြီးကြာမြင့်မှာပဲလို့ တင်ဆောင်း ဟန် ပြောခဲ့ပြန်လေရဲ့။

စာအုပ်စာတမ်းတွေထဲမှာ ကိုယ်အမြဲဖတ်လေ့ရှိတဲ့ သစ်ဆင်း မဂ္ဂဇင်းရယ်၊ သစ်ဆင်းဂျာနယ်ရယ်... ကိုယ့်အတွက် သီးသန့်စာအုပ် တွေ၊ မာစတာဒီဂရီတစ်ခုအတွက် စာအုပ်စာတမ်းတွေပါ။ မင်း စာတွေ ကို ဖတ်ရရင် ဒီစာအုပ်၊ စာတမ်းတွေ၊ မင်းအရင်ဖတ်ပြီးမှ ကိုယ့်ဆီပို့ လိုက်တာ သိနိုင်ပါတယ်။ စာအမြဲဖတ်နေကျ... မင်းအတွက်တော့ စာလုံးလေးတွေက မင်းဖတ်စရာ မလိုတော့ဘဲ သူတို့ဘာသာ ခုန်... ပြီး မင်းမျက်လုံးထဲ ကိုလား၊ ဦးနှောက်ထဲကိုလား ဝင်ရောက်သွားကြတယ် ထင်ပါရဲ့။

တစ်ရက်ကို အေဖိုးစာမျက်နှာ တစ်ရာလောက်တော့ မ, ဘယ်လောက် အလုပ်များများ ဖတ်ကျင့်ရှိထားမှ ဖြစ်လိမ့်မယ်လို့လည်း တာဝန်မကင်းသူရဲ့ လေနဲ့စာရေးခဲ့ပါသေးတယ်။ သို့ပေမယ့် ဦးတင်ဆောင်းဟန်ရယ်။ မင်းပို့တဲ့ ဟချို့စာအုပ်တွေဆို ကိုယ် အဲသည် အချိန်က တစ်ရွက် တောင် မဖတ်ဖြစ်ခဲ့သေးဘဲ ရှိခဲ့ကာ မင်းသိမှာ မဟုတ်ပါဘူးနော်။

♣ ♣ ♣



'ကျွန်မ' နှင့် 'အချိန်'မှာ ဘောင်ကျဉ်းကျဉ်း၊ ရှည်မျောမျော အရာ တစ်ခုထဲမှာ အတူတူ ပိတ်မိနေခဲ့ကြသည်နှင့် တူလှသည်။ ကျွန်မ မလူးလွန့်သာ။ အချိန်လည်း ကျွန်မကို မညှာတာ။ တင်ဆောင်းဟန် ပို့ပေးသော ကျွန်မရဲ့ရှေ့ဆက်ပညာရေးဆိုင်ရာ၊ စာအုပ်စာတမ်းတွေနှင့် ကျွန်မ အလုပ်များမနေနိုင်ခဲ့ပါ။ ကျန်းမာရေးကဏ္ဍ လှုပ်ရှားမှု အစီအစဉ်တွေက မပြတ်ရှိနေခဲ့ပါသည်။ လှုပ်ရှားမှုအစီအစဉ်တစ်ရပ် ပြီးပြတ်မည် ရှိနေစဉ် နောက်တစ်ခု ရေးဆွဲပြီး ဖြစ်နေရကာ အကောင် အထည်ဖော်ခြင်းကလည်း စဉ်ဆက်လိုက်ပါရတော့ ကျွန်မ သူ့စာအုပ် တွေကို ဖုန်မတင်ဖို့ ဖုန်ခါသည့် အလုပ်ကလေးသာ လုပ်ဖြစ်ခဲ့သည်ပင်။

တင်ဆောင်းဟန် ကျွန်မထံ ရေးခဲ့သော စာများကဲ့သို့ပင် ကျွန်မ ၏ သူ့ထံရေးသော စာများတွင်လည်း အလုပ်သဘောတွေ များစွာပါဝင် နေတော့သည်သာ။ ကျွန်မမှ အချို့သော ကျွန်မရဲ့ ခံစားချက်များကို တမင် ရှောင်ရေးနေမိခြင်းမျိုးလည်း ရှိခဲ့သည်။ အလုပ်သဘောတွေ များများပါဝင်၊ ခံစားချက်တို့ သိမ်းဆည်းထားခဲ့သော ကျွန်မရဲ့ စာတွေ ကို သူကောင်းစွာ ဖတ်ခဲ့သည်။ စာတွေကိုဖတ်ပြီး ကျွန်မရဲ့စိတ် အခြေအနေကို ခန့်မှန်းသုံးသပ် တတ်ပါသေးသည်။

တစ်ကြိမ်က မ,လုပ်ချင်တဲ့ အလုပ်တွေဆိုတာ တွေ့လာ ပါလိမ့်မယ် လို့ ကျွန်တော် အသေအချာ ပြောခဲ့ပြီး မ,ကို သစ်ဆင်း မဂ္ဂဇင်းတိုက်မှာ ထိုင်စေခဲ့ဖူးပါတယ်။ ဝါသနာရှိပေမယ့် တည်မြဲတဲ့ အလုပ်တစ်ခုအဖြစ် မ, ရည်ရွယ်ချက်မရှိခဲ့ဘူး။ မ,ကိုယ်တိုင်

www.burmeseclassic.com

www.burmeseclassic.com



စာပေလုပ်ငန်းကို မကျွမ်းကျင်ချင်ခဲ့တာ။ စာရေးနေရတာထက် ပိုချင်ပုံလည်း မရှိခဲ့ဘူးလေ။

စာရွက်တွေကြားထဲမှာ ကျွန်တော်တို့ ကိုကျော်စွာတို့လို အချိန်ပြည့် ပျော်နိုင်သူတစ်ယောက် မဟုတ်နိုင်တာ သိပ်ကို သေချာနေတာပဲ။ မ,က လူတွေကြားမှာ နေသားကျနေသူပဲ။ မ,ရဲ့စာထဲက ခက်ခဲပင်ပန်းတဲ့ အလုပ် ညည်းချင်းထဲမှာပဲ မ,အလုပ်တွေ ကြိုးစားနေတာ ကျွန်တော် မြင်နေပါတယ်။ စိတ်မဝင်စား၊ မပျော်[illegible]ရင် မကျွမ်းကျင်ချင်ရင် မကြိုးစားဘူးလေ။

တစ်ခုပဲ၊ ကျွန်[illegible] ရှင်းလင်းနေတာ။ လူနာတွေကို ကူညီကုသပေးရင်း ပျော်နေနိုင်ရင် ဆရာ[illegible]ယောက်အတွက် သဘာဝကျပါတယ်။ အခုက မ,အလုပ်လုပ်[illegible]တာ လူနာကြည့်ရှု ကုသပေးရတဲ့ အလုပ်တော့ မဟုတ်ဘူး။ သည်[illegible]မှာ မ,တစ်ကယ် လုပ်ချင်တဲ့ အလုပ်မျိုးဆီ ကျွန်တော် ရောက်အောင် ပို့ဖြစ်ပြီလို့ [illegible] ချင်လို့ပါ။

မ,ရဲ့စာတွေကို ဖတ်ရခြင်းအားဖြင့် မ,ရဲ့ပတ်ဝန်းကျင် လုပ်ငန်းခွင် လေထုဟာ သန့်စင်လှတယ်ဆိုတာတော့ ကျွန်တော် ခန့်မှန်းမိပါတယ်။ သူ့စာထဲမှ [illegible]ည့်သွင်းရေးသားခဲ့လေသည်။

ထိုစာလေးကို ကျောက်ပေါက်မြို့နယ်ရှိ မာလာကျေးရွာလေး၏ မြစ်ကမ်းနဖူးတွင် ကျွန်မဖတ်ခဲ့ရခြင်းပေ။ မင်းပြားရုံးလိပ်စာနှင့် သူပို့ထားသော စာလေးက တစ်ဆင့်တစ်ဆင့်ဖြင့် ကျွန်မထံသို့ရော[illegible] လာခဲ့သည်။ ပဏာမ ကျန်းမာရေး စောင့်ရှောက်မှု ပညာပေး ရွာအစည်းအဝေးပွဲအပြီး ကျွန်မလက်ထဲ ရောက်လာခဲ့သည်ပို့ အမောပြေ အောက်မေ့ဖွယ်ပေ။

♣ ♣ ♣



ကိုတင်ဆောင်းဟန်က လုပ်ငန်းခွင်လေထုကို ခန့်မှန်းကြည့်နေစဉ် ကျွန်မရဲ့ ပကတိပတ်ဝန်းကျင်မှာတော့ အလွန့်ကိုသန့်စင်လှတဲ့လေ။ ကျွန်မ ရခိုင်ရောက်ခဲ့ပြီး ရက်အနည်းငယ်အတွင်းမှာပင် သတိထားမိ၏။ ရန်ကုန်မှာထက် တစ်စုံတစ်ရာ ပိုမိုကောင်းမွန်နေခဲ့တာ။ လန်းဆန်းစွာ အလုပ်တွေ လုပ်ဖို့ အဆင်တသင့် ရှိနေစေတာ။ ပေါ့ပါးဖျတ်လတ်နေစေတာ။ မကြာမီ ထိုတစ်စုံတစ်ရာကို ကျွန်မ ရိပ်ဖမ်းမိခဲ့သည်။

အလွန် သန့်စင်ကောင်းမွန်လှသောလေ။

မြစ်ပြင်ကို ဖြတ်သန်းလာသော တောင်တန်းများကို ဖြတ်ကျော်လာသော လေမှာ သန့်စင်လှတော့သည်။ ရန်ကုန်မြို့ရဲ့ ကျယ်ပြန့်၊ သန့်ရှင်း၊ လှပသော လမ်းမကြီးတွေပေါ်မှာ အုံ့ဖွဲ့နေတတ်သော ကားစက်ဆီ အခိုးအငွေ့တွေမရှိ။ မွန်းကျပ်ကျပ် မြို့ပြရဲ့ အနံ့အသက်တို့ ကင်းလွတ်ရာမြေ။

မင်းပြားမြို့လေးပေါ်မှာပင် လေက ရှူရှိုက်ရ ပေါ့ပါးလန်းဆန်းစေလှပြီ။ ကျွန်မ ကျင်လည်ရသည့် ရွာလေးတွေမှာဆိုရင် လန်းဆန်းခြင်း၊ ကျယ်လွင့်ခြင်း၊ ကြည်လင်စေခြင်းတွေ ပိုလို့ပင် ပြည့်ဝလျက်။ ချောင်းကမ်းပါး၊ မြစ်ကမ်းပါးတို့မှာ လယ်ကွင်းတွေရှိသည်။ ထိုလယ်ကွင်းတွေရဲ့ နောက်ပါးမှာက ကျွန်မ အလုပ်လုပ်နေသော ကျေးရွာလေးတွေ။ သန့်စင်လတ်ဆတ်သောလေက သည်ကျေးရွာလေးတွေပေါ်မှာ ထုထည်ကြီးစွာ ရှိနေပါသည်။ သည်လေကို ရှူနေသည့် အဆုတ်တွေ၊ ရင်အုပ်တွေဖွံ့ဖြိုး၊ ကျန်းမာ၊ ထွားကြိုင်း သင့်ပါလျက်သူတို့မှာ ရောဂါတစ်ခု

www.burmeseclassic.com

www.burmeseclassic.com



ရှိနေတယ် တင်ဆောင်းဟန်။ တင်ဆောင်းဟန်ရေးခဲ့သလို ကျွန်မဟာ ရောဂါမျိုးစုံရှိတဲ့ လူနာတွေကြားမှာ လှုပ်ရှားရ၊ မွေ့လျော်ခဲ့ပြီး သဘာဝကျသူတစ်ယောက်ဖြစ်ခဲ့ဖူးပါတယ်။ဒါပေမယ့် သည်စဉ်ကတည်းက ရောဂါတွေရဲ့ ဇစ်မြစ်ကို ကုမပေးခဲ့နိုင်တာ သိနေမိတယ်။ အရင်းအမြစ်တိုင် အပြီးပျောက်ဖို့ ကျွန်မဆီ လူနာတွေဘာကြောင့် မှန်မှန်မလာကြသလဲ။ ကျွန်မ နားလည်ခဲ့ပါတယ်။ အခုတော့ ကျွန်မ ဆင်းရဲတဲ့ရောဂါ၊ ကမ္ဘာနာ ဟစ်ခုတည်းကိုပဲ လျော့ပါးသက်သာအောင် လုပ်ဘာတ်ဖို့ သင်ယူရင်း လက်တွေ့ကွင်းဆင်းနေပြီဆိုပါတော့။ တစ်ခုတော့ရှိတယ်။ ကိုတင်ဆောင်းဟန် အမြင်မှာ ကျွန်မ သဘာဝကျ နေဆဲဖြစ်ပါစေလို့ ဆုတောင်းချင်တာပါပဲ။

ကျွန်မနှင့်သူ့ကြား စာအဆက်အသွယ် အစဉ်ရှိနေခဲ့ပါသည်။ သူ့ရဲ့ ကျန်းမာရေးအခြေအနေမှန်ကိုမူ ကျွန်မ သိချင်ပေမယ့် ဘယ်သူ့ဆီက အမှန်ကို သိရမှာလည်း ကျွန်မ မမှန်းဆတတ်။ သူ့စာများမှာ ကျွန်တော်နေကောင်းပါတယ်နှင့်စတတ်လျက် ကိုကျော်စွာစာများတွင် သူလုပ်နေဆဲ အစီအစဉ်များကို ရေးချပြတတ်သည်။

လွင်သောင်းဒန်ကမူ စာရေးတတ်သူမဟုတ်။ မမပန်က စပ်စံထွန်း ဆေးရုံကြီးသို့ ပြောင်းရွှေ့သွားခဲ့ပြီမို့ တင်ဆောင်းဟန်အနီးတွင် လွင်သောင်းဒန်တော့ ရှိနေသေးမည်ပေ။ သူနှင့်သက်ဆိုင်သော အတွေးအလုံးစုံကို ညမအိပ်မီလေးတွင်လည်းကောင်း၊ နံနက် နိုးထ,ထချင်းတွင်လည်းကောင်း၊ ကျွန်မ တွေးလေ့ရှိပါသည်။ တွေးသည်ဆိုတာထက် ခေါင်းထဲသို့ အတွေးများ အလိုက်သင့် ဝင်ရောက်လာတတ်သော အချိန်များဟုသာ ဆိုချင်ပါသည်။ ကျန်သောအချိန်များတွင်မူ . . ။

♣ ♣ ♣



အချိန်တိုင်း၊ မင်းကို အောက်မေ့နေခဲ့လို့ရှိရင် ကိုယ်နေလို့မဖြစ်မှာ စိုးရိမ်မိခဲ့ပါတယ်။ အလုပ်လုပ်ဖို့သွားပြီး အလုပ်လုပ်ဖို့မဖြစ်ခဲ့ရင် အဓိပ္ပာယ်ဘယ်လိုရှိတော့မလဲ။ ကိုယ်စိုးရိမ်နေမိသလိုမဖြစ်ခဲ့ဘူး။ ကိုယ့်ရဲ့အချိန်အတော်များများဟာ တာဝန်ယူထားရမှုတွေနဲ့ ပြည့်နေတတ်ပါတယ်။

သည်စဉ်မှာကိုယ်က လူသစ်တစ်ယောက် မှန်ပေမယ့် အခြားသူတွေ အလုပ်တွေ သည်းသည်းထန်ထန် လုပ်နေကြတာမြင်ရင်း ကိုယ်လည်း ကြာရှည်စိမ်းမနေသာဘူး။ အမှီလိုက်ပါရတော့တာ။ နှစ်နှစ်စီမံကိန်းရဲ့ ရည်ရွယ်ချက်၊ လျာထားချက်၊ လုပ်ငန်းစီမံချက်တွေကို မြင်ရရင် အစမှာ မင်းလည်း ကိုယ့်လိုပဲ ခေါင်းမူးချင်လာမှာပဲ ဦးတင်ဆောင်းဟန်။ လုပ်ငန်း သဘောသဘာဝကို အမြန်ဆုံး သဘောပေါက်လာအောင်ရယ်၊ ကိုယ်အလုပ်ဖြစ်စေဖို့ ကောင်းမွန်သန့်စင်တဲ့ ဝန်းကျင်လေထုလေး ရှိနေစေဖို့ရယ်ကို ကြိုးစားပေးခဲ့သူကတော့ ဘယ်တော့မှ ထုတ်ဖော်ဝန်ခံမှာ မဟုတ်တဲ့ ဒေါ်နီနီလွင်ပဲပေါ့။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com



ကျိန်းတောင်ခြေရင်းရှိ တစ်ထပ်၊ သွပ်မိုး၊ ပျဉ်ကာ အိမ်ကလေး တစ်လုံးတွင် ကျွန်မ၊ မမနီနှင့် နုနုထွေးတို့ ငှားရမ်းနေကြသည်။ နုနုထွေးက အသေးစားချေးငွေ အစီအစဉ်အတွက် အသစ် တိုးလာခဲ့သော စစ်တွေသူ။ အိမ်ကလေးတွင် အခန်းသုံးခန်း ရှိပေမယ့် တစ်ခန်းသို့မဟုတ် နှစ်ခန်းမှာ အစဉ်သော့ချိတ်၊ ခတ်ပိတ်လျက်သား။ တစ်ခါတစ်ရံ အိမ်မတံခါးပါ ပိတ်ထားခဲ့ရင်တော့ အားလုံး ရွာတွေရောက်နေကြပြီလေ။ ကိုယ့်လုပ်ငန်း အစီအစဉ်နှင့်ကိုယ် လှုပ်ရှားနေကြသည်မို့ တစ်ရွာထဲ အတူဆုံဖြစ်ဖို့ပင် တစ်ခါတစ်ရံ ခဲယဉ်းလေသည်။ နုနုထွေးက ကျွန်မ ရောက်ခဲ့ပြီး ဆယ်ရက်အကြာမှာ မင်းပြားသို့ ရောက်ရှိလာခဲ့သည်။ စစ်တွေသူ မိန်းကလေးက ညိုညို၊ အရပ်မြင့်မြင့်၊ စကားသံဝဲဝဲလေးနှင့်။ ကျွန်မထက် သုံးနှစ်ငယ်ရွယ်သူ။ ရန်ကုန်မှာကျောင်းနေသည်မို့ မင်းပြားသို့အရင်က ကျိန်းတောင်ဘုရားဖူးရင်း တစ်ကြိမ်သာ ရောက်ခဲ့ဖူးသည်တဲ့။ သူမက ကျွန်မကို အားကိုးတကြီး ခင်မင်လျက်။ ကျွန်မကမူသင်ယူတတ်မြောက် ချင်တာများအတွက် မမနီကို အားကိုးချဉ်းကပ်ချင်မိလေသည်။

-သို့ပေမယ့် မမနီမှာ အချိန်အားမရှိ။ မြို့မှာရှိသည့်အချိန်ဆိုလျှင် သူမနှင့်အတူ ဧည့်သည်များ ရှိနေတတ်၏။ ရန်ကုန်က အကြံပေးတို့၊ လေ့လာ သူတို့ ရှိချင်ရှိ၊ မရှိရင် ရွာသားတွေနှင့် စည်းဝေး၊ အလုပ်တွေ များနေတတ်၏။ မဟုတ်ရင်လည်း ဦးသန်းဌေးတို့ ဦးတင်ထွန်းတို့နှင့် အလှည့်ကျဆွေးနွေးနေ။ မြို့နယ်စီမံကိန်းဝန်ထမ်းစုံညီစည်းဝေးပွဲရှိရင်လည်း ရှိနေ။ ပြီးလျှင် ရွာတွေဆီ တစ်ပတ်ပြန်လှည့်။



ရုံးမှာ ညဉ့်နက်၊ မိုးလင်းအောင် အလုပ်လုပ်။

တင်ဆောင်းဟန်၏ စကားများကို ကျွန်မ ကြားယောင်နေမိပါ၏။

"အမျိုးသမီးတစ်ယောက်အနေနဲ့ စီမံအုပ်ချုပ်တတ်ဖို့ အမျိုးသမီး တစ်ယောက်ယောက်ကို မ,ကော်ပီ ယူနိုင်ရင် အကောင်းဆုံးပဲပေါ့။ အမျိုးသား အုပ်ချုပ်သူတစ်ယောက် တွေ့နိုင်မှာ မဟုတ်ဘဲ အမျိုးသမီး အုပ်ချုပ်သူမှာမှ ရင်ဆိုင်နိုင်တဲ့ သီးသန့်အတွေ့အကြုံတွေ၊ သီးသန့်ဖြေရှင်းရမှုတွေ ရှိနိုင်တယ် လေ"

တင်ဆောင်းဟန် ကျွန်မကို သိစေ၊ တတ်စေချင်တဲ့ စီမံအုပ်ချုပ်နည်း ပညာတွေကို ကော်ပီယူနိုင်ဖို့အတွက် အငြိမ်မနေ၊ အစဉ်လှုပ်ရှားနေတဲ့ မမနီကို ကော်ပီယာထဲထည့်လို့ဖြင့် မရဘူးကွယ်။ ကျွန်မ လက်လျှော့ချင် မိရလေသည်။

♣ ♣ ♣

တစ်ရက်မှာတော့ ဒေါ်နီနီလွင်သို့ တင်ဆောင်းဟန် စကားများကို ပြန်လည်ပြောပြဖြစ်လေသည်။ ထိုရက်တွင် ကျွန်မ မင်းပြားရုံးမှာ ရှိနေသည်။ သစ်ပုတ်တောင်ကျေးရွာလေးမှာ ဆောင်ရွက်နေသော ကျန်းမာရေး၊ စီမံကိန်း လှုပ်ရှားမှုများ၊ တိုးတက်မှုအခြေအနေ အစီရင်ခံစာ ကျွန်မ ရေးနေစဉ် မမနီ ပြန်ရောက်လာခဲ့သည်။ မနေ့နေ့လည်ကပင် မြောက်ဦးဧရိယာရုံးသို့ မစ္စတာ ရှန်း၏ အစည်းအဝေး အတွက် ထွက်ခွာသွားခဲ့သည်။ မမနီ မျက်နှာ မှာ ခပ်နွမ်းနွမ်း။ မနေ့ညက မြို့နယ်တာဝန်ခံများ အစည်းအဝေး၊ ညဉ့်နက်ပုံ ရ၏။ ထုံးစံအတိုင်း မျက်နှာမှာ အခြယ်အသမရှိ။ တစ်ခါတစ်ရံ ရိုတတ်သော သနပ်ခါးစင်းရာလေးများပင် မရှိ။ သူမ အမြဲဝတ်နေကျ စီမံကိန်း

www.burmeseclassic.com

www.burmeseclassic.com



တာတမ်းများပါသော တီရှပ်အဖြူနှင့်။ လုံချည်က စစ်တွေရက်၊ ရခိုင်ထဘီ အပြာရင့်ရင့်။ မျက်နှာနေ မတင်းမာသော်လည်း အချိန်တော်တော်များများမှာ တည်နေတတ်သည်။ သူမ ပြုံးလိုက်သောအခါမူ အလုပ်အတူ လုပ်ကြရမည့် သူ အားလုံးကို အားရှိသွားစေသော အပြုံးမျိုး ဖြစ်လေသည်။ ထိုအပြုံးဖြင့် မမနီ ကျွန်မ စားပွဲအနီးမှာ လာရပ်သည်။

" ရီပို့တွေလား မိုး"

"ဟုတ်တယ် မမနီ။ သစ်ပုတ်တောင်မှာ ကျန်းမာရေးစောင့်ရှောက်မှုနေ့ လုပ်တုန်းက မိုးမရောက်ဖြစ်လိုက်ဘူး။ မိုးက တခြားရွာ ရောက်နေတာ။ ဆရာ ဦးနေအောင်မြင်တို့ ဦးတင်ထွန်းတို့အဖွဲ့ သွားလုပ်ပေးကြတာ အဲဒီ Report ပါ"

"ဦးနေအောင်မြင်က တံတားဆောက်တာ ကြီးကြပ်ပေးနေရင်း Field Day လည်း လုပ်ပေးလိုက်တယ်ကြားတယ်။ ဦးတင်ထွန်းက သက်ကြီး ပညာရေးသင်တန်း ပေးရင်းက ဝင်ကူတာလို့ ပြောတယ်"

"ဟုတ်တယ် မမနီ။ မိုးလည်း ဝမ်းလျှောဝမ်းပျက်ရောဂါအကြောင်း ရွာတွေလှည့်ပြီး ဟောနေတာ။ ဆရာတို့သာ မကူရင် ဘယ်လိုမှ မပြီးနိုင်ဘူး"

"ကူရမှာပေါ့ မိုးရယ်။ ကိုယ်တို့လုပ်နေတာက ကျန်းမာရေးတစ်ခုတည်း၊ ပညာရေးတစ်ခုတည်း မဟုတ်ဘဲ ဘက်စုံဆိုတော့ လိုတဲ့နေရာက ဝင်ကူရမှာပေါ့။ ဟိုတစ်ရက်က မိုး အသေးစားချေးငွေနဲ့ပတ်သက်ပြီး တစ်ရွာမှာ ရှင်းနေတာ ကြားလိုက်သေးတယ်"

"မိုးပြောနေတာတွေ မဟုတ်လို့လားဟင်။ မိုးက နုနုကို ကူတာပါ။ နုနုက ပြောရလွန်းလို့ အဲဒီနေ့က အသံတွေ အဆက်ပြတ်ကုန်ပြီဆိုလို့ပါ မမနီ"

"မှတ်ပါတယ် မိုးရဲ့။ မိုး အဲဒီလို ကူလိုက်တာ။ ဒီအလုပ်နဲ့ ဘယ်လောက် အသားကျသွားပြီလဲ၊ မိုး ဘယ်လောက် စိတ်ဝင်စားနေပြီလဲ ဆိုတာ သိနိုင်တာပဲလေ"

"မိုးလား၊ မိုး သိပ်စိတ်ဝင်စားပါတယ်။ အလုပ်ကိုရော၊ မမနီကိုပါ။ ဘာကြောင့်လဲဆိုတော့. . ."

ကျွန်မ တင်ဆောင်းဟန် ပြောခဲ့သော စကားများကို ပြန်လည်



ပြောပြဖြစ်ပါသည်။ ဒေါ်နီနီလွင်က စကားဆုံးတော့ ရယ်မောပါလေသည်။

"မမနီကို ကော်ပီကူးရအောင်တဲ့လား။ အဲဒီ စာရေးဆရာ တစ်ယောက်တော့ လွဲပြီ။ မမနီက ဘာမှ ထူးခြားတာလည်း မဟုတ်ဘဲ"

"မစ္စတာ ရွှန်းကလည်း မမနီရဲ့ စီမံကိန်းတွေ အောင်မြင်တာ၊ ပြီးစီးတာ၊ ရွာတွေမှာ တွေးခေါ်မြော်မြင်မှု ပြောင်းလဲတိုးတက်လာတာတွေ သိပ်ပြောတာပဲလေ"

မမနီ ပိုမိုပြုံးရယ်လျက်-

"အဲဒီနေရာမှာတော့ ကိုယ့်ရဲ့လျှို့ဝှက်ချက်ကို ဖွင့်ပြောရတော့မှာပေါ့။ ကိုယ့်မှာ အကောင်းဆုံး ကျွမ်းကျင်သူတွေ၊ ဖွံ့ဖြိုးရေး လုပ်သားလေးတွေ ရထားခဲ့တာကိုး မိုးရယ်။ သူတို့တွေက သိပ်ကို တော်ကြတယ်။ ဦးသန်းဌေးတို့ ဦးတင်ထွန်းတို့ဆိုရင် တကယ့်မြို့နယ်အဆင့် လူကြီးတွေ။ ဒါပေမယ့် သူတို့ ကိုယ့်ကို အမေလို အစ်မလို၊ ညီမလို လေးစားဆက်ဆံကြတယ်။ တကယ်တော့ ကိုယ်ကံကောင်းတာပါ။ နောက်ဆုံး ရောက်လာတဲ့ မိုးနဲ့ နုနုထွေးတို့ကိုပဲ ကြည့်ဦးမလား။ တကယ် အလုပ်ကြိုးစားတဲ့သူလေးတွေကို မမနီ ရခဲ့တာ"

"ဟုတ်ရဲ့လား မမနီရာ"

သည်အလုပ်ထဲမှာ ကိုယ့်ကိုယ်ကို စမ်းတဝါးပဲဟုယူဆ မှတ်ထင်နေ မိသော ကျွန်မပင် အားတက်လာမိရသည်။

"ဟုတ်ပါတယ်။ မိုး အလုပ်ကြိုးစားတာ၊ တီထွင်ကြံဆတဲ့နည်းလမ်း တွေ ရှာဖွေတတ်တာ၊ မမနီ အစောကတည်းက မိုးကို ပြောပြမိတယ်လေ။ ရွှန်းနဲ့လည်း ပြောမိတယ်"

"မစ္စတာရွှန်းကို မိုးတော်တယ်လို့ ပြောလိုက်တယ် ဟုတ်လား။ သူကတော့ ရယ်ချင်တော့မှာပဲ"

ကျွန်မ တအံ့တသြ မေးမိစဉ် မမနီက-

"မဟုတ်တာ ပြောတာမှ မဟုတ်ဘဲ။ ကဲ မိုး မမနီကြောင့် အလုပ် ပျက်တော့မယ်"

ပြောရင်း သူမစားပွဲဆီ ပြန်သွားခဲ့တော့လေ၏။ ထိုတစ်ရက်လုံး အလုပ်လုပ်ရင်းက မမနီစကားတွေ ကျွန်မခေါင်းထဲမှာ ရောက်နေခဲ့သည်။ ကိုယ်ကိုယ်တိုင်က ဆေးပညာ နားလည်သူတွေ၊

www.burmeseclassic.com

www.burmeseclassic.com



ဆရာဝန်တွေ မဟုတ်ဘဲ ကျန်းမာရေး ပညာပေးလုပ်ငန်းတွေ လုပ်နေဖို့ မသင့်တာ၊ ရွာသား တွေကို ဟောပြောနေဖို့ မသင့်တာ။ ရောက်စက မမနီနှင့် ကျွန်မ စကားအချေအတင် ဖြစ်ခဲ့ရတာများ။ ဖွံ့ဖြိုးသဘောထားများကို နားမလည်နိုင်သည့် ကျွန်မနှင့် နုနုထွေးကို ညဥ့်နက်သန်းခေါင်တိုင် မမနီ ရှင်းပြခဲ့သည်များ။ နောက်ဆုံး ရွာတွေထိ လိုက်ပြီး အလုပ်လုပ်ရင်း သင်ယူစနစ်ဖြင့် တစ်စတစ်စ ပြောင်းလဲယူရသည်များ။ မမနီ ဘာကြောင့် ထည့်မပြောခဲ့သည်လဲ။ အလွန်တော်တဲ့ သူတွေကို ရလို့ပါဟု ပြောခဲ့သော မမနီရဲ့ စီမံအုပ်ချုပ်မှု ပုံစံလေးကို ကျွန်မ ရေးရေး သိလာမိသလို ရှိလာသည်။ သူတို့ တော်ကြလို့ ပါဟု အသိအမှတ်ပြုဖို့ လူကြီးတိုင်းအတွက် အဆင်ပြေကြပါသလား။

ကျွန်မ၏ ယခင် အလုပ်ရှင်ကုမ္ပဏီပိုင်ရှင် မေမေကြီးနှင့် သမီး ဒါရိုက်တာကို သတိရမိသောအခါ ကျွန်မ ပခုံးများ တွန့်မိသွားခဲ့ရပါ၏။

ကျွန်မကို မင်းပြားတွင်မှ အလုပ်လုပ်စေချင်ခဲ့သော ထိုစာရေး ဆရာတစ်ယောက်၏အမြင်မှာ ဒေါ်နီနီလွင်နှင့် ပတ်သက်၍ လွဲခဲ့ဟန် မတူပါ။

♣ ♣ ♣

စင်စစ် ကြိုးပမ်းအားထုတ်မှုတွေ မြင့်မားခဲ့ရတာ၊ အမီမလိုက် နိုင်မှာ ကြောက်ရွံ့သော ကျွန်မ၏ ဆုံးဖြတ်ချက်နှင့် ကျွန်မသာ ဖြစ်မည်ပေ။ ထိုစဥ်ကမူ ကျွန်မစိတ်ထဲ ဒေသစီမံကိန်းအရာရှိ မစ္စတာရွှန်း(Shun)၏ အလုပ် လောဘတွေဟု ထင်မိခဲ့သည်။ သူ့ရဲ့ မရပ်မနား မောင်းနှင်ချက်တွေပဲ။ အလုပ်တစ်ခု မပြီးသေးခင် နောက်တစ်ခုက ဆက်တိုက်လာတတ်ပြီ။ သူ့ရဲ့ ကျွန်မနှင့်ပတ်သက် သော ဝေဖန်ချက်တွေကလည်း ခပ်ရင့်ရင့်။

"ဒီအလုပ်တွေနှင့် ခင်ဗျား မယဥ်ပါးတာ ကျွန်တော်



မအံ့ဩပါဘူး။ ခင်ဗျားက ဆရာဝန်ပဲ။ ဆရာဝန်ဆိုတာ သူများစကား နားမထောင်တတ်ဘူး။ ခင်ဗျားတို့ကပဲ ဒါလုပ်၊ ဒီဆေးသောက်နဲ့ ညွှန်ကြားချက်ပေးတတ်တာ။ Top Down ပဲ။ ကျွန်တော်တို့ လုပ်နေတာ က သူတို့အခြေအနေမှန်ကို သူတို့နဲ့ အတူ လေ့လာတယ်။ ပြဿနာနဲ့ လိုအပ်ချက်တွေကို သူတို့ဘာသာ ရှာတွေ့စေပြီး ဘယ်လိုဖြေရှင်းမလဲ သူတို့ဖာသာ စဥ်းစားဆုံးဖြတ်စေတာ။ ဖြေရှင်း နည်းကို သိတဲ့အခါ ကျွန်တော်တို့ ပံ့ပိုးရမယ့်ကဏ္ဍကို သူတို့အဆိုပြုကြ ပါလိမ့်မယ်။ ဒီနေရာ မှာ Want နဲ့ Needs ကိုလည်း သူတို့ဘာသာ ခွဲခြား တတ်လာလိမ့်မယ်။ 'လိုချင်တာ'ဆိုတာတွေက အများကြီးမို့ 'လိုအပ်တာ' ကိုပဲ ကျွန်တော်တို့ ကလည်း ပေးရမှာပါ။ ဒီလိုလုပ်ငန်းစဥ်နဲ့ ကိုယ့်ပြဿနာ ကို ကိုယ်အဖြေ ရှာတတ်မှ စီမံကိန်းပြီးတဲ့ အခါလည်း ဖွံ့ဖြိုးရေးလုပ်ငန်းတွေ ဆက်ပြီး ရေရှည်လုပ်နိုင်သွားလိမ့်မယ်။ ဖွံ့ဖြိုးရေး ဝန်ထမ်းကောင်းတစ်ယောက် ဖြစ်ချင်ရင် ခင်ဗျားရဲ့ အရင်ဘဝ အနေအထား၊ ညွှန်ကြားသူ အဖြစ်ကို မေ့ပစ်ရမယ်။ ရွာမှာမီးမရှိတာ အိမ်သာမရှိတာကိုလည်း မေ့ထားပြီး နေနိုင်ရမယ်။ ဒီတာဝန်တွေကို ကြောက်ရင်တော့ ကျွန်တော် ဝမ်းနည်း ပါတယ်။ အဲဒီလူအတွက် စီမံကိန်းမှာ နေရာမရှိပါဘူး"

သူ့စကားကို စိတ်ထဲအောင့်သက်မိရပြီး ကျွန်မတတ်နိုင်တာက လုပ်ငန်းခွင်စာတွေပို့ဖတ်၊ အလုပ်တွေပိုလုပ်။ ညပိုင်း ရွာအလုပ်တွေ ပြီးသွားလည်း ကျွန်မရဲ့ ကိုယ်ပိုင်အချိန်မှာ ဖယောင်းတိုင် မီးရောင်လေး ရှိနေဆဲပေ။ မစ္စတာရွှန်း ညွှန်းခဲ့သော ဖွံ့ဖြိုးရေးစာအုပ်၊ စာမျက်နှာ တွေပေါ်မှာ ဖယောင်းစက်တွေ များစွာကျပြီးမှ ကျွန်မ နားမလည်တာ အလုပ်ကို မဟုတ်ဘဲ စကားလုံးတွေကိုဆိုတာ သိမိရတော့သည်။

စိတ်ထဲ တအောင့်သက်သက်ရှိသော်လည်း Shun ကဲ့သို့ပင် မျက်နှာပြုံးပြုံး လေသံမမာဘဲ-

"ဆရာဝန်မို့ သူများစကား နားမထောင်တတ်ဘူးဆိုတာတော့ မမှန်ပါဘူး။ ကျွန်မတို့ မပြောခင်မှာ သူတို့ပြောတာကို အရင်နားထောင် ပါသေးတယ်။ သူတို့ပြောတာနားထောင်၊ သူတို့နှင့် ဆွေးနွေးပြီး ရောဂါအခြေအနေမှန်ကို သိအောင်လုပ်ရတယ်။ အဲဒါ ရှင်ပြောပြော နေတဲ့ Situational Analysis ဖြစ်မှာပေါ့။ ပြီးတော့မှ သင့်တော်တဲ့ ကုထုံးကို ပေးတာပါ။ ကျွန်မ တို့လည်း Bottom Up ပါပဲ။ Top Down

www.burmeseclassic.com

www.burmeseclassic.com

မဟုတ်ပါဘူး"

ကျွန်မ ပြန်ပြောနိုင်လာခဲ့သည်။ ရွှန်း ပိုပြုံးလာလျက်-

"အလုပ်တွေဆိုတာ တစ်ခုနဲ့ တစ်ခု ဆက်စပ်နေတာပဲ။ အထူးသဖြင့် လူတွေနဲ့ဆက်ဆံရတဲ့ အလုပ်တွေ။ သီးခြားအသစ်ရယ်လို့ ဖြစ်ပေါ်လာတာမှ မဟုတ်ဘဲ။ ရှိပြီးသား အတွေ့အကြုံတွေထဲကပဲ ပိုကောင်းအောင် ယူထားကြတာပါ"

လေသံလျော့လျော့ ပြောခဲ့သည်။

ဖြစ်ချင်းဖြစ်ရင် မစ္စတာရွှန်းကသာ ကျွန်မတို့ကို နားမလည်တာဖြစ်မည်ပေ။ ရွာမှာ မီးမရှိဘူး၊ ဒါမ်ိသာမရှိတာ မေ့ထားပြီး နေနိုင်ဖို့ ပြောတာ လည်းစင်စစ် ကျွန်မ မခံချင်။ ရွာလေးတွေထဲက သူတို့တွေနှင့်အတူ ကျွန်မတို့မှာ တစ်မြေတည်းနေ တစ်ရေတည်းသောက်ဆိုတာ သူမေ့နေတော့ ယောင်ပါပဲ။

"ဒါထက် Top Down ဆိုတာ ဘယ်လောက်မှ မကောင်းဘူး။ Bottom Up ပဲ ကောင်းတယ်ဆိုကဲ့ တရားသေ အယူအဆတော့ မင်းမှ သွားတာ မဟုတ်ပါဘူးနော်"

" ဟင်း "

ကျွန်မ ရှုပ်ထွေးသွားမိသည်က ဖုံးကွယ်လို့မရ၊ အမျိုးမျိုးပါပဲ။

"ခင်ဗျား အခုဖြစ်သွားသလို ရှုပ်ထွေးနေတဲ့ ကိစ္စတွေကို အချိန်တိုအတွင်းမှာ ပြီးဖို့လိုရင်တော့ ဒါလုပ် ဒါလုပ်ဆိုတဲ့ Top Down က ကောင်းတယ်လေ"

ကျွန်မ မယဉ်ပါးနေတာ စကားလုံးတွေတင်ပဲ မဟုတ်သေးဘူး ဟုဝန်ခံရပြန်ဦးတော့မည်ပေ။

♣ ♣ ♣



'အစိမ်းရောင်ခံစားမှု' လို့ ကိုယ်အမည်ပေးထားတဲ့ မင်းရဲ့ လက်ရာ သိုးမွှေးပန်းချီကားချပ်လေးကို အမှတ်ရနေမိပါတယ် တင်ဆောင်းဟန်။

ကြည့်လေးမိတိုင်း တပြန့်တပြော ကျယ်လွင့်ကြည်စင်စွာ လွတ်မြောက်နေလိုမှုကို ကိုယ်ထဲမှာ ရှာဖွေတွေ့ရှိစေတဲ့ ရုပ်ပုံကားချပ်လေးပါပဲ။

ကိုယ့်အတွက် မင်းဖြစ်စေချင်ခဲ့တာက ကျယ်လွင့်ကြည်စင်စွာ လွတ်မြောက်မှုပဲ ထင်ပါရဲ့။

ကိုယ့်ကို မင်းငြိမ်းချမ်းစေချင်မယ်။ မင်းက မြို့ပြကို ငြီးငွေ့သူ၊ ကိုယ်က မြို့ပြကို အသုံးချဖို့ ကြိုးစားနေတဲ့သူ။ တိုးတက်မှု အခွင့်အလမ်းတွေက မြို့ပြမှာမှ ရှိနေတယ်။ ဒီအခွင့်အလမ်းတွေနဲ့ တိုက်ဆိုင်ဖို့ ကိုယ့်ဘက်က ကြိုးစားမှုတွေ၊ သင်ယူမှုတွေကိုလည်း မြို့ပြမှာပဲရရှိနိုင်လိမ့်မယ်လို့ ယုံကြည်မိခဲ့တယ်။ သင်ယူလေ့လာခြင်းတွေကို တောထဲမှာ ရရှိနိုင်လိမ့်မယ်လို့ ကိုယ်ဘယ်လိုထင်ခဲ့မိမလဲလေ။ မြို့ပြအလယ်မှာ ရှာဖွေသင်ယူ ရုန်းကန် ခြင်းတွေနဲ့ မောနေတဲ့ကိုယ့်ကို အနည်းဆုံးတော့ ငြိမ်းချမ်းခြင်းဆီ မင်းပို့ချင်ခဲ့တာ ဖြစ်မှာပါ။ ငြိမ်းချမ်းခြင်း ဒီမှာ တကယ်ရှိပါတယ်။ ကြိုးပမ်း အားထုတ်ရခြင်းတွေ များစွာရှိပေမယ့် လုပ်ငန်းခွင်လေထုက သန့်စင်တယ်။ ပတ်ဝန်းကျင်က အေးချမ်းတယ်။ 'အစိမ်းရောင်ခံစားမှု' ကို ညည့်ခန်းထဲမှာ နှစ်သက်ခံစားနေတတ်တဲ့ ကိုယ့်ကို ကမ္ဘာမြေပြင်ပေါ်က 'အစိမ်းရောင် ခံစားမှု' ဆီ မင်းပို့ပေးခဲ့တာ

www.burmeseclassic.com

www.burmeseclassic.com



ပါပဲ။

ကိုယ် အလုပ်လုပ်နေတဲ့ ကျေးရွာလေးတွေက သိပ်အေးချမ်းတိတ်ဆိတ်တယ်လေ။

နေ့လယ်ခင်းချိန်တွေဆိုရင် သူတို့တစ်တွေ မရှိကြဘူး။

လယ်ကွင်းတွေထဲ ရောက်နေကြတယ်။

ညနေစောင်းမှ တဖွဲဖွဲ ပြန်ရောက်လာကြတော့တာ။

တောင်းတွေ၊ ပလိုင်းတွေထဲမှာ ဘောဟင်းရွက်ဟင်းသီးတွေ အပြည့် ခေါင်းပေါ်မှာ ထင်းခြောက်တွေ အပြည့်နဲ့ရွာဆီ ပြန်လာတဲ့ သူတို့ရဲ့ ခြေလှမ်းတွေဟာ သိပ်ကျဲနေတယ်လေ။

ညနေ-နေဝင်ရိုတရောမှာ နှင်းကလေးက လှုပ်လှုပ်ရှားရှား ဖြစ်လာတယ်။ ရေဆိပ်မှာလည်း မည်ကားလာပြီ၊ အိမ်မငွေမှာ မီးခိုးလေးတွေလူပြီး ချက်ကြပြုတ်ကြသံ၊ လူခေါ်သံ မောင်းမယောင်းသံတွေနဲ့ ရွာလေးသက်ဝင် လှုပ်ရှားလာခဲ့တယ်။

ညမှာတော့ သူတို့တစ်တွေနဲ့ အေးအေးဆေးဆေး တွေ့နိုင်ပြီ။ ဖယောင်းတိုင်လေးတွေ ထွန်းရှုတဲ့ ဆွေးနွေးပွဲတွေပေါ့။

အခြားဖွံ့ဖြိုးရေးစီမံချက် ဆွေးနွေးပွဲတွေဟာ ကိုယ်နဲ့တိုက်ရိုက်မသက်ဆိုင်တာ။ မြို့နယ်တာဝန်ခံ မမနီရဲ့ အလုပ်တွေပဲဆိုတဲ့ အထင်တွေလည်း လျော့ပါးလာပြီ။ အခြေခံလိုအပ်ချက်တွေထဲမှာ ကျန်းမာရေးတစ်ခုတည်းသာ အလိုအပ်ဆုံး မဟုတ်တာ သိနားလည်လက်ခံလာပါပြီ။ အချိန် တော်တော်များများမှာ မမနီနဲ့ တစ်ခါတစ်ရံ ဆရာတွေနဲ့ နုနုထွေးနဲ့ ကျေးရွာ တွေကို လိုက်ဆင်းရင် ပံ့ပိုးပေးတတ်လာပါပြီ။ သူတို့အလုပ်တွေကို ပံ့ပိုး ပေးရင်း ကိုယ့်အလုပ်တွေ ပိုပြီးပြီးစီးတာလည်း သတိထားမိလာတယ်။ လုပ်ငန်းတွေက ခြားနားပေမယ့် ကိုယ်တို့ ရည်ရွယ်ရရှိစေချင်သူတွေက အတူတူပဲမို့ ကူညီကြတဲ့အခါ အလုပ်ခွင်လေထုက သိပ်ကောင်းမွန်ပါတယ်။ ပြီးတော့ ရလဒ်လည်း ကောင်းမွန်တယ်။ မင်းရဲ့မိတ်ဆွေ မြို့နယ်တာဝန်ခံ မမနီက တကယ်တော်တဲ့ လူတွေကို သူရထားလို့ပါလို့ အမြဲပြောပြီး ဆရာ ဦးသန်းဌေး၊ ဦးတင်ထွန်း၊ ဦးနေအောင်မြင့်တို့ကတော့ ဟကယ်တော်တဲ့ မြို့နယ်တာဝန်ခံကို ရထားလို့ပါလို့ ပြောကြပြန်လေရဲ့။ မစွတာရွှန်းဟေဝင်ပြောတတ်တယ်။ ဒါဟာ-တစ်နဲ့တစ်ပေါင်းရင် သုံးရသွားတာမျိုးပဲ။

F. 19 A



ပုံမှန် တစ်နဲ့တစ်ပေါင်းပြီး နှစ်ရတာမျိုး မဟုတ်တော့ဘူး။ ပိုပြီးရလဒ်ကောင်းသွားတာဟာ အဖွဲ့စိတ်ဓာတ်ကြောင့် စသည်ဖြင့် ဖြစ်ရပ်တွေကို စကားလုံး ကြီးကြီးတွေနဲ့ ရှင်းပြတာ သည်းခံရပြန်တယ်လေ။

အလုပ်တွေလည်း ပိုနည်းနည်းလာပြီ။ ရလဒ်ပီတိတွေကိုလည်း ခံစားရလာပြီ။

ဒါပေမယ့် ဦးတင်ဆောင်းဟန်။

နေ့လယ်ခင်း လူသူမရှိတဲ့ အိမ်လေးတွေ တစ်ဖက်တစ်ချက် ရံထားတဲ့ ရွာလယ်လမ်းလေးပေါ်မှာ လျှောက်သွားရတဲ့အခါ စိတ်တွေ အထီးကျန်ဆန်လှပါတယ်။

တစ်ခါတစ်ရံ ရွာလမ်းလေးရဲ့အဆုံး ရွာအပြင်ဘက် တောတန်းတောင်တန်းတွေ အနားချဉ်းကပ်လာခဲ့တော့မှ ပြန်လည် သတိဝင်လာမိအောင် ရွာလမ်းလေးတစ်လျှောက် လျှောက်ချည်းပဲ လျှောက်နေမိခဲ့ပါရဲ့။

နေ့လယ်ခင်းမှာ ရွာလေးက ပိုမိုငြိမ်သက်တယ်။

တောင်ရိပ်အမြဲကျနေတဲ့တောင်ခြေ မြေပြန့်ပြန့်လေးမှာ သစ်ပင်ကြီးတွေကိုချန်ထားပြီး တချို့အပင်ငယ်လေးတွေကိုပဲ ခုတ်ထွင်ရှင်းလင်းရင် သဘာဝကို သိပ်မထိခိုက်စေပါဘူး၊ နော်။

မြေရှင်းရှင်းလေးပေါ်မှာ ခမ္ဘီးအိမ်လေးလို ခြေတံရှည်ရှည် အိမ်လေးတစ်လုံး ဆောက်မယ်။ တောတောင်ရိပ်၊ နောက်ခံနဲ့ လိုက်ဖက်နေလိမ့်မယ်။ တစ်အိမ်လုံး သံရိုက်ချက်တစ်ခုမပါဘဲ နှီးလေးတွေနဲ့သာ ခိုင်ခိုင်တုပ်ချည်ထားပြီး ‘ရှန်း’ဆိုတဲ့ အပင်ရှည်လေးတစ်မျိုးကိုမိုး၊ ဝါးကြမ်းတွေခင်း၊ ဝါးထရံကာတဲ့ အိမ်လေးပေါ့။ ဝါးပိုးဝါးတုတ်တုတ်ကို ဆစ်ထားတဲ့ လှေကားရှည်ရှည်လေး တက်ရမယ်။ ဝါးကဲလားထောက်တဲ့ ပြတင်းတွေ အနည်းဆုံးဆယ်ခုတော့ ရှိမယ်။ တစ်ရွာလုံးရဲ့ မိန်းဖလာထုံးစံအရ ဝိုင်းပြီး ဆောက်ကြမှာမို့ အကုန်ကျ မများပါဘူးကွယ်။ အဲဒီအိမ်လေးကို ‘သစ်ဆင်းရိပ်’လို့ အမည်ပေးထားရင် မင်းနေမလား မသိဘူးနော်။

တောတောင်တွေ မြစ်ပြင်တွေကို ဖြတ်သန်းတိုတ်ခတ်လာတဲ့ လတ်ဆတ် သန့်စင်လှတဲ့လေက မင်းခံစားရတဲ့ ရောဂါဝေဒနာတွေကို လွင့်စဉ်သွားအောင် ကုစားပေးနိုင်မလိုပါပဲ။

နေ့လယ်ခင်းလို အချိန်တွေမှာ ကိုယ်မင်းအနားမှာ

www.burmeseclassic.com

www.burmeseclassic.com



ရှိချင်ပါတယ်။ ကျေးရွာတွေက ကောက်ယူထားတဲ့ စာရင်း အချက်အလက်တွေ၊ သူတို့ လက်ရေးလေးတွေနဲ့ ရေးထားတဲ့ အဆိုပြုလွှာတွေကို ကိုယ်ဆန်းစစ်ပြုစုရင်း ရွာကို ကူညီနိုင်မယ့် နည်းလမ်းတွေ စဉ်းစားရတဲ့အခါ ဖန်တီးတီထွင်နိုင်စွမ်း မြင့်လှတဲ့ မင်းရဲ့တင်မြင်ချက်တွေကို သိချင်မိတယ်။ ညဘက် ကျေးရွာ ဆွေးနွေးပွဲ လေးတွေကိုတော့ မင်းလာပြီးတက်ပါလေ။ သည်တစ်ကြိမ်မှာ သူတို့ဆီကမင်း တစ်လဲသင်ယူရမှာပေါ့။ ဒီရွာလေးတွေ တည်ရှိနေခဲ့တာ နှစ်တွေရာချီ ဆယ်ချီလို့ ရှိနေခဲ့ပြီလေ။ အဲဒီလို ရှင်သန်ရပ်တည် နေနိုင်တဲ့ သူတို့ရဲ့ အားမာန်တွေ၊ မိရိုးဖလာ ထုံးတမ်းစဉ်လာတွေ၊ လူသား အရင်းအမြစ် တွေ၊ သယံဇာတ အရင်းအမြစ်တွေအခြေခံတဲ့ ဖွံ့ဖြိုးရေး ကို ပံ့ပိုးပေးရတာ ကိုယ်တို့ရဲ့ အလုပ်ရိုးရိုးလေးပါပဲ တင်ဆောင်းဟန်။ သူတို့ စာသင်ကျောင်းလေးဆောက်ဖို့ တိုင်ပင်နေတာ။ ရေတွင်းတွေတူးဖို့ တိုင်ပင်နေတာ ကိုယ်တို့ နားထောင်လို့ရတယ်။ ဝင်ပြီးတော့ ဆွေးနွေး လို့လည်းရတယ်။ မိုးကြည်ဝေ ရဲ့ ကျန်းမာရေးပညာပေးတွေ အပြင် မြေဩဇာ စနစ်တကျ အသုံးပြုပုံတွေ ပြောပြနေတာ၊ ကျွဲနွား ကာကွယ်ဆေးထိုးဖို့ အချိန်တွေနဲ့ လျှာနာခွာနာ လည်ချောင်းကွဲ ရောဂါလက္ခဏာတွေ အကြောင်း ရှင်းပြနေတာနဲ့ မင်းကြုံကြိုက်နိုင်တာ ပေါ့။

တစ်ခါတစ်ရံ စည်းဝေးပွဲတွေက ညဆယ့်နှစ်နာရီ ကျော်တတ် တယ်။တစ်ရက်လုံး လယ်ထဲမှာ အလုပ်လုပ်နေပြီး ညမှာ လာစည်းဝေး ကြပေမယ့် စိတ်အားထက်သန်မှုကြောင့် ထင်ပါရဲ့။ သူတို့ မအိပ်ငိုက် ကြဘူး။ သည်တော့ ကိုယ်တို့လည်း အိပ်ချင်လို့ မဖြစ်ဘူးပေါ့။

အစည်းအဝေးပြီးရင်တော့ သူတို့တစ်တွေ လမ်းပြဖယောင်း တိုင်လေးတွေ ကိုယ်စီကိုင်ပြီး အိမ်ကိုပြန်သွားကြတယ်။

ကိုယ်က သူတို့နဲ့ပိုပြီး ရင်းနှီးအောင်၊ သူတို့ရဲ့ အခက်အခဲကို ပိုသိအောင် သူတို့ရဲ့ အိမ်လေးတွေမှာ လိုက်အိပ်တာ ထုံးစံလိုဖြစ်နေ တာမို့ တစ်အိမ်အိမ်ကို ကြိုမှာထားပြီး ဖြစ်ရတယ်။ ရွာလယ်ကောင်က အိမ်ကြီး အိမ်ကောင်းတွေကို ရှောင်ပြီး ရွာစွန်ရွာဖျားက ပိုဆင်းရဲတဲ့ အိမ်တွေမှာ အိပ်ရတာက အလုပ်သဘောထဲမှာလည်း ပါတယ်လေ။

ခုတော့လည်း တစ်ရွာလုံးဟာ ဆွေမျိုးမိတ်ဆွေတွေလို



ဖြစ်နေပြီမို့ ကိုယ်ဘယ်မှာဖြစ်ဖြစ် အိပ်လို့ရနေပါပြီ။ အဲဒီအိမ်လေးဆီ မင်း ကိုယ့်ကို လိုက်ပို့ဦးမှာပဲ မဟုတ်လား။

ကိုယ့်ကို ပို့ခဲ့ပြီးမှ မင်းကိုလိုက်ပို့ဦးမယ့် ရွာသားတွေနဲ့အတူ ဖယောင်းတိုင် မီးရှိုမ့်လေးတွေ ရွေ့လျားရင်း 'သစ်ဆင်းရိပ်'ဆီ ပြန်သွားနေ တာ အိမ်လေးပေါ်က လှမ်းကြည့်ရင်း ကိုယ်ကျန်ရစ်မယ်။

အလို။ ကျွန်မ သိပ်ကို စိတ်ကူးယဉ်လိုက်တာပါလား ဦးတင်ဆောင်းဟန်။

♣ ♣ ♣

စိတ်ကူးယဉ်ဖို့ဆိုတာ တစ်ခါတစ်ရံ အလွန်ခက်ခဲစေသော အလုပ်တစ်ခုဖြစ်ဟန်ပေ။ စိတ်ကူးကို ကောင်းသတ်ရရင် ပိုမိုခက်ခဲ ပေမည်။ စိတ်ကူးခိုင်းရတာ ကျွန်မအဖို့လည်း ခက်ခဲစေပါသည်။ လယ်တောထဲမှာ သည်းသည်းသန်သန် အလုပ်လုပ်နိုင်ပေမယ့် ဟောကဲ မှာဖက်ခူးဟင်းရှာ ကျွမ်းလှပေမယ့် သူကို့ စိတ်ကူးကျတော့ မယဉ်တတ် နိုင်။ ထိုသို့ စိတ်ကူးယဉ်ခိုင်းစေသည်ကားညီး ဖွံ့ဖြိုးရေးမှာ ရေပန်းစား လှသော အလုပ်တစ်ခုလေ။

"အကြံပေးတို့ အကြိုက် မေးခွန်းပါပဲ တင်ဆောင်းဟန်။ နိုင်ငံခြားသားတွေ များတာပေါ့။ အနာဂတ်မှာ ကိုယ့်ရွာကို ကိုယ် ဘယ်လို ဖွံ့ဖြိုးတိုးတက်လာတာမျိုး မြင်ချင်သလဲ။ စိတ်ကူးကြည့်ပါ။ ဒါမှမဟုတ် ဘယ်လိုလုပ်ငန်းတွေကို လုပ်ရင် နောင်ငါးနှစ်၊ ဆယ်နှစ်မှာ ကိုယ့်တစ်ယောက်တည်းအတွက် ဖွံ့ဖြိုးလာမယ်လို့ ထင်ပါသလဲ။ စိတ်ကူးကြည့်ပါ။ သူတို့အတွက် ချေးပြန်စေတဲ့ မေးခွန်းပါပဲ။ မဖြေနိုင်ကြဘူး။ ကျွန်မအတွက်တော့ သူတို့ရွာရဲ့ ဖွံ့ဖြိုးရေး ကိစ္စတွေအတွက် သူတို့အပြင်းအထန်ငြင်းခုံ ဆွေးနွေးကြတယ်။ အလုပ်တွေလည်း စုပေါင်းပြီးလုပ်နေကြတာ မြင်နေတာမို့ ဖွံ့ဖြိုးရေး သဘောတရားတွေ မမိလို့ မထင်မိပါဘူး။ မေးခွန်းကို နားမလည်တာပဲ

www.burmeseclassic.com

www.burmeseclassic.com



ပြောတာပါ။ ကျွန်မတို့ကတော့ အဲဒီတာပေါ့။ ဒါဟာ အနာဂတ် ပုံရိပ်ဖြစ်တဲ့ Vision ကို မေးနေတာ။ ပြီးရင် ပန်းတိုင် (Goal)ကို ရှာစေမှာ။ ပြီးတော့ ပန်းတိုင်ကို ရောက်ဖို့ ဘာတွေလုပ်မလဲဆိုတဲ့ Mission တွေ ထုတ်စေမှာ။ ဒါပေမယ့် စိတ်ကူးယဉ်ကြည့်ပါဟဲ့၊ ဖွံ့ဖြိုးရေးတို့ဆိုတဲ့ စကားလုံးကြီးကြီးတွေက သူတို့ကို ခေါင်းမူးစေလိုပါတယ်။

တချို့ကျတော့ နားလည်ပေးရှာတဲ့ တခြားမေးခွန်း အကြောင်းအရာ တွေ ပြောင်းမေးသွားကြမယ့် တချို့သူတွေကျတော့ မေးခွန်းကိုပဲ အကြောင်းမှန်းမသိဘဲ ခေါက်ပနေကြတယ်။ မေးတဲ့သူကလည်း ဒီလောက်နဲ့တော့ မရှနိုင်၊ ဖြေတဲ့သူကလည်း အချက် အလက်ကို မပေးနိုင်။ ပြီးတော့ကာဝန်ခံ မမပြီးတော့ တာဝန်အရှုံး ဆိုတော့ လူပဲ ဒိုင်ခံပြီး အမျိုးမျိုး အဖြေပေးပြီး စိတ်ကူးယဉ် ကြည့်နိုင်းနေရတော့တာ။ ဘာကယ်ပဲ စိတ်ကူးယဉ် ရတာ တခါတစ်ရုံ လွယ်တယ်ကူး။ ကျွန်မတို့ကို ရှောင်ပြေးသွားတဲ့ သူတွေတော့ရှောင် လွှတ်ပြေးကြတာပေါ့ တင်ဆောင်းဟန်။”

မင်းရော ဘယ်လိုစိတ်ကူးနဲ့ အစိမ်းရောင်ခံစားမှုကို ဆွဲခဲ့ ပါလိမ့်လို့ ကျွန်မ တွေးနေမိတယ်။

သူ့ထံ ကျွန်မ ရေးမိခဲ့သော စာများမှာ ကျွန်မရဲ့ စိတ်တံခါး ဖွင့်လှစ် မဲ့စဉ်တိုးယွက်လှုပ်မှုခဲ့သော စိတ်ကောင်း ရိုက်ခတ်သံများပေါ အလုပ်ထဲက ခံစားမှုတွေကို ဖွင့်လှစ်ထားသည့် စာများမှာ တစ်ခါတစ် ရှည်လျားလေသည်။ အခြားသူများအတွက် ဖတ်ဖို့ စိတ်ရှည်လက်ရှည် အချိန်ပေးပါ့မလား။ ကျွန်မ မမေကဲ့သို့ပင် ကျွန်မ စာကို ဖတ်မှာ စိတ်ချယုံကြည်ရသူ နောက်ထပ်တစ်ယောက်အဖြစ် ထိုစာရေးဆရာကို ကျွန်မ ယုံကြည်ပြီးသားပါပဲလေ။

သူ တကယ်ပင် ဖတ်ခဲ့ပါသည်။

“တချို့ကျတော့ မေးခွန်းမှာ ကိုယ့်အတ္တကပ်သွားတာ ဖြစ်ပါလိမ့် မယ်။ အလုပ်သဘော မေးရတဲ့ မေးခွန်းဆိုတာထက် လွန်ပြီး ကိုယ့်အတ္တကို သွားပူးပေါင်းလိုက်တော့ အဖြေမရမချင်း မကျေနပ် နိုင်တာ ဖြစ်သွားဟန်တူပါတယ်။

ကျွန်တော့်အထင်တော့ ဘာသာစကား အခက်အခဲဖြစ်လိမ့် မယ်။ သူတို့ နားလည်မယ့် စကားမျိုး။ ရှင်ပြတဲ့အခါတို့၊ သားသမီးတွေ



ဆယ်တန်းရောက်ရင်တို့နဲ့များ မေးခဲ့ရင်။”

စိတ်ဝင်တစားပင် ပါဝင်လို့ စဉ်းစားခဲ့သေးသည်။ ကျွန်မ တို့တွင် ရှိနိုင်သော နောက်ထပ် ဒုက္ခတစ်မျိုးကိုသူ ဆက်လို့ စဉ်းစားမိဟန်ဖြင့်

“ဒါကလည်း မေးခွန်းမှာ အတ္တကပ်မနေတဲ့ အမေးရှင်တွေ နဲ့သာ ဖြစ်နိုင်မှာပါ။ ကျေးဇူးပြုပြီး ကျွန်တော်ပြောတဲ့ မေးခွန်းအတိုင်း အတိအကျမေးပေးပါ ဆိုတာမျိုးတွေနဲ့လည်း တိုကြုံပြီးပြီဖြစ်မှာပေါ့။”

တင်ဆောင်းဟန်ရဲ့ စာအကြောင်းကို ပြန်ပြောပြခဲ့ရင် မမနီတို့ နုထွေးတို့ ဆရာတို့ ရယ်မောကြရတာ ထိုစာမိုဒ်ပဲလေ။

“အစိမ်းရောင် ခံစားမှုနဲ့ပတ်သက်လို့ ကျွန်တော်က အဲဒီအချိန် မှာ အသက် ၂၀ ပဲ ရှိပါသေးတယ်။ ကျွန်တော့်ဘာသာ လွတ်လပ်စွာ ဘောလုံးကစားနေချင်တဲ့ စိတ်ကူးနဲ့ ဆွဲခဲ့တာ။

မ,တို့ရဲ့ အလုပ်သဘောတွေနဲ့ ပြောရရင်တော့ နောင်အနှစ် ရှစ်နှစ်လောက် ကြာတဲ့အခါ ဒီပန်းချီကို အစိမ်းရောင် ခံစားမှုလို့ အမည်ပေးမယ့် အမျိုးသမီးတစ်ဦး ရှိလာမှာမို့ ဒီအတွက်ရည်ရွယ်ပြီး ဆွဲခဲ့တဲ့ ကျွန်တော့်ရဲ့ Mission ဖြစ်မှာပါ။”

ရှုံးခန်းသီးသန့် ရရှိလာခဲ့သော အချိန်များတွင် ကျွန်မစားပွဲနှင့် မျက်နှာမူရာမှာ အစဉ်ချိတ်ထားခွင့် တောင်းဆိုလျက် ချိတ်ထားခဲ့သော ‘အစိမ်းရောင်ခံစားမှု’နှင့် ပတ်သက်သော အောက်မေ့ဖွယ်များမှာ ကျွန်မ အတွက် များပြားလှပါသည်။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com



အလုပ်သစ်ထဲမှာ အခက်အခဲနည်းပါး၊ ချောမွေ့စွာ လုပ်ကိုင်နိုင်လာခဲ့ပြီဟု ကျွန်မကိုယ်ကျွန်မ သတိထားလိုက်မိချိန်မှာ ထိုအလုပ်ကို ကျွန်မ သက်ဝင်နှစ်လိုနေခဲ့ပြီ။ ပြတင်းတံခါး၊ ပျဉ်အဟကြားက ဝင်ရောက်လာသော နံနက်ခင်း လင်းရောင်နီတိုင်းမှာပင် ကျွန်မအတွက် အဓိပ္ပာယ်တော့ ပါဝင် လာသည်ဟု ထင်နေမိပြီ။ ရခိုင်အရှေ့ဒေသက လင်းရောင်နီ။ ထိုရောင်နီက တစ်နေ့တာလုပ်ငန်းများအတွက် အားပေးဖို့ ကျွန်မသို့ အချက်ပေးလင်းဖြာလာခြင်းလေ။

လုပ်ရမယ့်အလုပ်တွေ ခေါင်းထဲသို့ တန်းစီဝင်ရောက်လို့လာသည်။ အိပ်ရာမှ မထရသေးမီ ရွာများဆီ စိတ်ရှေ့ပြေး ရောက်နှင့်သည်။ သူတို့ရဲ့အပျော်တွေက ကျွန်မတို့ ကူးစက်၊ သတိရ ပြုံးမိစေခဲ့။ သူတို့ရဲ့ အခက်အခဲများက ကျွန်မတို့ကူးစက်ခေါင်းကိုက်စေခဲ့။ ဘယ်သို့ပဲဖြစ်စေ ကျွန်မ အလုပ်က မင်းပြားရုံးမှာ တချို့ရက်။ မင်းပြားကျေးရွာများမှာ တချို့ရက်။ တစ်ခါတစ်ရံ ကျောက်တော်ဘက်သို့ ကူးဖြစ်ခဲ့သည်။ စီမံကိန်းဘုတ်ဖြင့် သွားမြဲဖြစ်ပေမယ့် အနီးအပါး ကျေးရွာတွေ ကူးဖို့ လှေငယ်ငယ်ပေါ် တက်ရရင် ရေမကူးတက်လို့ ကြောက်နေမိသည့် စိတ်ကို-ဖုံးကွယ်ရင်း ခပ်တည်တည် ကူးခဲ့တာတွေ။ အိပ်ရာလိပ်ကျောမှာပိုးလျက် ဆန်နှင့်စားစရာ အချို့ကို သူတို့ ငြင်းဆန်သည့်ကြားက အတင်းအကျပ်ပင် ပေးခဲ့ဖို့သယ်ပိုးလျက် လျှောက်ခဲ့သည့် လယ်ကန်သင်းတွေ။ အလုပ်နှင့် ပတ်သက်လို့ ကျွန်မ ခံစားနားလည်တတ်လာပြီဟု တွေးထင်ရတော့မလား။

အလုပ်ခွင်တွင်း စိတ်ကျေနပ်မှု ရှိခြင်း၊ မရှိခြင်းမှာ အလုပ်၏



ခက်ခဲကြမ်းတမ်းခြင်း၊ လွယ်ကူသက်သာခြင်း သဘာဝနှင့်အချိုးကျလို့ နေတာမှ သေချာသလောက် ရှိနေပြီ။

ကိုယ့်အခန်းကဏ္ဍ၏ အရေးပါခြင်း သို့မဟုတ် အရေးပါခွင့်ရခြင်း၊ လုပ်ငန်းခွင်တွင်း လေထု။ လုပ်ငန်းခွင်ပြင်ပလေထု။ အောင်မြင်မှုများ။ ကိုယ်တစ်ဦးတည်း နှစ်သိမ့်ခံစားရသော ကိုယ့်အောင်မြင်မှု။ အများခံစားရ သော ကိုယ့်အောင်မြင်မှု၊ အကြောင်းခြင်းရာတွေတော့ များစွာရှိလေဦးမည် သာ။

နုနုထွေးကမူ သူ့ပင်ကိုမူ သဘောဖြူ အတွေးရိုးရိုးလေးဖြင့်

"ထွေးတို့က ပွဲစားလိုပါပဲနော်။ အလှူရှင်တွေရဲ့ ဆန္ဒအတိုင်း မပျောက်ပျက်တဲ့ ရေရှည်လုပ်ငန်း အရင်းအနှီးတွေ ရွာလေးတွေမှာ ကျန်ရစ်စေဖို့၊ နည်းပညာတွေ တတ်သိလာစေဖို့၊ ပံ့ပိုးပေးရတဲ့ အလှူပွဲစားကုသိုလ် သည်တွေလိုပါ။ သူတို့အောင်မြင်မှုမှာ သူတို့ ပျော်ရွှင်အားတက်နေတာ မြင်ရတာနဲ့တင် ထွေးဖြင့် ဝမ်းသာမိတယ်"

မျက်ဝန်းများ တောက်ပစွာဖြင့် ပြောခဲ့သည်။ ရလဒ်မျက်ဝါးထင်ထင် ဖြစ်လာဖို့ အချိန်လိုတတ်သော ကျန်းမာရေးကဏ္ဍမှာပင် အကျိုးရလဒ်မြင်ရစပြုပြီမို့ ကျွန်မရင်မှာလည်း ပျော်ရွှင်ခြင်းတွေ တရိပ်ရိပ်။

"ဒေါ်မိုးကြည်ဝေအတွက် ရွာပြန်လက်ဆောင်၊ ယင်ယုံအိမ်သာ ဆောက်ပြီးကြတဲ့ အိမ်ခြေစာရင်းလေး ပါလာတယ်။ ဒေါ်မိုး အမောပြေ သွားလိမ့်မယ်"

ဦးတင်ထွန်း ကမ်းပေးသော စာရင်းလေးတွင် ရွာရဲ့နောက်ဆုံး ပြောင်းလဲမှု သတင်းတွေပါဝင်မည်။ သူ့ရဲ့တာဝန်ကျ ကျေးရွာ ငါးရွာက ယင်လုံအိမ်သာ ဆောက်လုပ်ပြီးစီးထားသည့် အိမ်ခြေများကို ဖော်ပြထားသည့်စာရင်းပင်။ ဖတ်ရတာ ကျွန်မကို တကယ်ပင် အမောပြေစေခဲ့ပါ၏။ ရွာလုံးကျွတ် အိမ်ခြေတွေ နီးပါးမျှပါပဲ။ ကျွန်မရဲ့ ဝမ်းပျက်ဝမ်းလျှောရောဂါ နှင့် စနစ်တကျ ယင်လုံအိမ်သာ တည်ဆောက်ရေး ပညာပေးကဏ္ဍ၏ နောက်ဆက်တွဲ အကျိုးရလဒ်များဟု ဆိုနိုင်ပေမယ့် တကယ်မူ ဦးတင်ထွန်း ၏ ဆက်လက်နှိုးဆော်ပံ့ပိုးချက်တွေ မပါခဲ့ဘဲ သည်မျှ အောင်မြင်မှာ မဟုတ်ဟု ကျွန်မ သိနားလည်ထားသည်လေ။ နောက်တစ်လ မကြာမီ ရာနှုန်းပြည့် ပြီးစီးနိုင်တော့မှာပေ။

www.burmeseclassic.com

www.burmeseclassic.com

"ဆရာတို့ အားလုံးနဲ့ နုနုထွေးဆီကပါ စာရင်းတွေရပြီ။ အားလုံးကို သိပ်ကျေးဇူးတင်တာပဲ။ စာရင်းတွေက အားရစရာချည်းပဲလေ"

"စာရွက်ကလေး တစ်ရွက်အတွက်များ ဆရာမကလည်း ကျေးဇူးတင်ရတယ်လို့။ မသကာ တန်လှရင် တစ်ရွက် ရှစ်ကျပ်ပေါ့ဗျာ"

ဆရာဦးသန်းဌေးရဲ့ လူကြီးဆန်ဆန် ဟာသများကလည်း မကုန်ခန်းနိုင်တော့ဘူး ထင်၏။

"ဆောက်ပြီးစ အိမ်သာသစ်တွေ စာရင်းတင်ရင်တော့ မူလတန်းကျောင်းသစ်တွေမှာလည်း အိမ်သာသစ်တွေ ပြီးနေပြီနော် မိုး"

မမနီက ဝင်လို့ ပြောခဲ့စဉ် ကျွန်မ မချိပြုံးပြုံးမိရင်း

"ဒါပေမယ့် မမနီရယ်။ မိုး ရွှန်းရဲ့ ဝေဖန်သုံးသပ်သံကြီးကို ကြားယောင်ပါတယ်။ လူတွေရဲ့ အပြုအမူ၊ အတွေးအခေါ် ပြောင်းလဲဖို့ ဆိုတဲ့ အတွင်းမနေ၁ Software ကို မင်းမေ့နေပြီ။ Hardwareက လွယ်တော့ ဒီမြင်သာ၊ ထိကိုင်သာတဲ့ အဆောက်အအုံပဲ မင်းအောင်မြင်မှု ထင်နေလားလို့ ပြောမှာကိုလေ။ ကျောင်းသားလေးတွေကိုတော့ အိမ်သာကို ဘာဖြစ်လို့ သုံးသင့်သလဲကစပြီး အိမ်သာသုံးနည်းသင်တန်းကို ပေးရဦးမှာပါ။ သူတို့က ခါတိုင်းလိုပဲ အပြင်မှာ လွတ်လွတ်လပ်လပ် သွားကျင့်နဲ့ သွားချင်ကြတာ။ အကျင့်မရလို့ မသုံးပြန်ရင်အခက်ပဲ"

သူတို့ ကျွန်မဒုက္ခကို နားလည်ကြလျက်။ ကျွန်မ စကားကိုတော့ ရယ်မောကြလေသည်။

"ကျွန်တော့် ရွာကျောင်းက ကျောင်းသားတွေတော့ တစ်ပတ်ကို နှစ်ရက်၊ လက်သည်းညှပ်တဲ့ရက် သတ်မှတ်ပြီး လက်သည်းညှပ်ကြသတဲ့ဗျာ။ ကျွန်တော်ဓာတ်ပုံတောင် ရိုက်ထားသေးတယ်"

ကိုနေအောင်မြင် ပေးလာသော ဓာတ်ပုံများထဲမှ မချေလေးတစ်ဦး က အပုရှေ့ မောင်ငယ်လေးကို လက်သည်းညှပ်ပေးနေသော ဓာတ်ပုံလေးကို ကျွန်မ ကြာမြင့်စွာ ကြည့်နေမိ၏။ ကျောင်းကျန်းမာရေး စောင့်ရှောက်နေ့ တွေမှာ ကျွန်မ သူတို့လေးတွေနှင့် တွေ့နေကျ။ သည်မျက်နှာလေးတွေများစွာကို ကျွန်မ မြင်ဖူးနေခဲ့သည်။ အမှတ်ရစရာတွေ များစွာပေ။ ကျွန်မရဲ့ စီမံကိန်းဘုတ်



ဆိုက်ကပ်သည်နှင့် ရောက်လာကြိုတတ်ကြသော ရွာက မချေတို့။ ကျွန်မအပါးသို့ ကပ်လာရင်း သားဆက်ခြားကိစ္စကို တိုးတိုးလေး မေးမည်။ ကျွန်မ အတွေးတွေ ဘယ်လောက်ကြာမြင့်သွားသလဲမသိ။

"ဆရာမ ဒီရွာတွေကို ပြန်တော့သွားဦးမှာ မဟုတ်လား"

ဆရာဦးသန်းဌေးရဲ့ ခပ်ဆဆ အမေးကြောင့် ကျွန်မ အတွေးမှ နိုးသွားရသည်။

ထိုရက်များမှာ ကျွန်မ၏ ပဏာမကျန်းမာရေး၊ စောင့်ရှောက်မှု စီမံကိန်းနှင့် သက်ဆိုင်သော အကျိုးရလဒ်သတင်းကောင်းများကိုချည်း သူတို့ အထူးဂရုစိုက် ရှာဖွေပေးနေခဲ့ကြပါ၏။ အလုပ်တွေ များပြားသည့်ကြားက ကျွန်မအလုပ်တွေကို ကူပေးကြ၏။ မမနီ၊ ဆရာဦးသန်းဌေးနှင့် နုထွေးတို့က ကျွန်မကို မြောက်ဦး၊ ရွှေးဘုရားဖူး ပို့ပေးခဲ့ကြသည်။ ဆရာ ဦးကင်ထွန်းနှင့် ဦးနေအောင်မြင်တို့ကမူ မလိုက်ပါဖြစ်ခဲ့ကြ။ သူတို့ ရွာတွေမှာ ကျွန်မ သင်တန်းမပေးရသေးသည့် သားဆက်ခြားကို သင်တန်းပေးနေကြသည်တဲ့။ အစီရင်ခံစာ များစွာ အတွက် ကွန်ပျူတာကူရိုက်ပေးကြ၏။ ပြီးလျှင် ဦးသန်းဌေးမေးသော အမေးမျိုးကို သူတို့ ခပ်ဆဆ မေးတတ်ကြလေသည်။ သည့်ထက်တော့ ပိုလို့မမေးကြ။ ရွှန်း၊ မမနီနှင့် ကျွန်မတို့ရဲ့ ဆွေးနွေးပိုင်းကိုသာ နားစွင့်နေကြပုံပေ။

"ပြန်သွားရမှာပါ။ ပဏာမ ကျန်းမာရေး စောင့်ရှောက်မှု ပညာပေးတွေက ရပ်ထားလို့မှ မဖြစ်တာ။ ပင်မစီမံကိန်းကြီး မပြီးမချင်း ဆက်သွားနေရမှာ။ သူတို့ရဲ့ ကျန်းမာရေးကို သူတို့လက်ထဲအရောက် ပေးမယ်ဆိုတဲ့ ကတိအတိုင်း လုပ်ရမယ့်လုပ်ငန်းတွေ အများကြီးရှိနေသေးတာ"

ကျွန်မ စကားများ ခဏရပ်လို့ ပင့်သက်နှင့်အတူ အသက်ရှိုက်ရှူလိုက်မိရင်း။

"ကျွန်မ မဟုတ်တောင် တစ်ယောက်ယောက်ကတော့ ပြန်သွားရမှာပါ"

ခပ်တိုးတိုး ဖြေမိသည်။ ရုံးပေါ်ရှိနေသော စီမံကိန်းဝန်ထမ်းများ အားလုံး နှုတ်ဆိတ်လို့ သွားခဲ့ကြ၏။

ကျွန်မရဲ့ အလုပ်အစမ်းခန့်ကာလ သုံးလပြည့်ဖို့ ရက်ပိုင်းသာ

www.burmeseclassic.com

www.burmeseclassic.com

လိုတော့သည်လေ။

ကျန်းမာရေး စီမံကိန်းများ အကြံပေးအဖြစ် ဆက်လက်အလုပ်ကန်ထရိုက်ချုပ်ဆိုသော စာချုပ်က ကျွန်မ လက်မှတ်မထိုးရသေးဘဲ ကျွန်မ စားပွဲပေါ်မှာ ရှိပါသည်။ သုံးလပြည့်ဖို့ နှစ်ပတ်အလိုခန့်ကပင် မစ္စတာရွှန်း ပို့ပေးလာခဲ့ခြင်းပေ။

♣ ♣ ♣

သုံးလတာမျှသော အချိန်ကာလသည် ကျွန်မကို သည်မျှ ရှည်လျား ဝေးလံလှသော ခရီးကို ရောက်စေခဲ့သည်လား။

ခရီးအစမှာ ဟိုအဝေးဆီက္ပင် မရေးရေးမှိန်မှိန်သာကျန်ရစ်ခဲ့သည်။ တစ်ခါက ကျွန်မ ရပ်တည်ရာသည် လက်ရှိကျွန်မ ရောက်နေရာနှင့် အလွန်အလှမ်းဝေးကွာသွားခဲ့ပြီ။

ကျွန်မ ဆက်လျှောက်ရမည်လား။

ကျွန်မရှေ့တွင် မြူတွေလို ဝေပါးဆိုင်းဖွဲ့ နေခြင်းအောက် မထင်မရှား လမ်းလေးတစ်လမ်းလို ရှိလေသည်။

ကျွန်မရဲ့ နောက်မှာလည်း လမ်းတွေရှိနေသည်။ အဝေးကြီးဆီသို့နောက်ပြန်လှည့်လျှောက်သွားရတော့မည်လား။ ထိုသို့လျှောက်သွားနေရင်းဖြင့် ကျွန်မတွင် ဖြစ်ပေါ်ခဲ့သော ပြောင်းလဲခြားနားခြင်းတွေကို ပြန်လည်မှတ်ယူသွားရမည်လေ။ ဆုံးဖြတ်ချက်တစ်ခုတော့ ရှိရတော့မည်ပေ။

♣ ♣ ♣



ဂစ္ဆပနဒီ သို့ ဒုတိယအကြိမ် ဖြတ်ခဲ့ပြန်ခြင်းပေ။

ပထမအကြိမ် ဖြတ်သန်းခဲ့စဉ်ကကဲ့သို့ပင် ကျွန်မမှာ အတွေးစိတ်ကူးသစ်များထဲ နစ်မျောစီးဝင်လျက်။ ဆောင်းအစမို့ မြစ်ရေလည်း တည်ငြိမ်စ။ မိုးအခါကလို လေပြင်းများမရှိတော့ပေမယ့် သည်ဒေသရဲ့ စကားအရ ရေထဲမှာ လေအမြဲရှိတယ်ဆိုတာ မြစ်ရေပြင်ရဲ့ လှိုင်းတွေအစဉ်ထကြွလို့ ရှိတတ်တာကို ဆိုတာပါတဲ့လေ။ နံနက်ခင်း မြူနှင်းဆိုင်းဖွဲ့စဉ် မြစ်တစ်ပြင်လုံး ငွေမှင်ရည် ဖုံးနေခဲ့သည်။ မြူငွေ့များ ရေပြင်ပေါ် ပြေးလွင့်လျက်၊ အလင်းဖြူဖျော့ဖျော့များကြား သင်္ဘောလေး ဖြည်းဖြည်း ခုတ်မောင်း ခဲ့သည်။ နှင်းသက်လေက အေးစက်ပါဘိခြင်း။ နေရောင်ခြည် ဖြာဆင်းကျခဲ့ ခါမှ မြူနှင်းတို့ တလက်လက်၊ အရောင်ပြ၊ တစစကွဲခဲ့ချေသည်။ သင်္ဘောဦးမှ ရေမှုန်ဖွားဖွားနှင့် မြူမှုန်တို့ ရောထွေး၊ အလင်းပြန်နေကြစဉ် သင်္ဘောလေး အရှိန်တိုးမြင့် ခုတ်မောင်းလို့ရခဲ့ပြီ။

ကမ်းစပ်ရွာလေးမှာ လှမ်းကြည့်မြင်လို့ မဆုံးနိုင်။ ရွာလေးတွေရဲ့ နိဂုံးများကြားမှာ မိုးကုတ်စက်ဝိုင်းထိ ဖြန့်ခင်းထားသော လယ်တောရှိသည်။ ထိုလယ်တောတွေထဲမှာ ကြိုးကြာငှက်များက အုပ်စုဖွဲ့လို့နားနေကြသည်။ ဘယ်တောဘယ်တောင်အရပ်ဆီမှာ အသိုက်အအုံနှင့် နေကြရာက ပျံသန်းလာရောက်ကြသည် မသိရ။ ဟသ်ာငှက်ကလေးတွေ မောင်နှံစုံယှဉ်တွဲ ကူးခတ်နေကြသည်မှာမူ ဝေးဝေးက ရေစပ်ဆီမှာပေ။

စစ်တွေနှင့် နီးလာသောအခါ စိမ်းမှောင်မှောင် တောတန်း တောင်တန်းများ ဆက်လို့လာခဲ့သည်။ တစ်ခါတစ်ရံ စစ်တွေ-ရန်ကုန်

www.burmeseclassic.com

www.burmeseclassic.com



သားလေမ်းမကြီးကို တောင်နှင့် မြစ်ကြားမှာ ဖွေးဖွေးလေး လှမ်းမြင်ရ၏။ သဘာဝတောင့်ကတွေ ကျက်စားလို့နေကြသေးဟာ။ သဘာဝပြမြေရတွေ တစ်ဟုန်ထိုး စီးဆင်းကြည်လင်နေသေးတာ။ သစ်တောကိမ်းစိမ်းအုပ်အုပ်နှင့် တောင်တန်းညို့ညို့တွေ မြင်နေရသေးတာ သိပ်ဝမ်းသာဖို့ ကောင်းတာပါပဲ ခနှင် တင်ဆောင်းဟန်။ ကျွန်မရဲ့ အတွေးထဲ တိုင်တည်ပြောချင်တာခဲ့လှူင် ဖာပိုပ်ပင်ခံမှာ "သူ"ဖြစ်ခဲ့တာကြာနေပါပြီ။ တစ်စုံတစ်ခု ပြန်လည်ပြောပြမှုကို တိုအပ်သလို ခံစားမိခဲ့ရင် အမတွေးထဲကနေ "သူ"သို့ တိုင်တည်လိုက်မိသည်သာ။

နေ့ရော်မိကတာကြောင်းတွေကို လှမ်းငေးရင်း သူ့ကိုသတိရမိသည့် အတွက်မှကျွန်မကွင် ဆိုရပျော်သောအကြောင်းပြစရာလေးတော့ရှိနေပါသည်။ သဘာဝကို မျစ်ခင်မှာတ်နှံးသိမ်းဖောင့်ရှောက်သူတစ်ဦးအကြောင်း အာနိုးတက်ဝဏ္ဏရှည်ကြီးတစ်ပုဒ်တင်ဆောင်းဟန် ရေးဖူးခဲ့သည်လေ။

ထိုနည်းတူပေ သူ့ကို သတိရမိခြင်းများတွင် ဆီလျော်သောအကြောင်းပြစရာတွေ ကျွန်မမှာ အသီးသီးရှိနေခဲ့သည့်ပင်။

ကျွန်မရဲ့ပတ်ဝန်းကျင်ထဲ သူ ဝင်လာခဲ့သည့်မှာ တစ်နှစ်မပြည့်ခဲ့သေးပါ။ နောင်နှစ်တွေများစွာ ရှည်ကြာဖို့သည့်တိုင် ကျွန်မအတွေးထဲဆက်တည်နေတော့မည်သိရဲ့လေ့ "ကျွန်တော်အမြဲရှိနေမှာပါ" ဆိုခဲ့သည်ပင် ထင်ပါ၏။ အခါများစွာပင် အတွေးထဲမှာ သူ့ကိုတိုင်ပင်လိုက်ပြီး ဆုံးဖြတ်လုပ်ကိုင်ခဲ့သည်များရှိခဲ့သည်။ ပေးဝေးမှာတစ်ကိုယ်တည်း ကိုယ့်ကျွမ်းကျင်ရာ ပညာပိုင်းဆိုင်ရာနှင့်ပတ်သက်လို့တိုင်ပင်ဖော်မရှိ။ ကြံ့ဆကြိုးပမ်းမှုတွေကိုပဲ အားကိုးနေရသည့်ခုလိုအခါမျိုးမှာပေါ့လေ။ အနည်းဆုံးတော့ နှစ်ကြိမ်စဉ်းစားဆုံးဖြတ်ဖို့ဖြစ်လာခဲ့ပါသည်။ တစ်ကြိမ်မှာ ကျွန်မအနေဖြင့် စဉ်းစားခြင်း။ နောက်တစ်ကြိမ်မှာသူ့အနေဖြင့် အဆုံးတွင် သူ့စဉ်းစားဆုံးဖြတ်ချက်ကိုပဲ အတည်ယူခဲ့မြဲ။

သူဆိုရင်လည်း ဒီလိုပင် စဉ်းစားဆုံးဖြတ်မှာပါပဲလေ။ အံ့သြဖို့သိပ်မရှိသည်ကမူ သူနှင့် ကျွန်မ စဉ်းစားဆုံးဖြတ်တာချင်း တူညီကြတာများနေတာပင်။

သည်လိုနည်းနှင့် ကျွန်မရဲ့ စဉ်းစားဆုံးဖြတ်တာခြင်း



တစ်ရပ်ကို သူ့အား အသိပေးဖို့ ကျွန်မမှာ တာဝန်ရှိနေခဲ့ပါသည်။

သူနှင့်ကျွန်မ စစ်တွေရောက်ရင် ဆက်သွယ်ရမည်ပေ။

တစ်ကြိမ်က သူခရီးထွက်ခွာနားခိုနေခဲ့သော တောရွာလေးသို့ သုံးပတ်မျှကြာမြင့်အောင် ထပ်မံခရီးသွားနေခဲ့တာ ကျွန်မ သိထားခဲ့သည်။ သူခရီးမှ ပြန်ရောက်တာ ရက်ပိုင်းမျှရှိလေဦးမည်။

စစ်တွေရောက်သည်နှင့် ကျွန်မ သူ့ထံ တယ်လီဖုန်းမှတစ်ဆင့် ဆက်သွယ်ရမည်ပေ။ ထိုစဉ် သင်္ဘောလေးလည်း စစ်တွေသို့ လှမ်းမြင်နိုင်သော မြစ်ပြင်ကျယ်သို့ ရောက်ခဲ့ပြီ။ လှိုင်းလေအထန်ပြင်းဆုံး၊ မြစ်ပြင် အကျယ်ပြောဆုံးသော ထိုနေရာကို သင်္ဘောလေး စတင်ဖြတ်သန်းနေခဲ့ ပြီပေ။

♣ ♣ ♣

ဂစ္ဆပနဒီ မြစ်ကမ်းပေါ်က မေယုဟိုတယ်မှာ ထုံးစံအတိုင်း ဧည့်သည်တွေ ပြည့်ကျပ်လို့ပါပေ။ ဧည့်ခန်းမဆောင်မှာလည်း ကျွန်မလိုပင် သင်္ဘောဆိုက်လာသော ဧည့်သည်တွေရှိသည်။ အခန်းနေရာယူဖို့ စောင့်နေကြသည်။ ကျွန်မတွင် ပစ္စည်းများစွာမပါပါ။ ကျောပိုးအိတ်တစ်ခုသာပါပဲ။ အခန်းထဲ အလျင်စလို ဝင်စရာမလိုပါ။ ကျွန်မ ရန်ကုန်သို့ ဖုန်းဆက်သွယ်ထားပြီမို့ ဖုန်းစောင့်လို့နေလိုက်သည်။ ရန်ကုန်မှရခိုင်သို့ လာသည့်ရက်က စစ်တွေညမှာလို ဖုန်းစောင့်သူတွေ မများသေးပါ။

"မ,လား။ ကျွန်တော်ပါ။ တင်ဆောင်းဟန်။ မ, နေကောင်းတယ်နော်။ အခု ဘယ်ကနေ ဆက်နေတာလဲ"

သူ့အသံမှာ ကြည်လင်ပေါ့ပါးစွာ။ သူ့အသံကို ကြားရသည်က နွေးထွေးစေလှသည်။ ချစ်ခင်ကျွမ်းဝင်မှုတွေကို အောက်မေ့ခံစားမိစေခဲ့ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



"ကိုတင်ဆောင်းဟန် နေကောင်းလားဟင်။ ကျွန်မ စစ်တွေက ဆက်နေတာပါ"

ကျွန်မရဲ့ အသံမှာလည်း တည်ငြိမ်ပေါ့ပါးစွာ။ သို့ပေမယ့် ထက်သန် ပျော်ရွှင်ခြင်းတွေ ပြည့်ဝစွာနှင့်။

"ကျွန်တော် နေကောင်းပါတယ်။ မ, စစ်တွေကို အလုပ်နဲ့ ရောက်ခဲ့တာလား"

"ကျောက်တော်မှာ မြို့နယ်အခြေခံတိုင်းရင်းဆေးပညာ သင်တန်းဖွင့်ဖို့ရှိတယ်။ ဒီအတွက် ကျွန်မ ညှိနှိုင်းဖို့ လာခဲ့တာပါ။ ပြီးတော့အိမ်ကိုရော ကိုတင်ဆောင်းဟန်ကိုရော ဖုန်းထဲမှာစကားပြော ချင်သေးတယ်လေ"

ကျွန်မတို့နှစ်ဦး အေးဆေးစွာ စကားပြောဖြစ်နေပြီ။ ဝေးကွာခြင်းက နှစ်ဦးစလုံးကို ရင့်ကျက်တည်ငြိမ်သွားကြစေပြီလား။ အေးစက်ခြင်းတော့ မဖြစ်တန်ရာပေ။

"ဖုန်းခေါ်တဲ့အတွက် ကျေးဇူးတင်ပါတယ်။ ကျွန်တော်လည်း အဆက်အသွယ် ရချင်နေမိတာ။ အခု ဖုန်းဆက်လို့ရပြီလေ။ မ, ကျွန်တော့်ကို ဘာပြောမှာလဲ"

ကျွန်မ စကားစတင်ဖို့ ခက်နေမိသည်။ စိတ်ထဲမှာအပြစ်မကင်းသလို ခံစားနေရတာ ဘာကြောင့်ဆိုတာ ကျွန်မကိုယ်ကျွန်မ သိနေမိပါ၏။

"ကိုကျော်စွာတို့ နှင်းနှင်းတို့ရော ဘာတွေလုပ်နေကြပြီလဲ။ သစ်ဆင်း ပြပွဲရဲ့ အောင်မြင်တဲ့သတင်းတွေ ကျွန်မ ဂျာနယ်တွေထဲမှာ ဖတ်ရပါတယ်"

ကျွန်မရဲ့စကားတွေက တင်ဆောင်းဟန်ရဲ့ ထက်သန်လှသော အမေးကို ဖြေနေခြင်းမှ မဟုတ်ဘဲ။ ထိုအဖြေစကားအတွက် ကျွန်မ စကားတွေ ရွေးချယ်မပြီးသေးဆဲ. . .

"ကိုကျော်စွာရဲ့ အားထုတ်မှုတွေပါ 'မ'။ ဒါထက် မ,ကို ကျွန်တော် ချီးကျူးဝမ်းသာစကား မပြောရသေးဘူး"

ကျွန်မ တုန်လှုပ်အံ့ဩသွားမိစွာ

"ဘာအတွက်လဲ ဟင်"

မေးမိလျှင် တင်ဆောင်းဟန်ရဲ့ တိုးတိုးရယ်သံကို ကြားရသည်။



"မ, အလုပ်ဆက်မှာကို ကျွန်တော် သိပ်ဝမ်းသာတာပါပဲ"

ကျွန်မ အပြောရခက်ခဲနေသော အကြောင်းအရာကို သူ သိထား ပြီးခဲ့ပြီ။ ပြောဖို့ခက်ခဲတာမှန်ပေမယ့် ကျွန်မကိုယ်တိုင် သူ့ကို ဖွင့်ဟပြောပြ ချင်မိတာ။ ကျွန်မရဲ့လှုပ်ရှားမှုတွေမှာ ဒီလောက်ပဲ မလုံခြုံရတော့ဘူးလား။ ပထမဆုံးအကြိမ်အဖြစ် တစ်စုံတစ်ယောက်ကို စိတ်ဆိုးချင်မိပေ၏။ အဖြစ်နိုင်ဆုံးသူကတော့. . .

"မမနီ ပြောပြတာလားဟင်"

"ကျွန်တော် ခန့်မှန်းကြည့်လို့ ရပါတယ် မ,ရဲ့။ ဒီအလုပ်ထဲမှာ သက်ဝင်နေပြီဆိုတာ ကျွန်တော် ခံစားလို့ရနေပါတယ်"

သူ့ရဲ့ ပေါ့ပါးသော စကားသံတွေက ပေါ့ပါးသော အတွေးတွေကို ထင်ဟပ်နေခဲ့သလိုပေ။ သည်လောက် အလွယ်တကူ မဟုတ်ခဲ့ပါဘူး တင်ဆောင်းဟန်။ နောက်ဆုံးမိနစ်အထိ ကျွန်မ ဝေခွဲဆုံးဖြတ်နိုင်ခြင်း မရှိခဲ့တာ ဘာကြောင့်ဖြစ်မယ် သူထင်လေသလဲ။

"ကျွန်မ ပြန်ခဲ့ဖို့ဆုံးဖြတ်ပြီးသားပါ။ ဒါပေမယ့်"

ရောက်ဖူးဖို့ အိပ်မက်မမက်ခဲ့သော ရွာလေးတွေဆီ ကျွန်မ ရောက်ရှိ နေထိုင်ခဲ့ဖြစ်တာ။ ကျွန်မနောက်က တစ်စုတစ်ရုံး လိုက်တတ်တဲ့ ကျောင်းသား လေးတွေရဲ့ မျက်နှာ။ ကျောင်းဝင်ငွေတိုး ပြောင်းစိုက်ခင်းအတွက် မြေရိုင်းတွေ ခုတ်ယွင်ရှင်းလင်းနေကြသည့် တစ်ရွာလုံး အဆီပြန်နေတဲ့အပြုံး မျက်နှာများ။ အတွေးများဆိုတာ စကားလုံးအဖြစ် ပြောင်းလဲချင်ငိုင်းပု မဖြစ်တာဘဲလေ။

"လုပ်ခဲ့တဲ့ အလုပ်ငေ ၊ ရဲ့ ရလဒ်က သိဖို့အချိန်စောနေ သေးတာပေါ့ တင်ဆောင်းဟန်။ အလုပ်တွေကနေ ဘာတွေဖြစ်လာမှာလဲ၊ ဘာတွေ ပြောင်းလဲပြီး ကျန်ခဲ့မှာလဲဆိုဟာတွေ ကျွန်မ သိချင်လာမိတယ်။ ဒါကြောင့်ပဲ ဆက်ပြီးအလုပ်လုပ်ဖို့ ဆုံးဖြတ်လိုက်ကာပါ"

ထိုအခါ ကျွန်မကို နှစ်သိမ့်စေလှသော စကားများကိုသူ ဆိုခဲ့ပါ၏။

"ကျွန်တော်ဆိုရင်လည်း ဒီလိုပဲ ဆုံးဖြတ်မှာပဲလေ"

သူ့စကားများကို ကျွန်မ တုံ့ပြန်လိုက်မိသည်က ခေတ္တမျက်လုံး များမှိတ်ထား၊ ခံစားယူလိုက်ခြင်းပါပေ။

"ဒီအလုပ်နဲ့ ပတ်သက်ရင် ကိုတင်ဆောင်းဟန်လည်း သိခွင့်ရှိ

www.burmeseclassic.com

www.burmeseclassic.com



တာမို့ ကျွန်မ ကြိုပြီး အသိပေးဖို့ပါပဲ။ အစမှာ ကျွန်မဘာသာလည်း မသေချာလှဘူး။ နောက် အချိန်သိပ်ကပ်သွားတာမို့ အသိမပေးဖြစ်ခဲ့တာပါ။ ဖေဖေနဲ့ မေမေကိုလည်း တောင်းပန်ရတော့မှာပါပဲ"

ပြောနေရင်းက အိမ်ကိုထက် သူ့ဆီ တယ်လီဖုန်း အရင်ဆက်သွယ် မိနေတာသတိရသည်။

"မ,ရဲ့ ဖေဖေနဲ့မေမေကိုလည်း ကျွန်တော် အကြောင်းကြားထားပေးပါတယ်။ ဘုရားလည်းဖူးရင်း မ,ရဲ့အလုပ်တွေလည်း ကြည့်ဖို့ အန်တီနဲ့ အန်ကယ်က လာကြဦးမှာတဲ့"

သည်စကားများအတွက် ကျွန်မ သူ့ကို ကျေးဇူးတင်မိပါသည်။ ထိုစဉ် အတွေးတစ်ချက် ဖျတ်ခနဲဝင်ခဲ့လျက်-

"ဖေဖေနဲ့မေမေတို့ တင်ဆောင်းဟန်ရဲ့ ခန့်မှန်းကြည့်မိရုံကလေးနဲ့တော့ အကြောင်းကြားမပေးလောက်ဘူး ထင်ပါတယ်နော်"

ကျွန်မပြောခဲ့လျှင် တယ်လီဖုန်းတစ်ဖက်မှာ သူ ရယ်မောနေခဲ့ပါသည်။

"ဘာပဲဖြစ်ဖြစ်ပါလေ။ တင်ဆောင်းဟန် မေမေတို့ကို သတင်းပေးပေးတာ ကျွန်မ ကျေးဇူးတင်ပါတယ်။ သုံးလပဲလို့ သိထားတော့ အိမ်က သတင်းနားထောင်နေကြမှာ။ ကျွန်မ အချိန်မီ မဆုံးဖြတ်နိုင်ခဲ့တော့ အကြောင်းကြားလည်း နောက်ကျသွားရတယ်"

ကျွန်မမှာ အကြောင်းပြနေဆဲ ရှိပါသည်။ ကျွန်မစိတ်တို့ မလုံခြုံနိုင်ခဲ့သေးပါ။ အခါတိုင်း ကျွန်မရဲ့ ခပ်ဆဆစကားများကို ကြားရလျှင် သူက ပြုံးနေလေ့ရှိပါသည်။ ယခုမူ တယ်လီဖုန်းတစ်ဖက်မှ သူ့မျက်နှာကို ကျွန်မ မမြင်သာ။ ကျွန်မ ဖေဖေနှင့်မေမေကိုရော သူ့ကိုပါတွေ့ချင်လာမိခဲ့သည်။ အလုပ်တွေနှင့် ဖိထားခဲ့လို့ မကြွသာလေသော အိမ်ပြန်ချင်တဲ့ ဝေဒနာက အချိန်အားလေးမှာ ဝင်ရောက်လာခဲ့သည်။ တယ်လီဖုန်းလိုင်းကြိုးထဲမှ တစ်ဆင့် ရန်ကုန်ရနံ့လေးပင် ရခဲ့သလို ရှိလေ၏။

"ဘာကြောင့်မို့ သုံးလစာချုပ်ကုန်တဲ့အထိပဲလို့ ဆုံးဖြတ်ထားရတာလဲ။ ကျွန်တော်ကတော့ အစကတည်းက မ,ကို စီမံကိန်းပြီးစီးတဲ့အထိ လုပ်နိုင်ဖို့ သေချာပြီးသားပဲ"

"ကျွန်မဘက်ကတော့ ဒီလိုတွေးထားခဲ့တာ မဟုတ်ပါဘူး"



"ပြောပါလေ။ ဘာကြောင့်လဲ ဆိုတာ "

သူ တကယ်ပင် မသိတော့ပြီလား။ သူ့ရဲ့ မေးခွန်းအဆင့်ဆင့်က ရင့်ကျက်တည်ငြိမ်ခြင်းတွေကို ရုတ်တရက်လို ကျွန်မထံမှ ပြေးခွာသွားကြစေလျက် . . .

"ကျွန်မ တင်ဆောင်းဟန် နားမှာ ရှိသင့်တယ်။ တစ်ချိန်လုံးပဲပေါ့။ မရှိနိုင်တာဟာ ကျွန်မအတွက် မဖြစ်သင့်ဆုံးပဲ။ ဒါကြောင့် အဝေးမှာ မလုပ်ချင်ခဲ့ဘူး။ လုပ်ခဲ့ပြန်တော့လည်း ကျွန်မ တစ်ခါမှ ကြားလည်းမကြားဖူး၊ လုပ်လည်း မလုပ်ဖူးခဲ့တဲ့ ဖွံ့ဖြိုးရေးအလုပ်ကို တင်ဆောင်းဟန်ပြောခဲ့သလို သက်ဝင်သွားမိခဲ့တာ။ ဒါပေမယ့် မင်းသိန်းနိုင်မှာ မဟုတ်ဘူးနော်။ ကျွန်မတို့ အလုပ်တွေ အများကြီး လုပ်ရပါတယ်။ လုပ်ရမှာပဲပေါ့လေ။ စီမံကိန်းကာလက နှစ်နှစ်ပဲဆိုတော့ ဒီအတွင်းမှာ ပြီးချင်တာတွေက အများကြီးကိုး။ ကျွန်မ တာဝန်ယူရတဲ့ မြို့နယ်တွေလည်း ပိုလာခဲ့ပါတယ်။ ကျွန်မ မင်းကို သတိရ နေမိတဲ့အခါတွေကို မင်းသိန်းနိုင်မှာ မဟုတ်ဘူး။ တစ်ခါတစ်ရံ အဲဒါ ရွာအစည်းအဝေးရဲ့ အလယ်ကောင်မှာ ဖြစ်နေတတ်တယ်။ မခံမရပ်နိုင်တဲ့အခါ သိပ်ပြီး ပြန်ပြေးလာချင်တာပဲ"

ကျွန်မ စကားမဆက်နိုင်ခဲ့တော့။ သူ့ဘက်မှာလည်း တိတ်ဆိတ်သွားလျက်။ ကျွန်မလိုပဲ မျက်လုံးများ ခေတ္တမှိတ်နေထားနေတာ ဖြစ်နိုင်သည်။ သို့ပေမယ့် ထိုသို့ဖြစ်ဟန်မတူခဲ့ပါ။ သူ စကားပြန်ပြောသောအခါ စကားသံပင် တိုပြတ်ချင်သည်။

"မ,လုပ်ချင်တဲ့ သက်ဝင်နေတဲ့ အလုပ်တစ်ခုခုကို လုပ်ရဖို့ တာဝန်ရှိတယ်လေ။ အတတ်ပညာလည်း ရှိတယ်။ သင့်တော်တဲ့ အလုပ်လည်းရှိနေတယ်။ သင့်တော်တဲ့အလုပ်လည်း ရှိနေတယ်။ မလုပ်ဘဲ အချိန်ဖြုန်း နေရသလို ဖြစ်နေမယ်ဆိုရင် မ, ကိုယ့်ကိုယ်ကိုရော စိတ်ကြည်ဖြူမှာလား။ ကြာကြာလည်း ဘယ်သူရပ်တည်နိုင်မှာလဲ။ ကျွန်တော့်နားမှာ ရှိသင့်တယ်တို့၊ မဖြစ်သင့်ဘူးတို့ ဆိုတာတွေက မ,ရဲ့ ခံစားချက်တွေပါ။ မ,ရဲ့ဘဝ မဟုတ်ပါ ဘူး။ ပြီးတော့ ကျွန်တော့်ရဲ့ ဘဝလည်း မဟုတ်ဘူး။ ကျွန်တော့်ဘဝထဲမှာ ကျွန်တော်လည်း ကျွန်တော့်အလုပ်ကို လုပ်နေတယ်လေ"

သူ့စကားဆုံးသည်နှင့် ကျွန်မ ညည်းတွားမိသည်က. . .

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ နားမလည်နိုင်တော့ဘူး ထင်တယ်"

သူ့စကားသံ ပိုမိုညင်သာခဲ့ပါသည်။ ဖျောင်းဖျလေသံ၊ စိုးရိမ်မကင်းဟန်ဖြင့်. . .

"ကျွန်တော့် စကားတွေကို တကယ်နားမလည်ဘူးလား"

ကျွန်မ တိုးတိုးအဖြေပေးမိသည်။ သက်ပြင်းရှိုက်သံပင် ပါဝင်သွားမည်ထင်မိသည်။

"မဟုတ်ဘူး။ စကားတွေကို နားလည်ပါတယ်။ ကိုတင်ဆောင်းဟန် ဘယ်လိုသဘောနဲ့ ပြောနေတာလဲဆိုတဲ့ အဓိပ္ပာယ်ကိုသာစဉ်းစားနေမိတာ။ စကားတွေရဲ့ အနောက်မှာ ဘယ်လိုသဘောထားရှိနေလဲ ကျွန်မ နားမလည်ဘူး။ စဉ်းစားကြည့်နေတုန်းပဲ"

"စကားတွေ နားလည်ရင် စကားကိုပဲ နားထောင်နော်။ အလုပ်လုပ် နေရင်း ကျွန်တော့်ကိုလည်း သတိမရနဲ့။ အလုပ်ရဲ့အရည်အသွေးတွေ ကျဆင်းသွားနိုင်တယ်လေ။ မ, ဒီအလုပ်ကို သက်ဝင်ခဲ့ရင် ဖွံ့ဖြိုးရေးရဲ့ ရှေ့ဆက်သင်ကြားရေးဘွဲ့လွန်တွေ ရှိပါတယ်။ ဒါပေမယ့် field အတွေ့အကြုံများလေ အခွင့်အရေးရလေပဲဆိုတာတော့ မမေ့နဲ့ပေါ့"

သည်းခံနိုင်စွမ်းတွေ နည်းပါးကာ စိတ်တိုချင်လာသည့်ကြားက နောက်ဆုံးတော့ ကျွန်မ ရယ်ပြုံးမိပါသည်။

"ဘာကိုရယ်တာလဲ"

"ဩော် သိပ်ပြီးယောကျ်ားပီသတာပဲနော်။ စကားနားထောင်ဆိုလို့ပါ"

တင်ဆောင်းဟန် သဲ့သဲ့ရယ်မောလေသည်။

"ကျွန်တော့်ကိုနားလည်ပါ မ။ ကျွန်တော့်နားမှာ ရှိသင့်တယ်ဆိုတဲ့အတွေးက မ,ကို နှိပ်စက်နေမှာ စိုးရိမ်တယ်။ တစ်ချိန်လုံး ရှိသင့်တယ်။ တွေးပေမယ့် မ, ကျွန်တော့်အနားမှာ ရှိနေလည်း ကျွန်တော် ခရီးတွေ ထွက်နေခဲ့တာပဲ မဟုတ်လား။ ကျွန်တော့်ဘဝနဲ့ ကျွန်တော့်အချိန်ကို ကျွန်တော် အသုံးချနေသလို မ,ကိုလည်း ဖြစ်စေချင်တာပါ။ မနက်ဖြန်ဆို ကျွန်တော် ခရီးထွက်ဖို့စီစဉ်ထားတယ်လေ။ ဒီတစ်ခါ ရှမ်းပြည်နယ်ဘက် ကိုပဲ။ ကျွန်တော်နဲ့အတူ ဖုန်းမြင့်ကို ပါတယ်။ သူက သူ့စီးပွားရေးကိစ္စနဲ့ မူဆယ်သွားမှာ"



ကျွန်မ စိုးရိမ်စိတ်တွေ ဝေ့လာမိရင်း. . .

"ပြန်လာတာ မကြာသေးဘူး မဟုတ်လား။ ခရီးတွေများရင် တင်ဆောင်းဟန် ပင်ပန်းနေမှာပေါ့"

"အခြေအနေကောင်းပါတယ် မ,ရဲ့။ သွားနေကျတွေပဲ "

ကျွန်မ စစ်တွေတွင် နှစ်ညအိပ်ရမှာပေ။ စစ်တွေမြို့ပေါ်မှာ ရှိစဉ်သူနှင့် တယ်လီဖုန်းဆက်သွယ်လို့ ရပါသည်။ သို့စင်လျက် သူသွားမည်ဆိုသောအခါ ကျွန်မ အစီအစဉ်ကို မပြောပြဖြစ်ခဲ့တော့။ သူကလည်း မမေးခဲ့ပေ။

"တင်ဆောင်းဟန် ကျန်းမာရေးလေးတော့ ဂရုစိုက်ပါနော်"

"စိတ်ချ။ ကျွန်တော်လည်း မှာရမယ်။ အလုပ်တွေလုပ်ကောင်းကောင်းနဲ့ ကိုယ့်ကျန်းမာရေးကိုလည်း ကိုယ်မမေ့နေဦးမယ် မ"

ကျွန်မ ကျန်းမာရေးအတွက် သူက တစ်ပြန်မှာကြားနေသေးခဲ့သည်လေ။

"ကျွန်တော် အခွင့်အရေးရတာနဲ့ မ,ဆီ ဖုန်းဆက်ပါမယ်။ ကျွန်တော့်ကို စစ်တွေဖုန်းနံပါတ်လေး ပေးထားလေ"

ဓမယုရဲ့ တယ်လီဖုန်းနံပါတ်ကို ပေးခဲ့သည်။ သို့ပေမယ့် သူဆက်မှာ မဟုတ်တာ ကျွန်မ သိနေမိပါသည်။

"မ, ရန်ကုန် ဘယ်တော့လာဦးမလဲ။ လာဖို့ရော ရှိမလား"

"အခွင့်အရေးရတာနဲ့ပေါ့။ ဒီဇင်ဘာကုန်လောက်တော့ ဖြစ်မယ် ထင်ပါတယ်"

ကျေးဇူးပြုပြီး ဒီဇင်ဘာမကုန်မချင်း ဘယ်သူမှ ခွင့်မယူကြပါနဲ့ဦးဟု ဆိုထားသော ရွှန်းရဲ့မျက်နှာကို မြင်ယောင်ရင်း ကျွန်မဖြေမိပါ၏။

သည်လိုနှင့် နှုတ်ဆက်ခွဲခွာရတော့မည့် အချိန်သို့ ရောက်ခဲ့တာပါပင်။

ကျွန်မ ဖုန်းကို ဖြည်းညင်းစွာချခဲ့ပြီး ခေတ္တငြိမ်သက်နေမိသည်။ သတိရမှ လှည့်ကြည့်မိတော့ ဧည့်သည်တွေ မရှိတော့ပါ။ ကိုယ့်အခန်း သူ့အခန်းဝင်ကြပြီ။

ကံအားလျော်စွာ တယ်လီဖုန်းစောင့်နေသူလည်းမရှိ။ ဧည့်ကြိုကောင်တာတွင် ဝန်ထမ်းလေးတစ်ဦးတည်း။ ကျွန်မရဲ့ ဖုန်းဆက်သွယ်

www.burmeseclassic.com

www.burmeseclassic.com

ချိန်ကိုမှတ်ပြီး ငွေတောင်းခံဖို့ နေခဲ့သည်။

ကျွန်မ လူငယ်လေးသို့ လှမ်းပြုံးပြရင်း ပြီးသွားပါပြီဆိုသည့် အဓိပ္ပာယ်ဖြင့် ပိုက်ဆံအိတ်ပါးလေးကို မြှောက်ပြလိုက်ခဲ့သည်။

♣ ♣ ♣

နေလုံးနီနီ ပင်လယ်ထဲသက်ဆင်းဝင်ရောက်လုဆဲဆဲတွင် ပင်လယ်ကမ်းစပ်မှာ အလှကြီးလှနေခဲ့သည်။

ပင်လယ်လှိုင်းလုံးကြီးများ အဆက်မပြတ် ရိုက်ခတ်နေဆဲ၊ ပင်လယ်လေမှာလည်း အဆီးအတားမဲ့ တိုက်ခတ်နေခဲ့သည်။ ကိုယ်ပေါ်မှ အဝတ်အစားတို့ကို တဖျတ်ဖျတ် လွင့်ခါနေစေလျက်။ အေးရှစွာ ထိတွေ့လျက်။ ဂန္ထပနဒီမြစ်ဘက်ဆီတွင် ကမ်းကို ရေးရေးမြင်ရလေသည်။ 'ဖရုံကာ' ကျွန်းများက ညနေရီ၏ မြူခြေ ဆိုင်းဆိုင်းကြား ပျပျထင်နေခဲ့သည်။ မြစ်ရေ က ပင်လယ်ထဲသို့ စီးဝင်နေသည်ဆိုလည်း ဆောင်းအဦးအစမို့ လှိုင်းတွေ၊ ဝဲဂယက်တွေ များစွာ မတွေ့ရ၊ မြစ်ရေမှာ တည်ငြိမ်ပြန့်ပြူးနေခဲ့သည်။ ဘင်္ဂလားပင်လယ်အော်ဆီတွင်တော့ ဘယ်ဆီသောင်ကမ်း လှမ်းမမြင်သာခဲ့။ ပင်လယ်ရေပြင်က မိုးကုတ်စက်ဝိုင်းထိတိုင် လှိုင်းတွေအထပ်ထပ်ဖြင့် ထိစပ်နေခဲ့သည်။ တစ်ဖက်မှာ မြစ်၊ တစ်ဖက်မှာ ပင်လယ်ဖြင့် ခြားနားသော ရှုခင်းကို ဖြစ်ပေါ်နေစေခဲ့ပါ၏။ စစ်တွေ၏ ပွိုင့်။ ပွိုင့်၏ သဲသောင်ပြင် ကျယ်ပေါ် ကျွန်မ၏ အချိန်များကို ကုန်ဆုံးစေခဲ့သည့် တစ်ညနေပေ။

ပွိုင့်သို့ အပန်းဖြေလာသူများ ခပ်ကျဲကျဲ ရှိနေသည်။ သူတို့ဆီမှ အပျော်၊ အရယ်မောသံများ လွင့်ပါးလို့ လာတတ်သည်။ ကျွန်မမူ သဲသောင် ပြင်ပေါ် လမ်းလျှောက်ရင်း ပင်လယ်ပြင်သို့ ရပ်တန့်ငေးမောဖြစ်သည့်အခါ ငေးမော။ ကျောက်ဆောင်တန်းများ ဖျော်တွင်လည်း ထိုင်။ အချိန်တို့ ကုန်ဆုံး သွားနေသည်ကို ကြည်ဖြူစွာ



စောင့်ငေးနေဖြစ်သည်။ သည်နေ့ နေ့လယ်နှစ်နာရီတွင် ကျွန်မရဲ့ စစ်တွေမှာ လုပ်ရမည့်အလုပ်တွေ ပြီးစီးသွားခဲ့ပြီ။ မနက်ဖြန်နံနက် စောစောတွင် မင်းပြားသို့ ပြန်ရတော့မည်ပေ။

တင်ဆောင်းဟန်ပြောခဲ့သော ကျွန်မရဲ့ ဘဝရှိရာသို့ ပြန်သွားရတော့မည်ပေ။

ပင်လယ်ရေပြင်ကျယ်ကို ရပ်တန့်ငေးမောရင်း အတွေး ပင်လယ်ပြင်ထဲ မျောပါနေခဲ့တဲ့ ကိုယ့်အတွေးထဲမှာ မင်းရှိနေခဲ့ပါတယ်။ မင်းနဲ့မတွေ့ရတာရက်တွေ ကြာမြင့်ခဲ့ပါတယ်။ ဒါပေမယ့် မင်းရဲ့ အတွေးအခေါ်တွေ၊ အကြံဉာဏ်တွေ၊ အားပေးစကားတွေ၊ အားမလိုအားမရ စကားတွေ၊ ကရုဏာ ဒေါသတွေ၊ ဖိအားတွေက ကိုယ့် အနီးအနားမှာအမြဲ ရှိနေခဲ့တာပဲ။ ဝေးကွာခြင်းဟာ ကိုယ်တို့ကို ခံစားစေရုံကလွဲလို့ ဘာကိုမှ မပြောင်းလဲစေ ပါဘူး။

ဝေးကွာနေကြစဉ် ကိုယ်တို့နှစ်ဦးသားရဲ့ ကြိုးပမ်းချက်တွေကတော့ တူညီစွာ ရှိနေခဲ့တယ်။ စိတ်တွေ ဆွေးမြည့်မနေစေဖို့ ကြိုးစားခဲ့ကြတာ။

တစ်ဦးရဲ့အဝေးမှာ တစ်ဦးနေတတ်နေစေဖို့ အချိန်တွေကို အလုပ်တွေနဲ့ ဖြည့်ဆည်းဖြစ်ခဲ့ကြတာ။ တွယ်တာမှုတွေ လျော့ရဲ့လာခဲ့ကြလို့လား။ သံယောဇဉ်ကြိုးတွေ အိုမင်းသွားခဲ့ကြလို့လား ဆိုတော့ မဖြစ်နိုင်ပါဘူးနော်။

လွန်ခဲ့တဲ့တစ်ရက် စစ်တွေရောက်စရက်။ မင်းနဲ့စကားပြောခဲ့ရတဲ့အချိန်မှာ ကိုယ်အရှင်းလင်းဆုံး သိခဲ့တာပါပဲလေ။ မင်းများစွာ တည်ငြိမ်နေတာ ကိုယ်ခံစားလို့ ရခဲ့ပါတယ်။ ကျွန်မလည်း ဒီလိုပဲ ဖြစ်မယ်နော်။

အနယ်အမှုန်တွေ ထတယ်ဆိုတာ ရေတိမ်ရင်မှ ဖြစ်တတ်တာမျိုးပါ။ နက်ရှိုင်းတဲ့ရေက အနယ်အမှုန် မထလွယ်တော့ ဘူးကွယ်။

လွန်ခဲ့တဲ့နှစ် ဇန်နဝါရီလရဲ့ ရက်တစ်ရက်မှာ မင်းပထမဆုံး အကြိမ် ခွဲခွာထွက်သွားခဲ့စဉ် ကိုယ့်စိတ်တွေလှုပ်ရှားခြင်းများစွာနဲ့ အနယ်အမှုန်တွေထခဲ့တယ်။ အဲဒီတုန်လှုပ်ခြင်း အနယ်အမှုန်တွေကြားမှာ ကိုယ့်အမြင်တွေက ဝေဝါးဝါးပါ။ မကြည်လင်ခဲ့ဘူး။ မင်းရည်ရွယ် စီစဉ်ခဲ့တာလား။ မရည်ရွယ်ဘဲ တိုက်ဆိုင်ခဲ့တာလား

www.burmeseclassic.com

www.burmeseclassic.com



မပြောနိုင်တဲ့ အစီအစဉ်တစ်ခုကြောင့် ကိုယ့်ရဲ့ အချိန်အတော်များများဟာ အလုပ်နဲ့ နေရာယူပြီး ဖြစ်ခဲ့တယ်။ ကိုယ် သစ်ဆင်းတိုက်နဲ့ ယဉ်ပါးဖြစ်ခဲ့တယ်လေ။ စာပေပါသနာရှိတဲ့ ကိုယ့်အတွက် စာပေတိုက်တစ်တိုက်နဲ့ ရင်းနှီးဖြစ်ဖို့ဆိုတာ တကယ်တော့ ဆုလာဘ် တစ်ခုလိုပါပဲ။ ဘယ်သူပဲဖြစ်ဖြစ် စိတ်ရင်းတွေ သိပ်ဖြူစင်တဲ့ စာပေသမား စစ်စစ်တွေနဲ့ ရင်းနှီးခင်မင်ရရင် သူ့ဘဝဟာ ပြောင်းလဲသွားမှာပဲ။ ကိုယ့်ဘဝလည်း ပြောင်းလဲသွားခဲ့ပါတယ်။

မင်းရဲ့စာတွေကိုလည်း ပြန်ဖတ်ရင်း သစ်ဆင်းရဲ့ 'မှု'နဲ့ အညီပို့လာကြတဲ့ စာမူတွေကိုလည်း ဖတ်ရင်း ကိုယ့်ရဲ့ စိတ်တွေလည်း အနယ်ထိုင်ခဲ့တယ်။ စိတ်ဓာတ်အား 'စင်ကြယ်စွာ ပွံ့ဖြိုးစေဖို့' ဆိုတဲ့ သစ်ဆင်းရဲ့မူဟာ မင်းရဲ့မူပဲလို့ သိထားတဲ့ကိုယ်၊ မင်းအလိုကျဖို့ နည်းတွေနဲ့ ကိုယ့်ကိုယ်ကို ပြုပြင်ဖြစ်မိရတယ်လေ။

တစ်ခါတစ်ရံတော့ စိတ်ဖွေ ညှိုးလျှရှိပ်ထဲ ရောက်သွားတိုင် ထိန်းသိမ်းကွပ်ကဲမှုတွေအောက်ကပဲ လွတ်ထွက်သွားတတ်ပါတယ်။ သည်အခါ-

သည်ဒဏ်ကိုခံရသူက သစ်ဆင်းရဲ့ တာဝန်ခံအယ်ဒီတာ ကိုကျော်စွာ ဖြစ်နေတာမို့ အတိရတိုင်း အားနာမိပါရဲ့။ သတိရတိုင်းဆိုတာ ကိုကျော် စွာထံက စာကို ဖတ်ရတိုင်းပဲပေါ့။ သစ်ဆင်းတိုက်က အလွန်အလုပ်များတဲ့ မိတ်ဆွေတွေထဲက ကိုယ့်ဆီ စာမှန်မှန်ရေးတတ်သူ နောက်တစ်ဦးက ကိုကျော်စွာပါ။ သူ့စာကို ဖတ်ရရင် စာမူတွေကို အလွန်ယုယုယယ ကိုင်တွယ်တတ်တဲ့ သူ့လက်တွေကို သွားသတိရတတ်တာ ကိုယ်တိုက်မှာ နေစဉ်က သည်အပြုအမူကို ဘယ်လောက်တောင် မြင်ဖူးခဲ့ရတယ်ဆိုတာ သိနိုင်ရှာပဲနော်။

ကိုကျော်စွာရဲ့ စာထဲမှာ မင်းရဲ့ စာပေလှုပ်ရှားမှုတွေ အကြောင်းက ပွင့်ပွင့်လင်းလင်း၊ မင်းရဲ့ ကျန်းမာရေးအကြောင်းက မပွင့်မလင်း ပါဝင်တတ်ပါတယ်။ ကိုယ့်ကိုဝါရေးဖြစ်အောင် တိုက်တွန်းရင်း စာမူလည်းတောင်းတတ်ပါရဲ့။ မင်း အဝေးကို ထွက်သွားစဉ်က သစ်ဆင်းမှာ ကိုယ်ရှိခဲ့တဲ့အချိန်တွေဟာ ကိုယ့်ဘဝရဲ့ တစ်စိတ်တစ်ဒေသပါပဲ။ ဆေးခန်းထိုင်ရတဲ့ အချိန်ပိုင်းလေး ပြီးခဲ့ရင် ကိုယ် သစ်ဆင်းတိုက်ကို နေ့လယ်ပိုင်းမှာ ရောက်ခဲ့ပြီ။



ကိုယ့်ရဲ့ အချိန်တွေဟာ ဒီလို သိမ်းပိုက်ခံထားရရင် စိတ်အနယ်အမှုန်တွေ လျော့ပါးလာစေခဲ့ပါတယ်။

တစ်ခါတစ်ရံ ဆောက်တည်ရာမဲ့ချင်တဲ့ ခေတ်ခံကြောင့် ကိုယ့်ရဲ့ စိတ်တွေ သည်းခံနိုင်စွမ်း နည်းပါးစွာထပေါက်ကွဲတာမျိုး ရှိခဲ့တယ်။

သည်အချိန်မျိုးမှာ တည်ငြိမ်တဲ့ စာသမားတစ်ယောက်အနီးမှာ ရှိနေအောင် တမင် စီစဉ်ခဲ့တာ ဖြစ်မှာပဲလို့ 'မင်း' ကို ကိုယ် ကျေးဇူးတင်နေမိပြန်ပါတယ်။ ကိုကျော်စွာသာ သိရင်တော့ အံ့ဩသွားလိမ့်မယ်။

သည်းခံခဲ့ရတာ ကိုကျော်စွာပေမယ့် ကိုယ်က မင်းကိုပဲကျေးဇူးတင်ချင်နေမိတာလေ။ ကိုယ်သဘောထားက မမျှတဘူးနော်။

လောကကြီးထဲမှာ တစ်ပြေးတည်းညီမျှဖို့၊ ညှိလို့မရနိုင်တဲ့ အဖြစ်တွေ၊ မျှတလို့ မရတာတွေ ရှိနေတာ၊ စာတွေများစွာ ရေးဖတ်နေတဲ့ ကိုကျော်စွာနားလည်မှာပါ။

ကိုယ်သူ့ဆီစာမှန်မှန် ပြန်လည်မရေးပို့ဖြစ်တာလည်း နားလည်မှာပါပဲ။ဘဝရဲ့ ညှိယူလို့မရတတ်တဲ့ အခြေအနေတွေထဲမှာ ကိုယ့်ရဲအလုပ်ကိစ္စတွေလည်းပါဝင်တာပေါ့ အလုပ်ပြောင်းလဲလုပ်ဖို့ဆိုတာ စိတ်ကူးမရှိခဲ့ပါဘူး။ မဖြစ်မနေ ပြောင်းရတော့မယ်ဆိုတော့ ကိုယ့်ဘက်မှာ ကြိုးစားခဲ့ရတာတွေ ရှိခဲ့တယ်။ သင်ကြားမှတ်ယူမှုတွေ၊ များစွာနဲ့ဖြည့်တင်းခဲ့ရချိန်မှာ ပင်ပန်းခက်ခဲတယ်လို့ ကိုယ်မခံစားခဲ့မိဘူး။ အေးဆေးရဲဝံ့မျိုသိပ်စွာ ဘဝကိုရင်ဆိုင်ရင်း နှစ်သိမ့်အားပေးနေခဲ့တဲ့ 'မင်း'ကြောင့်ပါပဲ တင်ဆောင်းဟန်။ တစ်ကြိမ်က မင်းပြောခဲ့ဖူးတယ်လေ။

"ဒီတစ်ညနေဟာ ဘဝပေါ်ပိုလို့ ခင်တွယ်လေးနက်လာစေခဲ့တဲ့ အစပထမညနေပါပဲ။ ကျွန်တော် တွေးသမျှ ရေးသမျှ လုပ်သမျှတွေကို အားလုံးအတွက် အဓိပ္ပာယ်ရှိစေချင်လာခဲ့တယ်။ လက်သင့်ခံဖို့ ဖြစ်လာရတဲ့ ကိုယ့်ဘဝကိုလည်း နားလည်ဖို့ ပထမဆုံး ကြိုးစားမိရတဲ့ ညနေပါပဲ။ ဒီတစ်ညနေသာ မရှိခဲ့ရင် မနဲ့ကျွန်တော် ခုလိုနားလည်ခင်မင်လာဖို့ဆိုတာလည်း ရှိတော့မှာ မဟုတ်ဘူးလေ"

မင်းရဲ့စကားတွေကို နှစ်သက်မိစွာ ခံယူတော့ဖို့ စဉ်းစားမိတာ ပထမအကြိမ် အလုပ်ပြောင်းခဲ့ပြီး ကုမ္ပဏီမှာ အလုပ်လုပ်နေစဉ်မှာပါပဲ။ ကုမ္ပဏီအလုပ်အကြောင်း ဘယ်သူ့ကိုမှ မပြောပြခဲ့တော့ဘာ။ ဒါပေမယ့်

www.burmeseclassic.com

www.burmeseclassic.com



မင်းရိပ်စားမိခဲ့တယ်။ ဘဝကို လက်သင့်ခံလိုက်ဖို့ချည်း မဟုတ်ဘဲ ဘဝရဲ့ အခြားနေနည်းတွေထဲ ကိုယ့်ကို 'မင်း' ဆွဲသွင်းသွားခဲ့တော့တာပဲ မဟုတ်လား။

ဘဝကို လက်သင့်ခံတာနဲ့ လက်လျှော့နေလိုက်တာလည်း မတူသေးဘူးဆိုတာ သိစေခဲ့ရုံမက စိတ်ခွန်အားတွေကိုပါ နိုးကြားလာစေနိုင်တဲ့သူ။

မင်းရဲ့ နေနည်းထဲမှာ မင်းစုစည်းပေးတဲ့ ခွန်အားတွေနဲ့ ရှင်သန်ဆဲ။ ဒါဟာ မရဲ့ဘဝပါပဲလို့ မင်းပြောခဲ့လေတယ်။

"ကျွန်တော့်နားမှာ [illegible] ယ်တို့၊ မဖြစ်သင့်ဘူးတို့ဆိုတာ တွေက မရဲ့ ခံစားချက်တွေပါ၊ မရဲ့ဘဝ မဟုတ်ပါဘူး။ ပြီးတော့ ကျွန်တော့်ရဲ့ ဘဝလည်း မဟုတ်ဘူး။ ကျွန်တော့်ဘဝထဲမှာ ကျွန်တော် လည်း ကျွန်တော့်အလုပ်ကို လုပ်နေတာယ်လေ"

ပင်လယ်ရေပြင်ကျယ်ကို ကြည့်ငေးမဆုံးရင်း မင်းရဲ့ စကား[illegible] တွေကို ကိုယ်ကြားယောင်နေမိပါတယ်။ ဒီစကားတွေကို မင်းဘယ်လို ရည်ရွယ်ချက်နဲ့ ပြောခဲ့ပါလိမ့်လို့ ကိုယ်တွေးကြည့်နေမိခဲ့တယ်။ စိမ်းကား ရက်စက်ဟန် ပြောခဲ့တဲ့စကားတွေဆိုရင်တော့ မအောင်မြင်ဘူးလို့ ပြောရပါမယ် ဟင်ဆောင်းဟန်။ မင်းကို ကျွန်မ သိနေတာပဲ တင်ဆောင်းဟန်ရယ်။ ကိုယ့် အတွက်တော့ မင်းနဲ့စပ်ဆိုင်သမျှ အရာရာဟာ အောက်မေ့ဖွယ်တွေပါပဲလေ။

♣ ♣ ♣



အောက်မေ့ဖွယ်ထဲမှာ ဆေးခန်းလေးတစ်ခန်းလည်း ပါဝင်နေပါသည်။

ကျေးရွာဆေးခန်းလေး တစ်ခန်းဆီ ကျွန်မရောက်သွားခဲ့သည်။ စစ်တွေမှ ပြန်ရောက်ပြီး ရက်ဆက်ခရီးစဉ်ထဲမှ တစ်ရက်ပေ။ ဆောင်း နံနက်ခင်း နှင်းစိုစိုထဲမှာ ဆေးခန်းလေးဆီ လူသူရောက် မလာခဲ့သေးပါ။ ဆေးခန်းလေး ရှေ့မျက်နှာစာမှာ ဘိလပ်မြေနယ်စ မသွေ့တသွေ့တွေ ရှိနေသေးသည်။ မနေ့ကအထိ အလုပ်လုပ်နေခဲ့တာတော့ သေချာပြီ။ ရွာဘက်မှ အလုပ်တွေသည်းလာချိန်မှာ ဆေးခန်းဆောက်လုပ်ရေး ခေတ္တရပ်ဆိုင်းထားလိုက်ရသည်။ (ဆိုပေ၏)

ကျန်းမာရေး အကြံပေးတစ်ဦး မဟုတ်တော့ဘဲ ကျန်းမာရေး ကဏ္ဍဆိုင်ရာ စီမံကိန်း ဝန်ထမ်းတစ်ဦးဖြစ်ခဲ့ပြီမို့ ကျွန်မအတွက် ခေါင်းခဲစရာ တွေလည်းပိုလာခဲ့ပြီ။

မနေ့ညနေက သည်ရွာလေးသို့ ကျွန်မနှင့် စုစုထွေးတို့ နှစ်ဆယ့်ငါး မိနစ်ခန့် ဘုတ်စီးရသော တစ်ဖက်ရွာလေးမှ ကူးလာ ခဲ့ခြင်းပေ။ ညဘက် လူစုံရှိချိန်ကို မှန်း၍ တစ်ရွာနှင့်တစ်ရွာ ကျွန်မတို့ ကူးကြသည်။ ကျန်းမာရေး ပညာပေး ဗီဒီယိုခွေတွေ ပြသခဲ့၍ ညက ညဉ့်နက်သည်။ မြန်မာ့ရုပ်မြင်မှာ ပြသပြီးသား အစီအစဉ်တွေ ဖြစ်ပေမယ့် တီဗီ၊ ဗီဒီယိုမရှိသော ရွာလေးအဖို့တော့ အခွေသစ်တွေ ချည်းသား။ နံနက်စောမှာမှ ဆေးခန်းလေးဆီရောက် ဖြစ်တော့သည်။

ကျွန်မနှင့် ရွာတစ်ပတ် လမ်းလျှောက်လိုက်ဖို့ ပြင်နေသော စုစုထွေးတစ်ယောက် ငွေစာရင်းစာအုပ်တွေပိုက်လို့ လာကြသောရွာသူ မချေတို့နှင့် အတူကျန်ခဲ့ပြီ။

www.burmeseclassic.com

www.burmeseclassic.com



ဆေးခန်းလေးက ရွာ၏အရှေ့ဖျားတွင်ရှိသည်။ ၂ပေ × ၁၈ပေ အကျယ်ရှိသော ဆေးခန်းလေးမှာ ကျေးလက်ကျန်းမာရေးဌာနခွဲလေး အတွက်တော့အနေတော်ပေ။ သွပ်မိုး၊ တစ်ထပ် အုတ်အဆောက်အအုံလေးဖြစ်သည်။ သမံတလင်း အခင်းက မပြီးတတ်သေးပါ။ အုတ်နံရံ အတွင်းပိုင်းများ အချောသတ်ရန်၊ ပြတင်းပေါက်နှင့် တံခါးမကြီးတပ်ဆင်ရန်တွေ လိုနေပါသေးသည်။ ဆေးခန်းလေးကို လှည့်ပတ်ကြည့်နေဆဲ ရွာသားနှစ်ဦး လိုက်လာခဲ့ကြသည်။ ဦးကျော်ဝင်းစိန်က ဆေးခန်း ဆောက်လုပ်ရေးအဖွဲ့ခေါင်းဆောင်ပေ။ ဆေးခန်းအပြီးမသတ်နိုင်သည်နှင့် ရွာက အသစ်တစ်ဖန်ပြန်ဖွဲ့သော ဆောက်လုပ်ရေးအဖွဲ့မှာ ဦးကျော်ဝင်းစိန် ပါလာခဲ့သည်။ ကျေးရွာသားတွေ အဖွဲ့ဖွဲ့၍ ကိုယ်တိုင်ကြီးကြပ်ဆောက်လုပ်ကြသည်ဖြစ်ရာ ကန်ထရိုက်ပေးလိုက်သလို လွယ်ကူတာတော့မဟုတ်။ ကန်ထရိုက်နှင့် ဆောက်ရင်လည်း လွယ်ကူသယောင်သာ ထင်ရသည်။ ပြီးမပြီးဆိုတာ ကန်ထရိုက်ပေါ်မှာ တည်မှီနေတာပင်။ ကျေးရွာရဲ့ ထည့်ဝင်မှုလည်း ပါရင်ရသေးတော့ သူတို့ကိုယ်တိုင်ငှားရမ်းသော လက်သမား၊ ပန်းရံနှင့်သာ အဆင်ပြေသည်။ အဖွဲ့အစည်းတစ်ခုခုက ဆောက်ပေးလာသော အဆောက်အအုံဆိုတာထက် ရွာပိုင်ဆေးခန်းဆိုသော စိတ်ဓာတ်လေးရှိစေရမည်မို့ ရွာကိုပဲ တွန်းနေရသည်ပင်။ တစ်ချိန်တည်းမှာ ရွာကမူလတန်းကျောင်း အဆောက်အအုံကိုလည်း ဆောက်လုပ်နေပါသေး၏။ ဦးကျော်ဝင်းစိန် ပါဝင်လာတော့ ဆေးခန်းဆောက်လုပ်ရေးလုပ်ငန်းလေးက လှုပ်လှုပ်ရှားရှား ပြန်ဖြစ်လာခဲ့သည်။ ကိုယ်တိုင်က လူမှုရေးဝါသနာပါသူ ရခိုင်သားပီပီ အရပ်ထောင်မောင်းကာ အသားညိုလေသည်။

"ဆရာမရေ ဆေးခန်းကပြီးပါဖို့ရေ။ ပီစိကလောင်ရှေ့သာလို့ဗျယ်"

အနားရောက်တော့ ဦးကျော်ဝင်းစိန်က ရခိုင်သံဝဲဝဲဖြင့် ရယ်မောရင်းပြောသည်။

"ပီစိနည်းနည်းလေးလောက်ပဲ လိုတော့တယ်သာပြောနေတယ်။ ဦးကျော်ဝင်းစိန်တို့ ဆေးခန်းကဖြင့် ဟိုတစ်ပတ် ကျွန်မလာတုန်းကထက် ဘာမှတိုးပြီးလည်း ပြီးမလာသေးဘူးနော်"

စင်စစ် ထိုရက်တွေမှာ ဦးကျော်ဝင်းစိန်တို့ ရေကန်တူးဖို့ နေရာ



ကိစ္စနှင့် အလုပ်များနေကြတာ ကျွန်မ မသိ၍တော့မဟုတ်ပါ။ ဦးကျော်ဝင်းစိန်က ကွမ်းဝါးထားသော သွားတွေပေါ်အောင် ခပ်ကြွားကြွားရယ်သည်။ သူပါဝင်နေသော အခြားရွာဖွံ့ဖြိုးရေး လုပ်ငန်းတွေကြောင့် မအားလပ်နိုင်ခဲ့တာ ထုံးစံအတိုင်းအကြောင်းပြလေ၏။ သူပြောတာလည်း အမှန်တွေချည်း သာပါပဲလေ။

ကျေးရွာငယ်လေး၊ လူမှုရေး ဝါသနာပါသူတစ်စုကသာ လုပ်ငန်းတိုင်းမှာ ပါဝင်နေရတော့သလို ဖြစ်တတ်လေပင်။ ကိုယ့်ဝမ်းစာ ရေးလုပ်ငန်းတွေပင် လစ်ဟင်းရတော့သည်။ စီမံကိန်းက ထောက်ပံ့သမျှ ဘဏ်မှာ ငွေစာရင်းနှင့်ဖွင့်ပေးတာသာဖြစ်ပြီး စာရင်းဇယားများစွာနှင့် အတိအကျထားရခြင်းဖြစ်ရာ တစ်စတစ်စ အဖွဲ့ထဲမှာတကယ် လုပ်မယ့်သူများသာပဲ ကိုယ်ရေစစ်ကျန်ခဲ့တော့သည်သာ။ စင်စစ်ဖွံ့ဖြိုးရေးလုပ်ငန်း ဆိုတာလည်း အခါခပ်သိမ်းလွယ်ကူချောမွေ့ နေသည်တော့မဟုတ်ခဲ့။

ဆောက်လုပ်ဆဲဆေးခန်းလေးကို ကျွန်မ မြင်ဖူးစဉ်က အမိုးသာရှိပြီး အကာမပြည့်သေး။ ဆေးခန်းလေးရဲ့ လေးပုံတစ်ပုံခန့်ကို ရေမြှုပ်ထားပြီး ပြန်ကျခါစ။ပတ်လည်မှာ ရေစပ်စပ်လေးရှိနေသေးသည်။ လက်မတစ်ပြားစာ အနည်းလေးရှိသည့် မြေ့ာကြီးတွေကဖြင့် ရေကူးနေဆဲ။ ဆေးခန်းဆောက်ဖို့ နေရာရွေးစဉ်က ရွာသားတွေတော့ ပါဝင်ခဲ့သည်။(ဟု သိရသည်ပါပဲ။) နှစ်စဉ် မဟုတ်ပေမယ့် တစ်ခါတစ်ရံ ရေနစ်တတ်သည့် နေရာမှာမှ ရွာဆေးခန်းလေးကို ဆောက်ဖို့ ဘာကြောင့်နေရာ ရွေးချယ်ခဲ့ပါလိမ့်။ သည်ဖြစ်နိုင်ခြေကို ဘယ်သူကမှ ထောက်မပြခဲ့ကြတော့ဘူးတဲ့လား။

"ဒီတုန်းက ကျွန်တော်ကလည်း အဖွဲ့ထဲမပါသေးတော့ သူတို့ကောင်းသလို လုပ်တာပဲလို့ နေလိုက်တာ။ စိတ်ထဲကတော့ အထင့်သား"

မြန်မာ စကားလည်း အပီပြောတတ်လျက် ရပ်ဝေးရွာရေး စိတ်ဝင်စားသော ဦးကျော်ဝင်းစိန်လိုလူထဲမှာပင် သည်အတွေးအမြင်မျိုးလေး ရှိနေပေသေး၏။ သူကတော့ စိတ်ကတော့ ဖထင့်သား ဆိုပေမယ့် မြို့နယ်လူမှုဖွံ့ဖြိုးရေးတာဝန်ခံဖြင့် စီမံကိန်းက မြန်မာ၊ နိုင်ငံခြားသား လူကြီးတွေ လာတိုင်း ထောက်ပြ ဝေဖန်ခံရတာ ကျောမှာ ဒဏ်ရာချင်း ထပ်နေပြီဆိုပါလား။

www.burmeseclassic.com

www.burmeseclassic.com



"ဦးကျော်ဝင်းစိန်ရယ် ကိုယ့်ရွာအတွက် ဆေးခန်းလေးမဲ့။ သူတို့လုပ်နေလို့ ငါတို့ဝင်မပါဘူးဆိုတာတော့ မဟုတ်သေးပါဘူး။ အားလုံးနဲ့ဆိုင်တာမဟုတ်လား။ ကိုယ့်ရွာအခြေအနေကိုယ် အသိဆုံးပဲကို"

ကွမ်းသွားတွေပေါ်လာသည်အထိ ဦးကျော်ဝင်းစိန်သည် တစ်ကြိမ် ရယ်မောလိုက်သည်ကမူ ရှက်ရယ်ပေ။

"အခုတော့ သိပြီပေါ့။ အစက ရေမှ မရေလည်သေးတာ။ အတွေ့အကြုံကလည်း မရှိနဲ့"

ဦးလှမောင်ရွှေက ဝင်ပြောခဲ့သည်။ ဆေးခန်းဆောက်လုပ်ရေးမှာ အဖွဲ့ဝင်ဖြစ်ပေမယ့် ရေကန်တူးဖော်ရေးမှာ ဦးလှမောင်ရွှေက ခေါင်းဆောင်ပေ။ ရွာရဲ့ အုပ်ချုပ်ရေးပိုင်းက ဦးမြစိန်က ရွာဆောက်လုပ်ရေးလုပ်ငန်းတွေမှာ နာယကအဖြစ် တာဝန်ယူဖို့ ကျေးရွာက ရွေးချယ်ဆုံးဖြတ်ထားကြသည်။ မကြီးမငယ် အိမ်ခြေတစ်ရာကျော်ရှိသော ရွာလေးမှာ သူတို့ခမျာ တာဝန်တွေပင် ပိချင်ချင်။ အစဦးပိုင်းကထက်တော့ ရွာသားတွေလှုပ်ရှား ပါဝင်လာကြပြီပဲ။ ဖွံ့ဖြိုးရေးလုပ်ငန်းကို ရွာက ရေလည်လာပြီဆိုတာ ဖြစ်နိုင်ပါသည်။ ရေကန်သစ်တူးဖော်လိုသော အဆိုပြုလွှာ အတည်ပြုပေးခဲ့ပြီမို့ တစ်ရွာလုံး ဆွေးနွေး၊ နေရာရွေးချယ်နေခဲ့ကြတာ နှစ်ပတ်ကျော်နေခဲ့ပြီ။ ရွာမှ တကယ်ရေခပ်ရမည့် အမျိုးသမီးတွေရဲ့ ဆန္ဒကိုပါ ထည့်သွင်းဆွေးနွေးတိုင်ပင်နေကြသည်တဲ့။ လုပ်ငန်းက မ,စဖြစ်သေး။ တွန်းအားလေး ဝင်ရတော့မည့်အချိန် ထင့်။

" ဦးလှမောင်တို့ ရေကန်သစ်နေရာ အတည်ဖြစ်ပြီဆိုရင် လုပ်ငန်းစသင့်ပြီနော်။ ကောက်ရိတ်ချိန်ရောက်လာရင် အလုပ်ရှုပ်သွားတော့မှာ။ မိုးဦးက ဓာတ်မြေဩဇာ ယူထားတာတွေအတွက် စပါးပြန်ကောက်ပြီး စပါးဘဏ်လုပ်ထားဦးမှာ မဟုတ်လား။ နောက်နှစ်လိုမယ့် ဓာတ်မြေဩဇာလည်း ပြန်သိုလှောင်ထားရဖို့ အစီအစဉ်ရှိထားတယ်လေ။ အလုပ်တွေက ဆက်သွားတော့မှာ "

"အင်း ဒီလို ရှေ့မျှော်တွေးလိုက်တော့လည်း ဟုတ်တာပဲ"

ရွာသားကြီး နှစ်ဦးက တွေးတွေးဆဆ ပြောကြသည်။

ဦးကျော်ဝင်းစိန်က-



"ကျွန်တော်က ရေကန်သစ်ဖော်တာရော၊ ရေကန်ဟောင်းပြုပြင်တာရော တစ်ခါတည်း လုပ်လိုက်မလား စဉ်းစားနေတာ။ ဥက္ကဋ္ဌ ဦးမြစိန်တို့လည်း လူနှစ်ခါ မစုရတော့ဘူးပေါ့"

"ဒီလိုတော့ မဖြစ်သေးဘူး ကျော်ဝင်းစိန်ရ။ ရေကန်ဟောင်းက ရေရှိသေးတယ်။ ရေအခန်းဆုံး တပေါင်း၊ တန်ခူးကျမှ ပြန်ဆည်ဖို့ ကောင်းတယ်။ ရေကန်သစ်ကတော့ ခုချိန်တူးဖို့ အကောင်းဆုံးကွ။ မြေစိုသေးတော့ လူလည်းသိပ်မပင်ပန်းဘူး။ တန်ခူးကျမှတူးရင် မြေကြီးကမာ၊ နေကပူနဲ့ လူတွေပန်းမယ်ကွ"

သူတို့ စကားတွေ နားထောင်ရင်း ဦးလှမောင်ရွှေကို ရေနှင့်သန့်ရှင်းရေးအဖွဲ့ ခေါင်းဆောင်ထားသောရွာကို ကျွန်မ သဘောကျနေမိသည်။ သူတို့ လူရွေးမှန်သည်ပဲ။

"ပြီးတော့ နောက်ကျရင် လူတွေအားပါ့မလားလို့ ကျွန်မလည်း စဉ်းစားနေမိတာ။ လယ်သစ်ဖော်ဖို့ အဆိုပြုထားတဲ့ သူတွေလည်း သက်ဆိုင်ရာ ခွင့်ပြုမိန့်တွေရတာနဲ့ အလုပ်စကြတော့မှာ။ ရေကန်တူးဖို့က လူအင်အားလိုတယ် မဟုတ်လား။ အလုပ်ပါးချိန် သွက်သွက်လုပ်လိုက်ရင် တခြားရွာတွေလိုပဲ ဆယ်ရက်လောက်ပဲကြာမှာပါ"

"ဟုတ်ပါပြီ။ ဟုတ်ပါပြီ"

ဦးကျော်ဝင်းစိန်နှင့် ဦးလှမောင်ရွှေကို ပြောပြခဲ့လျှင် ရွာထဲမှာ ပြန်လည် ဆော်ဩဖို့ စိတ်ချရပါသည်။ သို့တိုင်နေ့လယ်မှာ တွေ့ဆုံရမည့် အမျိုးသမီးအဖွဲ့တွေ အစည်းအဝေးမှာလည်း ပြောပြဖို့ ကျွန်မစဉ်းစားလိုက်မိပါ၏။

ဆေးခန်းလေးပေါ်သို့တက်ခဲ့သည်။ ဆေးခန်းလေးက ခပ်မြင့်မြင့်။ ရေတက်တတ်သော နေရာမှာ ဆေးခန်းဆောက်မိပြီမို့ ဆေးခန်းကြမ်းခင်းကို မြှင့်စေရတော့သည်။ လှေကားထစ်တွေ ထပ်တိုးဖြည့်ရသည်။ အမြင့်စံ ဆေးခန်းလေးတော့ ဖြစ်သွားခဲ့ချေသည်။ ရွာသားတွေဘက်မှလည်း ရေကျော်မည့် ဝါးတံတားထိုးဖို့ ဝါးတွေစုဆောင်းနေခဲ့ကြသည်။ ခုတော့ဖြင့် ဆေးခန်းလေးက ဆောက်လုပ်ပြီးစီးတော့မည်ပေ။

ဆေးခန်းလေးတွင်းသို့ ကျွန်မ ဝင်ခဲ့သည်။ ဦးကျော်ဝင်းစိန်နှင့် ဦးလှမောင်ရွှေတို့ပါ ဆေးခန်းတွင်းလိုက်ဝင်လာခဲ့ကြသည်။ "ဆေးခန်း

www.burmeseclassic.com

www.burmeseclassic.com



ခုတင်နဲ့စားပွဲကို ကျောင်းစာသင်ခုံတွေနဲ့အတူတူ လုပ်လိုက်တာ ပြီးခဲ့ပြီဗျ"

အတွင်းခန်းနှင့် အပြင်ခန်းကိုနံရံအပြည့် ခြားမထားချေ။ အခန်းကူး၍ရသည်။ အတွင်းခန်းလေးမှာ လူနာစမ်းသပ်ခန်းလုပ်၍ထားသည်။ ပြတင်းလေးက အလင်းရောင်ကို ကောင်းစွာဝင်စေသည်။ လူနာခုတင်၊ ဆရာစားပွဲ စီစဉ်ချထားပုံက ရှာရှိ သားဖွားဆရာမလေးရဲ့ အကူအညီနှင့် လားမသိ။ ဆရာက လူနာရဲ့ ညာဘက်မှစမ်းသပ်ရသော အနေအထားကို ရရှိစေကာ စနစ်ကျန နေခဲ့ပါ၏။ သည်ဆေးခန်းလေး ပြီးရင် သားဖွားဆရာမလေး ထိုင်နိုင်တော့မည်ပေ။

တစ်ခါက ကျွန်မကျင်လည်ခဲ့သော နေရာလေးတစ်နေရာကို ရုတ်ခြည်းလို သတိရသွားမိခဲ့သည်။ ကျွန်မနှင့် သက်ဆိုင်သောနေရာလေးမှာလည်း သည်လိုပြတင်းလေးတစ်ခုရှိပါသည်။ ပြတင်းမှမျှော်လျှင် သည်လို နွေဂါရောင် လယ်တောကိုတော့ မမြင်နိုင်ပါ။ နံရံကြီးတစ်ခုကိုသာ မြင်တွေ့ရနိုင်ပါ၏။

သတိရမိပါသည်။

တစ်ကြိမ်က ကျွန်မထိုင်ခဲ့သော ဆေးခန်းလေးလို ဖြစ်ပါသည်။ ရန်ကုန်မြို့လယ်က ငွေကုန်ကြေးကျသက်သာသော ဆေးခန်းတစ်ခုပေ။ ရုံးဝန်ထမ်းများ အလာများကြပါ၏။ ဆရာဝန်များ အချိန်ပိုင်းနှင့် ထိုင်ကြသည်။ အထူးကုများ ထိုင်သည့် အစီအစဉ်မရှိပါ။ သည်အတွက် အထူးကုန်ကျစရိတ်များလည်း မရှိပါ။ ဆေးခန်းအဆောက်အအုံမှာ အခြားဆေးခန်းတွဲများနှင့်မတူစွာ ကျယ်ဝန်းသည်။ ခေါင်မိုးမြင့်ကာ အခန်းများ ဖွဲ့ထားပုံက တည်းခိုခန်းက တစ်ယောက်အိပ်အခန်းကျဉ်းလေးများနှယ်မဟုတ်။ ဌာနပိုင်အဆောက်အအုံတစ်ခုကို ဆေးခန်းတွဲဖွင့်သည်မို့ စနစ်တကျ ရှိလေ၏။ ဆေးရောင်းကောင်တာ ကျယ်ဝန်းသည်။ လူနာတွေ ထိုင်စရာရှိသည်။ ကောင်တာနောက်က လူများမှာ ဆေးခန်းလာကြသူများလို ဝန်ထမ်းတွေသာပေ။

လူနာအဖြစ်လာနေကျ မှတ်မိနေသော မိသားစုတွေနှင့် ဆရာဝန်ဆက်ဆံရေးမှာ ခင်မင်မှုတွေနှင့် အရင်ကုစားလျှင်ပင် ပျောက်ကင်းတော့မလိုပင်။

ရန်ကုန်တစ်နေရာက သည်လိုဆေးခန်းတစ်ခုတွင်



တင်ဆောင်းဟန်ရဲ့ ညီ လွင်သောင်းဒန်လည်း ထိုင်ခဲ့ပေ၏။ ကျွန်မရော လွင်သောင်းဒန်ပါ ညနေ ဆေးခန်းချိန်များ မရှိကြ။

ညနေခင်းများတွင် အတူ ကြက်တောင်ကွင်းသို့ သွားကစားလေ့ရှိခဲ့ကြသည်။ တစ်ခါတစ်ရံ မမ ခင်ကောင်းပန်ပါ လိုက်ပါလေ့ကျင့်ကစားတတ်သည်။ သည်စဉ်က တင်ဆောင်းဟန်နှင့် ကျွန်မ မခင်မင်သေးခဲ့။ ဆရာဝန် မောင်နှမကြားထဲက အခြားအသက်မွေးဝမ်းကျောင်းလုပ်နေသူ တစ်ဦးအဖြစ် သိရုံသာ။ သူ့အသက်မွေးဝမ်းကျောင်းမှာ စာရေးဆရာ၊ စာတည်းချုပ်တစ်ဦးဟု မသိရှိခဲ့အောင်ပင် ကျွန်မ ညံ့ခဲ့ပါ၏။ ကျွန်မ ကိုယ်တိုင်က စာသမားတွေရဲ့ သီးသန့်ဆန်လွတ်မြောက်စွာ နေလိုမှုမျိုးကို ခုံမင်စွာ ကျင့်သုံးနေမိရက်သားဖြစ်၍ပင်။ အသိုင်းအဝိုင်းတွေ ချဲ့ထွင်ရမှာ အစဉ်စိတ်ကျဉ်းကြပ်နေမိတတ်သည်ပင်။

တင်ဆောင်းဟန်ကို သိကျွမ်းခင်မင်ရတော့လည်း မခင်မင်စကောင်းသော နည်းနှင့်ပေ။ သည်ကစလို့ ကျွန်မ ရင်ထဲခံစားရခြင်းတွေ သိုသိပ်စွာ စူးနစ်နေခဲ့တော့တာ ရက်တစ်ရက်သို့ရောက်ခဲ့သည် အထိပေ။ထိုတစ်ရက်တွင် ကျွန်မ ဆေးခန်းလေးထဲသို့ တင်ဆောင်းဟန် ရောက်လာခဲ့သည်။ ကျွန်မသာ သစ်ဆင်းမဂ္ဂဇင်းတိုက်သို့ရောက်လေ့ ရှိပေမယ့် သူက ကျွန်မဆေးခန်းဆီသို့ မရောက်ခဲ့ဖူးပေ။ သူ့ရောဂါကို သူသိရှိပြီးဖြစ်ကြောင်း ကျွန်မကို ဖွင့်ပြောပြခဲ့ပြီး သုံးရက်မြောက်သော နေ့တွင်တော့ ကျွန်မထံ သူရောက်လာခဲ့သည်။

ရခိုင်ပြည်နယ် အရှေ့ဘက်ခြမ်းက ဆောက်လက်စ သည်ဆေးခန်းလေးနှင့် အနေအထားဆင်သော ကျွန်မရဲ့ ဆေးခန်းလေး ထဲသို့ သူပေါ့ပါးစွာ ဝင်ရောက်လာခဲ့သည်။

ကျွန်မမှာ မျှော်လင့်မထားမိစွာ အံ့အားတသင့်။ နှုတ်ဆက်ခေါ်ဇင်ဖို့ပင် မေ့ရချေသည်။ သူ့ထံ မရောက်ဖြစ်ဘဲ ဝတ္တရားပျက်ခဲ့၍ စိတ်မလုံခြုံတာလည်း ပါလေသည်။ အဖြစ်မှန်ကို သူသိရှိ၊ လက်ခံလိုက်ပြီဟု သိရသောအခါ ရင်ထဲ စူးနစ်သိုဝှက်ထားရခြင်းတွေ ကျွန်မမှာ ဘယ်လောက် ပေါ့ပါးသွားသလို ရှိလိုက်သည်လဲ။ ကျွန်မ သူ့ထံ မရောက်ဖြစ်ခဲ့တော့ပါပေ။

www.burmeseclassic.com

www.burmeseclassic.com

သူရောက်လာခိုက် ဆေးခန်းလေးထဲမှာ လူနာတစ်ဦးတလေမျှ ရှိမနေခဲ့ပါ။ သူက ကျီစယ်စွာနှုတ်ဆက်ခဲ့ပါသည်။ "ဒေါက်တာ အလုပ်များနေပါသလား"

သူမှာ နေမကောင်းနေသူ တစ်ယောက်ရဲ့ အသွင်သဏ္ဍာန်မရှိ။ သူ့လှုပ်ရှားမှုတွေ ယုံယုံရဲရဲရှိသည်။ သူ့မျက်နှာသန့်စင်ကြည်လင်ကာ စိတ်တွေ တည်ကြည်ငြိမ်သက်နေပုံရလျက်။

ဘယ်လို စိတ်ဓာတ်အင်အားတွေနှင့် သူစုစည်းဆောက်တည်ထားနိုင်တော့သည်တဲ့လဲ။ ကျွန်မ သူ့ကို မှင်သက်ငေးကြည့်နေမိခဲ့သည်။ ကျွန်မတို့နဲ့ သိုသိပ်သောကတွေ ပြေလျော့စေဖို့ သူ့ရောဂါမှန်ကို သူသိခဲ့ပြီဖြစ်တာ အစ်မ၊ ညီနှင့် အမေတို့ကို ကျွန်မမှ တစ်ဆင့်ကြားသိစေခဲ့ပေ၏။ ထိုသို့ ကြားသိပေးစေသူ အဖြစ် ကျွန်မကိုမှ သူရွေးချယ်ခဲ့သည့်အတွက်မူ ကျွန်မ မငြင်းဆန်သာ။ ကံကြမ္မာ၏ အစီအရင်ဟုသာ ယူမှတ်ရ ပါတော့မည်။

"ကျွန်တော် ဘာမှမဖြစ်ဘူး။ နေကောင်းပါတယ်။ 'မ' နေကောင်းရဲ့လားလို့လာတွေ့တာပါ။ မတွေ့ရတာ အရမ်းကြာနေလို့။ ကျွန်တော့်ကိုရော၊ ကျွန်တော့်ရောဂါကိုပါ စိတ်ပျက်သွားပြီလားလို့ပါ။ 'မ'တွေ့ထားတဲ့ ရောဂါလေ။ ကျွန်တော် ဆရာဝန်ပြောင်း မကုသေးဘူးနော်"

သည်ရက်များတွင် ကျွန်မ သူ့အတွက် စိုးရွံ့ပူပင် ရှိမိခဲ့သည်။ ငြိတွယ်မှုသစ်တွေနှင့် တိုးရစ်နှောင်ဖွဲ့မိလာမှာကိုပေ။ သူနှင့် ဝေးလေအောင် နေလိုက်ဖို့ ကြိုးစားမိခဲ့သည်။ သူ့ကိုတွေ့မြင်လိုက်ရမှ ကျွန်မရဲ့ စိတ်တွေ လစ်ဟာ မညီမညာ ဖွာထွက်နေခြင်းရဲ့ အဖြေကို အသိဝင်မိရတော့သည်။

ထိုရက်မှ စတင်လို့ ဆေးခန်းသို့ သူရောက်လာတတ်ပါသည်။ တစ်ခါတစ်ရံ ရက်ဆက်။ တစ်ခါတစ်ရံ ရက်ခြားလို့။ ကျွန်မ လူနာစမ်းသပ်နေခဲ့ရင် စားပွဲနောက်မှာ ထိုင်ရင်း အေးဆေးစွာကြည့်နေတတ်သည်။ တစ်ခါတစ်ရံ လူနာက ခံစားရသမျှ ဝေဒနာတွေသူ့ကိုပါ ပြောပြတိုင်တည်သောအခါ အပြုံးဖြင့် နားထောင်ပေးရင်း ခေါင်းညိတ်တတ်သည်။ လူနာရဲ့ ရောဂါက သူ့ရောဂါလောက် မကြီးကျယ်တာ သိထားသော ကျွန်မ တစ်ယောက်မှာသာ စိတ်မကောင်းဖြစ်နေမိ



ရပါလေ၏။ သူကမူ ဘဝအပေါ် နာကြည်းသည်လည်းမဟုတ်။ ဥပေက္ခာ ထားနိုင်ခဲ့ပေ၏။ ဘဝကို လက်သင့်ခံခဲ့သည်။

သည်အခြေအနေထဲမှ စိတ်ထက်သန်ရာ အလုပ်တွေလုပ်နေနိုင်ခဲ့ ခြင်းမှာ ဘဝကန့်သတ်ချက်ထဲမှ သူသိမ်မွေ့စွာ လွတ်မြောက်ရုန်းထွက်နေ နိုင်ခဲ့ခြင်းပါပေ။ သူ့ရဲ့ ဘဝနေနည်းဖြစ်ဟန်ပေ။

"ကျွန်တော့် ဘဝထဲမှာ ကျွန်တော်လည်း ကျွန်တော့်အလုပ်ကို လုပ်နေတယ်လေ"

စစ်တွေညက ဆက်သွယ်ရေးကြိုးများမှာတစ်ဆင့် သူဆိုခဲ့ပါ၏။ ကိုယ်စီဘဝတွေကို အလုပ်နှင့် ဖြည့်ဆည်းဖြစ်ရင်း ဆင်တူသော စိုးရွံ့ပူပင် မှုတွေ ကျွန်မတို့ သိမ်းဆည်းထားမိနေခဲ့ကြသည်။

တစ်ကြိမ်က ငြိတွယ်မှုသစ်တွေ သူနှောင်ဖွဲ့ဖြစ်မှာ ကျွန်မ စိုးရွံ့မိခဲ့ သည်။ စင်စစ် ကျွန်မကိုယ်တိုင် သူ့အပေါ် နှင့်နှဲစွာ တွယ်ငြိနေမိခဲ့ရင်းဖြင့်ပေ။

ရောဂါကို ဥပေက္ခာပြုလျက် အစဉ်လွတ်မြောက်အောင် နေနိုင်ခဲ့သူ။ စိတ်ကိုစုစည်း တည်ဆောက်နိုင်သူထံမှာ စိုးရွံ့ပူပင်ရိပ်မြင်လာရသည်ကမူ ကျွန်မကို တုန်လှုပ်မိစေခဲ့သည်။

"ကျွန်မ တင်ဆောင်းမာန် နားမှာရှိသင့်တယ်။ တစ်ချိန်လုံးပဲပေါ့။ မရှိနိုင်တာဟာ ကျွန်မအတွက် မဖြစ်သင့်ဆုံးပဲ။ . . . ကျွန်မ မင်းကို သတိရနေမိတဲ့အခါတွေကို မင်းသိနိုင်မှာ မဟုတ်ဘူး။ တစ်ခါတစ်ရံ အဲဒါ ရွာအစည်းအဝေးရဲ့ အလယ်ကောင်မှာ ဖြစ်နေတတ်တယ်။ မခံမရပ်နိုင်တဲ့ အခါ သိပ်ပြီး ပြန်ပြေးချင်လာတာပဲ"

ကျွန်မရဲ့ အထီးကျန်ဆန်လှသော ခံစားမှု အတွေးများကို သူ့သို့ ရုတ်တရက် ဖွင့်ဟမိခဲ့သည်။

"အလုပ်လုပ်နေရင်း ကျွန်တော့်ကိုလည်း သတိမရနဲ့။ အလုပ်ရဲ့ အရည်အသွေးတွေ ကျဆင်းသွားနိုင်တယ်လေ"

သူ ညင်သာစွာပင် ဟန့်တားခဲ့သည်။ အလုပ်ကိုချစ်သော ကျွန်မကို အလုပ်တွေနှင့် သူတားဆီးခဲ့သည်။ သည်အချိန်မှာ သူလည်း အလုပ်တွေ အနားမဲ့ လုပ်နေခဲ့မှာ ကျွန်မ သိနေမိသည်။

သူနှင့်ဝေးပြီး ကျွန်မ နေတတ်ဖို့ မနေတတ်ဖို့ထက် ကျွန်မ သူ့အနီးမှာမရှိဘဲ သူနေတတ်ဖို့ ထွက်မလာခင်ကပင် ကျွန်မ စိတ်ပူပင်

www.burmeseclassic.com

www.burmeseclassic.com



မိခဲ့သည်။

ပန်းဆိုးတန်း စာအုပ်ဆိုင်တန်းတွေမှာ သူနှင့်အတူရှိနေနိုင်သော အချိန်များကို ကျွန်မ တစ်ခုရေးမအိပ်မီလေး သတိရရင်း ဆက်အိပ်လို့ မရတော့တာမျိုး သူ့ကို မခံစားမိစေချင်။

အချင်းချင်း ဟန့်တားနေမိကြရင်းဖြင့်ပင် ဝန်ခံခြင်းမရှိသော တွယ်ငြိမှုတွေကို ကျွန်မတို့ ရစ်ဖွဲ့ရှင်သန်ခွင့်ပေးမိနေကြပြီ။

♣ ♣ ♣

အုပ်ဆိုင်းနေသော အစိမ်းရောင်တောတောင်ထဲမှာ ကျွန်မတို့ ရောက်ရှိနေခဲ့ကြသည်။ ပင်ချင်းယှက်လျက်၊ အချို့နေရာတို့တွင် နေရောင်ခြည် အလင်းကောင်းစွာမဝင်နိုင်။ သစ်ပင်ကြီးတို့မှာ တွဲခိုနေကြသော နွယ်ပင်နွယ်တန်းများက ပင်အောက်သို့ ပြုတ်ကျလာကြမယောင်၊ ပင်ခြေမှာ လူးလွန့်ထွက်လာကြယောင်ပေ။

နွယ်ပင်စည်များ ညိုမောင်းတုတ်ခိုင်လျက်၊ မြင်လေရာရာကို ရစ်ပတ်နွယ်တက်နေကြပေ၏။ မြေပြင်ပေါ်မှာ တွားသွားနေသော နွယ်တန်းများနှင့် ကျွန်မခြေလှမ်းများ မကြာခဏတိုးဝှိုက်မိသွားရသည်။ မတင်းမှိုင်း ချောင်းကျေးရွာ အုပ်စုနောက်မှာ သည်မျှ ထူထပ်သော၊ တောတောင်တွေ ရှိလိမ့်မည်မထင်ခဲ့မိပေ။ သည်ကျေးရွာ အုပ်စုတွင် ရွာငယ်ရှစ်ရွာရှိသည်။ ရွာလေးများက ဂစ္စပနဒီမြစ်ကမ်းပေါ်မှာမဟုတ်ခဲ့။ မြစ်ကမ်းမှ အတွင်းဘက်သို့ သုံးမိုင်ကျော် လျှောက်ဝင်လာခဲ့ရသည်။ မိုးအခါ ရေတက်ချိန်တွင်တော့ ကွေ့ကောက်စီးဆင်းသွားနေသော မှိုင်းချောင်းတစ်လျှောက် စက်လှေဖြင့် ဝင်ခဲ့၍ရသည်။ မှိုင်းချောင်း၏ တစ်ဖက်တစ်ချက်မှာ ကျေးရွာလေးများက တည်ရှိလေသည်။ နဒီနှင့်ဝေးရာမို့ မိုးအခါမှာ ရေတက် တာ စိတ်ချရပြီလားဆိုတော့ မဟုတ်ပြန်။ တောင်ကျရေနှင့် မှိုင်းချောင်းရေက နှစ်စဉ်



ရွာလေးများသို့ ခြိမ်းခြောက်လျက် ရှိခဲ့သည်တဲ့။

ချောင်းကျပြီး ပင်ပန်းခက်ခဲသော ရွာလေးတွေပီပီ ကုလသမဂ္ဂ ဖွံ့ဖြိုးရေးဌာနတို့ ပူးပေါင်းဆောင်ရွာသော ဖွံ့ဖြိုးရေး စီမံကိန်းဝင် ကျေးရွာလေးများ ဖြစ်လာကြသည်။ ကျေးရွာလေးများရဲ့ ဖွံ့ဖြိုးရေး လှုပ်ရှားမှုများက မြင်သာနေခဲ့ပြီ။ နှစ်စဉ်ရေထဲမျောပါနေကျ မှိုင်းချောင်းတံတား နှစ်စင်းကို အခိုင်အခန့် ဆောက်လုပ်လိုက်ကြသည်။ တွဲဖက်အလယ်တန်းကျောင်းလေး၏ အဆောင်သစ်များတိုးချဲ့ ဆောက်ကြဖို့ ကျောင်းနောက်က ကုန်းကမူကို ဖြိုဖျက်ချထားကြသည်။ ရွာလမ်းများ ပြုပြင်ထားကြသည်။ နံနက်လင်းအားကြီးနှင့်နေဝင်ရီတရောသာ အားလပ်ချိန်မို့ ထိုအချိန်များဟွင်သာသူတို့ လှုပ်ရှားကြရပါ၏။ ရွာလေးမှာ ခြေခင်းလက်ခင်း သာယာလာခဲ့ပါသည်။

သည်ရွာတန်းလေးသို့ ကျောက်တော်စီမံကိန်းအဖွဲ့နှင့်အတူ ကျန်းမာရေး ပညာပေးစဉ်က ကျွန်မတစ်ကြိမ် ရောက်ဖူးထားသည်။ သည် တစ်ကြိမ်ရောက်ခဲ့သည်ကမူ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် မဟုတ်ပါ။ ရွာတွေအနောက်ဘက်က တောတောင်ထဲသို့ ထိုးဖောက်ဝင်ရောက်လိုခြင်းသာ။ မှိုင်းချောင်းတောင်ကို သူတို့ကရွေးချယ်ခဲ့ကြသည်လေ။

သူတို့ဆိုသည်က အခြေခံတိုင်းရင်းဆေးပညာသင်တန်းတက်ရောက်လာကြသည့် ရွာသူရွာသားများပေ။ ကျောက်တော်မြို့နယ်မှာ စတင်သော ရွှေ့ပြောင်းသင်တန်းအတွက် ကျွန်မကျောက်တော်သို့ ကူးလာဖြစ်နေခဲ့ရပါ၏။ သင်တန်း ကာလနှစ်ဆယ့်တစ်ရက်အတွင်း သုံးကြိမ်ရှိခဲ့ပြီ။ ယခုသင်တန်းမျိုး မင်းပြားအပါအဝင် အခြားစီမံကိန်းဝင်မြို့နယ်များမှာ ဖွင့်နိုင်ဖို့မှာ ကျွန်မသို့ ပေးထားသောတာဝန်ပေ။ သင်တန်းမှာ ဒေသသုံးတိုင်းရင်းဆေးချိန်ပါဝင်သည်။ ရခိုင်ဒေသရဲ့ တိုင်းရင်းဆေးစွမ်းများ သင်တန်းချိန်ကို သူတို့ အထူးတလည် စိတ်ဝင်စားကြသည်။ သူတို့အတွက် လက်တွေ့အသုံးကျရမည့် ဒေသသုံးတိုင်းရင်းဆေးပင်များ ရှာဖွေဖော်ထုတ် ရေး ကွင်းဆင်းချိန်များကိုတော့ စိတ်အားအထက်သန်ဆုံး။ သင်တန်းသား များက မှိုင်းချောင်းတောကို တညီတညွတ်တည်းလို ရွေးချယ်ခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



သင်တန်းသားက ငါးဆယ်ခန့်။ သင်တန်းဆရာများ၊ ကျောက်တော် စီမံကိန်းဝန်ထမ်းအချို့နှင့်မြို့နယ်လူမှုဖွံ့ဖြိုးရေးတာဝန်ခံ ဒေါက်တာဦးဆန်းမောင်ပါဝင်နေသော လူစုလူဝေးမှာ မှိုင်းချောင်း တောတောင်ထဲ ဖြန့်ကြက်ရောက်ရှိသွားခဲ့သည်။ သည်တောတောင်မှာ ဘယဆေးပင်များ ပေါက်ရောက်သည့်နေရာမှာ ကျော်ကြားသော တောတောင်ပေ။ ဆေးမျိုးတစ်ပင်တွေ့တိုင်း ဝမ်းသာအရ ခေါင်ငင်ပြသသံများဖြင့် ဆူညံသွားတတ်သည်။ ထိုနေရာတွင်ပင် ဆွေးနွေးဝိုင်းလေး ဖြစ်သွားသည်။ တစ်ပင်ချင်းရဲ့ ရုပ်ဂုဏ်၊ ဓာတ်ဂုဏ်သတ္တိများ၊ အာနိသင်များက တစ်ယောက် တစ်ခွန်းဖြည့်ကြသည်နှင့်ပင် ပြည့်စုံသွားရသည်။ အပင်နမူနာများ တူးဆွယူခဲ့ကြသည်။ ကျွန်မတွေ့ရသမျှ ဆေးဖက်ဝင်အပင် များပြားလှတာပင်။ သူတို့စကား နားထောင်ရင်းမှ ဆေးပင်လေးများရဲ့ အပင်ချင်းတူ၊ ခြားနားသော အသွင်သဏ္ဌာန်ကို သတိပြုမိရသည်။

ထူးခြားချက်ရှိနေသော အပင်များကို ရှာဖွေရင်း တောနက်နက်သို့ ရောက်မှန်းမသိ ရောက်လာခဲ့သည်။ လူစုလူဝေးချင်း တစ်စုနှင့်တစ်စု မဆုံမိအောင်ပင်တောတောင်က ကျယ်ပြန့်နေခဲ့သည်။ အသံသဲ့သဲ့များ ကြားရပေမယ့် မသဲမကွဲ။ ကျွန်မတို့ အုပ်စုသည်မှု အသံများနှင့် ဝေးလို့လာခဲ့သည်။ အမည်မသိ ချောင်းရိုးလေး တစ်လျှောက် ကျွန်မတို့ လျှောက်လာမိနေကြဟန် တူပါ၏။ ရှေ့က သွားနေသူတို့မှာ သူတို့ ဆန္ဒဇောနှင့် သူတို့။ တောထူထပ်ခဲ့ပြီကို သတိမမူမိပါလေစပင်။ ရေစီးသံလေးသာ ကြားနေရပြီး ချောင်းကလေးကို တော်တော်နှင့် မတွေ့နိုင်။ ဝါးရုံပင်တော တစ်ကွေ့ကို ကျော်ခဲ့ပြီးမှ ချောင်းကလေးကို လျှိုထဲမှာ စင်းစင်းလေး တွေ့မြင်လိုက်ရသည်။ တဖြည်းဖြည်းနိမ့်ဆင်း သွားရာအရပ်ဆီ ချောင်းရေးက အရှိန်ဖြင့်၊ တသွင်သွင် စီးဆင်းနေခဲ့ပေ၏။ ကြည်လင်လှသော စမ်းချောင်း အောက်ခြေမှ ကျောက်စရစ်ခဲလေးများအထိ မြင်နိုင်နေသည်။ လူသွားလမ်း လေးက ချောင်းကမ်းပါးတစ်လျှောက်မှာဖြစ်လေ၏။ သစ်ရွက်ကြွေတချို့ ကြွေကျနေသည်ကလွဲလို့ လမ်းလေးမှာ ရှင်းလင်းကာ ဖုံနေခဲ့သည်။

ဘယ်ဆီဦးတည်နေလည်း မှုမသိနိုင်။ တစ်နေရာမှာ သည်လမ်း



ကလေး တောတောင်ထဲသို့ ရောက်ရှိပျောက် ဆုံးသွားဦးတော့မည်ပေ။ ရှေ့ကသွားနေသော ရွာသားသင်တန်းသားကြီးသို့ ကျွန်မမီလာခဲ့သည်။

"ကျွန်မတို့ တော်တော်ပေးလာပြီနော်။ အခန်-လမ်းတော့ သိပါတယ်နော်"

"သိတယ်ဆရာ၊ မပူပါနှင့်"

မပူပါနှင့် ဆိုပေမယ့်ကြည့်လေရာရာမှာ တောချုံပုတ်တွေနှင့် နွယ်ပင်နွယ်တန်းတွေချည်းပေ။ ရွာသား ဦးလေးကြီးက လမ်းသိလည်း မျက်ခြည်ပြတ်ခဲ့လျှင် ကျွန်မက လမ်းမသိပေ။ ကျွန်မ သူ့ခြေလှမ်းတွေ အမီ လိုက်မိရသည်။ သင်တန်းသားကြီးက သည်တောထဲသို့ သူဆေးပင်ရှာ မကြာခဏရောက်ဖြစ်ကြောင်း ပြောပြလာခဲ့သည်ကို ကြားရလိုက်၊ ဝေးသွားလိုက်။ အစိမ်းရောင် သိပ်သည်းသော တောထဲသို့ ဝင်လာစကပင် ကျွန်မ အတွေးထဲမှာ စာတွေရေးဖွဲ့လာမိခဲ့သည်။ သစ်ဆင်းနှင့် အခြားမဂ္ဂဇင်း တချို့မှာ ကျွန်မစာမူများ ပါဝင်ဖူးပေမယ့် ကျွန်မမှာ စာရေးချင်သူတစ်ဦးမျှ သာပါပဲ။ စာရေးဆရာတစ်ဦး မဟုတ်ခဲ့ပါ။ ကျွန်မရောက်နေသည့် တောတောင်မှာ စာရေးဆရာ တစ်ဦးဦးဆိုခဲ့ရင် စာမဖွဲ့ဘဲမနေဖြစ်အောင် ဆွဲဆောင်အားကောင်းလှမည့် သဘာဝပတ်ဝန်းကျင်ပါပဲ။ မျှဝေခံစားတတ်အောင် ရေးစွမ်းနိုင်သူ တင်ဆောင်းဟန်သို့ ကျွန်မ သတိရမိသည်။ ကျွန်မ မှိုင်းချောင်း ခရီးအစကပင် စိတ်ကူးထဲရေးဖွဲ့လာမိသော စာမှာတော့ ထိုစာရေးဆရာဖတ်ဖို့သာ။ ထိုစာလေးမှာ ကျွန်မအတွေးထဲဟွင် စိမ်းစိုလျက်၊ သာယာသော စမ်းချောင်းရေစီးသံလေး ထွက်ပေါ်နေခဲ့ရာက တစ်စတစ်စ မည်းမှောင်ချင်လာခဲ့ပါ၏။ တောနက်ထဲမှာ ရှေ့က ခြေလှမ်းများကို အမီ လိုက် နေရသည်တွင် အတွေးထဲက ပြန်စာအရေး ခေတ္တရပ်သွားခဲ့ရသည် လမ်းပျောက်သွားခဲ့ရင် ကျွန်မ ပထမဆုံး စိတ်ပူပင်မိမည်က သူ့ထံစာ ချက်ချင်း မရေးဖြစ်နိုင်မည်ကိုသာပင်။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ မင်းပြားမှာရှိစဉ် စာတစ်စောင် လက်ခံရရှိခဲ့သည်။ ကျောက်တော်က အခြေခံတိုင်းရင်းဆေးပညာ သင်တန်းရှိရာ ထွက်မလာမီလေးမှာပေ။ သစ်ဆင်းမဂ္ဂဇင်းတိုက်မှ သူငယ်ချင်းမလေးထံက ဖြစ်ပါ၏။ မေနှင်း ကျွန်မထံ စာမရေးဖြစ်ခဲ့တာကြာပြီ။ မဂ္ဂဇင်းစာမျက်နှာ၊ ဂျာနယ်စာမျက်နှာ တွေပေါ်မှာလှုပ်ရှားနေသော မေနှင်းမှာ ကျွန်မကဲ့သို့ပင် အချိန်တို့ ရှားပါးမည်ပင်။ သည်ကြားက ကျွန်မထံ သူစာရေးခဲ့တာသကိရုံ သက်သက် ကြောင့်လား။ ရန်ကုန်က စာတွေကို ဖတ်ရတိုင်း သူ့အကြောင်းကိုသာ ကျွန်မ ရှာဖွေမိတာ ဝန်ခံရမည်ပေ။

မေနှင်းရဲ့ စာလေးတစ်နေရာမှာ သူ့အကြောင်းကို ကျွန်မ တွေ့ခဲ့သည်။

"မိုးရဲ့စာတွေကို ကိုဆောင်းအသေအချာ ဖတ်တယ်။ မိုးလုပ်နေတဲ့ အလုပ်ရဲ့ သဘောသဘာဝကိုလည်း သူစိတ်ဝင်စားတယ်။ တစ်ခါမှာတော့ သူမှတ်ချက်ချတယ်။ အဲဒါ မိုးစစ်တွေကနေ သူဆီ တယ်လီဖုန်း ဆက်သွယ် ပြီးတဲ့ နောက်တစ်ရက်မှာပေါ့။ မိုးကျင်လည်နေတဲ့ အလုပ်ပတ်ဝန်းကျင်က သိပ်လှုပ်ရှားသွက်လက်ပြီး ရှင်သန်လှတယ်။ ကိုယ့် အလုပ်ရဲ့ ထိရောက်မှုကို ချက်ချင်း တုံ့ပြန်သိရနိုင်တယ်။ Live Show တစ်ခုနဲ့ တူတယ်တဲ့။ သူ့အလုပ်၊ သူ့ဘဝ ပတ်ဝန်းကျင်ကတော့ ငြိမ်သက်ပြီး အပြောင်းအလဲ နည်းပါးတယ်။

မိုး ဆက်ဝင်တဲ့ အလုပ်ပတ်ဝန်းကျင်နဲ့ သူ့ကျင်လည်နေတဲ့ ဘဝပတ်ဝန်းကျင်က ခြားနားတယ်။ သူနဲ့မိုးတို့ရဲ့ ဘဝချင်း ဆက်စပ်



နိုးစပ်ကြဖို့ ဆိုတာမဖြစ်နိုင်ဘူး။ ကိုဆောင်းက ပြောခဲ့တယ်။

မိုးနဲ့ ကိုဆောင်းတို့ရဲ့ အခြေအနေကို သူဒီလိုတစ်ကြိမ်မှ ပွင့်ပွင့်လင်းလင်း မပြောခဲ့ဖူးတော့ မေနှင်းတို့လည်း ဘယ်လိုနားလည်ရမလဲမသိဘူး။ နားလည်တယ်ဆိုရင်တောင် မေနှင်းတို့ရဲ့ နားလည်မှုက အပိုအလိုရှိနိုင်မှာပဲ။ ကိုဆောင်းရဲ့ ခံစားချက်အတိမ်အနက်တွေကို မိုးကတော့ အမှန်မြင်နိုင်လိမ့်မယ်လို့ မေနှင်းစာရေးလိုက်တာပါ။ မိုးသိသင့်တယ်လည်း ထင်မိတယ်။

ထိုစာပိုဒ်လေးကို ကျောက်တော်ရောက်သည့် ညမှာ တစ်ကြိမ် ထပ်ဖတ်ဖြစ်ခဲ့သည်။

ဒုတိယအကြိမ် ဖတ်ဖြစ်သည်တွင်တော့ တင်ဆောင်းဟန်ရဲ့ ခံစားချက်တွေကို ထပ်တူမျှဝေ ခံစားလိုက်နိုင်တာလား။ သူ့ခံစားချက်ရဲ့ အပြင်ဘက်သို့ ကျော်လွန်စဉ်းစားလိုက်မိပြီလား။ တစ်ခုခုကိုတော့ ကျွန်မ ဖမ်းယူလိုက်နိုင်ခဲ့သည်ဟု သေချာမိပါသည်။

♣ ♣ ♣

မိုးအကုန်ပေမယ့် ချင်းပြည်နယ်တောင်ပိုင်းက ပလက်ဝမြို့နယ်လေးဟာ ကိုယ့်ထင်မိသလောက် မအေးခဲ့သေးဘူး။ တောင်ပေါ်မြို့လေး ပီပီ တောင်ကမ်းပါးယံတွေရဲ့ မြေပြန့်တွေမှာ အရယူပြီး မြို့တည်ထားတာမို့ မြို့ထဲကို သွားခဲ့ရင် တောင်တက် တောင်ဆင်းတွေနဲ့ချည်းပေါ့။ မြို့ကလေး သန့်ရှင်းတယ်။ မြစ်နဲ့ တောတောင်တွေကို ဖြတ်သန်းလာတဲ့ လေက သန့်စင်လတ်ဆတ်တယ်။ အောက်စီဂျင်တွေအပြည့်အဝပါဝင်တယ်လေ။ တောင်တွေဘယ်လောက်ပဲ တက်ရတက်ရ အမောပြေစေတဲ့ အေးမြသန့်စင်တဲ့ ရနံ့လေးအစဉ်မွှေးနေတဲ့လေပါပဲ။

ကျောက်တော်ကနေ ခြောက်နာရီကြာ ဘုတ်စီးခဲ့ရင် ချင်းပြည်နယ်ထဲက ပလက်ဝမြို့လေးကို ရောက်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

တောင်ပေါ်က ဆီးမြင်ရတဲ့ ကန္တပနဒီရဲ့ စိမ်းပြာပြာအသွင်က တည်ငြိမ်လှပနေတယ်။ ပလက်ဝမြို့ဆီမှာ မြစ်ဟာသေးသွယ်လာခဲ့တယ်။ မြစ်ကမ်းလမ်းတစ်လျှောက်က ကိုယ်တို့လမ်းလျှောက်ပြန်လာခဲ့ကြပါတယ်။ တောင်ပေါ်ကိုတက်ပြီး တစ်ခါလျှိုထဲကို ပြန်ဆင်းရတဲ့ ပလက်ဝရဲ့ လှပကြီးကျယ်တဲ့ ရေတံခွန်ဆီက ကိုယ်တို့ ပြန်ခဲ့ကြ တာလေ။ ရေအားလျှပ်စစ် ယူခဲ့တဲ့ရေတံခွန်မို့ အဝေးကနေ ရေတံခွန်စီးသံကြားရနိုင်တဲ့ ရေတံခွန်ကြီးပါပဲ။

အလုပ်ကိုပဲ အာရုံစိုက်ပြီး သူ့အချိန်နဲ့ သူပြီးဖို့ တိုင်ပင်ယူတတ်တဲ့ Miss Thrill က သည်တစ်ကြိမ်မှာတော့ ရေတံခွန်ဆီ လမ်းလျှောက်လိုက်လာခဲ့တယ်။ ကျေးရွာ ပြန်လည်တည်ဆောက်ရေး ဖွံ့ဖြိုးရေး သင်တန်းရဲ့ရက်ဆက် သင်တန်းတွေကြားထဲက နားရက်တစ်ရက်မှာမှ ပလက်ဝမြို့ထဲကို သူလည်းရောက်ဖူးတော့တာ။ သူက အသက်ငါးဆယ်တွင်းရှိမယ့် ဖိလစ်ပိုင် အမျိုးသမီး ဆရာဝန်တစ်ဦးပါ။ မြို့နယ်သုံးမြို့နယ်ဆက်ပြီး သင်တန်းတွေ ပေးပြီးခဲ့ပေမဲ့လည်း သူကြည့်ရတာ ပင်ပန်းပုံမရခဲ့ဘူး။ သူ့ရဲ့ကန့်သတ် ထားတဲ့ အချိန်အပိုင်းအခြားတွေထဲမှာ ပြီးဖို့အမီလိုက်ရတဲ့ သင်တန်းအကူဆရာ ကိုယ်တို့မှာသာ မောချင်ချင်။

သည်နေ့နံနက်ခင်းကော့ သူ့ကို ရေတံခွန်ပေါ်ခေါ်ရင်း လမ်းလျှောက်ဖြစ်တယ်။ ကိုယ်ရေးကိုယ်တာတွေနဲ့ ပတ်သက်လို့ အလွန်မေးမြန်းပြောဆိုခဲ့တဲ့ Miss Thrill က-

"မင်းရဲ့ အခုအရွယ်ထက် ၄-၅ နှစ် ပိုကြီးမယ့်အရွယ်က ကိုယ့် Public Health & Development Feild ထဲ ရောက်ခဲ့တာ အခုဆိုရင် ၁၅ နှစ်ကျော်ပြီ။ မဖွံ့ဖြိုးသေးတဲ့ နေရာတွေလှည့်ပြီး ဖွံ့ဖြိုးရေးလုပ်ခဲ့တာရော၊ သင်တန်းတွေ ပေးနေခဲ့တာရော ဘယ်တော့မှ ရပ်တန့်လို့မရတော့ဘူး။ ထွက်လို့လည်း မရတော့ဘူး။ လိုအပ်ချက်တွေကို ပိုသိလာရပြီး ပိုလည်းများ လာတာကိုး။

ကိုယ့်ဘဝဖွံ့ဖြိုးဖို့ဆိုတာ မေ့နေမိတာ။ အချစ်ရေးတွေလည်း အဆင်မပြေခဲ့တော့ဘူးပေါ့ကွာ။ ကိုယ်က အမြဲတောထဲမှာပဲ ရှိနေခဲ့တာကိုး။ အိမ်ထောင်မကျဖြစ်လိုက်တော့ဘူး။ မင်းကို သိရတော့ ကိုယ်လိုလူမျိုး နောက်တစ်ယောက်ကို တွေ့ရသလိုပဲ။ ကိုယ်ကတော့ မင်းကို ပြန်စဉ်းစားစေချင်တယ်။ မင်းပြန်ထွက်လို့ရမှာ မဟုတ်ဘူးနော်"



ကိုယ် သူ့ဘဝဇာတ်ကြောင်းကို စိတ်ဝင်တစားမေးတော့ သူကလည်းပွင့်ပွင့်လင်းလင်း ဖြေခဲ့တယ်။ တောင်ခိုးငွေ့တို့နဲ့ စိုစွတ်ပြီးသိပ်နေတဲ့ မြေလမ်းအနိမ့်အမြင့်တွေကို ဖြတ်လျှောက်ကြရင်း စကားတွေပြောလာခဲ့ကြတယ်။ ရုံးပေါ်ကို တက်ရတော့မယ် တောင်ခြေရောက်တဲ့အခါ Thrill က-

"ဘယ်လိုလဲ၊ မင်းအတွက် သိပ်နောက်မကျသေးတဲ့အပြင် Field ထဲ ပစ်ဝင်ဖို့လည်း အရွယ်ငယ်လွန်းနေပါသေး တယ်"

ကိုယ့်ကို မေးခဲ့တော့ အတက်အဆင်းတွေများလို့ ချွေးစို့နေပြီဖြစ်တဲ့ ကိုယ်က လတ်ဆတ်သန့်စင်တဲ့လေကို ရှိုက်လို့ရှူလိုက်မိရင်း-

ကျွန်မကတော့ ရှင့်ရဲ့ဘဝကို ပိုပြီးအားကျတယ်။ တက်ကြွပြီး လှုပ်ရှားရှင်သန်နေတဲ့ ဘဝလေ။ ရှင့်လိုပဲ အတွယ် အတာမရှိ၊ လွှပ်လပ်စွာ ကိုယ်သက်ဝင်နေတဲ့ Field ထဲမှာ နှစ်မြှုပ်ထားရတာ ကျွန်မ သဘောကျ မိတယ်"

ဖြေလိုက်တော့ ကျက်သရေရှိရှိ ချောမောလှပတဲ့ Miss Thrill က ရယ်လိုက်တာ ဟက်ဟက်ပက်ပက်ပါပဲ။ အရယ်အမောတွေ ဆုံးတော့မှ -

"မိန်းကလေးရဲ့။ မင်းဆီက ကိုယ်ကြားချင်တဲ့ စကားအမှန်ကလည်း ဒါပဲလေ" ပြောခဲ့တယ်။

ပလက်ဝရဲ့ ရွာလေးတွေဆီ လက်တွေ့သင်တန်း သွားရတော့ဖို့ အချိန်နီးကပ်နေပြီမို့ တောင်ပေါ်ရုံးရှိရာ စုရပ်ဆီကို ကိုယ်တို့နှစ်ဦး စကားမပြောဖြစ်ကြတော့ဘဲ ဆက်တက်ခဲ့ကြတော့တယ်။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com



မင်းမသိသေးတဲ့အကြောင်းအရာလေးတစ်ခုပါ တင်ဆောင်းဟန်။ သည်အကြောင်းတွေကို မင်းသိဖို့ မရည်ရွယ်ခဲ့ပါဘူး။ မေနှင်းရဲ့စာလေးကို ဖတ်လိုက်ရမှ ကိုယ်မင်းကို အသိပေးချင်လာခဲ့တယ်။

မင်းနဲ့ကိုယ် ကျင်လည်လှုပ်ရှားကြတဲ့ ဘဝပတ်ဝန်းကျင်ချင်း ခြားနားတယ်။ မနီးစပ်နိုင်ပါဘူးလို့ဆိုခဲ့တဲ့ မင်းရဲ့ ထင်မြင်ယူဆချက်တွေကို ပံ့ပိုးပေးချင်လို့ပါပဲ။

ဖိလစ်ပိုင် အမျိုးသမီးဆရာဝန်နဲ့ ကိုယ်တို့ အမှတ်မထင်ပြောဖြစ်ခဲ့တဲ့ စကားတွေကိုလည်း ကတိစကားတစ်ခုလို မင်းကို သိစေခဲ့ပါတယ်။

နှုတ်ဆက်ခွဲခွာဖို့ ဖြစ်လာတဲ့ ကံကြမ္မာအကြောင်းကို မပြောခဲ့ဘဲ နီးစပ်ကြဖို့ မဖြစ်နိုင်တာဟာ ကျင်လည်လှုပ်ရှား နေတဲ့ဘဝ ပတ်ဝန်းကျင်ချင်း ခြားနားနေခဲ့လို့ပဲလို့ အခြားသူတွေကို သိစေရင်း ကိုယ့်ကိုလည်း ဖျောင့်ဖျချင်တဲ့ မင်းရဲ့ အတွေးအကြံလေးကို ကိုယ်ရိပ်မိနေသလိုပါပဲ။ ဘယ်လောက်အတိုင်းအတာအထိ မှန်မလဲဆိုတာတော့ မမှန်းဆတတ်ခဲ့ပါဘူးလေ။ မင်းဝန်ခံမှာမဟုတ်ပေမယ့် စိတ်ချမ်းသာမယ်လို့ ထင်ရတဲ့ ကိုယ့်ရဲ့ရှေ့ဘဝခရီး အစီအစဉ်ကိုလည်း စာထဲမှာ ရေးခဲ့ပါရာယ်။ ကိုယ့်ရဲ့ရှေ့ဘဝခရီး အစီအစဉ်လေး ရှိနှင့်နေခဲ့တာ၊ မင်းကိုယ့်ကို လွတ်လပ်ခွင့်ပေး ချင်တဲ့စိတ်ကူးစိတ် သန်းအတွေးအကြံလေးထက် စောစီးခဲ့တာတော့ မင်းလက်သင့်ခံရမှာပါပဲနော်။ ကိုယ့်ဘဝမှာ အောက်မေ့ဖွယ် မင်းကလွဲလို့ အခြားဘယ်သူ တစ်စုံတစ်ဦး ပေါ်ပေါက်လာဖို့ဆိုတာ ဖြစ်နိုင်ဦးမှာလဲ ဦးတင်ဆောင်းဟန်ရယ်။



ဒီဇင်ဘာရဲ့ မထင်မှတ်သောမိုး။ ဆောင်း အအေးအပေါ် ထပ်လောင်းအေးစေဖို့ ရွာတတ်သော 'ဆောင်းတွင်းမိုး' ရိုးရိုးလေးပဲ ထင်မိခဲ့ကြသည်။

ရခိုင်ပြည်နယ်ရဲ့ မိုးက ဆောင်းကာလမှာပင် မပြတ်ချင်။ နွေအခါ မှာမှသာ မိုးစင်စင် ကင်းလွတ်ကာ ပူပြင်းပြီ။ မုတ်သုန်အစမှာတော့ မေလ ၁၉ရက်၊ ၂၀ရက်ဆိုတာ ပုံမှန်မုန်တိုင်းတစ်ခု ရောက်လာတဲ့ရက်ပဲ။ သည်က စလို့ မိုးအဆက်ပြတ်ပြီ။ ရောက်နှင့်ခဲ့သူတွေရဲ့ လေ့လာတွေ့ရှိထားချက်လေ။ မိုးကာလတစ်လျှောက်မှာတော့ မြို့ထဲမှာ မုန်တိုင်းသတင်းကြေညာသံတွေ မကြာခဏကြားရသည်။ ရေယာဉ်များ ဆိပ်ကမ်းမှ မခွာကြဖို့ သတိပေး တားမြစ်သောလော်စပီကာ သံဝဲဝဲကိုပင် နားယဉ်လို့နေခဲ့ပြီ။ မုန်တိုင်းမိုး ဆက်ပြီဆိုရင်တော့ အလုပ်တွေဆက်လုပ်လို့ မရတော့။ အလုပ်နားလို့သာနေပေတော့။

ဆောင်းကာလမှာတော့ ရာသီဥတုပွင့်လင်း သာယာခဲ့လေသည်။ နေ့လယ်ခင်းများမှာ အလုပ်လုပ်လို့ ကောင်းလှသည်။ ရာသီဥတုသာယာကာ ရေမြေသဘာဝအလှပဆုံးအချိန်မှာ ကျေးရွာလူသားတို့လည်း အပျော်ဆုံး အချိန်ထင်လေ၏။ ရိတ်သိမ်းချိန်မှာ အလုပ်တွေများကြတော့ ခေတ္တနား ချိန်လေးရလိုက်သလိုပဲ။ ဆောင်းသီးနှံများလည်း စိုက်လေ့မရှိကြအလေ့ နည်းပါးကြသည်ပင်။

သည်အချိန်ဆို ကျေးရွာလေးတွေမှာ စီမံကိန်းလုပ်ရှားမှုတွေများလှသည်။ ရွာလေးတွေရဲ့အားလပ်ရက်ကို လုယက်ယူငင်ကြရ

www.burmeseclassic.com

www.burmeseclassic.com



ခြင်းပင်။

ရခိုင်ပြည်နယ်ရဲ့ ဆောင်းရာသီကို ကျွန်မလည်း ချစ်ခင်မိလေသည်။ မိုးမှာအလုပ်လုပ်ရတာလည်း အပန်းမကြီးပေမယ့် လှိုင်းကြီးလေထန်လာခဲ့ရင် ကျွန်မရဲ့ရေကူးမကျွမ်းကျင်သောအဖြစ်ကို မကြာခဏသတိရရသည့် အဖြစ်မျိုးမရှိချင်ဘူးလေ။

ခရီးစတင်ခဲ့သည့်ရက်မှာ ရာသီကမှိုင်းမှိုင်းပျပျ။ ဆောင်းရဲ့ မြူနှင်းမလင်းမချင်း နံနက်ခင်းဟုသာ ထင်ယောင်မှားခဲ့စေသည်။ ပဏာမကျန်းမာရေး စောင့်ရှောက်နေ့ ပြုလုပ်မြဲရက်ချိန်းမို့ သုံးညအိပ်လေးရက်နေမည့် ခရီးစဉ်ဖြစ်လေ၏။ ပထမရက်မှာ ကျေးရွာကျန်းမာရေးပညာပေးအစီအစဉ်။ ဒုတိယရက်မှာ ကျေးရွာတစ်ရွာလုံးရဲ့ သန့်ရှင်းရေးအစီအစဉ်။ တတိယရက်မှာ ကိုယ်ဝန်ဆောင်အမျိုးသမီးတွေရဲ့ ကလေးများရဲ့ကျန်းမာရေးအစီအစဉ်။ ကျောင်းကျန်းမာရေးလည်းပါဝင်မည်။ ညဘက်များတွင်တော့ ကျန်းမာရေးဗီဒီယို ပြပွဲများဖြစ်လေသည်။ သည်လိုနေ့ရက်များတွင်တော့ ကျွန်မနှင့်အတူ မြို့ခံကျန်းမာရေးပညာပေး အမျိုးသမီးလေးနှစ်ဦးပါတတ်သည်။ ကျန်းမာရေးမှူးလည်း ပါဝင်လေသည်။ သည်တစ်ခေါက်မှာ ကျန်းမာရေးမှူး ဦးတင်ဝင်းက မလိုက်ပါနိုင်ခဲ့ပေ။

ရွာလေးသို့ ရောက်သည့်ညနေမှာပင် မိုးစတင်ခဲ့တော့သည်။ ညဘက်မှာအအေးကဖြင့် ရက်စက်သည်။ ယူလာခဲ့သော စောင်တွေဖြင့် မလောက်ချင်။ မြအေးနု၊ သိန်းသိန်းနုနှင့် ကျွန်မတို့ ပူးကပ်ပြီးနွေးထွေးအောင်အိပ်ကြလည်း မနွေးထွေးနိုင်။ ကျွန်မတို့ကို လုံခြုံသောအိမ်လေးမှာ တည်းကြဖို့ စီစဉ်ပေးသည့်တိုင် သည်အိမ်လေးမှာလည်း မိုးလုံပေမယ့်လေက မလုံ။ လေပြင်းသံများကြားနေရသည်။ ထရံကြားက မိုးသက်လေက အရှိန် ပြင်းပြင်း တိုးဝင်နေခဲ့လျက်။ တစ်ချက်တစ်ချက်မှာ သွပ်မိုးထရံကာခြေတံ ရှည်အိမ်မြင့်လေးမှာ လှုပ်ခတ်သွားတတ်ပါသေး၏။ ရုတ်ခြည်းပဲ မိုးတွင်း ပြန်ရောက်သွားခဲ့သလိုပေ။

နံနက်မိုးသည်အထိ မိုးကဆက်နေဆဲ။ ဆောင်းတွင်းမိုးလို တစ်ရက်တစ်လေဟုသာ ထင်မိခဲ့သည်။ မိုးတွင်းမှာတော့ သည်လိုဖွဲဖွဲလေးရက်ရှည် ဆွဲခဲ့သည်များကို ရိုးနေလျှပြီ။ သို့နှင့်ကျွန်မအလုပ်ဆက်ဖို့ ဆုံးဖြတ်မိသည်။ ရက်ချိန်းအတိုင်းပင် နှစ်ညဆက်နေမှ အလုပ်များ



ကလည်း ပြီးမှာပေ။ ရွာကလည်း အလုပ်ဆက်လုပ်သည်။ ရွာအတွက် ပျော်ရွှင်စွာ စုဝေးနိုင်သော နေ့ရက်များဖြစ်လေ၏။ အစီအစဉ်ကို တစ်လတစ်ကြိမ် သူတို့မျှော်နေကျဖြစ်လေ၏။ ညကမိုးသည်းသည်းမှာပင် တဲအိမ်လေးသို့ အမျိုးသမီးတွေ ရောက်လာကြသေးသည်။ သည်နေ့လုပ်မဲ့အစီအစဉ်တွေအတွက် တိုင်ပင် ကြသည်။

ကျန်းမာရေးပညာပေးတွေအပြင် သူတို့အတွက် ပျော်စရာအစီအစဉ်လေးတွေလည်း ကိုယ်တိုင်စီစဉ်ကြသည်။ သည်တစ်ပတ်အတွက် အစီ အစဉ်မှူကလေးတွေရဲ့ တစ်ကိုယ်ရေသန့်ရှင်းရေးကဗျာတွေ ရွတ်ဆိုပြိုင်ပွဲနှင့် ကလေးလူကြီးအတွက်က ကျန်းမာရေး၊ ပညာပေးဗီဒီယိုခွေတွေအပြီးမှ ရခိုင်ဗီဒီယိုခွေပြမှာဆိုပါလား။ အစီအစဉ်တွေ ရက်စေ့ဆွဲထားသည်မို့ ကျွန်မ မငြင်းသာ။

"ဆောင်းတွင်းမှာ မိုးရက်ရှည်နေရင် မုန်တိုင်းရှိလို့ဖြစ်နိုင်တယ် ဆရာမ။ မုန်တိုင်းသာ ဆက်ခဲ့ရင်တော့ ကျွန်မတို့ဒီရွာမှာ ဆက်ရက်လောက် သောင်တင်သွားနိုင်တယ်နော်"

"ရွာက သိပ်တက်ကြွနေကြတော့တာဆိုတော့လေ "

သိန်းသိန်းနုရဲ့ သတိပေးစကားကို ကျွန်မ မနာယူဖြစ်ခဲ့တော့ပေ။

နံနက်ခင်းရွာထဲမှာ အလုပ်ဆက်လုပ်ဖြစ်ခဲ့သည်။ တစ်အိမ်ဝင်တစ်အိမ်ထွက် စကားပြောကြရင်း ရုတ်တရက်လေမိုးကွေ သည်းထန်လာတော့ နေလယ်တိုင်ခဲ့ပြီပင်။ တဲအိမ်ရောက်အောင် မိုးလေကြားမှာ ပြန်ခဲ့ရသည်။ ထီးတွေလည်း သုံးလို့မရတော့ဘူးလေ။ မိုးတွင်းအခါကလို မိုးကာလည်း ဆောင်မလာဖြစ်ခဲ့ကြ။

ညဘက် မူလတန်းကျောင်းအသစ်ကလေးထဲမှာ ဗီဒီယို ပြရတော့ အဆင်မပြေ။ ကွင်းထဲမှာ ပြရသလိုမဟုတ်ဘဲ တစ်ရွာလုံးက ကျောင်းထဲ ရောက်လာကြတော့ နေရာမလောက်ငှချင်ပေ။ သွပ်မိုးအသစ်တွေထိပ်တစ် ဒိုင်းဒိုင်းကျနေသော မိုးသံကြောင့် ကျန်းမာရေးဗီဒီယိုခွေပြလိုက်၊ ကိုယ်တိုင် ရှင်းပြလိုက် မလုပ်နိုင်ခဲ့တော့။ 'နေထက်လင်း'အလှည့်ရောက်တော့ သူလည်း မိုးလေသံကို မထွင်းဖောက်နိုင်။ အရုပ်ပဲ ကြည့်ရပေတော့၏။ ရွာသားတွေပင် သည်တစ်ကြိမ်တော့ စိတ်လေသွားကြပုံ ရလေ၏။ အစီအစဉ်ရက်များအတိုင်း ရွာမှာ

www.burmeseclassic.com

www.burmeseclassic.com



ဆက်နေဖို့မဖြစ်တော့ဟု ကျွန်မသဘောပေါက်သွားမိရတော့သည်။

ထိုညမှာပင် တီဗွီ၊ ဗီဒီယိုစက်များ၊ မီးစက်များ၊ ယူလာသမျှ သင်ထောက်ကူပစ္စည်းများကို သိမ်းဆည်းထုပ်ပိုးခဲ့သည်။

နံနက်စောစောတွင်တော့ မင်းပြားမြို့သို့ ပြန်လှည့်တော့မည်ပေ။

ထိုညကလည်း ကျွန်မတို့သုံးဦးသားအိပ်လို့မပျော်နိုင်။ သိန်းသိန်းနု နှင့် မြအေးနုတို့က ရခိုင်လိုစကားတွေတိုးတိုးပြောကြ၊ တခါတရံ ကျွန်မသို့ လှမ်းစကားပြောလိုက်ကြရှိကာ ကျွန်မမှု 'ကျိန်းတောင်' တောင်ခြေရင်းရှိ ပျဉ်ထောင်အိမ်ကလေးထဲက ကျွန်မရဲ့ မနေဖြစ်တာကြာပြီဖြစ်သော အခန်း လေးကို သတိရနေမိခဲ့တော့သည်။ ကျွန်မအတွက် အနီးဆုံးသောလွမ်းစရာပေ။ ခုတင်နိမ့်လေးတစ်လုံး ရှိသည်။ ဗီရိုလေးတစ်လုံးငှားလို့ ရရှိထားသည်။ ကျောက်ပျဉ်နှင့် မှန်ဟာစ်ချပ်ရှိသည်။ ရန်ကုန်က အစစပြည့်စုံသော ကျွန်မ ရဲ့အခန်းလေးမှာမူ အလွမ်းဝေးလို့ လွမ်းရေးခက်လှပါသည်။ အနီးဆုံးဖြစ်သော မင်းပြားမြို့ပေါ်က အိမ်ကလေးကိုသာ အမြန်ပြန်ရောက်ချင်မိပါတော့၏။

♣ ♣ ♣

နံနက်ခင်း မလင်းချင်းခင်ကပင် ကျွန်မတို့ခရီးစဖို့ ပြင်ဆင်ကြသည်။ နေ့လယ်ဆယ့်နှစ်နာရီကျော်ခဲ့ရင် လှိုင်းလေဖောက်ပြန်တတ်သည်မို့ မင်းပြားသို့ စောစောဝင်နိုင်ဖို့ လိုလေသည်။ ပစ္စည်းတွေကို ရွာသားတွေက တစ်ယောက်တစ်လက် ယူချပေးကြ၏။ မြူ့ရေယံမိုးရေထဲမှာ လေးလေးပင်ပင် ထမ်းပိုးရသည်က မလွယ်။ မလွယ်လို့ ကျွန်မတို့ ကူညီနိုင်သလားဆိုတော့လည်း မကူညီနိုင်ပြန်။ ဘုတ်သမားလေး မောင်တင်အေးနှင့် ဆောက်လုပ်ရေးဆရာ ဦးဘမောင်တို့က ကူသယ်ချကြသည်။ သည့်အတွက်ပင် မိုးတွင်းမှာ ပဏာမကျန်းမာရေးနေ့တွေ နားထားကာ ဆောင်းမှာမှပြန်စတင်ခဲ့တာဖြစ်သည်။ သို့ပေမယ့်



ဆောင်းမှာလည်း မိုးကဝင်နေရာယူချင်သေးသည်ဆိုတော့ အစီအစဉ်တော့ လွဲရတော့သည်ပင်။

"ဆရာမ ကျွန်တော်လည်း မင်းပြား ပြန်လိုက်ခဲ့ဦးမယ်။ ဝယ်စရာ တချို့လည်းရှိတယ်။ ပြီးတော့ မိုးရပ်သွားမှလုပ်ငန်းလည်း ဆက်လို့ရမှာ"

ဆောက်လုပ်ရေးဆရာ ဦးဘမောင်က မင်းပြားပြန်လိုက်ခဲ့မယ် ပြောခဲ့စဉ် အမှတ်မထင်သာ

"ကျောင်းအဟွက် မိုးရေလှောင်ကန် စခါစကိုမြင်တယ် ဦးဘမောင် ရဲ့။ အယုပ်ဆက်နိုင်မှာ မဟုတ်ဘူးလို့ တွေးလိုက်မိသေးတာ။ လိုက်ခဲ့လေ ဦးဘမောင်။ မမနီလည်း အကျိုးအကြောင်းသိရတာပေါ့ "

ခေါ်ယူခဲ့မိသည်။ ရွာက လူကြီးများကလည်း စက်လှေသွက်သွက် ထွက်ဖြစ်ဖို့ ကူညီပေးကြသည်။ နံနက်ခင်းအလင်းရောင် လင်းချင်းခဲ့ပေမယ့် မိုးကောင်းကင်ကိုတော့ မမြင်သာ။ မိုးစက်တွေပဲ မြင်နေရလေ၏။ လေသည် ထန်ခဲ့ရင် မိုးစက်များက လေနှင်သည့်အတိုင်း စောင်းစောင်းကြွေဆင်းလိုက်၊ လေမရှိတော့ရင် တည့်တည့်ဆင်းလိုက်၊ ကြည့်လေရာရာ အဆက်မပြတ်သော မိုးစက်မိုးပေါက်များသာ။

မိုးထဲလေထဲမှာ စက်လှေသို့ ဆင်းကြသည် ချောင်းရေပင် အတော် မြင့်တင်ကာ ဘောင်ဘင်လှုပ်ခတ်ချင်နေပြီ။

"ကဲ အားလုံးပဲ သွားပါဖို့ဗျာယ်"

" မိုးတိတ်ရင် ပြန်လာဦးနော် ဆရာမ"

" လာပါဖို့ "

" ဆရာမတို့ လေနဲ့မိုးကိုတော့ ချင့်ချိန်နော် "

နှုတ်ဆက်မှာကြားသံတွေနောက်ထားလို့ စက်လှေလေးက ကမ်းက ထွက်ခွာခဲ့ပေ၏။ ချောင်းက မြစ်ထဲတိုးဝင်စီးဆင်းသွားသော ချောင်းကျယ် ဖြစ်လျက်မြစ်ထဲအကွေ့ ချောင်းဝမှာ လှိုင်းကြီးမြဲဖြစ်လေ၏။ စက်လှေကမ်းက ခွာသည်နှင့်ပင် လှိုင်းလေများက မိုးကာလရဲ့ နံနက်ခင်းမှာ တွေ့နေကျလှိုင်းလေများ မဟုတ်ပါလားဟု ကျွန်မသတိထားမိသည်။ လှိုင်းပုတ်ချက်များဖြင့်

www.burmeseclassic.com

www.burmeseclassic.com



စက်လှေလေးမှာ နိမ့်ချည်မြင့်ချည် အရှိန်မရနိုင်အောင်ရှိတော့သည်။ အခါတိုင်း နံနက်ခင်းမှာ ရေဆန်မဟုတ်။ အခုမှ ရေစုန်လား၊ ရေဆန်လားပင် မသိတော့နိုင်။ စက်လှေသမား မောင်တင်လေးအဖို့ ရှေ့ကိုတိုးဖို့ ကြိုးစားရင်းက နောက်ပြန်မျောနေသလို ရှိတော့သည်။ အခါတိုင်းစက်လှေဝမ်းထဲမှာ နေခဲ့ရင် မြင်ကွင်းတွေအလုံပိတ်ကာ လှိုင်းမူးချင်သလိုရှိခဲ့ရင် လှေဦးမှာ ထွက်ရပ်နေမြဲဖြစ်လေ၏။ ထိုသို့ ရပ်ခဲ့လျှင် ကျယ်ပြန့်သောချောင်းတွေ၊ မြစ်တွေ၊ ရေပြင်တွေ၊ ကောင်းကင်တွေ ရှုခင်းက လှိုင်းမူးကိုပြေစေမြဲပေ။ သည်နံနက်မှ လှိုင်းတွေက စက်လှေဦး ကို[illegible]လွှမ်းတော့မယောင် မြင့်မောက်နေတော့ပေ၏။ မိုးကာလမဟုတ်ဘဲ မိုးရွာခဲ့လို့ အမြင်တွေဆန်းကာ စိုးရိမ်စိတ်တွေ ပိုမိနေတာဖြစ်မှာပါလေ။ ကျွန်မကိုယ်ကျွန်မနှစ်သိမ့်ကာ လှေဝမ်းထဲ ပြန်ငုံ့လျှိုးဝင်ခဲ့တော့ မြအေးနုနှင့် သိန်းသိန်းနုတို့ရဲ့ ကျွန်မသို့လှမ်းကြည့်နေသော မျက်နှာလေးများကို မြင်ရသည်။ [illegible] သူတို့ရဲ့မျက်နှာလေးတွေ မှာလည်း စိုးကြောက်ရိပ်ကလေးတွေ နှင့်ပါလား။ ကျွန်မ ရုတ်တရက်ပင် ရယ်စရာတစ်ခုပြောကာ မလို ပြုံးလိုက်လျက်။

"ဆောင်းနဲ့မိုးရောသွားတော့ အရမ်းကိုအေးစက်စက် ချမ်းတာမျိုးနော်၊ ကျွန်မတို့အားလုံး ချမ်းနေကြပြီ။ အပေါ်အင်္ကျီထပ်ဝတ်ထားရအောင်နော်"

စက်လှေနံရံမှာ အသင့်ချိတ်ထားသော လိမ္မော်ရောင် အသက်ကယ် အင်္ကျီနှစ်ထည်ကိုဖြုတ်ကာ ကမ်းပေးရင်း-

" ချမ်းလို့ဝတ်ကြမှာပါနော် "

ကျွန်မက ပြုံးရယ်ပြောတော့ သိန်းသိန်းနုက-

"ဟုတ်တယ် ကြောက်လို့မဟုတ်ဘူးနော် အဟင်း"

ကျွန်မတို့သုံးဦးသား ရယ်မောလိုက်ကြပြီး အင်္ကျီများကို စလို့ဝတ်ကြသည်။ ဖော့ထူထူများဖြင့် ချုပ်ထားသောအသက်ကယ် ဂျက်တက်ကို မိန်းကလေးနှစ်ဦးအား ဝတ်ဆင်နည်းပြပေးရင်း ဝတ်ပေးနေခဲ့စဉ် စက်လှေ မှာ သိသာစွာ လှုပ်ခါယိမ်းနေခဲ့ပြီ။ လှိုင်းတွေစက်လှေဦးကို [illegible]ကျော်ဖို့ကြိုးစား နေကာအောင်မြင်လုနီးမနီးပြီလားမသိ။ ထိုစဉ် စက်လှေမှာတစ်ခုခု နှင့် လွှမ်းခြုံလိုက်သလို မှော[illegible]သွားခဲ့သည်။



မှောင်မိုက်သွားတာ စက်လှေဝမ်း ထဲမှာမို့လား။ အပြင်ဘက်ရာသီကိုက အုံ့မှိုင်းမှောင်မိုက်နေတာလား။ ဘာကြောင့် ကျွန်မသိချင်သွားရတာတဲ့လဲ။ စိတ်မှတ်မဲ့ စက်လှေဦးသို့ ထွက်ခဲ့မိသည်။ လှိုင်းတွေ ရုတ်တရက် ငြိမ်သွားခဲ့သလို လှေဦးမှာလှုပ်ခါယိမ်းခြင်း မရှိတော့တာ သတိထားမိခြင်းနှင့်အတူ ဘုရား ဘုရား။ လှေဦးမှ မိုးကောင်းကင် မည်းမည်းလိပ်လိပ်ကြီးကို မော်တွေ့နိုင်သည်။ မိုးကဖွဲရုံမျှသာ ရှိတော့သည်။ ထိုမိုးကောင်းကင်မှ တိမ်မည်းလိပ်ကြီးပင် ပြိုဆင်းလာသလား။ တခြားရှေ့တူရူဆီက သက်ဆင်းလာခဲ့တာလား။ ကျွန်မဘယ်တော့မှ တွေးတောဝေ ခွဲလို့ ရနိုင်မှာမဟုတ်သည့် အခိုးအငွေ့မည်းမည်းလိပ်လိပ် တစ်ခုက စက်လှေ ရှိရာဆီ တစ်ဟုန်ထိုး ချဉ်းကပ်လာတာ မြင်လိုက်ရတော့သည်။ ကျွန်မ ချက်ချင်းပင် စက်လှေဝမ်းထဲကို ငုံ့လို့-

"မောင်တင်အေး ကမ်းကပ်ပါ။ စက်လှေကို ကမ်းကပ်ပါ"

အသံကုန် အော်ဟစ်မိတော့သည်။ ကျွန်မအသံကို ကြားလို့တော့ မဟုတ်ပါ။ ရာသီဆိုးပြီမို့ မောင်တင်အေးကလည်း ကမ်းကပ်ဖို့ စက်လှေဦးကို ဇွတ်ထားနေခဲ့ပြီဟု နောင်တော့သိရသည်။

သိန်းသိန်းနုနှင့်မြအေးနုကလည်း ကမ်းကပ်ဖို့ကူအော်ပြောပေးခဲ့ ကြသည်။ စက်လှေသိမ့်ခနဲဖြစ်သွားတာ သိလိုက်သလို နောက်တစ်ကြိမ်လှည့်ကြည့်မိတော့ ထိုအမှောင်တိုက်က စက်လှေလေးထဲ အရှိန်ပြင်းပြင်းဝင် ရောက်လာခဲ့ပြီ။ ဘုရား ဘုရား ကျွန်မစိတ်ထဲမှာ ရတနာသုံးပါးသို့ ဦးခိုက်လိုက်မိသည်။ မျက်စိတွေ စုံမှိတ်လျက်။

ဖေဖေ မေမေ တင်မဆောင်းဟန်ရေ။

ကျွန်မ ရေထဲလွင့်စဉ်ကျမသွားမီ နောက်ဆုံး သတိရလိုက်မိသည်က ကျွန်မ ရေမကူးတတ်တာနှင့် အသက်ကယ်အင်္ကျီ မဝတ်ဆင်ဖြစ်လိုက်တာကိုပင်။

သည့်နောက် ကျွန်မတို့စက်လှေကလေး တိမ်းမှောက်သွားခဲ့တော့သည်။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မစိတ်တွေလည်းကိုယ်ကနေ လွင့်စဉ်ထွက်သွားခဲ့တယ်။ တစ်ခါတစ်ရံ လိမ္မော်ရောင်တွေလို ရေထဲမှာ လှမ်းမြင်နေရတာ ကျွန်မရေပေါ်ရောက်လာခဲ့လို့ ဖြစ်လိမ့်မယ်။

အချိန်တိုင်းမှာတော့ ရေတွေမွှမ်းနေခဲ့သလိုပဲ။ အချိန်းတိုင်းမှာ ကျွန်မရင်ထဲကလား၊ အသိစိတ်ထဲမှာလား။ ဘုရားစာတွေ ရွတ်ဆိုနေမိတာ သိနေမိတယ်။

နောက်တစ်ကြိမ်မြင်မိတော့ မြအေးနု။ လှိုင်းတွေကြားမှာ ကျွန်မ ကို မြင်မိပုံမရခဲ့ဘူး။ တဖြည်းဖြည်း ကျွန်မနဲ့ဝေးရာဆီ မြအေးနု ရေကူး သွားနေခဲ့တယ်။ ကမ်းဘက်မှာတော့ လှေတွေ၊ လှေတွေ လာနေကြတာ ကျွန်မကို မမြင်ဘဲကျော်ဖြတ်သွားကြမယ့်ပုံ။

ကျွန်မနဲ့ဘာမှမဆိုင်ဘဲ ဖြစ်ပျက်လှုပ်ရှားနေသမျှကို အေးအေးလူလူ ကြည့်မြင်နေရတာနဲ့ တူလိုက်တာ။

လှေတွေ အနီးရောက်လာခဲ့ရင်တော့ ကျွန်မအော်ခေါ်ဖြစ်မှာ။ လှေတွေ၊ လှေတွေသို့ အာရုံရောက်နေဆဲ ကျွန်မအနီးမှာ လူတစ်ယောက်ရဲ့ မျက်နှာကို တွေ့လိုက်မိရတယ်။

ဦးဘမောင်။

ဦးဘမောင်က ကျွန်မကိုဖမ်းဆွဲယူခဲ့တဲ့အခါ အလိုက်တသင့် အသာတကြည် ကျွန်မလိုက်ပါလာခဲ့တယ်။

အနီးကိုရောက်လာတဲ့ လှေလေးတစ်စင်းပေါ် ကျွန်မကို ဆွဲတင်ခဲ့ကြတော့ လှေလေးပေါ်မှာ ကျွန်မရဲ့ရွာကရွာသားကြီးတွေ အပြည့်နဲ့ပေါ့။



ကျွန်မရဲ့စိတ်တွေ ကိုယ်ထဲပြန်လည်သက်ဝင် ပေါင်းစပ်သွားပြီလို့ ထင်မိတဲ့ အဲဒီအခိုက်မှာ -

ဒီအဖြစ်ကို တင်ဆောင်းဟန် ဘယ်လိုမှ မသိနိုင်ပါဘူးလို့ ကျွန်မကိုယ်ကျွန်မ နှစ်သိမ့်လိုက်မိပါတယ်။ တင်ဆောင်းဟန်။

♣ ♣ ♣

စင်စစ် စက်လှေလေးတိမ်းမှောက်ခဲ့သော နေရာမှာ ရွာမှများစွာ မဝေးကွာလှသေးပါ။ လှမ်းမျှော်ကြည့်မြင်နိုင်နေဆဲ ခရီးတွင်သာ ရှိနေခဲ့သည်။ မိုးလေးထဲမှာ စက်လှေလေး အလူးလိမ့်လိမ့်ရှိနေစဉ်ကပင် ရွာက ထွက်ကြည့်နေခဲ့ကြသည် ဆိုပါ၏။ စိုးရိမ်ပိုလာကြတော့ လှေတွေ ထုတ်ယူလာကြသည်။ ညကလေသည်းထန်ခဲ့ရင် လှေမျောပါမည်စိုး၍ ရွာချောင်း ချောင်အကွေ့မှာ ခိုထားခဲ့ကြသည်။ ထိုလှေများဖြင့် စက်လှေနောက်သို့ လိုက်ခဲ့ကြသည်။

စက်လှေဆက်မထွက်ဖြစ်အောင် တားမြစ်ဖို့ တက်တွေလက်တွေပြလျက် ကြိုးစားအော်ဟစ်ခဲ့ကြသေးသည် ဆိုပါ၏။ မိုးလေထဲမှာ သတိမထား၊ မကြား၊ မမြင်ခဲ့မိပါဟု စက်လှေသမားလေးက ဝန်ခံခဲ့ပေသည်။

နောက်က ထပ်ချပ်ပါခဲ့သော ထိုလှေများကြောင့် စက်လှေပေါ်ပါသူများ ဘေးရန်မရှိခဲ့ဆိုပေမယ့် ကျွန်မရေထဲမှ လွတ်မြောက်နိုင်ခဲ့တာမှု ကျွန်မတို့ စက်လှေနှင့်အတူ လိုက်ပါလာခဲ့သော ဆောက်လုပ်ရေးဆရာ ဦးဘမောင်က ဆယ်ယူခဲ့၍ပါပင်။

ကျွန်မမှာ ရွာမှဆယ်တင်ခဲ့သူများအနက် လှေပေါ်သို့နောက်ဆုံး ရောက်ရှိခဲ့သူပေ။

ထိုစဉ်က ကျွန်မအလွန်တည်တည်ငြိမ်ငြိမ်ရှိခဲ့သည်ဟု ရွာသားများကပြောကြပေမယ့် စင်စစ်ကျွန်မမှာ လှေပေါ်ပါလာသူတွေကို

www.burmeseclassic.com

www.burmeseclassic.com



နာမည်ခေါ်မရခဲ့အောင် တုန်လှုပ်ချောက်ချားနေမိခဲ့တော့တာ။ လှိုင်းဘောင်ဘင်ခတ်နေဆဲ ချောင်းရေပြင်ကျယ်သို့သာ ကျွန်မနားမလည်နိုင်သလို ငေးမောကြည့်နေမိခဲ့သည်။ စကားပြော၍မရ။

စကားတွေ မေးလို့၊ ပြောလို့မရဘဲ ကျွန်မငြိမ်သက်နေခဲ့သည်ဆိုပါ၏။

ရွာနှင့်နီးလာသောအခါ မိုးသည်းသည်းမှာ စိုးရိမ်ပူပန်ကြီးစွာဖြင့် ကမ်းလုံးညွတ် ထွက်လာကြိုနေကြသော ကျွန်မရဲ့စီမံကိန်းရွာသားများကို သဲသဲကွဲကွဲမြင်လာရသည်။

ကိုယ်ပေါ်သို့ တဒိုင်းဒိုင်းကျနေသော မိုးစက်ပြင်းပြင်းအောက်မှာ အခုပင် ရေထဲကဆယ်ယူခံခဲ့ရပြီး လှေငယ်လေးတစ်စင်းပေါ်မှာ ရှိနေသော ကျွန်မအဖြစ်ကို ရန်ကုန်က ဘယ်သူမှမသိဘူးနော်။ ရွာကမ်းစပ်သို့ လှေကလေး နီးကပ်လာခဲ့စဉ် သူတို့တစ်တွေရဲ့ 'ဆရာမဆရာမ'ခေါ်ပြောနေသံများကို ကြားရသောအခါတွင်မှ လက်ဖဝါးများထဲမှာ မျက်နှာနှစ်၊ ခေါင်းငုံ့လို့ ကျွန်မ စတင်ရှိုက်ငိုမိရပေတော့သည်။

♣ ♣ ♣

နောက်တစ်ရက်တွင် လေတွေ၊ မိုးတွေ စတင်ငြိမ်သက်တာမိုးမပြတ် ရုံဖွဲဖွဲသာရှိတော့ပေ၏။ တစ်ခါတစ်ရံ ခတ်သောလေပြင်းများလည်းငိုခဲ့ပြီ။ မနေ့က ရွာကပြုစုကုသယုယမှုတွေဖြင့် ကျွန်မမြဲအေးနုနှင့် -သိန်းသိန်းနုတို့ သက်သာစွာ နားနေနိုင်ခဲ့သည်။

သူတို့ရဲ့ ကရုဏာတွေက မဆုံးတော့နိုင်အောင်ပေ။ အိမ်ရှင်ကျောင်းဆရာမလေး ဒေါ်ဝါနုက ဆရာမတို့ ပင်ပန်းနေပြီ။ လာစကားမပြော ကြကေ့ဟူသောစကားကို နှစ်နာရီကြားတစ်ကြိမ်လောက် ပြောပြီးနှင်လွှတ်နေရ၏။

ရွာဥက္ကဋ္ဌ ဦးကျော်ကျော်ခိုင်နှင့် ရွာသားကြီးများအဖွဲ့ကမူ



ကျွန်မတို့ ကူ တစေ့တစောင်း မပြတ်လာကြည့်တတ်ကာ နေကောင်းလားဆိုသော စကားများထက်ပို၍ အထွေအထူးမပြော။ နေ့လယ်ရောက်သောအခါမှာ-

"ဆရာမတို့ ရုံးကိုအကြောင်းကြားဖို့ လူလွှတ်လိုက်တာ ခုချိန်ဆိုရောက်လောက်ပြီ"ဆိုခဲ့သည်။

"ကျွန်မတို့ ခါတိုင်းလိုပဲ နှစ်ညအိပ်နေကြမယ်လို့ ရုံးကသိထားတာပဲ။ လှိုင်းစက်လှေထွက်မှပဲ အကြောင်းကြားတော့မယ် စိတ်ကူးထားတာ။ မိုးထဲလေထဲမှာ လှေကလေးနဲ့ ဦးကျော်ကျော်ခိုင်ရယ်"

ဦးကျော်ကျော်ခိုင်က စကားမပြန်ဘဲ ကွမ်းတမြုံ့မြုံ့နှင့်ပင်ပြန်ထွက်သွားခဲ့ပေ၏။ ခဏအကြာတွင် ဒေါ်ဝါနုရဲ့အိမ်လေးပေါ်သို့ မကြာခဏရောက်ရောက်လာတတ်သော ရွာကအမျိုးသားကြီးတွေအလာလျော့သွားခဲ့ကြသည်။

"ဆရာမရေ ဦးကျော်ကျော်ခိုင်တို့၊ ဟိုဘက်ရွာပါ အကူအညီတောင်းပြီး စက်လှေကို ဝိုင်းဆယ်နေကြပြီ"

ရွာက သူ့အစီအစဉ်နှင့်သူ ဆောင်ရွက်နေတော့ပေသော ကယ်ဆယ်ရေးလုပ်ငန်းများကို ကျွန်မမပြောသာတော့ပါ။

ကျွန်မတို့သုံးဦးလုံးနှင့် ဦးဘမောင်ပါ အအေးမိခဲ့ကာအဖျားဝင်နေကြပါ၏။ အရေးပေါ်ပါလာခဲ့သော ဆေးတွေထက်ရွာမှာထူထောင်ပေး ထားသော ဆေးဆိုင်လေးမှာ ဆေးဝါးစုံစုံလင်လင်ရှိနေသည်မို့ ဆိုင်ကလေးက အားကိုးရပါသည်။

ဆေးအပြင် သူတို့ယူလာကြသော ဆေးရွက်ပြုတ်ရည်များကိုလည်း သောက်ရသည်။ ရခိုင်ဆေးမြစ်များကိုလည်း သွေးလို့လိမ်းစေပါသည်။ ငရုတ်ကောင်းများသော ဆန်ပြုတ်ပူပူသောက်ပြီးချိန်တွင်တော့ ကျွန်မတို့သုံးဦးသား နွေးထွေးစွာ အိပ်ပျော်သွားခဲ့ကြပါ၏။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တို့၏ တဲအိမ်လေးမှာ ချောင်းကမ်းပါးနှင့် အလှမ်းမဝေးခဲ့။ ကျွန်မနိုးလာမိတာ ချောင်းကမ်းပါးစပ်က အသံများကြောင့်လား၊ အိပ်ရေးဝလင်လို့ အလိုလိုနိုးထလာခဲ့တာလား မပြောတတ်ပါ။ ကြည်ကြည်လင်လင် နိုးထလာခဲ့တော့ ညနေသုံးနာရီခန့်ရှိပြီ။ မိုးလေးဖွဲဖွဲ ကျနေဆဲ။

ဒေါ်ဝါနု မပြောခင်ကပင် သည်ရက်များအတွင်း အနီးအနားမှာ လုံးဝမကြားရတော့အောင် ပျောက်ဆုံးနေသောအသံကို ကျွန်မကြားလာမိခဲ့ပေ၏။ စက်လှေတစ်စင်းစင်း ခုတ်မောင်းလာနေသံ။

"ဆရာမတို့ ရုံးက လိုက်လာပြီ။ ရုံးတံဆိပ်နဲ့ စက်လှေတစ်စင်း ချောင်းဝမှာ ရောက်နေပြီ"

ကျွန်မ ထရပ်ခဲ့တော့ ခပ်ယိုင်ယိုင်ပေ။ ခြေလှမ်းတွေက ယိမ်းနေခဲ့သည်။ ဒေါ်ဝါနုက စိတ်ပူပင်စွာ ကျွန်မကိုလှမ်း၍ထိန်းခဲ့သည်။

"ဆရာမ မလွှားတော့နဲ့ သူတို့လာမှာပဲ "

" ကျွန်မသွားချင်တယ်၊ သူတို့လည်း သိပ်စိတ်ပူလာမှာ"

မိုးရွာခဲ့၏။ ရေတွေပြည့်နေတော့ပေသော ရွာလေးရဲ့ နွံ့ရေတောကို ဖြတ်သန်းလာခဲ့သည်။

ချောင်းကမ်းစပ်တွင် ရွာမှလူတွေရှိနေကြသည်။ မြစ်ဝရောက်ကာနီးနေရာမှ လှေစုစုကို လှမ်းတွေ့နေရပေ၏။ ချောင်းရေများ ဘောင်ဘင်ခတ် မနေခဲ့တော့။ မြင့်မောက်တတ်လာခဲ့သော ချောင်းရေတွေလည်း ဘယ်ဆီ ရောက်သွားကြတော့သည်တဲ့လဲ။



ခုတော့လည်းအရာရာ သူမဟုတ်ခဲ့တဲ့အတိုင်း။ ချောင်းကျယ်တွင်း ဖြည်းဖြည်းရွေ့လျားလာနေသော အရာတစ်ခု။ စက်လှေကို သည်တစ်ကြိမ်လှမ်းမြင်စောင့်ကြည့်နေရတာလောက် ရင်တဒိတ်ဒိတ် ခုန်အောင်ဝမ်းသာ၊ ဝမ်းနည်းဖြစ်ခဲ့ရတာဖြင့် မရှိစဖူးတော့ပါ။

"ဆရာမကြီးရော ဆရာတွေရော ပါတယ်"

လှေဦးတွင် ထွက်ရပ်လာသော မမနီ၊ ဆရာဦးသန်းဌေး၊ ဦးတင်ထွန်း၊ ဦးနေအောင်မြင့်တို့ကို အဝေးမှပင် လှမ်းမြင်နိုင်ခဲ့ပါ၏။ ရွာသားတွေ အကြားမှာ ရှိနေသောကျွန်မကိုလည်း သူတို့မြင်တွေ့ကြဟန် တူပါ၏။ အဝေးကပင် လက်တွေဝှေ့ယမ်းပြလာခဲ့ကြသည်။ ထိုစက်လှေမှာ ရုံးစက်လှေက ရွာတစ်ရွာသို့ ဘိလပ်မြေအိတ်တွေ အပို့ရောက်နေခဲ့သည်။ စက်လှေကြီးရှိခဲ့လည်း ဓရပေါ်မှာ ရပ်ပြေးသလို မြန်လှသော အငယ်ကောင်ကိုသာ အဖွဲ့က လှနေတတ်ကြမြဲပေ။ စက်လှေကြီးကလည်း တိမ်းမှောက်ချင် တိမ်း မှောက်သွားမှာပါပဲလေ။

စက်လှေနီးခဲ့သောအခါ လှေဝမ်းထဲမှာပါခဲ့သော ရုံးအဖွဲ့ကိုပါ လှမ်းမြင်ရသည်။ အောင်ခိုင်လွင်၊ လှလေးစိန် ပြီးတော့ ကျွန်မ ထွက်မလာမီလေး မင်းပြားသို့ အားဖြည့်ရောက်လာခဲ့သော တိရစ္ဆာန်မွေးမြူရေးနှင့်ကုသရေးဆရာဝန် ဦးသိန်းအုန်းနှင့် ကွန်ပျူတာဆရာလေး မြင့်သိန်းထွဋ်။

စက်လှေကမ်းသို့ ထိုးဆိုက်သည်နှင့် ကုန်းဘောင်ထိုးသည်ကို မစောင့်ဘဲ စိတ်မြန်လက်မြန် ထုံးစံအတိုင်းပင်လှေဦးမှ ကမ်းစပ်ပေါ် ခုန်ဆင်းလာခဲ့သူက ဒေါ်နီနီလွင်ပေ။

"မို"

မမနီရဲ့ အသင့်ဖွင့်ခဲ့သော လက်များထဲသို့ ကျွန်မရောက်သွားခဲ့မိကာ သည်တစ်ကြိမ်မိုးရေတို့နှင့် ရောလို့မဟုတ်ဘဲ စိတ်တွေလျှော့ဖြေ မျက်ရည်ကျမိခဲ့လေ၏။

ကိုယ့်အဖွဲ့တွေ ကိုယ့်ကိုဝိုင်းလာကြကာ မေတ္တာ၊ ကရုဏာ နွေးများအောက်မှာ ရောက်ရှိခိုက် ကျွန်မပထမဆုံးပြောမိခဲ့သော စကားများမှာ ကျွန်မကိုယ်ကျွန်မပင် မုန်းမိစေတော့သည်။

"တီဗွီ၊ စက်နဲ့ ကက်ဆက်တွေ၊ စာအုပ်တွေအားလုံးရေထဲကျ သွားတယ်။ ပြီးတော့ ဒီလစီမံကိန်း စိစစ်ရေးအမီတင်ဖို့ တီဘီရောဂါ

www.burmeseclassic.com

www.burmeseclassic.com

သည်တွေအတွက် သီးသန့်စီမံကိန်းက ညကမှရွာမှာဆက်ရေးလို့ပြီးသွားတာ။ ရေထဲပါသွားပြီ မမနီရယ်၊ ကော်ပီလည်း မကျန်ခဲ့ဘူး။ ရွှန်းကတော့ ကျွန်မကို ပြောတော့မှာပဲ "

♣ ♣ ♣

တကယ်မှု မစ္စတာရွှန်းက ကျွန်မကိုမပြောခဲ့ပါ။ ပြစ်တင်ဝေဖန်ခြင်းလည်းမရှိခဲ့ပါ။ သူလည်းအများနည်းတူ စိတ်မကောင်းဖြစ်ဟန်တူပါသည်ဟူသော ကျွန်မ၏အတွေးကပင် သူ့အပေါ်မတရားရာကျနေခဲ့သည်ပင်။

"ဒေါ်မိုးကြည်ဝေ။ ခင်ဗျား ခွင့်ယူပြီးနားပါလို့ ကျွန်တော်အကြံပေးပါတယ်"

သူက ကြည်ဖြူစွာ ခွင့်ပေးခဲ့သည်။ သို့ဆိုရာမှာပင် -

"ခွင့်ယူပြီးတော့ မင်းပြားအိမ်မှာ နားချင်နား။ မဟုတ်ရင်လည်း မြောက်ဦးဟိုတယ်မှာ ခဏလောက်နားရရင် ခင်ဗျားကျန်းမာရေးပိုပြီးကောင်းလာမှာပါ"

အလုပ်တွေနှင့်သိပ်ပြီး ခွာစေချင်ပုံတော့ မရပါပေ။

မမနီက -

"မဟုတ်ဘူးလေ ရွှန်း။ မိုးနားရင်လည်း ကိုယ့်မိသားစုဝန်းကျင်မှာ နားသင့်နေတာ။ မင်းသူ့ကို အနည်းဆုံးခွင့်တစ်ပတ်တော့ပေးရလိမ့်မယ် ရွှန်း။ သူ ရန်ကုန်ပြန်နားပါစေ"

"ရပါတယ်ခင်ဗျာ၊ ရပါတယ်"

သူ မနိုင်၍ အလျှော့ပေးရမည့်အခါမျိုးမှာ မစ္စတာရွှန်းက ရပါတယ်ခင်ဗျာဟူသော စကားကို မြန်မာလို ပြန်ပြောတတ်မြဲ ဖြစ်လေ၏။

မြန်မာလို အသံထွက်ရယ်ပြုံးချင်ဖွယ်ဖြစ်သော 'ရပါတယ်' စကား နှစ်ကြိမ်လောက် ရွှန်းထံက ထွက်မလာမချင်း သူလျှော့ပြီး-ဂု



တွက်လို့မရတတ်ပေ။

"နားပါ ဒေါ်မိုးကြည်ဝေ။ အခုရက်အတွင်း ရန်ကုန်မှာ အသေးစား ချေးငွေစီမံကိန်းက ဖိတ်ထားတဲ့ Work Shop တစ်ခုလည်းရှိလိမ့်မယ်။ အဲဒီရက်ကို သွားတက်ရင်း ခင်ဗျားရန်ကုန်သွားလို့ရတယ်လေ။ ခင်ဗျားရဲ့ ခွင့်လည်း မနစ်နာတော့ဘူးပေါ့ "

ကျွန်မစကား မပြန်ရသေးမီ မမနီက -

"Work Shop တက်ရင် မနက် ၈နာရီ ညနေ ၆နာရီထိုးချင်ထိုးတာ ဘယ်လိုနားရနိုင်မလဲ။ မင်းအလုပ်တွေနဲ့ လာမရှုပ် စမ်းပါနဲ့ကွာ။ သူ့ဘာသာသူ ခွင့်သွားပါစေ"

ဝင်ပြောခဲ့ပေ၏။

ရွှန်းက ခပ်ပြုံးပြုံးဖြင့် -

" ရပါတယ်ခင်ဗျာ ရပါတယ်"

မမနီ ကျွန်မသို့ ခွင့်ယူပြီး နားဖို့ပြောခဲ့တာမှ ယခုတစ်ကြိမ်မှာ ဒုတိယအကြိမ် ဖြစ်လေ၏။

♣ ♣ ♣

၁၉၉၈ ခုနှစ်ရဲ့ ဒီဇင်ဘာလဆန်းရက်များ။ ထိုရက်များဆီကမှ ရာသီဥတုမှာ သာယာကြည်လင်ခဲ့သည်။ မုန်တိုင်းရိပ်မရှိ။ အလုပ်လောဘကြီးလို့ အလွန်ကောင်းသောအချိန်။ သို့နှင့်ခွင့်ယူပြီး ခေတ္တနားဖို့ မမနီ ဖျောင်းဖျသည်ကို ကျွန်မ မနာယူဖြစ်ခဲ့ခြင်းပေ။ ပြုံးလျက် ခေါင်းခါယမ်း၍သာ နေလိုက်ခဲ့သည်။ ရာသီဥတုဆိုးရင်တော့လည်း တစ်မျိုးစဉ်းစားမိမည်ပင်။ သည်ကဒေသစကားနဲ့ဆိုရရင် ,

" ပြောမယ်ဆိုရင် မနားမဖြစ်၊ သွားလို့လည်း ရတော့မှာက မဟုတ်ဘူးလေ"

ကျွန်မကိုယ်တိုင် မသိနိုင်ခဲ့သော ကျွန်မ၏ပြောင်းလဲရိပ်များကို

www.burmeseclassic.com

www.burmeseclassic.com



မမနီတစ်ယောက် ရိပ်စားသိရှိနေခဲ့ဟန်ပေ။

ကျွန်မမှ စိတ်တွေဆောက်တည်ရာမရ ရှိနေခဲ့တာကို သိသလို မသိသလိုသာ။

နက်ရှိုင်းသိမ်မွေ့သော စိတ်များ၏ ဂယက်ကို မတွေးတောမိခဲ့နိုင်ပါပေ။

♣ ♣ ♣

စိတ်များ ထိရှလွယ်နေခဲ့တာ၊ အစမှာကျွန်မသတိမပြုမိခဲ့။ အခါတိုင်း ဘာသိဘာသာ နေမိခဲ့သော မမနီရဲ့ စီမံအုပ်ချုပ်ရေးရာများအထိ ဘာကြောင့် ကျွန်မဝေဖန်လို့နေမိရသည်တဲ့လဲ။ ဒေါ်နီနီလွင်နှင့်အတူ ခရီးသွားဖြစ်၊ အလုပ်လုပ်ဖြစ်သော ရက်တွေများခဲ့ပြီမို့ သူမရဲ့ အရည်အချင်း များကို ကြာလေနှစ်သက်လေ အားကျလေဖြစ်ခဲ့ရသည်။

သို့စဉ်လျက် ပြန်လည်စဉ်းစားမိတော့ ဇင်ဘာလဆန်းရက်ကပင်စတင်လို့ ကျွန်မစိတ်တွေ ထွေပြားပျံ့လွင့်ချင်ခဲ့တာပေ။ ထိုစဉ်က ညတစ်ည ကြောင့်သာဟု ကျွန်မထင်မှတ်ခဲ့မိသည်။ စီမံကိန်းလုပ်ငန်းများ ဆန်းစစ်အကဲဖြတ်အဖွဲ့ ပြန်သွားသည့်ညဖြစ်လေ၏။ ဒီဇင်ဘာ ၃ရက်ည။

♣ ♣ ♣



မင်းပြား၏ အရည်အတွက်မများသော စားသောက်ဆိုင်ထဲမှာ သည်ညဆရာတို့ရွေးချယ်သော စားသောက်ဆိုင်လေးမှာ နေရာကျဉ်းမြောင်း လှသည်။ သည်ညတွင်မှ လူတွေလည်း ပိုကျသလိုပဲ။

ရခိုင်အရှေ့ဒေသရှိ မြို့နယ်တာဝန်ခံများနှင့် မင်းပြားမြို့နယ်က စီမံကိန်းဝန်ထမ်းများကို မစ္စတာရွှန်းက ညစာကျွေးခဲ့သည်။ လုပ်ငန်းတွေ ဆန်းစစ်အကဲဖြတ်အဖွဲ့က နှုတ်ဖြင့်ပေးသွားခဲ့သော အမှတ်ကောင်းများအတွက် အထိမ်းအမှတ်ဖြစ်လေ၏။ ဆရာတွေ အားလုံးက သည်ဆိုင်လေးကို ရွေးချယ်ခဲ့ကြသည်။ အစားထက် အမြည်းက ပိုကောင်းသည်ဆိုပဲ။

မြို့နယ်တာဝန်ခံများတွင် မမနီတစ်ဦးသာ အမျိုးသမီးဖြစ်လေ၏။ ဆိုင်ထဲတွင်လည်း အမျိုးသမီးဆို၍ မမနီနှင့် နုနုထွေးတို့သာပဲလေ။

ရွှန်းကမှ သူကျွေးသော ညစာပွဲတွင်ပင် အချိန်ဖြုန်းလေ့ရှိတာ မဟုတ်ခဲ့။ သူက ယမကာသုံးသူမဟုတ်တော့ သည်အချိန်မျိုးမှာ သူစကားပြောလို့ရမယ့်သူများကိုပဲ ရှာတော့တာဖြစ်လေ၏။ စားသောက်ဆိုင်ရှိ စားပွဲ ဝိုင်းလေးမှာ အလုပ်စားပွဲအဖြစ် မကြာခဏပင် ပြောင်းလဲသွားဖူးလှပြီ။ မမနီ၊ နုထွေးနှင့် ကျွန်မတို့အတွက် ရှေ့လုပ်ငန်းစဉ်များကို သူဆွေးနွေးတတ်သည်။ ထိုညကမူ ရွှန်း၏စကားသံများကို ကြားလိုက်၊ မကြားလိုက်နှင့်ပေ။ အခါတိုင်းကလို ဖြစ်နိုင်ချေ၊ မဖြစ်နိုင်ချေတွေ ငြင်းခုံဆွေးနွေးလိုစိတ်လည်းမရှိ။ ကျွန်မတို့တစ်တွေက ရွာတွေအကြောင်းက စဉ်းစားကာ မစ္စတာရွှန်းက စီမံကိန်းဘက်က စဉ်းစားခဲ့ရင် ငြင်းခုံစရာတွေချည်း။ ထိုညကမူ ငြင်းခုံဖို့ပင် အားအင်မဲ့နေသလို ရှိခဲ့ချေသည်။

www.burmeseclassic.com

www.burmeseclassic.com



စီးကရက်မီးခိုးငွေ့နှင့် ဟင်းအသျှော်နံ့များက အခန်းလေးထဲ တစ်စ တစ်စ ပိုမိုမွန်းကျပ်လာစေခဲ့သည်။

တစ်ချက်တစ်ချက် ဝေါခနဲ ရယ်မောသံတွေ ထွက်လာတတ်သော ဆရာတို့ဝိုင်းသို့ လှမ်းကြည့်မိသည်။ ကျွန်မခင်မင်သော ဆရာများကတော့ ပျော်ရွှင်နေခဲ့ကြပါ၏။ လွန်ခဲ့သော သုံးလေးရက်ကလို အလုပ်ဖိစီးနေသော မျက်နှာနွမ်းတွေနှင့် မဟုတ်ကြတော့။ လုပ်လက်စ အလုပ်များကတစ်ဖက်၊ လုပ်ငန်းများ လာရောက်ဆန်းစစ်သည်က တစ်ဖက်ဖြင့် အားလုံးပင်စိတ်ပေ... ကိုယ်ပါ ဖိစီးမှုတွေများခဲ့ကြရတာ။

သို့ပေမယ့် နွေးထွေးတဲ့ ကိုယ်ပိုင်အရပ်တွေမှ ဝေးရာဆီတွင် နေကြရပြီး အလုပ်ပင်ပန်းကြသူချင်းအတူပဲမဟုတ်လားကွယ်။ မမနီသို့ လှမ်းကြည့်မိတော့ မမနီမှာ အိမ်ရှင်ပီသနေသော အပြုံးမျက်နှာနှင့်ပေ။ မမနီလည်း စိတ်အေးလက်အေး ပျော်ရွှင်နေပုံရခဲ့သည်။ ကျွန်မကိုယ်... ိုင် စိတ်ပေါ့ပါးစွာ ပျော်ရွှင်ခဲ့သော စားသောက်ဆိုင်လေးများရဲ့ ညနေများကို သတိရမိသည်။

ထိုစဉ်က ဘာကြောင့်အခြားစားပွဲများကို သတိမမူမိခဲ့သည်လဲ။ ကျွန်မအတွက် ပထမဆုံး အတွေ့အကြုံလည်း မဟုတ်ပါပဲလျက် ထိုညမှာတော့ ကျွန်မစိတ်တွေ နောက်ကိုထိရှနေမိခဲ့ရသည်။ သိပ်မကျယ်သော အခန်းလေးထဲမှာ ကျွန်မကိုယ်တိုင် ရိပ်ရိပ်မူးချင်လာခဲ့သည်။ ညစာစား ခဲ့ရင်လည်း အစာကြေနိုင်တော့မည် မထင်ပါ။ ကျွန်မစိတ်တွေ ထိန်းချုပ် နိုင်ခြင်းမရှိခဲ့တော့။ ကျွန်မနေရာမှ ထလိုက်စဉ် ခေတ္တခဏ သန့်စင်ခန်းစသည်သွားဖို့ဟု ထင်ခဲ့ကြဟန်တူပါ၏။ ယဉ်ကျေးမှုအရ ခွင့်တောင်းဖို့မှု ကျွန်မ မမေ့ခဲ့ပါ။

"ကျွန်မ သိပ်နေမကောင်းဘူး။ ခဏပဲနေဖို့ လိုက်ခဲ့တာပါ။ ပြန်လိုက်တော့မယ်နော်။ ဂွတ်နိုက် ရှန်း။ မမနီ မိုးဘာမှ စားနိုင်မှာလည်း မဟုတ်လို့ အိမ်ပဲပြန်ပြီး နားချင်ပါတယ်။ ဆရာတို့အားလုံးပဲနော် ကျွန်မကိုခွင့်ပြုပါ"

အနီးဆုံးစားပွဲက မြောက်ဦးမြို့နယ် တာဝန်ခံဆရာ ဦးကိုကြီးအောင် သို့ လှမ်းနှုတ်ဆက်ရင်း ကျွန်မ စားသောက်ဆိုင်လေး ထဲမှ ထွက်ခဲ့သည်။ မှုံအိနံ့ကင်းသော ညဦးလေသန့်သန့်က လမ်းတစ်လျှောက် ကြိုဆိုနေခဲ့ပါ ၏။ ညဦးမှာ အမှောင်ချည်းနင်းဝင်ရောက်



စပေ။ မြင့်မားသောကျိန်းတောင်၏ တောင်အရိပ်ကြောင့် ပိုမိုအမှောင် ချဉ်းမြန်သည်လားမသိ။ လသာသောညလည်း မဟုတ်ခဲ့၍ လမ်းလျှောက်ရင်းပင် မှောင်ခဲ့သည်။ ထင်မိရလေသည်။

'ကျိန်းတောင်'ခြေရင်းက အိမ်ကလေးဆီသို့ ကျွန်မ မပြန်ခဲ့ပါ။ ရုံးဆီသို့သာ ထွက်လာခဲ့ပါသည်။ ရုံးမှာ ညဘက်အလုပ်လုပ်သူများ အစဉ်ရှိနေတတ်၍ ညဘက်တွင်လည်း ရုံးစောင့်ကြီး ဘသာခင်က ရုံးတံခါးကို အတန်ညဥ့်နက်မှ ပိတ်ရတတ်လေ၏။ သည်ညမှာတော့ ဘယ်သူမျှ ရုံးလာနိုင်တော့ မည်မထင်။ ရှန်းကလည်း မြောက်ဦးသို့ ပြန်မှာဖြစ်လေ၏။ မပြီးသေးသော စာစီစာရိုက်လုပ်ငန်းများကိုပဲ ထိုင်လုပ်နေမိခဲ့သည်။ စိတ်တွင်းကတော့ အတွေးများ ထွေပြားစွာနှင့်ပေ။ ကျွန်မ အပြုအမူ အရုပ်ဆိုးသွားခဲ့ပြီလား။ အားနာစရာဖြစ်ခဲ့ပြီလား။ သည်လို စဉ်းစားမိဖို့ရော ကျွန်မတစ်ဦးတည်းရဲ့ တာဝန်လား။

ထိုညက ကျွန်မရဲ့ စိတ်ထွေပြား၊ ထိရှမှုကို မည်သူမျှ မရိပ်စားမိလိုက်ဟု ထင်မိခဲ့သည်။ ရုံးတွင်းသို့ တစ်စုံတစ်ဦး ရောက်မလာခင် အထိသာ ထိုအသိက မှန်ခဲ့တာဖြစ်ပါ၏။ ရုံးအောက်ထပ်မှာ စကားသံများကြားရသည်နှင့် လုပ်လက်စ အလုပ်တွေကို ကျွန်မရပ်နားလိုက်မိတော့သည်။ အနည်းငယ် စိတ်ပျက်မိစွာနှင့်လေ။ စကားသံများကြားခဲ့ရပေမယ့် ရုံးအပေါ်ထပ်သို့ တက်လာခဲ့သူက မမနီတစ်ဦးတည်း။ မမနီ ကျွန်မ၏ ကွန်ပျူတာစားပွဲဆီ ရောက်လာခဲ့ပါသည်။ အခါတိုင်းကကဲ့သို့ပင် နွေးထွေးစွာပြုံးခဲ့သည်။

" မိုးသက်သာသွားပြီလား။ မိုးဘာမှ မစားရသေးလို့ မမနီ ခေါက်ဆွဲကြော် ယူလာခဲ့တယ် "

"ဟုတ်ကဲ့၊ သက်သာသွားတာနဲ့ ရုံးမှာ Report လေးမပြတ်သေးတာ သတိရလို့။ အလုပ်လာလုပ်နေတာပါ"

မမနီက ပြုံးပါသည်။

"ကိုယ် အိမ်မဝင်ခဲ့ဘူး။ မိုး ရုံးမှာပဲ ရှိလိမ့်မယ်လို့ ရုံးကိုပဲ လိုက်လာလိုက်တာ။ နုနုထွေးလည်း ပါတယ်လေ။ အောက်ထပ်မှာ စာစီစာရိုက်နေလေရဲ့ "

မမနီက အချိန်ကြာကြာ စောင့်ဆိုင်းမနေခဲ့ပါ။ ကျွန်မ စာရိုက်နေသော စားပွဲကို မှီရပ်၊ လက်ပိုက်လျက် စကားစတောင်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မထိုင်ခုံ ပေးဖို့ ပြင်ပေမယ့် သူမက ရတယ်ဟုသော အရိပ်အယောင်ပြလျက် ကြာကြာ နေမှာမဟုတ်ဆိုတာ ကျွန်မကို သိစေလေသည်။

"ဦးကိုကြီးအောင်နဲ့ အဖွဲ့ကို ထားခဲ့တယ်။ ရွှန်းကိုလည်း သူတို့ တည်းတဲ့နေရာတွေ ပြန်ရောက်ပြီးမှ မြောက်ဦးကို ပြန်ဖို့မှာခဲ့တော့ ဆရာတို့ တွေ သိပ်အချိန်တွေ၊ အရှိန်တွေ မလွန်နိုင်တော့ဘူးပေါ့ "

စကားခေတ္တရပ်နားပြီးမှ ဆက်သည်။

"ဆရာတို့တွေ သိပ်ပျော်နေကြတာပဲ၊ အလုပ်တွေ အချိန်မီ မပြီး မှာ စိုးရိမ်ရတာတစ်မျိုး၊ အလုပ်တွေထားပြီး Visit တွေနောက်လိုက်ရတာ တစ်မျိုး။ မမနီတော့ အားလုံးကို အားနာပေမယ့် တွန်းခဲ့ရတယ်။ ပြင်ဆင် ထား၊ ဇာတ်တိုက်ထားဖို့ မဟုတ်ပေမယ့် နည်းနည်းလေးမှ ကြိုမပြောခဲ့ရင် လည်း ရွာမှာ လူကိုရှိမှာမဟုတ်ဘူးလေ။ အားလုံးက လယ်ထဲရောက်နေကြ တာ။ လုပ်ငန်းတွေ လာအကဲဖြတ်တဲ့ Visit ဆိုတော့ ပိုမောရတယ်။ ဒီအပေါ်မှာ အခြေခံပြီး နောက်လာမယ့် စီမံကိန်းကာလကို စဉ်းစားကြမှာဆိုတော့ ဘယ်လို အမှားအယွင်းမှ မရှိစေချင်ဘူး။ ဒီဒေသက ဒီလူတွေအတွက်ပါပဲ။ ဒီအတွက် မိုးတို့အပါအဝင် ဆရာတို့အားလုံးကို မမနီတိုက်တွန်းခဲ့တယ်။ အားလုံးကို မမနီတိုက်တွန်းခဲ့တယ်။ အားလုံးပဲ ပင်ပန်းခဲ့ကြပါတယ်။ ခုလို ချီးကျူးစကားတွေ ကြားရတော့ အားလုံးအတွက် စိတ်ချမ်းသာရတယ်။ ဆရာ တို့လည်း သိပ်ပျော်နေကြတော့တာ "

စကားဆုံးလျှင် စားပွဲကို မှီရပ်မြဲရပ်နေသည်။ တစ်ခုခုကို ဆက်စဉ်း စားနေသလို ငြိမ်သက်နေခဲ့သည်။ သို့မဟုတ် တစ်ခုခုကို ကြားရတော့ဖို့ စောင့်ဆိုင်းနေတော့သလိုပေ။ သူမ ငြိမ်သက်ကြာရှည်နေခြင်းက ကျွန်မကို ပိုလို့ အားမလိုအားမရ ရှိလာစေသည်။ မမနီ ကျွန်မသို့ ပြောစေချင်သည်က ကျွန်မ ကြားလိုက်ရသောစကားများမဟုတ်ပေ။ သည်စကားများဆိုရင်တော့ ကျွန်မ တုံ့ပြန်စရာမှ မလိုတော့တာပဲ။ မတောင်းတတ်ရင်လည်း မော်ကြည့် ပြုံးပြရုံရှိမည်ပင်။ ကျွန်မ မော်ကြည့်လိုက်မိစဉ် မမနီက စကားဆက်ခဲ့သည်။



"မိုးတို့ နုထွေးတို့လည်း ပင်ပန်းကြတာ မမနီနားလည်ပါတယ်။ ကျေးဇူးလည်းတင်တယ်။ မိုးတို့က မမနီရဲ့ ရုံးအလုပ်တွေအများကြီး ကူပေးခဲ့လို့လည်း ဒီအဖွဲ့လာတော့ အားလုံးစနစ်တကျ သပ်သပ်ရပ်ရပ် မြင်သွားနိုင်တာပါ။ အချိန်ကပ်လို့ မမနီမပြေးနိုင်တော့တဲ့ရွာ နုနုတို့ မိုးတို့ရဲ့ ရွာတွေလည်း ပါတယ်လေ။ ဘယ်ရွာကို ကြည့်ချင်မယ် မသိတော့ ရွာတွေစုံအောင် မနားမနေ သွားပြီးအလုပ်တွေလုပ်ပေးခဲ့တဲ့ ဆရာတွေကတော့ ပိုပင်ပန်းတာ အမှန်ပါပဲ။ မမနီ ကိုယ်တိုင်လည်း ခက်ခဲတဲ့အလုပ်၊ ပိုပင်ပန်းတဲ့အလုပ်တွေကို မိုးတို့ထက် သူတို့ကို ပိုအားကိုးမိရတယ်။ သူတို့ရဲ့သဘာဝကိုက ဒီလိုနေရာတွေမှာ ပိုစွမ်းဆောင်ရည်ရှိနေတာကို မမနီတို့သတိထားအသုံးချမိရင် သူတို့ရဲ့တခြားသဘာဝတစ်ခုကိုလည်း နားလည်ပေးရမယ်လေ"

" တခြားသဘာဝတစ်ခုဆိုတာကတော့ အပေါင်းနဲ့ အသင်းနဲ့ လွတ်လပ်စွာ စုဝေးချင်တယ်။ ပျော်ချင်တယ်ဆိုတဲ့ သဘာဝဖြစ်မယ်ထင်တယ်။ အများစုကတော့လေ ".

အဆုံးစကားများကို မမနီပြုံးရယ်မောလို့ ပြောခဲ့သည်။ မမနီရဲ့ စကားများက အဖြစ်အပျက်များစွာကို သတိရစေသည်။ အနီးဆုံးအဖြစ် အပျက်က အကဲဖြတ်အဖွဲ့အတွက် ရွာများသို့ အကြောင်းကြား ခဲ့ရခြင်းမှာပင် အမှတ်ရစရာတွေ ရှိခဲ့သည်။ ရခိုင်ရဲ့ဆောင်းကလည်း မိုးမလွတ်ချင်ပြန်။ မှန်တိုင်း အရိပ်အယောင်နှင့် လာခဲ့လျှင် ဆောင်း တွင်းမိုးပေမယ့် သည်းထန်ပြတ်ပြန်လေသည်။ မိုးသည်းသည်း၊ လှိုင်းထန်ထန်မှာ ဆရာဦးသန်းဌေး၊ ဦးတင်ထွန်း၊ ဦးနေအောင်မြင့်တို့ စီမံကိန်း စက်လှေလေးနှင့် ဂမ်းကခွာသွား ကြသော နံနက်ခင်းများကို သတိရသည်။

"ဆရာမတို့ မသွားကြနဲ့တော့။ ကျွန်တော်တို့ သွားလိုက်မယ်"

ရုတ်တရက် မိုးနှောင်းရေတက်ခဲ့ကာ ရေကြီးနစ်မြုပ်ခဲ့သော ရွာလေးတွေဆီသို့ သူတို့ရောက်အောင်သွားလျှက် အလုပ်တွေပိုလုပ်ပေးခဲ့ ကြသည်။ မြို့နယ်တာဝန်ခံ မမနီပင် မပါမဖြစ်ပါရပေမယ့် ထိုခရီးများ တွင်တော့ အဝေးဆုံးရောက်နိုင်သည့် နေရာအထိသာ မမနီရောက် နိုင်ခဲ့ပြီး ကျန်ခရီးကို ဆရာတို့က ဆက်ကြလေမြဲ။ ကျွန်မစိတ်ထဲက အခုအခံလေးဖြေလျော့ကျချင်ခဲ့သည်။ စိတ်ထဲထိရှိနေမှုများကမူ

www.burmeseclassic.com

www.burmeseclassic.com



ခပ်မြက်မြက်ကလေး ရှိနေခဲ့သေး၏။

"မိုးတွေးနေမိတာကလည်း သူတို့အတွက်ပါပဲ မမနီ။ ဆရာတို့က ပင်ပန်းခက်ခဲတဲ့အလုပ်တွေ လုပ်ပေးတာ မိုးလည်း သိပါတယ်။ ဒါပေမဲ့ မမနီဆိုရင်လည်း တစ်မြို့နယ်လုံးက ကဏ္ဍစုံအတွက် လိုက်လံလှုပ်ရှားနေရ တာပဲမဟုတ်လား။ မိုးတို့ နုထွေးတို့ပင်ပန်းရက်တွေလည်း ရှိကြတယ်။ မိုးတို့ တောင် ခံနိုင်ရည်ရှိရှိနဲ့ပဲ ဒီလိုနေကြတာပဲ။ ဆရာတို့ကျမှ ထူးပြီး မူးဖို့လိုရ သလားလို့ စဉ်းစားနေမိတာ။ ပင်ပန်းခက်ခဲရင် အစားကောင်းကောင်းစားပြီး အနားယူစေချင်မိတာပါ။ ဘာကြောင့်ကိုယ့်ကို အန္တရာယ်ပေးမယ် လောင်ကျွမ်းစေတဲ့ ပစ္စည်းတွေကို မျိုချပစ်ချင်နေကြတာလဲ မသိဘူးလို့ မိုး စိတ်မရှည် ချင်တာ "

မမနီက ပြုံးနေခဲ့သည်။ စကားမဆိုခဲ့။ ကျွန်မကို ပိုလို့ပြောဖြစ် လာစေခဲ့သည်။

"ပင်ပန်းတာတွေအတွက် သောက်ကြတာဆိုရင်တော့ မမနီလည်း အလုပ်တွေအများကြီး လုပ်ရတာပဲမဟုတ်လား။ ဘာဖြစ်လို့ နေနိုင်သလဲ။ ပင်ပန်းလို့ အပျော်သောက်ရင်းကနေ စွဲသွားတတ်တာပဲလေ။ သူတို့ရဲ့ သဘာဝကို နားလည်ပေးလို့ ရပါတယ်။ ဒါပေမဲ့ မိုးက ကျန်းမာရေးဘက်ကို ပိုအလေးပေးပြီးစဉ်းစားချင်တယ်၊ မမနီ ဖျောင့်ဖျသင့်တယ်လို့ မိုးထင်ပါတယ်။ ပြီးတော့ မိုးတို့ နုထွေးတို့ဘဝကိုလည်း မမနီစဉ်းစားပေးရမှာ။ မမနီ အတွက်ရော မစဉ်းစားချင်ဘူးလား။ စားသောက်ဆိုင်ရဲ့ ဝိုင်းတွေကြားမှာ မိုးတို့ရောက်နေရတာ သဘာဝတော့ မကျလှဘူးနော် "

ရင်ထဲ ထိရှနေမှုတွေပျံသန်းထွက်ပြေးကြပြီး မမနီရဲ့ ပတ်ဝန်းကျင် တစ်ဝိုက်မှာ တောင်ပံတွေရိုက်ခတ်ဆူညံသံပေးကြပြီ ဖြစ်လေ၏။ မသိစေဘူးဟု ဆုံးဖြတ်ထားသော အရေးအရာတွေ ကျွန်မစကားထဲမှာ လွှင့်သွားခဲ့ပြီ ဖြစ်လေသည်။ မမနီရဲ့ စီမံအုပ်ချုပ်ရေးရာများအထိ စကားရောက်သွားခဲ့တာ။ ကျွန်မကိုယ်ကျွန်မ မထိန်းချုပ်နိုင်လိုက်ခဲ့။

"သူတို့ သဘာဝကို နားလည်ကြည့်တာပါမိုး။ မိုးပြောတဲ့ စကားတွေလည်းမှန်တယ်။ မမနီ သူတို့ကိုဖျောင်းဖျမှာပါ။ ဖျောင်းဖျတဲ့



အခါလည်း ကျေးဇူးတင်ရင်းနဲ့မို့ မမနီတို့ဘက်က အောင်မြင်ပါလိမ့်မယ်လို့ မျှော်လင့်ပါ တယ်။ ကိုယ်ထင်ပါတယ်။ မိုးရော၊ နုနုထွေးရော၊ ကိုယ်လိုပဲ၊ အမျိုးသမီးမို့ ပေါ့ပေါ့ပါးပါး အလုပ်ကလေးတွေပဲ လုပ်ပါရစေလို့ ပြောထွက်မယ့်သူမျိုးတွေ မဟုတ်ကြဘူး။ ဒါပေမဲ့ စာနာစိတ်နဲ့ဆရာတို့က ပင်ပန်းခက်ခဲတာတွေ ရွေးလုပ်သွားကြတယ်။ ဒါလည်း အမျိုးသားတိုင်းဆီက မျှော်လင့်လို့မရနိုင်တဲ့ အလုပ်ပါပဲ။ အဖွဲ့အနေနဲ့ ကံကောင်းနေတာက အားလုံးအလုပ်လုပ်ကြတဲ့ လူကောင်းတွေချည်း ရှိနေခဲ့တာလေ။ သူတို့က စာနာမပေးရင် သူတို့ရဲ့ သဘာဝကို မမနီက တစ်ခါတရံ နားလည်ပေးတယ်။ ဒါပါပဲ။ မိုးလို ကျန်းမာရေးရှုထောင့်နဲ့အရှည်ကိုတော့ မမနီ မစဉ်းစားခဲ့မိဘူး"

"မိုးကတော့ စဉ်းစားမိတယ် မမနီ၊ အမျိုးသားတွေ အရွယ်ကောင်းချိန်မှာ သက်တမ်းတိုကြတာ အဲဒီအရက်နဲ့စီးကရက်ပဲ။ မိုးက မစွဲစေချင်လို့ပါ"

မမနီက သိုသိပ်စွာ ပြုံးခဲလျက်

"အဲဒီအတွက်လည်း ဆရာတို့က ကံကောင်းပြန်တယ် မိုး "

" ဘာဖြစ်လို့လဲဟင်"

"သူတို့မှာ သူတို့ ကျန်းမာရေးကို စိတ်ပူတတ်ပြီး မစွဲခင် ဖြတ်ပေးမယ့် ဆရာဝန်မလေးတစ်ယောက်က သူတို့အဖွဲ့ထဲမှာ ပါနေတာလေ"

ကျွန်မ အငိုက်မိခဲ့လျက် ရယ်မောမိရသည်။

" မိုးလုပ်ပေးမှာ မဟုတ်ဘူးနော်။ မိုးက စိတ်တိုချင်နေခဲ့တာ"

" ဟုတ်ပါပြီ မိုးရဲ့၊ အဲဒီလို အရက်ဖြတ်ပေးရလောက်အောင် စွဲလမ်းနေတဲ့သူတော့ မရှိသေးပါဘူးကွာ "

ကျွန်မရော မမနီပါ ရယ်မောမိကြသည်။ ကျွန်မ အလုပ်ဆက် မလုပ်ဖြစ်ခဲ့တော့ပါ။ ခုမှပင်ဆာလောင်လာသလို ရှိတော့ကာ မမနီယူလာသည်ဆိုသော ခေါက်ဆွဲကြော်ကို ရှာမိတော့သည်။

ကျွန်မ ခေါက်ဆွဲကြော် စားနေစဉ် မမနီက

" မိုးခွင့်ယူပြီး ခဏလောက်နားပါဦးလား။ မိုး သိပ်လည်း ပိန်နေပြီ နော် "

"မမနီကလည်း မိုးဖြင့် စားနိုင်နေတာပဲ။ မနွမ်းသေးပါဘူး

www.burmeseclassic.com

www.burmeseclassic.com



မမနီရာ။ အလုပ်တွေက ရှိသေးတာ"

ကျိန်းတောင် တောင်ခြေရင်းက ကျွန်မတို့အိမ်ကလေးဆီ ပြန်လာခဲ့ကြစဉ် အောက်မေ့ဖွယ်သူ၏ စကားသံလေးများကို ကျွန်မ ကြားယောင်လာမိခဲ့သည်။

အမျိုးသမီး အုပ်ချုပ်သူတွေမှာမှမတွေ့နိုင်မယ့် အတွေ့အကြုံ မျိုးကို ကျွန်မရစေချင်သည်ဟု တင်ဆောင်းဟန်ပြောပြခဲ့တာ သည်လို အတွေ့အကြုံတွေ များလားကွယ်။

ထိုညမှာ ဒီဇင်ဘာ (၃)ရက်ညဖြစ်ပါ၏။

♣ ♣ ♣

ဒေသရုံးစိုက်ရာ မြောက်ဦးသို့ ရောက်တော့နေ့လယ် တစ်နာရီ ခွဲဖြစ်ပေ၏။ ခွင့်တစ်ပတ်ပြန်ဖို့ ခွင့်တင်ရင်း ရန်ကုန်မှာ ရွှန်းလုပ်ပေး စေချင်သည့် ရုံးကိစ္စတစ်ချို့အတွက် မြောက်ဦးသို့ ကျွန်မလာခဲ့သည်။ ရုံးရှေ့တွင် ဆိုင်ကယ် ရပ်လိုက်သည်နှင့် ဝရန်တာသို့ ထွက်လာရပ် ကြည့်သော ရွှန်းနှင့်တွေ့ဆုံရသည်။ သူ ကျွန်မကို တစ်ခုခုသောက် လက်စမက်ခွက်ကိုင်ထားသော လက်ကို မြှောက်ပြလို့ ကြိုသည်။ သူ့ရဲ့လှိုက်လှဲနေမှုက ကျွန်မသို့ သံသယတွေဝင် စေခဲ့ပါ၏။ သူကတိ ပေးထားပြီး ခွင့်ရက်တစ်ပတ်ကို ပြန်လည်ရုပ်သိမ်းချင်တာတော့ မဟုတ်ဘူး ထင်ပါသည်။

"မင်းကို ဧည့်သည်တစ်ယောက်နဲ့ တွေ့ပေးရမယ်။ သူက တိုင်းရင်းဆေးအကြံပေးလေ။ မင်းသူ့ကိုစောင့်နေခဲ့တာ ကြာပြီ မဟုတ်လား"

ရွှန်းရဲ့ လှိုက်လှဲနွေးထွေးနေမှုအဓိပ္ပါယ်ကို ကျွန်မမြင်လာရ သလိုပေ။ တိုင်းရင်းဆေးနှင့် ပတ်သက်၍ စီမံကိန်းတွင် လုပ်ဆောင်စရာ တွေ ကျန်နေခဲ့သည်။ ဒေသသုံး တိုင်းရင်းဆေးပင်များကို သုတေသန



လုပ်ဖို့၊ ဒေသသုံးဆေးပင်များမှ စနစ်တကျဆေးဝါးဖော်ထုတ်နိုင်ဖို့ သည်လုပ်ငန်းအတွက် ကျွမ်းကျင်သူ အကြံပေးတစ်ဦး လာဖို့ရှိနေခဲ့ ပေမယ့် လုပ်ငန်းစဉ်ထဲမှာပဲ ရှိနေခဲ့သေးကာ အကောင်အထည် ဖြစ်မလာသေးခဲ့။ ယခုရောက်ရှိလာတော့ အလုပ်တွေစနိုင်တော့ မည်ပေ။ ရွှန်း၏ စိတ်ပေါ့ပါးလန်းဆန်းသွားသော မျက်နှာမှာ ကျွန်မကိုမြင်တွေ့လိုက်ရ၍ဆိုတာ သေချာပါသည်။ ကျွန်မ ရွှန်းသို့ စကားအမြန် ပြန်ဖြစ်ခဲ့သည်။

"ဒါပေမဲ့ ကျွန်မက ရန်ကုန်သွားတော့မှာလေ။ မနက်ဖြန် ဆိုရင်ပဲ စစ်တွေသွားတော့မှာ။ ကျွန်မ အချိန်ပေးနိုင်တော့မှာ မဟုတ်ဘူးထင်တယ်။ မမနီကို over ပေးခဲ့ပြီးပါပြီ။ မမနီ ဆက်လုပ် မှာပါ"

"ဒေါ်မိုးကြည်ဝေက သင်တန်းမှာတောက်လျှောက်ရှိနေခဲ့ တာပဲ။ ရှေ့ဆက်လုပ်ငန်းအတွက် လိုအပ်ချက်တွေကို ခင်ဗျားက ပိုကောင်းကောင်း ဆွေးနွေးနိုင်မှာလေ။ ဆောရီးဗျာ။ ခင်ဗျားက ခွင့်သွားမှာပဲ။ ဒီအကြောင်း ခေါင်းထဲ နည်းနည်းလေးထည့်ထားဖို့ပါပဲ။ consultant က ဒီမှာတစ်လ လောက်နေဦးမှာပဲ"

ရွှန်းက ထိုသို့ပင် အချည်အနှောင်တော်လေသည်။ တိုင်းရင်း ဆေး အကြံပေးနှင့်တွေ့ရဖို့ ကျွန်မစဉ်းစားဆဲ ရွှန်း၏စကားတစ်ခွန်းက ကျွန်မကို ဆုံးဖြတ်နိုင်စေခဲ့သည်။

"Consulant အခုပဲ သင်္ဘောနဲ့ရောက်တာ ဒေါ်မိုးကြည်ဝေ။ သူက ရောက်တာနဲ့ ခင်ဗျားကိုမေးတယ်။ ခင်ဗျားရဲ့ သူငယ်ချင်းက ခင်ဗျားဆီ စာတစ်စောင်ပေးလိုက်တယ်လို့ ပြောပါတယ်။ သူအခု ဟိုဘက်ရုံးမှာရှိလိမ့် မယ်"

"ဟုတ်ကဲ့ ကျွန်မသွားတွေ့လိုက်ပါမယ် "

မြို့နယ်ရုံးတိုင်းတွင် ဧည့်သည်တည်းခိုစရာ အခန်းများရှိသည်။ လာသမျှသော ဧည့်သည်များက ထိုအခန်းများတွင်နေကြလျက် နိုင်ငံခြားသားဧည့်သည်များကမူ မြောက်ဦးဟိုတယ်တွင် နေကြပေ၍ သာ ရုံးကဝန်ထမ်းတွေ တာဝန်အနည်းငယ် သက်သာရာရရသည်ပင်။

မြို့နယ်ရုံးက မဝေးပါ။ ဒေသရုံးနှင့်မျက်နှာချင်းဆိုင်နေရာတွင်ရှိ သည်။ ထွက်လာခဲ့ပြီးမှာ တိုင်းရင်းဆေးအကြံပေးမှာ အမျိုးသားလား၊

www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးလားပင် ကျွန်မ မသိခဲ့သေးတာအမှတ်ရသည်။ မြောက်ဦး ရုံးအောက်ထပ်တွင်ပင် ဟိုင်းရင်းဆေးအကြံပေးနှင့် တွေ့ရသည်။ သူမက ကျွန်မသို့ အဝေးကပင် လှမ်းပြုံးလာခဲ့သည်။ ကျွန်မထင်ထားမိသည်နှင့် တခြားစီပဲ။ သူမက ခေတ်မီမီသွက်လက်လျက် ထက်မြက်ပုံရပေမယ့် အလွန်သဘော ကောင်းသောဟန်တွေနှင့်ပင်။ အသက်လေးဆယ့်ငါး ခန့်။ အကြံပေးတွေနှင့် တွေ့ရဖန်များခဲ့၍ ဟန်ကြီးပန်ကြီးအကြံပေးတွေ ကို ကျွန်မငြီးငွေ့နေမိစဉ် သူမကိုတွေ့မြင်ရတာ သဘောကျမိစရာ။ အပြုံးကပင် နွေးထွေးလှလေ သည်။

"မိုးကြည်ဝေ ထင်တယ်နော်။ မစွတာရွှန်းက ပြောထားတယ်။ ဒီနေ့ မိုးကြည်ဝေလာရင် တွေ့ဖြစ်အောင်တွေ့လိုက်ဖို့။ ကျွန်မက မြင့်မြင့်ကြည်ပါ။ မိုးနဲ့ဒီမှာ မတွေ့ရင်လည်း ညနေမင်းပြားကို မမလာတော့မလို့။ ဒေါက်တာလတ်က စာတစ်စောင်ပါးလိုက်တယ်။ အရေးကြီးလို့လဲ ပြောတယ်လေ"

"ဟုတ်ကဲ့ ကျေးဇူးပဲ မမ"

ရွှန်းပြောပြစဉ်ကတည်းက ကျွန်မထံစာရေးပို့နိုင်ခဲ့သူတွေ စဉ်းစားခဲ့တာ မလတ် မပါဝင်ပေ။ အဖြစ်စေချင်ဆုံးသူကမူ တင်ဆောင်းဟန်ပါပဲ။ သူနှင့်ကျွန်မကြား သတင်းတွေပြတ်လပ်နေခဲ့တာ ကြာမြင့်ပြီဖြစ်ပါ၏။ မလတ်ရဲ့စာဆို၍ ကျွန်မအံ့အားသင့်မိသည်။ လူကြုံရှိခဲ့၍ ရေးတာပဲဖြစ်မှာပါ။ စာအိတ်ကိုဖွင့်နေစဉ် ကျွန်မ တစ်စုံတစ်ခုကို စဉ်းစားမိလျက် စိုးရွံ့ စိတ်တွေက ကျွန်မကို ရုတ်တရက် လွှမ်းခြုံလာသလိုရှိခဲ့တော့ပေ၏။

"မိုးရေ ရုံးထဲမှာထိုင်ပြီး အေးအေးဆေးဆေးဖတ်ပါလား။ မမတော့ ရွှန်းဆီပြန်သွားလိုက်ဦးမယ်။ အလုပ်အစီအစဉ်တွေဆွဲဖို့ ပြန်လာခဲ့မယ်နော်"

ကျွန်မ ရုံးအောက်ထပ်သို့ ဝင်ခဲ့ပါသည်။ အောက်ထပ်မှာ စားပွဲရှည် နှင့် ထိုင်ခုံအနည်းငယ်ကလွဲ၍ အခြားမရှိ။ ရှင်းလင်းလှသည်။ နေ့လယ်ဖြစ်၍ ထမင်းစားပြန်ကြသည်ထင်ပါ၏။ ထိုင်ခုံတွင် မထိုင်နိုင်ဘဲ ရပ်လျက်ပင် ကျွန်မစာကိုဖတ်ခဲ့သည်။ မမျှော်လင့်ခဲ့တဲ့ မလတ်ရဲ့စာက ခပ်တိုတိုပါပဲ။ ဒီစာလေးကို ဖတ်ရတာကိုယ်ရေထဲ ရောက်သွားစဉ်အဖြစ်နဲ့ တူလိုက်တာ။ အေးစက်မောလျရတယ်။



ပြီးတော့ ဘယ်လို လှေပေါ်ပြန်ရောက်လာခဲ့သလဲ တွေးလို့မရချင်သလို မျိုး။ စာကလေးကိုဘယ်လိုပြီးဆုံးအောင် ဖတ်လိုက်သလဲတွေးလို့ ပြန်မရချင်တတ်ဘူး။ အဖြစ်အပျက်တွေက သိပ်မြန်တာပဲ တင်ဆောင်းဟန်ရယ်။

၆. ၁၂. ၉၇

မိုးရေ

မလတ်ပါ။

*မမြင့်မြင့်ကြည်က ရခိုင်သွားဖို့ရှိတယ်။ သူ အဓိကတွေ့ပြီး အလုပ် လုပ်ရမယ့်သူက မိုးကြည်ဝေဆိုတာသိရလို့ မလတ်စာရေးလိုက် တာပါ။ မိုး သိသင့်တယ်လို့ထင်တဲ့အကြောင်းအရာ တချို့ပါ။ ကိုတင်ဆောင်းဟန် ဆေးရုံ တက်ရတာ နှစ်ကြိမ်ရှိပြီမို့ အားလုံးက မိုးကိုမသိစေကြတာ သူ့ဆန္ဒအရဖြစ်လိမ့်မယ်။ သူကိုယ်တိုင်လည်း မိုးအကြောင်းကို လုံးဝမပြောခဲ့ဘူး။ မလတ် သူနဲ့အမြဲတွေ့နေတာပဲ။ ပထမတစ်ကြိမ်တက်တာ မလတ်တို့ဝဒ်ထဲမှာလေ။ မိုးအကြောင်း သူ့စကားထဲမှာ မပါခဲ့လို့ မလတ်လည်းမမေးခဲ့ပါဘူး။*

*နောက်တစ်ကြိမ်တက်တာက GI မှာပါ။ မလတ် သူ့ဆီရောက်ပါ တယ်။ သူ့ကိုကြည့်ရတာ တည်ငြိမ်ပြီး သက်သက်သာသာရှိတော့ အခြေအနေ မှန်းဆရမလွယ်ခဲ့ဘူး။ တစ်နေ့ကတော့ အဲဒါဒီဇင်ဘာ ၃ရက်နေ့ ညမှာပေါ့။*

*ကိုယ် သူ့ကိုသွားတွေ့တဲ့အချိန်မှာ သူကကိုယ့်ကို လှမ်းပြီး နှုတ်ဆက်တယ် မိုး။ အဲဒါ ဘယ်သူနဲ့မှားတာလဲမိုးသိလား။ မိုးနဲ့ပဲ။ အခုတော့ မိုး လာပြီနော်တဲ့။ ကျွန်တော်သိတယ်။ မိုးရောက်လာမယ် ဆိုတာတဲ့။ ကိုယ် သူ့ကို coma ဝင်သွားတော့မှာလား စိတ်ပူမိလို့ သူ့မှတ်ဉာဏ်အတွက် ဆက်မေးကြည့်ခဲ့တယ်။*

*ကိုတင်ဆောင်းဟန် လူမှားနေပြီ။ ဒေါက်တာလတ်ပါဆိုတော့ မနောက်ပါနဲ့ မိုးရယ်တဲ့။ မိုးကြည်ဝေပါတဲ့။ အဲဒီတော့မှ သူ PRE coma ဝင်နေပြီဆိုတာ သိရတာ။ သူ့ကို Treatment တွေပေးကြရတယ်။ မနေ့က တော့သူ သတိတွေလုံးဝပြန်ကောင်းလာခဲ့တယ်။ မလတ်ကို သူက တောင်းပန်တယ်လေ။ သူလူမှားပြီး နှုတ်ဆက်မိခဲ့တာ ခွင့်လွှတ်ဖို့*

www.burmeseclassic.com

www.burmeseclassic.com

အေးအေးဆေးဆေးပဲ သူပြောနိုင်တယ်။ အမှတ်တမဲ့ဆိုရင်သာ အရပ်အမောင်းချင်း၊ မျက်နှာနေချင်းတူလို့ မှားနှုတ်ဆက်လိုက်မိတာပါ။ ခွင့်လွှတ်ပါတဲ့။ အခုတော့ တင်ဆောင်းဟန်ရဲ့ အခြေအနေက ပြန်ကောင်းလာခဲ့ပြန်တယ်။ ပထမ တစ်ကြိမ်တက်တာနဲ့ အခုဒုတိယ တစ်ကြိမ်တက်တာ ၁၅ရက်လောက်ပဲခြားမယ် မိုး။ သူ မိုးကိုတွေ့ချင်နေတယ်ဆိုတာ မလတ်တော့ သိလိုက်ရတယ်။

သည်အကြောင်းတွေ မိုးသိသင့်တယ်လို့ ကိုယ်ယူဆတယ်လေ။ သူ့ အခြေအနေကိုလည်း မိုးမှန်းဆနိုင်မယ် ထင်ပါတယ်။ ခုချိန်မှာတော့ သူက လူကောင်းတစ်ယောက်လိုပဲ ပြန်ကောင်းနေပါတယ်။ သူဆေးရုံက ကျန်းမာစွာ ပြန်ဆင်းသွားနိုင်လိမ့်မယ်လို့ပဲ မလတ်တော့ မျှော်လင့်နေမိပါတယ် မိုး။

သတိရလျက်
လတ်

ထိုစဉ်ကရက်တွေမှာ ကိုယ့်စိတ်တွေ ထိရှလွယ်နေခဲ့တာ စိတ်တွေထွေပြားတိမ်းပါးချင်နေတာ လုပ်ငန်းခွင်လေထုထဲမှာ မွန်းကြပ်နေခဲ့မိတာတွေဟာ မင်းဆေးရုံတက်နေတဲ့ရက်တွေနဲ့ ဘာကြောင့်သွားလို့ တိုက်ဆိုင်နေခဲ့တာလဲ။

ဒီဇင်ဘာ ၃ရက်ညမှာ ကိုယ်ထွက်ပြေးချင်နေခဲ့တာဟာ ဆူညံမွန်းသိပ်နေတဲ့ စားသောက်ပွဲထဲကနေ မင်းဆီကိုဖြစ်မှာပါ တင်ဆောင်းဟန်။ မင်းရဲ့မသိစိတ်ထဲက ကိုယ့်ကိုတမ်းတနေတဲ့အချိန်။

မလတ်ရဲ့စာလေးကို ဖတ်ရပြီးချိန်မှာ အားလုံးကိုကိုယ်နားလည်လာသလိုပါ တင်ဆောင်းဟန်။

နားလည်လာတာနဲ့အမျှ ကိုယ့်စိတ်ကူးထဲမှာ ထူးခြားစဉ်းစားမိလာတာတွေရှိခဲ့တယ်။ ကိုယ်ကြောက်လာမိခဲ့ပြီကော။ စိုးရွံ့ပူပန်ကြောက်လန့်မှုတွေကို တစ်ယောက်တည်းရင်ဆိုင်ရတာ သိပ်ခက်ခဲပါတယ် တင်ဆောင်းဟန်။ ဒါကြောင့်ပဲ မင်းကိုယ့်အကြောင်းကို လုံးဝမပြောခဲ့တာ ကိုယ့်ကိုလုံးဝမသိစေခဲ့တာလို့ ကိုယ်ယုံမိပါတယ်။

မနက်မှ စစ်တွေကိုသွားမယ်ဆိုတဲ့ ကိုယ်ရဲ့အစီအစဉ်ကို



ပြောင်းလိုက်တယ်။ အဲဒီညပဲ စစ်တွေကိုသွားဖို့ ကိုယ်ပြောတာရွှန်းက

"ဖြစ်ပါ့မလား။ မင်း ဘုတ်တစ်စီးငှားသွားရလိမ့်မယ်။ ဘာသင်္ဘောမှ မရှိဘူးလေ။ ပရောဂျက်ဘုတ်ကတော့ ကိုယ်ရေးကိုယ်တာ သုံးခွင့်မရှိဘူး။ ပြီးတော့ ငယ်တယ်။ ဒီရေကြောင်းနဲ့ ဘုတ်ငယ်ငယ်နဲ့ မင်းဖြစ်ပါ့မလား"

တကယ်ဆို ကိုယ်လှိုင်းရေပြင်ကျယ်ကို ကြောက်ရွံ့နေပါပြီ။ ဒါပေမဲ့

"ဖြစ်ပါတယ် ရွှန်း၊ ကျွန်မဘုတ်အကြီးတစ်စီးလောက် ရှာနိုင်လိမ့်မယ်ထင်ပါတယ်။ ကျွန်မ အမြန်ဆုံးရောက်ချင်တယ် "

ဘုတ်ရှာလို့ရတော့ ထိုတစ်စီးက မကြီးလှပါဘူး။ ဒါပေမဲ့ ကိုယ်ထွက်ခဲ့ဖြစ်တယ်။ ကိုယ်ထွက်တဲ့ညမှာ မင်းပြားရုံးဆီကို ဖုန်းသတင်းတစ်ခုဝင်ခဲ့ ပါတယ်။ ကိုယ်က စစ်တွေကို ဘုတ်နဲ့တစ်ညလုံးခုတ်ခဲ့ပြီး စစ်တွေအဝင် ကျောက်ဆောင်တွေပေါ်တဲ့ ရေတောကို မိုးလင်းအရုဏ်မှာမှ ဖြတ်နိုင်ဖို့ ညနှစ်နာရီလောက်မှာ မြစ်ကမ်းဘေးမှာ ခဏဝင်နားရတယ်လေ။ ကိုယ် နံနက် ငါးနာရီ စစ်တွေအရောက် ရန်ကုန်ကို ဖုန်းခေါ်မှသိရတဲ့သတင်းကို မင်းပြားရုံးမှာ ကိုယ့်ထက်စောစီးစွာ သိနေခဲ့ကြပါတယ်။ တကယ်တော့ လွန်ခဲ့တဲ့ နှစ်ရက်ထဲက ဆက်သွယ်နေခဲ့တဲ့ သတင်းပါ။ မင်းရဲ့သတင်းလေးပါပဲ တင်ဆောင်းဟန်။ မင်း မရှိတော့ဘူး။ ငြိမ်းချမ်းစွာ ထွက်ခွာသွားပြီဆိုတဲ့ သတင်းပါ။

ဒီဇင်ဘာ ၁၈ ရက်နေ့မှာ မင်းထွက်ခွာသွားခဲ့ပြီတဲ့။ အဲဒီရက်ဟာ ကိုယ်စီးလာတဲ့ စက်လှေတိမ်းမှောက်သွားခဲ့တဲ့ ရက်ပဲပေါ့ကွယ်။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မငရှေ့တွင် မြစ်များစွာတို့ စီးဆင်းသွားကြသည်။ ဂင်္ဂါပနဒီ။ မေယု။ နတ်မြစ်။ ဧရာဝတီ။ မြန်မာပြည်မြောက်ဖျားမှ တောင်စွန်းကိုင် စီးဆင်းသော ဧရာဝတီနှင့်မူ အချိန်ကြာကြာ ရင်းနှီးဖြစ်ခဲ့သည်။

ဧရာဝတီရဲ့ လက်တံများနှင့် ထိတွေ့မိနေဆဲ ဝမ်းပြင်၊ သောင်ကျယ်ကျယ်ပေါ် ရုတ်တရက်ရောက်သွား လျှောက်သွား နေဖြစ်ခဲ့သည်လည်း ရှိခဲ့သည်။ ချောင်းလေးများ အကြားတိုးဝင် မိခြင်းလည်းရှိခဲ့ကာ ဧရာဝတီထံပါး ကျွန်မ ကျင်လည်ဖြစ်သော အချိန်တွေလည်း ကြာမြင့်ခဲ့သည်။ ဧရာဝတီ၏ တသွင်သွင်အသံနှင့် ယဉ်ပါးနေဖြစ်ခဲ့ပါ၏။

ကျွန်မရှေ့က စီးဆင်းသွားသော မြစ်များစွာရဲ့ မြစ်ရေစီးတို့သည် ဘယ်တော့မှ ရပ်တန့်သည်မရှိ။ ဘယ်တော့မှ ပြန်လာသည်လည်းမရှိ။ အစဉ်စီးဆင်းမြဲ၊ စီးဆင်းသွားနေခဲ့သည်သာ။

စောင့်စားရပ်နားနေခြင်း၊ ပြန်လည်ရရှိခြင်းမရှိနိုင်သည့် အချိန်တွေ လိုပါပဲ။

တစ်ချိန်ချိန်မှာ မိုးရေအဖြစ် မြစ်ရေတို့ကို ပြန်လည်ရရှိကောင်း ရရှိနိုင်ပါဦးမည်။ 'အချိန်'ကိုမူ ဘယ်တော့မှ ပြန်လည်ရရှိနိုင်မှာ မဟုတ်တော့ပါ။

အပြောင်းအလဲများကို တိုက်စားရင်း အသစ်အသစ်သော အဖြစ်တွေ ဖြစ်ပေါ်နေစေသည့် 'အချိန်'၏ နောက်ပါး ခပ်လှမ်းလှမ်း မှသာ ကျွန်မ လိုက်ပါနေလျက်ရှိပါသည်။



အချိန်ကာလနှင့် အတူအရာရာအမှီလိုက်ဖို့ ကြိုးစားရမြဲ ဖြစ်ပေမယ့် တစ်ခုသောကြောင်းခြင်းရာလေးတွေတော့ ကျွန်မအမှီ မလိုက်ပါလိုခဲ့ပါ။ နောက်ချန်နေမိဆဲသာဖြစ်ပါသည်။

ထိုအကြောင်းခြင်းရာလေးမှာ 'အောက်မေ့ခြင်း'ပဲ ဖြစ်ပါ၏။

'အောက်မေ့ခြင်း'ကို သိုမှီးသိမ်းဆည်းရင်း ဘဝ၏ အခြား ကဏ္ဍများမှာ ရှင်သန်သက်ဝင်စွာ လှုပ်ရှားနေနိုင်ဖို့ သင့်လျော်သော အချိန်၊ နေရာနှင့် ပတ်ဝန်းကျင်တစ်ခု လိုအပ်ခဲ့ပါသည်။

ထိုလိုအပ်ချက်အချို့ ရရှိဖို့ ကျွန်မအတွက်မခက်ခဲခဲ့ပါ။ အချိန်ကလွဲ၍ပါပဲ။

အချိန်ကာလမှာမူ ကုန်လွယ်ချင်၍မရ။ ပြန်ယူချင်၍လည်း မရ။ တရွေ့ရွေ့သာ ရွေ့လျားသွားနေခဲ့သည်ပေ။

အချိန်ကာလတစ်ခုကို ဖြတ်သန်းပြီးစဉ်မှာ နေရာနှင့် ပတ်ဝန်းကျင်မှာ ကျွန်မလို သာမန်လူတစ်ယောက်အတွက် အဓိပ္ပာယ်ရှိ လှတာ ပိုမိုသေချာလာခဲ့ပါသည်။

"ကျွန်တော် ဒေါ်မိုးကြည်ဝေ ပြန်လာလိမ့်မယ်လို့ တကယ်ပဲ မထင်ခဲ့တော့ဘူး"

ဒေသဖွံ့ဖြိုးရေးတာဝန်ခံ မစ္စတာရှန်းက ပြောခဲ့ပါ၏။ သူ့-ကိုယ်တိုင်မှာ ပလက်ဝမြို့မှ ငှက်ဖျားဖျားပြီး ပြန်ရောက်စ။ အသား အရည် ဖျော့ဖျော့ဖျော့။ အားအင်နည်းနည်းနှင့်ပေ။ စကားများများ အပိုပြောချင်ဟန် မရှိခဲ့။ အိမ်မှာလည်း ပြန်နားမနေဘဲ မြောက်ဦးရုံးက နှစ်ယောက်ထိုင်ခုံမှာ ခွေခွေခေါက်ခေါက်လှဲလို့ ဖြစ်ပေ၏။ ကျေးဇူးပြုပြီး ဒီဇင်ဘာ မကုန်မချင်းဘယ်သူမှ ခွင့်မယူကြပါနဲ့ဟူသော သူ့စကား ကိုသာ သတိရနေမိသော ကျွန်မပင် စိတ်ပြေချင်ရသည်။ ခုတော့လည်း ကျွန်မတို့အားလုံး၏ အကူအညီကို သူအစဉ်လိုအပ်နေတာ ကျွန်မ သိမိရသည်။ တစ်ယောက်ရဲ့ အကူအညီကို တစ်ယောက်မရရင် ဒီအလုပ်တွေလုပ်လို့ဖြစ်မှာမှ မဟုတ်ဘဲလေ။ ခုလည်း အကူအညီ လိုအပ်နေသော လူနာတစ်ယောက်အဖြစ်သာ ကျွန်မ သူ့ကိုမြင်မိသည်။

ကျွန်မကိုမြင်တော့ ထထိုင်ခဲ့ပေ၏။

"ဟုတ်ပါတယ်။ ကျွန်မ ပြန်မလာတော့ဘူးလို့ ဆုံးဖြတ်ပြီး ထွက်စာတင်ခဲ့တာပါ။ ဒါပေမယ့်"

www.burmeseclassic.com

www.burmeseclassic.com



မစ္စတာရှန်းက ကျွန်မ စကားဆက်ကို စောင့်ခဲ့သေးသည်။ ကျွန်မ စကားမဆက်ဖြစ်ခဲ့လျှင်-

"ကျွန်တော်တို့ရဲ့ တောင်းဆိုချက်ကို ပြန်ပြီး လက်ခံစဉ်းစား ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ခင်ဗျားမရှိတဲ့အချိန်မှာ ကျွန်တော်နဲ့ ဒေါ်နီနီလွင်က အလုပ်တွေနောက်ကျမကျန်ရစ်အောင် စီစဉ်ဆောင်ရွက် ထားတာမို့ ခင်ဗျားအတွက် အခက်အခဲရှိမှာ မဟုတ်ပါဘူး"

ကျွန်မ ခေါင်းသာ ညိတ်မိခဲ့သည်။

"တိုင်းရင်းဆေးအကြံပေး ဒေါက်တာမြင့်မြင့်ကြည်လည်း ရှိနေတယ်။ ကွင်းဆင်းတဲ့အလုပ်တွေ မပြတ်သေးဘူး"

စတင် လှုပ်ရှားရမည့်အလုပ်တွေကို အသိပေးရာတွင် ရှန်းမှာ ဤသို့ပင် အစဉ်လိမ္မာပါးနပ်မြဲပေ။

စီမံကိန်းရဲ့ တောင်းဆိုချက်တစ်ခုတည်းကြောင့် ကျွန်မ ပြန်လာခဲ့ခြင်း မဟုတ်ခဲ့တာ ပြောပြဖို့ မလွယ်ကူ၍ မပြောပြဖြစ်ခဲ့တော့ပါ။

သူစတင်လှုပ်ရှားသင့်သည့် အလုပ်ကိုသာ ကျွန်မ အကြံပေးခဲ့မိပါသည်။

"ရှန်း-ရှင်နေမကောင်းသေးဘူး။ ရန်ကုန်မှာ ပြန်ပြီး ဆေးကုသခံယူ သင့်တယ်။ ကျွန်မ ရှင့်ကို ဆေးကုသပေးခဲ့တာတွေက အခြေအနေအရနော်။ ကျွန်မ ရှင့်ကို ဆေးကုသပေးလို့မရတာ ရှင်သိပါတယ်"

မစ္စတာ- ရှန်း စကားမပြန်ခဲ့ပါ။

ကိုယ် ရန်ကုန်ပြန်ရောက်ပြီး တစ်ပတ်အကြာမှာ 'အစိမ်းရောင် ခံစားမှု' သိုးမွှေး ပန်းချီလေးရောက်လာခဲ့တယ်။ ကိုကျော်စွာ ယူလာပေးခဲ့ တယ်လေ။

အမည်မရှိခဲ့တဲ့ ပန်းချီကားလေးရဲ့ ဘောင်ပေါ်မှာ 'အစိမ်းရောင် ခံစားမှု'လို့ ရေးထိုးထားတာက မင်းရဲ့ လက်ရေးများပါပဲ။ ပန်းချီကားချပ်ထဲက အစိမ်းရောင် လယ်တောနဲ့ မျှော်မဆုံးတဲ့တောတန်း၊ တောင်တန်းများက ကိုယ်အလုပ်လုပ်ခဲ့တဲ့ ရခိုင်ပြည်နယ်ရဲ့ ရေမြေသဘာဝတွေကို သတိရမြင် ယောင်လာမိစေခဲ့တယ်။



"မမိုးရောက်ရင် ပေးပို့မှာခဲ့တယ်"

ကိုကျော်စွာ အသံကို ကြားရမှ ကိုယ်သူ့ကို မေ့နေမိခဲ့တာ သတိရမိတယ်။ ကိုကျော်စွာကို မေးလိုက်မိတာ အဲဒီအခိုက်အတန့်မှာပါပဲ။

"တခြားရောမမှာခဲ့ဘူးလား။ ကျွန်မနဲ့ ပတ်သက်ပြီး တစ်ခုခုပေါ့လေ။ ကိုကျော်စွာက သူမဆုံးခင်အထိ အတူတူရှိခဲ့တာ ဆိုတော့ ကိုကျော်စွာ သိမှာပါနော်"

ကိုကျော်စွာ မျက်နှာ ညှိုးပျက်ခဲ့တယ်။

သူ့ကို ကိုယ်မေးနေခဲ့တာ သည်တစ်ကြိမ်တည်းမှ မဟုတ်တော့ဘဲလေ။

"ကိုဆောင်းက သတိမြဲခဲ့တယ်မိုး။ စကားတွေ ပြောသွားနေခဲ့တော့တာ။ မမောတဲ့ အတိုင်းပါပဲ။ ကျွန်တော့်ကိုတောင် ဘာဖြစ်လို့ မျက်ရည်ကျနေလဲ ကိုကြီးကျော်ရာလို့ ပြောသွားခဲ့သေးတာ။ ကျွန်တော် အမှန်ပြောတာပါ မမိုး။ ယုံပါဗျာ"

"မယုံလို့ မဟုတ်ပါဘူး။ ကျွန်မ"

ကိုကျော်စွာရဲ့ မချိတင်ကဲဝမ်းနည်းရိပ်တွေကြောင့် ကိုယ်ဖွင့်ပြောပြ ဖြစ်ခဲ့ပါတယ်။ ရန်ကုန်အိမ်မှာ ဘယ်သူ့မှ အသိမပေး သေးတဲ့ ကိုယ့်ရဲ့အဖြစ်ကို ပါပဲ။

ဒီဇင်ဘာ ၁၈ရက် နံနက် စက်လှေမှောက်ခဲ့စဉ်မှာ 'မင်း'ကို တ,လိုက် မိတဲ့အဖြစ်ဟာ 'မင်း'အခြေအနေကို ပိုဆိုးဝါးသွားစေဟာလား ဆိုတဲ့ ကိုယ့်ရဲ့ အစွဲက သိပ်ကိုဆင်းရဲစေခဲ့တယ်။

ဒီအစွဲဖြေဖို့ တစ်ခုခုများ သိနိုင်မလား ကိုယ် ကိုကျော်စွာထံက ကြိုးစားနေမိခဲ့တာပါပဲ။

ကိုယ်ထင်ခဲ့သလို အစွဲအလမ်းမရှိသင့်တာ၊ အကျိုးအကြောင်း သင့်သာ လက်ခံသင့်တာတွေ ကိုကျော်စွာက မပြောခဲ့ဘူး။

ကိုယ်မထင်မှတ်တဲ့ နေရာကသာ သူဝင်ခဲ့ပါတယ်။

"ကိုဆောင်း ဆုံးတော့ ညနေ ခြောက်နာရီ။ မမိုးစွဲလမ်းနေ သလို သူသိခဲ့တယ်ဆိုရင် မမိုးလွတ်မြောက်ခဲ့တာပါ သိပြီးစိတ်အေး စိတ်ချသွားဖို့ပဲ ရှိပါတယ်ဗျာ"

ကိုယ်စိတ်ထဲ ဖြေသာသွားခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com



အတ္တကဲလှတဲ့ လူတွေရဲ့ သဘာဝကို မင်းနားလည်ပြီးသား ဖြစ်မှာပါနော်။

ကိုယ့်အတွေးထဲမှာ ရှင်းလင်းချင်တာဟာ ကိုယ့်အတ္တအတွက် ပါပဲလို့ စာရေးဆရာ ကိုကျော်စွာက ပြောမသွားခဲ့တာ တော်သေးပါရဲ့။

မင်းရဲ့ အစီအစဉ်လေးကို ကိုယ်သိရပြန်တယ်လေ။ အတွေးဆင်းရဲထဲမှာ ဘယ်သူပဲဖြစ်ဖြစ် မွန်းကျပ်မနေမိဖို့ အစီအစဉ်။

"ကျွန်တော် သွားတော့မယ်"

"တင်ဆောင်းဟန်တို့ အိမ်ကိုလားဟင်"

"တိုက်ကိုပါ။ 'သစ်ဆင်း'ကို တစ်ရက်မှ မပိတ်စေချင်တာ သူ့ရဲ့ ဆန္ဒပါပဲ။ မေနှင်းမှာလည်း သူ့အစီအစဉ်တွေရှိနေတယ်။ အလုပ်ပြောင်းဖို့တွေပေါ့။ ဒါပေမယ့် ကိုဆောင်းက နေသားတကျလေး ဆက်နေဖို့ပဲ ပြောခဲ့တယ်။ မေနှင်းအတွက်ပိုကောင်းမှာပါ။ တခြားအလုပ် အခြေမကျခင် ကျွန်တော်တို့လည်း ကူပေးလို့ရတာပေါ့။ ဂျာနယ်သစ် တစ်စောင်ထွက်ဖို့ပါ။ မမိုးအတွက် သူစုပေးထားတဲ့ စာအုပ်တွေလည်း တိုက်မှာရှိသေးတယ်။ အလုပ်အတွက် စာတွေရော တခြားစာပေတွေရော။ ကျွန်တော် ပန်းချီကား ကိုပဲ လာပေးသေးတာ။ တခြားစာအုပ်တွေက စက္ကူသေတ္တာထဲမှာ ထုပ်ပိုးထည့်ထားပြီးသား။ မမိုးပြန်ရင် တစ်ခါတည်း သယ်သွားနိုင်အောင်လို့ . . . တဲ့။"

ကိုယ်ရဲ့ သိပ်အုံ့ညှိသွားတဲ့ မျက်နှာအရိပ်အယောင်က ကိုကျော်စွာ ကိုပင် ကြောင်သွားစေခဲ့တယ်။

"ကျွန်မ ပြန်ရင်သယ်သွားဖို့"

"ဟုတ်တယ်။ လေယာဉ်နဲ့မို့ ပစ္စည်းတွေ သေချာထုပ်ပိုးဖို့ လိုမယ်ပြောထားတာ ကြာပါပြီ။ မမိုး ခွင့်နဲ့ပြန်လာဦးမယ် အသံကြားကတည်းက"

"ဪ ကြာပြီလား"

ကိုကျော်စွာရဲ့ စကားဆက်က ကိုယ့်စိတ်ကို တုန့်ဆွဲပြန်ပါတယ်။

"မဆုံးခင် နှစ်ရက်က ထပ်ပြီးပြောခဲ့သေးတယ်"

ကိုကျော်စွာ ပြန်သွားပြီးတော့ကိုယ် ကန်တော်ကြီးစောင်းက ရုံးဆီ ထွက်လာခဲ့မိပါတော့တယ်။

♣ ♣ ♣



ဘဝလမ်းချိုး၊ အကွေ့များတွင် အာချိန်နှင့်အတူနေရာ ပတ်ဝန်းကျင်များ ပြောင်းလဲသွားခဲ့ပါသည်။

မြစ်များစွာ၊ တောင်များစွာ၊ လွင်ပြင်များစွာတို့ကြားက ဒေသခံတွေနှင့် အလုပ်တွေများစွာ လုပ်ဖြစ်ခဲ့ပါ၏။

ကျွန်မ သက်ဝင်မိလျက် 'သူ'လည်း နှစ်သက်သော သဘောသဘာဝရှိသည့် အလုပ်များကိုသာရွေးချယ်ရင်း ဘဝကိုရှင်သန်နေမိစေခဲ့ပါ၏။ ထိုဘဝများတွင် ပျော်မွေ့နေသူများနှင့် ကျွန်မဆုံဖြစ်လာခဲ့သည်။ ပြည်သူ့ ကျန်းမာရေးဖွံ့ဖြိုးရေးထဲမှာ နစ်မြှုပ်နေသော Miss Thrill နှင့် ကျွန်မ တစ်ကြိမ်ပြန်လည်ဆုံဖြစ်ခဲ့သေးသည်။ ဖိလစ်ပိုင်က ကျွန်မရောက်ချင်သည့် 'ဖွံ့ဖြိုးရေးတက္ကသိုလ်'ထဲမှာတော့ မဟုတ်ပေ။

ထိုင်းနိုင်ငံဘန်ကောက်၏ အလုပ်ရုံဆွေးနွေးပွဲတစ်ခုမှာ ဖြစ်ပါ၏။

"မင်း အခုထက်ထိ development field ထဲမှာ ရှိနေသေးတာလား"

"ဟုတ်ပါတယ်။ ကျွန်မ အလုပ်တွေပြောင်းလဲပေမယ့် ဒီ field ထဲမှာပဲ ရှိနေပါတယ်"

"မင်းရွေးချယ်ခဲ့တဲ့အတွက် ဝမ်းသာပါတယ်ကွယ်"

ကျွန်မနှင့် Thrill တို့ ဆွေးနွေးပွဲရက်များတွင် အမြင်တူအစဉ်ရှိ ခဲ့ကြပါ၏။ ဆွေးနွေးပွဲရက်တွေကြာမြင့်ခဲ့သောအခါ Thrill က ကျွန်မသို့ တီးတိုးစွာဖြင့် -

www.burmeseclassic.com

www.burmeseclassic.com

"ကိုယ်တော့ ကိုယ့်ပရောဂျက်ရှိတဲ့ Field ကို လွမ်းပြီကွာ" ပြောခဲ့သည်။

Thrill ၏ စကားမှာ အမှန်ပေ။

"ကျွန်မလည်း မင်းလိုပါပဲ Thrill"

ကျွန်မ တီးတိုး ပြန်လည်ပြောမိခဲ့ပါသည်။

♣ ♣ ♣

Thrill လို လူတွေနှင့် ကျွန်မများစွာ ဆုံဖြစ်လာခဲ့သည်။ လူမှုရေး၊ ဖွံ့ဖြိုးရေးဆိုတာစင်စစ် လူတိုင်းရဲ့ စိတ်တစ်နေရာမှာရှိပြီးသား ဆန္ဒလေးပါပဲ ထင်ရဲ့။

Thrill ရဲ့ စကားများကို ကျွန်မပြန်သုံးတတ်ခဲ့ပြီလည်း ဖြစ်ပါ၏။

"ညီညီ့ထွန်း စဉ်းစားရမှာက ဖွံ့ဖြိုးရေးစီမံကိန်း အလုပ်တွေက ပြန်ထွက်လို့ မရတတ်တော့ဘူးနော်။ ညီညီ စာဆက်သင်ဦးမယ်၊ တိုးတက်မှု တွေ ရှာဦးမယ်ဆိုရင်တော့ စီမံကိန်းတစ်ကြိမ်စာပဲ တောမှာ နေမယ်လို့ ဆုံးဖြတ်ထားရမှာ"

တိရစ္ဆာန် ဆေးကုဆရာဝန်မလေး ညီညီက ရယ်မောနေပါသည်။ ဖွံ့ဖြိုးရေးရဲ့ ရှေ့ဆက် ပညာရေးတွေ ညီညီကို စဉ်းစားစေချင်ခဲ့ပါ၏။ ညီညီကမူ ကျွန်မတုန်းကကဲ့သို့ပင်

"ညီညီက သူတို့တစ်တွေ ဖြစ်ချင်တဲ့ အလုပ်တွေကို လုပ်ပေးနိုင်တာနဲ့တင် ပျော်နေပြီ မမမိုးရဲ့"

ရယ်မော ပြန်ပြောခဲ့ပါ၏။

တစ်ခါတစ်ရံမူ ကျွန်မ သိုမှီးထားသော အောက်မေ့ခြင်းတွင် အကယ်၍ များစွာကို မေ့ထားခြင်းလည်း ပါဝင်နေခဲ့တာ ပြောပြသင့်သလား တွေးမိသည်။



အကယ်၍ ကျွန်မသာ သည်အလုပ်ကို မရွေးချယ်ခဲ့ဘူးဆိုရင်-

အကယ်၍ ကျွန်မသာ အဆက်အသွယ် ကောင်းမွန်မြန်ဆန်သော မြို့ကြီးပြကြီးအရပ်မှာ အလုပ်လုပ်ခဲ့ရင်-

အကယ်၍ ကျွန်မသာ အလုပ်ထဲမှာ သည်မျှနှစ်မနေခဲ့ဘဲ ပြန်ခဲ့မယ်ဆိုရင်-

ထို အကယ်၍ များစွာကို မတွေးဖို့ မမမြင့်မြင့်ကြည်ကဖြင့် ဖျောင်းဖျမြဲ။

"တစ်ရက်မှာ မိုးတွေးမိခဲ့တဲ့ 'အကယ်၍'တွေနဲ့ သူတို့ ဆင်းရဲရတာမျိုးတော့ မကြုံစေချင်ဘူး"

"ကိုယ်တိုင်ရဲ့ ဆုံးဖြတ်ရွေးချယ်မှုတွေပဲလေ မိုးရဲ့"

ကုမ္ပဏီကြီးတစ်ခု၏ ဂျီအမ်ဖြစ်လျက် ဝါသနာပါသော တိုင်းရင်းဆေးနှင့်ဖွံ့ဖြိုးရေးကို အချိန်တွေရှာဖွေပေးလျက် လုပ်ဖြစ်နေသော မမမြင့်မြင့်ကြည်ကဆိုပါ၏။

ရိုးသားစွာ ဖွံ့ဖြိုးချင်ကြသော ဒေသလဒေသတွေမှာ မွေ့ပျော်နိုင်သူတွေ များစွာပါပဲလေ။

ကျွန်မကိုယ်တိုင် အလုပ်၏ သဘာဝအရ ရုံးချုပ်အဝင်အထွက်များ၊ ပြင်ပခရီးများ၊ စည်းဝေးပွဲတွေ၊ ဆွေးနွေးပွဲ တွေများခဲ့ပေမယ့် အောက်မေ့မိသည်က ကိုယ့်အလုပ်ခွင်ရှိရာ နယ်မြေဒေသသို့သာပေ။

ခရီးက ပြန်ခဲ့သည်နှင့် Field.ထဲသို့ ကျွန်မ ရက်အနည်းငယ်အတွင်း ရောက်ခဲ့မိမြဲ။

ကျွန်မအတွက် ငြိတွယ်နေမိသော လုပ်ငန်းခွင်ဆိုတာထက် ပိုသော အဓိပ္ပာယ်တွေလည်း ရှိခဲ့ပါ၏။

♣ ♣ ♣

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ကျွန်မအတွက်တော့ ကိုယ့်လုပ်ငန်းခွင် ဒေသအဖြစ်ငြိတွယ်နေခြင်း ဆိုတာထက်ပိုတဲ့ အဓိပ္ပာယ်တွေရှိနေပါတယ်။

ဘယ်ကိုပဲရောက်ခဲ့ရောက်ခဲ့ ကျွန်မရဲ့ နေရာတွေလို မအောက်မေ့လောက်ပါဘူး။

ကျွန်မရဲ့နေရာဌေွမှာဆိုရင်လေ

မြစ်တစ်စင်းရဲ့ ကမ်းစပ်တစ်နေရာမှာ ရပ်တန့်လို့ဖြစ်စေ

တောင်တန်းကြီးများရဲ့ အခြေက ယာတော အလယ်မှာဖြစ်စေ တသွင်သွင်စီးဆင်းနေတဲ့ တောင်ကျချောင်းလေးကို ဖြတ်သန်းရင်းပဲဖြစ်စေ

လယ်တောထဲက လယ်တဲ တစ်တဲထဲမှာ အမောပြေ နားရင်းပဲဖြစ်စေ

စွင့်စွင့် မိတ်စောက်လှတဲ့ တက်ရဦးမယ့် ကမ်းပါးကြီးကိုမော်ကြည့် ရင်းပဲဖြစ်စေ-

ကျွန်မ သူ့အကြောင်းကို သတိရတွေးလို့ကောင်းလှပါတယ်။

အဲဆင်ပြေတဲ့အခါတွေမှာတင် မဟုတ်ဘူးလေ။

အဆင်မပြေတဲ့ အခါတွေမှာလည်းသူ့အကြောင်းကို သတိတရတွေးမိတယ်။

ခက်ခဲကြမ်းတမ်းခဲ့ရင်လည်း သူ့ကိုအောက်မေ့နိုင်တာပါပဲ။ သူရေးခဲ့တဲ့ စာတွေကို သတိရမယ်။ 'သစ်ဆင်း'ကို သတိရမယ်။ သူ့စကားတွေကို ကြားယောင်မယ်ဆိုရင် ကျွန်မရဲ့ စိတ်တွေ နူးညံ့သွားတတ်ပါတယ်။



တစ်ယူသန် ဆူညံလှတဲ့ ကျေးရွာတချို့ရဲ့ အစည်းအဝေးတွေကို ကျွန်မစိတ်တွေ နူးညံ့စေပြီးမှ နောက်တစ်ကြိမ်ပြန်သွားခဲ့ရင်လုပ်ငန်းတွေ အဆင်ပြေချောမွေ့ သွားရပြီပေါ့။

ချုပ်ကိုင်လွှမ်းမိုးချင်တဲ့ လူကြီးတချို့ရယ်၊ လျှင်တဲ့ လူငယ်အချို့ရယ်ကို အနေမှန်ဖို့ စည်းရုံးနိုင်တာလည်း နူးညံ့တဲ့စိတ်နဲ့ပါပဲလေ။

ကျွန်မရဲ့ ရွေးချယ်နိုင်စွမ်း ဆုံးဖြတ်နိုင်စွမ်းတွေကို 'သွေး' ပေးခဲ့သူမို့ ကျွန်မအတွက်တော့ မင်းဟာ အစဉ်'အောက်မေ့ဖွယ်-သူ'ပါပဲ တင်ဆောင်းဟန်။

*အလုပ်တွေလုပ်ရင်းအောက်မေ့ဖွယ်ထဲမှာ အမြဲရှိနေပါတယ်. , . . . . သူ ။*

. . . မျှဝေခံစားနားလည်ပေးနိုင်ပါစေ .

**ဝင်းဝင်းလတ်**

BURMESE CLASSIC .com

www.burmeseclassic.com